


တက္ကသိုလ်
ပေါင်းဒေါင်
JOURNEY TO THE WEST
အကြွမ်းပတောမ်း
ခရီးဆန်း
စာစဉ်
၂

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးမောင်လှိုင်

လှိုင်အော့(ဖ်)ဆက် (၀၃၈၅၄)

၁၃၄၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးကြည်ဝင်း

ဝင်းစာပေ (          )

၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။

# တက္ကသိုလ်နေလင်းအောင်

---

## အကြမ်းပတမ်းခရီးဆန်း

## ( JOURNEY TO THE WEST )

( ဒဏ္ဍာရီဝတ္ထုရှည် )

---

မူရင်းစာရေးဆရာ ဝူးချိမ်အင်း၏ စီးယူကျိ ဂန္ထဝင်မြောက်

ဝတ္ထုရှည်ကြီး ကိုဘာသာပြန်ဆိုသည်၊

စာမူခွင့်ပြုချက်အမှတ် ၉၅/၉၅ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၂/၉၅ (၂)

၁၉၉၅ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

အုပ်ရေ - ၇၀၀

တန်ဖိုး - ( ၁၅၀/- )

မျက်နှာဖုံးပန်းချီ - ပန်းချီငြိမ်းအောင်

ကာလာခွဲ - မြကျွန်းသာ

အာရဏ်ဦးစာပေအတွက်

**နွေမိုးဆောင်းစာပေ**

၇၂၊ ၆ လမ်း၊ ရန်ကုန်မြို့၊

မှ ဖြန့်ချိသည်။

## အခန်း (၃၈)

## ဆုံးမစကား မကြားချင်သူ

စွန်းဟိန်ကျဲကပြောသည်။

" ဆရာ … ဓါးပြတွေကို တပည့်တော် ရိုက်သတ်လိုက်ပါပြီ၊ တပည့်တော်တို့ ခရီးဆက်ကြပါစို့ "

ထန်စန်းကျွမ်းဆရာတော်က -

" သူတို့ဟာ လူဆိုးဓါးပြတွေပါ၊ သူတို့ကိုဖမ်းပြီးရင် သက်ဆိုင်ရာ အာဏာပိုင်တွေဆီ ဖမ်းပို့ရုံပဲရှိတယ်၊ သင်ဟာ လူတွေကို တစ်ယောက်ပြီး တစ်ယောက်ရိုက်သတ်တာကို ငါမြင်တယ်၊ လူ့အသက်တစ်ချောင်းဟာ ပုရွက်ဆိတ်တစ်ကောင်လောက်မှ တန်ဖိုးမရှိဘူး ဖြစ်နေတယ်၊ ဒီလို ကိုယ့်သဘောနဲ့ကိုယ် မလုပ်သင့်ဘူး၊ သင်ဟာ ငါ့တပည့်ဖြစ်နေရက်နဲ့ ဒီလိုမလုပ်သင့်ပါဘူး "

ဆရာတော်သည် ဆက်လက်ပြောဆိုလေသည်။

" အခုတောထဲ တောင်ထဲမှာဆိုတော့ သင်ရိုက်သတ်လဲ ဘယ်သူမှ အရေးမယူပါဘူး၊ မြို့ကြီး ပြကြီးရောက်တဲ့အခါ ဒီလိုရိုက်သတ်နေရင် အားလုံးအခက်ပေါ့ "

စွန်းဟိန်ကျဲက (ခေါ်) စွန်းဝူခုံးက -

" ဆရာက တပည့်တော်ကို အပြစ်တင်မနေပါနဲ့၊ တပည့်တော်က သူတို့ကို မသတ်ရင် သူတို့က တပည့်တော်တို့ကို သတ်မှာဗျ၊ နောက်ပြီး ဆရာ့ကိုပါ သတ်လိမ့်မယ် "

ထန်စန်းကျွမ်းဆရာတော်က -

" ငါက ဘုန်းကြီးပါ၊ ငါသေချင်သေပါစေ၊ ငါသေတာကို ဂရု

မစိုက်ပါဘူး၊ အခုတော့ သင်ကလူခြောက်ယောက်ကိုသတ်ပစ်လိုက်တယ်၊ ဆရာက ဘုရားရဲ့သားတော်၊ ဆရာရဲ့တပည့်က လူသတ်သမား အား... ဘယ်လိုမှ မဆီလျော်ပါလား "

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက –

" ဆရာသိအောင် ပြောပြရဦးမယ်၊ လွန်ခဲ့သော နှစ်ငါးရာကျော်တုန်းက တပည့်တော်ဟာ ဒီသံတုတ်နဲ့ လူပေါင်းများစွာကို ရိုက်သတ်ခဲ့ဖူးပါတယ်၊ ဘယ်အာဏာပိုင်ဆီမှ မရောက်ခဲ့ပါဘူး "

ထန်စန်းကျွမ်းဆရာတော်က –

" ဟို နှစ်ပေါင်း ငါးရာတုန်းကကိစ္စကို ထည့်မပြောပါနဲ့၊ အခုလို သင်စိတ်ထားမပြောင်းဘူးဆိုရင်ငါတို့ရှေ့ကိုခရီးဆက်ဖို့ခက်ပြီ၊ ပိဋကတ်သုံးပုံကို ငါတို့ဘယ်လိုပင့်ဆောင်နိုင်မှာလဲ "

မျောက်မင်းသည် သူတစ်သက်လုံး သူလုပ်ချင်ရာကိုသာ လုပ်ခဲ့သည်။ လုပ်ခဲ့သည့်အတိုင်းလည်း အောင်မြင်ခဲ့သည်။ မြတ်စွာဘုရားနှင့်တွေ့မှ သူတောင်ငါးလုံးနှင့် အဖိခံခဲ့ရသည်။ ယခုအခါ ဆရာတော်က သူ့အားဖိ၍ ဆုံးမနေသည်။ ဤသည်ကို စွန်းဟိန်ကျဲ မခံချိမခံသာဖြစ်နေသည်။ သူသည် မည်သူ့အဆုံးအမမျှ မခံယူလိုချေ။ သူသည် ထန်စန်းကျွမ်း ဆရာတော်ကို ဒေါသဖြစ်လာသည်။

" ဆရာတော်က ဒီလိုမပြောပါနဲ့၊ ဆရာ့အတွက် တပည့်တော်ကာကွယ်တာပါ၊ တပည့်တော်ဟာ ဆရာနဲ့မတန်ဘူးဆိုရင် တပည့်တော်ဆရာ့နောက်ကို မလိုက်တော့ပါဘူး၊ ပြန်ပါ့မယ် "

သူသည် ဆရာတော့်ကို မစောင့်ဘဲ ခန္ဓာကိုယ်ကို တစ်ချက်မျှလှုပ်လိုက်သည်နှင့် ရှီခနဲ လေသံကိုသာကြားလိုက်ရသည်။

" တပည့်တော်သွားပြီ "

ဆရာတော်သည် စွန်းဟိန်ကျဲကို မတွေ့ရတော့ပေ။

သူသည် တစ်ယောက်တည်း ကျန်ရစ်လေ၏။ ဆရာတော်သည်အားငယ်မိသော်လည်း သံမဏိစိတ်ဓါတ် ပိုင်ရှင်ဖြစ်၍ ပိဋကတ်သုံးပုံ ပင့်ဆောင်မည့် ခရီးကို တစ်ကိုယ်တည်း သွားမည်ဟု ဆုံးဖြတ်မိလေသည်။

" အင်း...တပည့်တစ်ယောက်ရပါတယ်၊ ဆုံးမရခက်ခဲတဲ့တပည့်ဖြစ်နေတော့ သူ့သဘောနဲ့သူ လှည့်ပြန်သွားတော့တာပဲ၊ ကံတရားပေါ့လေ၊ ငါ့မှာတပည့်မရှိမယ့် ဝဋ်ပါနေတော့ဘယ်တပည့်မှ မမြဲဘူးပေါ့၊



ခရီးထွက်စက တပည့်နှစ်ဦးပါခဲ့တယ်၊ သူတို့လဲ ဘီလူးစားလို့ သေရတယ်၊ အခုလဲ တပည့်တစ်ယောက်ရပါတယ်၊ သူ့သဘောနဲ့သူ လှည့်ပြန်သွားတယ်၊ ငါ့ကံပဲ "

ဆရာတော်သည် အထုပ်အပိုးများကို မြင်းပေါ်တင်လိုက်၏။ တောင်ဝှေးကို မြင်းကုန်းနှီးဘေးသို့ ထိုးလိုက်သည်။ သူသည် မြင်းပေါ်သို့ တက်လိုက်သည်။ ထို့နောက် မြင်းကို အသာအယာ ခြေဖြင့်ခတ်ကာ အနောက်ဖက်သို့ ဦးတည်ထွက်ခွာလေ၏။

ပိဋကတ်သုံးပုံကို ပင့်ဆောင်လိုသည့် စိတ်ဓါတ်ကား ဆရာတော်စိတ်ထဲ၌ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ ခိုင်ခိုင်မြဲမြဲ တည်ရှိနေလေသည်တကား။

ဆရာတော်သည် စွန်းဟိန်ကျဲက သူ့ကို ပစ်ခွာသွားသည့်အတွက်မှု အလွန်စိတ်မကောင်း ဖြစ်နေသည်။ သို့သော် အနောက်ဖက်သို့ သွားမည့် သူ့စိတ်ဓါတ်မှု တစ်ဆံခြည်မျှ နောက်မတွန့်ချေ။

သူသည် မြင်းနှင့် အတန်ကြာသွားမိသောအခါ သူ၏ ရှေ့တည့်တည့်၌ အသက်အရွယ်ကြီးရင့်သော အဘွားအိုတစ်ယောက်သည် အထုပ်တစ်ထုပ်ကို လက်ထဲ၌ ပိုက်လျက် သူ့အားလမ်းပိတ်ရပ်နေသည်ကို တွေ့ရလေ၏။

ထန်စန်းကျွမ်း ဆရာတော်သည် မြင်းကို လမ်းဘေးသို့ ဆင်းချပြီး ခရီးဆက်ရန်ကြိုးစားသည်။

အဘွားအိုက –

" လူသူမနီးတဲ့ တောတောင်ခရီးမှာ ဆရာတော်တစ်ယောက်ထဲပဲလား၊ အဖော်မပါဘူးလား "

ထန်စန်းကျွမ်း ဆရာတော်က –

" ကျုပ်ဟာ ထန်နိုင်ငံကပါ၊ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်မလို့ ကျုပ်ခရီးဆက်နေခြင်း ဖြစ်ပါတယ် "

အဘွားအိုက –

" အရှင်ဘုရားသွားမယ့် လမ်းခရီးဟာ မိုင်ပေါင်းထောင်သောင်းကွာဝေးပါတယ်၊ တောတောင်တွေဖြတ်သန်းရပါမယ်၊ အခုလို အဖော်မပါ တစ်ကိုယ်တည်း သွားလို့ဘယ်လိုဖြစ်နိုင်ပါ့မလဲ "

ထန်စန်းကျွမ်းဆရာတော်က သက်ပြင်းချသည်။

" ကျုပ် မကြာခင်က တပည့်တစ်ယောက် ရခဲ့ပါတယ်ဗျာ၊ လူမသတ်နဲ့လို့ ဆုံးမမိတာနဲ့ ကျုပ်ကိုစိတ်ဆိုးပြီး တခါတည်းထွက်သွားတော့တာပဲ၊ တကယ့်ကို စိတ်ခါတ်ခက်ထန်တဲ့ တပည့်ပါ၊ အခု ... ဘယ်တောင် ဘယ်စခန်းရောက်သွားပြီလဲ မသိပါဘူး "

အဘွားအိုက –

"တပည့်တော်ဆီမှာ ပိုးဖဲ အင်္ကျီတစ်စုံရှိပါတယ်၊ ကွင်းသရဖူတစ်ခုလည်း ရှိပါတယ်၊ ဒီပစ္စည်းတွေမှာ တပည့်တော်မ သားရဲ့ ပစ္စည်းတွေဖြစ်ပါတယ်၊ သူက ကိုယ်ရင်ဝတ်ပြီး သုံးရက်အကြာမှာ ကွယ်လွန်သွားခဲ့တဲ့အတွက် တပည့်တော်သားရဲ့ အင်္ကျီတစ်စုံ၊ ရွှေရောင် ကွင်းသရဖူဟာ တပည့်တော်ဆီ ပြန်ရောက်လာပါတယ်၊ ကျောင်းထိုင် ဆရာတော်က ပြန်ပေးလိုက်တာပါ၊ အရှင်ဘုရားမှာ တပည့်ရှိတယ်ဆိုတော့ အရှင်ဘုရားကို တပည့်တော်က ဒီဝတ်စုံနဲ့ ရွှေရောင်ကွင်းသရဖူကို လှူလိုက်ပါမယ် "

ထန်စန်းကျွမ်း ဆရာတော်က ခေါင်းခါသည်။

" ကျေးဇူးတင်ပါတယ် ဒကာမကြီး၊ ကျုပ်မှာ တပည့်မရှိတော့ပါဘူး၊ တပည့်ဟာ ထွက်ပြေးသွားခဲ့ပါပြီ၊ ဒကာမကြီးရဲ့ ပစ္စည်းတွေကို လက်မခံပါရစေနဲ့ "

အဘွားအိုက –

" သူဘယ်ဘက်ကို ထွက်သွားတာလဲ "

" အရှေ့ဘက်ကို ထွက်သွားတာပဲ "

" တပည့်တော်မရဲ့ အိမ်က အရှေ့ဖက်မှာ ရှိတာပဲ "

" ဒကာမကြီးရဲ့ အိမ်ကို သူတွေ့နိုင်ပါတယ် "

" ဟုတ်တယ် တပည့်တော်ရဲ့အိမ်ကို ကျိန်းသေတွေ့နိုင်ပါတယ်၊ ဒါနဲ့အရှင်ဘုရားကို စိတ်ငြိမ် ဂါထာတစ်ပုဒ် သင်ပေးလိုက်ပါ့မယ်၊ ဆရာတော် ဒီဂါထာကို သေချာအောင် မှတ်ထားပါ "

" ပညာဆိုတာ ဘယ်ပညာမဆို ဆည်းပူးအပ်တာပဲ "

" ဒီဂါထာကို အရှင်ဘုရားကို သင်ပေးတယ်ဆိုတာ ဘယ်သူ့ဆီမှ မပေါက်ကြားပါစေနဲ့၊ ဆရာတော်ရဲ့ တပည့်ကိုတွေ့ရင် တပည့်တော်မ ပြန်လွှတ်လိုက်ပါမယ်၊ ဆရာတော်က ဒီအင်္ကျီနဲ့ ဒီသရဖူကို လက်ခံပါ၊ ဆရာတော်ရဲ့ တပည့်ပြန်လာရင် ဝတ်ဆင်စေပါ၊ ဆရာတော်ရဲ့စကားကို နားမထောင်ရင် တပည့်တော်မသင်ပေးထားတဲ့ ဂါထာကို ရွတ်လိုက်ပါ၊



ဆရာတော်ရဲ့ တပည့်ဟာ အာဏာကို မဖီဆန်ဝံ့တော့ပါဘူး၊ ထွက်ပြေးဝံ့တော့မှာ မဟုတ်ပါဘူး "

ထန်စန်းကျွမ်းဆရာတော်သည် လွန်စွာဝမ်းသာသွား၏။

" အင်း ... တပည့်ကို ထိန်းချုပ်နိုင်တဲ့ ဂါထာဆိုတော့ မဆိုးပါဘူး၊ ဒီတပည့်ဟာ စိတ်လဲ ခက်ထန်ပါတယ် "

အဘွားအိုသည် ဆရာတော်အား ဝတ်စုံနှင့် ကွင်းသရဖူကို ပေးလှူ၏။ ထို့နောက် အဘွားအိုသည် ဆရာတော်အား ဂါထာကို သင်ကြားပေးလေ၏။ ဆရာတော်သည် ပရိယတ္တိ စာပေတွင် ထူးချွန်သူဖြစ်သည့်အလျောက် ဂါထာကို တစ်ခဏနှင့် အလွတ်ကျက်မှတ်မိလေ၏။

သူသည် အဘွားအိုအား လက်အုပ်ချီ၍ ကျေးဇူးတင်စကားပြောမည်ဟု ကြည့်လိုက်စဉ်မှာပင် အဘွားအို၏ ကိုယ်ခန္ဓာသည် ရွှေရောင်အသွင်သို့ ကူးပြောင်းရောက်ရှိပြီး လေထဲသို့ ပျံတက်ပျောက်ကွယ်သွားလေတော့သည်။

" ဩော် ... ငါက ဒီတော ဒီတောင်ထဲဘယ်ကအဘွားကြီးလဲလို့ ထင်မှတ်နေတာ၊ လက်စသတ်တော့ ကွမ်ယင်မယ်တော်ကိုး "

သူသည် လက်အုပ်ချီလိုက်လေ၏။

" အင်း ကွမ်ယင်မယ်တော် ကူညီပြီဆိုတော့ စွန်းဟိန်ကျဲလဲ ပြန်ရောက်လာမှာပဲ၊ သူပြန်ရောက်လာသည် ဖြစ်စေ၊ ပြန်မရောက်လာသည် ဖြစ်စေ၊ ငါကတော့ ငါ့ခရီးကို ဆက်ထွက်ရမှာပဲ "

ဆရာတော်သည် မြင်းကို တစ်လှမ်းချင်း စီးသွားလေ၏။ သူသည် အင်္ကျီနှင့် သရဖူကို ကောင်းစွာ သိမ်းဆည်းထားသည်။

စွန်းဟိန်ကျဲသည်လည်း တိမ်တိုက်ကိုစီး၍ တောင်ပင်လယ်သို့ ဦးတည်သွားလေ၏။ တောင်ပင်လယ်သို့ ရောက်သောအခါ တိမ်တိုက်ကို ရပ်ပြီး အောက်သို့ ခုန်ချလိုက်လေ၏။ သူသည် ပင်လယ်ပြင်၌ ရပ်ပြီး သံမဏိရွှေရစ်တုတ်ဖြင့် ရိုက်ခွဲလိုက်ရာ တောင်ပင်လယ် ရေပြင်သည် နှစ်ခြမ်းကွဲသွားလေ၏။

ပင်လယ်ရေပြင် နှစ်ခြမ်းကွဲသွားသောအခါ နဂါးမင်းသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ၏။

စွန်းဝူခုံး ရောက်လာသည်ကို သိရှိလိုက်လေပြီ။

ဤမျောက်သည် မြတ်စွာဘုရား ဖိထားသည့် တောင်ငါးလုံးမှ

လွတ်မြောက်ခဲ့လေပြီ။ မည်သူ့အား ဒုက္ခပေးဦးမည်မသိဟု တွေးတောပြီး မှူးမတ်များအား အကြံထောက်စေလေ၏။

နဂါးမှူးမတ်များက မျောက်မင်းအား ကောင်းစွာကြိုဆိုကြသည်။

စွန်းဝူခုံးသည် ဘဝင်မြင့်သွားလေ၏။

" ငါ့ကို လေးစားကြောက်ရွံ့နေကြတုန်းပါကလား "

သူသည် အကြံထောက်သူ မှူးမတ်များအကြား၌ ဝံ့ကြွားစွာ လိုက်ပါလာလေ၏။ နန်းတော်ထဲသို့ ရောက်သောအခါ နဂါးမင်းသည် မျောက်မင်းအား ကောင်းစွာဧည့်ခံကြိုဆိုလေတော့၏။

နဂါးမင်းက –

" ခုတလော တန်ခိုးရှင်က တောင်ငါးလုံးအောက်က လွတ်ထွက်သွားပြီ ကြားပါတယ်၊ အခု ကိုယ့်ရပ် ကိုယ့်ဌာနေ ပြန်ရောက်နေပြီလား "

စွန်းဝူခုံးက ခေါင်းယမ်းလိုက်၏။

" ကျုပ်က နှစ်ပေါင်းငါးရာတောင် တောင်အောက်မှာပိနေခဲ့တာ ကျုပ်ဌာနီက မျောက်တွေတောင် ရှိတော့မလားမသိဘူး၊ ရှိရင်လဲ ကျုပ်ကို သူတို့ဘုရင်အဖြစ် မှတ်မိပါတော့မလားမသိဘူး၊ အခု ကျုပ်ဘုန်းကြီး နောက် လိုက်နေတာဗျ "

နဂါးမင်း အံ့ဩသွားလေ၏။

" ဟုတ်လား ဘယ်ဘုန်းကြီးနောက် လိုက်နေတာလဲ "

စွန်းဝူခုံးက –

" ကွမ်ယင်မယ်တော်က ကျုပ်ကို တရားချခဲ့ပါတယ်၊ ပိဋကတ်သုံးပုံကို သွားသယ်မယ့် ဘုန်းကြီးတစ်ပါးဆီ လိုက်သွားရင်ကျုပ်တောင်ပိတဲ့ဝဋ်က လွတ်လိမ့်မယ်လို့ ပြောလို့ ကျုပ်ဟာ အဲဒီဘုန်းကြီးနောက် လိုက်နေရတာပါ၊ ကျုပ်ဟာ စွန်းဝူခုံးလဲ မဟုတ်တော့ဘူး၊ စကြဝဠာ တန်ခိုးရှင်လဲ မဟုတ်တော့ဘူး၊ အခု စွန်းဟိန်ကျဲ ဖြစ်နေပြီဗျ "

" မျောက်မင်း နတ်ပြည် မတက်တော့ဘူးလား "

" ဟား ... ဟား ... ဟား တော်ပါပြီဗျာ၊ နှစ်ပေါင်းငါးရာ တောင်အောက်မှာပိတယ်ဆိုတဲ့ ဝဋ်ဟာသေးသလား၊ ကျုပ်ဒီတစ်ခါ နတ်ပြည်တက် သောင်းကျန်းရင် အရင်တစ်ခါကလို မြတ်စွာဘုရား ရောက်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး၊ တော်ပါတော့ဗျာ ... တော်ပါတော့"

" မျောက်မင်းမှာ ဒီလိုအသိဉာဏ်တွေရှိရက်နဲ့ ဘုန်းကြီးနောက်



လိုက်နေရာက ဘယ်နှယ့် ပြန်လာရတာလဲ "

" ဟာ ... ဘုန်းကြီးက လူ့သဘောသဘာဝကို မသိတဲ့ ဘုန်းကြီးပဲ၊ ကျုပ်ဓါးပြ ခြောက်ယောက်ကို သတ်လိုက်မိပါတယ်၊ တစ်ခါထဲ ပြောလို့ကို မပြီးနိုင်တော့ဘူး၊ ကျုပ်အကြောင်းလဲ နဂါးမင်းသိသားပဲ၊ ကျုပ်ကို ဘယ်သူမှ ဆရာလာမလုပ်နဲ့၊ ကျုပ်မခံဘူးဗျ၊ ဒါကြောင့် သူ ပိဋကတ်တော် ပင့်တဲ့ဆီ ကျုပ်မလိုက်တော့ဘူး၊ ကျုပ်ဌာနေကိုပြန်မယ်၊ လမ်းကြုံလို့ နဂါးမင်းဆီ ဝင်လာတာပဲ "

နဂါးမင်းသည် မျောက်မင်းကို မကြည်ဖြူသော်လည်း၊ မချစ်သော်လည်း အောင့်ကာနမ်းသည့် အနေဖြင့် ချိုချိုသာသာပင် ပြောလိုက်သည်။

" ရပါတယ်၊ ကျွန်ုပ်ဆီကို သင်အချိန်မရွေးလာလည်နိုင်ပါတယ်၊ ကျွန်ုပ်က သင့်ကို အမြဲကြိုဆိုလျက်ပါ "

စွန်းဟိန်ကျဲသည် အမှတ်မထင် နဂါးမင်း၏ နန်းတော်အား မော့ကြည့်လေ၏။

ထိုအခါ နံရံပေါ်မှ ပန်းချီကားတစ်ချပ်ကို တွေ့ရှိလိုက်ရသည်။

ထိုပန်းချီကားမှာ အသက်ပါလှ၏။ အဘိုးအိုတစ်ယောက်သည် တံတားပေါ် ထိုင်နေသည်။ လူငယ်တစ်ယောက်အဘိုးအို၏ဖိနပ်ကိုကိုင်၍ ခြေထောက်ကို စွပ်ပေးနေသည်။

စွန်းဟိန်ကျဲ မျက်မှောင်ကုပ်သွား၏။

" ဒီ ပန်းချီကားက ဘာအဓိပ္ပာယ်လဲဗျ "

နဂါးမင်းက ရှင်းပြလေ၏။

" ဒီအဘိုးအိုက ပညာရှိ ဝမ်စုကုန်းပါ၊ လူငယ်ကတော့ ချန်းလျှံလို့ ခေါ်ပါတယ်၊ ဝမ်စုကုန်းဟာ တံတားပေါ်ထိုင်ရင်း ဖိနပ်တစ်ဖက် အောက်ကို ကျသွားပါတယ်၊ ချန်းလျှံကလဲ ဒီကို လျှောက်လာတဲ့ အချိန်နဲ့ တိုက်ဆိုင်သွားပြီး သူက တံတားအောက်ဆင်းပြီး ဖိနပ်ကို ကောက်ပေးပါတယ်၊ ဝမ်စုကုန်းဟာ ဖိနပ်ကို လှမ်းမယူဘဲ ခြေထောက်ကိုထိုးပေးသတဲ့၊ ဖိနပ်ကို စွပ်ပေးပေါ့၊ ချန်းလျှံကလဲ စိတ်မဆိုးပါဘူး၊ဝမ်စုကုန်းထိုးပေးတဲ့ ခြေထောက်ကို ဖိနပ်စွပ်ပေးပါတယ်၊ ဒါပေမယ့်ဝမ်စုကုန်းရဲ့ဖိနပ်တစ်ဖက် က အောက်ကျသွားပြန်ရော၊ ကျသွားမှာပေါ့ ဝမ်စုကုန်းက တမင်ဖိနပ်ကို အောက်ချလိုက်တာကိုး "

မျောက်မင်းသည် လွန်စွာစိတ်ဝင်စားသွား၏။

" ဆက်ပြောစမ်းပါဦး "

" ချန်းလျှံက စိတ်မဆိုးပါဘူး၊ ဖိနပ်ကိုဆင်းကောက်ပေးပါတယ် ဝမ်စုကုန်းဟာ ဖိနပ်သုံးကြိမ်တိတိကျတယ်၊ ချန်းလျှံကလဲ သုံးကြိမ်တိတိ ကောက်ပြီးဖိနပ်ကို ဝတ်ပေးတယ်၊ အဲဒီမှာတင် ဝမ်စုကုန်းဟာ လူငယ် တစ်ယောက်လဲ ဖြစ်တယ်၊ သူ့ဆီမှာ ပညာသင်ကြားနိုင်တဲ့ အရည်အချင်း လဲရှိတယ်ဆိုပြီး ဝမ်စုကုန်းဟာ ချန်းလျှံကို စစ်ပညာ သင်ပေးပါသတဲ့၊ ဝမ်စုကုန်းဟာ ချန်းလျှံရဲ့ သည်းခံနိုင်တဲ့စိတ်၊ လူကြီးသူမကို ရိုသေတဲ့ စိတ်ကို ထွင်းဖောက်သိမြင်သွားပြီး စစ်ပညာကို သင်ပေးခဲ့တာပါပဲ၊ အဲဒီ ချန်းလျှံဆိုတာ ရာဇဝင်မှာ အင်မတန် ထင်ပေါ်ကျော်ကြားတဲ့ စစ်သူကြီး တစ်ဦးပေါ့ "

စွန်းဟိန်ကျဲ ခေါ် မျောက်မင်းသည် ပန်းချီကားကို အလွန်တရာ စိတ်ဝင်စားသွားပြီး ထကြည့်လေ၏။

" နဂါးမင်းပြောတဲ့ အကြောင်းအရာက အင်မတန် စိတ်ဝင်စား စရာကောင်းတာပဲ "

နဂါးမင်းသည် အခြေအနေအချိန်အခါကို လိုက်၍ မျောက်မင်း အား နားချလိုက်၏။

" သင်တန်ခိုးရှင်ဟာလည်း ချန်းလျှံရဲ့အတုကို ယူသင့်ပါတယ်"

" ဘာအတု ယူရမှာလဲ "

" သင်ဟာ ဘုန်းကြီးကိုပြုစုပေါ့၊ မြတ်စွာဘုရားရဲ့ပိဋကတ်တော် ကို သွားသယ်မယ့် ဘုန်းကြီးဟာ နယ်နယ်ရရ ဘုန်းကြီးမဖြစ်နိုင်ဘူး၊ သင်ဟာ အဲဒီဘုန်းကြီးကို ပြုစုတဲ့အတွက် တစ်နေ့မှာ သင်ဟာ နတ်ဘုံ နတ်နန်းနဲ့ နေရမှာ သေချာပါတယ် "

စွန်းဝူခုံး ခေါ် စွန်းဟိန်ကျဲ ခေါ် မျောက်မင်းသည် စဉ်းစားနေ လေ၏။

နဂါးမင်းက -

" အသင်တန်ခိုးရှင် အတွေးမမှားပါနဲ့လေ၊ သင်ဟာ လုပ်ချင် တိုင်း လုပ်လို့ရတဲ့ တန်ခိုးရှင် တစ်ယောက်ပါ၊ သင့်ရဲ့အစွမ်းတွေကို အဲဒီ ရဟန်းတော် ပိဋကတ်သုံးပုံ သယ်တဲ့ဆီမှာ အသုံးချလိုက်စမ်းပါ၊ သင် အကျိုးခံစားရမယ်ဆိုတာ တွေးလို့ရပါတယ် "



စွန်းဝူခုံး ခေါ် စွန်းဟိန်ကျဲက လက်ကာ ပြ၏။

" တော်ပြီ၊ စကားမများနဲ့တော့၊ ကျုပ်ပြန်သွားတော့မယ် "

နဂါးမင်းသည် ဝမ်းသာသွား၏။ ယခင်က မျောက်မင်းသည် တကယ်ဆိုးခဲ့၏။ ယခုဆိုးမည်ဆိုသောအခါ နဂါးမင်းသည် လန့်ဖျပ်နေ တော့သည်။ မျောက်မင်း၏ အစွမ်းကို အကျိုးရှိရာ ရှိကြောင်းအတွက် လှည့်ပေးလိုက်သဖြင့် သူ ဝမ်းသာသွားသည်။

နဂါးမင်းက -

" ဒီလိုဆိုရင် အမြန်ဆုံးပြန်သွားပါတော့၊ တော်ကြာ ဘုန်းတော် ကြီး ဒုက္ခရောက်နေပါဦးမယ် "

" ကောင်းပါပြီ၊ ကျွန်ုပ် အမြန်ဆုံး ပြန်သွားပါတော့မယ် "

စွန်းဝူခုံး ခေါ် စွန်းဟိန်ကျဲ သည် ထရပ်လိုက်လေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၃၉)

### ဒုတိယအကြီးအကျယ်ဆုံးပုဂ္ဂိုလ်

စွန်းဂူခုံး (ခေါ်) စွန်းဟိန်ကျဲသည် ရေကိုခွဲ၍ ကုန်းပေါ်သို့ တက်လိုက်၏။ ထို့နောက် သူသည် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ပတ်ဝန်းကျင်သည် လွင်တီးခေါင် ဖြစ်နေသည်။ ပင်လယ်ပြင်နှင့် လွင်တီးခေါင်။ သူသည် ဤအရပ်၌ ဆက်လက်မနေချင်တော့ပေ။ တိမ်တိုက်ပေါ် ခုန်တက်လိုက်၏။ တိမ်တိုက်သည် လာလမ်းအတိုင်းပြန်လေတော့၏။

ရှေ့မှ တိမ်တိုက်စီးလာသော နတ်တစ်ပါးကို တွေ့၍ မည်သူဖြစ်မည်ကို သူကြည့်လိုက်၏။

" အလို ... ကွမ်ယင်မယ်တော်ပါလား "

မကြာမီ တိမ်တိုက်နှစ်ခုသည် တွေ့ဆုံမိလေ၏။ စွန်းဂူခုံးက ကွမ်ယင်မယ်တော်ကို လက်အုပ်ချီ၍ လျှောက်ထားလေ၏။

" မယ်တော် ... ကျန်းမာချမ်းသာပါသလား "

" အင်း ... ကျန်းမာချမ်းသာပါတယ် "

" မယ်တော် အမိန့်ရှိတဲ့အတိုင်း ထန်စန်းကျွမ်း ဆရာတော် ကျွန်ုပ်ရှိရာကို ရောက်ရှိလာပါတယ်၊ ဆရာတော်ဟာ ကျွန်ုပ်တောင်းပန်တဲ့ အတိုင်း ကျွန်ုပ်ကို ကယ်တင်ခဲ့ပါတယ်၊ ဒါကြောင့် ကျွန်ုပ်လဲ တောင်ငါးလုံးက ထွက်ခွာလာနိုင်ခဲ့ပါတယ် "

ကွမ်ယင်မယ်တော်သည် ခေါင်းညိတ်လိုက်၏။

" သာဓုကွယ်...သာဓု...၊ ဒါနဲ့ သင်က ဘာကြောင့် ဒီကို ရောက်နေရတာလဲ၊ ဆရာတော်နဲ့ သင် တစ်ပါတည်း ပါနေရမှာ မဟုတ်လား "



စွန်းဟိန်ကျဲသည် အဖြစ်မှန်ကို လျှောက်ထားလေ၏။ ကွမ်ယင်မယ်တော်ကို လိမ်ညာ၍ မဖြစ်သည်ကို သူသိသည်။

" အခု ဆရာတော်ဆီကို ကျွန်ုပ်ပြန်သွားဖို့ လိုက်လာတာပါ "

ကွမ်ယင်မယ်တော်က –

" သင်တောင်အောက်က လွတ်မြောက်ဖို့ ဆရာတော်ကို ကယ်မဖို့ လျှောက်ထားခဲ့တယ် မဟုတ်လား၊ သင် ဝဋ်ဆင်းရဲက လွတ်တော့ ဆရာတော်ထံမှာ တပည့်ခံခဲ့တယ်၊ သင်ဟာ ကိုယ့်ကတိကိုကိုယ်မလေးစားရင် သင်တောင်အောက်ပိတဲ့ဝဋ်ဆင်းရဲကိုခံစားရလိမ့်မယ်၊ ဆရာတော် ပိဋကတ်သုံးပုံ ပင့်တယ်ဆိုတာ သူ့အကျိုးအတွက် လုံးဝမပါဘူး၊ ဆရာတော် တစ်ပါးထဲ တောတောင်ထဲ ခရီးသွားခြင်းဟာ အင်မတန် အန္တရာယ်ကြီးပါတယ်၊ ဒါကြောင့် သင်ဟာ ကိုယ့်ကတိ ကိုယ်လေးစားတဲ့အနေနဲ့ ဆရာတော်ကို ဝတ်ကြီး ဝတ်ငယ် ပြုစုဖို့ အမြန်ဆုံး ပြန်ပေတော့ "

စွန်းဂူခုံး ခေါ် စွန်းဟိန်ကျဲ ခေါ် မျောက်မင်းသည် မယ်တော့်ကို လက်အုပ်ချီလျက် လမ်းခွဲလေ၏။

ကွမ်ယင်မယ်တော်သည် တိမ်တိုက်စီး၍ ဆက်လက် ထွက်ခွာသွားလေ၏။

စွန်းဟိန်ကျဲသည် ဆရာတော်ကို မီလာ၏။ သူသည် ဆရာတော်အား ရှိခိုး၍ ရှေ့မှပိတ်ရပ်လိုက်၏။

" ဆရာ ... ရှေ့ဆက် ခရီးဆက်နေတာလား "

" အိမ်း .... ရှေ့ခရီးဆက်နေတာပေါ့၊ သင်မရှိခင်တုန်းကလည်း ငါဟာ ပိဋကတ်သုံးပုံကို သယ်ဆောင်ဖို့ ခရီးဆက်တယ်၊ သင်ရှိစဉ်ကလဲ ငါဟာ ပိဋကတ်သုံးပုံကို သယ်ဆောင်ဖို့ ခရီးဆက်တယ်၊ အခု သင် မရှိတော့လဲ ငါဟာ ပိဋကတ်သုံးပုံကို သယ်ဆောင်ဖို့ ခရီးဆက်နေပါတယ် "

" တပည့်တော် မှားပါတယ်ဆရာ၊ တပည့်တော်ကို ခွင့်လွှတ်ပါ၊ အခု ဆရာ့နောက်ကို တပည့်တော် ပြန်လိုက်လာတာပါ၊ အခု တပည့်တော်ဟာ တောင်ပင်လယ် နဂါးနန်းတော်က ပြန်လာတာပါ "

ထန်စန်းကျွမ်း ဆရာတော်သည် အံ့သြသွားသည်။ သူသည် ပုထုဇဉ် လူသာမန်သာဖြစ်သည်။ သူသာမန်တို့၏ အတွေးကိုသာတွေးသည်။ တောင်ပင်လယ်ဆိုသည်မှာ မိုင်ပေါင်း ထောင်ချီ၍ဝေးသော အရပ်ဖြစ်သည်။ ယခု စွန်းဟိန်ကျဲ တောင်ပင်လယ်မှလာသည်ဟု ပြောသည်။

သူ မယုံကြည်နိုင်ချေ။

"ငါ့တပည့်...သင်သွားတာဟာ တစ်နာရီလောက်ပဲရှိပါသေးတယ် ဘယ်နဲ့တောင်ပင်လယ်က ပြန်လာတယ်လို့ မုသားစကား ပြောရတာလဲ သင်ဟာဘယ်လိုလုပ် တောင်ပင်လယ် နဂါးမင်းဆီက ပြန်လာတာ ဖြစ်နိုင်ပါ့မလဲ "

စွန်းဝူခုံး (ခေါ်) စွန်းဟိန်ကျဲက ရယ်မောသည်။

" ဆရာက တပည့်တော်အကြောင်းမှ မသိတာပဲ "

" ငါ့တပည့်အကြောင်းကိုတော့ ငါသိပါတယ်၊ ငါ့တပည့် မဖြစ်ခင်က အကြောင်းကိုတော့ ငါမသိပါဘူး "

" တပည့်တော် အမှန်ကို ပြောပြပါမယ်၊ တပည့်တော် တစ်ခါ ခုန်လိုက်ရင် ယူဇနာ တစ်သောင်းရှစ်ထောင် ရောက်ရှိပါတယ်၊ တပည့်တော်ဟာ စကြဝဠာ တန်ခိုးရှင်ဖြစ်ပါတယ် အရှင်ဘုရား "

" ငါနည်းနည်းဆုံးမလိုက်တာနဲ့ ငါ့ကိုအာခံပြီး သင်ဟာ တောင်ပင်လယ်ကို သွားခဲ့တယ်၊ တောင်ပင်လယ် နဂါးနန်းတော်ထဲမှာ စားသောက်ခဲ့တယ်၊ နဂါးမင်းက သင့်ကို ဖွယ်ဖွယ်ရာရာ ဧည့်ခံလိုက်မှာပေါ့ "

" ဆရာ ဧည့်ခံလိုက်တာမှ နည်းနည်းနောနော ဧည့်ခံတာမဟုတ်ပါဘူး၊ စားစရာမျိုးစုံနဲ့ ဧည့်ခံတာပါ "

ဆရာတော်သည် ပြုံးတော်မူ၏။

" သင်ကတော့ စားသောက်စရာမျိုးစုံနဲ့ ဖွယ်ဖွယ်ရာရာ သွားစားသောက်ခဲ့တယ်၊ သင့်ဆရာဖြစ်တဲ့ ငါကတော့ ဒီမှာ တစ်ယောက်ထဲ တောတောင်ထဲမှာ ခရီးဆက်နေရတယ် "

မျောက်မင်းက -

" ဆရာဆာပြီဆိုရင် တပည့်တော် ဆွမ်းခံကျွေးပါ့မယ် ဘုရား "

" ဆွမ်းခံစရာ မလိုပါဘူး၊ အထုပ်ထဲမှာ ထမင်းခြောက်ခဲတွေ ပါလာပါတယ်၊ အဲဒါကိုပဲ ငါစားတော့မယ် "

စွန်းဟိန်ကျဲသည် မြင်းပေါ်မှ အထုပ်ကို ဖြေလိုက်၏။ ထိုအခါ ထမင်းခြောက်များကိုတွေ့ရသည်။ ထို့ပြင် အထက်အောက်ဝတ်ဆင်သော ဝတ်စုံတစ်စုံနှင့် သရဖူတစ်ခုကို တွေ့ရှိရသည်။

သူသည် ထမင်းခြောက်ခဲကို ဆရာတော်အား ဆက်ကပ်လေ၏။



" ဆရာ ဒီအင်္ကျီနဲ့ ဒီဦးထုပ်က တယ်လှပါလား၊ ဘယ်သူ့ပစ္စည်းလဲ "

ထန်စန်းကျွမ်းဆရာတော်က -

" ငါငယ်ငယ်တုန်းက ဝတ်တဲ့ ပစ္စည်းတွေပါ "

စွန်းဟိန်ကျဲသည် အလွန်လှပသော အင်္ကျီ၊ ဘောင်းဘီနှင့် ကွင်းသရဖူကို အလွန်ဝတ်ချင်မိ၏။

" ဆရာ "

" ဘာလဲ "

" ဆရာ မဝတ်တော့ဘူးဆိုရင် တပည့်တော်ကို စွန့်ပါလားဆရာ ဒီကျားရေဝတ်စုံဟာ ဖြစ်သလို ချုပ်ထားရတဲ့ ဝတ်စုံပါ"

ထန်စန်းကျွမ်းဆရာတော်သည် ကွမ်ယင်မယ်တော်၏စကားကို ပြန်လည်ကြားယောင်မိလေ၏။ ဆရာတော်သည် ပြုံးလိုက်ပြီး -

"အေးလေ- ငါလဲမဝတ်တော့ပါဘူး၊ သင်ဝတ်ချင်ဝတ်ပေတော့"

စွန်းဟိန်ကျဲသည် ကျားရေဝတ်စုံကို ချွတ်၍ ဆရာတော် စွန့်ကျဲသည့် ဝတ်စုံကို ဝတ်လိုက်၏။ ရွှေသရဖူကိုလည်း ဆောင်းလိုက်၏။

ထန်စန်းကျွမ်းဆရာတော်သည် ထမင်းခြောက်ခဲကို ကိုင်ထားပြီး ကွမ်ယင်မယ်တော် သင်ပေးထားသည့် ဂါထာကို ရွတ်လိုက်လေ၏။

ထန်စန်းကျွမ်းဆရာတော် ဂါထာရွတ်လိုက်သောအခါ ဦးခေါင်းတစ်ခုလုံး မခံမရပ်နိုင်အောင် ကိုက်ခဲလေတော့သည်။

" ခေါင်းကိုက်တယ်၊ ခေါင်းကိုက်တယ် "

ထန်စန်းကျွမ်း ဆရာတော်သည် အဆက်မပြတ်ဂါထာကို ရွတ်နေသဖြင့် စွန်းဟိန်ကျဲသည် မြေပေါ်၌ လူးလိမ့်နေသည်။ အင်္ကျီကို ဆွဲချွတ်သည်။ ကွင်းသရဖူကို ဆွဲချွတ်သည်။ သို့သော် အင်္ကျီနှင့် ကွင်းသရဖူသည် သူ့ကိုယ်နှင့် ဦးခေါင်း၌ အမြစ်တွယ်နေသည့်အလား ချွတ်၍မရတော့ပေ။

သူသည် ပြင်းထန်သော ခေါင်းကိုက် ဝေဒနာကြောင့် မြေပေါ်၌ လူးလိမ့်နေသည်။

ထန်စန်းကျွမ်းဆရာတော် ဂါထာအရွတ် ရပ်လိုက်သောအခါ စွန်းဟိန်ကျဲ ခေါင်းမကိုက်တော့ချေ။

" တပည့်တော် ခေါင်းကိုက်တဲ့ ဝေဒနာခံစားနေရတာဟာ ဆရာ

က ဂါထာရွတ်နေလို့ကိုး "

ထန်စန်းကျွမ်း ဆရာတော်က -

" ငါ့ဟာငါ ဂါထာရွတ်တာ သင်နဲ့ဘယ်လို သက်ဆိုင်နေလို့လဲ"

စွန်းဟိန်ကျဲက -

" ဆိုင်သလား၊ မဆိုင်သလားတော့ တပည့်တော် မသိပါဘူး၊ ဆရာဂါထာရွတ်နေတဲ့ အချိန်မှာ တပည့်တော် ခေါင်းကိုက်နေတာပဲ၊ ကဲ သိသာအောင် ဆရာထပ်ပြီး ဂါထာရွတ်ကြည့်ပါဦး "

ထန်စန်းကျွမ်း ဆရာတော်က ဂါထာကို ထပ်မံရွတ်ဖတ်လိုက်သောအခါ စွန်းဟိန်ကျဲ၏ ဦးခေါင်းမှာ ပို၍ပြင်းထန်သော ခေါင်းကိုက်ဝေဒနာကို ခံစားလာရလေ၏။

" တော်ပါပြီဆရာ ဂါထာကို မရွတ်ဖတ်ပါနဲ့တော့ "

ဆရာတော်သည် ဂါထာရွတ်ဖတ်ခြင်းကို ရပ်တန့်လိုက်၏။

စွန်းဟိန်ကျဲ ခေါင်းမကိုက်တော့ချေ။

" ဒါက ဘယ်လိုဖြစ်တာလဲ ဆရာ "

" အေးလေ ဘယ်လိုဖြစ်တာလဲတော့ ငါမသိဘူး၊ ကဲ မင်းအင်္ကျီနဲ့ ကွင်းသရဖူကို ချွတ်ကြည့်ပါဦး "

စွန်းဟိန်ကျဲသည် အင်္ကျီနှင့် ကွင်းသရဖူကို ချွတ်ကြည့်သည်။ ချွတ်မရတော့ပေ။

" အင်း ဒီလိုဆိုရင် သင့်ကိုငါဆုံးမနိုင်ပြီပေါ့ "

" အစကလဲ ဆုံးမနိုင်တာပါပဲ "

" သင် ငါဆုံးမတော့ ငါ့ကိုထားခဲ့ပြီး ထွက်သွားတယ်လေ၊ သင် ဟာ ငါ့တပည့်အဖြစ်နေမယ်ဆိုတဲ့ ကတိကို မေ့ထားတာကိုး၊ သင့်ကို ငါ တောင်ငါးလုံးအောက်က ကယ်မိတာမှားတယ်လို့တောင် ထင်မိတယ် "

" မထင်ပါနဲ့ ဆရာ၊ ဆရာ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ် "

" ထစ်ခနဲရှိတာနဲ့ သင် ထွက်သွားဦးမှာလား "

" ထွက်မသွားတော့ ပါဘူး ဆရာ "

သူ့အား ဆရာတော်က အပိုင်ချည်ပြီး တုပ်ပြီး မေးမြန်းနေသည်ကို သူမကျေနပ်ချေ။ ဆရာတော်အား မုန်းတီးမိသည်။ ထို့ကြောင့် သူသည်နားရွက်ထဲမှ အပ်ကလေးထုတ်ကာ လေထဲ၌ လွှပ်လိုက်ရာ ကြီးမားသော သံတုတ်တစ်ချောင်းအဖြစ်သို့ ရောက်ရှိလာလေ၏။



ဆရာတော်သည် သူ့လှုပ်ရှားမှုကို မပြတ်ကြည့်ရှုနေသဖြင့် သံမဏိတုတ် လက်ထဲ၌ ကိုင်လိုက်သည့်အဖြစ်ကို သိရှိလေ၏။ သူ အဘယ်ကြောင့် သံမဏိတုတ်ကို ကိုင်ရပါသနည်း။ အကြောင်း တစ်ခုခု ရှိရပေမည်။ မျောက်မင်း၏ အမူအရာကို ကြည့်ပြီး အကဲမရဖြစ်သည်ကို သိရှိလိုက်သည်။

ထိုအခါ မျောက်မင်းသည် ဆရာတော်အား ရိုက်သတ်ရန် သံတုတ်ကို ကိုင်မြှောက်လိုက်၏။

ထိုအခါ ဆရာတော်သည် မျက်စိမှိတ်ပြီး ဂါထာကို အဆက်မပြတ် ရွတ်လေတော့သည်။

စွန်းဟိန်ကျဲသည် ဦးခေါင်း၌ ပြင်းပြသော ဝေဒနာကို ခံစားနေရသဖြင့် လိုတရ သံမဏိတုတ်ကိုသော်မှ မကိုင်နိုင်တော့ပဲ ပစ်ချရကာ မြေပေါ်၌ လူးလိမ့်နေရတော့သည်။

ဆရာတော်ကား ဂါထာကို အဆက်မပြတ်ရွတ်လေ၏။

စွန်းဟိန်ကျဲလည်း မြေပေါ်၌အဆက်မပြတ် လူးလိမ့်နေတော့၏။

"ဆရာ...ဆရာ တောင်းပန်ပါတယ်၊ ဂါထာကိုမရွတ်ပါနဲ့တော့"

ဆရာတော်ကား မရပ်ချေ။ ဆက်လက်ရွတ်မြဲ ရွတ်နေသည်။

စွန်းဟိန်ကျဲကား ဦးခေါင်းကို ဖျစ်ညှစ်နေသည်။

"ဆရာ ရပ်ပါတော့၊ တပည့်တော်ကို သနားရင် ရပ်ပါတော့"

ထန်စန်းကျွမ်း ဆရာတော်သည် " တပည့်တော်ကို သနားရင် ရပ်ပါတော့ " ဟူသော စကားကို ကြားလိုက်ရသဖြင့် ဂါထာကို အရွတ် ရပ်လေ၏။

စွန်းဟိန်ကျဲ၏ခေါင်းကိုက်ဝေဒနာသည်ချက်ချင်းပျောက်လေ၏။

" သင့်ကို သနားလို့ ငါရပ်လိုက်တယ် "

" ဆရာရယ် ကျေးဇူးပြုပြီး ဂါထာမရွတ်ပါနဲ့တော့ "

" ဂါထာရွတ်တာကို သင် မကြိုက်ဘူး မဟုတ်လား "

" မကြိုက်ပါဘူး ဘုရား "

" အေး ငါမကြိုက်တာကိုလဲ သင် မလုပ်ပါနဲ့၊ ငါ မကြိုက်တာကို သင်လုပ်ရင် ငါဂါထာကို ဆက်ပြီးရွတ်ဖတ်နေဦးမှာပဲ "

စွန်းဟိန်ကျဲသည် တစ်ခု စဉ်းစားမိလေ၏။ ဤဆရာတော်သည်

လူသာမန်သာဖြစ်သည်။ ထူးခြားဆန်းကြယ်သော တန်ခိုးပြာဋိဟာ ပြခြင်း၊ ထူးခြားဆန်းကြယ်သော အမှုကို လုပ်ခြင်း စသည်တို့ တစ်ခုမျှ မရှိချေ။ ဤဝတ်စုံနှင့် သရဖူကို တစ်ဦးတစ်ယောက်ထံမှ ရရှိခြင်း ဖြစ်မည်ဟု သူတွေးမိသည်။

စွန်းဟိန်ကျဲက –

" ဆရာ့ကို တစ်ခုလောက်မေးပါရစေ "

" မေးပါ "

" ဒီ ဝတ်စုံနဲ့ သရဖူကို ဘယ်က ရလာတာပါလဲ ဆရာ "

" အဘွားအို တစ်ယောက်က လာပေးသွားတာပဲ "

" ဆရာ တပည့်တော်ကို ပြောတော့ ဆရာငယ်ငယ်က ဝတ်တဲ့ အဝတ်ဆို၊ ဆရာ မုသားပြောတာတော့ မကောင်းပါဘူး "

" ငါ မုသားပြောတာ မဟုတ်ပါဘူး "

" အဲဒီလို ပြောရမယ်လို့ အဲဒီအဘွားအိုက သင်ပေးခဲ့တာပါ၊ သူ သင်ပေးခဲ့လို့ ငါပြောတာပါ "

စွန်းဟိန်ကျဲသည် သက်ပြင်းချလိုက်လေ၏။

" တပည့်တော် နားလည်ပါပြီ ဘုရား "

" သင်က ဘာတွေများ နားလည်တာလဲ "

" အဲဒီအဘွားအိုဟာ ကွမ်ယင်မယ်တော်ပဲ ဖြစ်ရမယ် "

ထန်စန်းကျမ်းဆရာတော်က –

" သူဟာ အဘွားအိုကြီးအဖြစ်ကနေ ရွှေရောင်တပြောင်ပြောင် တဝင်းဝင်း ဖြစ်သွားပြီး လေထဲမှာ ပျောက်ကွယ်သွားတာပဲ၊ ကွမ်းယင် မယ်တော် ဖြစ်နိုင်ပါတယ် "

စွန်းဟိန်ကျဲသည် တုတ်ကို ကောက်ယူလိုက်ပြီး ထွက်သွားရန် ဟန်ပြင်လိုက်၏။

" သင် ဘယ်ကိုသွားမလို့လဲ "

" ဆရာ ဒီမှာ ခဏစောင့်ပါဦး "

" ငါစောင့်တာက မခက်ပါဘူး၊ စောင့်နိုင်ပါတယ်၊ သင်ဘယ် သွားမလို့လဲဆိုတာကိုသာ ပြောပါ "

စွန်းဟိန်ကျဲက –

" ကွမ်ယင်မယ်တော်ဟာ တပည့်တော်ကို အကြီးအကျယ်ဆုံး ဒုက္ခပေးတဲ့သူပဲ၊ သူ့ကို သွားပြီး ရိုက်သတ်လိုက်မယ် "

" သင့်ကို အကြီးအကျယ်ဆုံး ဒုက္ခပေးတဲ့ သူဟာ ကွမ်ယင် မယ်တော် မဟုတ်ပါဘူး၊ သင် စဉ်းစားပါ "

စွန်းဟိန်ကျဲသည် ခေတ္တမျှ စဉ်းစားလိုက်၏။

" ဟုတ်တယ် သူက အကြီးအကျယ်ဆုံး ဒုက္ခပေးတဲ့သူ မဟုတ် ပါဘူး၊ ဒုတိယ အကြီးအကျယ်ဆုံး ဒုက္ခပေးတဲ့သူပဲ "

" ပထမဆုံး ဒုက္ခအကြီးအကျယ်ဆုံးပေးတဲ့လူလို့ သင်ထင်တဲ့ လူဟာ လောကလူသား လူအများကို ရင်ဝယ်သားကဲ့သို့ သနားကရုဏာ ရှိတဲ့ မြတ်စွာဘုရားပါ၊ သင် မြတ်စွာဘုရားရဲ့ တန်ခိုးအာဏာကို ယှဉ်ပြိုင်နိုင်လို့လား "

" မယှဉ်ပြိုင်နိုင်ပါဘူးဘုရား "

" ယခု သင့်ကို ဒုတိယ အကြီးကျယ်ဆုံး ဒုက္ခပေးတဲ့ လူကိုလဲ သင်ယှဉ်ပြိုင်နိုင်မယ်လို့ ထင်သလား "

" ယှဉ်ပြိုင်နိုင်ပါလိမ့်မယ် ဆရာ၊ ဒီသံချောင်းဟာ လိုတရ ရွှေရစ်သံချောင်းပါ၊ ကွမ်ယင်မယ်တော်ဟာ ဒီသံချောင်းကိုတော့ မယှဉ် ပြိုင်နိုင်ဘူးလို့ ထင်ပါတယ် "

" ငါ သင့်ကို သနားလိုက်တာ၊ သင်ဟာ ကိုယ်ဘယ်အခြေအနေ ရောက်နေတယ်ဆိုတာ မသိတဲ့သူပဲ "

" တပည့်တော် ဘယ်အခြေအနေရောက်နေလို့လဲ ဘုရား "

" သင်ဝတ်ဆင်ထားတဲ့ အင်္ကျီနဲ့ ကွင်းသရဖူကိုပဲ သင်ချွတ်စမ်း ပါဦး "

စွန်းဟိန်ကျဲသည် ပါးစပ်ပိတ်သွားလေ၏။

" သင် ချွတ်စမ်းပါ "

သူချွတ်၍ မရသည်ကို မျောက်မင်း သိသဖြင့် ဘာမျှမပြောနိုင် တော့ချေ။

" ဒီအင်္ကျီနဲ့ သရဖူဟာ ကွမ်ယင်မယ်တော် ပေးထားတဲ့အင်္ကျီနဲ့ သရဖူပဲ၊ သူပေးထားတဲ့ အင်္ကျီနဲ့ သရဖူကိုတောင် သင်မချွတ်နိုင်ဘဲနဲ့ သူ့ ကို သင်ဘယ်လိုနိုင် နိုင်ပါ့မလဲ "

မျောက်မင်းသည် ဦးစိုက်ကျသွားလေ၏။

" ငါ့ကို ဂါထာသင်ပေးခဲ့တဲ့ သူဟာ ကွမ်ယင်မယ်တော်ပဲ၊ သင်

ခေါင်းကိုက်ရတဲ့ ဂါထာကို သူကငါ့ကို သင်ပေးသွားခဲ့တာ၊ ဒီဂါထာကို သူမတတ်နိုင်ဘူး၊ သူ မရဘူးလို့များ သင်ထင်နေသလား "

စွန်းဟိန်ကျဲမှာ ခေါင်းမဖော်နိုင်တော့ချေ။

သူသည် မြတ်စွာဘုရားကို လည်းကောင်း၊ ကွမ်ယင်မယ်တော်ကို လည်းကောင်း အရှုံးကြီး ရှုံးခဲ့ပြီဖြစ်သည်။

သူသည် လုံးဝစိတ်လျှော့လိုက်ကာ သံမဏိတုတ်ချောင်းကို အပ်ကလေး အဖြစ်ပြောင်းလဲလိုက်ပြီး နားထဲသို့ ထည့်၍ သိမ်းဆည်းလိုက်လေ၏။ ထို့နောက် သူသည် စိတ်ကြမ်း မာန်လျှော့ ဖြစ်ကာ –

" ဆရာ ခုအချိန်ကစပြီး ဆရာ့စကားကို တပည့်တော် မြေ၀ယ်မကျ နားထောင်ပါတော့မယ်၊ ဆရာက သေဆိုသေပါ့မယ် ဘုရား၊ ရှင်ဆို ရှင်ပါ့မယ် ဘုရား၊ တပည့်တော် မာန်လျှော့လိုက်ပါပြီ "

ထန်စန်းကျွမ်း ဆရာတော်သည် ဝမ်းသာသွား၏။

" သာဓု ... သာဓု ... သာဓု "

စွန်းဟိန်ကျဲ ခေါ် စွန်းဝူခုံးသည် ဆရာတော်အား ထမင်းခြောက်ခဲများ ဆက်ကပ်ပြီးနောက် အထုပ်အပိုးများနှင့် ဆရာတော့်အား မြင်းပေါ်တင်ကာ မြင်းဇက်ကြိုးကို ဆွဲပြီး အနောက်ဘက်သို့ ခရီးနှင်လေတော့၏။

✹ ✹ ✹ ✹ ✹ ✹ ✹

## အခန်း (၄၀)

### မမျှော်လင့်သော အန္တရာယ်

သူတို့သည် နေ့ပေါင်းများစွာ ညပေါင်းများစွာ ခရီးဆက်ခဲ့ကြ၏။ သူတို့သည် တောအထပ်ထပ်ကို ဖြတ်သန်းခဲ့ကြသည်။ တောင်အထပ်ထပ်ကို ဖြတ်သန်းခဲ့ကြသည်။ လျှိုမြောင် ချိုင့်ဝှမ်း အသီးသီးကို ဖြတ်ကျော်ခဲ့ကြရသည်။ ဤသို့ လျှောက်လှမ်းလာကြပြီးနောက် သူတို့သည် အလွန်ကြီးမားသော ရေကန်ကြီးတစ်ခုသို့ ရောက်ရှိလာတော့သည်။

ဤ ရေကန်ကြီးသည် အလွန် ကျယ်ဝန်းလှသဖြင့် လွန်စွာနက်ရှိုင်းမည့် ရေကန်ကြီးဟု ဆရာတော်က မှန်းဆမိသည်။

သူတို့သည် ကန်နံဘေးမှ ပတ်၍ လျှောက်သွားစဉ် အသံတစ်သံ ကြားလိုက်ရ၏။

" ပလုံ "

ထန်စန်းကျွမ်း ဆရာတော်သည် ထိုအသံကို ကြားလိုက်သည်။ စွန်းဟိန်ကျဲမှာမူ ရှေ့သို့သာ လှမ်းချင်နေသဖြင့် အသံကို မကြားမိချေ။

" စွန်းဟိန်ကျဲ အသံတစ်သံ ကြားလိုက်တယ်၊ ဘာသံမှန်းတော့ မသိဘူး "

စွန်းဟိန်ကျဲက ပေါ့ပေါ့ဆဆပြောသည်။

" ရေသံပဲ ဖြစ်မှာပါဆရာ "

သူတို့စကားပြောနေစဉ် ရေကန်သည်လှိုင်းတံပိုးထလာတော့၏။ လှိုင်းများသည် ကြီးသထက် ကြီးလာသည်။ လေလည်း တဟူးဟူး တိုက်ခတ်လာသည်။ ထို့ကြောင့် ကန်ကြီးတစ်ခုလုံး ဖြောင်းဆန်လာတော့သည်။

ဆရာတော်သည် အံ့သြလွန်းသဖြင့် ငေးကြောင်ကြည့်နေမိ၏။ ကောင်းကင်မှ မိုးလည်းမရွာ လေလည်းမဆင်ပါပဲလျက် ဤကန်တစ်ဝိုက်၌သာ လေပြင်းကျနေသည်ကို အံ့သြလွန်းမက အံ့သြနေသည်။

" ဒီရေကန်ဟာ တစ်ခုခုတော့ ထူးနေပြီ "

ဆရာတော် မှတ်ချက်ချသံ အဆုံး၌ နဂါးတစ်ကောင်သည် လေထဲသို့ ခုန်တက်လာသည်ကို တွေ့လိုက်ရသည်။ နဂါးသည် မြင်းပေါ်၌ထိုင်နေသော ထန်စန်းကျွမ်းဆရာတော်ဆီသို့ ပျံသန်းလာလေ၏။

ဆရာတော်မှာ ကြောင်နေသည်။

ထိုအချိန်တွင် စွန်းဟိန်ကျဲသည် ဆရာတော့်အပေါ် ကျရောက်မည့်အန္တရာယ်ကို မြင်မိသဖြင့် ချက်ချင်းပင် ခုန်ထကာ ဆရာတော်အား ပွေ့ချီပြီး ဘေးသို့လိုမ့်ချလိုက်လေ၏။

ထိုစဉ်နဂါးသည် မြင်းတစ်ကောင်လုံးကို မြင်းကုန်းနှီးပါမကျန် ဝါးမျိုပစ်လိုက်တော့၏။ ဆရာတော် ထိုင်နေလျှင်လည်း ဆရာတော်ပါ ပါရှိသွားမည်မှာ သေချာသည်။

စွန်းဟိန်ကျဲမှာမူ ဆရာတော်အား ပွေ့ချီပြီး တောင်ကုန်းထက်တွင် သွားရောက်ချထားပြီး မူလနေရာသို့ ပြန်လာသောအခါ နဂါးကို မတွေ့ရတော့ချေ။

သူသည် အထုပ်အပိုးများကို ကောက်ယူပြီး ဆရာတော်အနီးသို့ သွားရောက်ချထားလိုက်၏။

" ဆရာ မြင်းကိုတော့ နဂါးမျိုချသွားပါပြီ "

ဆရာတော်က ညည်းညူလိုက်သည်။

" ဒုက္ခပါပဲ ခရီးက အဝေးကြီး ကျန်သေးတယ်၊ မြင်းမရှိရင် ငါခရီးဆက်ဖို့ ခက်ပြီပေါ့ "

စွန်းဟိန်ကျဲက (ခေါ်) စွန်းဝူခုံးက –

"စိတ်မပူပါနဲ့ဆရာ၊ တပည့်တော်သွားပြီး ကြည့်လိုက်ပါဦးမယ်"

စွန်းဟိန်ကျဲသည် ရေကန်ရှိရာသို့ ပြန်ပြေးသွားလေတော့၏။ သူ ရေကန်ဆီသို့ ရောက်သောအခါ ရေကန်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်ကို တွေ့ရလေ၏။

စွန်းဟိန်ကျဲသည် လက်ဝါးဖြင့်ကာပြီး ရေပြင်ထဲသို့ စူးစူးစိုက်စိုက်ကြည့်သည်။ နဂါး၏ အရိပ်အယောင်ကိုပင် မတွေ့ရချေ။



သူသည် ဆရာတော်ထံ တစ်ဖန်ပြန်လာလေ၏။

" ဆရာ နဂါးလဲရှာမတွေ့တော့ပါဘူး၊ မြင်းလဲ ရှာမတွေ့တော့ပါဘူး "

ထန်စန်းကျွမ်း ဆရာတော်က –

" ငါ မြင်းမရှိဘဲနဲ့တော့ ခရီးဝေးဝေး လျှောက်နိုင်မှာမဟုတ်ဘူး၊ သင်က ငါ့ကိုပြောခဲ့တုန်းက ကျားကိုလည်း ကြောက်စရာမလိုဘူး၊ နဂါးကိုလည်း ကြောက်စရာမလိုဘူးလို့ သင်ပြောခဲ့တယ်၊ အခုတော့ သင်ဘာမှ မစွမ်းတော့ဘူးလား၊ နဂါးတစ်ကောင်ကိုတောင် သင် လက်မှိုင်ချနေရပြီ မဟုတ်လား "

စွန်းဟိန်ကျဲသည် ဆရာတော်၏ ပြစ်တင်သော စကားကို ကြားသောအခါ လွန်စွာခံပြင်းလာ၏။ သူသည် ရေကန်ဆီသို့ ပြန်ပြေးလာသည်။ သူသည် ဒေါသကြီးလွန်းသဖြင့် နည်းမျိုးစုံဖြင့် ဆဲရေးလေတော့၏။

" ဟေ့ ရေထဲကငါးရှဉ့် မင်းက ငါ့ဆရာမြင်းကို ဝါးမျိုထားတယ်ပေါ့၊ မင်းကို အမှုန့်ကြိတ်ပစ်မယ်၊ မြန်မြန်ထွက်ခဲ့စမ်း၊ မထွက်ရင် ငါ့အဆိုးမဆိုနဲ့ "

ထိုနဂါးသည် မြင်းတစ်ကောင်လုံးကို ဝါးမျိုထားသောကြောင့် ရေအောက်လိုဏ်ဂူတစ်ခုထဲ၌ အေးအေးဆေးဆေးအိပ်နေလေ၏။ သူသည် ပထမ၌ မနိုးချေ။ သို့သော် တန်ခိုးရှင်ဖြစ်သော စွန်းဟိန်ကျဲ၏ အသံသည်တစ်ကြိမ်ထက်တစ်ကြိမ် ကျယ်လောင်လာသဖြင့် နိုးလာတော့သည်။ အမျိုးမျိုးဆဲရေးအော်ဟစ်နေသည့် အသံကို ကြားသောအခါ ဒေါသထွက်လာတော့သည်။ သူသည် ရေပြင်ပေါ်သို့ ထိုးထွက်လာလေ၏။

" ဘယ်က မျောက်စုတ်လဲ မသိဘူး၊ ဘာဖြစ်လို့ ငါ့ကို နှောင့်ယှက်နေရတာလဲ "

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက –

" သင်က ကျွန်ုပ်ဆရာရဲ့ မြင်းကို မျိုချလိုက်တဲ့အတွက် မြင်းတစ်ကောင်ပြန်ပြီး အစားလျော်ပေတော့၊ နို့မဟုတ်ရင်တော့ သင်ကို ရိုက်သတ်ရမှာပဲ "

နဂါးသည် မခံမရပ်နိုင်ဖြစ်ကာ စွန်းဟိန်ကျဲနှင့် တိုက်ခိုက်လေတော့သည်။

စွန်းဟိန်ကျဲကလည်း ဒေါသထွက်နေသူဖြစ်ရာ ပြင်းထန်စွာ တိုက်ခိုက်သည်။ နဂါးမှာ စွန်းဟိန်ကျဲလောက် တန်ခိုးရှိသူ မဟုတ်ရာ သူသည် ရေအောက်ထဲသို့ ပြေးဝင်ငုပ်လျှိုးရတော့၏။

စွန်းဟိန်ကျဲသည် ရေအောက်သို့ ခွဲ၍ မလိုက်ချေ။ သူသည် ရေပြင်ပေါ်မှ နည်းမျိုးစုံဖြင့် အော်ဟစ်ဆဲရေးကာ နဂါးအား အပြင်သို့ ထွက်လာရန် ခေါ်ထုတ်နေသည်။

နဂါးမှာ နားပိတ်ပြီး လိုဏ်ဂူထဲ၌ ပုန်းအောင်းနေလေ၏။

စွန်းဟိန်ကျဲမှာ အတန်ကြာအထိ ကြိမ်းမောင်းဆဲရေးနေသော်လည်း နဂါးထွက်မလာသဖြင့် ရပ်တန့်လိုက်ရလေ၏။

" မင်းထွက်လာ မလား၊ ထွက်မလာဘူးလား၊ ငါရေပြင်တစ်ခုလုံးကို ဆူပွက်အောင် လုပ်ပစ်လိုက်ရမလား "

နဂါးမှာ နားပိတ်ထားသဖြင့် စွန်းဟုန်ကျဲ အော်ဟစ်သည်ကို မကြားနိုင်ချေ။

စွန်းဟိန်ကျဲသည် ရေပြင်ကို လေတစ်ချက် မှုတ်လိုက်၏။ ထိုအခါ လေသည် အဆက်မပြတ် တိုက်ခတ်လာပြီး မုန်တိုင်းတမျှ ဖြစ်ပေါ်လာတော့၏။ ထို့ကြောင့် ရေလှိုင်းများ ဗောင်ဗင်ထကာ ကြောက်မက်ဖွယ်ရာ အော်မြည်နေတော့သည်။ ရေကန်တစ်ခုလုံး လှိုင်းတံပိုးထကာ ပွက်လောရိုက်နေ၏။

နဂါးမှာ ရေအောက်လိုဏ်ဂူအတွင်း နက်သထက် နက်ရာသို့ တိုးဝင်ပြီး ပုန်းအောင်းနေတော့သည်။

ရေကန်တစ်ကန်လုံး ပွက်လောရိုက်ဆူညံနေသဖြင့် တောစောင့်နတ်နှင့် တောင်စောင့်နတ်တို့သည် မနေနိုင်တော့ဘဲ စွန်းဟိန်ကျဲ ရှေ့သို့ ရောက်ရှိလာကြလေ၏။

" အသင်မျောက်မင်း ဘာကိစ္စကြောင့် ယခုကဲ့သို့ အမျက်ဒေါသထွက်နေရပါသလဲ "

စွန်းဟိန်ကျဲသည် ဟိန်းဟောက်လိုက်၏။

" သင်တို့က ဘယ်သူတွေလဲ၊ သင်တို့ ဘာဖြစ်လို့ အမေးအမြန်းလာထူနေရတာလဲ "

" ကျွန်ုပ်တို့ဟာ တောစောင့်နတ်နဲ့ တောင်စောင့်နတ်တို့ ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ ဖြေရှင်းပေးနိုင်တဲ့ ကိစ္စများရှိရင် ဖြေရှင်းဆောင်ရွက်ပေးရန် ရောက်ရှိလာကြခြင်း ဖြစ်ပါတယ် "



စွန်းဟိန်ကျဲ (ခေါ်) စွန်းဂုခုံးက -

" ဒါဖြင့် ဒီနယ် တစ်ဝိုက်ကို သင်တို့ အပိုင်စား ရထားတဲ့ သဘောပေါ့ "

" မှန်ပါတယ်၊ မျောက်မင်း "

" အခု ငါ့ကို မျောက်မင်း မျောက်မင်းလို့ မခေါ်ကြနဲ့၊ ငါဟာ ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့်ဖြစ်နေပြီ၊ ဆရာတော်ဟာ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်ဖို့ သွားနေတုန်းမှာ ဒီရေကန်ထဲက နဂါးတစ်ကောင်ဟာ ဘာမပြော ညာမပြောနဲ့ ရေကန်ထဲက ထွက်လာပြီး ဆရာတော်စီးလာတဲ့ မြင်းကို မျိုချလိုက်တယ်၊ အဲဒီနဂါးဘယ်က နဂါးလဲ၊ သင်တို့ခေါ်ပေးစမ်း၊ ဒီနဂါးကို အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် ငါခုတ်သတ်မယ် "

တောစောင့်နတ်နှင့် တောင်စောင့်နတ်တို့သည် ပြိုင်တူပင် ဦးညွတ်ဂါရဝပြုလိုက်ကြသည်။ ဤမျောက်မင်း တန်ခိုးကြီးလှသည်ကို သူတို့ သိရှိခဲ့ကြလေပြီ။

" ဒီနဂါးဟာ ကွမ်ယင်မယ်တော်က ဒီမှာနေစေဖို့ အမိန့်ပေးထားတဲ့ နဂါးဖြစ်ပါတယ်၊ သူ သေဒဏ်သင့်ချိန်မှာ ကွမ်ယင်မယ်တော်က သူ့ကို ကယ်တင်ခဲ့တာ ဖြစ်ပါတယ် "

စွန်းဟိန်ကျဲက ခါးခါးသီးသီးပြော၏။

" သူသေဒဏ်သင့်တာတွေ မသင့်တာတွေ ငါမသိချင်ဘူး၊ ငါလိုချင်တာက မြင်းတစ်စီးပဲ၊ ဒီနဂါးကို ဖမ်းပြီးမြင်းတစ်စီးပြန်ရှာခိုင်းရမယ်၊ ဘယ်လိုနည်းနဲ့ရရ မြင်းတစ်ကောင်ရရင်ပြီးပြီ "

တောင်စောင့်နတ်က–

" ကွမ်ယင်မယ်တော်ဟာ ဒီနဂါး ဒီရေကန်မှာ နေစေလို့ အမိန့်ချတုန်းက ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ်လာရင် သင်လဲ လိုက်ပို့ရမယ်လို့ အမိန့်ပေးနေတာ ကြားခဲ့ဖူးပါတယ် "

ထိုအခါ စွန်းဟိန်ကျဲ စဉ်းစားရတော့သည်။

" ဒါဖြင့် ဒီကိစ္စကို ကွမ်ယင်မယ်တော်ဆီသွားပြီး အကျိုးအကြောင်းပြောပြဖို့ လိုမယ်ထင်တယ် "

သူသည် ဆရာတော်ထံသို့ ပြန်လည်ရောက်ရှိလာပြီး ခွင့်တောင်းလေသည်။

" ဒါကြောင့် တပည့်တော် ကွမ်ယင်မယ်တော်ဆီ တစ်ခေါက် သွားဖို့ လိုပါလိမ့်မယ် ဆရာ "

" အေး သင်သွားတာကိုတော့ ငါမတားလိုပါဘူး၊ ငါ့ကို နဂါးများ လာပြီး ရန်ပြုနေဦးမလား "

" ပြုမှာ မဟုတ်ပါဘူး၊ သူဟာ တပည့်တော်ကို ကြောက်လို့ ပုန်းနေပါပြီ၊ ထွက်ကို မလာရဲတော့ပါဘူး၊ "

ထိုစဉ်အသံတစ်သံကို ကြားလိုက်ရလေ၏။

" ကျွန်ုပ်ဟာ ရေကန်စောင့်ဖြစ်ပါတယ်၊ ကျွန်ုပ်စောင့်နေတဲ့ အချိန်ကျရောက်ပြီ ဖြစ်ပါတယ်၊ ကွမ်ယင်မယ်တော်ကို ကျွန်ုပ်သွား ရောက် ပင့်ဆောင်ခဲ့ပါမယ် "

ထန်စန်းကျွမ်းဆရာတော်က သာဓုခေါ်လေ၏။

" အမြန်ဆုံး သွားပြီး အမြန်ဆုံးပြန်လာခဲ့ပါ "

ရေကန်စောင့်နတ်သည် တောင်ပင်လယ်သို့ တိမ်တိုက်စီး၍ ထွက်သွားလေတော့၏။

" ကဲ ... သင်တို့ နတ်နှစ်ပါးဟာ ဆရာတော်ကို စောင့်ရှောက် လိုက်ကြပါ၊ ကျွန်ုပ်ကတော့ ရေကန်ထဲက နဂါးထွက်မပြေးနိုင်အောင် ရေကန်မှာ သွားစောင့်လိုက်ဦးမယ် "

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးသည် ရေကန်သို့ သွားရောက်စောင့် ကြပ်နေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၄၁)

## နတ်နဂါးမြင်းဖြူ

ရေကန်စောင့်နတ်သည် သူ့ကန်အတွင်း ဝင်ရောက် နေထိုင်သော နဂါးကိုမည်သို့မျှ အရေးမယူနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုနဂါးသည် ကွမ်ယင်မယ်တော်က ထားသော နဂါးဖြစ်နေသောကြောင့်တည်း။

သူသည် တိမ်တိုက်ကို စီး၍ တောင်ပင်လယ်သို့ ဦးတည်သွားနေ၏။ မကြာမီ သူသည် ကွမ်ယင်မယ်တော်ရှေ့သို့ ရောက်သည်။ ထိုအခါ ကွမ်ယင်မယ်တော်ကို ဖူးမြော်ရလေ၏။

ကွမ်ယင်မယ်တော်က -

" အသင် ရေကန်စောင့်နတ် ...ကျွန်ုပ်ထားရှိခဲ့သော ရေကန်ထဲ၌ ရှိသော နဂါးကို မစောင့်ကြပ်ဘဲ သင်အဘယ်ကြောင့် ဒီကိုလာနေရပါသလဲ "

ရေကန်စောင့်နတ်က လက်အုပ်ချီလိုက်၏။

" မှန်လှပါ ..... စကြဝဠာ တန်ခိုးရှင်နဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်မယ့် ပုဂ္ဂိုလ်ရောက်ရှိနေပါပြီ။ မယ်တော်ထားခဲ့တဲ့ နဂါးဟာ စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့တဲ့ နဂါးဖြစ်ပါတယ်၊ သူဟာ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ်စီးလာတဲ့ မြင်းကို တစ်ကောင်လုံးမျိုပစ်လိုက်ပါတယ်၊ နဂါးဟာ မမျိုခင် ဘယ်လိုပုဂ္ဂိုလ်မျိုးတွေဖြစ်တယ်ဆိုတာ နည်းနည်းတော့ စူးစမ်းဖို့ ကောင်းပါတယ် ... ဒါကြောင့် စကြဝဠာတန်ခိုးရှင်ဟာ မြင်းတစ်စီး ပြန်ရဖို့ နဂါးဆီက ကြိုးစားပါတယ်၊ မရတော့ တိုက်ခိုက်ပါတယ်၊ နဂါးဟာ တန်ခိုးရှင်ကို မယှဉ်ပြိုင်နိုင်ပါဘူး၊ ရေအောက်မှာ ပုန်းနေပါတယ်၊ အခု အခြေအနေဟာ တင်းမာလျက်ရှိနေဆဲ၊ မယ်တော့်ဆီကို ကျွန်တော်မျိုး လာအကြောင်းကြားတာပါ ....."

ကွမ်ယင်မယ်တော်က ခေါင်းညိတ်လေ၏။

" ဒီနဂါးဟာ ဒီလိုပဲ မဆင်မခြင်လုပ်တတ်လို့ တစ်ခါသေဒဏ် သင့်ပြီးပြီ၊ ကျွန်ုပ်က နတ်မင်းကြီးဆီမှာ သူ့အသက်ကို အလျှုခံခဲ့လို့ သူ အသက်ချမ်းသာရာရနေတာ၊ ကျွန်ုပ်က သူ့ကိုပြောခဲ့တယ်၊ သင်ဟာ ပိဋကတ်သုံးပုံ ပင့်ဆောင်ရမယ့် ပုဂ္ဂိုလ်လာရင် သင်ဟာ မြင်းတစ်ကောင် အဖြစ်ဖန်ဆင်းပြီး ပိဋကတ်သုံးပုံ ပင့်ဆောင်တဲ့နေရာ လိုက်သွားရမယ်လို့ ကျွန်ုပ်ပြောခဲ့တယ်၊ အခု ..... သူ မြင်းကို မျိုချလိုက်တယ်ဆိုကတည်းက သင်ပြောတဲ့အတိုင်း သူဟာ မဆင်မခြင်လုပ်တယ်ဆိုတာပေါ်လွင်နေပြီ..."

" အခြေအနေက အလွန်ပင် တင်းမာနေပါတယ်၊ တန်ခိုးရှင်ဟာ အတော်ပဲ ဒေါသကြီးနေပါတယ်၊ သူ မြင်းတစ်ကောင် ပြန်မရရင်တော့ ဒီနဂါးဟာ မလွယ်ပါဘူး၊ တန်ခိုးရှင်ရဲ့ ရိုက်သတ်မှုကို ခံရပါလိမ့်မယ်၊ ဒီအရေးအခင်းကို မယ်တော်ကိုယ်တိုင် ဖြေရှင်းမှ ပြေလည်လိမ့်မယ်လို့ ယူဆပါတယ်မယ်တော် ....."

ကွမ်ယင်မယ်တော်က ခေါင်းညိတ်လိုက်လေ၏။

" ကောင်းပြီလေ ....... ကျွန်ုပ်လိုက်ပြီး ဖြေရှင်းပေးပါမယ်၊ ကဲ..... သွားကြစို့ "

ကွမ်ယင်မယ်တော်သည် ရေကန်စောင့်နတ်နှင့်အတူ ထွက်ခွါလာလေတော့သည်။

မကြာမီ ကွမ်ယင်မယ်တော်နှင့် ရေကန်စောင့် နတ်တို့သည် ရေကန် ရှိရာသို့ ရောက်ရှိ လာတော့၏။ ကွမ်ယင်မယ်တော်နှင့် ရေကန်စောင့်နတ်တို့သည် တောင်ထိပ်တစ်နေရာမှ ကြည့်ရှုသောအခါ ဒေါသူပုန်ထနေသော စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးကို တွေ့ရလေသည်။

ရေကန်စောင့်နတ်က -

" မယ်တော် မြင်တဲ့ အတိုင်းပါပဲ၊ ဒီနဂါးဟာ မလွယ်ပါဘူး၊ မယ်တော်မှ ရှင်းမပေးရင် နဂါးဟာ အပိုင်းပိုင်း အတစ်တစ် ခုတ်သတ် ခံရမယ့် ကိန်းဆိုက်နေပါတယ် "

" သင် မျောက်မင်းကို အပေါ်ကို ခေါ်လာခဲ့ပါ "

ရေကန်စောင့်နတ်သည် တောင်ပေါ်မှ ဆင်းပြီး စွန်းဟိန်ကျဲရှိရာသို့ရောက်ရှိလာလေ၏။

" အသင်တန်ခိုးရှင် ..... ဒေါသသိပ်ကြီးမနေပါနဲ့တော့၊ သင်တို့



ပြဿနာအား ဖြေရှင်းရန် ကွမ်းယင်မယ်တော် ရောက်ရှိနေပါပြီ ....."

ရေကန်စောင့်နတ်သည် ကွမ်ယင်မယ်တော်ရှိသည့် တောင်ထိပ် ပေါ်သို့ လက်ညှိုးညွှန်ပြလေ၏။

စွန်းဟိန်ကျဲသည် ရေကန်စောင့်နတ်၏ စကားမဆုံးမီ တောင် ထိပ်သို့ ခုန်တက်သွားလေ၏။ သူသည် ကွမ်ယင်မယ်တော်ကို တွေ့သည် နှင့် ပြစ်တင်စကား ပြောကြားတော့သည်။

" ကွမ်ယင်မယ်တော် ..... သင်ဟာ အကျီနဲ့ ရွှေရောင်ဦးထုပ်ကို ဘုန်းတော်ကြီးကို ဘာဖြစ်လို့ပေးလိုက်ရတာလဲ၊ နောက်ပြီး ဘုန်းတော် ကြီးကို ဘာဖြစ်လို့ ဂါထာသင်ပေးလိုက် ရတာလဲ၊ အခုတော့ ကျွန်ုပ်ဒုက္ခ ရောက်နေပြီ "

ကွမ်ယင်မယ်တော်က -

" ဘုန်းတော်ကြီးဟာ သင့်ရဲ့ ဝဋ်ဒုက္ခကို ကယ်တင်ခဲ့သူမဟုတ် ဘူးလား၊ သူဟာသင့်ကို ဆုံးမပြောဆိုသူ မဟုတ်ဘူးလား၊ သင်ဟာ ကယ် တင်ခဲ့တဲ့ သူ့ရဲ့ကျေးဇူးကို ထောက်ထားသူ မဟုတ်ဘူး၊ သူ့ရဲ့ ဆုံးမစကားကို သင်နားထောင်လိုသူမဟုတ်ဘူး၊ သင့်ကို ဆုံးမနိုင်တဲ့ ဒီနည်းလမ်းမှ ကျွန်ုပ်မပေးရင် ကျွန်ုပ်ဟာ ဘာမှ အသုံးကျတဲ့သူ မဟုတ်နိုင်တော့ဘူး "

စွန်းဟိန်ကျဲမှာ စကားမပြောနိုင်တော့ပေ။ အတန်ကြာမှ -

" ထားပါတော့လေ၊ ..... မယ်တော်ဟာ ဒီရေကန်ထဲမှာ နဂါး တစ်ကောင် လာထည့်ထားခဲ့တယ် မဟုတ်လား၊ အဲဒီနဂါးဟာ ဘာမှ မပြောမဆိုနဲ့ ကျွန်ုပ်တို့ကို ကောင်းကောင်းကြီး အနှောင့်အယှက်ပေး တော့တာပဲ "

ကွမ်ယင်မယ်တော်က -

" ကျွန်ုပ်ရောက်လာတာ အဲဒီ ကိစ္စကို ဖြေရှင်းပေးဖို့ပါ ....."

စွန်းဟိန်ကျဲသည် စကားမပြောတော့ပေ၊ နားထောင်၍သာ နေ တော့သည်။ ကွမ်ယင်မယ်တော်က အခြေအနေကို ရှင်းပြ၏။

" အခု ..... သင်တို့သွားမယ့်ခရီးဟာ တောတောင်အထပ်ထပ် ဖြတ်သန်း သွားရမှာဖြစ်တယ်၊ လမ်းခရီးဟာ တကယ်တမ်း ကြမ်းတမ်း လှပါတယ်၊ သင့်အတွက်ဘာမျှ အပန်းမကြီးပေမယ့် ပိဋကတ်သုံးပုံကို ပင့်ဆောင်မယ့် ပုဂ္ဂိုလ်အတွက်တော့ တကယ်တမ်းကြမ်းတမ်း ခက်ခဲ

လှတဲ့ ကန္တာရ ခရီးလမ်းဖြစ်ပါတယ်.....၊ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်အတွက် နဂါးကို ဒီကန်ထဲမှာ လာစောင့်ခိုင်းထားတာဖြစ်ပါတယ် "

ရွှန်းဟိန်ကျဲက (ခေါ်) ရွှန်းဝူခုံးက –

" မယ်တော်ပြောတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် သူကကျွန်ုပ်ကို ကြောက်ပြီး ရေအောက်မှာပုန်းနေပါတယ်၊ ဘယ်လိုခေါ်ခေါ် ထွက်မလာတော့ဘူး ....."

ကွမ်ယင်မယ်တော်က –

" သူထွက်လာအောင် ကျွန်ုပ်လုပ်နိုင်ပါတယ် "

" လုပ်စမ်းပါမယ်တော် "

" အသင် ရေကန်အနီးသွားပြီး ဒီလိုအော်လိုက်ပါ၊ နဂါးမင်းရဲ့ တတိယသားတော် ထွက်လာခဲ့ပါ၊ ကွမ်ယင်မယ်တော် စောင့်နေပါတယ်လို့ ပြောလိုက်ပါ၊ သူထွက်လာပါလိမ့်မယ်၊ ကျွန်ုပ်မရှိဘူးဆိုရင်တော့ သူထွက်လာရဲမှာ မဟုတ်ပါဘူး။ သူက သင့်ကို ကြောက်နေတာကိုး ....."

ရွှန်းဟိန်ကျဲသည် တောင်ထိပ်ပေါ်မှ ရေကန်နံဘေးသို့ ခုန်ဆင်းလိုက်၏။

" ဒီမှာ ငါးရှဉ့် ..... နင်သေသေချာချာနားထောင် ..... နင်ဟာ နဂါးမင်းရဲ့ တတိယသားတော်ဆိုတာ ငါသိပြီ၊ နင့်လိုတတိယသားတော်ကို မပြောနဲ့ နင့်ခမည်းတော် နဂါးမင်းကိုတောင် ငါက ဇိဝိန်ကြွေသွားအောင် ခြေနိုင်တယ်ဆိုတာ နင်သိထား၊ နင့်ကို ငါမသတ်ဘူး၊ ထွက်ခဲ့တော့၊ ကွမ်ယင်မယ်တော်ရောက်နေပြီ ....."

ရွှန်းဟိန်ကျဲ၏ အော်သံဆုံးသွားသောအခါ ရေလှိုင်းများ ဆူပွက်ထလာတော့သည်။ နဂါးတစ်ကောင်သည် ရေထဲမှ တိုးထွက်လာလေ၏။ သူသည် ကွမ်ယင်မယ်တော်ထံသို့ သွားလေ၏။

သူသည် ကွမ်ယင်မယ်တော်ရှေ့ရောက်သော် ဒူးတုပ်၍ရှိခိုးလေ၏။

" တပည့်တော်ဟာ မယ်တော် အမိန့်ရှိလိုက်တဲ့အတိုင်း ရေကန်မှာ စောင့်နေခဲ့ပါတယ်။ အခုအချိန်အထိ ပိဋကတ်သုံးပုံကိုပင့်ဆောင်မယ့် ပုဂ္ဂိုလ်ကို မတွေ့သေးပါဘူး၊ တပည့်တော်နေထိုင်တဲ့ ရေကန်နံဘေးမှာပဲ မျောက်တစ်ကောင် လာရောက် သောင်းကျန်းနေပါတယ် "

ကွမ်ယင်မယ်တော်သည် ထိုနဂါးကို စိုက်ကြည့်ပြီးနောက်



မျောက်မင်းအား ညွှန်ပြလိုက်၏။

" သူက တခြားလူမဟုတ်ဘူး၊ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ်ရဲ့ တပည့်ကြီးပါပဲ ....."

နဂါးသည် ရွှန်းဟိန်ကျဲကို လှမ်းကြည့်လိုက်သည်။

" ဒီမျောက်က တပည့်တော်ကို တော်တော်ဒုက္ခပေးတဲ့မျောက်ပါ၊ သူဟာ ပိဋကတ်သုံး ပုံပင့်ဆောင်မယ့် ပုဂ္ဂိုလ်အကြောင်း စကားတစ်ခွန်းမှ မဟပါဘူး "

ရွှန်းဟိန်ကျဲသည် ဒေါသနှင့်အော်လိုက်သည်။

"သင့် စကားကို အဖြောင့်အမှန်အတိုင်း ပြောစမ်းပါ၊ သင် ရေထဲကထွက်ပြီး မြင်းကို မျိုလိုက်တဲ့ အရှိန်အဟုန်ကို ကွမ်ယင်မယ်တော် မြင်စေချင်စမ်းတယ်၊ ဆရာတော်ကို ငါအင်မတန်လျင်မြန်စွာ ကယ်ဆယ်လိုက်လို့သာ သင့်ပါးစပ်ထဲ ဆရာတော် ပါမသွားခြင်းဖြစ်တယ်၊ နောက်ပြီး သင်ပျောက်သွားတယ်၊ သင်ထွက်ပေါ်လာပြီး ပျောက်သွားတဲ့ အချိန်ဟာ တဒင်္ဂပဲကြာတယ်၊ သင်က ငါတို့ကို ဘယ်ကလာသလဲလို့ တစ်ခွန်းမေးသလား၊ ငါ ..... ရိုက်သတ်လိုက်ရ သင်တော့ သေတော့မယ် ....."

ကွမ်ယင်မယ်တော်သည် နဂါး၏ အဆင်ခြင်ကင်းမဲ့သော အဖြစ်ကို သိရှိလေ၏။

" ကဲ ..... ကဲ ..... သင်တို့ ငြင်းခုံမနေကြပါနဲ့တော့ "

ကွမ်ယင်မယ်တော်သည် လက်ထဲမှ သစ်ရွက်ကလေးဖြင့် နဂါးကိုယ်ပေါ်သို့ နတ်ရေစင်ပက်ဖျန်းလိုက်လေ၏။ နဂါးသည် ချက်ချင်းပင် မြင်းဖြူတစ်ကောင်အဖြစ် ကူးပြောင်းသွားလေတော့၏။

ရွှန်းဟိန်ကျဲသည် ကျေနပ်သွား၏။ စကားကိုအတည်မရောက် ကွေ့ကောက်ပြောတတ်သော နဂါးတစ်ကောင်တော့ ဘဝပြောင်းသွားပြီဟု သဘောကျနေမိ၏။

ကွမ်ယင်မယ်တော်က မြင်း၏ ဦးခေါင်းကိုလက်ဝါးဖြင့် အသာပွတ်ပေးပြီး –

" ခုအချိန်ကစပြီး ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ်ကို သင်အပင်ပန်းခံပြီး ပို့ဆောင်ပါတော့၊ ပိဋကတ်သုံးပုံရယူတဲ့နေ့မှာပဲ သင့်မှာရှိသမျှ အပြစ်ဒဏ်တွေ အားလုံး ကင်းလွတ်ပြီး နဂါးတို့ မူလနေထိုင်ရာ

နေရာ ပြောင်း ရေနန်းထဲမှာ သင်ပြန်ခံစားရပါလိမ့်မယ် "

မြင်းဖြူကြီးသည် ဦးခေါင်းသုံးကြိမ်တိတိ ညိတ်လေ၏။

ကွမ်ယင်မယ်တော်သည် မြင်းဖြူကြီးအား စွန်းဟိန်ကျဲ၏ လက်ထဲသို့ ပေးအပ်လိုက်လေ၏။

" ဒီမြင်းကို သင့်ဆရာ ထန်စန်းကျွမ်းဆရာတော်ဆီ ပို့ပေးလိုက်ပေတော့ ....."

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးသည် တွေဝေစဉ်းစားနေ၏။

ကွမ်ယင်မယ်တော်က -

" အသင်ဘာတွေစဉ်းစားနေတာလဲ "

" ကျွန်ုပ်စဉ်းစားနေတာက ကျွန်ုပ်ဟာ ဆရာတော်နဲ့ မလိုက်လိုတော့ပါဘူး ....."

" ဘယ်လိုဖြစ်သွားတာလဲ "

" ခရီးက ဝေးလွန်းလှပါတယ်၊ နှစ်ကလည်း ကြာရှည်လွန်းလှပါတယ် "

" သင့်ကို မြတ်စွာဘုရားက နှစ်ပေါင်းငါးရာတိုင်တိုင် တောင်ငါးလုံးအောက်မှာ ဖိထားခဲ့တာကို သင်မေ့နေပြီလား၊ ခရီးကြမ်းတမ်းတယ် ဆိုတာမှန်ပါတယ်၊ ဒါပေမယ့် သင့်အတွက်တော့ မဟုတ်ပါဘူး၊ ဆရာတော့်အတွက်ပါ "

" ဒါပေမယ့် ကျွန်ုပ်မသွားချင်တော့ဘူး "

" သင်မသွားချင်လို့မရဘူး၊ သင်ဟာ ဉာဏ်လည်းထက်မြက်တယ်၊ ဖွဲလည်းရှိတယ်၊ သတ္တိလည်းရှိတယ်၊ တန်ခိုးလည်းရှိတယ်၊ ဘာကြောင့် သင်မသွားချင်ရတာလဲ ....."

" အခုကြည့် ..... ဘာမဟုတ်တဲ့ နဂါးကိစ္စကိုတောင် ကွမ်ယင်မယ်တော်ကို အကူအညီတောင်းနေရပြီ၊ တကယ်ကြီးကျယ်တဲ့ ကိစ္စပေါ်လာရင် ကျွန်ုပ်က ဘယ်သူ့ဆီအကူအညီတောင်းရမလဲ ....."

" ကျွန်ုပ်တတ်နိုင်သမျှ ကူညီပါမယ် "

" ကျွန်ုပ်တို့ ဒုက္ခရောက်ရှိမယ့် အချိန်မှာ မယ်တော်နဲ့ ခရီးသိပ်ကွာဝေးနေရင် ကျွန်ုပ်မယ်တော့်ဆီ ဘယ်လိုလုပ် အကူအညီတောင်းနိုင်တော့မှာလဲ "

ကွမ်ယင်မယ်တော်သည် သူကိုင်ထားသည့် သစ်ခက်မှ သစ်ရွက်



သုံးရွက်ကို ခြွေပြီး လေနှင့် မှုတ်ထုတ်လိုက်လေ၏။ ထိုသစ်ရွက်သုံးရွက်သည် စွန်းဟိန်ကျဲ၏ကိုယ်ပေါ်၌ ရွှေရောင်တောက်နေသည့် အမွေးအမှင်များ အဖြစ်သို့ ပြောင်းလဲသွားလေ၏။

ကွမ်ယင်မယ်တော်က -

" ကျွန်ုပ်ဟာသင့်ကို အသက်ကယ် အမွေးအမှင်သုံးချောင်းပေးထားလိုက်ပြီ၊ သင်မဖြေရှင်းနိုင်တဲ့ပြဿနာ၊ ဒါမှမဟုတ် သင်တို့မှာ ဒုက္ခအကြီးအကျယ် ရောက်နေပြီဆိုရင် ဒီအမွေးတစ်ချောင်းကို လေနဲ့မှုတ်ထုတ်လိုက်ပါ၊ ကျွန်ုပ် အချိန်မီ ရောက်လာပါမယ်....."

ထိုအခါကျမှ စွန်းဟိန်ကျဲသည် ဆရာတော်နှင့်အတူ ဆက်လက်ခရီးထွက်ဖို့ သဘောတူတော့သည်။ သူသည် ကွမ်ယင်မယ်တော်ကို ရှိခိုးလိုက်သည်။

ကွမ်ယင်မယ်တော်လည်း တောင်ပင်လယ်သို့ ဆက်လက်ထွက်ခွာသွားလေတော့သည်။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၄၂)

### ခိုနားစရာဘုရားကျောင်း

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးသည် မြင်းဖြူကြီးကို ဆွဲလျက် ဆရာတော်ထံသို့ ရောက်ရှိသွားလေ၏။

" ဆရာ ..... မြင်းရလာပါပြီ "

ဆရာတော်သည် မြင်းအား တွေ့မြင်လိုက်ရသောအခါ တစ်အား တက်မိလေ၏။

" တပည့်ကြီး ..... ဒီမြင်းက ပိုပြီး ကြံ့ခိုင် သန်စွမ်းသလိုပဲ၊ သင် ..... ဘယ်ကရလာသလဲ "

စွန်းဟိန်ကျဲက ရယ်မော၍ ပြောလိုက်သည်။

" ဆရာ ..... အိပ်မက်မက်မနေနဲ့၊ ဒီမြင်းဟာ ရိုးရိုးမြင်းမဟုတ်ဘူး၊ နဂါးက မြင်းအဖြစ် ဖန်ဆင်းထားတဲ့မြင်း၊ ကွမ်ယင်မယ်တော်က နဂါးကို မြင်းအဖြစ် ပြောင်းလဲထားတာ၊ ဒါပေမယ့် မြင်းကုန်းနှီးတော့ မရှိဘူး "

ဆရာတော်သည် အံ့အားသင့်သွား၏။

" ကွမ်ယင် မယ်တော် လာတယ် မဟုတ်လား၊ ဘယ်မှာလဲ၊ ပြန်သွားပြီလား "

" ဆရာတော်က ကွမ်ယင်မယ်တော်ကို ဘာဖြစ်လို့တွေ့ချင်ရတာလဲ၊ သူ့ဘာသာသူ နေစမ်းပါစေ၊ အရေးအရာလုပ်ပြီး တွေ့မနေစမ်းပါနဲ့"

" ဒီလိုလဲ ဘယ်ဟုတ်မလဲ တပည့်ရယ်၊ သူကလည်း ထိုက်သင့်သမျှ အကူအညီ ပေးနေတာပဲ မဟုတ်လား "

ဆရာတော်သည် တောင်ပင်လယ်ဘက်ဆီသို့ လှည့်၍ လက်အုပ်ချီ လိုက်လေ၏။ သူတို့သည် အထုပ်အပိုးများကို သိမ်းဆည်းပြီး တော



စောင့်နတ်၊ တောင်စောင့်နတ်တို့ကို နှုတ်ဆက်လိုက်၏။

" ကဲ ..... ကျွန်ုပ်က သင်တို့ကို ကျေးဇူးတင်ပါတယ်၊ ကျွန်ုပ်တို့ သွားလိုက်ပါဦးမယ် "

" ကောင်းပါပြီ ဆရာတော်ဘုရား "

တောစောင့်နတ်နှင့် တောင်စောင့်နတ်တို့က လက်အုပ်ချီပြီး လျှောက်ထားကြလေ၏။

သူတို့သည် တောင်ပေါ်မှ ဆင်းသက်လာကြလေ၏။ မကြာမီ သူတို့သည် မြစ်တစ်စင်းသို့ ဆိုက်ရောက်လာကြလေသည်။

ထိုစဉ် မြစ်အထက်ပိုင်းမှ လူတစ်ယောက်သည် ဖောင်ငယ်တစ်ခုကို ထိုးဝါးဖြင့် ထောက်ပြီး စုန်ဆင်းလာသည်။ စွန်းဟိန်ကျဲက လက်ခုပ်တီး၍ လှမ်းခေါ်လေ၏။

" ဗျို့ ဆရာကြီး ..... ဒီဘက်ကမ်းကို ခဏ ကပ်ခဲ့စမ်းပါဦး "

ထိုလူသည် ဦးခေါင်းကို ပဝါတစ်ခုဖြင့်ပတ်ထားသည်။ သူသည် သူ၏ဖောင်ကို စွန်းဟိန်ကျဲနှင့်ဆရာတော်တို့ ရှိသည့်ဆိပ်ကမ်းသို့ ဆိုက်ရောက်စေခဲ့သည်။

"ဆရာကြီး...ကျုပ်တို့ ဟိုဘက်ကမ်းကို ကူးချင်ပါတယ်...၊ တစ်ဆိတ် ကျေးဇူးပြုပြီး တစ်ဖက်ကမ်းကို လိုက်ပို့ပေးပါ"

"ရပါတယ်၊ လိုက်ပို့ပေးပါမယ်၊ တက်ကြပါ..."

စွန်းဟိန်ကျဲသည် ဆရာတော်အား ဖောင်ပေါ်သို့ အရင်တက်စေ၏။ နောက်မှမြင်းကိုတင်သည်။ မြင်းသည် နဂါးမှ ဖန်ဆင်းထားသော မြင်းဖြစ်၍ အလွန်ရဲရင့်သည်။ ဖောင်ပေါ်သို့ အေးဆေးစွာ တက်သည်။ ထို့နောက်မှ စွန်းဟိန်ကျဲတက်သည်။

သစ်ဖောင်ဆရာသည် ဆရာတော်တို့အား တစ်ဖက်ကမ်းသို့ အရောက် ပို့ပေးလေ၏။

ဆရာတော်တို့သည် တစ်ဖက်ကမ်းသို့ ရောက်ရှိပြီးနောက် .....

"တပည့်ကြီး.... ငါတို့ အထုပ်တွေထဲမှာ ဝတ္ထုငွေတွေ ပါလာပါတယ်၊ သူ့ကို သယ်ယူပို့ဆောင်ခ ပေးလိုက်ပါ...."

ဖောင်ဆရာက ခါးခါးသီးသီး ငြင်းသည်။

"တပည့်တော်က မေတ္တာစေတနာနဲ့ ပို့တာပါ...၊ ငွေပေးစရာမလိုပါဘူး......၊ ဆရာတော်တို့ အေးအေးချမ်းချမ်း တစ်ဘက်ကမ်းကို ရောက်

တယ် ဆိုရင်ပဲ တပည့်တော် ဝမ်းသာလှပါပြီ။"

"သာဓုကွယ်....သာဓု....သာဓု"

ဆရာတော်က သာဓုခေါ်လေ၏။

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက–

"ဆရာတော်ကတော့ သူ့ကိုသိမှာမဟုတ်ဘူး"

"သူက ဘယ်သူလဲ"

"သူက ရေကန်စောင့်နတ်လေ...၊ သူဟာ ဖောင်သမားယောင်ဆောင်ပြီး တစ်ဖက်ကမ်းကို ပို့ပေးတာပါ...၊ သူဟာ သယ်ယူပို့ဆောင်ခ ဘယ်ယူဝံ့မလဲ၊ ယူရင် တပည့်တော်က သူ့ကို ရိုက်လွှတ်မှာပေါ့...."

ဆရာတော်သည် စွန်းဟိန်ကျဲ၏စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် လက်ခံရလေ၏။

ဆရာတော်သည် မြင်းကုန်းနှီးမရှိဘဲ မြင်းဖြူပေါ် တက်စီးရလေ၏။

"ခဏပါဆရာ....မကြာခင် ဆရာ စီးတတ်သွားမှာပါ...."

စွန်းဟိန်ကျဲက ဆရာတော်အား ပြောလိုက်သည်။ သူတို့သည် ဖြည်းညင်းစွာဖြင့် အနောက်ဘက်သို့ ခရီးဆက်ကြလေတော့၏။

ကောင်းကင်၌တိမ်တိုက်များ လွင့်မျောနေ၏။ တောင်တန်းများသည် နှင်းမြူများ ရစ်ပတ်ထားကာ ဝိုးတဝါး တွေ့မြင်နေရသည်။

လေသည် တဟူးဟူး တိုက်ခတ်နေ၏။

တောအထပ်ထပ်၊ တောင်အထပ်ထပ်၊ လျှိုမြောင်ချောက်ကမ်းပါးတို့ကို ဖြတ်ကျော်လာသည့် ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် တောအုပ်တစ်ခုသို့ ရောက်ရှိလာလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် မိုင်ပေါင်းများစွာ ခရီးသွားပြီးပြီဖြစ်၍ မြင်းကုန်းနှီးမပါဘဲ မြင်းစီးသည့်အကျင့်ကောင်းစွာ ရရှိသွားလေပြီ။ ဆရာတော်သည် မြင်းပေါ်မှ ထိုင်လိုက်လာရင်း ခြံဝင်းတစ်ခုရှိသော အဆောက်အအုံ တစ်ခုကို မြင်လာမိသည်။

ဆရာတော်က–

"တပည့်ကြီး.... ရှေ့မှာ လူနေအဆောက်အအုံ တစ်ခုတွေ့တယ်၊ အဲဒီမှာ တစ်ညအိပ်ရပ်နားပြီးမှ ရှေ့ခရီးဆက်ကြရင်ကောင်းမယ်...."

စွန်းဟိန်ကျဲက–



"လူနေအဆောက်အအုံ မဟုတ်ဘူးဆရာ...."

"ဒါဖြင့်ဘာလဲ"

"ဘုရားကျောင်းတစ်ခုခု....ဒါမှမဟုတ်ရင် ဘုန်းကြီးကျောင်းဖြစ်မယ်ဆရာ...."

ဆရာတပည့် စကားပြောကြရင်း ခြံဝင်းရှေ့သို့ ရောက်ရှိလာလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် မြင်းပေါ်မှ ဆင်းလိုက်ပြီး ခြံဝင်းတံခါးဝင်ပေါက်တွင် ရေးထားသောစာကို ဖတ်မိလေ၏။

"ကျေးရွာဘုရားကျောင်း..."

ခြံဝင်းပွင့်နေသဖြင့် သူတို့သည်ခြံဝင်းထဲသို့ဝင်လိုက်လေ၏။

ထိုအခါ ဘုရားကျောင်းထဲမှ ပုတီးလည်ပင်းတွင် ဆွဲထားသော အဘိုးအို တစ်ယောက်သည် ထွက်လာ၏။ သူသည် ဆရာတော်နှင့် စွန်းဟိန်ကျဲကို တွေ့သောအခါ လက်အုပ်ချီ၍ ကြိုဆိုလေ၏။

"အထဲကိုကြွပါဆရာတော်ဘုရား..."

ဆရာတော်သည် အထဲသို့ဝင်လိုက်၏။ အဘိုးအိုသည် နေရာထိုင်ခင်းပေးသည်။ သူငယ်တစ်ယောက်သည် ရေနွေးကြမ်းနှင့်မုန့်များကို လာချပေးသည်။

ဆရာတော်က –

" ဒါ... ဘာ ဘုရားကျောင်းလဲ ဒကာကြီး...."

အဘိုးအိုက –

"တပည့်တော်တို့ ဟာမာပိပြည်နယ် ဖြစ်ပါတယ်...၊ ဘုရားကျောင်း အနောက်ဘက်မှာ ရွာတစ်ရွာရှိပါတယ်၊ အဲဒီရွာဟာ ဘာသာတရားနဲ့ ပတ်သက်ရင် အလွန်သဒ္ဓါကြည်လင်တဲ့ စိတ်ရှိပါတယ်၊ ဒီဘုရားကျောင်း ကို အဲဒီရွာက ငွေစုပြီး တည်ဆောက်ထားတာပါ...၊ ကောက်ရိတ်ချိန်တွေ၊ ရာသီပွဲတော်ချိန်တွေမှာ ဘုရားကျောင်းကို သူတို့လာရောက် ပူဇော်ကြပါတယ်...၊ တပည့်တော်ကတော့ ဘုရားကျောင်းစောင့်ပါ....၊ ဘုရားကျောင်းရဲ့ ဝေယျာဝစ္စတွေကို လုပ်ဆောင်ရပါတယ်၊ ဘုရားကျောင်း သန့်ရှင်းရေးကအစ ဆင်းတုတော်တွေ အမွှေးတိုင်ထွန်း ဆီမီးထွန်း စတဲ့အလုပ်တွေ အဆုံးပေါ့...."

ထန်စန်းကျွမ်းသည် ကျေနပ်သွား၏။ သူသည် ဘာသာတရားကို

လေးစားသည့် ပြည်နယ်သို့ ရောက်ရှိနေသည် မဟုတ်ပါလော။

"ကောင်းတယ်၊ ဒီရွာဟာ အလွန်ညီညွတ်တဲ့ရွာပဲ....၊ စုပေါင်းပြီး ကုသိုလ်ကောင်းမှု ပြုတာဟာ အလွန်မှန်မြတ်တဲ့ အလုပ်ပါ...."

"ဟာ...ဒီရွာ ညီညွတ်တာတော့ မပြောပါနဲ့တော့၊ ဘုရားကျောင်းမှာ ဘာလိုသလဲ၊ ကျေးရွာလူကြီးတွေက ကြည့်နေကြတာ၊ ဘုရားကျောင်းရဲ့ လိုအပ်ချက် မှန်သမျှကို အားလုံး ဖြည့်ဆည်းပေးကြတာပဲ"

"သာဓု....သာဓု....သာဓု.... ဒီလိုစိတ်ဝမ်းညီညွတ်တဲ့ ရွာမျိုးတွေ့ရတော့ ဘုန်းကြီး သိပ်ပီတိဖြစ်ရပါတယ်"

"ဒါနဲ့....ဆရာတော်က ဘယ်ကိုသွားမလို့ပါလဲဘုရား..."

ထန်စန်းကျွမ်းဆရာတော်က–

"ကျုပ်က မဟာထန်နိုင်ငံသားပါ..၊ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ ကျုပ်တို့သွားနေကြတာပါ...၊ ခရီးကတော့ အတော့်ကို ရှည်တဲ့ခရီးပါ...၊ ဒီကိုရောက်တော့ ဒကာကြီးမြင်တဲ့အတိုင်း မိုးချုပ်နေပြီ၊ ကျုပ်တို့ ဒီဘုရားကျောင်းကို မတွေ့ရင် သစ်ပင်အောက်မှာ နားခိုရမှာပါ၊ ဒီဘုရားကျောင်းကိုတွေ့တော့ ကျုပ်တို့ အမိုးအောက်မှာ တစ်ညတာ နားခိုရပြီဆိုပြီး ဝင်လာကြတာပါ..."

အဘိုးအိုကလက်အုပ်ချီ ကန်တော့လိုက်၏။

"ရပါတယ်ဘုရား၊ တည်းခိုလို့ရပါတယ်၊ တပည့်တော်တို့လည်း ကုသိုလ်ရတာပေါ့၊ အရှင်ဘုရားကို ဖူးမြော်ခွင့်ရတဲ့အတွက် တပည့်တော်လည်း ဝမ်းသာရပါတယ်ဘုရား...."

သူတို့စကားလက်ဆုံကျနေစဉ် စွန်းဟိန်ကျဲသည် ခြံထဲ၌တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေ၏။

"ဘာများ အလုပ်ရှုပ်နေသလဲ မသိဘူး၊ အရှင်ဘုရားရဲ့တပည့်က အလွန်ခြေဆော့လက်ဆော့ရှိမယ့်ပုံပဲ ....."

ထန်စန်းကျွမ်းဆရာတော်သည် ရယ်မောလေတော့၏။

"သူက မျောက်ပေကိုး ဒကာကြီးရဲ့ ..... ခြေဆော့လက်ဆော့လုပ်ပေမယ့် သူတစ်ပါးရဲ့ အကျိုးစီးပွားကို ထိခိုက်အောင်တော့ မလုပ်ပါဘူး ...."

သူတို့ရယ်မောနေစဉ် စွန်းဟိန်ကျဲသည် အဝတ်လှန်းသော ကြိုးတစ်ချောင်းကို တွေ့သဖြင့် ဖြုတ်ယူလိုက်သည်။ သူသည် မြင်းအား ဇက်ကြိုးထိုးလိုက်၏။ တကယ်တော့ ဤမြင်းအား ဇက်ကြိုးထိုးရန် မလိုပါ။ နဂါးက ဖန်ဆင်းထားသော မြင်းဖြစ်၍ အလွန်လိမ္မာသည်။ ဆရာတော်ပင် မြင်းကုန်းနှီးမရှိဘဲ စီးလာသည်ကိုကြည့်ပါလော့။



အဘိုးအိုသည် စွန်းဟိန်ကျဲ အလုပ်ရှုပ်နေသည်ကိုကြည့်၍ ရယ်မောလေ၏။

"ဒီမြင်းကို သူ ခိုးလာသလား ....."

ထိုစကားကို စွန်းဟိန်ကျဲကြားသွား၏။

"အဘိုးကြီး ..... ခင်ဗျား စကားပြောတာ ကြည့်ပြောပါ ....."

"မဟုတ်ပါဘူး၊ ခင်ဗျား အလုပ်ရှုပ်နေတာ မြင်လို့ ကျုပ်ကပြောတာပါ ....."

"ကျုပ်တို့ဟာ နည်းနည်းနောနောတာဝန်ကို ထမ်းဆောင်မယ့်သူတွေ မဟုတ်ဘူးဗျ၊ ကျုပ်ဆရာက ဘုန်းတော်ကြီး၊ ကျုပ်က ဘုန်းတော်ကြီးရဲ့တပည့် ကျုပ်တို့အလုပ်ကလည်း ပိဋကတ်တော်တွေကို သွားရောက် ပင့်ဆောင်မယ့်အလုပ်၊ ကျုပ်တို့က မြင်းသူခိုး အလုပ်ကို လုပ်ပါ့မလား ....."

အဘိုးအိုက ရယ်မောလေ၏။

"မြင်းကုန်းနှီး မပါလို့ ကျုပ်က နောက်ပြောင် ပြောတာပါ၊ နောက်ပြီး ခင်ဗျားက အဝတ်လှန်းတဲ့ကြိုးကို ဇက်ကြိုးထိုးနေလို့ ကျုပ်က နောက်ပြောင်မိတာပါ ....."

ထန်စန်းကျွမ်းဆရာတော်က –

"ဒီမြင်းကို ဒကာကြီးက နယ်နယ်ရရမြင်းလို့ ထင်နေသလား..."

"ဘယ်လို မြင်းပါလဲဘုရား ....."

"ဒီလိုဗျ၊ ရေကန်ကြီးတစ်ကန် ဘေးနားမှာ ကျုပ်တို့ ခရီးသွားနေတုန်း နဂါးတစ်ကောင်ပေါ်လာပြီး ကျုပ်မြင်းကို မျိုလိုက်တယ် ....."

"ဘုရား ..... ဘုရား ..... မြင်းကို မျိုလိုက်တယ် ဟုတ်လား ..."

"နဂါးကိုး မျိုနိုင်တာပေါ့"

"တပည့်တော် ဘယ်နဂါးကိုမှ မမြင်ဖူးပါဘူး ဘုရား"

"အေး ..... ကျုပ်တပည့်ကလည်း မြင်းတစ်ကောင် အစားမရမချင်း အဲ့ဒီရေကန်မှာ သောင်းကျန်းနေတာနဲ့ ကွမ်ယင်မယ်တော်က လာဖြေရှင်း ပေးရတယ်"

"ကွမ်ယင်မယ်တော်ဟုတ်လား"

"ဟုတ်တယ်၊ ကွမ်ယင်မယ်တော်ပါ၊ သူကဖြေရှင်းပေးတယ်၊ နဂါးကိုမြင်းအဖြစ် ဖန်ဆင်းပေးလိုက်တယ်၊ ဒီနဂါးကလည်း အပြစ်ရှိနေတဲ့ နဂါးကိုး၊ ကျုပ်တို့ပိဋကတ်တော် ပင့်ဆောင်ပြီးတဲ့အခါ သူရဲ့အပြစ်တွေ အားလုံး ကင်းလွတ်ခွင့်ရပြီး သူ့ရဲ့ရေနန်းဗိမာန်မှာ ပြန်စံခွင့်ရပါလိမ့်မယ် ....."

"အို ..... အဖြစ်တွေကလည်း ထူးဆန်းလိုက်တာ"

အဘိုးအိုမှာ ရိုးရိုးသားသား ကျေးရွာသား တစ်ယောက်သာ ဖြစ်၍ ဤအဖြစ်များမှာ သူ့အတွက် အားလုံး လျှို့ဝှက်ဆန်းကြယ် ဖြစ်နေပေသည်။

အဘိုးအိုက -

"တပည့်တော်ဟာ ငယ်ငယ်က အလွန် မြင်းစီးဝါသနာ ပါခဲ့ပါတယ်၊ တပည့်တော် ငယ်ငယ်က စီးခဲ့တဲ့ မြင်းကုန်းနှီး တစ်စုံဟာ အခုထိ ရှိနေပါတယ်၊ အခု ဆရာတော် မြင်းကုန်းနှီးမရှိဘဲ စီးလာတာမြင်တော့ တပည့်တော် လှူချင်တန်းချင်တဲ့စိတ် ပေါက်နေပါတယ် ....."

"မြင်းကုန်းနှီးမပါဘဲနဲ့လည်း ကျုပ်စီးတတ်သွားပါပြီ"

"မြင်းကုန်းနှီးပါတော့ ပိုကောင်းတာပေါ့ဘုရား၊ ရွာထဲမှာ မြင်းကုန်းနှီးကို တပည့်တော် ပြန်ယူခိုင်းလိုက်ပါမယ်၊ နက်ဖြန်မနက် ဆရာတော့်ကို လှူပါမယ်ဘုရား ....."

"သာဓု ..... သာဓု ..... သာဓု ....."

ထိုညတွင် ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် ထိုဘုရားကျောင်း၌ တစ်ညတာ ခိုနားအိပ်စက်ကြလေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၄၃)

## မိုးကြိုးနတ်

ထန်စန်းကျွမ်းဆရာတော်သည် နေမထွက်မီပင် အိပ်ရာမှထလေ၏။

စွန်းဟိန်ကျဲလည်းနိုးလာသည်။ သူသည် အထုပ်အပိုးများ ပြင်ဆင်လေ၏။

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက -

"ဆရာ ..... ဟိုအဘိုးကြီး မြင်းကုန်းနှီး လှူမယ်လို့ ပြောသွားတာပဲ၊ ခုတပည့်တော်တို့ပဲ ထွက်ကြတော့မယ်၊ မြင်းကုန်းနှီးလည်း လာမလှူသေးပါလား ....."

သူတို့စကားမဆုံးမီမှာပင် ကျောင်းစောင့်အဘိုးအိုသည် ဧည့်ခန်းအတွင်းသို့ ထွက်လာ၏။ သူ့လက်ထဲတွင် မြင်းကုန်းနှီးတစ်စုံ ပါလာသည်။

"ဆရာတော် တပည့်တော် ဒီမြင်းကုန်းနှီးကို လှူဒါန်းပါတယ်ဘုရား ....."

စွန်းဟိန်ကျဲသည် မြင်းကုန်းနှီးကို ယူသွားပြီး မြင်းပေါ်တင်ကြည့်လိုက်၏။ တိတိကျကျပင် အံကိုက်နေသည်ကို တွေ့ရလေသည်။

ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီလိုက်၏။

"အခုလို မြင်းကုန်းနှီးတစ်စုံ လှူဒါန်းလိုက်တဲ့ ကုသိုလ်ဟာနည်းနည်းနောနော ကုသိုလ်မဟုတ်ပါဘူး၊ ဒကာကြီးရဲ့ နောင်ဘဝမှာ ကြီးစွာသော အထောက်အပံ့ ဖြစ်ပါလိမ့်မယ် ....."

အဘိုးအိုသည် အသင့်ပါလာသော နှင်တံကိုပင် ထုတ်ပေးလိုက်

သည်။

"ဒီနှင်တံဟာ တပည့်တော်လည်း အသုံးမရှိတော့လို့ အရှင်ဘုရားကို တစ်ပါတည်း လှူဒါန်းပါရစေ ....."

ထန်စန်းကျွမ်းဆရာတော်သည် နှင်တံကိုပါလက်ခံလိုက်လေ၏။

"သာဓုပါကွယ် ..... သာဓု ..... သာဓု ....."

လူငယ်ကလေးတစ်ယောက်သည် နံနက်စာဆွမ်းကို လာရောက်ဆက်ကပ်လေ၏။

ဆရာတော်သည် ဆွမ်းဘုဉ်းပေးလေ၏။ အဘိုးအိုသည် စွန်းဟိန်ကျဲကိုလည်း နောက်ပိုင်း၌ ကျွေးမွေးသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးပြီး၍ စွန်းဟိန်ကျဲ စားသောက်ပြီးသောအခါ ဆရာတပည့်နှစ်ယောက်သည် ဘုရားကျောင်းမှ ထွက်ခွာရန် ပြင်ဆင်တော့သည်။

သူတို့သည် ခြံဝသို့ ထွက်လာကြသည်။ အဘိုးအိုကလည်း ခြံဝအထိ လိုက်ပို့ပေးသည်။

ဆရာတော်သည် မြင်းပေါ်တက်၍ အဘိုးအိုအား နှုတ်ဆက်ရန် လှည့်လိုက်သည်။

ဆရာတော်မှာ အကြီးအကျယ် အံ့အားသင့်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့အား မြင်းကုန်းနှီးလှူ၊ ဆွမ်းကပ်ခဲ့သော အဘိုးအိုမှာ လုံးဝပျောက်ကွယ်သွားပြီ ဖြစ်သောကြောင့်တည်း။

ပို၍ အံ့သြစရာ ကောင်းသည်မှာ သူတို့ တစ်ညတာ အနားယူခဲ့သော ဘုရားကျောင်းနှင့် ခြံဝင်းတို့မှာ လုံးဝအစအန မတွေ့ရတော့ခြင်းပင်တည်း။

ထန်စန်းကျွမ်းဆရာတော်သည် ကြောင်အမ်းအမ်းဖြင့် ငေးကြည့်နေမိလေ၏။

ထိုစဉ် တိမ်တိုက်ထဲမှ အသံဗလံများကြားရတော့သည်။

"ဆရာတော်ဘုရား ..... နှုတ်ဆင်တော်မူပါ ....."

ဆရာတော်သည် သက်ပြင်းတစ်ချက် ချမိလေ၏။

မိုးပေါ်မှအသံက –

"ဆရာတော်ဘုရား ..... တပည့်တော်တို့က ဒီနယ်ကိုပိုင်ဆိုင်တဲ့ တောစောင့်နတ်နဲ့ တောင်စောင့်နတ်တို့ဖြစ်ပါတယ်၊ ကွမ်ယင်မယ်တော်ရဲ့ စေခိုင်းမှုကြောင့် ဆရာတော်ကို မြင်းကုန်းနှီးလာပို့ရခြင်း ဖြစ်ပါတယ်၊



ရှေ့ခရီးကို ကြိုးစားပြီးဆက်လက်သွားပါလို့ ကွမ်ယင်မယ်တော်က မှာကြားလိုက်ပါတယ်ဘုရား ....."

ဆရာတော်သည် လက်အုပ်ချီလိုက်၏။

"ကွမ်ယင်မယ်တော်ရဲ့ ကျေးဇူး ကြီးမားလှပါတယ်"

စွန်းဟိန်ကျဲက –

"ဆရာတော်က ဘာဖြစ်လို့ လက်အုပ်ချီနေရတာလဲ ....."

"ဩော် ..... ကွမ်ယင်မယ်တော်ရဲ့ ကျေးဇူးတွေကြီးမားလှပါကလားလို့ သူ့ကို မေတ္တာပို့ ဆုတောင်းနေတာပါ"

"လက်အုပ်ချီစရာ မလိုပါဘူး ဆရာတော်"

"လက်အုပ်ချီတာဟာ ငါ့ရဲ့ဓလေ့ပဲ ....."

"ဆရာတော် လက်အုပ်ချီလည်း ကွမ်ယင်မယ်တော် မရှိတော့ဘူး၊ ဆရာမေတ္တာပို့နေတာကိုလည်းသူမကြားတော့ဘူး၊ သူထွက်သွားပြီ "

"ဘာပဲဖြစ်ဖြစ် မေတ္တာပို့ရမှာကတော့ ငါ့ရဲ့တာဝန်ပဲ"

စွန်းဟိန်ကျဲက ရယ်မော၍ ပြောသည်။

"ဒီ တောစောင့်နတ်နဲ့ တောင်စောင့်နတ်တွေဟာ ဘာကြောင့် ခိုးကြောင်ခိုးဝှက် လုပ်ကြတာလဲမသိဘူး"

"သင် ..... ကွမ်ယင်မယ်တော်ကို ရှိမခိုးဘူးလား ....."

"ဘာကြောင့်ရှိခိုးရမှာလဲ"

"သူက ကရုဏာရှင်ပဲ"

"ဘာ ..... ကရုဏာရှင်လဲ၊ တပည့်တော် ခေါင်းက သရဖူဟာ သူ စွပ်ပေးထားတာပေါ့၊ ဒါကို ကရုဏာရှင်လို့ခေါ်မလား ....."

မြတ်စွာဘုရားသည် စိတ်ထားရိုင်းစိုင်း ခက်ထန်သူများအား ဆုံးမရန် ကွင်းသရဖူသုံးခုကို ကွမ်ယင်မယ်တော်အား ပေးအပ်ခဲ့၏။ ထိုသုံးကွင်းမှ တစ်ကွင်းသည် စွန်းဟိန်ကျဲ၏ ခေါင်းပေါ်၌ ရောက်နေခဲ့၏။ ထိုကိစ္စကို မျောက်မင်းသည် အခဲမကျေဘဲ ဖြစ်နေသည်။

"သင်တော့ ငရဲကြီးတော့မှာပဲ"

ဆရာတော်က ထိုမျှသာပြော၏။

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက –

"ကဲ ..... ဆရာ ခရီးထွက်ဖို့ သင့်ပြီ၊ တော်ကြာ အချိန်နောက်ကျနေမယ် ....."

ဆရာတော်သည် မြင်းဇက်ကြိုးကိုလျှော့၍ ခရီးဆက်လေတော့၏။

စွန်းဟိန်ကျဲက မြင်းအောက်မှ လိုက်ပါသွားသည်။ သူတို့ခရီးထွက်သည်မှာ နောက်ထပ် နှစ်လတိတိ ကြာမြင့်ခဲ့ပြီးဖြစ်သည်။ လမ်းခရီးတစ်လျှောက်လုံး အေးချမ်းသာယာနေသည်။ ဤသို့ဖြင့် နွေဦးရာသီသို့ ဆိုက်ရောက်ခဲ့လေပြီ။

တောတောင်ရေမြေတို့သည် ရှုမငြီးနိုင်လောက်အောင် လှပသာယာနေသည်။ တောပန်းတောင်ပန်းတို့သည်လည်း အပြိုင်အဆိုင်လှပနေသည်။ သစ်ပင်တို့မှာလည်း အစိမ်းတစ်ဝက် အဝါတစ်ဝက်အညိုတစ်ဝက်ဖြင့် လွန်စွာလှပနေ၏။

ထန်စန်းကျွမ်းဆရာတော်နှင့်စွန်းဟိန်ကျဲတို့သည်တောင်တစ်လုံးအား ကွေ့ပတ်ကျော်လွှားပြီးသောအခါ ဆရာတော်သည် မြင်းကိုရပ်တန့်လိုက်လေ၏။

ကောင်းကင်မှ နေလုံးကြီးသည် အနောက်ဘက်၌ ဝင်လုဆဲဆဲဖြစ်နေပြီ။ ထန်စန်းကျွမ်းဆရာတော်သည် နှင်တံဖြင့်ရှေ့သို့ ညွှန်ပြလိုက်ပြီး .....

"ဟိုရှေ့မှာ အဆောက်အအုံတွေ့တယ် ....."

"တော်ကြာ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ ဖန်ဆင်းတဲ့ကျောင်း ဖြစ်နေဦးမယ်"

ဆရာတော်က ပြုံးတော်မူ၏။

"ဖြစ်လည်း ငါတို့တစ်ညတော့ နားခိုရတာပဲ၊ ငါတို့အဖို့တော့ ဘာမှ အရှုံးမရှိပါဘူး"

"လူနေအိမ်တော့ မဟုတ်ဘူး၊ အဆောက်အအုံက ကြီးကျယ်တယ်၊ ဘုရားကျောင်းလား၊ နတ်ကွန်းလား၊ ဘုန်းကြီးကျောင်းလား ဆိုတာတော့ မသိဘူး ....."

"အင်း ..... အခြေအနေကြည့်ရတာပေါ့"

သူတို့သည် ထိုအဆောက်အအုံရှိရာသို့ ဆင်းသက်လာကြလေ၏။ စွန်းဟိန်ကျဲလည်း မြင်းဘေးမှ ပါရှိလာသည်။ မကြာမီ ထန်စန်းကျွမ်း ဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် အဆောက်အအုံရှေ့သို့ ရောက်ရှိလာကြ၏။

ထိုအဆောက်အအုံမှာ ဘုရားကျောင်း မဟုတ်ချေ။ ဘုန်းကြီးကျောင်း ဖြစ်နေ၏။ အဆောင်တစ်ခုတည်းမဟုတ်ချေ။ အဆောင်သုံးလေးဆောင်မျှရှိသည်။



ဆရာတော်သည် မြင်းပေါ်မှဆင်းလိုက်၏။ စွန်းဟိန်ကျဲက မြင်းဇက်ကြိုးကို လှမ်းဆွဲလိုက်သည်။

ထိုအချိန်၌ ကျောင်းဝင်းထဲမှ ဘုန်းတော်ကြီးတစ်ပါး ထွက်လာပြီး သူတို့၏အခြေအနေကို လာကြည့်လေ၏။ ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီလိုက်၏။ ထိုဘုန်းတော်ကြီးကလည်း ထန်စန်းကျွမ်းဆရာတော်အား တွေ့သောအခါ လက်အုပ်ချီသည်။

"ဆရာတော် ဘယ်ကကြွလာပါသလဲ"

ထန်စန်းကျွမ်းဆရာတော်က -

"မဟာထန်နိုင်ငံက ကြွလာတာပါ"

"အို ..... ခရီးကအဝေးကြီးပါလား"

"မှန်ပါတယ်၊ ညမိုးချုပ်လာပြီဆိုတော့ ကျုပ်တို့နားခိုဖို့လိုပါတယ်၊ ဒါကြောင့်မို့ တစ်ညတာ နားခိုခွင့်ပြုပါ ....."

ဘုန်းတော်ကြီးက ခေါင်းညိတ်၏။

"ရပါတယ် ....."

သူသည် ဆရာတော်နောက်နား၌ ကပ်ပါလာသော မျောက်မင်းအား တွေ့မြင်သွား၏။ သူသည် ရင်ထိတ်သွားသည်။

"ဟာ ..... ဘာ ..... ဘာကောင်ကြီးလဲ"

ထန်စန်းကျွမ်းဆရာတော်က ဘုန်းတော်ကြီးအား တားလိုက်၏။

"ရှူး ..... တိုးတိုး ..... သူဘာကောင်မှမဟုတ်ဘူး၊ မျောက်တစ်ကောင်ပါ၊ ဒါပေမယ့် ဘုန်းတော်ကြီးတို့အနေနဲ့ သာမန်မျောက်တစ်ကောင်လို့ မထင်ကြပါနဲ့၊ သူဟာ ကျုပ်ရဲ့တပည့်ကြီးပါ၊ သူဟာ သိပ်စိတ်တိုတတ်ပါတယ်၊ ဘုန်းတော်ကြီးပြောတဲ့စကားကို သူကြားရင် စိတ်ဆိုးမှာပါပဲ ....."

ဘုန်းတော်ကြီးသည် စိတ်သက်သာရာ ရသွား၏။

"အင်း ..... ဆရာတော်ရဲ့တပည့်ဆိုတော့ ကိစ္စမရှိပါဘူးလေ၊ ကဲကဲ ..... အထဲကိုကြွပါ ....."

ထန်စန်းကျွမ်း ဆရာတော်သည် စွန်းဟိန်ကျဲကို လှမ်းခေါ်ကာ အတွင်းသို့ ဝင်သွားလေတော့၏။ စွန်းဟိန်ကျဲသည် အထုပ်ကို ထမ်း၍

မြင်းကိုဆွဲကာ ခြံဝင်းထဲသို့ လိုက်ပါသွားသည်။

ဘုန်းတော်ကြီးသည် ဆရာတော်အား ကျောင်းမကြီးသို့ မခေါ်ဆောင်ချေ။ ဘေးမှအဆောင်သို့ ခေါ်ဆောင်သွား၏။ ထိုအဆောင်ကား အာဂန္တုများ နားခိုရန်အဆောင်ပေတည်း။

ဘုန်းတော်ကြီးသည် ရေနွေးကြမ်းဖြင့် ဧည့်ခံလေ၏။

ထိုအာဂန္တုဆောင်တွင်လည်း အထူးခန်းမဆောင် ရှိသည်။ ထိုခန်းမသို့အဝင်နဖူးစည်း၌ဆိုင်းဘုတ်တစ်ခု ရေးထိုးထားသည်။

"ကွမ်ယင်မယ်တော် ....."

ထန်စန်းကျွမ်း ဆရာတော်သည် ဝမ်းသာသွား၏။

"ဒီကျောင်းမှာ ကွမ်ယင်မယ်တော်ကို ကိုးကွယ်တယ်ဟုတ်လား"

ဘုန်းတော်ကြီးက ခေါင်းညိတ်၏။

"မှန်ပါ၊ ဒီအနီးအနားက ကျေးရွာတွေအားလုံး ကွမ်ယင်မယ်တော်ကို ကိုးကွယ်ကြပါတယ်"

ထန်စန်းကျွမ်းဆရာတော်က -

"ကွမ်ယင်မယ်တော်ဟာ ကျုပ်ရဲ့ကျေးဇူးရှင်ပါ၊ ကွမ်ယင်မယ်တော်ကို ကျုပ်ဖူးပါရစေ ....."

ဘုန်းတော်ကြီးက ခေါင်းညိတ်၏။

"တင်ပါ၊ ဖူးမြော်နိုင်ပါတယ်၊ ဒီအဆောင်က အာဂန္တုများရဲ့ အထူးဆောင်ပါ၊ အထဲမှာ ကွမ်ယင်မယ်တော်ရုပ်တုရှိပါတယ် ....."

ဆရာတော်သည် အထူးဆောင်ထဲသို့ ဝင်သွားလေ၏။ စွန်းဟိန်ကျဲလည်း နောက်မှလိုက်ပါသွားသည်။

ရွှေချထားသော ကွမ်ယင်မယ်တော်ရုပ်တုကို တွေ့သောအခါ ဆရာတော်သည် လက်အုပ်ချီလေ၏။

ကွမ်ယင်မယ်တော် ရုပ်တု၏ လက်ဝဲဘက်၌ ဗုံတစ်လုံးရှိ၍ လက်ယာဘက်၌ကြေးခေါင်းလောင်း တစ်လုံးရှိသည်။ ကြီးမားသော ဗုံနှင့် ခေါင်းလောင်းကြီးတို့ဖြစ်သည်။

ထန်စန်းကျွမ်းဆရာတော်သည် လက်အုပ်ချီ၍ ဘုရားစာများကို ရွတ်ဖတ်သောအခါ ဘုန်းတော်ကြီးက ဗုံအားတီးလိုက်၏။

"ဒိုင်း ..... ဒိုင်း ..... ဒိုင်း ....."

စွန်းဟိန်ကျဲကလည်း ခေါင်းလောင်းကိုထိုးလိုက်သည်။



"ဒေါင် ..... ဒေါင် ..... ဒေါင် ....."

ကြည်နူးဖွယ်ရာ တရားစာရွတ်ဆိုနေသော ထန်စန်းကျွမ်းဆရာတော်၏အသံနှင့် ဗုံ၊ ခေါင်းလောင်းတို့၏အသံသည် လေထဲတွင်လွင့်ပျံနေတော့သည်။

ဆရာတော်၏တရားစာ ရွတ်ဖတ်သံဆုံးသွားသောအခါ ဘုန်းတော်ကြီး၏ ဗုံတီးသံမှာလည်း ရပ်ဆိုင်းသွား၏။

သို့သော် စွန်းဟိန်ကျဲ ထိုးနေသည့် ခေါင်းလောင်းသံမှာမူ ရပ်ဆိုင်း မသွားချေ။ သူသည် မရပ်မနား ဆက်လက်ထိုးနေလေ၏။

"ဒေါင် ..... ဒေါင် ..... ဒေါင် ....."

"ဒေါင် ..... ဒေါင် ..... ဒေါင် ....."

ခေါင်းလောင်းထိုးသံသည် အဆက်မပြတ် ထွက်ပေါ်နေသည်။ ဘုန်းကြီးကျောင်း နှစ်ကျောင်းထဲ၌ သီတင်းသုံးနေကြသော ဘုန်းတော်ကြီးများသည် ခေါင်းလောင်းသံ အဆက်မပြတ် ထွက်ပေါ်နေသည်ကို ကြားကြသဖြင့် ပြူးတူးပြဲတဲဖြင့် ကိုယ့်အဆောင်များမှ ကိုယ်ထွက်၍ ကြည့်ကြလေ၏။

အသံသည် အာဂန္တုဆောင်မှ ထွက်နေကြောင်း သိသောအခါ အာဂန္တုဆောင်သို့ အားလုံးပင် လာကြည့်ကြ၏။ သူတို့သည် ခေါင်းလောင်းထိုးနေသော စွန်းဟိန်ကျဲကို တွေ့သောအခါ အထိတ်ထိတ် အလန့်လန့်ဖြင့် တစ်ဟုန်ထိုး ဆုတ်ခွာသွားကြလေ၏။ ဘုန်းတော်ကြီးအချို့သည် အလန့်တကြား ဆုတ်ကြသဖြင့် ပက်လက်လန် လဲကျသွားလေ၏။

ဘုန်းတော်ကြီးများသည် ဝရုန်းသုံးကားဖြစ်သွားကြသည်။

"ဘာကောင်ကြီးလဲ"

"မိုးကြိုးနတ်ကြီးလား ....."

"အထူးဆောင်ထဲ ဘာကောင်ကြီးရောက်နေတာလဲ"

စွန်းဟိန်ကျဲက ထိုအသံများကို ကြားသဖြင့် လှည့်၍ အော်ငေါက်လိုက်လေ၏။

"ဘာ ..... မိုးကြိုးနတ်လဲ၊ မိုးကြိုးနတ်က ဘယ်လောက်များ တန်ခိုးရှိလို့လဲ၊ မိုးကြိုးနတ်က ငါ့မြေးလောက်ပဲရှိတယ် ....."

ထန်စန်းကျွမ်း ဆရာတော်သည် အလဲလဲ အကွဲကွဲ ဖြစ်နေသော

ဘုန်းတော်ကြီးများကို ထိန်းသိမ်းရသည်။

"ကျုပ်ဟာ ဒီကျောင်းမှာ တည်းခိုလာတဲ့ အာဂန္တု ဘုန်းကြီးပါ၊ အခု ဘုန်းတော်ကြီးတို့တွေ့တဲ့ မြောက်ဟာ ကျုပ်ရဲ့ တပည့်ကြီးပါ၊ ဘာကောင်မှလည်း မဟုတ်ပါဘူး၊ ဘယ်မိုးကြိုးနတ်မှလည်း မဟုတ်ပါဘူး၊ အားလုံးစိတ်အေးအေး ထားကြပါ၊ အားလုံးချမ်းမြေ့စွာ သီတင်းသုံးကြပါ၊ ကျုပ်တို့အာဂန္တုတွေပါ ....."

ထိုအခါမှ ဘုန်းတော်ကြီးများ အေးချမ်း ငြိမ်သက်သွားလေတော့သည်။

ထန်စန်းကျွမ်းဆရာတော်ကို လက်ခံသည့် ဘုန်းတော်ကြီးကလည်း သူ့ကျောင်းမှဘုန်းကြီးများကို အကျိုးအကြောင်းရှင်းပြလေ၏။ ထိုအခါ ဘုန်းတော်ကြီးများသည် ကိုယ်သီတင်းသုံးရာ အဆောင်သို့ ကိုယ်ပြန်ကြလေတော့၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၄၄)

### သက်နိုးငှားရမ်းရခြင်း

ထန်စန်းကျွမ်း ဆရာတော်သည် အာဂန္တုဆောင် ဧည့်ခန်းထဲ၌ ရေနွေးကြမ်း ထိုင်သောက်နေစဉ် အသက်အရွယ်ကြီးရင့်သော ဘုန်းတော်ကြီးနှစ်ပါးနှင့် ကိုရင်ကလေးနှစ်ပါးတို့ ရောက်ရှိလာလေ၏။

ထန်စန်းကျွမ်းဆရာတော်အား ကြိုဆိုသော ဘုန်းတော်ကြီးက မိတ်ဆက်ပေးသည်။

"ဆရာတော်က ဒီကျောင်းတိုက်မှာ ကျောင်းထိုင်တဲ့ဆရာတော်ဖြစ်ပါတယ် ....."

ထန်စန်းကျွမ်းဆရာတော်၏ အကြောင်းကိုလည်း ဘုန်းတော်ကြီးက ကျောင်းထိုင်ဆရာတော်အား ရှင်းပြလိုက်သည်။

ကျောင်းထိုင်ဆရာတော်က -

"ဆရာတော်တို့ ချန်းအန်းမြို့က ထွက်လာတယ်ဆိုတော့ အချိန်တော်တော်ကြာနေပြီမှတ်တယ်၊ ဘယ်လောက်ကြာနေပြီလဲဆရာတော် ..."

"နှစ်လကျော် ..... သုံးလနီးပါးလောက်ရှိနေပါပြီ"

ကျောင်းထိုင်ဆရာတော်က -

"လီပေါင်း ဘယ်လောက်ဝေးပြီ ထင်ပါသလဲ ဆရာတော်"

"လီ ငါးထောင်လောက်ရှိလိမ့်မယ်လို့ ထင်ပါတယ်"

"ဒါဖြင့် ပိဋကတ်တော်တွေဆီရောက်ဖို့ လီပေါင်း တစ်သောင်းလောက်လိုသေးတာပေါ့....."

"မှန်ပါ၊ ဘုရား"

ကျောင်းထိုင်ဆရာတော်က -

"ကောင်းပါတယ်လေ၊ ဆရာတော့်ဘဝမှာ လျှောက်သွား နေရ

တော့ ဒေသန္တရဗဟုသုတရတာပေါ့၊ ကျုပ်ကတော့ ဒီကျောင်းမှာ တစ်သက်လုံး သေတဲ့အထိ နေရတော့မှာပဲ"

ထန်စန်းကျွမ်း ဆရာတော်က မေးမြန်းလိုက်သည်။

"ကျောင်းထိုင်ဆရာတော်ရဲ့ သက်တော်က ဘယ်လောက်ရှိပါပြီလဲ ....."

ကျောင်းထိုင်ဆရာတော်က –

"နှစ်ရာ့ခုနစ်ဆယ်ရှိပြီ"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဒီလိုဆိုတော့ ဘုန်းကြီးဟာ ကျုပ်ရဲ့မြေး၊ မြစ်အရွယ်ရှိပါသေးကလား ....."

ထန် စန်းကျွမ်း ဆရာတော်သည် ကျောင်းထိုင်ဆရာတော်ကို အလွန်အားနာသွားသည်။

"ဆရာတော်ကို ဒီလို မပြောပါနဲ့၊ အင်မတန် အားနာစရာကောင်းပါတယ် ....."

ကျောင်းထိုင်ဆရာတော်သည် စွန်းဟိန်ကျဲကို စိတ်မဆိုးချေ။

"ဒကာကြီးဟာ အသက်ဘယ်လောက်များ ရှိနေလို့လဲ ...."

"တပည့်တော်မပြောဝံ့ပါဘူး ...."

ကျောင်းထိုင်ဆရာတော်သည် စွန်းဟိန်ကျဲကို ဆက်မမေးတော့ချေ။ ကျောင်းထိုင်ဆရာတော်က ကိုရင်လေးတစ်ပါးအား ခိုင်းလိုက်၏။

"ဟဲ့ ..... ကျောင်းပေါ်က ငါ့ရေနွေးကြမ်းအိုး သွားယူစမ်း ...."

ကိုရင်လေး တစ်ပါးသည် အလျင်အမြန် ပြေးသွားလေ၏။ မကြာမီ ပြန်ရောက်လာသည်။ ရေနွေးကြမ်းအိုးလေးလည်း ပါလာသည်။ သူ့ရေနွေးကြမ်းအိုးမှာ ရွှေဖြင့်ကွပ်ထားသော ရေနွေးကြမ်းအိုးပေတည်း။ သူသည် ပန်းကန်လုံးများထဲသို့ ရေနွေးကြမ်းများထည့်ပြီး ညှဲ့ခံလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် ရေနွေးကြမ်းအိုးနှင့် အကြမ်းပန်းကန်လုံးများကို ကြည့်၍သဘောကျသွားလေ၏။

"တယ်လှတဲ့ ပစ္စည်းတွေပါလား ...."

ကျောင်းထိုင်ဆရာတော်က –

"သိပ်ပြီးတန် ဖိုး မရှိလှပါဘူး၊ ဆရာတော်ကတော့ မဟာထန်နိုင်ငံကလာတာဆိုတော့ ဒီထက် တန်ဖိုးကြီးတဲ့ပစ္စည်းတွေ ပါလာမှာပေါ့



နော် ...."

ထန်စန်းကျွမ်းဆရာတော်က –

"ကျုပ်ဆီမှာ တန်ဖိုးရှိတဲ့ပစ္စည်း ဘာပစ္စည်းမှ ပါမလာပါဘူး၊ ကျုပ်တို့က ပိဋကတ်တော်တွေ သွားပင့်ဖို့လာကြတာပဲ၊ နောက်ပြီး သွားရမယ့်ခရီးက ဝေးလွန်းတယ်မဟုတ်လား၊ ဘာပစ္စည်းမှ မယူနိုင်ပါဘူးဘုရား"

ထိုစဉ် စွန်းဟိန်ကျဲက ဝင်ပြော၏။

"ဆရာ .... ဆရာ့အထုပ်ထဲမှာ အလွန်တန်ဖိုးရှိတဲ့ သင်္ကန်းတစ်ထည်ပါတယ်မဟုတ်လား၊ အဲဒါဒီဘုန်းကြီးတွေကိုပြလိုက်စမ်းပါ...."

ကျောင်းထိုင် ဆရာတော်၏ နောက်၌ ထိုင်နေသော ဘုန်းကြီးသုံးပါးရှိသည်။ သူတို့သည် စွန်းဟိန်ကျဲ၏ စကားကို ကြားသောအခါ ရယ်မောမိကြလေတော့၏။

စွန်းဟိန်ကျဲက –

"ဘုန်းကြီးတွေ .... ဘာကိုရယ်တာလဲ"

ကျောင်းထိုင်ဆရာတော်က –

"ခုနကတုန်းက ဒကာကြီးက တန်ဖိုးရှိတဲ့ သင်္ကန်းလို့ပြောလိုက်တာကို အားလုံးက ရယ်ကြတာပါ ...."

သူကဆက်၍ စကားပြောလေ၏။

"သင်္ကန်းဆိုလို့ ကျုပ်တို့ဆီမှာလည်း သင်္ကန်းတွေအများကြီးရှိတာပါပဲ၊ ကျုပ်တစ်ယောက်ထဲတောင် သင်္ကန်းအစုံ နှစ်ရာ သုံးရာရှိပါတယ် ...."

စွန်းဟိန်ကျဲသည် ကျောင်းထိုင်ဆရာတော်၏ စကားကို မခံချင်ဖြစ်နေမိသည်။

"ဆရာတော်တို့ရဲ့ သင်္ကန်းက ဘယ်လိုသင်္ကန်းမျိုးလဲ ...."

ကျောင်းထိုင်ဆရာတော်သည် သူ့နောက်နား၌ ထိုင်နေသော ဘုန်းကြီးသုံးပါးဘက်သို့ လှည့်၍ပြောလိုက်၏။

"ကဲ .... ဒီဒကာက ကြည့်ချင်နေတာ၊ ကျုပ်ရဲ့သင်္ကန်းတွေကို ထုတ်ပြလိုက်ပေတော့"

ဘုန်းကြီးသုံးပါးသည် ကျောင်းထိုင်ဆရာတော်ကို ဦးခိုက်ထွက်သွားကြ၏။

ကိုရင်နှစ်ပါးသည် အာဂန္တုကျောင်းဆောင်၌ အရှေ့အနောက် ကြိုးများကို သွယ်တန်းကြသည်။ သင်္ကန်းဟင်ရန်ဖြစ်ကြောင်း ထန်စန်းကျွမ်းဆရာတော်ရိပ်မိသည်။

ခဏကြာသောအခါ ဘုန်းတော်ကြီးများသည် ဆရာတော်၏ သင်္ကန်းများကို သယ်ယူလာကြ၏။ ဘုန်းကြီးအပါးသုံးလေးဆယ်က သင်္ကန်းများကို သယ်လာခြင်းဖြစ်သည်။ သင်္ကန်းများကို ကြိုးတန်းများပေါ်၌ တင်လိုက်ကြသည်။ ထိုသင်္ကန်းများထဲတွင် ပိုးထည်ဖြင့်ချုပ်လုပ်ထားသော သင်္ကန်းများလည်းပါရှိသည်။ ရွှေချည်ငွေချည်ဖြင့် ကွပ်ထားသော သင်္ကန်းများလည်းပါရှိသည်။ စုစုပေါင်း သင်္ကန်းအစုံ သုံးရာမျှရှိလေ၏။

ကျောင်းထိုင် ဆရာတော်က ထန်စန်းကျွမ်း ဆရာတော်အား သင်္ကန်းများကြည့်ရန် ဖိတ်ကြားလေ၏။ ထန်စန်းကျွမ်း ဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် သင်္ကန်းများ စိတ်မပါလက်မပါ လိုက်လံကြည့်ရှုရလေ၏။ အိမ်ခံဆရာတော်က ဖိတ်ကြားပါလျက် လိုက်ပါမကြည့်လျှင် ရိုင်းရာကျမည်မဟုတ်ပါလား။

ထန်စန်းကျွမ်းဆရာတော်က –

"အရှင်ဘုရားရဲ့ သင်္ကန်းတွေက တန်ဖိုးရှိတဲ့ သင်္ကန်းတွေပါပဲ"

စွန်းဟိန်ကျဲသည် ကျောင်းထိုင်ဆရာတော်ပြသသည့် သင်္ကန်းများကို ကြည့်၍စိတ်ထဲတွင် သူ့ဆရာတော်၏သင်္ကန်းကိုအလွန်ထုတ်ပြချင်နေ၏။

"ဆရာ .... ဆရာ့ရဲ့သင်္ကန်းကို ထုတ်ပြလိုက်ပါဦး ...."

ထန်စန်းကျွမ်းဆရာတော်က နှစ်ကိုယ်ကြားရုံလေသံဖြင့် ပြောသည်။

"ငါတို့ဘုန်းကြီးတွေဟာ ဂုဏ်တုဂုဏ်ပြိုင် အလုပ်ကို ရှောင်ကြဉ်ကြရတယ်၊ နေပါစေ၊ ငါ့သင်္ကန်းကို ထုတ်ပြလို့လဲ ဘာမှ အကျိုးမရှိပါဘူး ...."

စွန်းဟိန်ကျဲကလည်း တီးတိုးပြောသည်။

"ကိစ္စမရှိပါဘူး ဆရာ၊ သင်္ကန်းပြတာပဲ၊ ဘာဖြစ်သလဲ၊ ဒါက ပြိုင်တာမှမဟုတ်တာ ...."

ထန်စန်းကျွမ်းဆရာတော်က လက်မခံပေ။

"မပြတာဘဲကောင်းပါတယ်၊ သူတို့က ကြည့်ပြီး လောဘတက်လာရင် ဘယ့်နှယ်လုပ်မလဲ၊ ရဟန်းတော်ပေမယ့် ပုထုဇဉ်တွေပဲကွယ် ...."



စွန်းဟိန်ကျဲက –

"ပြလိုက်စမ်းပါဆရာ၊ တပည့်တော်တာဝန်ယူပါတယ် ...."

သူသည် ပြိုင်ဆိုင်လိုသည့်စိတ် ကြီးမားလှရကား အထုပ်ကို ဖြေလိုက်ပြီး သင်္ကန်းကိုထုတ်ယူလိုက်၏။ သင်္ကန်းကိုဖြန့်လိုက်သောအခါ တစ်ခန်းလုံး ရွှေရောင်ဝင်းလက်သွားတော့သည်။ ရောင်စဉ်တန်းများသည် ဖြာထွက်နေ၏။

"ဟာ ...."

ကျောင်းထိုင်ဆရာတော်နှင့် ဘုန်းတော်ကြီးများအားလုံး ဟာခနဲ အာမေဋိတ်သံထွက်ကာ ငေးမော ကြည့်နေမိကြလေ၏။ သူတို့အားလုံးသည် သင်္ကန်းကိုသာ မှင်တက်မိကာ ငေးမောနေမိကြသည်။

ဘုန်းတော်ကြီးများသည် သင်္ကန်းကို ချီးကျူးမဆုံးနိုင်ဖြစ်နေကြသည်။

ကျောင်းထိုင် ဆရာတော်သည် သက်ကြီးရွယ်အို ဖြစ်သော်လည်း သင်္ကန်းကိုမြင်တွေ့လိုက်ရသောအခါ လိုချင်တပ် မက်သော စိတ်ဖြစ်ပေါ်လာ၏။

"ကျက်သရေ ရှိလိုက်တဲ့ သင်္ကန်းတော်ပါလား"

သူသည်ပြောရင်း မျက်ရည်များ ဝဲလာလေ၏။

ထန်စန်းကျွမ်းဆရာတော်က –

"ကျောင်းထိုင်ဆရာတော် .... ဘာများဖြစ်သွားတာလဲဟင် ...."

ကျောင်းထိုင် ဆရာတော်သည် ကျလာသော မျက်ရည်များကို သုတ်လိုက်၏။

"ကျုပ်ဟာ ကံဆိုးတဲ့ဘုန်းကြီးပါ၊ အဲဒါကိုတွေးပြီး ဝမ်းနည်းမိတာပါ ...."

"ဘာဖြစ်လို့ ဝမ်းနည်းရတာလဲဆရာတော်"

"ဒီလို သင်္ကန်းမျိုးကို ကျုပ် မပိုင်ဆိုင်နိုင်တောင်မှ ဝအောင်ကြည့်ခွင့်မရလို့ စိတ်ထိခိုက်မိတာပါ ...."

ထန်စန်းကျွမ်းဆရာတော်က –

"ဒါအတွက်တော့ ဝမ်းနည်းမနေပါနဲ့ ဆရာတော်၊ ဆရာတော်ကြည့်ချင်သလောက်ကြည့်ဖို့ ကျုပ်အခွင့်ပြုပါတယ် ...."

ကျောင်းထိုင်ဆရာတော်က -

"အခုနေဝင်သွားပါပြီ၊ ကျုပ်ဝအောင်ကြည့်ဖို့ မျက်လုံးမကောင်းပါဘူး ...."

"ဒါဖြင့် မီးထွန်းကြည့်ပါဆရာတော် ...."

"ဒီသက်န်းဟာ နဂိုကတည်းက အရောင်ထွက်နေတာပါ၊ မီးထွန်းကြည့်ရင်လဲ မျက်စိကျိန်းပြီး မကြည့်နိုင်မှာသေချာပါတယ်"

ထန်စန်းကျွမ်းဆရာတော်က -

"ဒါဖြင့် ဆရာတော်ဘယ်လိုကြည့်ချင်ပါသလဲ"

ကျောင်းထိုင်ဆရာတော်က သူ့လိုအင်ဆန္ဒကိုပြောသည်။

"ဒီသက်န်းကို ကျုပ်လက်ထဲခဏပေးလိုက်ပါ၊ ကျုပ်တစ်ညလုံးကြည့်ပြီးမနက်ဖြန် စောစောပြန်ပေးပါမယ် ...."

ထန်စန်းကျွမ်းဆရာတော်သည် ထိုစကားကို ကြားလိုက်ရသောအခါ ကြက်သေသေသွား၏။ မည်သို့ပြန်ပြောရမှန်း မသိတော့ပေ၊ သူသည် စွန်းဟိန်ကျဲကို စိတ်ထဲမှအပြစ်တင်မိသည်။

"သူ့ကြောင့် .... ဒီလိုအဖြစ်မျိုး ဖြစ်လာတာ"

စွန်းဟိန်ကျဲသည် ထန်စန်းကျွမ်းဆရာတော် မည်ကဲ့သို့ ခံစားနေရမည်ကို ရိပ်မိသိရှိလေ၏။

စွန်းဟိန်ကျဲက -

"မစိုးရိမ်ပါနဲ့ဆရာ ဒီသက်န်းကို သူ့ကိုပေးသာပေးလိုက်ပါ၊ တစ်ခုခုဖြစ်ရင် တပည့်တော် တာဝန်ယူပါတယ်၊ ဘာမှပြဿနာ မဖြစ်စေရပါဘူး ....."

ထန်စန်းကျွမ်း ဆရာတော်မှာ ဘာမျှ မတတ်နိုင်တော့ပါ၊ သက်န်းကိုထုတ်စေလျက် ကျောင်းထိုင် ဆရာတော်လက်သို့ ပေးအပ်လိုက်ရတော့သည်။

"ကဲ ..... ယူသွားပါတော့ဆရာတော်၊ မနက်ကျရင်တော့ ဆက်ဆက်ပြန်ပေးပါ၊ မစွန်းမပေပါစေနဲ့ ....."

ကျောင်းထိုင် ဆရာတော်သည် လွန်စွာ ဝမ်းသာသွားလေ၏။ သက်န်းကို ဤသို့ရရှိလိမ့်မည်ဟု သူမမျှော်မှန်းခဲ့ပေ။ သူသည် သက်န်းအား ရှိသေစွာ လှမ်းယူလိုက်၏။

"ဆရာတော်ရဲ့ စေတနာကတော့ တကယ်ပဲ ကြီးမားပါပေတယ်၊



ဘယ်လိုလူမျိုးမှ ဆရာတော့်လို ဒီသက်န်းကို ခဏပေးနိုင်မှာမဟုတ်ပါဘူး၊ မနက်ဖြန်စောစောမှာ တပည့်တော်ပြန်လာပေးပါမယ်"

ထန်စန်းကျွမ်းဆရာတော်မှာ မတတ်သာတော့သဖြင့် ခေါင်းသာညိတ်လိုက်ရသည်။ စိတ်ထဲကတော့ မကောင်းလှပေ၊ သူသည် သက်န်းအား ထုတ်မပြချင်ပေ။ စွန်းဟိန်ကျဲက ထုတ်ပြလိုက်သည်။ ကျောင်းထိုင်ဆရာတော်က ခေတ္တတောင်းသောအခါ မပေးချင်ပေ။ သို့သော် စွန်းဟိန်ကျဲက ပေးလိုက်ပါဟုပြောလာသဖြင့် ပေးလိုက်ရသည်။ ဆရာတော်သည် ထိုသက်န်းကို မြတ်နိုးသည်။ မြတ်နိုးသဖြင့် ဝတ်ပင် မဝတ်ရုံရက်ဘဲသိမ်းထားခြင်းဖြစ်သည်။ ယခုသော် သူတစ်ပါး လက်ထဲသို့ ပေးအပ်လိုက်ရလေပြီ။

ကြိုဆိုခဲ့သော ဘုန်းတော်ကြီးက ထန်စန်းကျွမ်းဆရာတော် အိပ်စက်ရန် နေရာထိုင်ခင်းပေးပြီး ထွက်ခွာသွားလေတော့၏။ ဘုန်းတော်ကြီးထွက်ခွာသွားပြီးနောက် ဆရာ တပည့်နှစ်ယောက်တို့သည် အခန်းတံခါးပိတ်၍ အနားယူနေကြလေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၄၅)

## မီးပိုက်ကွန်

ကျောင်းထိုင်ဆရာတော်သည် သူ၏ သီးသန့်ခန်းထဲရောက်သောအခါ သက်န်းကို စားပွဲပေါ် တင်ထားလိုက်လေ၏။ ထို့နောက် သူသည် ငိုကြွေးပြန်လေတော့၏။

သူ၏ တပည့် ဘုန်းတော်ကြီးသုံးပါးသည် ဆရာတော်ကြီး ငိုကြွေးနေသည်ကို မြင်ရသဖြင့် အံ့သြသွားကြပြန်လေ၏။

"ကျောင်းထိုင်ဆရာတော် ..... အဘယ်ကြောင့်ဝမ်းနည်း ငိုကြွေးနေပါသလဲ ဆရာတော် ......"

ကျောင်းထိုင်ဆရာတော်က -

"ဒီသင်္ကန်းကို ကျုပ်မဝတ်ရလို့ ဝမ်းနည်းနေမိတာပါ ......"

သူ့တပည့်များထဲမှ ဘုန်းတော်ကြီးတစ်ပါးက အကြံပြုလိုက်၏။

"ကျောင်းထိုင်ဆရာတော် ဒီသင်္ကန်းကိုဝတ်ချင်သပဆိုရင် လွယ်ပါတယ် ....."

"ဘယ်လိုလွယ်တာလဲ"

ဘုန်းတော်ကြီးက -

"အာဂန္တုဆရာတော်ကို တစ်ရက်နှစ်ရက်လောက် ထားလိုက်ရင် ကျောင်းထိုင်ဆရာတော်အနေနဲ့ တစ်ရက်နှစ်ရက်လောက်တော့ ဒီသင်္ကန်းကို ဝတ်လို့ရတာပေါ့ ......"

ကျောင်းထိုင်ဆရာတော်က -

"ကျုပ်ကတစ်ရက်နှစ်ရက်လောက်ကို ဝတ်လို့အားမရနိုင်ပါဘူး"

အကြံပေးသောဘုန်းတော်ကြီးက -



"ဒါဖြင့် သူတို့ကိုတစ်လလောက်အထိ ဆွဲထားလိုက်ပေါ့၊ သူတို့ပုံကြည့်ရတာ အတော်ပင်ပန်းနွမ်းနယ်နေတာပဲ၊ ရနိုင်လောက်ပါတယ်"

"တစ်လမပြောနဲ့ ခြောက်လအထိတောင် ကျုပ်ကမကျေနပ်ချင်ဘူး ....."

"တပည့်တော်သဘောပေါက်ပါပြီ၊ အရှင်ဘုရားက ဒီသင်္ကန်းကို အပိုင်ယူထားချင်တာပေါ့ ....."

ကျောင်းထိုင်ဆရာတော်က ခေါင်းညိတ်၏။

"ဒီသင်္ကန်းကို ကျုပ်အပိုင်ရရင် သေပျော်ပါပြီ ....."

ထိုအခါ ကျောင်းထိုင်ဆရာတော်၏ တပည့်များသည်ခေါင်းချင်းရိုက် တိုင်ပင်ကြလေတော့၏။ အတန်ကြာသောအခါ ကွမ်းတီဘွဲ့အမည်ရှိသော ဘုန်းတော်ကြီးတစ်ပါးက အကြံပြုလေ၏။

"ဆရာတော် ..... ဒီသင်္ကန်းကို မရမကလိုချင်တယ် ဆိုရင်တော့ နည်းလမ်းတစ်ခုပဲ ရှိတော့တယ် ...."

ကျောင်းထိုင်ဆရာတော်၏ မျက်လုံးများ အရောင်တောက်သွား၏။

"သင့်အကြံကို ပြောစမ်း ....."

"သူတို့ဟာ ခရီးပန်းလာကြတယ်၊ ဒါကြောင့် မောမောပန်းပန်းနဲ့ အိပ်မောကျနေကြပြီ၊ ကျုပ်တို့က သူတို့ကိုဓားနဲ့ ခုတ်သတ်လိုက်ရင် ဒီသင်္ကန်းဟာ ဆရာတော်အပိုင်ရမှာ သေချာသွားပါပြီ ....."

ကျောင်းထိုင်ဆရာတော်သည် ခေါင်းယမ်းလေ၏။

"ဖြစ်ပါ့မလား၊ သူတို့သိသွားရင် ပြဿနာတွေ တက်ကုန်မယ်.."

ကွမ်းတီက -

"ဒါကမခက်ပါဘူး၊ နှစ်ယောက်စလုံးကို ခုတ်သတ်ပြီး မြေမြှုပ်လိုက်မယ်၊ သူတို့မြင်းကို အပိုင်စီးလိုက်မယ်၊ သူတို့ပါလာတဲ့ပစ္စည်းတွေကိုလဲ ဝေမျှ ယူလိုက်ရင်ပြီးတာပဲ၊ သူတို့ဟာ ချန်းအန်းမြို့ကတောင်လာတာဆိုတော့ မိုင်ပေါင်း ထောင်သောင်းချီပြီး ဝေးနေပြီ၊ ဘယ်သူကမှဘာမှ မသိနိုင်တော့ဘူး၊ ကျေးရွာက လူတွေကလည်း မသိကြဘူး၊ အခု ဒီကျောင်းမှာ ကျေးရွာကလူတစ်ယောက်မှ ရောက်မလာသေးဘူး"

ကျောင်းထိုင် ဆရာတော်က ခေါင်းညိတ်လိုက်၏။

"အင်း ဒီအကြံမဆိုးလှဘူး ...."

ကွမ်းတိက -

"ဒါဖြင့် တပည့်တော်တုတ်၊ ဓားနဲ့လူသူ သွားစုဆောင်းလိုက်မယ်"

ထိုအခါ ကွမ်းမူ အဲ့ရရှိထားသော ဘုန်းတော်ကြီး တစ်ပါးက ကန့်ကွက်ပြောဆိုလေတော့၏။

"ဒီအကြံမကောင်းပါဘူး"

ကွမ်းတိက -

"ကိုယ်တော်မှာ တခြား အကြံ ရှိလို့လား"

ကွမ်းမူက -

"ဟို ဘုန်းကြီးကတော့ အရေးမဟုတ်ပါဘူး၊ ဒါပေမယ့် ဟိုမျောက်ကတော့ ကြောက်စရာ ကောင်းတယ်၊ သူ့ပုံစံကြီးကို ကြည့်ပါလား၊ ကျုပ်တို့ကို ပြန်သတ်နိုင်တယ်၊ အဲဒီလိုဆိုရင် ဘယ့်နှယ်လုပ်မလဲ"

ကွမ်းတိတွေဝေသွားလေ၏။

"ဟုတ်တယ်၊ ဒီမျောက်ကြီးကိုကြည့်ရတာ တကယ်တွန်းလှန်ခုခံမယ့်ရုပ်ကြီးပဲ ....."

ကျောင်းထိုင်ဆရာတော်က ဝင်ပြောလေ၏။

"ဟင်း ... ဒီလိုဆိုရင် ဒီသင်္ကန်းကို အပိုင်မရနိုင်တော့ဘူးပေါ့"

ကွမ်းမူက -

"စိတ်မပျက်ပါနဲ့ဆရာတော် တပည့်တော်မှာ အကြံတစ်ခုရှိပါသေးတယ် ....."

ကျောင်းထိုင်ဆရာတော်က -

"သင့်မှာ ဘာအကြံရှိတယ် ဆိုတာကိုပြောပါ၊ အကြံကောင်းရင် ဝိုင်းဝန်းလုပ်ကြရတာပေါ့"

ကွမ်းမူက -

"သူတို့နှစ်ယောက်ခရီးပန်းလာတယ်ဆိုတာတော့သေချာပါတယ်၊ သူတို့အိပ်ပျော်နေတုန်း ထင်းတွေ၊ လောင်စာတွေယူပြီး အာဂန္တုဆောင်လေးဘက်လေးတန်မှာ ဝိုင်းချမယ်၊ ပြီးရင် အာဂန္တုဆောင်ကို မီးရှို့လိုက်မယ်၊ တပည့်တော်တို့ အာဂန္တုဆောင်တော့ ဆုံးရှုံးမှာပေါ့၊ ဒါပေမယ့် သူတို့လဲ မီးလောင်ပြီး သေဆုံးသွားမှာပဲ၊ ကျေးရွာကလူတွေ



သိသွားရင်လည်း မီးလောင်ကျွမ်းနေလို့ တပည့်တော်တို့ကို ဘယ်လိုမှ သံသယ မဖြစ်တော့ဘူး၊ ဒီသင်္ကန်းကို တပည့်တော်တို့ စိတ်ချလက်ချ အပိုင်ရနိုင်ပါပြီ"

ကျောင်းထိုင်ဆရာတော်သည် ကွမ်းမူ၏အကြံကို ကြားလိုက်သောအခါ ပီတိဖြစ်သွားသည်။

"ကောင်းလေစွ၊ ကောင်းလေစွ .....၊ ဒီအကြံကို သင်ပဲ ဦးဆောင်အကောင်အထည်ဖော်ပါတော့ ....."

ကွမ်းမူသည် ကိုရင်များအား စုစည်း၍ ထင်းများသစ်ကိုင်းများ ကောက်ရိုးများကို သယ်ဆောင်၍ အာဂန္တုအဆောင်ဘက်သို့ သွားလေတော့၏။

ဆရာတပည့် နှစ်ယောက်ဖြစ်သော ထန်စန်းကျွမ်းဆရာတော်နှင့် စွန်းဟိန်ကျဲတို့သည် အခန်းတံခါးနှင့် ပြတင်းတံခါးတို့ကို ပိတ်၍ အနားယူကြလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် ညအိပ်ရာဝင်တိုင်း ဘုရားဝတ်ပြု၍ အိပ်သည်ဖြစ်ရာ ယခုလည်း ဘုရားဝတ်ပြုလေ၏။ ထို့နောက် အိပ်စက်လေတော့၏။

စွန်းဟိန်ကျဲမှာမူ အိပ်စက်၍မရသေးသဖြင့် တင်ပျဉ်ခွေ ထိုင်နေ၏။ သန်းခေါင်ယံကျော်သောအခါ အပြင်မှ တရှပ်ရှပ် ခြေသံများ ကြားရ၏။

"ရှပ် ..... ရှပ် ..... ရှပ် ....."

"ရှပ် ..... ရှပ် ..... ရှပ် ....."

တီးတိုး စကားပြောသံများကိုလည်း ကြားရသည်။

"ဘာသံတွေပါလိမ့် ....."

သူသည် နားစိုက်ထောင်လိုက်၏။ သူခိုးဓါးပြများ လုယက်ရန် ရောက်ရှိလာသလောဟု ထင်မိသည်။

"သူခိုးဓားပြတွေဆိုရင်တော့ ကိစ္စမရှိပါဘူး၊ ငါနှိမ်နင်းနိုင်ပါတယ်၊ ဒါပေမယ့် ဆရာနိုးသွားမှာလည်း စိုးရိမ်ရသေးတယ်၊ ဆရာက ခုမှ အိပ်ပျော်သွားတယ် ....."

သူသည် အကြံရသွားပြီး ကိုယ်ကိုလည်း တစ်ချက်ခါလိုက်ရာ ပိတုန်း တစ်ကောင်အဖြစ်သို့ ပြောင်းလဲသွား၏။

"ဒီ ..... ဒီ ..... ဒီ ....."

"ဒီ ..... ဒီ ..... ဒီ ....."

သူသည်ခေါင်မိုးတံစက်မြိတ်ကြားမှပျံသန်းထွက်ခွာသွားလေ၏။

သူသည် ပိတုန်းအဖြစ် အာရုဏ္ဍဆောင်ကို လှည့်ပတ်၍ကြည့်သည်။ ထိုအခါ သက်န်းချွတ်ထားသော လူများကိုတွေ့ရှိရလေတော့၏။ အဘယ်ကြောင့် သက်န်းများ ချွတ်ပြီး လောင်စာများကို ဝိုင်းပတ်ချနေသနည်း။ သူတို့သည် ထင်းများ၊ သစ်ကိုင်းများနှင့် ကောက်ရိုးများကို ဝိုင်းပတ်ချနေသဖြင့် စွန်းဟိန်ကျဲသည် သဘောပေါက်သွားလေ၏။

"ဆရာ ပြောတဲ့စကား မှန်နေပြီ၊ ကျောင်းထိုင်ဆရာတော်ဟာ သက်န်းကို အပိုင်စီးချင်လို့ ငါတို့ကို မီးရှို့ပြီးသတ်ဖို့ကြံစည်နေတာကိုး"

သူသည် ထောင်းကနဲဒေါသထွက်လာလေ၏။ ဤဘုန်းကြီးများ ဤမျှလောက် အကြံပက်စက်လိမ့်မည်ဟု မထင်မိချေ။

"တော်တော်အကြံပက်စက်တဲ့ ဘုန်းကြီးတွေပဲ၊ ငါဒီလိုဖြစ်မယ်လို့လုံးဝမထင်ခဲ့မိဘူး၊ သူတို့ဟာ တော်တော်ရက်စက်တာပဲ၊ ငါ့ဆရာနဲ့ သူတို့ကတော့ လုံးဝဆီနဲ့ရေပဲ ....."

ထန်စန်းကျွမ်းဆရာတော်ကား သူတစ်ပါးအသက်သတ်သည်ကို လုံးဝခွင့်မပြုချေ။ သူသည် ဆွမ်းဘုဉ်းပေးလျှင်သော်မှ သက်သတ်လွတ်ကိုပဲ ဘုဉ်းပေးသည်။

ပိတုန်းယောင်ဆောင်ထားသော စွန်းဟိန်ကျဲသည် ဒေါသထွက်လာသဖြင့် သံမဏိတုတ်ဖြင့် ဘုန်းကြီးများအား ရိုက်သတ်ရန်ကြံလိုက်သည်။ သို့သော် .... သူ့ဆရာက လူသတ်ခြင်းကို လွန်စွာရွံ့မုန်းသည်ကို သိသောကြောင့် ထိုအကြံကို စွန့်လွှတ်လိုက်ရ၏။

"သူတို့ကို သံတုတ်နဲ့ ရိုက်သတ်တာကတော့ ဟုတ်တယ်၊ ဒါပေမယ့် ငါ့ဆရာက ငါ့ကိုအပြစ်တင်နေမယ်၊ ငါဘာလုပ်ရပါ့မလဲ ....."

ခဏအကြာတွင် သူသည်အကြံတစ်ခုရရှိလေ၏။ သူသည် ကောင်းကင်ပေါ်သို့ ခုန်တက်လိုက်ရာ တိမ်တိုက်ပေါ် ရောက်ရှိသွားလေ၏။

သူသည် တိမ်တိုက်ကိုစီး၍ နတ်မင်းကြီး၏ တောင်ပိုင်းတံခါးရှိရာသို့ ဦးတည်သွားလေ၏။ တံခါးမှူး နတ်စစ်သည်တော်တို့သည် မျောက်မင်းကို တွေ့သောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြလေ၏။



စွန်းဟိန်ကျဲက ပြုံးပြီး လက်ကာပြလိုက်၏။

"မကြောက်ပါနဲ့ ....၊ ကျုပ်က ရန်မူဖို့လာတာ မဟုတ်ပါဘူး"

ထိုအခါကျမှ တံခါးစောင့်စစ်သည်တော်များ သက်ပြင်းချကြရလေ၏။ တံခါးမှူးက အရိုအသေပြုလိုက်ပြီး –

"ဒါဖြင့်တန်ခိုးရှင်က ဘာကိစ္စနဲ့ရောက်လာတာလဲ၊ အမိန့်ရှိပါဦး"

"ကျုပ်လာတဲ့ကိစ္စကတော့ နတ်မင်းကြီးနဲ့တွေ့ချင်လို့ပဲ ......"

တံခါးမှူးသည် ခေါင်းညိတ်လေ၏။

"ကောင်းပါပြီ၊ ကျွန်ုပ်တို့ခုပဲသွားခေါ်ပြီး ပင့်ခေါ်သွားပါမယ်..."

တံခါးမှူးသည် ပြောပြောဆိုဆိုဖြင့် ထွက်သွားလေ၏။

တစ်ခဏမျှသာ ကြာသည်။ နတ်မင်းကြီးနှင့် တံခါးမှူးတို့ ရောက်ရှိလာလေ၏။

နတ်မင်းကြီးသည် မျောက်မင်းကိုတွေ့သောအခါ နှုတ်ဆက်လိုက်သည်။

"တန်ခိုးရှင်နဲ့ မတွေ့ရတာ အတော်ကြာပြီပဲ ....."

မျောက်မင်းက –

"ဟုတ်ပါ့"

"ဒါနဲ့ တန်ခိုးရှင်ဟာ ထန်စန်းကျွမ်း ဆရာတော်နောက်ကို လျှောက်လိုက်နေတယ်ဆို၊ ဆရာတော်ကလည်း ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ ခရီးထွက်နေတယ်ဆို ....."

"ဟုတ်ပါ့၊ ဟုတ်ပါ့ ...."

"ဒါဖြင့် အခုဘာကြောင့် ဒီနတ်ပြည်ပေါ် ရောက်နေရတာလဲ"

စွန်းဟိန်ကျဲက ရှင်းပြ၏။

"ကျုပ်နတ်ပြည်ကို တက်လာရတာပေါ့၊ ကျုပ်ရဲ့ဆရာတော်ကို လူဆိုးသူခိုးတွေက မီးရှို့သတ်ဖို့ ကြိုးစားနေတာကိုး" နတ်မင်းကြီး အံ့သြသွားသည်။

"ဒါဖြင့် တန်ခိုးရှင်က ကယ်လိုက်ပေါ့၊ သူခိုးဓားပြတွေကို ရိုက်သတ်ပစ်လိုက်ပေါ့၊ ဒါများခက်တာမှတ်လို့ ....."

"ရိုက်သတ်လို့ မဖြစ်ဘူး၊ ကျုပ်ဆရာက လူသတ်တာကို နည်းနည်းမှ သဘောမကျဘူး၊ ဒါကြောင့် နတ်မင်းကြီးဆီမှာ မီးပြီးတဲ့

ပိုက်ကွန်ရှိတယ် မဟုတ်လား၊ ခဏလောက်ငှားပါလား"

နတ်မင်းကြီးက -

"ရပါတယ်၊ ငှားနိုင်ပါတယ်၊ ဒါပေမယ့် သူတို့က မီးရှို့ရင် တန်ခိုးရှင်က ရေနဲ့ဖျန်းလိုက်ရင် မီးငြိမ်းသွားမှာပဲ ....."

မျောက်မင်းက ခေါင်းခါလိုက်၏။

"ကျုပ်က ကျုပ်ဆရာကို မီးမလောင်အောင်ဘဲ ကာကွယ်ချင်တာပါ၊ မီးကိုငြိမ်းသတ်ချင်တာမဟုတ်ပါဘူး"

"တစ်မျိုးကြီးပါလား"

"ကျုပ်က ကျုပ်ဆရာကို သူတို့သတ်တဲ့အကြောင်း သက်သေပြချင်လို့ပေါ့ ...."

"ဩော် ....."

"အချိန်သိပ်မရဘူး၊ နတ်မင်းကြီးရဲ့ ပိုက်ကွန်ကိုခဏငှားလိုက်ပါ၊ ပြီးတာနဲ့ ချက်ချင်းပြန်ပို့ပါမယ်"

"ရပါတယ်လေ ....."

နတ်သား တစ်ယောက်ကို မီးပြီးသော ပိုက်ကွန်သွားယူစေ၏။ ထို့နောက် မျောက်မင်းကို ပေးလိုက်သည်။

"ရောက်တုန်းရောက်ခိုက် ကျွန်ုပ်ဆီမှာ ဝင်ရောက်အနားဖြေပါဦးလား ....."

"အချိန်မရပါဘူး၊ နောက်မှပဲ လာပါတော့မယ်"

မျောက်မင်းသည် မီးပြီးသောပိုက်ကွန်ကို ထမ်း၍ နတ်မင်းကြီးအားနှုတ်ဆက်လိုက်သည်။ ထို့နောက် တိမ်တိုက်စီး၍ ထွက်ခွာသွားလေတော့၏။

* * * * * * *

## အခန်း (၄၆)

## သက်န်းတော်ပျောက်ဆုံးခြင်း

စွန်းဟိန်ကျဲသည် နတ်ပြည်မှ ဘုန်းကြီးကျောင်းသို့ ပြန်ရောက်ရှိလာ၏။ ထိုအခါ ဘုန်းကြီးများသည် လောင်စာများကို မီးစတင်ရှို့လျက် ရှိနေလေပြီ။

"တော်ပါသေးရဲ့၊ ငါအချိန်မီပြန်ရောက်လာလို့"

စွန်းဟိန်ကျဲသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။ သူသည် အိပ်ပျော်နေသော ဆရာတော်၏အခန်းကို ပိုက်ကွန်ဖြင့် လွှမ်းခြုံရစ်ပတ်လိုက်သည်။ မြင်းကြီးကတော့ အခြားအဆောင်၌ရှိသဖြင့် မီးနှင့်လွတ်ကင်းနေသည်။

ထို့နောက် သူသည် အခြားကျောင်းဆောင်များ၏ ခေါင်မိုးပေါ်၌ ထိုင်ကြည့်နေလေ၏။

မီးတောက်မီးလျှံများသည် တဖြည်းဖြည်းအရှိန်ရလာလေ၏။

စွန်းဟိန်ကျဲသည် လေကိုတဝကြီးရှူသွင်းလိုက်ပြီးနောက် မီးလောင်ရာသို့ လေကိုမှုတ်ထုတ်လိုက်၏။

"ဝူး ....."

လေပြင်းသည် ပြင်းထန်စွာတိုက်ခတ်လာ၏။ မီးတောက်မီးလျှံများသည် အရှိန်ကောင်းလာပြီး အခြားအဆောင်များသို့ ကူးစက် လောင်ကျွမ်းလေတော့၏။

ထိုအခါ ဘုန်းကြီးများသည် ထိတ်လန့်တုန်လှုပ်သွားကြသည်။ သူတို့သည် အခြားအဆောင်များသို့ မီးကူးစက်လောင်ကျွမ်းမည်စိုး၍ ငြိမ်းသတ်ရတော့၏။

"ရှူး ....."

သို့သော် ခေါင်မိုးပေါ်၌ထိုင်နေသော စွန်းဟိန်ကျဲသည် လေကို ဆက်လက်မှုတ်ထုတ်နေသဖြင့် မီးလျှံများကို မငြိမ်းသတ်နိုင်အောင် ဖြစ်နေတော့သည်။

မီးတောက်မီးလျှံများကြောင့် ကောင်းကင်တစ်ခုလုံး နီရဲနေတော့သည်။

ထိုဘုရားကျောင်းနှင့် လီနစ်ဆယ်ခန့်ကွာဝေးသော နေရာတစ်ခုတွင် တောင်တစ်လုံးရှိ၏။ ထိုတောင်အောက်ခြေ၌ "လေမည်းလိုဏ်ဂူ" ဟုခေါ်သော လိုဏ်ခေါင်းတစ်ခုရှိသည်။ ယင်းလိုဏ်ဂူတွင်ဘီလူးတစ်ကောင်နေထိုင်သည်။

ထိုလိုဏ်ဂူ၌ ဘုန်းကြီးကျောင်းများကို မီးတောက်လောင်သော အရောင်များကြောင့် အလင်းရောင်ဟပ်လေ၏။ ဘီလူးကြီးသည် မိုးလင်းပြီဟုထင်မှတ်ကာ အပြင်သို့ထွက်လာသည်။ ထိုအခါ မိုးလင်းခြင်းမဟုတ်ဘဲတောင်ဘက်အရပ်၌ မီးလောင်နေခြင်းဖြစ်ကြောင်း တွေ့ရှိရတော့သည်။

ဘီလူးကြီးသည် ဤသို့ဆင်ခြင်မိ၏။

"မီးတောက်က သိပ်ကြီးတယ်၊ လောင်စာကောင်းကောင်းရှိမှ ဒီလိုမီးတောက်ကြီးမျိုး ရှိနိုင်တယ်၊ အခုလောင်နေတာ ကွမ်ယင်မယ်တော်ကျောင်းဖြစ်လိမ့်မယ်၊ ငါသွားပြီးမီးကို ဝိုင်းသတ်ပေးမှဖြစ်တော့မယ် ..."

သူသည် ဤသို့ဆင်ခြင်လိုက်မိသည်နှင့် လေဟုန်စီး၍မီးလောင်ရာသို့လာသည်။ ထိုအခါ အရှေ့ဘက်ဆောင်အားလုံး လောင်ကျွမ်းသွားပြီကို တွေ့လိုက်ရသည်။

သူသည် မီးတောက်မီးလျှံများကို ရေနှင့်ပက်ဖျန်းငြိမ်းသတ်ရန်ဟန်ပြင်လိုက်သောအခါ ကျောင်းခေါင်မိုးတစ်ခုပေါ်မှ လူရိပ်တစ်ခုကထိုင်၍လေမှုတ်ပေးနေသည်ကို တွေ့မြင်လိုက်ရတော့၏။

သူသည် အံ့အားသင့်သွား၏။ ဤသူသည် အဘယ်ကြောင့် မီးလောင်ရာလေပင့်လုပ်ပေးနေရပါသနည်း။ သူသည်မျက်စိကစားလိုက်၏။ ကျောင်းထိုင်ဆရာတော်၏ အခန်းထဲမှ ရောင်ခြည်များ ဖြာထွက် နေသည်ကို သူသည် ရုတ်တရက်တွေ့လိုက်ရသဖြင့် သူ့အာရုံသည် လေမှုတ်ပေးနေသူထံမှ ရောင်ခြည်များထွက်နေသည့်နေရာသို့ရောက်ရှိသွားသည်။

သူသည် စူးစမ်းလိုသောစိတ် ဖြစ်ပေါ်လာပြီး ကိုယ်ရောင်ဖျောက်



၍ ကျောင်းထိုင်ဆရာတော်၏ အခန်းဆီသို့ပြေးသွားလေတော့၏။ သူသည် အခန်းတံခါးကို တွန်းဖွင့်လိုက်သောအခါ အခန်းထဲ၌ မည်သူတစ်ဦးတစ်ယောက်မျှမရှိဘဲ ဖြစ်နေသည်ကိုတွေ့ရှိရလေ၏။

စားပွဲပေါ်၌ အထုပ်ကလေးတစ်ထုပ်ရှိနေသည်ကို တွေ့ရှိရသည်။ ရောင်ခြည်များမှာ ထိုအထုပ်လေးထဲမှ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း တွေ့ရှိရလေ၏။

ဘီလူးသည် အခန်းထဲသို့ ချွတ်နင်းဝင်လိုက်၏။ မှန်သည်။ အခန်းထဲတစ်ယောက်မျှ ရှိမနေပါ။ သူသည် အထုပ်ကလေးကို ဖြေကြည့်လိုက်လေ၏။ ထိုအခါ အရောင်အသွေး လွန်စွာတောက်ပသည့် သင်္ကန်းတစ်ထည်အား တွေ့မြင်ရတော့သည်။

သင်္ကန်းသည်ရောင်ခြည်များတောက်ပကွန့်မြူးနေသဖြင့် အလွန်တန်ဖိုးရှိမည့်သင်္ကန်းဖြစ်ကြောင်း သူနားလည်လိုက်မိသည်။

သူသည် မီးကိုငြိမ်းသတ်ရန်ပင် စိတ်မကူးတော့ဘဲ အထုပ်ကလေးကို ပိုက်၍အခန်းထဲမှ ကျော်လွှားပြေးထွက်သွားလေတော့၏။

မီးတောက်မီးလျှံများသည် လောင်စာများ ကုန်သွားသောအခါ တဖြည်းဖြည်းငြိမ်သက်သွားသည်။ ထိုအခါ မိုးလင်းနေပြီဖြစ်၏။

ကျောင်းထိုင်ဆရာတော်နှင့် ဘုန်းကြီးများ၊ ကိုရင်များသည် အာဂန္တုဆောင်တစ်ဆောင်၊ ဘုန်းတော်ကြီးအချို့ နေထိုင်ရာအဆောင်တစ်ဆောင် စုစုပေါင်း အဆောင်နှစ်ဆောင်မီးလောင်သွားသဖြင့် ငိုကြွေးကြလေ၏။

သူတို့သည် မီးလောင်ကျွမ်းသွားသည့် ပစ္စည်းများကို လိုက်လံကောက်ယူကြသည်။

သူတို့၌ ဆွမ်းခံရန် သပိတ်မရှိကြတော့ချေ။ အချို့ကိုယ်တော်များ၌ သင်္ကန်းများမရှိတော့ချေ။ ဆရာတော်၏ကျောင်းသည်ပင် အချို့အဝက် မီးလောင်ခံရ၏။ ဘုရားဆောင်သာ အကောင်းပကတိ ကျန်ရှိခဲ့သည်။ ဆရာတော်၏သင်္ကန်းသုံးရာကျော်မှာမီးထဲပါသွား၏။

စွန်းဟိန်ကျဲသည် ဘုန်းကြီးများ၏ ဖြစ်အင်ကိုကြည့်ပြီးရယ်ချင်သောစိတ်များဖြစ်ပေါ်လာသည်။ သူသည် ထန်စန်းကျွမ်းဆရာတော်အား ကြည့်လိုက်သောအခါ အိပ်ပျော်နေသည်ကို တွေ့ရလေ၏။

သူသည် မီးပြီးပိုက်ကွန်ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ တိမ်

ပေါ်သို့ခုန်တက်လိုက်ပြီး နတ်ပြည်သို့ထွက်ခွါသွားလေတော့၏။

တစ်ခဏမျှသာကြာသည်။ သူသည် နတ်ပြည်တောင်ဘက်တံခါးရှိရာသို့ရောက်ရှိလာတော့၏။ တောင်ဘက်တံခါး၌ နတ်မင်းကြီးအသင့်စောင့်ဆိုင်းနေသည်ကိုတွေ့ရသည်။ နတ်မင်းကြီးကပြုံး၍ ဆီးကြိုလေ၏။

"ဘယ်နှယ့်လဲ....မြန်လှချည့်လား"

စွန်းဟိန်ကျဲသည် ပိုက်ကွန်အားပြန်လည်ပေးအပ်လိုက်၏။

"ပစ္စည်းငှားပြီးရင် ဒီလိုပြန်ပေးမှ ပစ္စည်းရှင်က နောက်တစ်ခါငှားချင်မယ်မဟုတ်လား"

နတ်မင်းကြီးက ရယ်မောလိုက်၏။

"တန်ခိုးရှင်က ဒီသဘောတရားကိုတောင် နားလည်လာပြီပဲ...."

စွန်းဟိန်ကျဲကရယ်မောလိုက်သည်။

"ကျုပ်ဟာ ဘုန်းတော်ကြီးရဲ့တပည့်ဖြစ်နေပါပြီ၊ဒါကိုမမေ့ပါနဲ့"

သူသည် နတ်မင်းကြီးအားနှုတ်ဆက်၍ ဘုန်းကြီးကျောင်းသို့ အလျင်အမြန်ပြန်ဆင်းသွားလေ၏။ ဘုန်းကြီးကျောင်း၌ ရှင်းလင်းစရာကိစ္စများ ကျန်ရှိနေသေးသည်မဟုတ်ပါလော။

စွန်းဟိန်ကျဲသည် အခန်းတစ်ခုသာ မီးမလောင်ဘဲကျန်ခဲ့သည့်နေရာသို့ဝင်လာသည်။ အိပ်နေသော ဆရာတော်အား နှိုးလိုက်သည်။

"ဆရာ...ဆရာ ထပါတော့၊ မိုးလင်းနေပါပြီ"

ဆရာတော်သည် အိပ်ရာမှ ထလာသောအခါ သူ့အခန်းသာ အကောင်းပကတိရှိပြီး ပတ်ပတ်လည်၌ မီးလောင်ပြင် ဖြစ်နေကြောင်းတွေ့လိုက်ရတော့သည်။

" ဘုရား .... ဘုရား ....အဆောက်အအုံတွေဘယ်လိုဖြစ်သွားတာပါလိမ့်"

စွန်းဟိန်ကျဲက–

"ဆရာအိပ်မက်မက်နေတာကိုး၊ညတုန်းကမီးလောင်ပါတယ်ဆရာ ဆရာအိပ်တဲ့အခန်းကလွဲပြီး ကျောင်းဆောင်တွေအားလုံး မီးလောင်ကုန်တယ်..၊ ဘုန်းကြီးတွေလည်းနေစရာမရှိတော့ဘူး..."

ထန်စန်းကျွမ်းဆရာတော်က–

"ဘယ်နှယ့်ကြောင့် ငါ့ကို မီးမလောင်တာလဲ၊ ဘာကြောင့်မီးလောင် တာကို ငါမသိရတာလဲ"



စွန်းဟိန်ကျဲက–

"ဆရာ ဘယ်သိမလဲ၊ ဆရာအိပ်တဲ့အခန်းကို တပည့်တော်အကာအကွယ်ပေးထားတာကိုး..."

ထန်စန်းကျွမ်းဆရာတော်က–

"ငါ့ရဲ့ အခန်းကိုတော့ တပည့်က အကာအကွယ်ပေးတယ်.......၊ တခြား အခန်းကိုတော့ ဘာကြောင့်အကာအကွယ်မပေးတာလဲ..."

စွန်းဟိန်ကျဲကရယ်မောလိုက်၏။

"ဆရာသိထားအောင်လျှောက်ထားရဦးမယ်၊ သူတို့ဟာ ဆရာ့ရဲ့သင်္ကန်းကို အပိုင်စီးချင်လို့ ဆရာ့ကို မီးရှို့သတ်ဖို့လုပ်ကြနေတာပါ၊ တပည့်တော် အသိစောပေလို့၊ နို့မဟုတ်ရင် တပည့်တော်တို့ပြာကျနေပါပြီ။"

ထန်စန်းကျွမ်းဆရာတော် လန့်သွား၏။

"သူတို့မီးရှို့ကြတာလား..."

"တင်ပါ့ဆရာ"

"ဟုတ်မှဟုတ်ရဲ့လား၊ သင် သူတို့ကို ကြည့်မရတာတော့ ငါသိတယ်၊ သင်ကပဲမီးရှို့လိုက်တာလား"

စွန်းဟိန်ကျဲက–

"မဟုတ်ရပါဘူး၊ မီးရှို့တာသူတို့ပါ၊ တပည့်တော်ကတော့ လေကူပင့်ပေးလိုက်တာပါပဲ...."

ထန်စန်းကျွမ်းဆရာတော်က–

"သင်...တော်တော်ခက်ပါလား၊ မီးလောင်ရင်ရေနဲ့သာငြိမ်းသတ်ရိုး ထုံးစံရှိပါတယ်၊ လေပင့်ပေးတယ်ဆိုတာကတော့ မဟုတ်ပါဘူး ..."

စွန်းဟိန်ကျဲက–

"ရှေးက စကားပုံတစ်ခုရှိပါတယ်၊ ကျားက လူကိုကိုက်သတ်ဖို့ မရည်ရွယ်ရင် လူကလည်းကျားကို သတ်ဖို့မရည်ရွယ်ပါဘူးတဲ့...၊ သူတို့က ဆရာ့ကို မီးရှို့သတ်ဖို့လုပ်ကြလို့သာ တပည့်တော် တန်ပြန်လုပ်ရတာပါ...."

ထန်စန်းကျွမ်းဆရာတော်သည် သူ၏သင်္ကန်းကို သတိရသွားလေ၏။

"ဟာ..အဲဒါမှ ဒုက္ခပဲ..၊ သက်န်းမီးလောင်သွားပြီနဲ့တူတယ်.."

စွန်းဟိန်ကျဲက–

"ကျောင်းထိုင်ဆရာတော်ရဲ့ဘုရားခန်းမီးမလောင်ပါဘူး၊ သင်္ကန်းဘာမှဖြစ်မှာမဟုတ်ပါဘူး"

ပြောသာပြောရသည်။ စွန်းဟိန်ကျဲထိတ်လန့်သွား၏။သင်္ကန်းမီးထဲပါသွားလျှင်ခက်ပြီ။

ဆရာတော်က–

"သင်္ကန်းမီးလောင်သွားမယ်ဆိုရင် သင်ခေါင်းကိုက်ဖို့သာပြင်ပေတော့...."

စွန်းဟိန်ကျဲထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"စိတ်မပူပါနဲ့ဆရာရယ်...၊ သင်္ကန်းဘာမှမဖြစ်စေရပါဘူး...."

သူသည် ချက်ချင်းထရပ်လိုက်၏။

"တပည့်တော် အခုပဲ သွားပြန်ယူပေးပါမယ်..."

သူသည် ထန်စန်းကျွမ်းဆရာတော်ကို ခေါ်ယူ၍ မြင်းဖြူကြီးရှိရာသို့သွားသည်။ မြင်းဖြူကြီးကတော့ဘေးမသီရန်မခရှိသည်။ သူတို့သည် မြင်းဖြူကြီးကို ဆွဲပြီး ကျောင်းထိုင်ဆရာတော်၏ ဘုရားခန်းသို့သွားကြလေ၏။

ဘုန်းကြီးများနှင့်ကိုရင်များသည် မြေကွက်လပ်တွင်စုရုံးထိုင်နေကြသည်။ အချို့ကိုယ်တော်များတွင် အပေါ်ရုံသင်္ကန်းပင်မရှိချေ။

သူတို့သည် မီးလောင်မြေကိုကြည့်ကာ မျက်နှာများညှိုးနွမ်းနေကြ၏။ သူတို့သည်ခြေသံများကြားသဖြင့် လှည့်ကြည့်လိုက်ရာ ထန်စန်းကျွမ်းဆရာတော်၊ စွန်းဟိန်ကျဲနှင့် မြင်းဖြူကြီးကို တွေ့လိုက်ကြရ၏။ ထိုအခါ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတော့သည်။

"သရဲ ..... သရဲ ....."

"ဘုန်းကြီး သရဲ ....."

"မျောက်သရဲ ....."

အချို့ကထိတ်လန့်စွာအော်ဟစ်ကြလေ၏။

စွန်းဟိန်ကျဲက –

"ငါတို့မီးမလောင်ပါဘူး၊ ဒါကြောင့်မသေပါဘူး၊ အခုလာတာက ငါတို့သင်္ကန်းကို ပြန်တောင်းရအောင် လာတာ ....."



ဘုန်းကြီးအချို့က –

"သင်တို့ကို မီးရှို့ဖို့ကြံတဲ့အကြံထဲမှာ ငါမပါပါဘူး၊ ကျောင်းထိုင်ဆရာတော်နဲ့ကွမ်မှုဘုန်းကြီး၊ ကွမ်းတိဘုန်းကြီးတွေကြံတာပါ၊သူတို့ရဲ့ အကြံတွေပါ၊ သူတို့ရဲ့အကြံတွေပါ ....."

"သင်တို့ဘာတွေကယောင်ကတမ်းတွေပြောနေတာလဲ"

"ခွင့်လွှတ်ပါ၊ သရဲမင်းတို့ ခွင့်လွှတ်ပါ၊ ဒီအကြံထဲမှာကျုပ်တို့လုံးဝမပါပါဘူး ....."

"တယ်ခက်ပါလား၊ ငါတို့သရဲမဟုတ်ဘူး၊ မယုံရင်အသားကိုလာကိုင်ကြည့်ကြ .....၊ ငါတို့မီးမလောင်လိုက်ဘူး၊ဒါကြောင့်ငါတို့မသေပဲကျန်နေတာပါ ....."

ဘုန်းတော်ကြီးအချို့သည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့်အာဂန္တုအဆောင်သို့သွားကြည့်ကြ၏။ ထိုအဆောင်မှ အခန်းတစ်ခန်းမှာ မီးမလောင်ဘဲမူလအတိုင်းကျန်ရှိနေသည်ကို အံ့ဩဖွယ်ရာတွေ့ရှိကြရလေ၏။ ဤတွင် ထန်စန်းကျွမ်းဆရာတော်နှင့်စွန်းဟိန်ကျဲတို့သည် သာမန်လူများမဟုတ်၊ တန်ခိုးဣဒ္ဓိပါဒ်ရှိကြောင်း သူတို့ရိပ်မိသွားကြလေ၏။

သူတို့သည်ထန်စန်းကျွမ်းဆရာတော်ကို ဒူးတုပ်ရှိခိုးပြီး တောင်းပန်ကြသည်။

"တပည့်တော်တို့ဟာ ဆရာတော်ကို တန်ခိုးရှိတဲ့ပုဂ္ဂိုလ်ဖြစ်မှန်းမသိလို့ပြုမှားမိတာပါ၊ ခွင့်လွှတ်တော်မူပါ၊ တပည့်တော်တို့ကို ခွင့်လွှတ်တော်မူပါ ....."

စွန်းဟိန်ကျဲက –

"အပိုစကားတွေပြောမနေနဲ့၊ ငါတို့ဆီက ယူသွားတဲ့သင်္ကန်းကိုသာ ပြန်ပေးပေတော့ ....."

ဘုန်းကြီးများက –

"ကျုပ်တို့ဆီမှာမဟုတ်ပါဘူး၊ သင်္ကန်းဟာ ကျောင်းထိုင်ဆီမှာပါ"

စွန်းဟိန်ကျဲဒေါသထွက်သွားသည်။

"ဒါဖြင့်အားလုံးလိုက်ခဲ့ကြ ....."

ဘုန်းကြီးများသည် ထန်စန်းကျွမ်းဆရာတော်နှင့်စွန်းဟိန်ကျဲတို့နောက် လိုက်ပါလာကြလေ၏။ သူတို့သည်ဆရာတော်၏ ဘုရားခန်းသို့

ရောက်ရှိကြသောအခါ တံခါးကိုတွန်းဖွင့်လိုက်ကြ၏။

"ကျွီ ....."

အခန်းတံခါးသည်ပွင့်သွား၏။

"ဟင် ....."

လဲကျသေဆုံးနေသောကျောင်းထိုင်ဆရာတော်ကိုတွေ့ကြရလေ၏။

ဆရာတော်သည်တိုင်နှင့် ခေါင်းဆောင့်၍၊ ကိုယ့်ကိုကိုယ် သတ်သေသွားခြင်းဖြစ်သည်။

စွန်းဟိန်ကျဲသည် တစ်ခန်းလုံးကိုပိုက်စိပ်တိုက်၍ရှာဖွေပါသော်လည်း သက်န်းအားလုံးဝရှာမတွေ့တော့ချေ။ စွန်းဟိန်ကျဲသည် လွန်စွာစိတ်ပူသွား၏။ ဤသက်န်းလုံးဝမပျောက်စေရပါ။ ပြန်ရစေမည်ဟု သူတာဝန် ယူခဲ့သည်မဟုတ်ပါလော။ ယခု...သက်န်းကို အစအနပင် မတွေ့ရတော့ချေ။

သက်န်းသည်ပျောက်ဆုံးနေလေပြီ။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၄၇)

## သက်န်းသူခိုး

"ကဲ ..... သင်က ကိစ္စမရှိပါဘူး၊ ပေးလိုက်ဆို၊ အခုတော့ ဘယ်နှယ့်ရှိစ ....."

ဆရာတော်သည် လွန်စွာဒေါသ ထွက်ခဲ့သည်။ဒေါသကို သိမ်းဆည်းနိုင်သူဖြစ်သည်။ သို့သော် ..... ယခု သူအလွန်မြတ်နိုးသောသက်န်းပျောက်ဆုံးသွားသဖြင့် ဒေါသကိုမထိန်းနိုင်တော့ပေ။ သူသည်ကွမ်ယင်မယ်တော် သင်ကြားပေးသွားသည့် ဂါထာကိုရွတ်လေတော့၏။ စွန်းဟိန်ကျဲသည်မြေပေါ်တုံးခနဲလဲကျသွားလေ၏။ သူသည်ခေါင်းကိုဖိညှစ်ပြီး မြေပေါ်၌လူးလိမ့်နေသည်။

"ဆရာ ..... ဂါထာမရွတ်ပါနဲ့ ....."

ဘုန်းကြီးများကလည်း စွန်းဟိန်ကျဲခံစားနေရသည့် ဒုက္ခကို မကြည့်ရက်သဖြင့် ဝင်ရောက်တောင်းပန် လျှောက်ထားကြ၏။ ဆရာတော်သည် ဂါထာကို အရွတ်ရပ်လိုက်သည်။

စွန်းဟိန်ကျဲသက်သာရာရသွားလေ၏။ စွန်းဟိန်ကျဲသည်ထရပ်လိုက်ပြီး ဘုန်းကြီးများကိုမေးသည်။

"သင်တို့ကျောင်းမှာ ဘုန်းကြီးဘယ်နှစ်ပါး ရှိသလဲ"

ဘုန်းကြီးတစ်ပါးက -

"ဘုန်းကြီးနဲ့ကိုရင် ပေါင်း ကိုးဆယ်ရှိပါတယ်"

"ကောင်းပြီ အဲ့ဒီဘုန်းကြီးနဲ့ကိုရင်အပါးကိုးဆယ်ကို တန်းစီခိုင်းလိုက်ပါ၊ ကျုန်ုပ်ဘုန်းကြီးနဲ့ကိုရင်တွေကိုရှာမယ်၊ သူတို့ဟာသက်န်းကိုကိုယ်ပေါ်မှာဝှက်ထားချင် ဝှက်ထားမယ် ....."

ဘုန်းကြီးများနှင့် ကိုရင်များသည်တန်းစီရပ်နေကြ၏။ စွန်းဟိန်ကျဲသည် တစ်ယောက်ချင်းရှာဖွေသည်။ မည်သူထံမှာမျှ သက်န်းကိုမတွေ့ချေ။ စွန်းဟိန်ကျဲ အကြံအိုက်သွား၏။ သူသည်ရုတ်တရက်ဘုန်းတော်ကြီးတစ်ပါးအားမေးလိုက်၏။

"ဒါနဲ့ ..... ဒီအနီးအနားတစ်ဝိုက်မှာ ဘီလူးများရှိသလား ....."

ဘုန်းကြီးတစ်ပါးက -

"ရှိပါတယ်၊ ဒီကနေ လီနှစ်ဆယ်လောက်သွားရင် လေမည်းတောင်တစ်လုံးရှိပါတယ်၊ အဲ့ဒီလေမည်းတောင်မှာ ဘီလူးတစ်ကောင်ရှိပါတယ်"

စွန်းဟိန်ကျဲက -

"အသင် ဘုန်းတော်ကြီး ... သင်ဟာအဲ့ဒီဘီလူးဆီကို ရောက်ဖူးလို့လား ....."

"မရောက်ဖူးပါဘူး၊ ဒီဘီလူးက ကျောင်းကို မကြာမကြာလာတတ်လို့ပါ ....."

"ဘုန်းတော်ကြီး သူနဲ့သိလို့လား ....."

"မသိပါဘူး၊သူက ကျောင်းထိုင်ဆရာတော့်ရဲ့ မိတ်ဆွေပါ"

"ဒီနေရာနဲ့အဲ့ဒီဂူဘယ်လောက်ဝေးမလဲ"

"လီ ..... နှစ်ဆယ်လောက်ပဲဝေးပါတယ်"

"ဟုတ်ပြီ၊ အဲ့ဒီဘီလူးပဲ ယူသွားတာဖြစ်ပါလိမ့်မယ် ....."

"လီနှစ်ဆယ်ဆိုတာ နည်းနည်းနော၊နော အကွာအဝေး မဟုတ်ပါဘူး၊ ဒီမှာသင်္ကန်းရှိနေမှန်းသူဘယ်လိုလုပ် သိမလဲ ....."

စွန်းဟိန်ကျဲကရှင်းပြလိုက်၏။

"ဆရာကလဲ ..... မီးလောင်တဲ့ညက ဒီမှာမီးလောင်နေတာကို အဲ့ဒီကမြင်နိုင်တာပေါ့၊ ဘီလူးက ဒီကျောင်းဟာ သူ့မိတ်ဆွေရဲ့ကျောင်းဆိုတာသိနေတော့ မီးကူသတ်ပေးဖို့ပြေးလာမှာပေါ့၊ သူဟာသင်္ကန်းကိုတွေ့ပြီး ခိုးသွားတာဖြစ်ရမယ် ...."

သူသည် ထန်စန်းကျွန်းဆရာတော်အား ပြောလိုက်၏။

"ဆရာ ..... ဒီကခဏစောင့်ပါ၊တပည့်တော်သင်္ကန်းနောက်လိုက်လိုက်ပါဦးမယ် ....."

"အေးအေး ..... သွားပါ ..... သွားပါ"



ဆရာတော်ကခွင့်ပြုလိုက်သည်နှင့် စွန်းဟိန်ကျဲသည်ပြေးထွက်သွားလေတော့၏။ သူသည်တစ်ချက်မျှခုန်လိုက်သည်နှင့်လေမည်းတောင်သို့ရောက်ရှိ လာလေ၏။ သူသည်လေမည်းတောင်သို့ရောက်လျှင်ရောက်ချင်း မဝင်ပေ။ ဘေးမှအကဲခတ်နေသည်။

လေမည်းတောင်သည် အလွန်လှပသော တောင်တစ်လုံး ဖြစ်သည်။ သူသည် တောင်အား ပတ်လည်လျှောက်ကြည့်၏။ သူသည် တောင်ကိုပတ်နေစဉ် စကားပြောသံများ ကြားလိုက်ရသည်။ လူသုံးယောက် မြက်ခင်းပေါ်၌ထိုင်ပြီး စကားပြောနေကြသည်ကိုသူတွေ့ရသည်။

တစ်ယောက်က တစ်ကိုယ်လုံး မည်းနက်နေ၏။

ထိုသူ၏ဝဲဘက်တွင်ရသေ့တစ်ပါးရှိနေသည်။

ရသေ့ဘေး၌အဖြူရောင်ဝတ်စုံဝတ် လူတစ်ဦးရှိနေ၏။

သူတို့သည် ထွေရာလေးပါးစကားများကိုပြောဆိုနေကြသည်။

တစ်ကိုယ်လုံးမည်းနက်နေသူက -

"သဘက်ခါဆိုရင် ကျုပ်ရဲ့မွေးနေ့ဗျ၊ အကြည်တော်တို့ကိုအခုကတည်းကဖိတ်လိုက်ပါမယ်"

အဖြူရောင်အကျီဝတ်ဆင်သူက ရယ်မောသည်။

"နှစ်စဉ်နှစ်တိုင်း အကြည်တော်ရဲ့မွေးနေ့ကိုကျုပ်ရောက်ခဲ့တာပဲ၊ ဘယ်တုန်းကများ မရောက်ရှိခဲ့ဖူးလို့လဲ .....၊ အခုလဲလာရမှာပေါ့ဗျာ ...."

တစ်ကိုယ်လုံးမည်းနက်နေသူက -

"ကျုပ်ညတုန်းက သင်္ကန်းတစ်ထည်ရလာခဲ့တယ်ဗျ၊ သင်္ကန်းဟာ အလွန်တန်ဖိုးရှိတယ်ဗျ၊ ရောင်ခြည်တော်တွေကွန့်မြူးနေတယ်၊ အဲ့ဒီနေ့ရောက်တော့မှပဲ ကျုပ်ရဲ့ မိတ်ဆွေတွေကို ပြပါတော့မယ်၊ ကျုပ်ရဲ့မွေးနေ့ပွဲလို့ခေါ်တာထက် "သင်္ကန်းတော်ပြပွဲ" လို့ခေါ်ရင် ပိုမှန်မယ်ဗျာ"

"ကောင်းတယ်၊ တခြားလူတွေကော မဖိတ်ဘူးလား ....."

တစ်ကိုယ်လုံးမည်းနက်နေသောသူက -

"ဖိတ်ရမှာပေါ့၊ ဒါမှလဲ ကျုပ်ရထားတဲ့ သင်္ကန်းကို ကြွားနိုင်မယ် မဟုတ်လား ....."

သူတို့သုံးယောက်သည်ရယ်မောကြလေ၏။

စွန်းဟိန်ကျဲသည် နားထောင်ရင်း ဒေါသထွက်လာလေ၏။ သူသည် ပုန်းအောင်း၍နားထောင်နေရာမှ ခုန်ထွက်လာလေသည်။

"ငါ့သင်္ကန်းကို ခိုးယူတဲ့ ဘီလူးစုတ် ..... သေပေတော့ ....."

သူသည် သံမဏိတုတ်ဖြင့်ရိုက်ချလိုက်လေ၏။

တစ်ကိုယ်လုံးမည်းနက်နေသောသူသည် ငှက်အဖြစ်ပြောင်းလဲသွားပြီး ထွက်ပြေးသွားလေ၏။ ရသေ့ကြီးသည် သူတို့အား ဤသို့အရှိန်အဟုန်ဖြင့် တိုက်ခိုက်နိုင်သူသည် တော်ရုံတန်ရုံလူ မဟုတ်မှန်း သိရှိလိုက်သည်။ သူသည်တိမ်ပေါ်ခုန်တက်ပြီး ထွက်ပြေးသွား၏။

အကျိုးဖြူနှင့် လူသာစွန်းဟိန်ကျဲ၏ သံတုတ်လက်နက်ကြောင့် သေဆုံးသွားရသည်။

စွန်းဟိန်ကျဲသည် တောင်တက်လမ်းအတိုင်း လိုက်လံရှာဖွေရာ မကြာမီဂူတစ်ခုကို တွေ့ရှိရလေ၏။ သဘာဝလိုဏ်ဂူမဟုတ်ချေ။ လိုဏ်ဂူကို တံခါးတပ်ဆင်ထား၏။ ကြီးမားထုထဲသော ကျောက်တုံးကြီးကို ကျောက်တုံးဆင့်သောနည်းဖြင့် တံခါးအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ ထိုတံခါးပိတ်ထားလျှင် မည်သူမျှမဝင်နိုင်တော့ချေ။ တံခါးပေါင် တွင် စာတန်းတစ် ခုရေးထိုးထား၏။

"လေမည်းတောင် – လေမည်းတောင်လိုဏ်ဂူ"

စွန်းဟိန်ကျဲသည် သံမဏိတုတ်ဖြင့်တံခါးကို ရိုက်လေ၏။

"တံခါးဖွင့်စမ်း ....."

ဘီလူးကလေးတစ်ကောင်သည် တံခါးဖွင့်၍ ကြည့်လေသည်။

"သင်ဘယ်သူလဲ .....၊ ဘာကြောင့် နတ်ဘုံတံခါးကို လာရိုက်နေရတာလဲ"

စွန်းဟိန်ကျဲက –

"နတ်ဘုံတံခါးတဲ့၊ ရာရာစစ၊ ရိုက်သတ်လိုက်ရ အရိုးအသားရှာမတွေ့ဘဲဖြစ်သွားတော့မယ်၊ သွားစမ်း၊ နင့်သခင်ကိုသွားပြောလိုက်စမ်း၊ သင်္ကန်းကို အမြန်ဆုံးလာပို့လို့....၊နို့မဟုတ်ရင်သူ့ကိုငါရိုက်သတ်မယ်"

ထိုဘီလူးကလေးသည် အတွင်းဆောင်သို့ ကမန်းကတန်း ပြန်ပြေးလေတော့၏။

"သခင်ကြီး ..... သခင်ကြီး ....."

တစ်ကိုယ်လုံးမည်းနက်နေသူသည် ထိတ်ထိတ်ပျာပျာ ပြေးလာသော ဘီလူးကလေးကို တွေ့သောအခါ အရေးတကြီးမေးလေ၏။

"ရေးကြီးသုတ်ပျာနဲ့ ..... ဘာဖြစ်လာတာလဲ ....."



"လိုဏ်ဂူရှေ့တံခါးပေါက်မှာ မျက်နှာတစ်ခုလုံးအမွေးအမှင်တွေ ပြည့်နေတဲ့ မိုးကြိုးနတ်လိုမျောက်တစ်ကောင်က သင်္ကန်းလာတောင်းနေပါတယ်၊ သင်္ကန်းပြန်မပေးရင် သခင်ကြီးကို ရိုက်သတ်မယ်လို့ ပြောနေပါတယ်"

တစ်ကိုယ်လုံးမည်းနက်နေသူသည် ဒေါသထွက်လာတော့၏။

"ငါကရန်အေးပါစေတော့ဆိုပြီး ရှောင်ပြေးလာတယ်၊ သူက ဒီအထိလိုက်လာတယ်၊ သူ့ကိုမောင်းထုတ်မှဖြစ်တော့မယ် ....."

သူသည်ချက်ချင်းပင် ချပ်ဝတ်တန်ဆာများဝတ်ဆင်တော့၏။ ထို့နောက် လက်စွဲတော်လှံတံကို ကိုင်ပြီးအပြင်သို့လှမ်းထွက်လေတော့သည်။ ဘီလူးမှာအလွန်တရာခန့်ညားနေသဖြင့် တန်ခိုးအရာ၌ မသေးလှသူဖြစ်မည်ဟု စွန်းဟိန်ကျဲ ခန့်မှန်းမိလေ၏။

ဘီလူးသည်တံခါးပေါက်သို့ရောက်ရှိလာ၏။

"သင်ဘယ်သူလဲ၊ ကျုပ်ရဲ့ဂူဝမှာအော်ကြီးဟစ်ကျယ်နဲ့ ဘာလာဖြစ်နေတာလဲ ....."

စွန်းဟိန်ကျဲက –

"အသင်ဘီလူး ... သင်ခိုးယူသွားတဲ့သင်္ကန်းဟာ ငါ့ဆရာရဲ့သင်္ကန်းပါ၊ ခုချက်ချင်းပြန်ပေးရင် သင့်ကိုအသက်ချမ်းသာခွင့်ပေးမယ်၊ နို့မဟုတ်ရင်တော့ ....."

သူသည် လိုတရ သံမဏိရွှေရစ်တုတ်အား မြှောက်ပြလိုက်လေ၏။

ထိုဘီလူးက –

"အသင်ဘယ်ကျောင်းကလဲ၊ သင်္ကန်းဘယ်နေရာမှာကျပျောက်လို့ ကျုပ်ဆီမှာလာတောင်းနေရတာလဲ"

စွန်းဟိန်ကျဲက ရှည်ဝေးစွာရှင်းပြနေရ၏။

"ကွမ်ယင်မယ်တော် ကျောင်းမီးလောင်နေတဲ့အချိန်မှာ ကျောင်းထိုင်ဆရာတော်တောင်းယူသွားတဲ့ သင်္ကန်းဟာ ဘုရားကျောင်းဆောင်ထဲမှာရှိနေတယ်၊ ဒီသင်္ကန်းကို သင်ခိုးယူသွားတယ်မဟုတ်လား၊ မွေးနေ့လုပ်တဲ့အခါမှာ သင်္ကန်းကိုတောင် သင် ပြပွဲလုပ်မယ်လို့ သင်ပြောနေတယ် မဟုတ်လား၊ အဲ့ဒီသင်္ကန်းဟာ ကျောင်းထိုင်ဆရာတော်က တညကြည့်ပါရစေဆိုပြီး ကျုပ်ဆရာဆီက တောင်းသွားတဲ့သင်္ကန်းပဲ ....."

ဘီလူးသည်ရယ်မောလိုက်၏။

"မနေ့ညက ခေါင်မိုးပေါ်မှာထိုင်ပြီး မီးလောင်ရာ လေပင့် လုပ်နေတဲ့ သူဟာသင်ကိုး .....၊ ဟုတ်တယ်၊ သက်န်းကိုကျုပ်ယူခဲ့တယ်၊ သင်ဘာ လုပ်မလဲ ....."

စွန်းဟိန်ကျဲက -

"သက်န်းပြန်မပေးရင် သင့်ကိုရိုက်သတ်ရလိမ့်မယ်"

ဘီလူးသည်ရယ်မောလိုက်၏။

"သင်ကကျုပ်ကို ရိုက်သတ်မယ်လို့ ပြောရလောက်အောင် သင်က ဘယ်သူမို့လို့လဲ"

စွန်းဟိန်ကျဲက -

"ကျုပ်ဟာ မဟာထန်နိုင်ငံရဲ့ ထန်စန်းကျွမ်းဆရာတော်ရဲ့တပည့် စွန်းဟိန်ကျဲပဲ ....."

"သင်ကဘယ်လောက်စွမ်းလို့လဲ ....."

စွန်းဟိန်ကျဲက -

"ကျုပ်ဘယ်လောက် စွမ်းသလဲဆိုတာ သိချင်ရင် ကျုပ်ပြောပြမယ်၊ သေသေချာချာနားထောင်၊ ကြောက်မသွားနဲ့."

ဘီလူးကရယ်မောလေ၏။

"ပြောစမ်းပါဦးဗျာ၊ ကျုပ်နားဆင်ရဦးမှာပေါ့ ....."

"နားဆင်ပါ .... နားဆင်ပါ .... ကျုပ်ရဲ့သံမဏိတုတ်ဟာ နဂါးမင်းရဲ့လိုတရသံမဏိရွှေရစ်တုတ်၊ အဲ့ဒါကိုကျုပ်နဂါးပြည်ကယူဆောင်လာတာ ...."

"နားဆင်လျက်ပါဗျာ ...."

"ဒီတုတ်နဲ့နတ်စစ်သည်တော်များကိုတိုက်ခိုက်ခဲ့တယ်..၊ပင်လယ်နဂါးများကိုနှိမ်နင်းခဲ့တယ်၊ ငရဲပြည်က ယမမင်းများကို ကြောက်ဒူးတုန်စေခဲ့တယ် ...."

"မဆိုးလှပါဘူး"

"နောက်ဆုံး မြတ်စွာဘုရားနဲ့တွေ့မှ တန်ခိုးချင်းယှဉ်ပြိုင်ရင်း တောင်ငါးလုံးအောက်မှာ နှစ်ပေါင်းငါးရာ အပိခံခဲ့ရတယ်၊ အခု နောင်တတရားရလို့ ပိဋကတ်သုံးပုံပင့်ဆောင်မယ့် ဆရာတော်နောက်ကို လိုက်ပါစောင့်ရှောက်နေတယ်"



ထိုဘီလူးသည် တဟားဟားဖြင့်အော်ဟစ်ရယ်မောလေတော့၏။

"သင်ဘာရယ်တာလဲ"

စွန်းဟိန်ကျဲကမေးလိုက်သည်။

ဘီလူးက -

"ကျုပ် .... သိပြီ၊ သင်ဟာနတ်မင်းကြီးဆီမှာမြင်းထိန်းလုပ်ခဲ့တဲ့မျောက်ပဲ ...."

"သင် အဲ့ဒီမြင်းထိန်းရာထူးကိုဘဲ သွားယူစမ်းပါဦး၊ နတ်မင်းကြီးက စကြဝဠာတန်ခိုးရှင်ဆိုတဲ့ ရာထူးနဲ့ဌာနပေးပြီး ခန့်ထားခဲ့တာကိုတော့ သင်မပြောဘဲနဲ့ မြင်းထိန်းလုပ်ခဲ့တာကိုပဲ ကွက်ပြီး သင်ပြောတယ်၊ သင့် စိတ်ဓါတ်ကို ကျုပ်သိပြီ၊ ကဲ .... ခံနိုင်ရင်ခံပေတော့"

စွန်းဟိန်ကျဲသည် အလွန်ဒေါသထွက်သဖြင့် အမွေးများပင်ထောင် လာသည်။ သူသည်ဒေါသကိုမထိန်းသိန်းတော့ဘဲ အံကြိတ်ပြီး သံတုတ်ဖြင့် ရိုက်ချသည်။

"ဝုန်း ...."

"ထန်း ...."

လှံတံဖြင့်ဘီလူးကခံပေးလိုက်ရာ လက်မောင်းတစ်လျှောက် ကျဉ်တက်သွားတော့သည်။

ပြင်းထန်သော ဒေါသအဟုန်ဖြင့် တိုက်ခိုက် သည်။ တိုက်ကွက်များကို ဘီလူးသည်အပြင်းအထန်ခုခံရလေတော့၏။ တိုက်ပွဲကြီးကား အလွန်ပြင်းထန်လှချေ၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၄၈)

## အထပ်ထပ်တိုက်ပွဲ

စွန်းဟိန်ကျဲနှင့်ဘီလူးတို့ပြင်းထန်စွာတိုက်ပွဲဖြစ်နေစဉ် နေလုံးကြီးသည် ကောင်းကင် အလယ်ဗဟိုတည့်တည့်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဘီလူးသည်နောက်ဆုတ်၍လက်ကာပြလိုက်၏။

"ခဏနေဦး ...."

စွန်းဟိန်ကျဲက –

"သင် .... သက်န်းပြန်ပေးတော့မလိုလား ...."

ဘီလူးကခေါင်းရမ်းလိုက်၏။

"မဟုတ်ဘူး ...."

သူသည်ဗိုက်ကိုနှိပ်ပြ၏။

"ကျုပ်ဗိုက်ဆာပြီ၊ ခဏနားကြမယ်၊ မနက်ဖြန်မှဆက်တိုက်မယ်"

ဘီလူးမှာ ရေရှည်တွင် စွန်းဟိန်ကျဲကို မတိုက်နိုင်ကော့ချေ။ ထို့ကြောင့်အကြောင်းပြခြင်းဖြစ်သည်။

စွန်းဟိန်ကျဲက –

"ကျုပ်နှစ်ပေါင်းငါးရာတောင် အစာမစားဘဲနေနိုင်တာပဲ၊ သင်နဲ့နေ့တစ်ဝက်ပဲတိုက်ရသေးတယ်၊ ဗိုက်ဆာတယ်ဆိုတာတော့လွန်တာပေါ့"

"မလွန်ပါဘူး ....၊ ကျုပ်ဗိုက်ဆာတာတကယ်ပါ၊ နောက်နေ့မှတွေ့ကြတာပေါ့ ...."

ဘီလူးသည် ပြောပြောဆိုဆိုဖြင့် သူ၏လေမည်းလိုဏ်ဂူထဲသို့ပြေးဝင်သွားပြီးတံခါးပိတ်ထားလေ၏။



စွန်းဟိန်ကျဲသည်အမျိုးမျိုးဆဲဆိုအော်ဟစ်သော်လည်း ဘီလူးကလုံးဝထွက်မလာတော့ပါ၊ နောက်ဆုံးစွန်းဟိန်ကျဲသည်လက်လျှော့ကာပြန်သွားရလေတော့၏။

ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများသည် ဆွမ်းကပ်ပြီးစီးပြီဖြစ်၍ ပန်းကန်ခွက်ယောက်များ သိမ်းဆည်းနေကြလေ၏။ ထိုစဉ်ကောင်းကင်ပေါ်မှ စွန်းဟိန်ကျဲဆင်းသက်လာသည်ကိုတွေ့ရသဖြင့် သူတို့သည် လွန်စွာအံ့သြသွားကြ၏။ သူတို့သည်စွန်းဟိန်ကျဲအား ဦးခိုက်ရှိခိုးကြလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲရောက်ရှိလာသည်ကိုတွေ့မြင်ရသောအခါ အလောတကြီးမေးမြန်းလိုက်၏။

"စွန်းဟိန်ကျဲ .... သင်္ကန်းသွားရှာတာ ဘယ်အခြေအနေရောက်ပြီလဲ"

"သင်္ကန်းနဲ့ပတ်သက်လို့သတင်းရလာပါပြီဆရာ ...."

"ဘယ်သူခိုးသွားတာလဲ"

"တပည့်တော်ဒီကျောင်းကဘုန်းကြီးတွေအပေါ်အထင်လွဲမိတာမှားပါတယ်ဆရာ ....၊ သင်္ကန်းကိုလေမည်းတောင်က ဘီလူးကခိုးယူသွားတာပါ၊ သူတို့စကားပြောနေတာကိုလည်းကြားခဲ့တယ်၊ နောက်ဆုံးသူကိုယ်တိုင်ကဝန်ခံသွားတာပါဆရာ ....."

"သင် .... သူ့ဆီကပြန်မတောင်းခဲ့ဘူးလား ...."

"တောင်းပါတယ်ဆရာ .... သူကပြန်မပေးလို့ တိုက်ခိုက်ခဲ့ရပါသေးတယ် ...."

"နောက်ဘယ်လိုဖြစ်သလဲ"

"သူကတိုက်ခိုက်နေရင်းက ဆာတယ်ဆိုပြီး လိုဏ်ဂူထဲပြေးဝင်သွားပါတယ်၊ ဒါကြောင့် တပည့်တော်ပြန်လာတာပါ ...."

သူသည်ဘုန်းကြီးများကိုကြည့်လိုက်ပြီး –

"ကျုပ်ရဲ့ဆရာကိုဘုန်းကြီးတို့သေသေချာချာဂရုစိုက်ကြရဲ့လား"

ဘုန်းကြီးများကပြိုင်တူပြောသည်။

"အားလုံးကို လိုလေသေးမရှိအောင် ဂရုစိုက်ပြုစုပါတယ် ...."

ထန်စန်းကျွမ်းဆရာတော်ကလက်အုပ်ချီ၍ –

"သူတို့အားလုံးဂရုစိုက်ကြပါတယ်"

စွန်းဟိန်ကျဲက –

"ကောင်းတယ်၊ ဆရာတော်ကို ဂရုစိုက်ရုံတင်မကဘူး၊ မြင်းကိုလဲဂရုစိုက်ပါ၊ အစာကျွေးပါ၊ ရေတိုက်ပါ ...."

ကိုရင်တစ်ပါးက –

"ကျွန်တော်တို့မမေ့ပါဘူး၊ အစာကျွေးပါတယ်၊ ရေတိုက်ထားပါတယ် ...."

စွန်းဟိန်ကျဲကျေနပ်သွား၏။

"ဆရာ .. တပည့်တော် သက်န်းရအောင်သွားယူလိုက်ပါဦးမယ်"

ထန်စန်းကျွမ်းဆရာတော်က –

"ကောင်းပါတယ် .... သင်္ကန်းရမှ ငါတို့ခရီးဆက်သွားရမှာ၊ သင်သာ သင်္ကန်းကိုအမြန်ဆုံးပြန်ရအောင် ဆောင်ရွက်ပါ ...."

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်သို့ခုန်တက်ပြီး တိမ်တိုက်စီးကာထွက်ခွါသွားသည်။ ခဏအကြာတွင်ပျောက်ကွယ်သွားသည်။

စွန်းဟိန်ကျဲသည် လေမည်းတောင်သို့ ရောက်သောအခါ တိမ်တိုက်ပေါ်မှခုန်ဆင်းလိုက်လေ၏။ သူသည်လေမည်းတောင်သို့လျှောက်လာသည်။ ထိုစဉ် ဘီလူးလေးတစ်ကောင်သည်လေးထောင့်သေတ္တာကလေး ကိုင်ဆောင်၍ လာနေသည်ကိုတွေ့လိုက်ရသည်။

သူသည်လေးထောင့်သေတ္တာထဲ၌ တစ်စုံတစ်ခုရှိရမည်ဟုယူဆသည်။ ထို့ကြောင့် ဘာမပြောညာမပြောနှင့်ဘီလူးကလေးအားသံတုတ်နှင့်တစ်ချက်ဘည်းရိုက်သတ်လိုက်တော့သည်။

"ဒုတ် ...."

"ဝုန်း ...."

သူသည်ဘီလူးကလေးအား လမ်းဘေးသို့ဆွဲချလိုက်၏။

သူသည်လေးထောင့်သေတ္တာကလေးအား ယူ၍ဖွင့်ကြည့်လိုက်ရာ ဖိတ်စာတစ်စောင်ကိုတွေ့ရလေ၏။

ဖိတ်စာပေါ်၌ရေးသားထားသောစာသားမှာ –

" ကျင်းတီးမိတ်ဆွေကြီးခင်ဗျား ....

တရားရေအေးကို အမြဲတိုက်ကျွေးနေသဖြင့် ကျေးဇူးအထူးတင်ပါတယ်၊ ညတုန်းက မီးလောင်တာကို တွေ့ပါတယ်။ လာပြီးမကူညီနိုင်တာကို ခွင့်လွှတ်ပါ။ ကျွန်ုပ်ဟာ မမျှော်လင့်ဘဲ တန်ဖိုးရှိတဲ့ သင်္ကန်းတစ်ထည်ကို ရရှိခဲ့ပါတယ်။ မိတ်ဆွေကြီး အတူတကွ ပူးမြှော်နိုင်ရန် ကြွခဲ့ပါ၊



ကျွန်ုပ်က စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံပါမည်၊ မနက်ဖြန် မပျက်မကွက် ကြွရောက်ပါရန် အကြောင်းကြားအပ်ပါသည် "

ကျင်းတီး မိတ်ဆွေကြီး ဆိုသည်မှာ သူတို့ မီးလောင်ပြာကျသွားသည့် ကျောင်းထိုင်ဆရာတော်၏ အမည်ကို ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ထိုကျောင်းထိုင်ဆရာတော် ကွယ်လွန်သွားပြီဖြစ်ကြောင်း ထိုဘီလူးမသိသဖြင့် ဖိတ်စာပို့ခြင်းဖြစ်ပေမည်။

စွန်းဟိန်ကျဲသည် အကြံတစ်ခုရ လာလေ၏။

" ဒီကျောင်းထိုင်အကြောင်း ငါကောင်းကောင်းမှတ်မိတာပဲ .....၊ အသက်နှစ်ရာ့ခုနစ်ဆယ် ရှိပြီလို့ပြောတဲ့ ဆရာတော်၊ ဒီဆရာတော် အယောင်ဆောင်ဖန်ဆင်းပြီး သင်္ကန်းပြန်ရအောင်ကြံရမှာပဲ ....."

သူသည် ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်ရာ ကျောင်းထိုင်ဆရာတော်၏ ရုပ်နှင့် ခွဲမရအောင် တူသည့် ခန္ဓာကိုယ်သို့ ပြောင်းလဲသွားလေ၏။ သူအားမည်သို့ ကြည့်ကြည့် ကျောင်းထိုင်ဆရာတော်နှင့် ခွဲမရအောင် တူညီသည်။ ထို့နောက် သူသည် ခြေလှမ်းကျဲကျဲဖြင့် လေမည်းလိုဏ်ဂူသို့ လျှောက်သွားလေတော့၏။

" ဒေါက် ..... ဒေါက် ..... ဒေါက် ..... "

သူက လေမည်း လိုဏ်ဂူတံခါးကို ခေါက်လိုက်ရာ ဘီလူးကလေးတစ်ကောင်က ခေါင်းပြူကြည့်သည်။ သူသည် ကျောင်းထိုင်ဆရာတော်အား မြင်သောအခါ လေမည်းတောင် ဘီလူးအား သွားရောက်သတင်းပို့ လေ၏။

" ကျောင်းထိုင်ဆရာတော်ကြွလာပါပြီ သခင်ကြီး "

လေမည်းတောင်ဘီလူးသည် သံသယဝင်လာ၏။

" ငါ ..... အခုပဲ သူ့ဆီဖိတ်စာပို့လိုက်တယ်။ ဖိတ်စာတောင် သူ့ဆီမရောက်နိုင်သေးဘူး၊ သူက ငါ့ဆီရောက်နေပြီ၊ သူရောက်တာမြန်လွန်းတယ် "

သူသည်အခြေအနေကို သုံးသပ်လိုက်၏။

" သူက ငါ့ဖိတ်စာမရခင် လာပုံထောက်တော့ ဟိုမျောက်က သူ့ကို သင်္ကန်းတောင်းခိုင်းလိုက်တာပဲဖြစ်မယ်၊ သင်္ကန်းကို သူ့ဘုရားကျောင်းဆောင်ထဲက ငါယူလာခဲ့တာ မဟုတ်လား "

သူသည် သူ့ အခိုင်းအစေ ဘီလူးများအား သင်္ကန်းကို ဝှက်ထား

ရန်ပြောလိုက်၏။ ထို့နောက် သူသည် ထွက်၍ ကြိုဆိုလိုက်သည်။

စွန်းဟိန်ကျဲသည် ကျောင်းထိုင်ဆရာတော်၏ ဟန်ပန်အမူအရာမျိုးဖြင့် ပြန်လည်အရိုအသေပြုလိုက်၏။

" ထိုင်ပါ ..... ထိုင်ပါ ..... "

ကျောင်းထိုင်ဆရာတော်သည် ထိုင်ခုံတစ်လုံး၌ ထိုင်သည်။ လေမည်းတောင်ဘီလူးက မျက်နှာချင်းဆိုင်ထိုင်လိုက်၏။

ဘီလူးကြီးက -

" ကျွန်ုပ်က ငယ်ကျွန်တစ်ယောက်ကို ဖိတ်စာပို့ခိုင်းလိုက်ပါတယ်၊ ဖိတ်စာမှာလဲ မနက်ဖြန်လို့ ဖော်ပြထားပါတယ်။ ကျောင်းထိုင်ဆရာတော်က ချက်ချင်းရောက်လာတာကို: ....."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

" ကျုပ်က သင့်ဆီကို ထွက်အလာမှာ လမ်းမှာပဲ ဖိတ်စာပို့တဲ့ သင့်ငယ်ကျွန်နဲ့ တွေ့ပါတယ်၊ ဒါကြောင့် ကျုပ်ချက်ချင်းရောက်လာတာပဲ ဖြစ်ပါတယ် ....."

ဘီလူးကြီးက -

" ဒါဖြင့် ကျုပ်သိပြီ၊ ကျောင်းထိုင်ဆရာတော်ဟာ ရွှေသင်္ကန်းကို အလျှင်စလို ဖူးမြော်ချင်လို့ပဲ ဖြစ်လိမ့်မယ် ....."

" မှန်ပါတယ် ..... "

" ဒါနဲ့ ထန်စန်းကျွမ်းဘုန်းတော်ကြီးဟာ ကျောင်းထိုင်ဆရာတော်ရဲ့ ကျောင်းမှာပဲ တည်းခိုနေတာပဲ၊ ဆရာတော်မတွေ့ခဲ့ဘူးလား ....."

" ကျုပ် ..... သူနဲ့တော့မတွေ့ရသေးပါဘူး၊ ဒါပေမယ့် ..... ဆရာတော်တစ်ပါးနဲ့ မျောက်တစ်ကောင်တော့ ရောက်နေတယ်လို့ ကျုပ်ရဲ့ကိုရင်လေးတွေက ပြောကြတယ် "

" ဟုတ်တယ်၊ ဟုတ်တယ်၊ မျောက်တစ်ကောင်လဲ ပါသေးတယ် "

" သူတို့ ရောက်ချိန်မှာ မိုးချုပ်နေပြီ၊ ဒီတော့ ကျုပ်ထွက်မတွေ့နိုင်တော့ဘူးပေါ့၊ မနက်ဖြန်ကျမှပဲ ထွက်တွေ့မယ်လို့ စိတ်ကူးထားတုန်းဖြုန်းဆို ဒီည မီးလောင်မှုဖြစ်သွားတယ်၊ ဒီမနက်မှာ သင်္ကန်းပျောက်တယ်လို့ ကြားရတာပဲ ....."

သူတို့ စကားပြောနေစဉ် ဘီလူးကလေးတစ်ကောင်သည် ရေးကြီးသုတ်ပျာပြေးလွှားလာလေ၏။



ဘီလူးကြီးက -

" ဘာတွေဖြစ်လာပြန်ပြီလဲ "

" သခင်ကြီး ........ ကျွန်တော်မျိုးကင်းလှည့်ရင်း ကျောင်းထိုင်ဆရာတော်ဆီ ဖိတ်စာပို့ခိုင်းလိုက်တဲ့ ဘီးလူးကလေးအလောင်းကို လမ်းဘေးမှာ တွေ့ခဲ့ပါတယ်၊ အဲဒါကို လာသတင်းပို့တာပါ....."

ဘီလူးကြီးသည် ချက်ချင်းပင် သိလိုက်မိလေ၏။ ယခုသူနှင့် စကားပြောနေသူမှာ ကျောင်းထိုင်ဆရာတော် အစစ်မဖြစ်နိုင်တော့။ စွန်းဟိန်ကျဲဟု ခေါ်တွင်သည့် မျောက်က ဆရာတော် အယောင်ဆောင်ဖန်ဆင်းထားမည်ဖြစ်ကြောင်း သိလိုက်သည်။

သူသည် ချက်ချင်း ခုန်ထ၍ သူ့လှံတံကို ဆွဲယူလိုက်သည်။ သူသည် စွန်းဟိန်ကျဲ၏ ရင်ဝကိုလှံတံ ဖြင့် ထိုးသွင်းလိုက်၏။

" ဖတ် ..... "

စွန်းဟိန်ကျဲသည် လှံတံကို ချက်ချင်းဖမ်းဆုပ်လိုက်သည်။ ကျောင်းထိုင်ဆရာတော်၏ ရုပ်သည် ချက်ချင်း ပျောက်သွားပြီး စွန်းဟိန်ကျဲ၏ ရုပ်သွင်ပေါ်လာသည်။

သူတို့သည် အပြင်းအထန်တိုက်ခိုက်ကြလေတော့၏။ သူတို့သည် လိုဏ်ဂူထဲ၌ တိုက်ခိုက်သည်ကို အားမရသဖြင့် လိုဏ်ဂူပြင်ပသို့ ထွက်၍ တိုက်ခိုက်ကြသည်။

ဘီလူးကြီး၏အခြွေအရံဘီလူးများက ဝိုင်းဝန်းအားပေးကြသည်။

တိုက်ပွဲသည် အလွန်ပြင်းထန်လှသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသဲမှုန်များထသွားသည်။ သူတို့သည် တိမ်ပေါ်သို့တက်၍ တိုက်ခိုက်ကြလေ၏။ ထို့နောက် တောင်ထိပ်ပေါ်သို့ ခုန်ဆင်းကြပြန်သည်။ တောင်ထိပ်ပေါ်၌ တိုက်ခိုက်ကြပြန်သည်။

စွန်းဟိန်ကျဲသည် အလွန်ထက်မြက်သူဖြစ်၏။ စွန်းဟိန်ကျဲကို ဤမျှတိုက်ခိုက်နိုင်ခြင်းအတွက် လေမည်းတောင်ဘီလူးအား ချီးကျူးရမည်ဖြစ်သည်။ နေဝင်ချိန်အထိ သူတို့ တိုက်ခိုက်နေကြသည်။

လေမည်းတောင်ဘီလူးသည် နောက်သို့ခုန်ဆုတ်ရင်း လက်ကာပြသည်။

" ခဏနေဦး ..... "

စွန်းဟိန်ကျဲ ရပ်လိုက်ရပြန်သည်။

" သင် ..... ဘာပြောချင်လို့လဲ ....."

" အခုမှောင်လာပြီ၊ နက်ဖြန်ကျမှ တိုက်ပွဲကိုဆက်မယ် "

" မရပ်ဘူး၊ သင့်ဆီက သက်န်းမရမချင်း ကျုပ်ကတော့တိုက်ခိုက်ရမှာပဲ ....."

သူသည် လိုတရ သံမဏိတုတ်ဖြင့် ဆက်လက်တိုက်ခိုက်တော့သည်။

ဘီလူးသည် ငှက်အသွင် ရုတ်ခြည်းဖန်ဆင်းပြီး လိုဏ်ဂူထဲသို့ ပြေးဝင်လေ၏။ ထို့နောက် လိုဏ်ဂူတံခါးကို အသေပိတ်ထားလိုက်တော့၏။

" ဟော့ ..... ဘီလူးယုတ် ..... နင်ကြောက်ရင် သင်္ကန်းကို ပြန်ပေးသင့်တယ် ..... "

သူသည် လိုဏ်ဂူဝမှနေ၍ တတ်သမျှမှတ်သမျှ အဆဲမျိုးစုံဖြင့် အော်ဆဲနေ၏။ လေမည်းတောင် ဘီလူးကား နားပိတ်ထားသည်။

စွန်းဟိန်ကျဲသည် တောက်တစ်ချက်ခေါက်ပြီး ထန်စန်းကျွမ်းဆရာတော်ဆီသို့ ပြန်ရလေတော့၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း(၄၉)

## ဖန်ဆင်းခြင်းအတတ်ပညာ

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲ ပြန်ရောက်လာသည်ကို မြင်သောအခါ သင်္ကန်းပြန်ရလေသလားဟု ခေါင်းထောင်ကြည့်မိ၏။ သို့သော် သင်္ကန်းပါမလာသည်ကို တွေ့ရှိသွားသည်။ စိတ်မသက်မသာ ဖြစ်သွားရလေ၏။

"ဟိန်ကျဲ....သင်္ကန်းပြန်မရသေးဘူး မဟုတ်လား"

စွန်းဟိန်ကျဲက စိတ်မသက်မသာဖြင့် ဖြေသည်။

"မှန်ပါတယ်ဆရာ"

"သင် ဒီဘီလူးကို မနိုင်တော့ဘူးထင်တယ်"

"ဒီ ဘီလူးဟာ ဒီက ကျောင်းထိုင်ဆရာတော်နဲ့ မိတ်ဆွေ ဖြစ်နေပါတယ်"

"ဒါကိုတော့ ဒီကဘုန်းကြီးပြောထားတာပဲ...ထားပါတော့တခြားအထောက်အထား တွေ့ခဲ့သေးလို့လား...."

"တပည့်တော် သူ့ဆီက သင်္ကန်းတောင်းဖို့ ထွက်သွားတယ်မဟုတ်လား၊ လမ်းမှာ ဘီလူးကလေးတစ်ကောင်နဲ့ တွေ့ပါတယ်၊ သူ့ကို ရိုက်သတ်လိုက်တော့ သူ့လက်ထဲမှာ လေးထောင့်သေတ္တာကလေး တွေ့ပါတယ်၊ အဲဒီသေတ္တာထဲမှာ ဖိတ်စာပါတယ်၊ ဖိတ်စာက ဒီက ကျောင်းထိုင်ဆရာတော်ကို ဖိတ်ထားတဲ့ဖိတ်စာပဲ...."

ထန်စန်းကျွမ်းဆရာတော်အား စွန်းဟိန်ကျဲက ဖိတ်စာ ကမ်းပေးလေ၏။

"ကျောင်းထိုင်ဆရာတော်ကို လေမည်းတောင်ဘီလူးကဖိတ်လိုက်

တဲ့ဖိတ်စာဟာ ဒီဖိတ်စာပါပဲ...."

အနီးအနားၓ္ရှိသော ဘုန်းကြီးများက ဝင်ရောက်ပြောဆိုကြသည်။

"ကျောင်းထိုင်ဆရာတော်နဲ့ ဘီလူးဟာ မိတ်ဆွေတွေတော့ မဟုတ်ပါဘူး...၊ ကျောင်းကိုလာပြီး ဒီဘီလူးဟာ တရားဘာဝနာ ဆွေးနွေးလေ့ရှိပါတယ်...."

စွန်းဟိန်ကျဲသည် ကျောင်းထိုင်ဆရာတော် အယောင်ဆောင်၍ လေမည်းတောင် လိုဏ်ဂူထဲသို့ဝင်ပုံ၊ ဘီလူးကြီးနှင့် စကားပြောနေစဉ် အသတ်ခံရသော ဘီလူးကလေးအကြောင်း လာရောက်သတင်းပို့ပုံ၊ ဘီလူးကြီးက သူ့အား တိုက်ခိုက်ပုံ၊ နောက်ဆုံး ဂူထဲသို့ ပြန်ပြေးပြီး ဂူတံခါးကို အသေအချာပိတ်ပုံတို့ကို ပြန်လှန်ပြောပြလေ၏။

ထန်စန်းကျွမ်းဆရာတော်က–

"သင်... သူနဲ့ တိုက်ခိုက်တဲ့အခါ ဘယ်သူက အသာစီးရသလဲ"

"လောလောဆယ်ဆယ်မှာတော့ လက်ညီနေပါတယ်၊ ဒါပေမယ့် သူပြန်ပြေးတာ နှစ်ကြိမ်ရှိပါပြီ၊ ရေရှည်မှာ တပည့်တော် နိုင်မယ်လို့ မျှော်လင့်ရပါတယ်...."

"ဒါဖြင့် လောလောဆယ်ဆယ်တော့ သက်န်း ပြန်မရနိုင်သေးဘူးပေါ့...."

"မစိုးရိမ်ပါနဲ့ဆရာရယ် သင်္ကန်းပြန်ရဖို့ တပည့်တော် အစွမ်းကုန်ကြိုးစားနေပါတယ်...."

သူသည် ဆရာတော်ဘုရား ဝတ်ပြုပြီးသည်အထိ စောင့်နေလေ၏။ ဆရာတော်ဘုရား ဝတ်ပြုပြီးမှ အိပ်စက်လေ၏။ ဘုန်းကြီးများမှာလည်း ဘုရားဆောင်ခြေရင်း၌ တန်းစီ၍ အိပ်စက်ကြရလေ၏။

ထန်စန်းကျွမ်းဆရာတော်မှာ သင်္ကန်းမရရှိသေးသဖြင့် ကောင်းစွာ အိပ်မပျော်ပါချေ။ သည်မိုးသောက်အရုဏ်ကျင်းသည်နှင့် စွန်းဟိန်ကျဲကို နှိုးလိုက်သည်။

"ဟိန်ကျဲ....မိုးလင်းပြီထတော့...."

စွန်းဟိန်ကျဲသည် အိပ်ရာမှ ကပျာကယာ ထလိုက်ရလေ၏။ ဘုန်းကြီးများလည်း အားလုံးထကြရသည်။ ဆရာတော်အား ဆွမ်းကပ်ရန် ချက်ပြုတ် ပြင်ဆင်ရတော့သည်။

စွန်းဟိန်ကျဲက ဘုန်းကြီးများအား မှာကြားလေ၏။



"ဘုန်းကြီးတွေ ကျုပ်တို့ ဆရာတပည့်နှစ်ယောက် ဒုက္ခရောက်ရတာ သင်တို့ကြောင့်ဖြစ်တယ်၊ သင်တို့သာ မတော်မတရားမလုပ်လျှင် ကျုပ်တို့ ဆရာတပည့်နှစ်ယောက် အေးအေးချမ်းချမ်း ခရီးထွက်နေနိုင်ပြီ၊ ဒါကြောင့် ကျုပ်ရဲ့ဆရာတော် စိတ်လက်ချမ်းသာအောင် ပြုစုကြပါ...၊ ကျုပ် သွားလိုက် ဦးမယ်...."

ဆရာတော်က မေးလိုက်သည်။

"ဟိန်ကျဲ....သင် ဘယ်ကို သွားမလို့လဲ"

"တပည့်တော်... ကွမ်ယင်မယ်တော်ဆီ သွားမလို့ပါ ဘုရား...."

"ဘာဖြစ်လို့ ကွမ်ယင်မယ်တော်ဆီ သွားနေမှာလဲ"

" ဒီဘုန်းကြီးကျောင်းဟာ ကွမ်ယင်မယ်တော်ကို ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းဖြစ်ပါတယ်...၊ အခု.. ဒီကျောင်းမီးရှို့ခံရတဲ့ အကြောင်း၊ သင်္ကန်း အခိုးခံရတဲ့ အကြောင်းတွေကို တပည့်တော် သွားပြောပြလိုက်ပါမယ်၊ ကွမ်ယင်မယ်တော်ဟာ ကူညီမှာပါ ဘုရား..."

"အင်းလေ ..... ဒီလိုဆိုရင်လဲ သွားပေါ့"

စွန်းဟိန်ကျဲသည် ဆရာတော်အား ကောင်းစွာ စောင့်ရှောက်ကြရန် ဘုန်းတော်ကြီးများအား မှာကြားသည်။ ထို့နောက် တိမ်တိုက်ပေါ်သို့ ခုန်တက်ကာ တောင်ပင်လယ်ကျွန်းရှိရာသို့ တိမ်တိုက်စီး၍ ခရီးထွက်လေတော့၏။

မကြာမီ သူသည် တောင်ပင်လယ်ကျွန်းပေါ်သို့ ရောက်ရှိလာသည်။ သူသည် တိမ်တိုက်ပေါ်မှ ငုံ့ကြည့်လိုက်ရာ တောင်ပင်လယ်ကျွန်းသည် အလွန်သာယာလှသည်ကို တွေ့ရှိရလေ၏။ ကျွန်းတစ်ခုလုံးမှာ စိမ်းလန်း စိုပြည်နေသည်။ ထူးဆန်းသော ပန်းမာလာတို့ ရှုမငြီးအောင် လှပနေသည်။ ကြိုးကြာ၊ သမင်များ ပျံသန်း ပြေးလွှား ဆော့ကစားနေသည်ကို တွေ့ရသည်။

ဤကျွန်းမှာ ဘောမဲ့ဥယျာဉ်ကြီး ဖြစ်နေသည်တကား။

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှဆင်းသက်လိုက်၏။ ထိုအခါ ကျွန်းစောင့်နတ်သားက ဆီးကြိုနှုတ်ဆက်သည်။

"မျောက်မင်းပါလား ....."

"ဟုတ်တယ်"

"သင်ဟာ ထန်စန်းကျွမ်း ဆရာတော်နောက် လိုက်နေတယ်လို့

ကြားတယ်၊ ပိဋကတ်တော်သုံးပုံ ပင့်ဆောင်ရတဲ့ ခရီးဟာ ခရီးကြမ်းကြီးပါ၊ သင်အချိန်ရလို့ ဒီကျွန်းကိုအလည်လာတာလား"

မျောက်မင်းက -

"အလည်လာတာ မဟုတ်ပါဘူး .....၊ သွားရင်းလာရင်း အခက်အခဲ တစ်ခုကြုံနေလို့ ကွမ်ယင်မယ်တော်ကို တွေ့ဖို့ လာတာပါ၊ ကျေးဇူးပြုပြီး လျှောက်ထားပေးပါ ....."

ကျွန်းစောင့် နတ်သားက -

"ကောင်းပါပြီ၊ ကျွန်ုပ် သွားရောက် လျှောက်ထားပါမယ်၊ သင် ဒီကစောင့်ပါ ....."

သူသည် ခရမ်းရောင် ဝါးရုံတောထဲသို့ ဝင်သွားလေတော့၏။ တစ်ခဏမျှသာ ကြာသည်။ သူ ပြန်ထွက်လာသည်။

"အထဲကို ကြွပါ မျောက်မင်း ....."

မကြာမီ ကြာပလ္လင်ရှိရာသို့ ရောက်ရှိလာ၏။ ကွမ်ယင်မယ်တော်သည် ကြာပလ္လင်ထက်၌ တင့်တယ်စွာ ထိုင်နေ၏။ စွန်းဟိန်ကျဲသည် လက်အုပ်ချီ ဂါရဝပြုသည်။

"အသင် ..... အဘယ်ကိစ္စနဲ့လာပါသလဲ ....."

စွန်းဟိန်ကျဲက အကျိုးအကြောင်း အလုံးစုံကိုရှင်းပြလိုက်၏။

ကွမ်ယင်မယ်တော်က -

"သင်တို့ တည်းခိုတဲ့ ဘုန်းကြီးကျောင်းကနေ ဘီလူးတစ်ကောင်က သင်္ကန်းခိုးသွားတယ်၊ ကျွန်ုပ်ဆီမှာ သင်္ကန်း နောက်တစ်ထည် ရှိတယ်ထင်လို့ သင် လာတာလား"

စွန်းဟိန်ကျဲ၏ လေသံကမာသည်။

"ဘီလူးဆီမှာ တောင်းမရရင် မယ်တော့်ဆီမှာ တောင်းရမှာပဲ"

"သင်မှားတယ်၊ သင်ထုတ်ပြလို့ တစ်ဖက်လူ လောဘတက်ပြီး ဒီအဖြစ် ရောက်ရတာ .....၊ နောက်ပြီး သင်ဟာ မီးကို ငြိမ်းသတ်ပေးသင့်တယ်၊ သင်မီးကိုမငြိမ်းတော့ ကျောင်းထိုင်ဆရာတော်ဟာလည်း မီးဖေ့နဲ့အပြင်ကို ထွက်ကြည့်တုန်း ဘီလူးက သင်္ကန်းကို ခိုးသွားတာပဲ ....."

ကွမ်ယင်မယ်တော် ပြောသည့်အကြောင်းအရာ အချို့မှာ စွန်းဟိန်ကျဲ ပြောမပြသည့် အကြောင်းအရာများ ဖြစ်သည်။ ကွမ်ယင်မယ်တော်သည် အကြားအမြင်ပေါက်ကြောင်း စွန်းဟိန်ကျဲ သိလိုက်ရသည်။



သူသည် ကွမ်ယင်မယ်တော်ကို လက်အုပ်ချီ၍ တောင်းပန်လိုက်၏။

"မှန်ပါတယ်မယ်တော် ..... ကျွန်ုပ်က ဘီလူးဆီက အကြိမ်ကြိမ်သွားတောင်းပါတယ်၊ ချိုချိုသာသာလည်းတောင်းတယ်၊ တိုက်ခိုက်ပြီးလည်းတောင်းတယ်၊ အဲဒါ တောင်းလို့မရပါဘူး .....၊ ကျွန်ုပ်ရဲ့ ဆရာကလည်း သင်္ကန်းကို ပြန်မရလို့ စိတ်တိုနေပါတယ်၊ ကျွန်ုပ်ကလည်း ခေါင်းကိုက်တဲ့ ဝေဒနာ မခံနိုင်လို့ မယ်တော်ဆီ အကူအညီ လာတောင်းရတာပါ ....."

ကွမ်ယင်မယ်တော်က -

"အဲဒီလေမည်းတောင် ဘီလူးဟာ သိပ်မညံ့လှဘူး၊ ထားပါတော့လေ၊ သင့်ဆရာရဲ့ မျက်နှာကို ထောက်ထားပြီး ကျွန်ုပ် ကူညီလိုက်မယ်"

စွန်းဟိန်ကျဲသည် ဝမ်းသာသွား၏။

ဤသို့ဖြင့် ကွမ်ယင်မယ်တော်နှင့် စွန်းဟိန်ကျဲတို့သည် တောင်ပင်လယ်ကျွန်းမှ ထွက်ခွါလာလေတော့သည်။

သူတို့မှာ အလွန်တန်ခိုးကြီးသော ပုဂ္ဂိုလ်များဖြစ်သဖြင့် မကြာမီ ပင် လေမည်းတောင်ထိပ်သို့ ရောက်ရှိလာကြသည်။ သူတို့သည် လေမည်းလိုဏ်ဂူသို့ သွားကြသည်။

ထိုသို့သွားနေစဉ် တောင်အကွေ့မှ ရသေ့တစ်ပါးသည် ဖန်ချိုင့်တစ်လုံးထဲ၌ ဆေးနှစ်လုံးကိုထည့်၍ လျှောက်လာနေသည်ကို တွေ့ရလေ၏။ သူတို့ ပက်ပင်းတိုးမိခြင်းဖြစ်သည်။ ထိုအခါ စွန်းဟိန်ကျဲသည် ဘာမပြောညာမပြောနှင့် ရသေ့အား သံတုတ်နှင့်ရိုက်သတ်လိုက်၏။

"ဒုန်း ....."

"ချွမ်း ....."

ရသေ့သည် ဦးခေါင်းကြေမွပြီး သေဆုံးသွားလေ၏။

ကွမ်ယင်မယ်တော်သည် မျက်မှောင်ကုတ်သွားသည်။

"သင်ဟာ ရိုင်းစိုင်းတဲ့ စိတ်တွေ မပျောက်သေးပါလား၊ ကျွန်ုပ်ရှေ့မှာ သင်ဟာ ဒီလို မပြုမူသင့်ဘူး ....."

"မယ်တော် ဘာသိလို့လဲ၊ ဒီရသေ့ဟာ လူကောင်းမဟုတ်ဘူး၊ လေမည်းတောင် ဘီလူးရဲ့ အပေါင်းအသင်း ဖြစ်တယ်၊ လေမည်းတောင် ဘီလူးက သူ့မွေးနေ့ပွဲနဲ့ သင်္ကန်းပြပွဲအတွက် သူ့ကို ဖိတ်ထားပုံရတယ်"

သေဆုံးနေသော ရသေ့ကြီးအား ဆွဲလှန်လိုက်၏။ ရသေ့ကြီးမှာ ဝံပုလွေတစ်ကောင်အဖြစ် ပြောင်းလဲပြီး သေဆုံးနေသည်။

"တွေ့လား ....."

ကွမ်ယင်မယ်တော်က -

"အင်း ..... ထားလိုက်ပါတော့၊ အခုသင်ဘယ်လိုလုပ်မလဲ ....."

စွန်းဟိန်ကျဲက အားရပါးရပြော၏။

"ဒီရသေ့နဲ့ တွေ့တာ ကံကောင်းတာပဲ"

ကွမ်ယင်မယ်တော်ကမေးသည်။

"ဘယ်လိုကံကောင်းတာလဲ"

"ကျွန်ုပ်မှာ အကြံတစ်ခု ရှိပါတယ်၊ မယ်တော် အကူအညီပေးရင် ဒီအကြံ အောင်မြင်မှာပါ ....."

"သင် ပြောစမ်းပါဦး"

"ဟောဒီဖန်ချိုင့်ထဲမှာ ဆေးလုံးနှစ်လုံးပါတယ်ဆိုတာ တွေ့တယ် မဟုတ်လား၊ ဒါတွေဟာ လေမည်းတောင်ဘီလူးအတွက် မွေးနေ့လက်ဆောင်ပဲ၊ ဖန်ချိုင့်ပေါ်မှာ လိန်ဖူးရသေ့ ဖော်စပ်တယ်လို့ ရေးထားတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"မယ်တော်သာ အကူအညီပေးမယ်ဆိုရင် ဘီလူးနဲ့ ယှဉ်ပြိုင်တိုက်ခိုက်စရာတောင် မလိုပါဘူး.....၊ သူ့ကို ကောင်းကောင်း နှိမ်နှင်းလို့ရတယ်၊ သင်္ကန်းကိုလည်း လွယ်လွယ်နဲ့ ပြန်ရနိုင်ပါတယ်"

ကွမ်ယင်မယ်တော်သည် နားထောင်နေသည်။

စွန်းဟိန်ကျဲက -

"မယ်တော်က မကူညီနိုင်ဘူးဆိုရင်တော့ မယ်တော်လည်း တောင်ပင်လယ်ကျွန်းကိုပြန်၊ ကျွန်ုပ်လည်း ကိုယ့်ရပ်ကိုယ့်ဌာနီကိုပြန်၊ ဆရာတော်လည်း သူ့လမ်းသူဆက်သွားပါစေပေါ့ ....."

ကွမ်ယင်မယ်တော်က ရယ်မောလိုက်၏။

"သင်ဟာ ကျွန်ုပ်ကို အကျပ်ကိုင်တာပေါ့၊ ဟုတ်လား ....."

"မဟုတ်ပါဘူး၊ ကျွန်ုပ်ပြောတဲ့အကြံဟာ ရွှေသင်္ကန်းကို လွယ်လွယ်ပြန်ရဖို့ပါ ....."

"ကဲ ..... ကဲ ..... သင့်ရဲ့အကြံကို ပြောစမ်းပါဦး"

"ဖန်ချိုင့်ပေါ်မှာ လိန်ဖူးရသေ့လို့ ရေးထားတယ်၊ မယ်တော်ဟာ ဒီရသေ့ရုပ်သွင်ကို ဖန်ဆင်းရမယ်၊ ကျွန်ုပ်ကတော့ ဒီဆေးလုံးနှစ်လုံး အနက် တစ်လုံးဖြစ်အောင် ဖန်ဆင်းလိုက်မယ်၊ မယ်တော် မှတ်မိအောင် ကျွန်ုပ်ကိုယ်ကို ဆေးလုံး အနည်းငယ်ကြီးအောင် ဖန်ဆင်းလိုက်မယ်"



ကွမ်ယင်မယ်တော်သည် စိတ်ရှည်လက်ရှည် နားထောင်နေ၏။ စွန်းဟိန်ကျဲက သူ့အကြံကို ဆက်လက်ရှင်းပြသည်။

"မယ်တော်က လိန်ဖူးရသေ့အသွင်နဲ့ လေမည်းတောင်ဘီလူးကို ဆေးလုံးတွေ ပေးလိုက်ပါ၊ ဆေးကိုစားအောင်လည်း တိုက်တွန်းပါ၊ တကယ်လို့ ဆေးလုံးအကြီးကိုစားမိရင် ကျွန်ုပ်ဟာ သူ့ဝမ်းထဲ ရောက်သွားမှာပဲ၊ သူသင်္ကန်း ပြန်ပေးအောင် မယ်တော်က တောင်းပါ၊ သူ ပြန်မပေးဘူးပြောရင် ကျွန်ုပ်ဟာ သူ့ရဲ့ အသည်းကလီစာတွေကို ဆုတ်ဖြဲပစ်မယ် ....."

ကွမ်ယင်မယ်တော်သည် ခေါင်းညိတ်သဘောတူလိုက်လေ၏။

"ကောင်းပြီ"

စွန်းဟိန်ကျဲ ဝမ်းသာသွား၏။

"ဒါဖြင့် အလုပ်စကြစို့ ....."

စွန်းဟိန်ကျဲမှာ ဖန်ဆင်းမှုပညာကို ခုနစ်ဆယ့်နှစ်မျိုးသာတတ်သည်။ ကွမ်ယင်မယ်တော်မှာမူ နည်းပညာအရ တစ်ထောင်ကျော်တတ်သဖြင့် ကွမ်ယင်မယ်တော် မဖန်ဆင်းနိုင်သည့် အရာဟူသမျှမှာ မရှိသလောက် ဖြစ်သည်။

စွန်းဟိန်ကျဲသည်ပင် တန်ခိုးရှင်အဖြစ် ထက်အောက်နတ်ပြည်၌ ကျော်ကြားနေရာ ကွမ်ယင်မယ်တော်၏ တန်ခိုးမှာမူ ပြောစရာ မရှိတော့ချေ။ ထို့ကြောင့် မြတ်စွာဘုရားက ပိဋကတ်တော် ပင့်ဆောင်သည့် ကိစ္စ၌ မယ်တော် ကြီးကြပ်ရန် တာဝန်ပေးခြင်းဖြစ်သည်။

ကွမ်ယင်မယ်တော်သည် သူ့ရုပ်သွင်ကို လိန်ဖူးရုပ်သွင်အဖြစ် ပြောင်းလဲလိုက်၏။ သူသည် တဖြည်းဖြည်းနှင့် ရသေ့ကြီးတစ်ပါး ရုပ်သွင်သို့ ပြောင်းလဲသွားသည်။ စွန်းဟိန်ကျဲသည် မယ်တော်၏ ရုပ်ပြောင်းလဲခြင်းကို ကြည့်နေ၏။ သူ့ထက် လွန်စွာ အဆင့်မြင့်ကြောင်း သိလိုက်တော့သည်။

"မယ်တော်ဟာ ကျွန်ုပ်ထက် ရုပ်ပြောင်း ရုပ်လွှဲအတတ်ပညာမှာ သာပါတယ်"

အမုန်မှာ မယ်တော်ကို စွန်းဟိန်ကျဲ အစစအရာရာ မယှဉ်နိုင်ပေ။

ကွမ်ယင်မယ်တော်က ပြုံးလိုက်၏။

"အားလုံးဟာ ဘာမျှမရှိပါဘူး၊ သင်က ကျွန်ုပ်သာတယ်လို့ ထင်နေတယ်၊ အားလုံးနတ္ထိပဲ ....."

စွန်းဟိန်ကျဲသည် ဆေးလုံးတစ်လုံးကို မျိုချလိုက်ပြီး၊ သူ့ကိုယ်သူ ဆေးလုံးတစ်လုံးအဖြစ် ပြောင်းလဲ ဖန်ဆင်းလိုက်၏။ ဖန်ချိုင့်ထဲတွင် ဆေးလုံးနှစ်လုံး ဖြစ်နေချေပြီ။ တစ်လုံးက သေးသေး.....၊ တစ်လုံးက ကြီးကြီး.....။

ကွမ်ယင်မယ်တော်သည် ဖန်ချိုင့်ကိုကိုင်ပြီးနောက် ရသေ့တစ်ပါးပုံဟန်နှင့် လေမည်းလိုဏ်ဂူသို့ ရောက်လေတော့၏။

ဆေးလုံးက ပြောသည်။

"မယ်တော် ..... အဲဒီ လေမည်းတောင်ဘီလူးဟာ အင်မတန်ရိုင်းစိုင်းတယ်၊ မယ်တော် သတိထားပါ ....."

ကွမ်ယင်မယ်တော်က –

"ကျွန်ုပ်အတွက် မစိုးရိမ်ပါနဲ့ ....."

မယ်တော်သည် လေမည်းတောင်လိုဏ်ဂူကို လှမ်းမြင်ရတော့သည်။

✵ ✵ ✵ ✵ ✵ ✵ ✵

အခန်း (၅၀)

## မယ်တော်ကူညီခြင်း

ကွမ်ယင်မယ်တော်သည် ဖန်ချိုင့်ကိုကိုင်၍ လေမည်းလိုဏ်ဂူရှေ့သို့ ရောက်ရှိလာလေ၏။ မယ်တော်သည် လေမည်းတောင် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။ အလွန် သာယာကြည်နူးဖွယ်ကောင်းသည့်နေရာ ဖြစ်ကြောင်း တွေ့ရှိရသည်။

"အင်း ဒီဘီလူးဟာ သာယာပြီး အေးချမ်းတဲ့ နေရာကိုရွေးချယ်နေတတ်တာကို ကြည့်ရင်သူဟာ တိရစ္ဆာန်ဘဝကနေ ကျွတ်ထိုက်တဲ့ ပါရမီရှင်တစ်ယောက်ဖြစ်ကြောင်း သိသာတယ်၊ သူ့အခြေအနေကို အကဲခတ်ရမယ် ....."

သူသည် ဘီလူးအား ချွတ်ရန် စိတ်ထဲ၌ တေးမှတ်လိုက်လေ၏။

ထိုအချိန်၌ သူသည်လေမည်းလိုဏ်ဂူရှေ့သို့ရောက်ရှိနေလေပြီ။ လိန်ဖူးရသေ့ကို ဘီးလူးကလေးများက ရင်းနှီးကျွမ်းဝင် နေကြသည်။ ထို့ကြောင့် ကြိုးဆွဲပြီး လိုဏ်ဂူထဲသို့ ခေါ်သွင်းသွားကြလေ၏။

လေမည်းတောင်ဘီလူးသည် ကွမ်ယင်မယ်တော် ဖန်ဆင်းထားသည့် လိန်ဖူးရသေ့ကို လှိုက်လှဲစွာ ကြိုဆိုလေ၏။

"ကြွပါ ..... ကြွပါ ..... ထိုင်ပါ ....."

ကွမ်ယင်မယ်တော်က ထိုင်ချပြီး ဖန်ချိုင့်ကို လှမ်းပေးသည်။

"မိတ်ဆွေကြီးရဲ့ မွေးနေ့မင်္ဂလာအတွက် ကျွန်ုပ်ကိုယ်တိုင်ဖော်စပ်ထားတဲ့ ဆေးလုံးကို လက်ဆောင်အဖြစ် လက်ခံပါလေ ....."

လေမည်းတောင် ဘီလူးသည် အလွန် သဘောကျ သွားသည်။ ဖန်ချိုင့်ကို လက်ခံလိုက်သည်။

"ကျေးဇူးပါပဲ ရသေ့ကြီး"

ကွမ်ယင်မယ်တော်က -

"ကျွန်ုပ်က ဒီဆေးလုံးနှစ်လုံးကို ခက်ခက်ခဲခဲဖော်လာတာပါ၊ ဆေးလုံးအကြီးကတော့ မနက်သောက်ဖို့ ရည်မှန်းပြီး ကျွန်ုပ်ဖော်လာတာပါ၊ ဆေးလုံးအငယ်ကတော့ ညမှာသောက်ဖို့ ရည်ရွယ်ပြီး ဖော်လာတာပါ၊ ဆေးလုံးတွေဟာ အသက် ရှည်ရာ ရှည်ကြောင်း အဓိကထား ဖော်စပ်ထားပါတယ်"

"ဟာ ..... ဒီလိုဆိုရင် အခုပဲ စားလိုက်မယ်"

"ကောင်းတယ် ....."

"မိတ်ဆွေလည်း တစ်လုံးစားပါလား ....."

"ကျွန်ုပ်ကဆေးဖော်တဲ့လူပဲ ဒီလိုဆေးလုံးမျိုးတွေကို မကြာခဏ စားနေရတာပါ၊ မိတ်ဆွေပဲ စားလိုက်ပါ ....."

လေမည်းတောင်ဘီလူးသည် ဆေးကို ပါးစပ်ထဲ ထည့်လိုက်၏။ ဆေးသည် လည်မျိုထဲ လိမ့်ဝင်သွားသည်။ ဘီးလူးသည် ဆေးကို သူမျိုချလိုက်ခြင်းဖြစ်သည်ဟုသာ ထင်မြင်မိသည်။ ကွမ်ယင်မယ်တော်သည် ဘီလူး ဆေးလုံး မျိုချပြီးသည်ကို သိပြီးသောအခါ မူလရုပ်သွင်ကို ပြန်လည် ဖန်ဆင်းလိုက်၏။

ဘီးလူးသည် ထိတ်လန့်သွား၏။

"ကွမ်ယင်မယ်တော်ပါလား ....."

ကွမ်ယင်မယ်တော်က -

"ဟုတ်တယ်၊ ကျွန်ုပ် ကွမ်ယင်မယ်တော်ပဲ၊ သင်ဟာ ရွှေသင်္ကန်းကို ခိုးယူသွားတယ်၊ ဘာဖြစ်လို့ သင်ခိုးယူရတာလဲ၊ ဒီသင်္ကန်းကို သင်လည်း အသုံးပြုနိုင်တာ မဟုတ်ဘူး၊ အသုံးပြုနိုင်သူရဲ့ လက်ထဲမှာ ရှိနေပါစေ....."

ဘီလူးသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး လှံတံဖြင့် တိုက်ခိုက်ရန် ဟန်ပြင်သည်။ ထိုစဉ် သူ့ဗိုက်ထဲမှ မခံမရပ်နိုင်အောင် နာကျင်လာတော့သည်။ ဝေဒနာသည် တိုး၍တိုး၍ လာ၏။ သူသည် လှံတံကို လွှတ်ချပြီး မြေပေါ်၌ လူးလိမ့် နေရတော့၏။

စွန်းဟိန်ကျဲက သူ၏ဝမ်းတွင်းမှ ကလီစာများကို ဆွဲဆုတ်နေခြင်းကြောင့် ဖြစ်သည်။



"တီရစ္ဆာန် သင်္ကန်းပြန်ပေးမလား၊ မပေးဘူးလား .....၊ သင့်ကို မသေသေအောင် နှိပ်စက်မယ်"

စွန်းဟိန်ကျဲ၏အသံ။

သို့သော် လူကိုကား ရှာမတွေ့ပါ၊ အဘယ်မှာ တွေ့ပါမည်နည်း။ သူ့ဝမ်းထဲမှလှမ်းပြောနေခြင်းကြောင့် ဖြစ်ပါသည်။ လေမည်းတောင် ဘီလူး သည် ဒေါသဖြင့် အော်သည်။

"မျောက်စုတ် ..... သင်ဘယ်မှာလဲ၊ ထွက်လာစမ်း၊ သင့်ကို ကျွန်ုပ် သတ်မယ်"

စွန်းဟိန်ကျဲက တဟားဟား ရယ်သည်။

"သင့်ရဲ့ ဗိုက်ထဲမှာ .....၊ သင်က မယုံဘူးလား၊ သင့် ကလီစာတွေကို ကျုပ် ကိုင်လှုပ်ပြမယ် ....."

သူသည် လေမည်းတောင်ဘီလူး၏ ကလီစာများကို ဆွဲလှုပ်လိုက်သောအခါ ဘီလူးမှာ နာကျင်စွာ အော်ဟစ်နေရလေ၏။ အတန်ကြာမှ စွန်းဟိန်ကျဲက ကိုင်လှုပ်ခြင်းကို ရပ်လိုက်သည်။

လေမည်းတောင်ဘီလူးက -

"သင် သိပ်ယုတ်မာပါကလား"

"သင်ကော ..... ကျွန်ုပ်ရဲ့ဝမ်းထဲကို ဒီလိုဝင်နိုင်ပါ့မလား"

"သင် သတ္တိရှိရင် ထွက်ခဲ့၊ သင်နဲ့ ကျုပ် သူသေ ကိုယ်သေ ယှဉ်ပြိုင်မယ် ....."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ကျုပ်ဟာ အမိုက်ခံပြီး သင်နဲ့ထွက်တိုက်ရမှာလား၊ ဒီဝမ်းထဲမှာနေပြီး သင့်ကလီစာတွေကို တစ်စစီဆွဲဖြတ်နေရင် သင်ဘာခံနိုင်မလဲ"

ထိုအခါကျမှ ဘီလူးသည် စဉ်းစားမိတော့၏။ သူ မျိုချလိုက်သောဆေးလုံးသည် စွန်းဟိန်ကျဲက ဖန်ဆင်းထားသော ဆေးလုံးသာဖြစ်ကြောင်း သူ တွေးမိသွားသည်။

သူသည် ဒေါသဖြစ်သွားပြီး ကွမ်ယင်မယ်တော်ကို တိုက်ခိုက်သည်။ ကွမ်ယင်မယ်တော်သည် တုံ့ပြန်ခြင်းမရှိဘဲ တိမ်တိုက်ပေါ်သို့ ခုန်တက်သွားလေ၏။

ဘီလူးသည် ကွမ်ယင်မယ်တော်ကို တိမ်တိုက်ပေါ်အထိ လိုက်တိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ စွန်းဟိန်ကျဲက သူ့ ကလီစာများ

ကို ဆုပ်ဆွဲလေတော့၏။

"အား ....."

ပြင်းထန်သော ဝေဒနာ ခံစား လိုက်ရသဖြင့် လေမည်းတောင် ဘီလူးမှာ ဖင်ထိုင်ကျသွားသည်။

"အောင်မယ်လေးဗျ၊ သေပါပြီဗျ"

စွန်းဟိန်ကျဲသည် သူ၏ကလီစာများကို အကြမ်းပတမ်း ကိုင်လှုပ်သောအခါ ဘီလူးကြီးမှာ မခံနိုင်တော့ဘဲ မြေပေါ်၌ လူးလိမ့်နေရတော့၏။

ထိုအခါ ကွမ်ယင်မယ်တော်သည် တိမ်တိုက်ပေါ်မှ ပြန်ဆင်းလာ၏။ သူသည် လိုဏ်ဂူထဲ၌ လိုက်ရှာသောအခါ ဘီလူးများ ဝှက်ထားသည့် ရွှေသက်န်းကို ပြန်လည်တွေ့ရှိလိုက်ရသည်။

ကွမ်ယင်မယ်တော်က -

"ဂူခုံး ..... ရွှေသင်္ကန်းပြန်ရပြီ၊ သင်ထွက်ခဲ့ပေတော့ ....."

စွန်းဟိန်ကျဲသည် ရွှေသင်္ကန်း ပြန်ရပြီဟူသည့် စကားကို ကြားသော် ဘီလူးကြီး၏ နှာခေါင်းပေါက်ထဲမှ ပြန်ထွက်လာလေ၏။ သူသည် မြေပေါ်၌ လဲကျနေသည့် ဘီလူးကို မြင်သောအခါ သူ့အား ဤမျှ အလုပ်ရှုပ်အောင် လုပ်ရပါမည်လားဆိုကာ လိုတရတောင်ဝှေးဖြင့် ရိုက်သတ်ရန် ကြံစည်လေ၏။ ထိုအခါ ကွမ်ယင်မယ်တော်က တားသည်။

"မလုပ်နဲ့ ..... ဂူခုံး ....."

စွန်းဟိန်ကျဲက -

"ဒီ တိရစ္ဆာန် ဒုက္ခ အလွန်ပေးတာပဲ၊ ကျုန်ုပ်မှာလည်း သူ့ထံသို့ အကြိမ်ကြိမ် လာရောက်ပြီး သင်္ကန်းကို တောင်းခံရတယ်၊ နောက်ဆုံး မယ်တော်ပင် အငြိမ်မနေရဘူး မဟုတ်ပါလား .....၊ ဒီလောက် ဒုက္ခပေးတဲ့ တိရစ္ဆာန်ကို ရိုက်သတ်လိုက်ရင် အေးတာပဲ ....."

"နေဦး ..... ကျုန်ုပ် သူ့ကို အသုံးချရန် အကြောင်းရှိနေတယ်"

"ဘယ်နေရာမှာ အသုံးချမလို့လဲ မယ်တော်"

"ကျုန်ုပ်ရဲ့ တောင်ပင်လယ်ကျွန်း အနောက်ဘက်မှာ အစောင့်တစ်ယောက် လိုနေတယ်၊ သူ့ကို ထားမလားလို့ စိတ်ကူးတယ် ....."

စွန်းဟိန်ကျဲက -

"ဖြစ်ပါ့မလား၊ သူဟာ မပြတ်သားဘူး၊ စိတ်ရှုးပေါက်သလို လုပ်တတ်တယ် ....."



ကွမ်ယင်မယ်တော်က ပြုံးသည်။

"ဒီအတွက် မပူပါနဲ့ .....၊ ကျုန်ုပ်မှာ နည်းလမ်းတွေ ရှိပါတယ်၊ စိတ်မိုက် စိတ်ရိုင်း ရှိတဲ့ လူတွေကို ထိန်းသိမ်းဖို့ နည်းတွေ ရှိပါတယ်"

မယ်တော်သည် အမိန့်ပေးလိုက်၏။ ဘီလူးကြီးသည် ထရပ်ရလေ၏။

"ကျုန်ုပ်တို့ရဲ့ သာသနာတော်ဟာ အလွန်နူးညံ့သိမ်မွေ့ပါတယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုး ခံစားရမယ်၊ ဒါကြောင့် လူတိရစ္ဆာန်အားလုံးဟာသူတစ်ပါး ဒုက္ခကို ကူညီကြရမယ်၊ သူတစ်ပါးဒုက္ခကို ဝေမျှ ခံစားကြရမယ်၊ သာသနာတော် စည်ပင်ပြန့်ပွားဖို့ ဆောင်ရွက်ရမယ်၊ သင့်ကို ကျုန်ုပ်တို့ရဲ့ သာသနာတော်တွင်း သွတ်သွင်းလိုတယ်၊ ဒါကလည်း သင် အလို ရှိမှပါ ....."

"ကျွန်တော်မျိုး လက်ခံပါတယ်မယ်တော်"

ကွမ်ယင်မယ်တော်သည် လက်အုပ်ချီလိုက်၏။

"ကောင်းလေစွ ..... ကောင်းလေစွ ....."

သူမသည် ကွင်းသရဖူ တစ်ခုကို ပစ်လွှတ်လိုက်ရာ လေမည်းတောင်ဘီလူး၏ ဦးခေါင်း၌ သွားစွပ်နေလေသည်။ စွန်းဟိန်ကျဲသည် အားရပါးရ ရယ်မောလေတော့၏။

"ကျုန်ုပ်သာ ဒီဂါထာကို တတ်ထားရင် ခုဆို အကြိမ်သုံးဆယ်လောက် ရွတ်မိလိမ့်မယ်"

သူ့၌လည်း ကွင်းသရဖူတစ်ခု စွပ်ထားပြီ မဟုတ်ပါလား။ ထိုကွင်းသရဖူကို သူချွတ်၍မရချေ၊ မြတ်စွာဘုရားက ကွမ်ယင်မယ်တော်အား ပေးထားသည့် ကွင်းသရဖူများ ဖြစ်သည်ကို သူမသိသေးချေ။

မယ်တော်က -

"ဂူခုံး ..... သင့်ဆရာ မျှော်နေရော့မယ်၊ သင်္ကန်းကိုယူ၍ အမြန်ဆုံးပြန်ပါလေတော့ ....."

စွန်းဟိန်ကျဲသည် သင်္ကန်းကို လှမ်းယူလိုက်၏။

"ကျေးဇူးပါပဲမယ်တော် ..... မယ်တော် ကူညီလို့သာ ဤရွှေသင်္ကန်းကို ဤမျှ လွယ်လွယ်ကူကူ ရခြင်းဖြစ်ပါတယ်၊ မယ်တော့်ကို ကျုန်ုပ် ပြန်ပို့ပေးရဦးမှာလား ....."

ကွမ်ယင်မယ်တော်က ပြုံး၍ပြောသည်။

"ကျွန်ုပ်အတွက် ကိစ္စမရှိပါဘူး၊ သင့်ဆရာတော်အတွက်သာ ကိစ္စရှိပါတယ်၊ သင်သာ အမြန်ဆုံးပြန်ပါ ....."

ကွမ်ယင်မယ်တော်သည် တောင်ပင်လယ်ကျွန်းစုသို့ ထွက်ခွာသွားရာ လေမည်းတောင်ဘီလူးလည်း လိုက်ပါသွားလေတော့၏။

စွန်းဟိန်ကျဲသည် လေမည်းလိုဏ်ဂူသို့ ရောက်ရှိလာရာ လိုဏ်ဂူထဲမှ ဘီလူးများသည် သူတို့၏ အရှင်သခင်ကို မတွေ့ရတော့ဘဲ မျောက်မင်းကိုသာ တွေ့ရသဖြင့် အခြေအနေ မဟန်မှန်း ရိပ်မိလိုက်လေပြီ။ သူတို့သည် ထွက်ပြေးတိမ်းရှောင်သွားကြ၏။ စွန်းဟိန်ကျဲကလည်း လိုဏ်ဂူအား မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

ထို့နောက် ရွှေသင်္ကန်းကိုယူကာ သူ့ဆရာတော်ထံ ပြန်လေတော့၏။ ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲအား မျှော်နေသည်။ ထိုစဉ် စွန်းဟိန်ကျဲသည်လည်း ပြန်လည်ရောက်ရှိလာလေ၏။

စွန်းဟိန်ကျဲက –

" ဆရာ ..... တပည့်တော်ပြန်ရောက်လာပါပြီ၊ ရွှေသင်္ကန်းလည်း ပါလာပါတယ် ..... "

ထန်စန်းကျွမ်းဆရာတော်သည် သူ အမြတ်တနိုးထားသော ရွှေသင်္ကန်း ပြန်လည်ရရှိသွားသဖြင့် လွန်စွာဝမ်းသာသွားသည်။

ဘုန်းကြီးများလည်း စွန်းဟိန်ကျဲက ရွှေသင်္ကန်း ပြန်ယူလာနိုင်သည်ဟု သိရသောအခါ လွန်စွာ ဝမ်းသာ သွားကြသည်။ သူတို့သည် မအပ်မရာသော ရွှေသင်္ကန်းကို လိုချင် တပ်မက် မိသည့်အတွက် ကျောင်းများ မီးလောင်ခံခဲ့ရသည် မဟုတ်ပါလော။

"တော်ပါသေးရဲ့....၊ နို့မဟုတ်ရင် ဒုက္ခပဲ"

ထန်စန်းကျွမ်းဆရာတော်က–

"ဒါနဲ့ သင် မွန်းတည့်မှာ ပြန်လာမယ်လို့ ပြောခဲ့ပါတယ်၊ ဘာကြောင့် နေစောင်းမှ ပြန်ရောက်လာတာလဲ"

စွန်းဟိန်ကျဲသည် ကွမ်ယင်မယ်တော်ထံသို့ သွားရောက် အကူအညီ တောင်းသည့်အကြောင်း၊ မယ်တော်က မည်သို့မည်ပုံ ကူညီသည့်အကြောင်း၊ လေမည်းတောင်ဘီလူးကို သာသနာ့ဘောင်သို့ သွတ်သွင်းပြီး တောင်ပင်လယ် ကျွန်းများဆီ ခေါ်သွားပြီ ဖြစ်ကြောင်း တို့ကို သေချာ



ရှင်းပြလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် ကောင်းကင်သို့ မော့်ကြည့်၍ လက်အုပ်ချီလိုက်လေ၏။ ကွမ်ယင်မယ်တော်အား ရည်မှန်းပြီး ဆုတောင်းမေတ္တာများ ပို့သခြင်းဖြစ်သည်။

သူသည် စွန်းဟိန်ကျဲဘက်သို့ လှည့်၍ ပြောလိုက်၏။

"ငါတို့ ဒီမှာကြာနေရတာ သင်္ကန်းပြန်မရလို့ ကြာနေကြတာပါ၊ အခု....သင်္ကန်းလည်း ပြန်ရပြီဆိုတော့...ပိဋကတ်သုံးပုံပင့်ဖို့ ခရီးဆက်ကြစို့"

စွန်းဟိန်ကျဲက–

"ဒီနေ့တော့ မိုးချုပ်ပါပြီ၊ ဒီမှာပဲ တစ်ညတော့ နားလိုက်ပါဦး၊ မနက်ဖြန်ကျမှ ခရီးဆက်ရင် ကောင်းမယ် ထင်ပါတယ်"

"ဒီလိုလည်း ကောင်းပါတယ်၊ သင်လည်း တိုက်ရခိုက်ရ ပြေးရလွှားရနဲ့ ပင်ပန်းနေပါတယ်"

သူတို့သည် ထိုတစ်ည၌ နားခိုပြီး အိပ်စက်ကြလေ၏။

နောက်တစ်နေ့ နံနက်၌ ဘုန်းကြီးများ ဆက်ကပ်သည့် ဆွမ်းကို စားပြီး အနောက်ပိုင်းသို့ ခရီးဆက်ကြလေတော့သည်။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း(၅၁)

## ဘီလူးနိမ်နင်းမည့်သူ

ဆရာတပည့်နှစ်ယောက်သည် တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ကြသည်။ ခုနစ်ရက်မြောက်သောနေ့တွင် သူတို့သည် ရွာတစ်ရွာသို့ ဆိုက်ရောက်ခဲ့လေ၏။ အချိန်မှာ နေဝင်ချိန်ဖြစ်သည်။

ထန်စန်းကျွမ်းဆရာတော်သည် ကောင်းကင်သို့ မော့ကြည့်လေ၏။ အနောက်ဘက်၌ နေမင်းကြီးဝင်တော့မည်။ သူတို့ ခရီးထွက်နေသည်မှာလည်း ထို အနောက်ဘက်ပင်ဖြစ်သည်။

ဆရာတော်က–

"ဟိန်ကျဲ....ဟိုမှာကြည့်စမ်း"

စွန်းဟိန်ကျဲက လက်ကာ၍ ကြည့်လိုက်သည်။

"ရွာတစ်ရွာနဲ့တူတယ်..."

"မိုးလည်းချုပ်တော့မယ်၊ ငါတို့သစ်ပင်တွေအောက်မှာပဲ အိပ်ခဲ့ရတာ ခြောက်ညလောက်ရှိနေပြီ၊ တစ်ခါတစ်ရံရွာထဲမှာ အိပ်ရတာ သစ်ပင်အောက် အိပ်ရတာထက်တော့ ပိုကောင်းပါတယ်၊ အဲဒီရွာမှာ တစ်ညလောက် တည်းခိုခွင့်တောင်းရင် ကောင်းမယ်.."

"ဟုတ်ကဲ့ဆရာ...ရွာထဲမှာ အိပ်ရတာတော့ ပိုကောင်းတာပေါ့၊ နေပါဦးဆရာ၊ ခဏဒီမှာနေပါဦး၊ တပည့်တော်ရွာကို သွားကြည့်ပါရစေဦး.."

ထန်စန်းကျွမ်းဆရာတော်သည် မြင်းကို ရပ်တန့်ပြီး စောင့်နေလိုက်၏။



စွန်းဟိန်ကျဲသည် အထုပ်ကလေးအား မြင်းနောက်ပိုင်းသို့ တင်ကာရွာကလေးဆီသို့ ပြေးလွှားသွားတော့၏။

သူသည် အနီးကပ်ရောက်မှ ရွာကလေးအား အကဲခတ်ကြည့်သည်။ အလွန်သေးငယ်သည့် ရွာကလေးပင်ဖြစ်သည်။ အိမ်ခြေနှစ်ဆယ်ခန့်သာရှိသည်။ ထိုအိမ်ခြေနှစ်ဆယ်ခန့်မှာမူ ခြံနှင့် ဝင်းနှင့် သစ်ပင်များနှင့် သီးသန့် ခြံဝင်းကလေးများဖြစ်နေကြသည်။

ထိုခြံဝင်းအသီးသီး၌ ကျွဲများ နွားများကို တွေ့ရသည်။ ကြက်၊ ဘဲများ အစာရှာစားနေသည်ကိုလည်း တွေ့ရသည်။ စိုက်ရေးပျိုးရေး အခြေအနေ ကောင်းပုံရသော ရွာကလေးဖြစ်ပေသည်။

စွန်းဟိန်ကျဲသည် အခြေအနေကောင်းမွန်သဖြင့် ဆရာတော်ထံသို့ လှည့်ပြန်လာခဲ့သည်။

ဆရာတော်က စွန်းဟိန်ကျဲကို တွေ့သောအခါ –

"ဘယ့်နယ်လဲ ....... အခြေအနေ ကောင်းရဲ့လား"

စွန်းဟိန်ကျဲက ခေါင်းညိတ်သည်။

"ရွာကလေးက စိုပြည်ပုံရပါတယ်၊ ဒုက္ခရောက်နေတဲ့ ရွာဆိုရင်တော့ တပည့်တော်တို့ ဝင်တည်းလို့ မကောင်းဘူးပေါ့ဘုရား .....၊ အခုကြည့်ရတာ အခြေအနေ အတော်ကောင်းပါတယ် လာသွားကြစို့."

စွန်းဟိန်ကျဲသည် မြင်းဖြူကြီး၏ဇက်ကြိုးကိုဆွဲ၍ ရွာကလေးသို့ ဦးတည့်သွားကြလေတော့၏။ သူတို့ ရွာကလေးထဲသို့ အဝင်တွင် ရှေ့မှလူငယ်တစ်ယောက် မျက်နှာချင်းဆိုင် လျှောက်လာသည်ကို တွေ့ရသည်။

ထိုလူရွယ်သည် သူ့ဆံပင်များကို အပြာရောင် ပိုးဖဲစတစ်ခုဖြင့် စည်းထားပြီး အပြာရောင် အင်္ကျီကိုဝတ်ဆင်ထားသည်။

သူ၏လက်ထဲ၌ ထီးတစ်လက်ရှိသည်။

ကျောပေါ်တွင် အထုပ်ကလေးတစ်ထုပ်ရှိသည်။

ခြေထောက်၌ ကောက်ရိုးဖိနပ်တစ်ရန် စီးထား၏။

ထိုလူငယ်သည် ဆရာတော်နှင့် စွန်းဟိန်ကျဲကို တစ်ချက်မျှကြည့်ပြီး ခြေလှမ်းကျဲကျဲနှင့် သူတို့အား ကပ်၍ ဖြတ်ကျော်သွားသည်။

စွန်းဟိန်ကျဲက သူ၏လက်ကို ဖမ်းဆွဲထားလေ၏။

"သင် ဘယ်သွား မလို့လဲ၊ ခဏ နေစမ်းပါဦး၊ သင့်ကို ကျုပ်

မေးစရာရှိတယ် .....၊"

ထိုလူရွယ်သည် အတင်းရုန်းကန်၏။

"ခင်ဗျားတို့မေးရမယ့်လူ ရွာထဲမှာမရှိတော့ဘူးလား .....၊ ကျုပ်ကိုမှရွေးပြီး ခင်ဗျားတို့ ဘာကြောင့် မေးနေရတာလဲ ....."

စွန်းဟိန်ကျဲက မျက်နှာချိုသွေးလိုက်၏။

"စိတ်မရှိပါနဲ့၊ သူများကို ကောင်းမှုပြုရင် ကိုယ်လည်းကောင်းမှုကို ခံစားရပါတယ်၊ ဒီရွာဘာရွာလဲဆိုတာပြောပြပါ ....."

လူငယ်သည် စွန်းဟိန်ကျဲ လက်မှ ရုန်းထွက် နိုင်ရန် ရုန်းကန်လေ၏။ သို့သော် ..... ရုန်းမထွက်နိုင်ပေ။

"ဒုက္ခပါပဲ၊ အိမ်က အဆူခံရပြီးလို့ မပြီးသေးဘူး၊ ဒုက္ခပေးတဲ့လူတွေနဲ့ ထပ်တွေ့နေပြန်ပြီ ....."

စွန်းဟိန်ကျဲက -

"ငါတို့ ဒုက္ခပေးမယ့်သူတွေ မဟုတ်ဘူး"

"ခင်ဗျားတို့ဟာ အခုပဲ ဒုက္ခပေးနေပြီ မဟုတ်လား၊ ကျုပ်သွားချင်တဲ့နေရာ မသွားနိုင်အောင် ခင်ဗျားတို့ဆွဲထားပြီ ....."

"ဒါက ဒုက္ခပေးတာ မဟုတ်ပါဘူး၊ ငါတို့မေးတဲ့မေးခွန်းကို ဖြေပြီးရင် မင်းသွားချင်ရာ သွားနိုင်ပါပြီ"

လူငယ်သည် လက်ထဲမှ ထီးနှင့် ကျောမှအထုပ်တို့ကိုချကာ လက်နှစ်ဖက်ဖြင့် ရုန်းကန်လေ၏။ သို့သော် မရချေ။

"မင်း ..... ငါ့လက်ထဲက ရုန်းနိုင်တယ်ဆိုရင် မင်းသွားချင်ရာသွားဖို့ ငါ ခွင့်ပြုပါတယ် ....."

လူငယ်သည် ရုန်းကန်ရသည်မှာ အားကုန်သလို ဖြစ်လာသဖြင့် ငြိမ်သွားသည်။

ထန်စန်းကျွမ်းဆရာတော်က -

"ဟိန်ကျဲ ..... ဟိုမှာ လူတွေ လာနေတယ်၊ သူ မပြောချင်ရင်လဲ တခြားလူကိုမေးပါ၊ သူ့ကို အတင်းအဓမ္မ ဆွဲမထားပါနဲ့၊ လွှတ်လိုက်ပါ"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဆရာ မသိပါဘူး၊ တခြားလူကို မေးရတာ စိတ်ဝင်စားမှု မရှိပါဘူး၊ သူ့ကို မေးရမှ တပည့်တော် စိတ်ကျေနပ်နိုင်မယ် ....."

လူရွယ်သည် စွန်းဟိန်ကျဲ လက်မှ ရုန်း မထွက်နိုင် သဖြင့် လက်လျှော့လိုက်ရလေ၏။



"ကဲ ..... လွှတ်ပါဗျာ၊ ကျွန်တော် ပြောပြပါမယ် ....."

စွန်းဟိန်ကျဲက လက်လွှတ်လိုက်၏။

"ဒီနေရာဟာ စူးဂူးကျွန်းနိုင်ငံပိုင်နက်နယ်မြေဖြစ်ပါတယ်၊ ဒီရွာကို "ကောင်းလောက်" ရွာလို့ ခေါ်ပါတယ်၊ တစ်ရွာလုံးမှာ "ကောင်း" အမျိုးအနွယ်က တစ်ဝက်လောက် ရှိနေပါတယ် ....."

လူရွယ်သည် ပြောပြီး ထွက်သွားရန် ခြေလှမ်းပြင်လိုက်၏။ စွန်းဟိန်ကျဲက သူ့လက်ကို ဆွဲထားလိုက်ပြန်သည်။

လူရွယ်က ရုန်းကန်ပြန်၏။

"ဘယ်လိုလဲဗျာ ..... ခင်ဗျားတို့ သိချင်တာတွေလည်း ပြောပြပြီးပြီ၊ ကျုပ်ကို ဘာဖြစ်လို့ ဆွဲထားရတာလဲဗျာ၊ လွှတ်ပါ ကျုပ် သွားပါရစေ ....."

စွန်းဟိန်ကျဲက -

"မင်းကို ကြည့်ရတာ ခရီးဝေးသွားမယ့်ပုံပဲ .....၊ ဘယ်ကိုသွားမယ်၊ ဘာလုပ်မယ် ဆိုတာကို ပြောပြမှ ငါ မင်းကို လွှတ်ပေးမယ်"

လူရွယ်သည် လုံးဝစိတ်လျှော့လိုက်တော့၏။

"ကောင်းပါပြီဗျာ၊ ကျုပ် ပြောပြပါတော့မယ်၊ သွားရမယ့် ခရီးကလည်း အခုဆို တော်တော် ဖင့်နွှေးနေပါပြီ"

"ပြောမှာသာ ပြောပါ ....."

"ကျုပ်က ဒီရွာထဲက သူဌေးကောင်းထိုက်ကုန်းရဲ့ သူရင်းငှားတစ်ယောက်ပါ၊ နာမည်က ကောင်းချိုင့်လို့ ခေါ်ပါတယ်၊ ကောင်းထိုက်ကုန်းမှာ သမီးသုံးယောက် ရှိပါတယ်၊ အကြီးနှစ်ယောက်ကတော့ အိမ်ထောင်ကျသွားပါပြီ၊ သမီးအငယ်ဆုံးတစ်ယောက်ပဲ ကျန်ခဲ့ပါတယ်၊ အသက်နှစ်ဆယ်ရှိပါတယ် လွန်ခဲ့တဲ့ သုံးနှစ်ကစပြီး ဘီလူးတစ်ကောင်က ဝင်အပိုင်စီးသွားခဲ့ပါတယ်၊ အဲဒီဘီလူးဟာ ကောင်းထိုက်ကုန်းရဲ့ သမီးကို သုံးနှစ်လုံးလုံး ပေါင်းသင်းခဲ့တယ်၊ အဲဒါကို ကောင်းထိုက်ကုန်းဟာ သိပ်မျက်နှာငယ်နေရပါတယ်၊ ဘီလူးကို သမက်တော်နေရတယ်ဆိုတော့ စဉ်းစားသာ ကြည့်ကြပါတော့၊ ဒါကြောင့် သူဟာ ဘီလူးကို နှင်ထုတ်ပါတယ်၊ ဘီလူးက လက်မခံပါဘူး၊ သမီးကို အနောက်ဖက်ခြံထဲက အိမ်တစ်အိမ်မှာ ပိတ်လှောင်ပြီး ပေါင်းသင်းနေခဲ့ပါတယ် ....."

လူရွယ်သည် ရှည်လျားသော စကားကို ပြောပြီးနောက် ပင့်သက်ရှိုက်၍ ဆက်ပြောလိုက်လေ၏။

"သခင်ကြီး ကောင်းထိုက်ကုန်းဟာ အလွန်ခံပြင်းလွန်းလို့ ကျုပ်ကိုငွေပေးပြီး ဘီလူးဖမ်းပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေကို လိုက်ရှာခိုင်းခဲ့ပါတယ်၊ ဒီခြောက်လအတွင်းမှာ ကျုပ်ဟာ ဘုန်းတော်ကြီးသုံးပါး၊ ရသေ့သုံးပါး .... ဘီလူးနိုင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များကို ပင့်ဖိတ်ခဲ့ပါတယ်၊ ဒါပေမယ့် ငွေကုန် လူပန်းသာ ဖြစ်ခဲ့ပါတယ်၊ ဘုန်းတော်ကြီးသုံးပါးနဲ့ ရသေ့သုံးပါးဟာ ဘီလူးကို မောင်းမထုတ်နိုင်ကြပါဘူး"

"တော်တော် အသုံးမကျတဲ့ ပုဂ္ဂိုလ်တွေပဲ"

စွန်းဟိန်ကျဲက ပြောလိုက်၏။

ကောင်းချိုင့်က –

"သူတို့ အသုံးမကျတာက အရေးမကြီးပါဘူး၊ ကျုပ်ကို သခင်ကြီးက အသုံးမကျဘူးဆိုပြီး ဆူပူကြိမ်းမောင်းတာ နေ့စဉ်နဲ့အမျှပါပဲ ..... အခုလည်းဒီဘီလူးကို မောင်းထုတ်နိုင်မယ့် ပုဂ္ဂိုလ်ကို အမြန်ဆုံးရှာဖို့ လမ်းစရိတ် ပေးလိုက်ပါတယ်၊ ကျုပ်က အဲဒီကိစ္စ အရေးတကြီးဆောင်ရွက်ဖို့ သွားချင်နေတုန်း ခင်ဗျားတို့က ကျုပ်လက်ကို ဖမ်းဆွဲပြီး မေးခွန်းတွေ ထုတ်နေတော့ ကျုပ်စိတ်ထဲ ဘယ်လိုဖြစ်နေမယ်ဆိုတာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတော့ .....၊ အခု သွားမယ်ဆိုရင်တောင် အချိန် အတော်ဖင့်လှပါပြီ ....."

စွန်းဟိန်ကျဲသည် ထိုလူရွယ်၏ စကားကို ကြားသောအခါ ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"ဟား ..... ဟား ..... ဟား ....."

"ခင်ဗျား ဘာရယ်တာလဲ"

"မင်း ကံကောင်းလွန်းလို့ရယ်တာပါ ....."

"ဗျာ ....."

"ဟုတ်တယ်၊ မင်းငါတို့နဲ့ လာတွေ့တာ အင်မတန် ကံကောင်းတာပဲ"

"ဘာကြောင့်လဲ"

"မင်း ..... ဘယ်ကိုမှ မသွားနဲ့တော့၊ ဘယ်ဘုန်းကြီး ဘယ်ရသေ့မှ ဖိတ်စရာမလိုတော့ဘူး ....."



"ဘာဖြစ်လို့လဲဗျာ ....."

"ဘာဖြစ်လို့လဲဆိုတော့ ငါတို့ဟာ ဘီလူးဖမ်းတဲ့ လူတွေ ဖြစ်နေလို့ပေါ့ .....၊ ငါတို့ကို မင်းက ဘာမှ အသုံးမကျတဲ့ လူတွေလို့ ထင်နေလို့လား"

"အဲဒီလိုတော့ မထင်ပါဘူးဗျာ"

"ငါတို့ဟာ မဟာထန်နိုင်ငံက လာတဲ့ လူတွေကွ၊ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံကို သွားပင့်ဆောင်ဖို့ လာကြတဲ့ လူတွေ၊ အခု .....ဒီရွာကို ဝင်လာတာ မင်း ကံကောင်းသွားပြီ၊ ကဲ ..... ငါတို့ကို မင်းရဲ့သူဌေးအိမ်ကို ခေါ်သွားပေတော့၊ အဲဒီဘီလူးကို ကောင်းကောင်းဖမ်းပြမယ် ....."

လူရွယ်မှာ မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်နေသည်။

"ခင်ဗျားပြောတဲ့စကား မှန်ရဲ့လားဗျာ"

"ဟေ့ ..... မင်း စကားကို ကြည့်ပြော"

"မဟုတ်ပါဘူးဗျာ၊ တော်ကြာ ခင်ဗျားတို့ကို ယုံပြီး ခေါ်သွားရော၊ ဟိုရောက်မှ အသုံးမကျ ဖြစ်နေရင် ....."

"စိတ်ချ ..... မင်းဘယ်လိုမှ ဒုက္ခမရောက်စေရဘူး၊ မင်းသူဌေးဆီကိုသာ ခေါ်သွားပေတော့"

လူရွယ်မှာ စိတ်တုံးတုံးချလိုက်ပြီး –

"ကောင်းပြီလေ၊ ကျုပ် ခေါ်သွားမယ်"

သူသည် သူ၏ ထီးကို ကောက်ယူလိုက်သည်။ အထုပ်ကလေးကိုလည်း ကောက်ယူ လိုက်သည်။ စွန်းဟိန်ကျဲနှင့် ထန်စန်းကျမ်းဆရာတော်တို့အား ခေါ်ဆောင်သွားတော့သည်။ တကယ်တော့ ကောင်းချိုင့် ကံကောင်းသွားခြင်းဖြစ်သည်။ သူ တွေ့လိုက်ရသူတို့မှာ တကယ့်သူတော်စင်နှင့် တ ကယ့်တန်ခိုးရှင်တို့ ဖြစ်နေသည်။

အကယ်၍ သူထွက်သွားပြီး ဘီလူးကို နှိမ်နင်းနိုင်မည့်သူ သွားရှာပါက တကယ် နှိမ်နင်းနိုင်မည့်သူကို တွေ့မတွေ့ မည်သူမျှ မပြောနိုင်ချေ။ ယခုတော့ တကယ် နှိမ်နင်းနိုင်မည့်သူများကို တွေ့နေရလေပြီ။ သို့သော် သူ့စိတ်ထဲကတော့ မယုံမရဲ ဖြစ်နေသေးသည်သာ။

မကြာမီ သူတို့သည် အလွန်ကျယ်ဝန်းသည့် ခြံကြီးအတွင်းသို့ ရောက်ရှိလာကြ၏။ ကောင်းချိုင့်သည် တံခါးကို တွန်းဖွင့်လိုက်သော်လည်း ထန်စန်းကျမ်း ဆရာတော်နှင့် စွန်းဟိန်ကျဲကို အထဲသို့ မခေါ်ဝံ့

သေးချေ။

"ဆရာတော်နဲ့ ကပ္ပိယကြီးတို့ ဒီတံခါးဝက ခဏစောင့်ပါနော်၊ တပည့်တော်ရဲ့ သူဌေးကို သွားပြီး အကြောင်းကြားလိုက်ပါရစေဦး ....."

ဆရာတော်က ခေါင်းညိတ်လိုက်၏။

စွန်းဟိန်ကျဲကတော့ ဘာမှ မပြောချေ။

စွန်းဟိန်ကျဲသည် မြင်းဖြူကြီး၏ဇက်ကို ဆွဲ၍ ကောင်းချိုင့်အား စောင့်နေလေ၏။

ကောင်းချိုင့်သည် အိမ်ပေါ်တက်သွားသည်။ သူဌေးကြီး ကောင်းထိုက်ကုန်းသည် ဆီး၍ အပြစ်တင်လေတော့၏။

"ဒီတိရစ္ဆာန် ဘာပြန်လုပ်ရပြန်တာလဲ၊ ငါ့မှာသိပ်အရေးကြီးလို့ မင်းကို အမြန်ပြန်သွားပါလို့ မှာလိုက်ရဲ့သားနဲ့ ဒီကိုပြန်လာတာ မင်းက ငါ့ကို ပမာမခန့် လုပ်တာပေါ့၊ ငါခိုင်းတာကို မင်းဒီလိုလုပ်ရဲသလား ...."

ကောင်းချိုင့်သည် လက်ထဲမှ ထီးနှင့် အထုပ်ကိုချသည်။ သူသည် ကောင်းထိုက်ကုန်းကို ရိုသေစွာ ပြောဆိုရသည်။

"ဒီလိုပါ သခင်ကြီး ....."

"မင်း ဘာဆင်ခြေ ပေးဦးမလို့လဲ"

"ဆင်ခြေ မပေးပါဘူးခင်ဗျာ၊ ကျွန်တော်ဟာ သခင်ကြီးခိုင်းတဲ့ အတိုင်း အမြန်ပဲ ရွာထဲက ထွက်ပါတယ်၊ ဒါပေမယ့်ရွာထိပ်မှာဘုန်းတော်ကြီးတစ်ပါးနဲ့ ကပ္ပိယတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့ခဲ့ပါတယ်"

"ဟင် .... ဟုတ်လား"

"ဟုတ်ပါတယ်၊ ကပ္ပိယက ကျွန်တော့်ရဲ့ လက်ကို မလွှတ်တမ်းဆွဲထားလို့ ကျွန်တော် သွားလို့ မရပါဘူး၊ ကပ္ပိယဟာ အလွန်သန်ပါတယ်၊ သူက မေးခွန်းတွေ ထုတ်တာနဲ့ သခင်ကြီး ခိုင်းတဲ့ အကြောင်းကို ကျွန်တော် ပြောပြလိုက်ပါတယ်၊ သူက သိပ်ဝမ်းသာသွားပြီး သူနဲ့ တွေ့တာ ကျွန်တော် အင်မတန် ကံကောင်းတယ်လို့ ပြောပါတယ် ....."

ကောင်းထိုက်ကုန်းသည် စိတ်မရှည်ဘဲ စကားဖြတ်၍ ဝင်ပြောလိုက်လေ၏။

"ဘယ်လို ကံကောင်းတာလဲ ....."

ကောင်းချိုင့်က -

"သူတို့ဟာ အရှေ့ဒေသ မဟာထန်နိုင်ငံက လာတဲ့ ပုဂ္ဂိုလ်တွေ



ပါ၊ သူတို့ကို သာမန် ပုဂ္ဂိုလ်တွေလို့ မထင်မှတ်ပါနဲ့တဲ့၊ ပိဋကတ်သုံးပုံကို သူတို့ ပင့်ဆောင်ဖို့ လာကြတဲ့ သူတွေပါတဲ့ ....၊ သူတို့ဟာ ဒီဘီလူးကို မောင်းထုတ်ပေးနိုင်ပါတယ်တဲ့ .....၊ သူတို့ကို သခင်ကြီးထံကို ခေါ်သွားဖို့ ပြောပါတယ်၊ အခု သူတို့ဟာ ခြံဝမှာပါ၊ ခဏစောင့်ကြပါ၊ ကျွန်တော် သခင်ကြီးဆီ အကျိုးအကြောင်း သွားပြောပြမယ်ဆိုပြီး ခြံဝမှာထားခဲ့တာပါ၊ သခင်ကြီး မကြိုက်နှစ်သက်ရင် သူတို့ကို နှင်ထုတ်လိုက်ရုံပါပဲ"

ကောင်းထိုက်ကုန်းက -

"ဟယ် ..... ဘယ် နှင်ထုတ်လို့ ဖြစ်မလဲ၊ ပိဋကတ် သုံးပုံကို သွားပင့်မယ့်လူတွေဆိုတော့ နည်းနည်းပါးပါးတော့ တန်ခိုးရှိမှာပဲ၊ အခု သူတို့ ဘယ်မှာလဲ"

"ခြံဝမှာပါ"

"ကောင်းပြီ၊ ငါကိုယ်တိုင် သွားကြိုမယ်၊ တိုက်တိုက် ဆိုင်ဆိုင် ရောက်လာတဲ့ လူတွေဆိုတော့ နတ်သိကြားတွေကများ ပေးပို့လိုက်တဲ့ လူတွေများလား မသိဘူး ....."

ကောင်းထိုက်ကုန်းသည် အဝတ်အစားပင် မလဲနိုင်ဘဲ ကပျာကယာ ထွက်သွားသည်။ ကောင်းချိုင့်က နောက်မှ လိုက်သွားလေ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၅၂)

### ဝက်ဘီလူး

ဆရာတော်သည် ခြံဝင်း၏ ကျယ်ဝန်းပုံကို ကြည့်နေလေ၏။ သီးပင်စားပင်များနှင့် ပြည့်နှက်နေသော ခြံဝင်းမှာ နှလုံးမွေ့လျော်ဖွယ်ရာ ဖြစ်နေသည်။

"ဟိန်ကျဲ ..... ဒီခြံဝင်းက သာယာလိုက်တာ၊ ငါ ..... ပိဋကတ်တော် ပင့်ဆောင်ပြီးရင် ဒီလိုခြံဝင်းထဲမှာ တရားအားထုတ်တော့မယ် ...."

စွန်းဟိန်ကျဲက -

"ဆရာဟာ မင်းဆရာ ဖြစ်နေပြီပဲ .....၊ ဒီခြံဝင်းထက် အဆတစ်ရာသာတဲ့ခြံမျိုး ရနိုင်ပါတယ် ....."

ဆရာတော်က -

"အဆတစ်ရာသာတဲ့ခြံကို မလိုချင်ပါဘူး၊ ဒီခြံဝင်းလောက်ပဲ လိုချင်ပါတယ်၊ ကိုယ် တရားအလုပ် အသုံးချရုံပဲပေါ့ ...."

သူတို့ စကားပြောနေစဉ် ကောင်းချိုင့်နှင့် လူတစ်ယောက်သည် ခြံတံခါးရှိရာသို့ လာနေကြောင်း တွေ့ရလေ၏။ ထိုလူသည် အသက် (၅၀) ခန့်ရှိပြီး ဦးခေါင်းပေါ်တွင် အနက်ရောင် ဦးထုပ်တစ်လုံး ဆောင်းထားသည်။ ပန်းပွင့်များပါသော ကတ္တီပါအင်္ကျီကို ဝတ်ထားသည်။

သူ၏ ဝတ်ဆင်ပုံ အထက်တန်းကျမှုကြောင့် ဤသူမှာ ကောင်းချိုင့်ပြောသည့် သူဌေး ကောင်းထိုက်ကုန်းပင် ဖြစ်ရမည်ဟု ဆရာတော်နှင့် စွန်းဟိန်ကျဲတို့က ခန့်မှန်း သိရှိလိုက်ကြသည်။

ကောင်းထိုက်ကုန်းသည် ဆရာတော်အား လက်အုပ်ချီ၍ ရှိခိုးလေ၏။



"ကြိုဆိုပါတယ် ဆရာတော်ဘုရား"

ကောင်းထိုက်ကုန်းသည် အလွန်အရုပ်ဆိုးသော မျောက်မင်းကို နှုတ်မဆက်ဝံ့ချေ။ ကြောက်ရွံ့နေသဖြင့် နှုတ်မဆက်ဘဲနေသည်။

စွန်းဟိန်ကျဲက -

"ကျုပ်ကိုတော့ ခင်ဗျားက မကြိုဆိုဘူးလားဗျ ....."

ထိုအခါ ကောင်းထိုက်ကုန်းသည် ပိုမို ကြောက်ရွံ့သွားသည်။ ကောင်းချိုင့်အား တီးတိုး အပြစ်တင်လေ၏။

"တိရစ္ဆာန် မင်း နားမလည်ဘူးလား၊ ဒီမှာ ဘီလူးတစ်ကောင် ရှိနေလို့ ဒုက္ခရောက်ရတဲ့အထဲ ဘယ်က ဘီလူးတစ်ကောင် ထပ်ခေါ်ခဲ့ရပြန်တာလဲ"

သူတို့ပြောနေသည့် စကားများကို စွန်းဟိန်ကျဲ အကုန်ကြားသည်။

"ဒီမှာ မိတ်ဆွေ ..... ရုပ်ရည်ကြည့်ပြီး အကဲဖြတ်ရင် မှားကုန်မှာပေါ့၊ ကျုပ်က ရုပ်ဆိုးပေမယ့် ဘီလူး မဟုတ်ပါဘူး"

ကောင်းထိုက်ကုန်းတို့ ပြောနေသည့် စကားများကိုဆရာတော်ကလည်း ကြားသဖြင့် ပြုံး၍ ပြောသည်။

"သူက ကျုပ်ရဲ့တပည့်ကြီးပါ၊ ဘယ်ကလာ ဘီလူးဟုတ်ရမှာလဲ"

စွန်းဟိန်ကျဲက -

"ဆရာတော်က တရားဓမ္မနဲ့ နေတဲ့ သူပါ၊ ကျုပ်ကသာ ခင်ဗျားသမီးနဲ့ ညားနေတဲ့ ဘီလူးကို မောင်းထုတ်ပေးမှာ၊ ကျုပ် ရုပ်ဆိုးတာကို အပြစ်မြင်မနေပါနဲ့ ....."

ထိုအခါမှ ကောင်းထိုက်ကုန်းသည် စွန်းဟိန်ကျဲကို ဦးညွှတ်ဂါရဝပြုသည်။

"စိတ်မရှိပါနဲ့ခင်ဗျာ ..... ကျုပ်ဟာ ဒီလိုပဲ မကြာခဏ အမြင်မှားတတ်ပါတယ်၊ ခွင့်လွှတ်ပါ ....."

စွန်းဟိန်ကျဲက ကိစ္စမရှိပါဘူး ဆိုသည့် သဘောဖြင့် လက်ကာပြလိုက်သည်။

"အထဲကို ကြွပါခင်ဗျာ ...."

ကောင်းထိုက်ကုန်းက ဖိတ်ခေါ်၏။

စွန်းဟိန်ကျဲသည် ဆရာတော်၏ မြင်းဇက် ကြိုးကို ဆွဲ၍ အိမ်

လှေကားခြေရင်း ရောက်သည်အထိ သွား၏။ ဆရာတော် အောက်ကို ဆင်းပြီးသောအခါ သစ်ပင်တစ်ပင်အောက်၌ မြင်းဇက်ကြိုးကို သွားချည်ထားသည်။

ကောင်းထိုက်ကုန်းသည် ဧည့်ခန်းခေါင်းရင်းတွင် ဆရာတော်အတွက် နေရာထိုင်ခင်းများ ပြုလုပ်ပေးပြီး ထိုင်စေသည်။ စွန်းဟိန်ကျဲသည် ဆရာတော်၏ အထုပ်ကို ဘေးတွင် ချထားပေးပြီး ဆရာတော်၏နောက်နား ခပ်ကျကျ၌ ထိုင်သည်။ စွန်းဟိန်ကျဲ နေတတ်သည်မှာ ကြာပြီ။

ကောင်းထိုက်ကုန်းသည် ဆရာတော်အား ရေနွေးကြမ်း ကပ်၏။

တပည့်ကြီးဖြစ်သော ကပ္ပိယ စွန်းဟိန်ကျဲအတွက်လည်း ရေနွေးပန်းကန်များ ချပေးသည်။

ကောင်းထိုက်ကုန်းက -

"ဆရာတော်တို့ ပိဋကတ်သုံးပုံ သွားရောက်ပင့်ဆောင်မယ်ဆိုတာဟုတ်ရဲ့လားဘုရား ....."

ထန်စန်းကျွမ်းဆရာတော်က -

"ဟုတ်ပါတယ်၊ ကျုပ်တို့ မဟာထန် နိုင်ငံက ထွက်လာတာ သုံးလကျော် လေးလထဲ ရောက်နေပါပြီ၊ ဒီကို ရောက်ချိန်မှာ နေဝင်သွားတာနဲ့ ဒီရွာထဲကို ဝင်လာတာပါ၊ တစ်ညတည်းခိုပြီးတာနဲ့ နက်ဖြန်မနက် ခရီးဆက်ပါမယ် ....."

ကောင်းထိုက်ကုန်းက -

"ဆရာတော်တို့ တစ်ညတည်းခိုဖို့ ရောက်လာတာကိုး၊ တည်းနိုင်ပါတယ်၊ တပည့်တော်ကလည်း ဖင်ဖိတ်ပါတယ်ဘုရား၊ ဒါပေမယ့် ဘီလူးကို နှိမ်နင်းဖို့ကျတော့ တစ်ညတည်းနဲ့ လုံလောက်မယ် မထင်ဘူးဘုရား"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"လုံလောက်ပါတယ်၊ အများကြီး လုံလောက်တာပေါ့၊ ကျုပ်က တစ်ည တည်းခိုပြီး ဘီလူး သုံးကောင်လောက် ဖမ်းပြီး ကစားမလို့ပါ၊ ဒါနဲ့ မိတ်ဆွေအိမ်မှာ ဘီလူး ဘယ်နှစ်ကောင်ရှိသလဲ ....."

ကောင်းထိုက်ကုန်းသည် ပျာပျာသလဲ ပြောလေ၏။

"ကျုပ်အိမ်မှာ ဘီလူး တစ်ကောင်ပဲ ရှိပါတယ်၊ အဲဒီတစ်ကောင်



ရှိတာလဲ ဒုက္ခရောက်လှပါပြီ"

စွန်းဟိန်ကျဲက -

"ဘီလူး ဘယ်နှစ်ကောင်ပဲ ရှိရှိ ဘာမှ ကြောက်စရာ မလိုဘူး၊ သူ ဘယ်လို ရောက်လာတာလဲ၊ ဘယ်လောက် တန်ခိုးရှိသလဲ ဆိုတာ ကျုပ် သိချင်တယ်၊ ခင်ဗျား တွေ့ကြုံ ခံစားရသမျှ ကျုပ်ကို ပြောစမ်းပါ"

ကောင်းထိုက်ကုန်းက ခေါင်းညိတ်၏။

"ပြောပြပါမယ်ဗျာ၊ ကျုပ်တို့မိသားစု ဒီရွာမှာ နေခဲ့ကြတာ ဘိုးစဉ်ဘောင်ဆက်က ဆိုပါတော့ဗျာ၊ ခေတ်အဆက်ဆက်မှာ အေးအေးချမ်းချမ်း နေခဲ့ကြတာပါ၊ ကျုပ် လက်ထက်ရောက်တော့မှ ခုလိုကိစ္စမျိုးနဲ့ လာကြုံနေရတာပါဗျာ"

"အင်း မကြုံဖူးတဲ့ လူတွေ လာကြုံရတော့ သည်းထိတ်ရင်ဖိုဖြစ်နေရမှာပေါ့"

စွန်းဟိန်ကျဲက ထောက်ပေးလေ၏။

ကောင်းထိုက်ကုန်းက -

"အဲဒီအတိုင်းပါပဲဗျာ .....၊ ကျုပ်မှာ သမီးသုံးယောက်ရှိပါတယ်၊ အကြီးဆုံးရဲ့ နာမည်က ရှမ်းလန်လို့ခေါ်ပါတယ်၊ အလတ်မရဲ့ နာမည်က ယိုလန်လို့ ခေါ်ပါတယ်၊ အငယ်ဆုံးရဲ့ နာမည်ကတော့ ချွေလန်လို့ ခေါ်ပါတယ်"

ကောင်းထိုက်ကုန်းသည် ခေတ္တနားပြီးမှ စကားဆက်သည်။

"အကြီးမနဲ့ အလတ်မဟာ ဒီရွာထဲက ရွာသားတွေနဲ့ပဲ အိမ်ထောင်ကျပါတယ်၊ အငယ်ဆုံး တစ်ယောက်သာ ကျုပ်တို့ဆီမှာ ကျန်ခဲ့ပါတယ်"

သူသည် သက်ပြင်း တစ်ချက် ချလိုက်၏။

"ဒီ သမီးကိုတော့ ငါတို့ မိဘတွေကို စောင့်ရှောက်နိုင်ဖို့ အိမ်ပါသမက်နဲ့မှ ပေးစားမယ်လို့ စိတ်ကူးထားပါတယ် ....."

စွန်းဟိန်ကျဲသည် နားထောင်ရင်း စိတ်ဝင်စားလာသည်။

ကောင်းထိုက်ကုန်းက -

"ဒါနဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်မှာ လူတစ်ယောက်က သမီးကို တောင်းရမ်းလာပါတယ်၊ အဲဒီသူငယ်ဟာ ရုပ်ရည်မဆိုးပါဘူး၊ ဆွေမျိုးသားချင်းလည်း မရှိဘူး၊ ဟာ ..... အိမ်ပါ သမက်တော့ ရပြီလို့ ကျုပ်က

ဝမ်းသာပြီး ပေးစားလိုက်မိပါတယ် .....”

ဆရာတော်မှာ စိပ်ပုတီးကိုထုတ်၍ ပုတီးစိပ်နေသည်။ ကောင်းထိုက်ကုန်းပြောသည့် အကြောင်းအရာများမှာ ဆရာတော်၏ နားတွင်းသို့ ဝင်ဟန်မတူပေ ....။

ကောင်းထိုက်ကုန်းက စကားဆက်သည်။

“သူ့ကို သမီးနဲ့ ပေးစားစတုန်းကတော့ အတော့ကို ကြိုးစားရှာပါတယ်၊ လယ်ထွန်တယ်၊ ယာစိုက်တယ်၊ လယ်ကေပေါင်းများစွာကို တစ်ယောက်တည်း စိုက်နိုင်တယ်၊ ဒါပေမယ့် .....”

ကောင်းထိုက်ကုန်း၏ အသံသည် ဝမ်းနည်းသံ ပါလာလေ၏။

“ဒါပေမယ့် သူဟာ တစ်ခါတစ်ခါ ရုပ်ပြောင်းလာပါတယ်”

စွန်းဟိန်ကျဲက မေးလိုက်၏။

“ဘယ်လို ရုပ်ပြောင်းတာလဲ .....”

ကောင်းထိုက်ကုန်းက –

“သူလာစတုန်းက ကျစ်ကျစ်လျစ်လျစ်နဲ့ ရုပ်ရည်သန့်ပြန့်တဲ့ လူငယ်တစ်ယောက် ဖြစ်ပေမယ့် နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ပါးစပ်ရှည်လာတယ်၊ နားရွက်ကြီးလာပါတယ်၊ သူဟာ တစ်နေ့တစ်ခြား လူတစ်ယောက်နဲ့ မတူတော့ဘဲ ဝက်တစ်ကောင်နဲ့ တူလာပါတယ်၊ နောက်ပြီး အစားအသောက်လည်း လောဘကြီးလာပါတယ် .....”

“သူက ဘယ်လောက်တောင် စားလို့လဲ”

“သူဟာ တစ်နေ့စားရင် မနက်တစ်တင်းလောက်၊ ညတစ်တင်းလောက်စားတယ်၊ မနက်စာ စားတဲ့မုန့်ဆီကြော်တောင် အခုတစ်ရာလောက်စားတယ်၊ သုံးနှစ်အတွင်း သူလုပ်ထားတဲ့ စပါးတွေဟာ ပြောင်တလင်းခါသွားတာပဲ”

ထန်စန်းကျွမ်း ဆရာတော်သည် ပုတီးစိပ် ပြီးသွားပြီ ဖြစ်၍ စိပ်ပုတီးကို သိမ်းပြီး ဝင်ပြောလေ၏။

“လုပ်နိုင်တာကိုး စားနိုင်မှာပေါ့ .....”

ကောင်းထိုက်ကုန်းက –

“အခုတော့ မလုပ်တော့ပါဘူး ဘုရား၊ စားပဲ စားနေတော့တာပဲ၊ နောက်ဆိုးတာက သူသွားတဲ့အခါ လေပြင်းတွေတိုက်တယ်၊ တိမ်တောင်တိမ်လိပ်တွေလည်းပါလာတယ်၊ ကျောက်တုံးကျောက်ခဲတွေဆိုရင် ပလွင့်



နေတာပဲ၊ အဲဒါတွေ ပါနေတော့ သူ သွားတဲ့လာတဲ့အခါမှာ လူတိုင်းစိတ်ညစ်ရပါတယ်၊ တပည့်တော်တို့ မိသားစုဟာ အမြဲ စိတ်ညစ်နေရတာပဲ .....”

ကောင်းထိုက်ကုန်းက ဆက်ပြော၏။

“လွန်ခဲ့တဲ့ နှစ်ဝက်လောက်မှာ တပည့်တော်ရဲ့ သမီးကို လွတ်လပ်ခွင့် မပေးတော့ပါဘူး၊ နောက်ဘက်က ခြံထဲက အိမ်တစ်လုံးထဲမှာ ပိတ်လှောင်ထားပါတယ်၊ အိမ်သားတွေ လုံးဝ မတွေ့ရတော့ပါဘူး၊ သေသလား ရှင်သလားဆိုတာလည်း မသိရပါဘူး၊ ဒါကြောင့် သူ့ကို မောင်းထုတ်ဖို့ ဆရာတွေ ပင့်ပါတယ်၊ ဒါပေမယ့် ပင့်လာတဲ့ ဆရာတွေဟာ သူ့ကို မောင်းမထုတ်နိုင်ဘဲ သူတို့ချည်း ထွက်ပြေးကြရပါတယ် .....”

စွန်းဟိန်ကျဲက –

“တစ်ခါတလေတော့လည်း ရှိနေတဲ့ ဘီလူးက လာနှင်ထုတ်တဲ့ လူတွေထက် တန်ခိုးကြီးနေတဲ့အခါမှာ လာနှင်ထုတ်တဲ့သူတွေ ပြန်ပြေးရတတ်ပါတယ်”

“ဟုတ်တယ်၊ အခုလဲ အဲဒီလိုဖြစ်နေတာပဲ”

စွန်းဟိန်ကျဲက –

“ဒီကိစ္စကို ဘာမှ ပူမနေနဲ့၊ စိတ်ချသာနေ၊ ဒီ ဘီလူး ဘာမှ မယူနိုင်ဘဲ ထွက်ပြေးစေရမယ်၊ ကနေ့ည သူရောက်လာရင် ခင်ဗျားရဲ့ သမီးကို ကွာရှင်းစေရမယ်၊ နောက်ပြီး ဒီခြံထဲက ထွက်ပြေးစေရမယ်၊ ဒီထက်ကြမ်းတဲ့ ဘီလူးတွေကိုတောင် ကျုပ်က တိုက်ခိုက်လာခဲ့တာ ဒီဘီလူးလောက်တော့ ကျုပ်က အရေးမစိုက်ပါဘူး .....”

ကောင်းထိုက်ကုန်းသည် အလွန်ဝမ်းသာသွားလေ၏။

“ကျေးဇူးတင်လိုက်တာ၊ ကျုပ်ပင့်တဲ့ ဆရာတွေအားလုံး ခြောက်ယောက်လောက် ရှိပါပြီ၊ အားလုံး ထွက်ပြေးကြတာပဲ၊ ဒါနဲ့ သူ့ကို ဘယ်တော့လောက် မောင်းထုတ်ပေးမှာလဲဟင်”

စွန်းဟိန်ကျဲက –

“ကျုပ်တို့လည်း အချိန် သိပ်မရပါဘူး၊ ကနေ့ညမှာပဲ သူ့ကို မောင်းထုတ်လိုက်မယ်၊ ကိစ္စပြတ်ရောပေါ့ .....”

“ကျုပ် ဘယ်လို ဝမ်းသာမှန်း မသိပါဘူး၊ ဆရာတော် ဒီမှာ သက်သာသလို တည်းခိုပါ၊ မနက် ကျရင်လည်း တပည့်တော် ဆွမ်းကပ်

ပါဦးမယ်"

သူသည် အိမ်သားများကို စားဖွယ်သောက်ဖွယ်များနှင့် ဆွမ်းကပ်ရန် ချက်ပြုတ်စရာရှိသည်များကို ချက်ပြုတ်ရန် မှာကြားတော့သည်။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၅၃)

## မျောက်ကိုကြောက်သည့်ဘီလူး

ညသည် သူ၏ အမှောင်ကမ္ဗလာကြီးကို တဖြည်းဖြည်း လွှမ်းခြုံလာလေ၏။ တောရပ်တောရွာဖြစ်၍ မှောင်ပိန်းလာသည်။ လမထွက်ခင် အမှောင်သည် ကြီးစိုးနေဦးမည်။

စွန်းဟိန်ကျဲသည် ညစာ စားပြီးသွားပြီဖြစ်၏။ အိမ်ဖော်များက ရေနွေးပန်းကန်များ လာချပေးသည်။ ကောင်းထိုက်ကုန်းက စွန်းဟိန်ကျဲကို မေးလိုက်သည်။

"လူ ဘယ်လောက် လိုသလဲ၊ ဘာလက်နက်ကို သုံးမလဲ .....၊ ပြောပါခင်ဗျာ၊ ကျုပ် အားလုံး အသင့် ပြင်ခိုင်းထားပါမယ် ....."

စွန်းဟိန်ကျဲက ခေါင်းယမ်းလိုက်၏။

"လူသူ မလိုဘူး၊ လက်နက် မလိုဘူး၊ ဒီလို ဘီလူးတစ်ကောင်ကို လူတွေစု၊ လက်နက်တွေ စုပြီး တိုက်ခိုက်ရရင် ရာဇဝင် ရိုင်းသွားမှာပေါ့ ကျုပ်မှာ လက်နက် ရှိပြီးသားပါ ....."

ကောင်းထိုက်ကုန်းက –

"ခင်ဗျားမှာ ဘာလက်နက်မှလည်း မတွေ့ပါလား"

"ရှိပါတယ် ....."

သူသည် နားထဲမှ အပ်ကလေး တစ်ချောင်းကို ဆွဲထုတ်လိုက်၏။ လေထဲသို့ တစ်ချက်မျှ လှုပ်ခါလိုက်သည်။ ထိုအပ်ကလေးသည် လူတစ်ယောက် ကိုင်သာသည့် တုတ်အဖြစ်သို့ ပြောင်းလဲ သွားတော့၏။

"တွေ့လား ...၊ ဒီ လက်နက်ဟာ ကျုပ်ရဲ့ လက်နက်ပဲ"

"ဒီ လက်နက်နဲ့ ဒီ ဘီလူးကို တိုက်ခိုက်နိုင်ပါ့မလား"

"ဒီ ဘီလူး တစ်ကောင်ထည်းကို မပြောနဲ့၊ ဘီလူး အကောင် တစ်ရာကိုတောင် တိုက်ခိုက်နိုင်တယ်"

"ဒီလိုဆိုရင် လူတွေ မလိုတော့ဘူးပေါ့ ....."

"ကျုပ်ရဲ့ ဆရာတော် ပျင်းနေမှာစိုးတယ်၊ သူ မေးတာ မြန်းတာတွေကို ဖြေဖို့ စကားပြောဖော်ရမယ့်လူတွေကို ဆရာတော်ဆီ စေလွှတ်ပေးပါ"

"စိတ်ချပါ .... လူတွေရှိပါတယ်"

ထန်စန်းကျွမ်းဆရာတော်က –

"ငါ့အတွက် လူမလိုပါဘူး၊ လူမရှိရင်လည်း စိပ်ပုတီး စိပ်လို့ရပါတယ်၊ သူ့ကိစ္စကိုသာ ပြေလည်အောင် လုပ်ပေးလိုက်ပါ"

"စိတ်ချပါဆရာ ......"

စွန်းဟိန်ကျဲသည် ထရပ်လိုက်၏။

ကောင်းထိုက်ကုန်းအား လှမ်းပြောသည်။

"ခင်ဗျားရဲ့ ခြံ အနောက်ဘက်မှာ ရှိတဲ့ အိမ်ကို လိုက်ပို့ပါ၊ ကျုပ် လိုက်ကြည့်မယ်"

ကောင်းထိုက်ကုန်းက –

"ဘာလုပ်မလို့လဲ၊ ဘီလူးဟာ ဒီအချိန်မှာ အိမ်မှာ မရှိတတ်ပါဘူး၊ သူမရှိရင် ခင်ဗျား ဘာမှ လုပ်နိုင်မှာမှ မဟုတ်ဘဲ"

စွန်းဟိန်ကျဲက ရှင်းပြ၏။

"ကျုပ်က ဒီ ဘီလူးကိုတော့ ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် စစ်မတိုက်ခိုက်ခင် မြေပြင်အနေအထားကို သိထားသင့်သလို ပတ်ဝန်းကျင် အခြေအနေကို ကျုပ် သိချင်တယ်၊ ခင်ဗျားက ဘာဖြစ်လို့ လိုက်ပို့ဖို့ ဝန်လေးနေတာလဲ"

"ဝန်မလေးပါဘူးဗျာ၊ ခင်ဗျား တိုက်ရမယ့်လူမရှိတော့ သွားရင် အလဟဿဖြစ်မှာစိုးလို့ပါ ....."

"ကိစ္စမရှိဘူး၊ ကျုပ် သွားကြည့်မယ်"

"ရပါတယ်၊ ကျုပ် လိုက်ပြပါမယ် ....."

ကောင်းထိုက်ကုန်းသည် စွန်းဟိန်ကျဲအား အနောက်ဘက်ခြံသို့ ခေါ်ဆောင်သွားသည်။ အနောက်ဘက်ခြံသည် အရှေ့ဘက်ခြံနှင့် ကပ်လျက်ရှိနေသည်။ ခြံတံခါးကို သော့ဖြင့် ခတ်ထားသည်။



စွန်းဟိန်ကျဲက –

"သော့ ယူစမ်းပါ"

"ကျုပ်မှာ သော့ မရှိပါဘူး"

"သော့က ဘယ်သူ့ဆီမှာလဲ"

"ဘီလူးဆီမှာပါ၊ ဒီသော့ဟာ ကျုပ်ခတ်ထားတဲ့ သော့ မဟုတ်ပါဘူး၊ ဘီလူးခတ်ထားတဲ့ သော့ပါ ...."

စွန်းဟိန်ကျဲက သော့ခလောက်ကို လက်နှင့်ပုတ်လိုက်သည်။ သော့ခလောက်သည် ချက်ချင်းပွင့်သွားလေ၏။

စွန်းဟိန်ကျဲက တံခါးကို တွန်းဖွင့် လိုက်သည်။ သူတို့သည် အိမ်ကလေးဆီသို့ လျှောက်လာပြီး အိမ်ကို ခတ်ထားသည့် သော့ခလောက်ကိုလည်း စွန်းဟိန်ကျဲက လက်ဖြင့်ပုတ်လိုက်သည်။ သော့ခလောက် ပွင့်သွားပြန်သည်။

သူတို့သည် တံခါးကို ဆွဲဖွင့်ပြီး အိမ်ထဲသို့ ဝင်သွားလေ၏။

ကောင်းထိုက်ကုန်းမှာ ရွံ့နေသည်။

"မရွံ့ပါနဲ့၊ ဝင်ပါဗျ၊ ဘီလူးမှမရှိဘဲ၊ ရှိရင်လဲ ဂရုစိုက်စရာ မဟုတ်ပါဘူး"

အိမ်တစ်ခုလုံး မီးထွန်းမထားသဖြင့် မှောင်မည်းနေသည်။

စွန်းဟိန်ကျဲက –

"မီးထွန်းလိုက်ပါ ...."

ကောင်းထိုက်ကုန်းသည် မီးအိမ်ရှာ၍ မီးထွန်းလိုက်၏။ မှောင်မည်းသောအိမ်၌ လင်းလင်းကျင်းကျင်း ဖြစ်သွားသည်။

"ခင်ဗျားသမီးကို ခေါ်ကြည့်စမ်းပါ၊ သူ အခန်းထဲမှာ ရှိရဲ့လား မသိဘူး၊ ခင်ဗျားတို့ချင်း မတွေ့ရတာ ကြာနေပြီဆို ...."

ကောင်းထိုက်ကုန်းသည် အခန်းထဲသို့ လှမ်းခေါ်လိုက်၏။

"သမီး ..... ချွေလန် ....."

အခန်းထဲ၌ ရှိနေသော ချွေလန်သည် ဖခင်၏ အသံကို ကောင်းစွာ မှတ်မိ၏။

"ဖေဖေ ..... သမီး ဒီမှာ ရှိပါတယ်"

သူမ၏ အသံသည် အားအင်ချည့်နဲ့နေသည်။ သမီးဖြစ်သူ နေမကောင်းနေသည်ကို ဖခင်ဖြစ်သူ ကောင်းထိုက်ကုန်း ကောင်းစွာ ရိပ်မိ

သွားလေပြီ။

စွန်းဟိန်ကျဲနှင့် ကောင်းထိုက်ကုန်းတို့သည် အခန်းထဲသို့ လှမ်းဝင်သွားလေ၏။ အခန်းထဲ၌ ခုတင်တစ်လုံးရှိနေ၏။ ခုတင်ပေါ်၌ မိန်းကလေးတစ်ယောက် ကွေးကွေးကလေး အိပ်နေသည်။

ထို မိန်းကလေး၏ မျက်နှာမှာ သွေးမရှိသည့် အလား ဖြူဖပ် ဖြူယော်ဖြစ်နေသည်။ ကောင်းထိုက်ကုန်းသည် ရဲရင့်လာပြီးဖြစ်သည့် အလျောက် အခန်းထဲသို့ တောက်လျှောက်ဝင်လာသည်။

မိန်းကလေးသည် ဖခင်ရောက်လာသည်ကို တွေ့မြင်ရသော အခါ အိပ်ရာမှထပြီး ဖခင်ကိုဖက်၍ ငိုကြွေးလေတော့၏။ သူတို့ မတွေ့ရ သည်မှာ နှစ်ဝက်မျှ ရှိကြပြီမဟုတ်ပါလား။

စွန်းဟိန်ကျဲက–

"ငိုမနေပါနဲ့. မိန်းကလေးရယ်၊ ဘီလူးကို ကျုပ် တွေ့ချင်ပါ တယ်၊ ဘီလူးက ဘယ်မှာလဲ"

မိန်းကလေးက ရှိုက်၍–

"မသိပါဘူးရှင်...၊ ဒီရက်ထဲမှာ သူဟာ မိုးလင်းတာနဲ့. ထွက် သွားတာပဲ၊ ည မှောင်လာရင် ပြန်လာတတ်တယ်"

စွန်းဟိန်ကျဲက ကောင်းထိုက်ကုန်းအား ပြောလိုက်၏။

"ကဲ...ကဲ...ဒီလောက်ဆို ရပါပြီ၊ ခင်ဗျားရဲ့သမီးကို အမြန်ဆုံး ခေါ်သွားပြီး ပြုစုလိုက်ပါ၊ မိန်းကလေးဟာ ကျန်းမာပုံ မရဘူး..၊ ဟိုကျမှ ခင်ဗျားတို့ သားအဖရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြပေါ့..."

စွန်းဟိန်ကျဲကဆက်ပြောလိုက်၏။

"ဒီဘီလူးကောင် ပြန်လာပါစေ၊ ကျုပ် ကောင်းကောင်းဆုံးမ လိုက်မယ် ..."

မိန်းကလေးက–

"ကျွန်မ သူ့ကို ရှုံပါတယ်ရှင်... ဘယ်လို ရှုံမှန်း မသိဘူး၊ ဒါပေမယ့် ..... ဒါပေမယ့် ...."

စွန်းဟိန်ကျဲက နှစ်သိမ့်လိုက်၏။

"ဒီအချိန်ကစပြီး မိန်းကလေး စိတ်ချမ်းသာပေတော့...၊ မိန်းက လေးရှုံရင် ဒီကောင်ကို မပေါင်းစေရဘူး၊ ဒီဘီလူး ခွေးပြေး ပြေးစေရမယ်၊ ကဲ...ကဲ ခင်ဗျားသမီးကို ခေါ်သွားပေတော့..."



ကောင်းထိုက်ကုန်းသည် နှစ်ဝက်မျှ မတွေ့ရသော သမီးငယ်အား ဝမ်းပန်းတသာ တွဲခေါ်သွားလေ၏။ မသွားမီ–

"ခင်ဗျား...သတိထားပါနော်"

စွန်းဟိန်ကျဲက ရယ်၏။

"ဒီ ဘီလူးက သတိထားရမှာ ..... ကျုပ် ဘယ်လိုကောင်ဆိုတာ မကြာခင် ဒီကောင် သိစေရမယ်..."

ကောင်းထိုက်ကုန်းသည် သမီးအား တွဲခေါ် သွားလေ၏။

စွန်းဟိန်ကျဲသည် ခုတင်အား လှေ့လာလိုက်၏။

"ဒီ ဘီလူးဟာ အာဂ ဘီလူးပဲ၊ မိန်းကလေးကို အလိုမတူဘဲ ပေါင်းသင်း နေတာကို:...၊ အင်း ...ငါနဲ့ တွေ့မယ်.."

သူသည် ခန္ဓာကိုယ်ကို တစ်ချက် လှုပ်လိုက်၏။

ထိုအခါ ချွေလန်နှင့် ရွှေမရအောင်တူသော မိန်းကလေးအဖြစ်သို့ ပြောင်းလဲသွားတော့၏။ သူသည် ခုတင်ပေါ်၌ ထိုင်၍ စောင့်နေလေ၏။

လာဦးတော့ ဘီလူး ...။

သေဖြစ်ဦးမည့် ဘီလူး ...။

ညသည် အလွန် မှောင်လာ၏။ မကြာမီ လေပြင်း တစ်ချက် တိုက်ခတ်လာသည်ကို တွေ့ရလေ၏။

ထိုအခါ စွန်းဟိန်ကျဲသည် ကောင်းထိုက်ကုန်း ပြောသည့်စကား များကို သတိရလိုက်၏။

"သူ သွားတဲ့အခါ လေပြင်းတွေတိုက်တယ်၊ တိမ်တောင် တိမ်လိပ် တွေလည်း ပါလာတယ်...."

တန်တော့၊ ဘီလူးလာပြီထင်သည်။

မှန်ပါသည်။ သဲမှုန်ကျောက်မှုန်များ ပလူပျံ တက်လာသည်။ ဘီလူးသည် ရောက်လာပြီ။

စွန်းဟိန်ကျဲ ကြည့်လိုက်သော အခါ မြူများ ထူထပ်စွာ ဖုံးလွှမ်း လာသည်ကို တွေ့ရ၏။ နှင်းမြူများ ပါးသွားသောအခါ မြင့်မားထွား ကျိုင်းသော လူရိပ်တစ်ခုသည် အခန်းဝ၌ ပေါ်လာတော့၏။

တဖြည်းဖြည်း နီးကပ်လာသောအခါ ထိုဘီလူးမှာ ခန္ဓာကိုယ် ထွားကျိုင်းသလောက် အရုပ်ဆိုးလှသည်ကို တွေ့ရလေ၏။ သူ့ပါးစပ် သည် ရှည်လျားလှ၏။ သူ့မျက်လုံးမှာ သေးငယ်ပြီး မှေးနေသည်။ အထူး

သဖြင့် သူ့ နားရွက်ကြီးများမှာ ယပ်တောင်ပမာ ကြီးမားလှပေသည်။ သူ၏ ကိုယ်ပေါ်၌ အစိမ်းရောင်လည်းမဟုတ် အပြာရောင်လည်း မဟုတ်သော အင်္ကျီပွကြီးကို ဝတ်ဆင်ထားသည်။

ခွန်းဟိန်ကျဲ ကျိတ်၍ ပြုံးလိုက်၏။

"ဒီကောင် ဝက်နဲ့ တယ်တူတာပဲ၊ ဝက်ဘီလူးဖြစ်မယ်...."

သူသည် ခုတင်ပေါ် လှဲအိပ်လိုက်၏။

သူသည် မကျန်းမာသူ တစ်ယောက်ပမာ ညည်းညူနေသည်။

ထိုဝက်ဘီလူးသည် ခုတင်ရှိရာသို့ လျှောက်လာပြီး ခွန်းဟိန်ကျဲ ဖန်ဆင်းထားသော မိန်းကလေး၏ ပါးကို ကုန်းနမ်းလိုက်လေ၏။

ခွန်းဟိန်ကျဲက ရယ်ချင်လာ၏။

သူသည် ဝက်ဘီလူး၏ ပါးစပ်ကို လက်ဖြင့် ဖမ်းထားလိုက်၏။ ထို့နောက် ပစ်ပေါက်လိုက်သည်။

"ဝုန်း..."

ဝက်ဘီလူးသည် ကြမ်းပြင်ပေါ်သို့ ပက်လက်လန်သွားလေ၏။ ဝက်ဘီလူးသည် အကြောင်းမသိသေးချေ။ သူသည် လူးလဲ၍ထလာ၏။ သူသည် ခုတင်အနီးသို့ ချဉ်းကပ်လာပြီး–

"မင်း ..... စိတ်ဆိုးနေတယ် ဟုတ်လား၊ ငါ ..... နောက်ကျသွားလို့လား..."

"စိတ်မဆိုးပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ငါ့ကို ကိုင်ပေါက်ရတာပဲ"

"ရှင်က ကျွန်မကို လာနမ်းတာကိုး"

"မင်းကို ဟိုနေ့တွေကလည်း နမ်းနေတာပဲ၊ ဒါများ အဆန်းလုပ်လို့"

"ကျွန်မ..ဒီနေ့ နေမကောင်းဘူး..."

"ဩော်...မင်း နေမကောင်း ဖြစ်နေတာကိုး"

"ကဲ..ရှင် အဝတ်အစားလဲပြီး ကိုယ့်ဘာသာကိုယ် အိပ်ပေတော့"

ဝက်ဘီလူးသည် အဝတ်အစားချွတ်၍ ခုတင်ပေါ်တက်သည်။ မိန်းကလေးကို စမ်းသပ်သောအခါ မတွေ့ရတော့ချေ။

"ဟ ... မင်း ဘယ်ရောက်သွားသလဲ"

"ကျွန်မ နောက်ဖေးနောက်ဖီ သွားလိုက်ဦးမယ်..."



ဝက်ဘီလူးသည် ခုတင်ပေါ်တက်၍ အိပ်နေ၏။

မိန်းကလေးက–

"ကျွန်မတော့ ကံဆိုးတာပဲ"

"ဘာဖြစ်လို့ ကံဆိုးတယ်လို့ ပြောရတာလဲ၊ ငါမင်းတို့အိမ်ရောက်လာတာ အလကား ရောက်လာတာ မဟုတ်ဘူး၊ အလုပ် လုပ်ပေးတယ်၊ လယ်ထွန်ပေးတယ်၊ မွေးမြူရေး လုပ်ပေးတယ်၊ ဒါကြောင့် မင်းတို့ ချမ်းသာလာတာပေါ့၊ ဒါနဲ့တောင် မင်းက ညည်းညူ နေရသေးသလား ..."

မိန်းကလေးက–

"ဒါကို ပြောနေတာ မဟုတ်ဘူး"

ဝက်ဘီလူးက–

"ဒါဖြင့် ဘာကို ပြောနေတာလဲ"

"သူတို့က ကျွန်မရှင့်ကို ယူတာ ရှက်စရာလို့ ပြောပါတယ်"

"ဘာကြောင့် ရှက်ရမှာလဲ"

"ရှင်က လူနဲ့မှ မတူဘဲကိုး..၊ သိပ်အကျည်းတန်လို့ ဆွေမျိုးမိတ်သင်္ဂဟတွေ ရှေ့မှာ ရှင့်ကို ထုတ်မပြရဲဘူး.."

"ဒါကတော့ ငါ့အမေ မွေးကတည်းက ရုပ်ဆိုးလာတာပဲ၊ ဘာ တတ်နိုင်မှာလဲ"

"ထားပါတော့လေ...ရှင် မနက်စောစော ထွက်သွားတယ်၊ မှောင်မှ ပြန်လာတယ်၊ ရှင် ဘယ်သွားနေတာလဲ၊ ကျွန်မ ဘာမှ မသိရပါကလား.."

ဝက်ဘီလူးက–

"ငါက "ဟုတ်လိန်စန်း" တောင် "ရင်းကျန်" လိုဏ်ဂူမှာ နေတာကွ ..."

"ဒါဖြင့်ရင်...ရှင် မိုးလင်းရင် အဲဒီ ရင်းကျန် လိုဏ်ဂူကိုပဲ သွားနေတာပေါ့..."

"ဒါပေါ့..."

"ဒါနဲ့ ရှင်က ဘာအမျိုးအနွယ်လဲ"

"ငါက..."ကျူး" အမျိုးအနွယ်ပါ၊ ငါ့နာမည်က ကျူးထန်းချန်တဲ့၊ မင်းအဖေမေးရင် ဒီအတိုင်းပြောလိုက်.."

စွန်းဟိန်ကျဲ ဝမ်းသာ သွားသည်။ ဤ ဘီလူးသည် သူ့ကိုယ်သူ မြေတွင်း တူးနေသည်ကို မသိချေ။ ဝက်ဘီလူး ထွက်ပြေးပါက လိုက်ဖမ်းရမည့်နေရာကို သူသိလေပြီ။

မိန်းကလေးက–

"အခု...ဖေဖေက ရှင့်ကို မောင်းထုတ်ဖို့ တန်ခိုးဣဒ္ဓိပါဒ်ရှိတဲ့ ပုဂ္ဂိုလ် နှစ်ဦးကို ပင့်ဖိတ်နေပြီ လို့သိရတယ်"

"မင်း ဘယ်လို့ သိတာလဲ၊ မင်းကို ငါ သော့ခတ်ထားတာပဲ"

"ဒါကတော့ ဒီလိုပဲ သိတာပေါ့ရှင်..."

"ဟင်း ...ဟင်း ...ဟင်း ...မင်း အဖေဟာ ငါသတ်ရင် သေတော့မယ်၊ ဟိုလူပင့် ဒီလူပင့်နဲ့ ငါလုပ်လိုက်ရ သူပါ ထွက်ပြေးသွားရတော့မယ်၊ ငါ့ကို နှယ်နှယ်ရရကောင် အောက်မေ့နေသလား...၊ ငါဟာ ရုပ်ပြောင်းရုပ်လွှဲအတတ် သုံးဆယ့်ခြောက်မျိုး ဖန်ဆင်းတတ်တယ်ကွ..၊ ထွန်ခြစ်သိုင်းကွက်လည်း တတ်တယ်၊ ဘုန်းကြီးပဲပင့်ပင့်.. ရသေ့ပဲပင့်ပင့် အဲဒီလူတွေအားလုံး ပြန်ပြေးရမှာပဲ..၊ ငါ ဘယ်သူ့ကိုမှ မကြောက်ဘူး.."

မိန်းကလေးက–

"ဖေဖေကပြောတယ်၊ အခု သူပင့်လာတဲ့ ပုဂ္ဂိုလ်ဟာ နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်ဘူးတဲ့..."

"ဟား .... ဟား ..... ဟား .... နှယ်နှယ်ရရပုဂ္ဂိုလ် မဟုတ်ရင် ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်မလဲ၊ ငါက ရယ်ချင်တယ်၊ သူ ပင့်လာတဲ့ ဘုန်းကြီးသုံးပါးဟာလည်း ငါနဲ့တွေ့တော့ ပြေးတာ တန်းနေတာပဲ၊ ရသေ့သုံးပါးလည်း ပြေးတာ တန်းနေတာပဲ...၊ ဒီတစ်ခါ အဲဒီ ပုဂ္ဂိုလ်တွေထက် အပြေးသန်တဲ့ ပုဂ္ဂိုလ်ကို ခေါ်လာတာပဲ ဖြစ်မယ်၊ ဟား ... ဟား ... ဟား ...."

"ရှင် ..... ရယ်မနေနဲ့၊ရှင့်အသံကြားလိုက်ရင် နားကြောထဲက စိမ့်သွားမယ်"

"ဟား ... ဟား ... ဟား ... မင်းအဖေ ဖိတ်လာတာ နတ်မင်းကြီး ယို့ဟွမ်းတတိတော့ မဖြစ်နိုင်ပါဘူး..."

"ရှင်မှားနေပြီ၊ အဲဒီနတ်မင်းကြီး ယို့ဟွမ်းတတိလောက် အဆင့်မြင့်တဲ့ လူကို သူ ခေါ်ပင့်လာတာလို့ ပြောတယ်"

"ဒါဖြင့် ... သူ ဘယ်သူလဲ"



"လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာတုန်းက နတ်မင်းကြီးရဲ့ ပလ္လင်ကို ဝင်လုတဲ့ မျောက်မင်းလို့ ပြောတယ်၊ အဲဒီ မျောက်မင်းကို နတ်မင်းကြီးတောင် မနိုင်လို့ မြတ်စွာဘုရားကို တိုင်ကြား လျှောက်ထား ရတယ်လို့ ပြောတယ်၊ အခုဖေဖေ ပင့်ခေါ်လာတာ အဲဒီမျောက်မင်းလို့ ပြောတယ်..."

ဝက်ဘီလူးသည် ထိုစကားကို ကြားလိုက်သောအခါ ခြေဖျား လက်ဖျားများ အေးစက်သွားသည်အထိ ကြောက်လန့်သွားလေတော့၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း(၅၄)

## ဝက်ဘီလူးကိုအောင်နိုင်ခြင်း

ဝက်ဘီလူးသည် ခုတင်ပေါ်၌ ကြောက်လန့်တကြား ထထိုင်သည်။

မိန်းကလေးက–

"ရှင် ဘာဖြစ်တာလဲ"

"ဒီလိုဆိုရင် မင်းနဲ့ငါ ပေါင်းလို့ မဖြစ်တော့ဘူး၊ ငါ သွားမှ ဖြစ်တော့မယ်.."

"အို...မျောက်မင်းလို့ ပြောလိုက်တာနဲ့ ရှင်က ဘာကို ကြောက်သွားတာလဲ၊ ကျွန်မတို့ သုံးနှစ်ကျော်အောင် ပေါင်းသင်းပြီးပြီ မဟုတ်လား ....."

"သုံးနှစ်ကျော်...လေးနှစ်ကျော် လုပ်မနေနဲ့ မင်းအဖေဆီကို မင်းသွားပေတော့...၊ ငါလည်း ပြေးတော့မယ်"

"ရှင်ဘာဖြစ်လို့ ဒီလောက် ကြောက်သွားရတာလဲ"

"မင်း မသိပါဘူး၊ အဲဒီ မျောက်မင်းဟာ နတ်ပြည်မှာ မြင်းထိန်းလုပ်ခဲ့ဖူးတယ်၊ စကြဝဠာ တန်ခိုးရှင်ဆိုပြီးတော့လည်း နေခဲ့ဖူးတယ်၊ သူနဲ့ ငါ မယှဉ်ချင်ဘူး"

သူသည် ပြောရင်းဆိုရင်း ခုတင်ပေါ်မှ ဆင်းလိုက်၏။ သူသည် သူ့ အဝတ်အစားများကို ကောက်ဝတ်လိုက်သည်။

"ငါ...သွားမှ ဖြစ်တော့မယ်..."

သူသည် အခန်းတံခါးကို ဆွဲဖွင့်လိုက်၏။ စွန်းဟိန်ကျဲသည် ဝက်ဘီလူး၏ လက်မောင်းကို ဖမ်းဆွဲထားလိုက်လေ၏။ မျောက်မင်း



သည် သူ့ နဂိုရုပ်ကို ပြန်ပေါ်စေလိုက်သည်။

"ဝက်ဘီလူး.. သင် ဘယ်ကိုမှ ပြေးလို့မလွတ်နိုင်ဘူး၊ ကျွန်ုပ် ဘယ်သူဆိုတာ လှည့်ကြည့်လိုက်စမ်းပါဦး..."

ဝက်ဘီလူး လှည့်ကြည့်လိုက်သောအခါ မျောက်မင်းဖြစ်နေသည်ကို တွေ့ရှိလိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်ကာ အင်အားများ ချည့်နဲ့သွားလေ၏။ သူသည် စွန်းဟိန်ကျဲ၏ လက်မှ လွတ်မြောက်ရန် ငှက်အသွင်ဖန်ဆင်းပြီး ပြေးလေတော့၏။

စွန်းဟိန်ကျဲသည် နားထဲမှ အပ်ကလေးကို ထုတ်လိုက်ကာ လေထဲသို့ ဝှေ့ယမ်းလိုက်၏။ ထိုအခါ သံမဏိတုတ်ချောင်း ဖြစ်သွားတော့သည်။

"ထန်း.."

သူသည် သံမဏိတုတ်ဖြင့် ရိုက်ချလိုက်ရာ ဘီလူးသည် ငှက်အဖြစ်မှ ရောင်စဉ်တန်းအဖြစ်သို့ ပြောင်းလဲပြီး "ဟုတ်လိန်စန်း" တောင်သို့ ဦးတည်ပြေးလေတော့၏။ စွန်းဟိန်ကျဲသည် နောက်မှပြေးလိုက်သွားသည်။

"မပြေးနဲ့.. သင် မိုးပေါ်ပြေးရင် မိုးပေါ် တက်လိုက်မယ်၊ သင် မြေအောက် ဆင်းပြေးရင်လည်း ကျုပ် မြေအောက်အထိ လိုက်မယ်..."

ဤသို့ဖြင့် ဝက်ဘီလူးသည် ရှေ့မှ ပြေးလွှားသွား၏။

စွန်းဟိန်ကျဲကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်။ ရောင်စုံ အလင်းတန်းများသည် လျှင်မြန်စွာ ပြေးနေသည်။ စွန်းဟိန်ကျဲကလည်း အလျှော့မပေးချေ။ သံမဏိတုတ်ကို ကိုင်ပြီး တိမ်တိုက်စီး၍ လိုက်သည်။

ဟုတ်လိန်စန်းတောင်သို့ ရောက်သောအခါ ရောင်စဉ်တန်းများသည် အလင်းရောင်တန်းတစ်ခုတည်း အဖြစ်သို့ စုစည်းသွားပြီး လိုဏ်ဂူထဲသို့ ဝင်သွားသည်။

စွန်းဟိန်ကျဲလည်း တိမ်တိုက်ပေါ်မှ ဆင်းသက်လာလေ၏။

ဝက်ဘီလူးသည် နဂိုရုပ်သွင်သို့ ပြန်လည် ကူးပြောင်းပြီး ဖြစ်သည်။ သူသည် ထွန်ခြစ်သိုင်းကို တတ်မြောက်ထားသူဖြစ်၍ ထွန်ခြစ်တစ်လက် ကိုင်ကာ ပြန်ထွက်လာသည်။

စွန်းဟိန်ကျဲက–

"ဝက်ဘီလူး သင် ဘာကြောင့် ကျွန်ပ်နာမည်ကို သိနေတာလဲ၊ အမှန်အတိုင်းပြောရင် သင့်ကို အသက်ချမ်းသာပေးလိုက်မယ်..."

ဘီလူးက–

"ကျွန်ုပ်ဟာ သုံးဆယ့်ခြောက်မျိုးသော ဖန်ဆင်းမှုအတတ်ပညာကို တတ်မြောက်ထားတဲ့ တန်ခိုးရှင်ပါ...၊ ကျုပ်ဟာ နတ်ဘုံနတ်နန်းက လျှောကျလာတဲ့ စစ်သူကြီးတစ်ယောက်ပါ..၊ စန္ဒာ မင်းသမီးကို နှောက်ပြောင်မိလို့ ပြစ်ဒဏ်ခံရပြီး လူ့လောကကို ရောက်လာသူ ဖြစ်ပါတယ်"

စွန်းဟိန်ကျဲက–

"ဘာပဲဖြစ်ဖြစ်..သင် ကျွန်ုပ်နောက်ကို လိုက်ခဲ့ပါ.."

ဝက်ဘီလူးကခေါင်းခါ၏။

"ကျွန်ုပ်က ဘာဖြစ်လို့ လိုက်ရမှာလဲ"

"သင် မလိုက်ဘူးဆိုရင် ကျွန်ုပ်ကို အဆိုးမဆိုနဲ့"

"ကျွန်ုပ် မလိုက်ဘူး"

စွန်းဟိန်ကျဲသည် သံမဏိတုတ်ကို ဝှေ့ယမ်းပြီး တိုက်ခိုက်သည်။

ဝက်ဘီလူးက ထွန်ခြစ်သိုင်းဖြင့် ပြန်ခုခံသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် တစ်ညလုံး တိုက်ခိုက်ကြရာ မိုးလင်းသည်အထိ ဖြစ်တော့သည်။ မိုးလင်းသောအခါ ဝက်ဘီလူးသည် သူမနိုင်မှန်း သိသဖြင့် လိုဏ်ဂူထဲပြေးဝင်ပြီး တံခါးကို အသေပိတ်လိုက်တော့၏။

စွန်းဟိန်ကျဲသည် သူ၏ ဆရာတော် ပူပန်နေမည်ကို စိုးရိမ်မိ၏။ ထို့ကြောင့် သူသည် တိမ်တိုက်ကို စီးကာ ကျေးရွာသို့ ပြန်ခဲ့လေတော့၏။

စွန်းဟိန်ကျဲသည် ဧည့်ခန်းထဲသို့ဝင်လာလေ၏။ ကောင်းထိုက်ကုန်း ဝမ်းသာအားရ ဆီးကြိုသည်။

"မိတ်ဆွေ..ခင်ဗျားဟာ ဘီလူးကို မောင်းထုတ်နိုင်ခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားသွားတာနဲ့ သူ ပြန်လာမှာပဲ၊ ဒါကြောင့် တစ်ခါတည်း ကိစ္စပြတ်အောင် ဆောင်ရွက် ပေးပါလို့ တောင်းပန် ပါတယ် "

စွန်းဟိန်ကျဲက–



"ခင်ဗျားကို ပြောရဦးမယ်၊ ဒီ ဘီလူးဟာ နယ်နယ်ရရ ဘီလူးမဟုတ်ဘူးဗျ၊ သူက နတ်ဘုံနတ်နန်းနဲ့နေတဲ့ တန်ခိုးရှင်တစ်ယောက်ပဲ၊ သူဟာ မဟုတ်တဲ့ အလုပ် တစ်ခု လုပ်ခဲ့တဲ့အတွက် လူ့ပြည်ကို လျှောကျလာပြီး ဒီလို ရုပ်ဆိုးဆိုး ဝက်ဘီလူး ဖြစ်နေရတာ..."

ကောင်းထိုက်ကုန်းက–

"သူ တန်ခိုးရှင် ဖြစ်ခဲ့တာတွေကို ပြောမနေပါနဲ့တော့၊ လူအများကတော့ ဘီလူးကို သမက်တော်တဲ့ အတွက်တော့ အထင်သေးနေကြတာပဲ၊ ဆွေမျိုးတွေ အလယ်မှာလည်း မျက်နှာမပြရဲအောင် ဖြစ်ရပါတယ်.."

ထန်စန်းကျွမ်းဆရာတော်က–

"ဟိန်ကျဲ...သင် ကူညီပြီးမှတော့ အစအဆုံး ကူညီလိုက်ပါ..."

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"ကောင်းပါပြီဆရာ....တပည့်တော် ဒီဘီလူးကို အမိဖမ်းပါမယ်"

သူသည် ကောင်းထိုက်ကုန်းအား ပြောလိုက်၏။

"အခု...ကျုပ်တို့ ဒီမနက်မှာ ခရီးမဆက်နိုင်တော့ဘူး...၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား သမက် ဘီလူးကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ပေး ရမှာဆိုလို့ပဲ၊ ကဲ..ခင်ဗျား ကျုပ်ဆရာတော်ကိုသာ သေသေချာချာ ပြုစုပါ..၊ဘီလူးကိစ္စ ပြီးပြတ်အောင်ဆောင်ရွက်ပေးပါ့မယ်"

သူသည် အိမ်ပြင်သို့ ထွက်သွားပြီး တိမ်တိုက်စီးကာ ထွက်ခွာသွားတော့သည်။ စွန်းဟိန်ကျဲသည် ဝက်ဘီလူးနေထိုင်ရာ လိုဏ်ဂူသို့ ပြန်လည် ရောက်ရှိလာပြန်တော့၏။

"ဒုံး....ဒုံး....ဒုံး...."

သူသည် သံမဏိတုတ်ဖြင့် လိုဏ်ဂူကို ထုရိုက်လိုက်၏။ ဝက်ဘီလူးသည် တံခါးကို ဖွင့်မပေးချေ။ ထိုအခါ စွန်းဟိန်ကျဲသည် သံမဏိတုတ်ဖြင့် တံခါးကို စိတ်ရှည်လက်ရှည် ရိုက်လေရာ နောက်ဆုံး လိုဏ်ဂူတံခါးကြီးသည် ကျိုးပဲ့ပျက်စီးသွားတော့သည်။

သူသည် လိုဏ်ဂူထဲသို့ လှမ်းအော်လေ၏။

"ဟေ့ ဝက်ဘီလူး.. မင်း ပြေးလို့မလွတ်ဘူး၊ အမြန်ဆုံး ထွက်ခဲ့စမ်း...."

ဝက်ဘီလူးသည် အိပ်ပျော်နေ၏။ တံခါးကို ရိုက်ခွဲသံ၊ အော်ဟစ်ဆဲဆိုသံတို့ကို ကြားသောအခါ သူသည် လွန်စွာ ဒေါသထွက်လာတော့

၏။ သူသည် ထွန်ခြစ်ကိုဆွဲ၍ လိုဏ်ဂူထဲမှ ထွက်လာလေ၏။

စွန်းဟိန်ကျဲနှင့် ရင်ဆိုင်တွေ့သောအခါ–

"မျောက်မင်း...သင်ဟာ အတော်ကို လွန်နေပြီ၊ တံခါးကိုလည်း ဖျက်ဆီးတယ်၊ ကျွန်ုပ်ကိုလည်း အော်ဟစ်ဆဲဆိုတယ်၊ အဲဒါကောင်းသလား..."

"ကောင်းတာ၊ မကောင်းတာ ကျွန်ုပ်မသိဘူး၊ မိန်းကလေး တစ်ယောက်ကို အလိုမတူဘဲနဲ့ ပေါင်းသင်းနေတဲ့သင့်ကို ဆုံးမရလိမ့်မယ်..."

"ကောင်းပြီ၊ ကျွန်ုပ်ရဲ့ထွန်ခြစ်ကို မြည်းစမ်းကြည့်စမ်းပါဦး"

သူသည် ထွန်ခြစ်ဖြင့် စွန်းဟိန်ကျဲ၏ ဦးခေါင်းပေါ်သို့ ပေါက်ချလိုက်လေ၏။

စွန်းဟိန်ကျဲက သံမဏိတုတ်ဖြင့် ခံပေးလိုက်ရာ ထန်းခနဲ မြည်သွားလေ၏။

"ကျွန်ုပ်ရဲ့ ထွန်ခြစ်ဟာ နယ်နယ်ရရ ထွန်ခြစ် မဟုတ်ဘူး..၊ အလွန်ထက်မြက်တဲ့ ထွန်ခြစ်ပါ၊ ကျွန်ုပ်ဟာ ဒီ ထွန်ခြစ်နဲ့ တိုက်ပွဲပေါင်းများစွာကို အနိုင်ယူခဲ့တာပါ"

စွန်းဟိန်ကျဲက အားရပါးရ ရယ်မောလိုက်၏။

"သင့် ထွန်ခြစ်က သိပ်ပြီး စွမ်းနေတာပေါ့ ဟုတ်လား...."

"သင် မယုံဘူးလား.."

စွန်းဟိန်ကျဲသည် သူ၏ သံမဏိတုတ်ချောင်းကိုအပ်တစ်ချောင်းအသွင်သို့ ပြောင်းလဲလိုက်ပြီး သူ၏ နားထဲသို့ ထည့်လိုက်၏။

"သင့်ရဲ့ထွန်ခြစ်ကဘယ်လောက်စွမ်းသလဲလို့ ကျွန်ုပ် စမ်းသပ်ကြည့်ချင်သေးတယ်"

ဝက်ဘီလူးက ရယ်မောလိုက်၏။

"ဘယ်လိုများ စမ်းချင်လို့လဲ"

"ကျွန်ုပ်...ခေါင်းကို ကျောက်တုံးတစ်တုံးပေါ်မှာ တင်ပေးမယ်၊ အဲဒါ သင်က ထွန်ခြစ်နဲ့ ကျွန်ုပ်ခေါင်းကို ပေါက်ကြည့်ဖို့ပဲ၊ ဒီလိုမှမဟုတ်ရင် သင့်ခေါင်းကို ကျောက်တုံးပေါ်တင်၊ ကျွန်ုပ်က သံတုတ်နဲ့ ရိုက်စမ်းကြည့်မယ် ....."

"ဟား...ဟား...ဟား.... သင် သေချင်တယ်ဆိုရင် ကျွန်ုပ်က စမ်းကြည့်ပေးပါမယ်..၊ ကျွန်ုပ် ဦးခေါင်းကိုတော့ စမ်းမကြည့်နိုင်ပါဘူး၊"



"ကောင်းပါပြီ၊ စမ်းကြည့်ပါ..."

စွန်းဟိန်ကျဲသည် ကျောက်တုံးတစ်တုံးပေါ်၌ သူ့ဦးခေါင်းကို တင်လိုက်သည်။

"ကဲ...စမ်းကြည့်စမ်းပါ.."

ဤသည်မှာ အခွင့်အရေးပင်ဖြစ်ပါသည်။ အလိုအလျောက်ရရှိလာသည့် အခွင့်အရေးပင်ဖြစ်ပါသည်။ စွန်းဟိန်ကျဲသည် သူ့အားတိုက်ခိုက်လာသူဖြစ်ပါသည်။ တိုက်ပွဲအတွေ့အကြုံအရ စွန်းဟိန်ကျဲကို သူ့မနိုင်နိုင်ကြောင်းတွေ့ရှိလာရသည်။သူ ရှုံးရပေတော့သည်။ ယခုမျောက်မင်းက သူ့ဦးခေါင်းကို ထွန်ခြစ်နှင့် အပေါက်ခံမည်ဟုပြောသည်။ ဤအခွင့်အရေးမျိုးကို အဘယ်မှာလျှင် လက်လွှတ်ခံနိုင်ပါအံ့နည်း။

"ကဲ..ကျုပ်ပေါက်ပြီ"

ဝက်ဘီလူးက ပြောပြောဆိုဆို ထွန်ခြစ်ဖြင့် ပေါက်ချလိုက်လေ၏။

"ထန်း"

ထွန်ခြစ်သွားသည် စွန်းဟိန်ကျဲ၏ ဦးခေါင်းပေါ်သို့ ပေါက်ချလိုက်သောအခါ အလွန်မာကျောသော ကျောက်တုံးတစ်တုံးပေါ်သို့ပေါက်ချလိုက်သည့်အလား မီးများ ပွင့်ထွက်သွား၏။

ဝက်ဘီလူး၏ လက်နှစ်ဖက်စလုံး ထုံကျဉ်သွားသည်။

ဝက်ဘီလူးသည် လွန်စွာအံ့အားသင့်သွား၏။ ထိတ်လည်း ထိတ်လန့်သွားသည်။ မျောက်မင်း၏ ဦးခေါင်းသည် ဘာမျှမဖြစ်ပါကလား။

"ဟင်..."

စွန်းဟိန်ကျဲက–

"သင်.. ကျွန်ုပ်အကြောင်းကို မသိတဲ့အတွက် အံ့သြထိတ်လန့်သွားမှာဖြစ်တယ်..."

"ဟုတ်ပါတယ်၊ ကျွန်ုပ်အလွန်လန့်သွားပါတယ်"

"မလန့်ပါနဲ့၊ ကျွန်ုပ် ပြောပြပါမယ်၊ ကျွန်ုပ်ဟာနတ်ဘုံနတ်နန်းမှာ တက်ရောက်သောင်းကျန်းခဲ့တုန်းက နတ်မက်မန်းချိုသီးကို ခိုးစားခဲ့တယ်။ ထိုက်စန်းရသေ့ရဲ့ ရွှေဆေးလုံးတွေကိုလည်း ခိုးစားခဲ့တယ်။ နတ်မင်းကြီးရဲ့ နတ်အရက်တွေကိုလည်း ခိုးသောက်ခဲ့တယ်..၊ ဒါကြောင့် သင် ကျွန်ုပ်ကို သတ်လို့မရနိုင်တာပေါ့..."

သူက ဆက်ပြောသည်။

"အဲဒီတုန်းက နတ်စစ်သည် အမြောက်အမြားနဲ့ ကျွန်ုပ်နဲ့ တိုက်ခိုက်ခဲ့တာပဲ..၊ သူတို့ဟာ ကျွန်ုပ်ကို မနိုင်ခဲ့ပါဘူး၊ နောက်ဆုံး မျက်လုံးသုံးလုံးရှင် အောသလန်က ကျုပ်ကိုဖမ်းပြီး နတ်မင်းကြီးဆီ ပို့ခဲ့တယ်၊ နတ်မင်းကြီးဟာ ကျုပ်ကို သေဒဏ်ချခဲ့တယ်။ ကျွန်ုပ်ကို လှံနဲ့ ထိုးတယ်၊ ဓားနဲ့ခုတ်တယ်၊ မိုးကြိုးနဲ့ပစ်ခွင်းတယ်၊ ကျွန်ုပ်ကို ဘယ်လိုမှ မသတ်နိုင်ပါဘူး"

ရွှန်းဟိန်ကျဲက သက်ပြင်းချရင်း–

"ထိုက်စန်းရသေ့က ကျွန်ုပ်ကိုတောင်းတယ်၊ သူသတ်ပေးပါမယ်ပေါ့၊ သူဟာ သူ့ဖိုထဲမှာ ကျွန်ုပ်ကိုထည့်ပြီး ဖိုထိုးခဲ့တယ်၊ ကျွန်ုပ်ဟာ မသေတဲ့အပြင် မီးမျက်လုံးအစွမ်းကိုရရှိခဲ့တယ်၊ နောက်ဆုံးကျုပ်ဟာ သံလည်ပင်းနဲ့ သံမဏိကိုယ်ခန္ဓာဘဝပါရရှိခဲ့တယ်.."

ဝက်ဘီလူးမှာ နားထောင်ရင်း ခြေဖျား လက်ဖျားများ အေးစက်လာသည်။

ရွှန်းဟိန်ကျဲက–

"သင်မယုံရင် နောက်ထပ်စမ်းကြည့်စမ်းပါဦး...."

ဝက်ဘီလူးသည် မာန်လျှော့သွားလေပြီ။ ဤမျောက်မင်းကို အပြေလည်ဆုံး ဆက်ဆံမှ ဖြစ်မည်ကို သိရှိသွားလေပြီ။

ဝက်ဘီလူးက–

"ဒီမှာမျောက်မင်း... သင့်အကြောင်းကို ကျွန်ုပ် ကောင်းစွာ ကြားသိထားပါတယ်၊ သင်ဟာ ဟွာကိုးစန်းတောင်မှာနေခဲ့တယ် မဟုတ်လား၊ နောက်တော့ သင့်နာမည် လုံးဝမကြားတော့ပါဘူး၊ သင် ဒီကို ဘယ်လို ရောက်လာတာလဲ၊ ကျွန်ုပ် ယောက္ခမက သင့်အား ပင့်ဖိတ်ခဲ့တာ ဖြစ်ပါသလား.."

"သင့်ယောက္ခမက ပင့်ဖိတ်တာ မဟုတ်ဘူး၊ ကျွန်ုပ်နဲ့ ဘုန်းတော်ကြီးတစ်ပါးဟာ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်ဖို့ ခရီးထွက်လာစဉ်မှာ သင့်ယောက္ခမ နေထိုင်တဲ့ရွာကို ကျွန်ုပ်တို့ ရောက်ရှိခဲ့တယ်။ အဲဒီမှာ သင့်အကြောင်း သိရတာပဲ၊ သင့်ကို မိန်းကလေးကလည်း မပေါင်းချင်၊ သင့်ယောက္ခမကလည်း မလိုချင်၊ ရွာသူရွာသားများကလည်း မကြည့်ချင်၊ ဒီတော့ သင်မိန်းကလေးကို ကွာပေးလိုက်ပါ..."



ဝက်ဘီလူးသည် ထိုစကားကို ကြားသည်နှင့် ထွန်ခြစ်ကို ပစ်ချလိုက်သည်။ သူသည် လက်နှစ်ဖက်ကို ဆုပ်၍ ရွှန်းဟိန်ကျဲကို ဂါရဝပြုလိုက်၏။

"ဘုန်းတော်ကြီး ဘယ်မှာပါလဲ၊ ကျွန်ုပ်ကို သူ့ထံသို့ ခေါ်သွားပါ၊ သင့်စကားအတိုင်း ကျွန်ုပ်လိုက်နာပါမယ်။ မိန်းကလေးကိုလည်း ကွာရှင်းပေးပါမယ်.."

ရွှန်းဟိန်ကျဲက–

"သင်က ဘာကိစ္စနဲ့ ဘုန်းတော်ကြီးကို တွေ့ချင်ရတာလဲ.."

ဝက်ဘီလူးက –

"ကျွန်ုပ်ကို ကွမ်ယင်မယ်တော်က တရားပြပြီးပါပြီ၊ သူက ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ်ရောက်လာလိမ့်မယ်၊ ရောက်လာရင် အဲဒီပုဂ္ဂိုလ် နောက်ကို တပည့်ခံရင်း လိုက်သွားပါ..၊ ကျွန်ုပ်ရဲ့ အပြစ်တွေ ပျောက်ပျက်ပြီးဆုံးပြီး နတ်ဘုံနတ်နန်းကို ပြန်ရောက်မယ်လို့ ပြောခဲ့ပါတယ်၊ ဒါကြောင့် ကျွန်ုပ်ဟာ အဲဒီပုဂ္ဂိုလ်ထူးကို နေ့တိုင်းမျှော်ခဲ့ရပါတယ်၊ သင်က ဒီအကြောင်း ကျွန်ုပ်ကို ဘာကြောင့် မပြောခဲ့တာလဲ :..."

"ဒါကို ကျွန်ုပ်က ဘယ်သိနိုင်မလဲလေ.......၊ သိမှတော့ အားလုံး ပြေလည်အောင် ပြောပြီပေါ့.."

"ထားပါတော့.. အခု ကျွန်ုပ်ကို ဘုန်းတော်ကြီးဆီ ခေါ်သွားပေးပါတော့..."

"သင် လိမ်ညာနေတာတော့မဟုတ်ပါဘူးနော်"

"ကျွန်ုပ် အမှန်အကန်ကို ပြောနေတာပါ"

"သင် ကတိ သစ္စာဆိုရလိမ့်မယ်"

"ဆိုပါမယ်"

"ကဲ..ဒါဖြင့် သင် ကောင်းကင်ကို လက်အုပ်ချီပြီး ကတိသစ္စာ ဆိုပေတော့...."

ဝက်ဘီလူးသည် ကောင်းကင်သို့ လက်အုပ်ချီလိုက်သည်။

"ကျွန်ုပ် မမှန်ကန်သောစကားကို ပြောခြင်းမဟုတ်ပါ၊ မှန်ကန်သောစကားပြောခြင်းဖြစ်ပါသည်။ မမှန်ကန်စကား ပြောခြင်းဖြစ်ပါက ကျွန်ုပ်၏ ဦးခေါင်းကို မိုးကြိုး ရှစ်စိတ်ခွဲပါစေ..."

ရွှန်းဟိန်ကျဲက–

"ကျွန်ုပ် ယုံကြည်ပါပြီ၊ ဒါပေမယ့် ဒီလိုဏ်ဂူကို ဒီအတိုင်း မထားခဲ့ပါနဲ့၊ မီးရှို့ ဖျက်ဆီးလိုက်ပါ..."

ဝက်ဘီလူးသည် စွန်းဟိန်ကျဲ ပြောသည့်အတိုင်း လိုဏ်ဂူကို မီးရှို့ ဖျက်ဆီးလိုက်လေ၏။

စွန်းဟိန်ကျဲက–

"သင့်ရဲ့ထွန်ခြစ်...ကျွန်ုပ်ကိုပေးပါ"

ဝက်ဘီလူးသည် ထွန်ခြစ်အား ပေးအပ်လိုက်သည်။

"ကျွန်ုပ် သင့်အား ဤအတိုင်းခေါ်မသွားနိုင်၊ သင့်အားလက်ပြန်ကြိုးတုပ်ပြီးမှသာ ခေါ်သွားနိုင်မယ်.."

"မျောက်မင်း စိတ်ကြိုက်သာ ပြုလုပ်ပါတော့"

စွန်းဟိန်ကျဲသည် ဝက်ဘီလူးအား ကြိုးတုပ်ပြီး ခေါ်ဆောင်သွားလေ၏။ မျောက်မင်းက ဤသို့ ပြုလုပ်ခြင်းမှာ သူ့စကားအတိုင်း ဝက်ဘီလူးအား အောင်နိုင်လာကြောင်း ပြသလို၍ ဖြစ်ပေသည်။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း(၅၅)

## ငက်သိုက်ဘုန်းတော်ကြီး

သူတို့သည် ရွာကလေးသို့ ဆိုက်ရောက်လာလေ၏။

စွန်းဟိန်ကျဲသည် ကြိုးတုပ်နှောင်ထားသည့်ဝက်ဘီလူးအား အိမ်ပေါ်သို့ခေါ်တင်သွားလေ၏။ သူသည်ဝက်ဘီလူးအား ဆရာတော်ရှေ့သို့ ဒူးတုပ်ထိုင်စေသည်။

စွန်းဟိန်ကျဲက–

"အဲဒါ..ကျွန်ုပ်ရဲ့ဆရာတော် ထန်စန်းကျွမ်းပဲ...."

ကောင်းထိုက်ကုန်းနှင့် အိမ်သားများသည် ဝက်ဘီလူးအား စွန်းဟိန်ကျဲ ဖမ်းဆီးလာနိုင်ပြီဆိုသည့် စကားအရ မိသားစုအားလုံး စုရုံးလာကြည့်ကြသည်။ သူတို့သည် ဝက်ဘီလူးအား ရွံ့ရှာစွာ ကြည့်ကြသည်။ သူတို့၏ သမီးထွေးလေးအား မကျန်းမမာအောင် နှိပ်စက်ခဲ့သူ မဟုတ်ပါလော။

ဝက်ဘီလူးက–

"ဆရာ...ဆရာဟာ တပည့်တော်ရဲ့ ယောက္ခမအိမ် ရောက်နေတာကို တပည့်တော်သိရင် တပည့်တော် လာကြိုမှာပေါ့"

ကောင်းထိုက်ကုန်းက–

"တော်...တိတ်...မင်းကို ဘယ်သူကမှ ယောက္ခမ မတော်ချင်ဘူးကွ"

ထန်စန်းကျွမ်းဆရာတော်က လက်ကာပြပြီးစွန်းဟိန်ကျဲဘက်သို့ လှည့်လိုက်သည်။

"ငါ့တပည့် သူ့ကို ဘယ်လိုလုပ် ဖမ်းလာတာလဲ၊ ဘာကြောင့် သူက ငါ့ကို ဆရာလို့ခေါ်တာလဲ"

စွန်းဟိန်ကျဲသည် ဝက်ဘီလူး၏ ထွန်ခြစ်ကို ကြမ်းပေါ်သို့ ချလိုက်ပြီး–

"ဝက်ဘီလူး.. သင် အဖြစ်မှန်တွေကို ငါ့ဆရာတော်ကို လျှောက်တင်လိုက်စမ်း...."

ဝက်ဘီလူးက–

"ဒီလိုပါဆရာ..."

သူသည် နတ်ပြည်မှ လျှောကျခဲ့သူဖြစ်ကြောင်း၊ ကွမ်ယင်မယ်တော်က ပိဋကတ်သုံးပုံ ပင့်ဆောင်မည့်ပုဂ္ဂိုလ်ကို တပည့်ခံပါက အပြစ်များ ကျေပျက်ပြီး နတ်ဘုံနတ်နန်းသို့ ရောက်မည်ဖြစ်ကြောင်း သူ့အား ပြောပြခဲ့ပုံတို့ကို ပြန်လည်လျှောက်ထားလေ၏။

ဆရာတော်သည် လွန်စွာ ဝမ်းသာသွားလေ၏။ သူသည် ကောင်းထိုက်ကုန်းထံမှ စားပွဲတစ်လုံး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို တောင်းခံလျက် ထွန်းညှိလိုက်လေ၏။

ထို့နောက် ကောင်းကင်သို့ လက်အုပ်ချီကာ ဆုတောင်းခြင်း အမှုကိုပြုသည်။ ပြီးသောအခါမှ စွန်းဟိန်ကျဲအား အမိန့်ပေးလိုက်သည်။

"ဟိန်ကျဲ... သူ့ကိုလွှတ်လိုက်ပါ..."

စွန်းဟိန်ကျဲသည် လေဖြင့် မှုတ်ထုတ်လိုက်ရာ ဝက်ဘီလူးအား တုပ်နှောင်ထားသည့် ကြိုးများသည် လွင့်စဉ်ပပျောက်သွားလေ၏။

ဝက်ဘီလူးသည် ထိုအခါကျမှ ဆရာတော်အား ကောင်းစွာ ရှိခိုးကန်တော့နိုင်သည်။

ထန်စန်းကျွမ်းဆရာတော်က–

"ကဲ.. သင့်အတွက် နာမည်တစ်ခု ပေးမယ်.."

ဝက်ဘီလူးက–

"ဆရာ တပည့်တော်မှာ နာမည်ရှိပြီးပါပြီ၊ ကွမ်ယင်မယ်တော်က ပေးခဲ့တာပါ..."

"ဘယ်သူတဲ့တုန်း"

"ကျူးဝူးလိန်လို့ ပေးခဲ့ပါတယ်ဆရာ...."

ထန်စန်းကျွမ်းဆရာတော်က ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ သင့်အစ်ကိုကြီးရဲ့ နာမည်က စွန်းဟိန်ကျဲ... သင်က ကျူးဝူးလိန်.... အစီအစဉ်အတိုင်း ဖြစ်သွားတာပေါ့..."



"ဆရာ တပည့်တော်ဟာ ကွမ်ယင်မယ်တော်နဲ့ တွေ့စဉ်ကတည်းက သက်သတ်လွတ်စားခဲ့ပါတယ်၊ အခုလည်း စားရဦးမလား"

"သက်သတ်လွတ်စားတာ ကောင်းတာပဲ၊ ငါ့တပည့်ဆက်စားပါ၊ ကိုင်း ငါ့တပည့်ကို နာမည်သစ်တစ်ခုပေးမယ်၊ ပထမတော့ မပေးတော့ဘူးလို့နေမလို့ဘဲ၊ ငါ့တပည့်ကို ရှောင်ခြင်းရှစ်ပါးလို့ အဓိပ္ပာယ်ရတဲ့ "ကျူးပတ်ကိုင်"လို့ နာမည်ပေးလိုက်တယ်၊ ဒီနေ့ကစပြီး "ကျူးပတ်ကိုင်" ဖြစ်စေ..."

ထို့ကြောင့် ဝက်ဘီလူး၏ အမည်သည် ထိုအချိန်မှစပြီး ကျူးပတ်ကိုင် ဖြစ်သွားလေတော့၏။

ကောင်းထိုက်ကုန်းသည် ဝက်ဘီလူး တရားရသွားသည်ကိုမြင်ရသဖြင့် လွန်စွာဝမ်းသာသွားသည်။ ထိုသို့ဝမ်းသာခြင်းမှာ သမက်တော်ရသည့်အတွက်မဟုတ်ဘဲ ယောက်ျားသမီးနှင့် ကွာရှင်းစေလိုသည်ကတော့ အမှန်ဖြစ်သည်။ ဝက်ဘီလူးကလည်း ကွာရှင်းပေးပါသည်။

ထိုညတွင် ကောင်းထိုက်ကုန်းသည် အကောင်းဆုံး ညစာနှင့် တည်ခင်းဧည့်ခံပါသည်။

နံက်လင်းသောအခါ ဆွမ်းကပ်သည်။ တစ်အိမ်သားလုံး ဆရာတော်အား လာရောက်ရှိခိုးကြသည်။

ကောင်းထိုက်ကုန်းသည် ရွှေတုံး၊ ငွေတုံးအချို့ကို ဗန်းကလေးဖြင့် ထည့်ကာ ဆရာတော်အား ကပ်လှူ၏။ ဆရာတော်က လက်မခံပါ။

"ဘုန်းကြီးဆိုတာ ဝတ္ထုရွှေငွေကို ယူပိုင်ခွင့်မရှိပါဘူး၊ လမ်းခရီး တစ်လျှောက်လုံး၊ မြင်းခေါင်းကို အသုံးပြုပြီး ဆွမ်းခံစားရပါတယ်၊ ဒါကြောင့် လက်မခံပါရစေနဲ့..."

စွန်းဟိန်ကျဲသည် ဗန်းထဲမှ ရွှေငွေများကို လက်တစ်ဆုပ်စာ နှိုက်ကာ ကောင်းချိုင့်အားပေး၏။

"ဒီရွှေ၊ ငွေကို မင်းယူပါ၊ မင်းကြောင့် ငါတို့အဖော်တစ်ယောက် ရပါတယ်၊ နောင်ကြုံရင် ဒီလိုပဲ ဘီလူးလေးငါးကောင်လောက်တော့ ဖမ်းချင်ပါသေးတယ်၊ ဒီလိုလိမ္မာမယ့် ဘီလူးမျိုးပေါ့ကွာ..."

အားလုံးက ရယ်မောကြလေ၏။

ကောင်းချိုင့်သည် ရွှေတုံး ငွေတုံးများကို မကိုင်ဖူးပေ။ ရွှေတုံးငွေတုံးများ ရသောအခါ အလွန်ဝမ်းသာသွားသည်။

ဆရာတော်၊ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် ကောင်းထိုက်ကုန်းနှင့် အိမ်သားများအားနှုတ်ဆက်၏။

ကောင်းထိုက်ကုန်းသည် စွန်းဟိန်ကျဲတို့ လမ်းတွင် စားသောက်ရန် ဆန်များ လှူသော်လည်း ဆရာတော်က လက်မခံဘဲရှိသည်။

ထို့နောက် အားလုံး ကောင်းထိုက်ကုန်း၏ ခြံဝင်းထဲမှ ထွက်ခွာလာကြတော့သည်။ စွန်းဟိန်ကျဲက မြင်းကို အသင့်ကိုင်ထား၏။ ကျူးပတ်ကိုင်က အထုပ်များထမ်းရသည်။ သူတို့သည် အနောက်ဘက်သို့ ဦးတည်၍ ခရီးထွက်လာကြလေ၏။

ဆရာတော်မှာ များစွာ မပင်ပန်းတော့ချေ။ တပည့် နှစ်ယောက်ပါလာသဖြင့် အစစအရာရာ စိတ်ချမ်းသာရလေ၏။ စွန်းဟိန်ကျဲသည် မျောက်မင်း ဖြစ်သည့်အားလျော်စွာ ဦးဆောင်လိုစိတ် ရှိသည်၊ သူသည် အစစအရာရာ ဦးဆောင်စီမံသည်။ သူ့စီမံချက်ကို ကျူးပတ်ကိုင်က ဖြည့်ဆည်း ပေးရသည်။

သူတို့၏ တစ်လကျော်ခရီးသည် အေးအေးချမ်းချမ်းနှင့် သွားရသည့် ခရီးဖြစ်သည်။ သူတို့သည် နယ်ခြားတစ်ခုကို ကျော်လွှားလာခဲ့ရာ ဆရာတော်သည် မြင့်မားသောတောင်တစ်လုံးကို တွေ့ရှိရလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် မြင်းကိုရပ်တန့်လိုက်၏။

"ဟိန်ကျဲ ... ပတ်ကိုင် .... ဟိုးရှေ့မှာ တောင်တစ်လုံးတွေ့တယ်၊ ကြည့်ကြစမ်း...၊ အန္တရာယ် ရှိချင်ရှိလိမ့်မယ်..."

ကျူးပတ်ကိုင်သည် ဤနယ်တစ်လွှား၌ ကျွမ်းကျင်သူဖြစ်၏။ သူ့နယ်မြေလို ဖြစ်နေသည်။

ကျူးပတ်ကိုင်က–

"အန္တရာယ်မရှိပါဘူး ဆရာ...၊ အဲဒီတောင်ဟာ ဖူတုစန်းတောင်လို့ခေါ်ပါတယ်"

"သေချာရဲ့လား"

"သေချာပါတယ်ဆရာ၊ အဲဒီတောင်ပေါ်မှာ ငှက်သိုက်ဘုန်းတော်ကြီး တစ်ပါး တရားအားထုတ်နေပါတယ်၊ တပည့်တော် သူနဲ့ဆုံတွေ့ခဲ့ဖူးပါတယ်..."

ထန်စန်းကျွမ်းဆရာတော်က–

"သူက တန်ခိုးရှိလို့လား...."



ကျူးပတ်ကိုင်က–

"နည်းနည်းပါးပါးတော့ ရှိပါတယ်၊ သူနဲ့အတူ တရားကျင့်ဖို့ တပည့်တော်ကို ခေါ်ပါသေးတယ်၊ တပည့်တော်က ဆရာ့ကို စောင့်နေရလို့ သူ့ဆီကို မလာနိုင်ပါဘူး..."

"ဒါဖြင့်၊ ငါတို့ ဒီတောင်ကို တက်ရမှာပေါ့..."

"မတက်လို့ မရပါဘူးဆရာ..၊ ဒီတောင်ကို ကျော်ဖြတ်ပြီးတော့ တပည့်တော်တို့ ခရီးဆက်ရမှာပါ..."

"ဒီလိုဆိုရင်လည်း တက်ကြတာပေါ့လေ"

ဆရာတော်မှာ အကျင့်သီလပြည့်စုံသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်သည်။ သူသည် မြင်းပေါ်မှ တစ်ချိန်လုံး လိုက်နေရသော်လည်း ပင်ပန်းသည်သာ ဖြစ်သည်။ သူတို့သည် စကားတပြောပြောနှင့် တောင်ပေါ်သို့ တက်ကြလေ၏။

တောင်ပေါ်သို့ ရောက်ရှိသောအခါ အလွန်သာယာသည်ကို တွေ့ရှိရသည်။ သူတို့ ဆက်သွားရာ သူတို့ ရှေ့မနီးမဝေး၌ အလွန်ကြီးမားသော ငှက်သိုက်တစ်ခုကို တွေ့ရလေ၏။

ငှက်သိုက်၏ ဝဲယာ၌ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်နှင့် မျိုးစုံဖြူ ကြိုးကြာများ အေးဆေးစွာ အစာ စားသောက်နေသည်ကို တွေ့ရသည်။

ကျူးပတ်ကိုင်က ငှက်သိုက်အား ညွှန်ပြ၏။

"ဆရာ....ကြည့်ပါ၊ ဟိုမှာ ငှက်သိုက်ဘုန်းတော်ကြီးဆိုတာ..."

ဆရာတော်သည် ငှက်သိုက်အား သာမန်သာ ကြည့်ပြီး သာယာသော ပတ်ဝန်းကျင်ကိုသာ ကြည့်နေရာ ငှက်သိုက်ထဲမှ ဘုန်းတော်ကြီးကို မမြင်မိပေ။ ကျူးပတ်ကိုင် ပြသောအခါကျမှ ငှက်သိုက်အား အသေအချာ ကြည့်မိသည်။ ငှက်သိုက်ထဲ၌ ဘုန်းတော်ကြီးတစ်ပါး တင်ပျဉ်ခွေထိုင်နေသည်ကို တွေ့လိုက်ရသည်။

ငှက်သိုက်ရှေ့သို့ ရောက်သောအခါ ဆရာတော်သည် မြင်းပေါ်မှ ဆင်းလိုက်လေ၏။

ငှက်သိုက်ဘုန်းတော်ကြီးသည် စွန်းဟိန်ကျဲတို့ ဆရာတပည့် သုံးယောက် ငှက်သိုက်ရှေ့သို့ ရောက်လာသောအခါ ငှက်သိုက်ပေါ်မှ ခုန်ချလာလေ၏။

ထန်စန်းကျွမ်းဆရာတော်က လက်အုပ်ချီ ရှိခိုးသောအခါ ငှက်သိုက်ဆရာတော်ကလည်း လက်အုပ်ချီ ရှိခိုးသည်။ သူတို့အပြန်အလှန် နှုတ်ဆက်နေသည်ကို စောင့်ကြည့်ပြီးမှ ကျူးပတ်ကိုင်က ဆရာတော်ကို နှုတ်ဆက်သည်။

"ဆရာတော်ကို မတွေ့တာ အတော်ကြာပြီနော်.."

ငှက်သိုက်ဘုန်းတော်ကြီးသည် အားလုံး လူစိမ်းများဟု ထင်မှတ်နေရာ ကျူးပတ်ကိုင်အားတွေ့သောအခါ လွန်စွာအံ့သြသွား၏။

"သင်ဟာ ဟုတ်လိန်စန်းတောင်က ဝက်ဘီလူးမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား.."

"ဘယ့်နှယ် ဆရာတော်နဲ့ အတူပါလာရတာလဲ"

"ဆရာတော်က ပိဋကတ်သုံးပုံကို သွားရောက် ပင့်ဆောင့်မယ့် ပုဂ္ဂိုလ်ပါ၊. တပည့်တော်ကို ကွမ်ယင်မယ်တော်က ဒီဆရာတော့်ဆီမှာ တပည့်ခံပြီး ပိဋကတ်သုံးပုံပင့်ဆောင်ရာမှာ လိုက်ပါကူညီရင် အပြစ်များ ကျေပျောက်မယ်လို့ မိန့်ကြားပါတယ်၊ ဒါကြောင့် တပည့်တော် ဒီဆရာတော်ရဲ့ တပည့်အဖြစ် ပါလာတာပါဘုရား..."

ငှက်သိုက်ဆရာတော်က သာဓု သုံးကြိမ် ခေါ်လေ၏။

"ကောင်းပေစွ... သင်ဟာ ကုသိုလ်ထူးပါပေတယ်"

ဆရာတော်သည် စွန်းဟိန်ကျဲကိုလည်း လက်ညှိုးထိုး မေးလေ၏။

"သူကကော ဘယ်သူလဲ"

စွန်းဟိန်ကျဲသည် ပြုံးစေ့စေ့ဖြင့်–

"ဘုန်းတော်ကြီးက သူ့ကိုတော့ သိတယ်၊ တပည့်တော်ကိုတော့ ဘာကြောင့် မသိတာလဲ"

ငှက်သိုက်ဘုန်းတော်ကြီးက–

"သင့်ကို ကျုန်ုပ် ဘယ်လိုသိပါ့မလဲ၊ တစ်ခါမျှ မမြင်ဖူးဘဲကိုး.."

ထိုအခါ ထန်စန်းကျွမ်းဆရာတော်သည် မနေသာတော့ဘဲ ဝင်ရောက် မိတ်ဆက်ပေးရလေ၏။

"သူက ကျုပ်ရဲ့ တပည့်ကြီးပါ..၊ ကျူးပတ်ကိုင်က ကျုပ်ရဲ့ တပည့်ငယ်ပါ.."

ငှက်သိုက်ဘုန်းတော်ကြီးသည် လက်အုပ်ချီ၍–

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ တက်ညီလက်ညီ ပြုနိုကြ



ဆရာတော်ဟာ ပိဋကတ်တော်များကို သယ်ဆောင်နိုင်ပါလိမ့်မယ်..."

ထန်စန်းကျွမ်းဆရာတော်က–

"ဒါနဲ့ တပည့်တော် တစ်ခု မေးချင်ပါတယ်"

"မေးပါဆရာတော်"

" ပိဋကတ်သုံးပုံ ပင့်ဆောင်ရမယ့် ခရီးဟာ တော်တော်ဝေးလံပါသေးသလား..."

"တော်တော်ကို ဝေးပါသေးတယ်"

"ခရီးကြမ်းတမ်းသလား"

"ခရီးက ကြမ်းပါတယ်၊ တောရိုင်း တိရစ္ဆာန်အန္တရာယ်တွေလည်း ရှိပါတယ်...."

ထန်စန်းကျွမ်းဆရာတော်က–

"ဒီခရီးကို တပည့်တော်တို့ ရောက်နိုင်ပါ့မလား..."

ငှက်သိုက်ဆရာတော်က–

"ခရီး ဘယ်လောက်ဝေးဝေး တစ်နေ့တော့ အရှင်ဘုရားဟာ အဲဒီကို မုချရောက်သွားမှာပါ၊ တပည့်တော် စိုးရိမ်တာက လမ်းခရီးကြားမှာရှိတဲ့ ဘီလူးသရဲတွေ၊ မကောင်းဆိုးဝါးတွေကိုပါပဲ..."

"တပည့်တော် ရှောင်တိမ်းသွားချင်ပါတယ်၊ ရှောင်တိမ်းသွားလို့ မရဘူးလား..."

"ရှောင်လို့ မရပါဘူး ဆရာတော်...၊ တပည့်တော်ဆီမှာ စိတ္တသုခကျမ်းစာအုပ် တစ်အုပ်ရှိပါတယ်၊ စာကြောင်းပေါင်းငါးဆယ့်လေးကြောင်း၊ စာလုံးပေါင်း နှစ်ရာ့ခုနစ်ဆယ် ရှိပါတယ်၊ မကောင်းဆိုးဝါး ဘီလူးသဘက်တွေနဲ့တွေ့လို့ ဒီကျမ်းကို ရွတ်ဖတ်ရင် ဘီလူးသရဲတွေ ပျောက်ကွယ်သွားပါတယ်"

"တပည့်တော်ကို သင်ပေးနိုင်ရင် သင်ပေးပါလား ဆရာတော်"

ငှက်သိုက်ဆရာတော်သည် ကျမ်းစာကို ရွတ်ဖတ်ပြလေ၏။ ထန်စန်းကျွမ်းဆရာတော်သည် ပါရမီရှင်တစ်ယောက်ဖြစ်သည်နှင့် အညီ တစ်ကြိမ်မျှ နားထောင်မိသည်နှင့် အားလုံးကို အလွတ်ရလေ၏။ ငှက်သိုက်ဘုန်းတော်ကြီးသည် စိတ္တသုခကျမ်းအား ရွတ်ဆိုပြပြီး ငှက်သိုက်ပေါ်ပြန်တက်ရန် ခြေလှမ်းပြင်လေ၏။

ထန်စန်းကျွမ်းဆရာတော်က–

"ဆရာတော် ခဏနေပါဦးဘုရား"

"ဘာများမေးမလို့လဲ"

"ပိဋကတ်သုံးပုံရှိရာ အရပ်ကို လမ်းညွှန်ပေးပါဦး"

စွန်းဟိန်ကျဲက ပြောလိုက်၏။

"ဒီဘုန်းတော်ကြီးကို မေးဖို့မလိုပါဘူး၊ တပည့်တော် သိပါတယ်"

ငှက်သိုက်ဘုန်းတော်ကြီးက ပြုံးလိုက်လေ၏။

"ဟုတ်တယ်..၊ တပည့်တော်ကို မေးဖို့မလိုဘူး၊ သူ့ကိုပဲမေးဖို့လိုတယ်၊ တောဝက်က အထမ်းထမ်း...၊ မျောက်က လမ်းပြ၊ ဒါဆိုရင် ပိဋကတ်တော် သုံးပုံရှိရာကို ရောက်သွားမှာပါ...."

သူသည် ပြောပြီးသည်နှင့် အလင်းတန်းတစ်ခုအဖြစ် ကူးပြောင်းသွားသည်။ အားလုံး အံ့အားသင့်ပြီး ကြည့်နေစဉ် ဆရာတော်သည် ငှက်သိုက်ပေါ်သို့ ရောက်ရှိသွားလေ၏။

စွန်းဟိန်ကျဲသည် ဒေါသအမျက်ချောင်းချောင်း ထွက်လာလေ၏။ သူသည် နားထဲမှ လိုတရသံတုတ်ကို ထုတ်ကာ ငှက်သိုက်ကို ရိုက်ချလေ၏။

"ဝုန်း..."

သံတုတ်သည် ငှက်သိုက်ကို မထိချေ။ မည်သည့်အရပ်က ရောက်လာမှန်းမသိသော ကြာပန်းများနှင့် တိမ်တိုက်များက ကာရန်ထားသဖြင့် ငှက်သိုက်ကို မထိတော့ချေ။ ငှက်သိုက်သည် ပကတိအတိုင်း တည်ရှိနေလေ၏။

ထန်စန်းကျွမ်းဆရာတော်က အော်ငေါက်လိုက်၏။

"ဟိန်ကျဲ... သင် ဘယ်လို လုပ်လိုက်တာလဲ"

စွန်းဟိန်ကျဲက–

"သူက တပည့်တော်တို့ကို ဆဲသွားတာ ဆရာမကြားလိုက်ဖူးလား"

"သူဘယ်မှာ ဆဲလို့လဲ"

"သူပြောသွားတယ်၊ တောဝက်က အထမ်းထမ်း၊ မျောက်က လမ်းပြတဲ့၊ တောဝက်ဆိုတာ ကျူးပတ်ကိုင်ကိုပြောတာ၊ မျောက်ဆိုတာ တပည့်တော်ကို ပြောတာ၊ အဲဒါ ဆဲတာမဟုတ်ဘူးလား..."

ထန်စန်းကျွမ်းဆရာတော်သည် ပြုံးရယ်မိလေ၏။



"ဒါလောက်နဲ့တော့ ဒေါသမကြီးစမ်းပါနဲ့တပည့်ရာ..."

ကျူးပတ်ကိုင်က–

"ဒေါသမကြီးနဲ့အစ်ကိုကြီး .... ဒီဘုန်းတော်ကြီးက အရာရာကို ကြိုတင်သိမြင်နိုင်စွမ်း ရှိတယ်၊ သူ့ကို ခွင့်လွှတ်လိုက်ပါဗျာ..."

စွန်းဟိန်ကျဲမှာ မကျေမနပ် ဖြစ်နေသေးသည်။ သူသည် ထန်စန်းကျွမ်း ဆရာတော်ကို မြင်းပေါ်တင်ပေးပြီး မြင်းဇက်ကြိုးကိုဆွဲကာ တောင်အောက်သို့ ဆင်းလေတော့၏။ ကျူးပတ်ကိုင်က နောက်မှ လိုက်ပါ သွားလေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၂၆)

## လေဖမ်းအတတ်ပညာ

သူတို့ ခရီးတစ်လျှောက်တွင် ထန်စန်းကျွမ်းဆရာတော်သည်စိတ္တသုခကျမ်းကို အဆက်မပြတ် ရွတ်ဖတ်လာ၏။ ရက်ပေါင်း အတန်ကြာသောအခါ ဉာဏ်ပညာ ပိုမိုထက်မြက်လာသည်ကို တွေ့ရှိရလေ၏။

ဆရာတပည့် သုံးယောက်တို့သည် နံနက်ကျလျှင် ခရီးထွက်ကြသည်။ နေဝင်လျှင် ရပ်နားကြသည်။ ဤသည်မှာ နိစ္စဓူဝ လုပ်ငန်းပင်ဖြစ်သည်။

သူတို့သည် ဆောင်းရာသီ ကုန်ဆုံး၍ ပူအိုက်သော နွေရာသီသို့ ရောက်ရှိလာတော့သည်။

သူတို့ ခရီးထွက်လာရာတွင် နေဝင်သွားသည်။ သူတို့ ခရီးလမ်းမှာ ရပ်နားရပေတော့မည် ။ ထိုစဉ် တောလမ်းနံဘေး၌ တဲအိမ်ကလေးတစ်လုံးကို တွေ့ရသဖြင့် ဆရာတော်သည် ဝမ်းသာသွားလေ၏။

ဆရာတော်က–

"ဟိန်ကျဲနဲ့ ပတ်ကိုင်.... နေတော့ ဝင်သွားပြီ၊ ကံကောင်းလို့ တဲအိမ်ကလေးတစ်လုံး တွေ့ရတယ်၊ အဲဒီအိမ်ကို သွားစုံစမ်းရင် ကောင်းမယ်နဲ့တူတယ်၊ တစ်ညတည်းခိုပြီး မနက်မှာ ခရီးဆက်ရင် အကောင်းဆုံးဖြစ်လိမ့်မယ်"

ကျူးပတ်ကိုင်က–

"ဆရာပြောတာမှန်ပါတယ်၊ အခုတပည့်တော်တို့လမ်းမှာ ဖြစ်သလို ချည်းစားလာရလို့ တပည့်တော် ဗိုက်လဲချပ်နေပြီ၊ အဲဒီအိမ်မှာ ဆွမ်းခံစားလိုက်ရင်တပည့်တော်လဲအားရှိသွားမှာ၊ ဒါမှ အထမ်းကို ထမ်းနိုင်မှာပါ"



စွန်းဟိန်ကျဲက–

"မင်းအိမ်ကထွက်လာတာ မကြာသေးဘူး၊ ငါတို့လောက်ကြာရင် မင်းလဲကျသေမလားတောင်မသိဘူး၊ မင်းဗိုက်ကဆာပဲဆာနိုင်လွန်းတယ်"

ကျူးပတ်ကိုင်က–

"အစ်ကိုကြီးကတော့ဟုတ်တာပေါ့၊ အစ်ကိုကြီးဟာမစားပဲနေနိုင်တယ်၊ တွေ့ရင်စားလိုက်တယ်၊ မတွေ့ရင်မစားဘူး၊ နေလို့ရတယ်၊ ကျုပ်ကတော့ မနေနိုင်ဘူး၊ ကျုပ်ဟာအရင်က ဘယ်လိုစားခဲ့တယ်ဆိုတာ အစ်ကိုကြီးလဲ သိရက်သားနဲ့..."

ထန်စန်းကျွမ်းဆရာတော်သည် သက်ပြင်းချလိုက်၏။

"ကျူးပတ်ကိုင်... သင်အိမ်ပြန်ချင်စိတ်ရှိရင် လှည့်သာပြန်သွားပါတော့၊ ငါမတားပါဘူး..."

ကျူးပတ်ကိုင်သည် ဆရာတော်ရှေ့၌ ချက်ချင်းပင် ဒူးထောက်လေ၏။

"အထင်မလွဲပါနဲ့ ဆရာ...၊ အစ်ကိုကြီးကို သက်သက်မဲ့နောက်ပြောင်ပြောနေတာပါ..."

ဆရာတော်က–

"ဒီလိုဆိုရင်ရှိစေတော့ ...သင့်မှ အပြစ်မရှိပါဘူး..."

ထို့နောက် သူတို့သုံးယောက်သည် ဆက်လက် ခရီးထွက်ကြလေတော့၏။ သူတို့အားလုံးသည် မြင်ခဲ့ရသည့် တဲအိမ်ကလေးရှေ့သို့ ရောက်ရှိလာကြလေ၏။

ဆရာတော်သည် မြင်းပေါ်မှ ဆင်းလိုက်၏။

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက မြင်းကိုဆွဲထားသည်။

ကျူးပတ်ကိုင်က အထုပ်ကို ထမ်းထား၏။

ဆရာတော်သည် တောင်ဝှေးကို ထောက်ကာ အိမ်တံခါးရှိရာသို့ သွားလေ၏။

အိမ်ရှေ့တွင် အဘိုးအိုတစ်ယောက် ရှိနေသည်။ သူသည် တရားစာများကို ရွတ်ဖတ်နေ၏။

ဆရာတော်သည် အဘိုးအို တရားစာများကို ရွတ်ဖတ်နေသည်ကို စောင့်ကြည့်နေသည်။ တရားစာအပြီးကို စောင့်နေခြင်းဖြစ်သည်။ အတန်ကြာသော် ဆရာတော်က လက်အုပ်ချီ၍ ခေါ်လိုက်၏။

"ဒီမှာ ဒကာကြီး..."

အဘိုးအိုသည် မမျှော်လင့်သည့် အသံကို ကြားလိုက်ရသဖြင့် ရင်ထိတ်သွားလေ၏။ ဆရာတော်ကို မြင်သောအခါ သူသည် လက်အုပ်ချီလိုက်၏။

"ဆရာတော် ဘယ်ကကြွလာပါသလဲ...၊ တပည့်တော်ဆီ ရောက်လာတာ ကိစ္စရှိလို့ပါလားဘုရား..."

ထန်စန်းကျွမ်းဆရာတော်က–

"ကျုပ်က မဟာထန်နိုင်ငံကပါ..၊ ဘုရင့် အမိန့်တော်နဲ့ မြတ်စွာဘုရားရဲ့ ပိဋကတ်တော်များကို ပင့်ဆောင်ဖို့လာခဲ့ကြတာပါ၊ ဒီရောက်တာနောက်ကျနေပါတယ်၊ တစ်ညတည်းခိုခွင့်ပြုပါလို့ မေတ္တာရပ်ခံပါတယ် ....."

အဘိုးအိုက ခေါင်းတယမ်းယမ်းနှင့် ခေါင်းခါလေတော့၏။

"မသွားနဲ့... အရှင်ဘုရားတို့ အနောက်ဘက်အရပ်ကို သွားမလို့ဟုတ်လား...၊ မသွားပါနဲ့..."

"အနောက်ဘက်အရပ်ကို မသွားရင် ဘယ်အရပ်ကို သွားရမှာလဲ"

"အရှေ့ဘက်အရပ်ကို သွားပါ.."

မဟုတ်နိုင်ပါ၊ မည်သို့မျှ မဟုတ်နိုင်ပါ၊ အရှေ့အရပ်ဆိုသည်မှာ သူတို့ထွက်လာခဲ့သည့် အရပ်ဖြစ်ပါသည်။ ဆရာတော်၏ ရင်ထဲ၌ သံသယများ ပြည့်လျှမ်းသွားသည်။

"ကွမ်ယင်မယ်တော်က အနောက်ဘက်ကို သွားဖို့ပြောတယ်၊ သူက အရှေ့ဘက်ကို သွားဖို့ပြောတယ်၊ သူက ကွမ်ယင်မယ်တော်ထက် ပိုပြီး အစွမ်းထက်နေတဲ့ လူမို့လို့လား ....."

ဆရာတော် တွေးနေခြင်းဖြစ်ပါသည်။ သို့သော် ဆရာတော်သည် စကားကိုတော့ တစ်ခွန်းမျှ မပြောပါ။

စွန်းဟိန်ကျဲသည် ဆရာတော်နောက်နား၌ ကပ်လိုက်လာသည် ဖြစ်ရာ အဘိုးအိုနှင့် ဆရာတော် အချီအချ ပြောနေသည့် စကားများကို အားလုံးကြားလေ၏။

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက –

"အဘိုးကြီး ကျုပ်တို့ကို တစ်ညတည်းခိုခွင့် ပြုမလား၊ မပြုဘူးလား ဆိုတာကိုပဲ ပြောပါ၊ တည်းခိုခွင့် မပြုရင် သစ်ပင် အောက်မှာပဲ



အိပ်မယ်၊ အလကား အရှေ့တွေ အနောက်တွေ ပြောမနေပါနဲ့ ....."

သူက ဆက်ပြောသည်။

"ခင်ဗျားအိမ်မှာ အိမ်သားတွေနဲ့ကျပ်နေရင် ကျုပ်တို့ မတည်းခိုဘူး၊ စိတ်ချ၊ ကျုပ်တို့ သစ်ပင်အောက် အိပ်ခဲ့တဲ့ ညပေါင်း များလှပြီ ...."

အဘိုးအိုသည် ဆရာတော်အား တိုင်တန်းသည်။

"ဆရာတော်ရဲ့ တပည့်က ရိုင်းစိုင်းလှပါကလား၊ တပည့်တော်လို အသက်ကြီးတဲ့ လူတစ်ယောက်ကိုတောင်မှ မလေးမစား ပြောဆိုနေတယ်"

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဒီ အဘိုးကြီး တယ် ပြောရခက်ပါကလား၊ ကျုပ်က ဘယ်သူ့ကိုမှ မကြောက်ဘူးဗျ"

"ကြည့်ရတာ သင်ဟာ တန်ခိုးတော့ နည်းနည်း ရှိပုံရတယ် ....."

"ကြွားမပြောပါဘူး၊ ရှိသင့်သလောက်တော့ ရှိပါတယ် "

"သင့်ဇာတိက ဘယ်ကလဲ၊ ဆရာတော်ဆီမှာ ဘာကြောင့် တပည့်ခံနေရတာလဲ ....."

"ကျုပ်ဟာ ဟောင်လိုင်နိုင်ငံ ဇာတိပါ၊ ဟွာကိုးစန်းတောင်ဟာ ကျုပ်နေတဲ့တောင်ပေါ့၊ ကျုပ်ဟာ ငယ်ငယ်ကတည်းက ဘီလူးတွေကို နိုင်လာတာပဲ၊ ဘီလူးတွေကိုလည်း ဖမ်းနိုင်တယ်၊ နာမည်က စွန်းဝူခုံးခေါ် စွန်းဟိန်ကျဲတဲ့၊ ကျုပ်ကို စကြဝဠာ တန်ခိုးရှင်လို့လဲ ခေါ်ကြတယ်၊ နောက် တောင်နတ်မင်းကြီးရဲ့ အရိုက်အရာကို တောင်းခံခဲ့လို့ ကျုပ် ဒုက္ခရောက်ခဲ့ရတယ်၊ အခု အဲဒီဒုက္ခတွေငြိမ်းအောင် ဆရာတော် သွားလိုရာကို လိုက်ပါ ပို့ဆောင် ပေးနေရတာပဲ ....."

အဘိုးအိုက ရယ်မောလိုက်၏။

"သြော် သင်က တန်ခိုးရှင်ကိုး၊ ကဲ ကဲ တန်ခိုးရှင်တွေ ဆိုတော့ ကျုပ်က ခွင့်ပြုရမှာပေါ့၊ ဆရာတော်ဘုရား ဒီအိမ်မှာ တည်းခိုနိုင်ပါပြီ"

ဆရာတော်က –

"ကျုပ်တို့ သုံးယောက်ကို တည်းခိုခွင့် ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အဘိုးအိုသည် အံ့သြသွား၏။

"နောက်တစ်ယောက်က ဘယ်မှာလဲ အရှင်ဘုရား ....."

စွန်းဟိန်ကျဲက လက်ညှိုးထိုးပြလိုက်၏။

"ဟို ..... သစ်ပင်အောက်မှာ ရပ်နေပါတယ်"

အဘိုးအိုသည် လှမ်းကြည့်လိုက်၏။ ကျူးပတ်ကိုင်အား တွေ့သောအခါ ထိတ်လန့်သွားလေ၏။

"ဒုက္ခပါပဲ ... ဘီလူးတစ်ကောင်ပါလား"

သူသည် လှည့်ပြေးရန် ဟန်ပြင်စဉ် စွန်းဟိန်ကျဲက လက်ကို ဖမ်းဆွဲထားလေ၏။

"မကြောက်ပါနဲ့၊ သူဟာ ဘီလူးမဟုတ်ပါဘူး၊ ကျွန်ုပ်ရဲ့ညီပါ"

အဘိုးအိုက ခြေလက်များ တုန်ခါသွားသည်။

"ကောင်းကွာ သင်က အရုပ်ဆိုးတယ်၊ သူက သင့်ထက်တောင် အရုပ်ဆိုးသေးတယ်၊ ဒီလိုရုပ်မျိုးမြင်ရင် လန့်တောင်သေနိုင်ပါတယ် ...."

ကျူးပတ်ကိုင်သည် သူတို့ရှိရာသို့ လျှောက်လာ၏။

"အဘက ကျုပ်ရုပ်ကို ကြည့်ပြီး ရုပ်ဆိုးတယ်လို့ ပြောတာတော့ မတရားပါဘူး၊ ကျုပ်က ရုပ်ဆိုးပေမယ့် လူကောင်းပါဗျ ....."

ထိုစဉ် အဘွားအိုတစ်ယောက်၊ လူငယ်နှစ်ယောက်၊ ကလေးငယ်သုံးယောက်တို့သည် လျှော်သင်ပြီး ပြန်လာကြလေ၏။ သူတို့သည် အဘိုးအို စကားပြောသည့်အနီးသို့ ချဉ်းကပ်လာသည်။

"ဘာလုပ်နေကြတာလဲဟင်၊ သူတို့က ဘယ်သူတွေလဲ"

ကျူးပတ်ကိုင်သည် သူတို့အား ကြည့်လိုက်၏။

ထိုသူများသည် ထိတ်ထိတ်ပျာပျာနှင့် ထွက်ပြေးကြလေတော့သည်။ အလဲလဲအပြိုပြို ဖြစ်ကုန်သည်။

ထန်စန်းကျွမ်းဆရာတော်က -

"မကြောက်ကြပါနဲ့၊ သူတို့ဟာ ငါ့တပည့်တွေပါ၊ ငါတို့ဟာ မြတ်စွာဘုရားရဲ့ ပိဋကတ်တော် သုံးပုံကို သွားရောက် ပင့်ဆောင်မယ့် လူတွေပါ ....."

အဘိုးအိုကလည်း သူ့လူများကို ရှင်းပြရလေ၏။

"မကြောက်ကြပါနဲ့၊ သူတို့ဟာ လူကောင်းတွေပါ၊ ကျုပ်ဆီမှာ တည်းခိုဖို့ အခွင့်လာတောင်းကြတဲ့ လူတွေပါ၊ သူတို့ဟာ ပိဋကတ်တော်တွေ သွားပင့်ကြမယ့် လူတွေပါ ....."

ထို လူများသည် ထိုအခါမှ စိတ်သက်သာရာ ရသွားကြ၏။



သူတို့သည် အိမ်ထဲသို့ ဝင်ကုန်ကြသည်။

အဘိုးအိုသည် ဆရာတော်အား ကွပ်ပျစ်ပေါ်တွင် ထိုင်ရန် ပင့်လိုက်၏။ ဆရာတော်က ကွပ်ပျစ်ပေါ်တွင် ထိုင်ရင်း -

"ငါ့တပည့်နှစ်ယောက်ကလည်း ရုပ်ဆိုးမှ ရုပ်ဆိုးလိုက်ကြတာ၊ တပည့်ကြီးကတော့ တော်ပါသေးတယ်၊ တပည့်ငယ်ကတော့ ကမ်းကုန်အောင် ရုပ်ဆိုးနေတော့ ဘီလူးသရဲလို့ ထင်ကုန်ကြပြီ"

ကျူးပတ်ကိုင်က -

"ဆရာ့ဆီရောက်မှ တပည့်တော်ဟာ အတော် ဆင်ဆင်ခြင်ခြင် နေထိုင်ခဲ့ပါတယ်၊ ဟိုတုန်းကဆို တပည့်တော်ကိုမြင်ရင် အားလုံး ပြေးကြတဲ့ လူချည်းပါပဲ"

စွန်းဟိန်ကျဲက ဝင်ဟောက်လိုက်၏။

"တော့ ဒါတောင် သူများ သားသမီးကို သွားပြီး ယူဖြစ်အောင် ယူသေးတယ်၊ ဟိုခမျာ သေမလောက် ကြောက်ရွံ့နေရှာမှာကို မတွေးမိဘူးလား၊ နင် ရုပ်ဆိုးတာတွေကို နည်းနည်းပါးပါး ပြင်လိုက်ပါလား ...."

ကျူးပတ်ကိုင်က -

"အစ်ကိုကြီးက ကျုပ်ကိုပဲ အပြစ်ပြောနေတာပဲ၊ ကျုပ်ရုပ်ဟာ အမေမွေးကတည်းက ဒီအတိုင်းဖြစ်လာတာပဲ၊ ဘယ်လိုလုပ် ပြင်လို့ရမှာလဲ ....."

စွန်းဟိန်ကျဲက -

"ရအောင်လုပ်ရင် ရတာပေါ့"

"ဘယ်လိုလုပ်ရမှာလဲ"

"မင်းရဲ့ နှုတ်သီးကို အခုလို ထင်းထင်းကြီး မမြင်အောင် ရင်ဘတ်မှာ ကပ်ထားပြီး အကျီနဲ့ ဖုံးထားပေါ့၊ နားရွက်ကိုလည်း အဲဒီလို လွှတ်မထားနဲ့၊ မင်းနားရွက်က ကြီးလွန်းအားကြီးတယ်၊ အကျီနဲ့ဖုံးထား၊ ဒါဆိုရင် မင်းရုပ်ဆိုးတာကို ဖြုန်းခနဲ လူမမြင်တော့ဘူးပေါ့၊ မမြင်ရင် မကြောက်ဘူးပေါ့ ....."

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲလုပ်ခိုင်းသည့်အတိုင်း လုပ်လေ၏။ ထိုအခါ သူ၏ ရုပ်ဆိုးမှုမှာ ဖုံးကွယ် သွားတော့သည်။

စွန်းဟိန်ကျဲသည် မြင်းဖြူကြီးကို ခေါ်ကာ အိမ်ရှေ့ရှိ တိုင်တစ်တိုင်၌ ချည်နှောင်ထားလေ၏။

ကျူးပတ်ကိုင်က သူတို့၏ အထုပ်အပိုးများကို အိမ်ထဲသို့ ထည့်သွင်းလေ၏။

ခဏမျှကြာသောအခါ အိမ်ရှင်အဘိုးအိုနှင့် လူငယ်တစ်ယောက်သည် စားပွဲတစ်လုံးကို လာရောက်ချပေးသည်။ ရေနွေးကြမ်းပန်းကန်၊ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ထမင်းဟင်းများကို လာရောက်ချပေးသည်။ ရှိသမျှ ထုတ်ကျွေးခြင်းဖြစ်သည်။

ထန်စန်းကျွမ်းဆရာတော်သည် ရေနွေးကြမ်းကိုသာ သောက်သုံးလေ၏။

စွန်းဟိန်ကျဲကလည်း သာမန်မျှသာစားသည်။

ကျူးပတ်ကိုင်ကမူ တစ်စားပွဲလုံးကို ပြောင်တလင်းခါအောင် စားပစ်လိုက်လေ၏။

သူတို့ စားသောက်ပြီးသောအခါ စားပွဲခုံကို လူငယ်တစ်ယောက်က သိမ်းဆည်းသွား၏။

အိမ်ရှင်အဘိုးအိုသည် ထန်စန်းကျွမ်းဆရာတော်ရှေ့၌ ဝင်ထိုင်သည်။

ဆရာတော်က –

"ဒကာကြီးက ဘာအမျိုးအနွယ်များလဲ ....."

"ဝမ် အမျိုးအနွယ်ပါဘုရား ......"

"သားသမီး ဘယ်နှစ်ယောက်ရှိသလဲ"

"သားနှစ်ယောက်နဲ့ မြေးသုံးယောက်ရှိပါတယ်ဘုရား ....."

"အသက်ကော ဘယ်လောက်ရှိပြီလဲ"

"ခြောက်ဆယ့်တစ်နှစ်ပါ "

စွန်းဟိန်ကျဲက ဝင်ပြောလေ၏။

" အသက် ခြောက်ဆယ်ကျော် နေရတယ်ဆိုတော့ ကံကောင်းတယ်လို့ ခေါ်ရမှာပေါ့ "

" ကျုပ် ခုနက အနောက်အရပ်ကို သွားမယ်လို့ပြောတော့ ဒကာကြီးက မသွားပါနဲ့လို့ ပြောတယ်၊ အဲဒါ ဘာဖြစ်လို့လဲ "

" ဟုတ်ပါတယ်၊ တပည့်တော် ပြောပါတယ်၊ ဒီကတည့်တည့်သွားရင် လီသုံးဆယ်လောက် အကွာအဝေးမှာ တောင်တစ်လုံးရှိပါတယ် "

ထန်စန်းကျွမ်းဆရာတော်က စိတ်ဝင်စားစွာ နားထောင်နေသည်၊



" အဲဒီတောင်ကို လေဝါတောင်လို့ ခေါ်ပါတယ် "

" တောင်က အတော်မြင့်သလား "

" တောင်က မမြင့်ပါဘူး၊ အဲဒီမှာ ဘီလူးတွေအများကြီး ရှိလို့ပါ၊ အဲဒီတောင်ကို ဖြတ်သွားရင် အန္တရာယ်အများကြီး ရှိပါတယ် "

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက ရယ်မောအ၏။

"ဘီလူးတွေရှိတာလောက်တော့ ကျုပ်က မမှုပါဘူး၊ ဘီလူးဆိုရင် ကျုပ်က ကလေးကစားစရာလောက်ပဲ အောက်မေ့တယ်"

"ဘီလူးတွေကို နိုင်ရင်တော့ ကိစ္စမရှိပါဘူး၊ ကျုပ်က မနိုင်မှာကိုဘဲ စိုးတာပါ "

အိမ်ရှင်အဘိုးကြီးသည် သူတို့အား အိပ်စရာများ ပြင်ဆင်ပေးသည်။ ကျူးပတ်ကိုင်သည် အိပ်ရာကို မြင်သည်နှင့် လှဲချလိုက်တော့၏။

စွန်းဟိန်ကျဲမှာမူ ဆရာတော့်အနီး၌ ထိုင်ပြီး အနားယူနေလေ၏။

နောက်တစ်နေ့နံနက်တွင် ကျူးပတ်ကိုင်သည် အထုပ်အပိုးများကို ပြင်ဆင်လေ၏။

အိမ်ရှင်အဘိုးအိုက ဆရာတော်အား နံနက်ဆွမ်းဆက်ကပ်သည်။ နံနက်ဆွမ်းစားပြီးသောအခါ ဆရာတော်၊ စွန်းဟိန်ကျဲ နှင့် ကျူးပတ်ကိုင်တို့သည် အိမ်ထဲမှ ထွက်ကြလေ၏။

အဘိုးအိုသည် သူတို့အား လမ်းဝအထိ လိုက်ပို့သည်။

" ဆရာတော်တို့ ရှေ့ဆက်သွားမဖြစ်ခဲ့ရင် တပည့်တော်အိမ်ကိုပဲ ပြန်လာခဲ့ပါဘုရား "

စွန်းဟိန်ကျဲက –

" ကျုပ်တို့ ဘယ်လိုပဲ အခက်အခဲရှိရှိ မရောက်ရောက်အောင် သွားမယ်၊ ပိဋကတ်သုံးပုံ ရကိုရခဲ့ရမယ် "

သူတို့သည် အဘိုးအိုကို နှုတ်ဆက်ပြီး အနောက်ဘက် လေဝါတောင်သို့ ခရီးဆက်ခဲ့ကြလေတော့၏။ သူတို့ရှေ့တွင် လေဝါတောင်သည် ထီးထီးမားမားကြီး တည်ရှိနေလေ၏။ တောင်သည် အဘိုးအိုပြောသကဲ့သို့ မမြင့်လှသော်လည်း မတ်စောက်သည်။

ဆရာတော်သည် မတ်စောက်သော တောင်ပေါ်သို့ တက်ရသဖြင့် ဖြည်းညင်းစွာတက်သည်။ စွန်းဟိန်ကျဲက မြင်းဇက်ကြိုးကို သတိထား၍ ကိုင်ရသည်။ ခြေချော်ကျသွားပါက ဆရာတော်ရော မြင်းပါ အရိုးတခြား

အသားတခြား ဖြစ်သွားမည် မဟုတ်ပါလော။

ကျူးပတ်ကိုင်သည် အထုပ်များကို ထွန်ခြစ်တွင်ချိတ်ရင်း သတိထား၍ ထမ်းတက်လာသည်။

ထိုစဉ် လေပြင်းတစ်ချက် တိုက်လာ၏။

ထန်စန်းကျွမ်းဆရာတော်က –

" ဟိန်ကျဲ လေပြင်းတိုက်လာပြီ "

" လေပြင်းတိုက်တာ သဘာဝပဲဆရာ၊ ဘာဆန်းလို့လဲ "

" မဟုတ်ဘူး၊ ဒီလေက လေရိုးရိုးနဲ့မတူဘူး "

" ဘာများ မတူလို့လဲဘုရား "

" ဒီလေက ထူးခြားတယ်၊ သဲမှုန်တွေလည်းပါတယ်၊ အရောင်တန်း တွေလည်းပါတယ်၊ ငါသိပါတယ်၊ ဒီလေဟာ ရိုးရိုးလေမဟုတ်ဘူး"

စွန်းဟိန်ကျဲကတော့ ပေါ့ပေါ့ဆဆပင်။

" ဆရာကလည်း လေတိုက်တာပဲ၊ ဂရုစိုက်စရာ မလိုပါဘူး "

ကျူးပတ်ကိုင်က –

" အစ်ကိုကြီး လေတော်တော်တိုက်လာတယ်၊ ကျုပ်တို့လေကွယ်ရာ အရပ်မှာ ခဏရှောင်နေလိုက်ကြရအောင် "

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"လေတိုက်တာကိုသာ ရှောင်နေရမယ်ဆိုရင် ခရီး ဘယ်တွင်တော့မလဲ "

" ဘာပဲဖြစ်ဖြစ် ခဏလေးရှောင်တာပဲ၊ အကြာကြီးရှောင်တာမှ မဟုတ်ဘဲ၊ ခရီးမကြန့်ကြာပါဘူး "

စွန်းဟိန်ကျဲက –

"နေဦးညီလေး လေတိုက်ရင် အဲဒီလေကိုဖမ်းပြီး အနံ့ခံလိုက်မယ်"

ကျူးပတ်ကိုင် ရယ်မောလေတော့၏။

"အစ်ကိုကြီးကလည်း မဟုတ်တာ ပြောတော့မယ်၊ လေကိုဖမ်းလို့ ရနိုင်ပါ့မလား "

"မင်းကညံ့သေးတာကိုး၊ ငါဟာ လေဖမ်းတဲ့ပညာကို တတ်ထားတယ်ကွ "

ထိုစဉ် လေပြင်းသည် တဝှီးဝှီး တိုက်ခတ်လာလေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၅၇)

### ရာစသံ

စွန်းဟိန်ကျဲသည် တိုက်ခတ်လာသော လေကိုဖမ်း၍ အနံ့ခံကြည့်လေ၏။ လေထဲ၌ စိမ်းရွှေရွှေ အနံ့အသက် တစ်ခု ပါလာသည်ကို တွေ့ရှိရသည်။

" အင်း ဟုတ်သားပဲ၊ ရိုးရိုးလေတော့ မဟုတ်ဘူး "

သူသည် ဒုတိယအကြိမ် လေကိုဖမ်း၍ အနံ့ခံပြန်သည်။

" ကျားပါလာတဲ့ လေမဟုတ်ရင်၊ ဘီလူးကပါတဲ့ လေပဲ ဖြစ်ရမယ် "

သူ့စကားမဆုံးမီ တောင်ပေါ် သစ်တောထဲမှ ဟိန်းသံထွက်လာသည်။ ကျားဟိန်းသံပေတည်း၊ ကျားတစ်ကောင်သည် တောထဲမှ ခုန်ထွက်လာသည်။

ဆရာတော်စီးလာသည့် မြင်းဖြူကြီးသည် ကျားကို မြင်သောအခါ အလန့်တကြား ခုန်ပေါက်လေတော့၏။ ဆရာတော်သည် ကိုယ်နေဟန်ထားပျက်ကာ လိမ့်ကျလာလေ၏။ စွန်းဟိန်ကျဲသည် ဆရာတော်အား လျင်မြန်စွာ ဖေးမပေးသဖြင့် အကျသက်သာသွားသည်။

ကျားကြီးသည် ကျူးပတ်ကိုင်ရှိရာသို့ ခုန်အုပ်လိုက်သည်။ ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့် ပေါက်ချလိုက်ရာ ကျားကြီး၏ ရင်ဝသို့ ထိသွား၏။ ကျားကြီးသည် နောက်သို့ ကျွမ်းပစ်ရှောင်လိုက်ပြီး ကျား၏ အသွင်သဏ္ဍာန်ပျောက်သွားသည်။

ဘီလူးတစ်ကောင် သဏ္ဍာန်ပေါ်လာသည်။ သူ၏ခန္ဓာကိုယ်သည် နီရဲနေသည်။ မျက်ခုံးမွေး များကလည်း မည်းနက် ကြမ်းတမ်းနေ၏။

ဖြူဖွေး ထက်မြက်သော အစွယ် လေးချောင်းသည် ပေါ်ထွက်နေ၏။

မျက်လုံးအစုံမှာ နီရဲတောက်ပနေသည်။ သူသည် ခန္ဓာကိုယ် ထွားကျိုင်းပြီး အသံမှာ မိုးခြိမ်းသံကဲ့သို့ ဖြစ်နေသည်။

" ကျုပ်ကို ဘယ်သူမှတ်နေလို့လဲ "

ကျူးပတ်ကိုင်က -

" အသင် ဘယ်သူလဲ "

ဘီလူးက -

" ကျုပ်ဟာ အခြားသူမဟုတ်ဘူး၊ လေဝါပေဘင် ဘီလူးမင်းရဲ့ အထောက်တော်ပဲ ဖြစ်တယ်၊ ကျုပ်ဟာ ဒီလေဝါတောင်ကို ဘယ်သူတွေ ကျူးကျော် လာမလဲလို့ စောင့်ရှောက် နေတာ အခု သင်တို့ကို တွေ့နေရပြီ"

သူသည် ကျူးပတ်ကိုင်အား ကြည့်ပြီး အပြစ်တင်၏။

" သင်က ရာရာစစ ကျုပ်ကိုထွန်ခြစ်နဲ့ပေါက်ရသလား "

" သင်ဟာ ဘာမှမသိတဲ့ တိရစ္ဆာန်ပါလား၊ ငါ့ကိုလည်း ဘယ်သူ ဘယ်ဝါလို့ သိမှာမဟုတ်ဘူး၊ ငါတို့ဟာ ခရီးသည်တွေမဟုတ်ဘူး၊ အရှေ့ ဒေသက ဘုရင့်အမိန့်နဲ့ လာတဲ့ ပုဂ္ဂိုလ်တွေ၊ ငါတို့ဟာ အနောက်ဒေသက ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်မယ့် ပုဂ္ဂိုလ်တွေဖြစ်တယ်၊ သင် ငါတို့ရဲ့ ဆရာကို ထိတ်လန့်အောင် မလုပ်နဲ့ ထွန်ခြစ်စာမိသွားလိမ့်မယ်"

ထိုအခါ ဘီလူးသည် ကျူးပတ်ကိုင်အား လက်ချည်းသက်သက် ဖြင့် တိုက်ခိုက်တော့သည်။

ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့် ပြန်လည်တိုက်ခိုက်၏။

ဘီလူးသည် လက်နက်မပါသဖြင့် နောက်သို့ လှည့်ပြေးသွား၏။ သူသည် ချိုင်းပုတ်ထဲမှ ကြေးဝါဓားနှစ်လက်ကို ဆွဲထုတ်ပြီး ထွန်ခြစ်အား ခုခံ၏။

ဤသို့ဖြင့် ဘီလူးနှင့် ကျူးပတ်ကိုင်တို့သည် သူတပြန် ကိုယ် တပြန် တိုက်ခိုက်ကြလေတော့သည်။

စွန်းဟိန်ကျဲသည် သူ့ဆရာအား လမ်းဘေးကျောက်တုံးတစ်တုံး ပေါ်၌ ထိုင်စေ၏။

" ဆရာ ဘာမှမကြောက်နဲ့၊ ဒီနားမှာ ခဏထိုင်ပါ၊ တပည့်တော် ကျူးပတ်ကိုင်ကို သွားကူလိုက်ပါဦးမယ် "



" အင်း သတိထားပြီး တိုက်ခိုက်ကြ "

" ကိစ္စမရှိပါဘူး၊ တပည့်တော်တို့က နှစ်ယောက်ပါ "

ဆရာတော်သည် ဘာမျှမပြောတော့ချေ၊ စိတ္တသုခကျမ်းအား ရွတ် ဖတ်နေတော့သည်။

စွန်းဟိန်ကျဲသည် နားရွက်ထဲမှ သံမဏိတုတ်အား ဆွဲထုတ်ပြီး ကျူးပတ်ကိုင်ထံသို့ ပြေးဝင်သွားလေ၏။ စွန်းဟိန်ကျဲရောက်လာသော အခါ ဘီလူးသည် မခံနိုင်တော့ပေ။ ဘီလူးသည် ရှုံးနိမ့်ပြီး ထွက်ပြေးသွား လေတော့၏။

စွန်းဟိန်ကျဲက ညာသံပေးလိုက်၏။

" လိုက်ထား မလွတ်စေနဲ့ "

သူတို့ နှစ်ယောက်သည် ဘီလူးနောက်သို့ ပြေးလိုက်သွားကြလေ ၏။ ဘီလူးသည် ပြေးမလွတ်မှန်းသိသည်နှင့် ကျားအသွင်သို့ ကူး ပြောင်းပြီး ရင်ဆိုင်ပြန်သည်။ ထွန်ခြစ်နှင့် သံမဏိတုတ်သည် ပြင်းထန် လှ၏။ ထိုဒဏ်ကို မခံနိုင်သဖြင့် ကျားကြီး ထွက်ပြေးရပြန်သည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် ထက်ကြပ်မကွာ လိုက် သွားကြသည်။

တောင်ကွေ့တစ်ခုရောက်သောအခါ ကျားဘီလူးသည် သူ့အရေခွံ ကို ခွါလိုက်ပြီး ကျောက်တုံးတစ်တုံးပေါ် အုပ်လိုက်လေ၏။ ထို့နောက် ငှက်အသွင်သို့ ကူးပြောင်းကာ ထန်စန်းကျမ်းဆရာတော်ထံသို့ ရောက်ရှိ လာလေ၏။ သူသည် ဆရာတော်အား ဖမ်းဆီးခေါ်ဆောင်ကာ ထွက်သွား တော့သည်။

သူသည် ဆရာတော်အား ခေါ်ဆောင်ပြီး လိုဏ်ဂူတစ်ခုရှေ့သို့ ရောက်ရှိလာသည်။ သူသည် လိုဏ်ဂူရှေ့မှ အစောင့်အားပြောလိုက်၏။

" လေဝါတောင် အရှင်သခင်ကို သွားပြီး သတင်းပို့ပါ၊ ကျား ဘီလူးက ဘုန်းတော်ကြီးတစ်ပါးကို ဖမ်းလာတယ်လို့ "

အစောင့် ဘီလူးသည် လိုဏ်ဂူအတွင်းသို့ ဝင်သွားလေ၏။ မကြာမီ အစောင့် ပြန်ထွက်လာသည်။

" လေဝါတောင် အရှင်သခင်က အထဲကို ဝင်ခဲ့ပါလို့ အမိန့် ရှိလိုက်ပါတယ် "

ကျားဘီလူးသည် ထန်စန်းကျမ်းဆရာတော်အား ဂူထဲသို့ ဆွဲခေါ်

သွားလေ၏။ သူသည် လေဝါတောင် အရှင်သခင်ရှေ့သို့ ရောက်သောအခါ ထန်စန်းကျွမ်းဆရာတော်ကို တွန်းချလိုက်၏။ ဆရာတော်သည် ကြိုးအတုပ်ခံထားရသဖြင့် လဲကျသွားသည်။

သူသည် လေဝါတောင်ဘီလူးကို အရိုအသေပေးပြီး ပြောသည်။

" ကျွန်တော်မျိုး လေဝါတောင် ပတ်ဝန်းကျင်မှာ ကင်းလှည့်နေတုန်း ဒီဘုန်းကြီးကို တွေ့ခဲ့တာပါပဲ၊ ပိဋကတ်တော် သုံးပုံကိုသွားပင့်မယ့်သူတွေလို့ ပြောကြပါတယ်၊ လေဝါတောင် အရှင်သခင်အား ဆက်သပါတယ် "

လေဝါတောင်ဘီလူးမှာ ထိုစကားကြားသောအခါလန့်သွားသည်။

" ထန်နိုင်ငံ ဘုရင်က ပိဋကတ်သုံးပုံကို ပင့်ဆောင်ဖို့ ဘုန်းကြီးတစ်ပါးကို စေလွှတ်လိုက်တယ်လို့တော့ ကျုပ်သတင်းကြားခဲ့ပါတယ်၊ သူ့မှာ တပည့်ကြီး တစ်ယောက် ပါလာတယ်၊ သိပ်တန်ခိုးကြီးတယ်လို့လည်း သိရတယ်၊ အဲဒီတပည့်ကြီး စောင့်ရှောက်နေရဲ့သားနဲ့ သင်က သူ့ကို ဖမ်းဆီးခေါ်ဆောင်လာနိုင်တယ်၊ အံ့သြစရာပါလား "

ကျားဘီလူးက -

" ကျွန်တော်မျိုးတွေ့ခဲ့တာတော့ တပည့်နှစ်ယောက်ပဲ၊ ပထမ တပည့်က ဝက်နဲ့တူတယ်၊ ထွန်ခြစ်ကို သုံးပြီး တိုက်ခိုက်တယ်၊ နောက်တစ်ယောက်က မျောက်နဲ့တူတယ်၊ သူက သံမဏိတုတ်ကို သုံးတယ်၊ နှစ်ယောက်စလုံး တကယ်တိုက်ခိုက်နိုင်တဲ့ သူတွေပဲ "

" သင်က ဘယ့်နှယ် ဒီဘုန်းကြီးကို ဖမ်းနိုင်ခဲ့တာလဲ "

" ကျွန်တော်မျိုးဟာ ကျားရေကို ချွတ် ကျောက်တုံးပေါ် တင်ခဲ့ပြီး ဘုန်းကြီးဆီ ပြန်ပြေးရတာပေါ့၊ ဘုန်းကြီးရဲ့ တပည့်နှစ်ယောက်ဟာ ကျွန်တော်မျိုးကို ဖမ်းမိဖို့ပဲ စိတ်လောနေကြတယ်၊ အခုတော့ ကျွန်တော်မျိုးကို သူတို့မမိဘဲ သူတို့ဘုန်းကြီးကို ကျွန်တော်မျိုး မိလာခဲ့ပါပြီ၊ ဒီဘုန်းကြီးကို အရှင်သခင် စိတ်ကြိုက် သုံးဆောင်ပါ၊ ဖုတ်လိုဖုတ်၊ ကင်လိုကင်၊ အစိမ်းစားလိုစား၊ အရှင်သခင် စိတ်ကြိုက် သုံးဆောင်နိုင်ပါတယ် "

လေဝါတောင်အရှင်သခင်ဘီလူးမင်းကခေါင်းယမ်းလိုက်လေ၏။

" အခု စားလို့မဖြစ်သေးဘူး "

ကျားဘီလူးက -



" အခု မစားရင် ဘယ်အချိန်သွားစားမှာလဲ၊ တော်ကြာ အခွင့်အရေးလက်လွှတ် သွားပါဦးမယ် "

" သင်နားမလည်သေးဘဲကိုး၊ ကျုပ် အခုသူ့ကို စားလိုက်ရင် သူ့တပည့်နှစ်ယောက်ရောက်လာတော့ ဘယ့်နှယ်လုပ်မလဲ "

" ဒါဖြင့် ဘုန်းကြီးကို ဘယ်လိုလုပ်မလဲဟင် "

" သူ့ကို သုံးလေးငါးရက်လောက် ချုပ်ထားရမှာပေါ့၊ သူ့တပည့်တွေ လိုက်မလာဘူးဆိုမှ အေးအေးဆေးဆေး စားသောက်ရမှာပေါ့၊ အဲဒီအချိန်ကျမှ ပြုတ်စားမလား၊ ကြော်စားမလား၊ အစိမ်းစားမလား၊ ကြိုက်သလိုစားနိုင်တယ် "

ကျားဘီလူး ဝမ်းသာသွားသည်။

" အရှင်သခင်က အသိဉာဏ်ကြွယ်ဝပါပေတယ်၊ သိပ်ကောင်းမွန်တဲ့ အကြံဉာဏ်ပါ"

လေဝါတောင်ဘီလူးမင်းသည် အစောင့်ဘီလူးများအား အမိန့်ပေးလိုက်၏။

" သူ့ကို ချုပ်ထားလိုက် "

ဘီလူးများသည် ဆရာတော်အား တရွတ်တိုက်၍ ဆွဲခေါ်သွားသည်။ ဆရာတော်အား အခန်းကျဉ်းတစ်ခုအတွင်း ပိတ်လှောင်ထားလိုက်တော့၏။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့မှာ ကျားဘီလူး နောက် ပြေးလိုက်ကြ၏။

" ဟော့ တောင်အကွေ့ထဲ ဝင်သွားပြီ၊ သတိထားမှ "

သူတို့သည် တောင်အကွေ့နောက် ဝင်လိုက်သွား၏။ သူတို့သည် ကျားကြီးတစ်ကောင်အား တွေ့လိုက်ရသဖြင့် ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့် ပေါက်ချ၏။ စွန်းဟိန်ကျဲက သံတုတ်ဖြင့် ရိုက်ချ၏။

" ထန်း "

" ထောင်း "

နှစ်ယောက်စလုံး လက်များ ထုံကျဉ်သွားလေတော့၏။

သူတို့ ရိုက်ချသည်မှာ ကျောက်တုံးကြီး ဖြစ်နေသည် မဟုတ်ပါလား။

" အင်မတန် ဉာဏ်များတဲ့ ဘီလူးပဲ "

သူတို့သည် ကျားသားရေကြီးကို လှွင့်ပစ်လိုက်၏။

စွန်းဟိန်ကျဲသည် သူ့ဆရာတော်ကို သတိရလိုက်၏။

"ကျားဘီလူးက သူ့ရဲ့အရေခွံကို ကျောက်တုံးပေါ် အုပ်ပြီး "ပုစဉ်းအခွံခွါ" နည်းနဲ့ ကြံစည်လိုက်တာပဲ၊ ငါတို့ဆရာဆီ အမြန်ဆုံး ပြန်မှဖြစ်မယ် "

သူတို့နှစ်ယောက်သည် ဆရာတော့်ထံသို့ အမြန်ဆုံး ပြေးလွှားကြတော့၏။ ရောက်သောအခါ ဆရာတော်ကို မတွေ့ရတော့ပေ။

စွန်းဟိန်ကျဲသည် ဆွေ့ဆွေ့ခုန် ဒေါသထွက်နေလေ၏။

ကျူးပတ်ကိုင်က -

" ဘယ့်နယ် လုပ်ကြမလဲ "

စွန်းဟိန်ကျဲက ဒေါသဖြင့် အော်ဟစ်သည်။

" ဆရာ့ကို သူတို့ဖမ်းသွားကြပြီ "

ကျူးပတ်ကိုင်သည် မြင်းကို သွားဆွဲယူလိုက်သည်။

" ဘယ်မှာ သွားရှာကြမလဲဟင် "

ကျူးပတ်ကိုင်သည် ဆရာတော့်အတွက် မျက်ရည်ကျလာ၏။

" မငိုနဲ့ ငိုရင် ငါတို့ ညံ့ရာ ကျသွားမှာပေါ့၊ ဒီဘီလူးတွေ ဘယ်လောက်လည်နိုင်မလဲ၊ ဘီလူးတစ်ကောင်ပြီး တစ်ကောင် ရိုက်သတ်လိုက်ရင် ဘာခံနိုင်မလဲ "

" ကျုပ်တို့ ဘာလုပ်ကြမလဲဟင် "

" ဆရာ့ကို ရှာရမှာပေါ့ "

"ဘယ်မှာ ရှာရမှာလဲ"

" ဒီအနီးအနား တစ်ဝိုက်မှာပဲ ရှိရမယ် "

သူတို့သည် ဆရာတော်အား ပိုက်စိပ်တိုက်၍ ရှာလေတော့၏။

ထိုသို့ရှာနေစဉ် ဆရာတော်သည် အခန်းကျဉ်းကလေးထဲတွင် အချုပ်အနှောင် ခံနေရ၏။ ဆရာတော်သည် သူ့တပည့်နှစ်ယောက်အား အလွန်သတိရနေ၏။

" အင်း သူတို့ ငါ့ကို လာကယ်ကြမှာပါ၊ ဒါပေမယ့် ငါဘယ်ရောက်နေတယ်ဆိုတာကို သူတို့ မသိတာက ခက်တယ် "

ဆရာတော်သည် စိတ္တသုခကျမ်းကို ရွတ်ဖတ်နေလေတော့၏။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင် တို့မှာလည်း အနီး တစ်ဝိုက်တွင်



လှည့်လည်ရှာဖွေနေကြ၏။

" ဒီတောင်ထွတ်ဟာ ထူးခြားတဲ့တောင်ထွတ် ဖြစ်ရမယ်၊ ဒီတောင်ထွတ်ကို ရှာမယ် "

စွန်းဟိန်ကျဲက ထိုသို့ တွက်လိုက်၏။

သူသည် တောင်ထွတ်အား လိုက်ရှာစဉ် လိုဏ်ဂူကြီးတစ်ခုအား တွေ့လိုက်ရလေ၏။

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်အား မှာကြားသည်။

" ညီလေး မြင်းနဲ့ အထုပ်ကိုယူသွား၊ တောင်ကြားထဲမှာပုန်းနေ ထွက်မလာနဲ့၊ ငါလိုဏ်ဂူထဲသွားပြီး အခြေအနေကြည့်လိုက်ဦးမယ်၊ အဓိက ကတော့ ကျားဘီလူးကို ဖမ်းမိဖို့ပဲ၊ ကျားဘီလူးကို ဖမ်းမိမှ ဆရာ့ကို ကယ်နိုင်မယ် "

ကျူးပတ်ကိုင်က -

" ဆရာ ဒီလိုဏ်ဂူထဲမှာ ရှိနေလို့လား "

စွန်းဟိန်ကျဲက -

" ဒီနေရာမှာ ကြီးကြီးကျယ်ကျယ် လိုဏ်ဂူဆိုလို့ ဒီလိုဏ်ဂူပဲ ရှိတယ်၊ ဒီလိုဏ်ဂူထဲမှာ ဘီလူးတွေရှိနေတယ်၊ ဒီတော့ ဆရာ့ကိုလည်း ဒီဂူထဲပဲ ဖမ်းခေါ်လာနိုင်တယ်၊ ငါမင်းကို ပုန်းခိုင်းရတာက ငါတိုက်ခိုက်တဲ့အခါ စိတ်လွတ်ကိုယ်လွတ် ရှိအောင်လို့ပါ၊ ကဲ မင်းသွားတော့ "

ကျူးပတ်ကိုင်က ခေါင်းညိတ်၏။

" စိတ်ချ ကျုပ်သွားပုန်းလိုက်ဦးမယ် "

ကျူးပတ်ကိုင် ထွက်သွားသည်ကို စွန်းဟိန်ကျဲကြည့်နေ၏။ သူ ပျောက်သွားမှ စွန်းဟိန်ကျဲသည် သံမဏိတုတ်ကို ကိုင်ကာ ဂူရှေ့၌ မတ်တတ်ရပ်လေ၏။

လိုဏ်ဂူတံခါးဘောင်၌ လေဝါလိုဏ်ဂူဟု ရေးသားထားသည်။

စွန်းဟိန်ကျဲက သံမဏိတုတ်ဖြင့် ခေါက်ရင်း အော်ပြောလေ၏။

"ဘီလူး ငါ့ဆရာကို အမြန်ဆုံးပြန်လွှတ်ပါ၊ ဒီလိုမဟုတ်ရင် ငါကသင်တို့ရဲ့ လိုဏ်ဂူကို ဖြိုပစ်မယ် ၊ ဒါ ပထမဆုံး ပေးတဲ့ သတိပေးချက်ပဲ "

တံခါးစောင့်ဘီလူးများမှာ ထိတ်လန့်ကြောက်ရွံ့နေကြလေ၏။ သူတို့သည် လေဝါတောင် အရှင်သခင် ဘီလူးမင်းထံသို့ ပြေးပြီး သတင်းပို့ကြလေ၏။

“ သခင်ကြီး ကျွန်တော်မျိုးတို့တော့ ဒုက္ခရောက်ပါပြီ ”

လေဝါတောင်ဘီလူးမင်းသည် အစောင့်ဘီလူးများ လွန်စွာ တုန်လှုပ်နေသည်ကို တွေ့မိလေ၏။

“ ဘာ ဒုက္ခ ရောက်မှာလဲ ”

“ လိုဏ်ဂူအပြင်ဘက်မှာ မျောက်တစ်ကောင် ရောက်နေပါတယ်၊ သူဟာ လက်ထဲကသံတုတ်ကြီးနဲ့ လိုဏ်ဂူကို တဂျောင်းဂျောင်းခေါက်နေပါတယ်၊ သူ့ဆရာကို ပြန်လွှတ်ပေးတဲ့၊ မလွှတ်ရင် လိုဏ်ဂူကို ဖြိုပစ်မယ်တဲ့ ”

လေဝါတောင် အရှင်သခင် ဘီလူးမင်းသည် ထိုစကားကိုကြားသောအခါ အစောင့်ဘီလူးများကဲ့သို့ တုန်လှုပ်ချောက်ချားသွားလေ၏။

“ သွားစမ်း ကျားဘီလူးကို သွားခေါ်စမ်း ”

မကြာမီ ကျားဘီလူးရောက်လာ၏။

ဘီလူးမင်းက -

“ ကဲ သူရဲ့တပည့်လိုက်လာပြီ၊ သင်ဘယ်လိုဖြေရှင်းမလဲ၊ သင်ဘုန်းကြီးကို ဖမ်းခဲ့တဲ့အပြစ်ပဲ၊ ဒီမျောက်ကို ရင်ဆိုင်ဖို့ မလွယ်ဘူး ”

ကျားဘီလူးက -

“ လိုဏ်ဂူရှင် စိတ်အေးအေးထားပါ၊ ကျုပ် အစောင့်ဘီလူးတွေ ခေါ်သွားပြီး စွန်းဟိန်ကျဲဆိုတဲ့ မျောက်ကို ဖမ်းခဲ့ပါ့မယ်၊ ဘာမှ စိတ်မပူပါနဲ့ ”

ဘီလူးမင်းသည် လွန်စွာစိတ်ပူပန်နေ၏။

“ ကျွန်ုပ်လက်အောက်မှာ ဘီလူးခုနစ်ရာလောက်ရှိတယ်၊ သင်ကြိုက်သလောက်ခေါ်သွား၊ စွန်းဟိန်ကျဲကို အမိဖမ်းနိုင်မှ ဒီဘုန်းကြီးရဲ့အသားကိုလည်း စားလို့ရမယ်၊ သင် ဒီမျောက်ကို ဖမ်းနိုင်ရင် သင့်ကို ကျွန်ုပ်ရဲ့ ညီအစ်ကိုတော်အဖြစ် ကြေညာမယ်၊ ဒါပေမယ့် သင်သူ့လက်ချက်နဲ့ မသေအောင်တော့ ဂရုစိုက် ”

ကျားဘီလူးက ခေါင်းညိတ်လိုက်၏။

“ စိတ်ချပါ၊ ခဏကလေးစောင့်ပါ၊ ကျွန်ုပ် အခုပဲ စွန်းဟိန်ကျဲကို သွားဖမ်းပါမယ် ”

ကျားဘီလူးသည် လက်ရွေးစင်ဘီလူးငါးဆယ်ကိုရွေးထုတ်လျက် လိုဏ်ဂူတံခါးဝရှေ့သို့ ထွက်ရပ်လေ၏။



နောက်ပိုင်းမှ ဘီလူးများသည် အောင်စည်အောင်မောင်းတီးပြီး ကျားဘီလူးကို အားပေးကြ၏။

ကျားဘီလူးက -

“ မျောက်စုတ် သင်ကျွန်ုပ်တို့ လိုဏ်ဂူရှေ့မှာ ဘာလာရှုပ်နေတာလဲ၊ သင် ဖယ်လော့၊ ရှားလော့ ”

စွန်းဟိန်ကျဲက ဟိန်းဟောက်လိုက်သည်။

“ တိရစ္ဆာန် သင်က ဉာဏ်နီ ဉာဏ်နက်တွေသုံးပြီး ကျားရေကို ကျောက်တုံးပေါ်တင်ခဲ့တယ်၊ ငါတို့က ကျောက်တုံးကိုမဲနေတုန်း ငါတို့ရဲ့ဆရာကို သင်ကဖမ်းခေါ်သွားတယ်၊ ငါ့တို့ဆရာကို ချက်ချင်းလွှတ်ပေး၊ နို့မဟုတ်ရင် သင်သေလိမ့်မယ်၊ သင့်ကို ငါသတ်ရလိမ့်မယ် ”

ကျားဘီလူးက ရယ်မောလေ၏။

“ သင်တို့ရဲ့ ဆရာဘုန်းကြီးကို ကျွန်ုပ်ဖမ်းထားတယ်ဆိုတာ ဟုတ်တယ်၊ ဖမ်းတာက ကျုပ်တို့ရဲ့ အရှင်သခင်စားဖို့ပဲ၊ အသင်ပြန်သွားပေတော့၊ သင်မပြန်ရင် သင့်ကိုပါဖမ်းပြီး ချက်စားရလိမ့်မယ် ”

စွန်းဟိန်ကျဲသည် အမွေးများထောင်ထလာသည်အထိ ဒေါသထွက်လာ၏။

“ သင်ဟာ အတော်လေထွားတယ်၊ ငါ့အကြောင်း သိစေရမယ် ”

သူသည် သံမဏိတုတ်ဖြင့် တိုက်ခိုက်တော့၏။ ကျားဘီလူးက သံမဏိဓားနှစ်လက်ဖြင့် တိုက်ခိုက်ရာ တိုက်ပွဲသည် ပြင်းထန်စွာ ဖြစ်ပွားလေတော့သည်။ လက်တွေ့ တိုက်ခိုက်သောအခါတွင် ကျားဘီလူးသည် စွန်းဟိန်ကျဲအား မနိုင်ဘဲ ရှိနေလေ၏။ သူသည် နောက်ဆုတ်ပေးနေရသည်။ နောက်ဆုံးလှည့်ထွက်ပြေးရတော့သည်။

သူသည် ဘီလူးမင်းအား ကြွားဝါခဲ့သဖြင့် လိုဏ်ဂူထဲ ဝင်မပြေးဝံ့ဘဲ တောင်ဆင်းလမ်းအတိုင်း ပြေးလွှားထွက်ခွါသွားတော့၏။ စွန်းဟိန်ကျဲက သဲသဲမဲမဲလိုက်လေတော့သည်။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း (၅၈)

## ဝူကြီးရှင်၏ လေပြင်းဒဏ်

ကျူးပတ်ကိုင်သည် တောင်ကြားထဲ၌ မြင်းကို အစာကျွေးနေစဉ် ပြေးလွှားသည့် အသံဗလံများကို ကြားရသဖြင့် လှမ်းကြည့်မိလိုက်သည်။

စွန်းဟိန်ကျဲသည် ရှေ့မှပြေးလွှားနေသော ကျားဘီလူးနောက်သို့ ပြေးလိုက်နေသည်ကို တွေ့ရလေ၏။ သူသည်မြင်းကို လွှတ်လိုက်ပြီး ထွန်ခြစ်ကို ကောက်ကိုင်လေ၏။

ကျားဘီလူးသည် သူပုန်းခိုနေသည့် တောင်ကြားထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြေးလာနေသည်။

" ဟင်း လာခဲ့ မင်းတော့ သေနေ့စေ့ပြီလို့သာ မှတ်ပေတော့ "

ကျားဘီလူးသည် ကျူးပတ်ကိုင် ပုန်းကွယ်နေသည့် နေရာသို့ ပြေးလာသည်။ ကျူးပတ်ကိုင်က နေရာမှ ရုတ်တရက်ထွက်လာပြီး ထွန်ခြစ်ဖြင့် တိုက်ခိုက်လိုက်ရာ ကျားဘီလူး၏ ဦးခေါင်းအားထိပြီး သွေးစိမ်းရှင်ရှင် ကျလာလေ၏။ ဘီလူးသည် တစ်ချက်မျှ မအော်နိုင်ဘဲ လဲကျသေဆုံးသွားတော့သည်။

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင်က ကျားဘီလူးအားသတ်လိုက်သည်ကို တွေ့သောအခါ အလွန် ကျေနပ် အားရသွား၏။ သူသည်မျောက်ဖြစ်သည့်အားလျော်စွာ ခြေမြန်လက်မြန် လုပ်တတ်သည်ကို သဘောကျသည်။

" ငါ့ညီ မင်းမဆိုးဘူး "

ကျူးပတ်ကိုင်က -

" ဆရာ့ကို အတင်းအကျပ်ခေါ်သွားတဲ့ သူဟာ သူပဲလား "



" ဟုတ်တယ် သူပဲ "

" သေတာတောင် နည်းသေးတယ်၊ သူက ဆရာ့ကို ဘယ်ခေါ်သွားတာလဲ "

စွန်းဟိန်ကျဲက -

" သူ့သခင်စားဖို့ ဖမ်းတယ်လို့ ပြောတာပဲ "

သူကဆက်ပြောသည်။

" ဒီကျားဘီလူးကို ငါဆွဲသွားမယ်၊ ဒါမှ သူ့သခင်ဆိုတဲ့ကောင် လန့်သွားမယ်၊ ဒီသခင်ဆိုတဲ့ကောင်ကို မိမှ ဆရာ့ကို ကယ်လို့ရမယ်၊ မင်း ဒီကပဲစောင့်နေ၊ မြင်းကို အသင့်ပြင်ထား၊ ဆရာ့ကို ကယ်လို့ရတာနဲ့ ငါတို့ ဒီတောင်ပေါ်က ဆင်းမယ် "

" ကောင်းပြီ အစ်ကိုကြီး၊ အစ်ကိုကြီး သွားဖမ်းပါတော့၊ ဒီဘီလူးကို မိမှ အေးမယ်၊ မိရင် ဒီကို ခေါ်လာခဲ့ပါ၊ ကျုပ်သတ်ပါ့မယ် "

စွန်းဟိန်ကျဲက ရယ်မော၏။

" ကောင်းပြီ၊ ငါဖမ်းခဲ့မယ် "

သူသည် ကျားဘီလူး၏ အလောင်းအား တရွတ်ဆွဲသွားလေ၏။

စွန်းဟိန်ကျဲက ကျားဘီလူး၏အလောင်းကို ဆွဲယူလာသောအခါ ဘီလူးငါးဆယ်တို့သည် အလွန်ထိတ်လန့်သွားကြ၏။ သူတို့သည် ဂူထဲသို့ ပြန်ပြေးကြသည်။

သူတို့သည် ဂူကြီးရှင်အား သတင်းပို့ကြသည်။ ဂူကြီးရှင်သည် ထိုသတင်းကို ကြားသိသောအခါ စကားလုံးဝမပြောဘဲ တွေဝေ စဉ်းစားနေတော့၏။

" ငါက သူ့ဆရာကို မစားရသေးပါဘူး၊ ငါဘာမှ မကျူးလွန်ခင်မှာ ငါရဲ့ကျားဘီလူးကို သူကသတ်တယ်၊ ဒါဟာ လုံးဝမတရားဘူး "

သူသည် တွေးရင်း တွေးရင်း တဖြည်းဖြည်း ဒေါသထွက်လာလေ၏။

သူသည်အစောင့်ဘီလူးများအား အမိန့်ပေးလိုက်၏။

" ငါ့ရဲ့ချပ်ဝတ်တန်ဆာကို ယူခဲ့စမ်း၊ စွန်းဟိန်ကျဲဆိုတဲ့ကောင် ဘာကောင်လဲဆိုတာ ငါတွေ့မယ် "

ဘီလူးများသည် ဂူကြီးရှင်အား ချပ်ဝတ်တန်ဆာများ ဝတ်ဆင်ပေးကြလေ၏။ ဂူကြီးရှင်သည် ချပ်ဝတ်တန်ဆာများဝတ်ပြီးနောက်

အသွားသုံးချောင်းပါသော မိုန်းခွတစ်ချောင်းကို ယူဆောင်၍ ဂူပြင်သို့ ထွက်လေ၏။ သူ့နောက်ပါး၌ အစောင့်ဘီလူးများတန်းစီလျက်ပါသွား၏။

သူသည် ဂူပြင်ရောက်သည်နှင့် အော်လိုက်၏။

" ဘယ်သူလဲကွ စွန်းဟိန်ကျဲဆိုတာ "

စွန်းဟိန်ကျဲက –

" ဘာတွေအော်နေတာလဲ "

" စွန်းဟိန်ကျဲဆိုတဲ့ကောင်ကို တွေ့ချင်တယ် "

" စွန်းဟိန်ကျဲကို မတွေ့ချင်နဲ့ဦး၊ဖမ်းထားတဲ့ ကျုပ်ရဲ့ဆရာကို အရင်လွှတ်ဦး "

လေဝါဂူကြီးရှင်သည် အလွန်တရာထွားကျိုင်းလှသည်။ သူသည် ဂူပြင်ထွက်သောအခါ စွန်းဟိန်ကျဲကို မတွေ့ရဘဲအသံသာ ကြားနေရသဖြင့် ဒေါသဖြစ်နေသည်။ အသံကြားရာသို့ လိုက်ကြည့်မှ စွန်းဟိန်ကျဲမှာ သူ့အောက်ရောက်နေသည်။ စွန်းဟိန်ကျဲမှာ လေးပေခန့်သာရှိပြီး သူက ဆယ့်ခြောက်ပေခန့် မြင့်နေသည်။

လေဝါဂူကြီးရှင်သည် တဟားဟားရယ်လေတော့၏။

" သင်နာမည်ကြီးသလောက် ကျုပ်ပ်ဟာ သင့်ကို ထောင်ထောင်မောင်းမောင်းကြီးဖြစ်မယ်လို့ ထင်ခဲ့မိတယ်၊ အခုတော့ သင်ဟာ ဗလံလေးပါလား "

စွန်းဟိန်ကျဲကလည်း ရယ်မောလိုက်သည်။

" သင်ဟာ တော်တော်ဉာဏ်ထိုင်းတာပဲ၊ ကျုပ်ပ်ကို သင်က ပုတယ်လို့ ထင်နေတယ် မဟုတ်လား၊ ကဲကြည့်စမ်း၊ကျုပ်ပ်ရဲ့ဦးခေါင်းကို သင့် မိုန်းခွနဲ့ရိုက်စမ်း၊ ကျုပ်ပ်အရိုက်ခံမယ်၊ စမ်းကြည့်စမ်း "

လေဝါဂူကြီးရှင်သည် အလွန်သဘောကျသွား၏။

သူ့စိတ်ကြိုက် ရိုက်ခွင့်ရပြီမဟုတ်ပါလား။

" သင်ဦးခေါင်းသာ မရှောင်ပါနဲ့၊ ကျုပ်ပ်သင့်ကို ရိုက်ပေးမယ် "

သူသည် သူ၏ သုံးခွမိုန်းဖြင့် စွန်းဟိန်ကျဲ၏ ဦးခေါင်းကို ရိုက်ချလေ၏။

စွန်းဟိန်ကျဲက မရှောင်ချေ။

" ဒေါင် "

သုံးခွမိုန်းသည် စွန်းဟိန်ကျဲ၏ ဦးခေါင်းတည့်တည့်သို့ ကျသွား



၏။ ထိုအခါ စွန်းဟိန်ကျဲ၏ အရပ်သည် သုံးပေမျှ ပိုရှည်လာသည်။

လေဝါဂူကြီးရှင် လန့်သွား၏။

" ဒေါင် "

သူသည် ထပ်ရိုက်လိုက်ပြန်၏။ စွန်းဟိန်ကျဲသည် သုံးပေထပ်ရှည်လာပြန်၏။

" ဒေါင် "

" ဒေါင် "

" ဒေါင် "

ဂူကြီးရှင်က ဆက်ရိုက်တိုင်း သုံးပေခန့်ဆက်၍ ရှည်ထွက်လာရာ သူနှင့် ပခုံးချင်းယှဉ်နိုင်သော အရွယ်သို့ ရောက်လာတော့သည်။

ဂူကြီးရှင် ဆက်မရိုက်နိုင်တော့ပေ။

မရိုက်ရဲတော့ချေ။ ဆက်ရိုက်လျှင် စွန်းဟိန်ကျဲသည် မိုးအထိ မြင့်သွားပေလိမ့်မည်။

" စွန်းဟိန်ကျဲ သတ္တိရှိရင် လက်တွေ့ယှဉ်ပြိုင်မယ်၊ မျက်လှည့်ပြတာကို မလိုချင်ဘူး "

စွန်းဟိန်ကျဲက ရယ်မောလေ၏။

" သင် ဉာဏ်နည်းတာကို ကျုပ်ပ်သိပြီ၊ ကျုပ်ပ်ဟာ သင့်အဘိုးအရွယ်လောက်ရှိနေတာကို သင်သိရဲ့လား၊ ကျုပ်ပ်ကို သင်ရိုက်သလို ကျုပ်ပ်က သင့်ကိုသာ ရိုက်ခွင့်ရမယ်ဆိုရင် သင်ဟာ အရိုးတခြား အသားတခြားဖြစ်သွားမယ်ဆိုတာကို သိရဲ့လား.."

လေဝါဂူကြီးရှင်သည် ဒေါသကိုမထိန်းနိုင်တော့ပေ။ ထို့ကြောင့် သဲသဲမဲမဲ တိုက်ခိုက်တော့၏။

စွန်းဟိန်ကျဲကလုံးဝမမှုပါ...၊ သူသည် သံမဏိတုတ်ဖြင့် ခုခံတိုက်ခိုက်တော့သည်။

ပြင်းထန်သော တိုက်ပွဲကြီးသည် လေဝဲကတော့ကြီးဖြစ်တည်တိုက်ခတ်သကဲ့သို့ တိုက်ခိုက်နေကြတော့၏။ စွန်းဟိန်ကျဲသည် သူ၏ ကိုယ်ပေါ်မှ အမွေးလက်တစ်ဆုပ်ခန့်ကို ဆွဲနုတ်ပြီး ပါးစပ်ထဲထည့် ထွေးထုတ်လိုက်လေ၏။

"ကိုယ်ပွားတွေဖြစ်စမ်း..."

သူ့အမွေးများသည် သူ့ကိုယ်ပွားများ ဖြစ်လေတော့၏။ သူတို့

လက်ထဲ၌ သံမဏိတုတ်ကိုယ်စီရှိကြသည်။ သူတို့သည် လေဝါဂူကြီးရှင်အား ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

ဂူကြီးရှင် ရင်ထိတ်သွား၏။ ဤအတိုင်းသာ ဆက်သွားလျှင် သူရှုံးနိမ့်ပေတော့မည်။ သူသည် လေကိုတဝကြီးရှူသွင်းလိုက်၏။

"ဖူး...."

သူသည် ရုတ်တရက် လေကိုမှုတ်ချလိုက်၏။ စွန်းဟိန်ကျဲ၏ကိုယ်ပွားများမှာ တိုက်ခတ်လာသော လေအတွင်း ကျွမ်းပစ်လွင့်စဉ်သွားတော့၏။

စွန်းဟိန်ကျဲသည် သူ၏ကိုယ်ပွားများကို ပြန်လည် ရုပ်သိမ်းရလေတော့သည်။ သူ၏ကိုယ်ပွားများကို ပြန်လည်ရုပ်သိမ်းပြီးနောက် သူသည် သံမဏိတုတ်ကို ရှေ့ထုတ်ကာ ဂူကြီးရှင်အား တိုက်ခိုက်လေတော့သည်။

ဂူကြီးရှင်သည် စွန်းဟိန်ကျဲရှေ့သို့တိုးလာသည်ကိုမြင်သည်နှင့် ထပ်မံ၍ လေကိုမှုတ်ထုတ်လိုက်၏။

"ဖူး...."

စွန်းဟိန်ကျဲမှာ လေပြင်းများတိုက်ခတ်မှုကြောင့် မျက်လုံးများဖွင့်မရဘဲဖြစ်သွားသည်။ ထို့ကြောင့် သူသည် ချက်ချင်း နောက်ဆုတ်ရသည်။

ဂူကြီးရှင်သည် သူ၏အခြွေအရံဘီလူးများကိုခေါ်ကာ လိုဏ်ဂူအတွင်းသို့ ပြန်လည်ဝင်သွားလေတော့၏။

ကျူးပတ်ကိုင်သည် မြင်းကိုလည်း အသင့် ပြင်ထား၏။ အထုပ်များကိုလည်း ထွန်ခြစ်တွင် ချိတ်ဆွဲပြီး အသင့်ထမ်းထား၏။ ထိုစဉ် ရုတ်တရက် လေပြင်းကြီး တိုက်ခတ် လာသည်ကို တွေ့ရလေ၏။ လေပြင်းသည် အခြားနေရာမှာမတိုက်ဘဲ လေဝါတောင် ဗဟိုချက်မမှ တိုက်ခတ်နေ ကြောင်းတွေ့ရသည်။

လေသည် အလွန် ပြင်းထန်စွာ တိုက်ခတ်နေသည်။ ကျူးပတ်ကိုင် ပုန်းအောင်းနေသည့် တောင်ကြားအထိ သဲများ၊ကျောက်တုံး များ လွင့်စဉ်ပါလာသည်အထိ တိုက်ခတ်နေသဖြင့် ကျူးပတ်ကိုင်မှာ တောင်ကြားထဲ၌ ဒုက္ခရောက်စွာ ရှောင်ရှားနေရသည်။

လေတိုက်သံမှာလည်း မရဏာတေးသံပမာ ကြောက်မက်ဖွယ်ရာ ထွက်ပေါ်နေ၏။



သူသည် ထိုမရဏာ တေးသံကို နားထောင်ရင်း သူ့ အစ်ကိုကြီး ရှုံးသွားပြီလော၊ နိုင်သွားပြီလောဆိုသည့် အချက်ကိုလည်း မသိရဘဲ ဖြစ်နေသည်။

ဆရာဖြစ်သူအသက်ရှင်နေသေးသလော၊ အသက်ဆုံးရှုံးသွားပြီလောဆိုသည့် အချက်ကိုလည်း မသိရဘဲဖြစ်နေသည်။

ထို့ကြောင့်သူသည် ဘုရားစာများသာ ရွတ်ဖတ်နေသည်။ အတန်ကြာသောအခါ လေငြိမ်သွားမှ သူသည် မျက်လုံးဖွင့်ကြည့်လိုက်သည်။

လေမတိုက်တော့။

သစ်ပင်များလည်း ငြိမ်နေပြီ။

ရာသီဥတုလည်း သာယာနေသည်။

သူသည် တိုက်ပွဲဖြစ်ပွားရာသို့ လှမ်းမျှော်ကြည့်လိုက်လေ၏။ သူနှင့်တိုက်ပွဲဖြစ်ရာအရပ်မှာ ကွာလှမ်းသဖြင့် သူ့အနေဖြင့် မမြင်နိုင်ချေ။

သူသည် လိုက်သွားရမည်လော။ စွန်းဟိန်ကျဲပြောသည့်အတိုင်း ဤတောင်ကြား၌စောင့်ဆိုင်းနေရမည်လောဟု မခွဲခြားနိုင်ဘဲဖြစ်နေသည်။

သူသည် မြင်းနှင့်အထုပ်ကိုလည်း မထားခဲ့နိုင်ပါ။ မြင်းနှင့်အထုပ်ယူသွားပြီးမှ ဟိုမှာကန့်လန့်ဖြစ်နေမည်ကိုလည်းစိုးရိမ်မိပါသည်။

ကျူးပတ်ကိုင်စိတ်ရှုပ်နေစဉ် စွန်းဟိန်ကျဲ၏အသံကိုကြားလိုက်ရလေ၏။

"ညီလေး..မြင်းလုံလုံခြုံခြုံရှိရဲ့လား..."

အသံကြားရာသို့လှည့်ကြည့်မိသည်။ စွန်းဟိန်ကျဲသည် ရှေ့ဆီမှမလာ၊ နောက်ဆီမှလာသည်။ အဘယ်ကြောင့် စွန်းဟိန်ကျဲနောက်ဆီမှလာသည်ကို ကျူးပတ်ကိုင် တွေးမရချေ။ မည်သို့ပင်ဖြစ်စေ မျှော်နေတုန်း စွန်းဟိန်ကျဲ ရောက်လာသဖြင့် ဝမ်းသာသွားမိသည်။

"အစ်ကိုကြီး ပြန်လာပြီလား...."

"အေး..ပြန်လာပြီ"

"အစ်ကိုကြီး ဘယ်လိုလေပြင်းလဲ၊ ပြင်းထန်လိုက်တာလွန်ပါရောပဲ...၊ လေဝါတစ်တောင်လုံး လွင့်စဉ်ထွက်သွားမလားလို့တောင် အောက်မေ့ရတယ် "

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ကြောက်စရာကောင်းတဲ့လေ...၊ ပြင်းထန်လိုက်တဲ့လေ...၊ ဒီလိုလေမျိုးကို ငါတစ်ခါမှ မတွေ့ဖူးဘူး..."

သူက ဆက်၍ ပြောသည်။

"ငါဟာ လေဝါတောင်ဂူကြီးရှင်ဘီလူးနဲ့ တွေ့တယ်၊ သူကခွမိုန်း တစ်လက် ကိုကိုင်ပြီး တိုက်ခိုက်တယ်၊ ငါကထုံးစံအတိုင်း ငါ့ရဲ့ သံမဏိ တုတ်နဲ့တိုက်တယ် ....၊ အကြိတ်အနယ်ဖြစ်နေတာနဲ့ ငါက ကိုယ်ပွားတွေ ဖန်ဆင်းပြီး ဂူကြီးရှင်ကို ဝိုင်းတိုက်တယ်၊ ငါနိုင်မယ်လို့ထင်နေတုန်း .... သူက လေပြင်းမှုတ်ထုတ်လိုက်တော့ ငါ့ကိုယ်ပွားတွေ လွင့်ထွက်ကုန်တာ ပဲ၊ ငါလည်း ငါ့ကိုယ်ပွားတွေကို ပြန်ရုပ်သိမ်းပြီး သူနဲ့ ဆက်လက်တိုက် ခိုက်ရတယ်၊ သူက ငါ့ကိုဆက်ပြီး လေပြင်းနဲ့ မှုတ်ထုတ်ပြန်တယ်၊ ငါ ဘယ်လိုမှ ရပ်လို့မရဘူး၊ ခြေကုတ်မြဲအောင် ဘယ်လောက်ကြိုးစား ကြိုးစား မရတော့ဘူး၊ ဒါကြောင့် ငါအရှုံးပေးခဲ့ရတယ် ......"

"ဗျာ .... အစ်ကိုကြီး ရှုံးခဲ့တယ်"

"အေး .... ရှုံးခဲ့တယ်"

"အစ်ကိုကြီးလို မသေနိုင်တဲ့လူတောင် ရှုံးခဲ့တယ်ဆိုတော့ ......"

စွန်းဟိန်ကျဲက တောက်တစ်ချက်ခေါက်၍ ပြောလေ၏။

"ငါဟာ လေကို စေလိုရာစေလို့လည်း ရတယ်၊ မိုးကို စေလိုရာ စေလို့လည်းရတယ်၊ ဒါပေမယ့် ဒီလောက်ကြောက်စရာကောင်းတဲ့လေကို တော့ တစ်ခါမှ မကြုံခဲ့ဖူးဘူး ....."

"ဒါဖြင့် ကျုပ်တို့ ခက်ပြီပေါ့၊ ဆရာ့ကို မကယ်နိုင်တော့ဘူးပေါ့"

စွန်းဟိန်ကျဲက –

"ဆရာကို ကယ်ဖို့ နောက်မှလုပ်ရမယ်၊ အခုလောလောဆယ် ဆယ် .... ငါ့ရဲ့မျက်လုံးတွေကို မျက်စိကုသမားတော်ကြီး တစ်ယောက် ယောက်နဲ့ ကုသရမယ် ...."

ကျုးပတ်ကိုင် အံ့အားသင့်သွား၏။

"ဗျာ .... အစ်ကိုကြီးရဲ့ မျက်လုံးတွေ ဘယ်လိုဖြစ်လာလို့လဲ"

စွန်းဟိန်ကျဲက –

"ဂူကြီးရှင် ဘီလူးက လေနဲ့ မှုတ်လိုက်လို့ ရလာတဲ့ ဒဏ်ရာပါ မျက်လုံးတွေနာပြီး၊ မျက်ရည်ပူတွေကျနေတယ်"

ကျုးပတ်ကိုင်က စိတ်ပျက်လက်ပျက် ခေါင်းယမ်းလိုက်၏။

"အစ်ကိုကြီးရာ ဒီနေရာကို ကြည့်စမ်းပါဦး၊ တောခေါင်ခေါင် ကြီးပါ၊ မျက်လုံးကုသမားတော်ကြီးမပြောနဲ့ လူတစ်ယောက်ကိုတောင်



ရှာဖွေလို့ ခက်တဲ့နေရာမျိုးပါ၊ ဘယ်က မျက်စိကု သမားတော်ကြီးကို ရှာတွေ့နိုင်မှာလဲ ...."

စွန်းဟိန်ကျဲက –

"မတွေ့ရင်လည်း တွေ့တဲ့အထိရှာရမှာပဲ ....၊ ငါတို့ ဆရာ့ကို တော့ ဒီဂူကြီးရှင် ဘီလူးဟာ ဘာမှမလုပ်ရဲသေးပါဘူး၊ ငါထပ်လာမယ်ဆို တာ သူသိနေတာပဲ၊ ငါတို့သွားရမယ်၊ မျက်စိကုသမားတော်ကို ရှာရမယ်၊ သူနဲ့ ကုသရမယ်၊ မကုသရင် ငါဘယ်လိုမှ တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး"

"ဒါဆိုရင်လည်း သွားကြတာပေါ့ .... အစ်ကိုကြီးရာ ...."

စွန်းဟိန်ကျဲက –

"ကဲ .... သွားကြမယ်၊ ငါသမားတော်ကြီးနဲ့တွေ့ပြီး မျက်စိကုပြီး ရင် ဆရာ့ကို ကယ်ကြတာပေါ့"

"သွားကြမယ်"

ကျုးပတ်ကိုင်သည် မြင်းကိုဆွဲ၊ အထုပ်ကို ထမ်းကာ ထွက်ခွာ လေတော့၏။

စွန်းဟိန်ကျဲက နောက်ကလိုက်သည်။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း(၅၉)

## နတ်မျက်စဉ်း

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် တောင်ကြားလမ်းထဲမှ ထွက်ခွာလာလေ၏။ သူတို့သည် လူသွားလမ်း ဖြစ်ပေါ်နေသည့် လမ်းအတိုင်း လျှောက်သွားကြလေ၏။ ဤနေရာတစ်ဝိုက်၌ လူသူတွေ့ရန်တော့ မျှော်လင့်ချက် မရှိပေ။ သို့သော်.. တွေ့လိုတွေ့ငြား သူတို့လျှောက်ကြလေ၏။

အချိန်သည် ညနေဆည်းဆာဖြစ်လေ၏။

သူတို့သည် လမ်းအတိုင်းလျှောက်သွားကြရာတွင် ခွေးဟောင်သံများကိုကြားရလေ၏။

စွန်းဟိန်ကျဲက–

"ဟော... ခွေးဟောင်သံကြားရတယ်၊ ခွေးဟောင်သံကြားရင် လူရှိတာပဲ..."

ကျူးပတ်ကိုင်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ရှေ့မှာလူရှိတယ်နဲ့တူတယ်၊ တော်တော်အံ့ဩစရာကောင်းတယ်၊ ဒီနေရာမှာ ဘီလူးပေါတယ်ဆိုတာ သူတို့မသိဘူးလား.."

"တချို့လည်း သိတာပေါ့၊ ဒီလိုပဲ ရှောင်ရှားပြီးနေကြရတာပဲ..."

သူတို့သည် အလျင်အမြန်လျှောက်ကြရာ၊ မကြာမီရှေ့တွင် အိမ်ခြေ ဆယ့်ငါးအိမ်၊ နှစ်ဆယ့်ငါးအိမ်ခန့်တွေ့ကြရလေ၏။

သူတို့နှင့် အနီးဆုံးဖြစ်သော တဲအိမ်တစ်လုံးသည် အလွန်တောင့်တင်းသော တဲအိမ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုတဲအိမ်၌ မီးများထိန်လင်းနေသဖြင့် ထိုတဲအိမ် အနီးသို့ နှစ်ယောက်သား ချဉ်းကပ်



သွားကြသည်။ တဲအိမ်အနီးသို့ ရောက်သောအခါမှတဲအိမ်နှင့် ပတ်ဝန်းကျင်ကို သေချာ စွာ အကဲခတ်လေ၏။

တဲအိမ်ပတ်ဝန်းကျင်တွင် အလေ့ကျပေါက်သော ပန်းများ ဝေဝေဆာဆာပေါက်နေကြသည်။ ခြံစည်းရိုးလည်းခတ်ထားသည်။ သပ်ရပ်သော အိမ်ကလေးဖြစ်ကြောင်းတွေ့ရှိကြရသည်။

မီးရောင်များမှာ တဲအိမ်ထဲမှ အပြင်သို့ဖြာထွက်နေသည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေ၏။

"အစ်ကိုကြီး... လူရှိတာတော့ သေချာပြီ..."

"ဟုတ်တယ်၊ တွေ့ပြီး စုံစမ်းကြည့်တာပေါ့ကွာ..."

သူတို့သည် တဲရှေ့သို့ လျှောက်သွားပြီး တံခါးကို ခေါက်လိုက်၏။

"ဒေါက်...ဒေါက်...ဒေါက်...."

တစ်ခဏပဲခေါက်လိုက်ရသည်။ တံခါးပွင့်သွားသည်။

အဘိုးအိုတစ်ယောက်နှင့် လူငယ်တစ်ယောက်သည် ခေါင်းပြူ၍ထွက်ကြည့်ကြလေ၏။ အဘိုးအိုက မေးလိုက်၏။

"ဘယ်သူလဲဟေ့..."

စွန်းဟိန်ကျဲသည် ဂါရဝပြုလိုက်၏။

"ကျွန်ုပ်တို့ဟာ အရှေ့ဒေသ မဟာထန်နိုင်ငံက ဖြစ်ပါတယ်၊ အဲဒီက ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့်တွေဖြစ်ပါတယ်၊ အနောက်ဒေသကိုသွားပြီး ပိဋကတ်သုံးပုံကို သွားပင့်ဆောင်ကြမလို့ပါ..."

"အဲဒါ ဒီကို ဘာဖြစ်လို့ ရောက်လာကြတာလဲ"

"ကျွန်ုပ်တို့ လေဝါတောင်ကို တက်ကြတော့ ဘီလူးတွေနဲ့တွေ့ပါတယ်၊ လေဝါဘီလူးက ကျွန်ုပ်ရဲ့ဆရာကို ဖမ်းသွားပါတယ်၊ အဲဒါ မကယ်နိုင်သေးပါဘူး၊ မိုးချုပ်လာတာနဲ့ အဘတို့ဆီမှာ တစ်ညလောက်များ တည်းခိုခွင့် ရနိုင်မလားလို့ မေးကြည့်ရတာပါ၊ အဘတို့က ခွင့်မပြုနိုင်ရင်လည်း တခြားအိမ်တွေကို သွားရပါဦးမယ်။"

အဘိုးအိုက ပြန်လည်ဦးညွှတ်လေ၏။

"ဟုတ်ပါတယ်၊ ဒီ ဒေသဟာ လူသားတွေ အနေ နည်းပါတယ်၊ ဘီလူးသဘက်တွေ အနေများပါတယ်၊ ကျုပ်တို့လည်း ညနေမိုးချုပ်တာ

နဲ့ တံခါးတွေ အလုံပိတ်ပြီး အိမ်ထဲမှာပဲ အနေများပါတယ်၊ တံခါးခေါက်သံကြားတော့ ဘီလူးတွေများ ဖြစ်နေမလားလို့ လူကို သေသေချာချာ မေးရပါ တယ်၊ စိတ်မရှိပါနဲ့....”

စွန်းဟိန်ကျဲက–

“ကိစ္စမရှိပါဘူး....”

“ကဲ...ကဲ... အထဲကိုဝင်ကြပါ...”

စွန်းဟိန်ကျဲသည် အထဲကိုဝင်၏။ ကျူးပတ်ကိုင်သည် အိမ်ပြင်တွင် မြင်းကိုချည်နှောင်ပြီး အထုပ်ကလေးထမ်းကာ ဝင်လာသည်။

အိမ်ရှင်အဘိုးအိုက သူတို့အား ရေနွေးကြမ်းနှင့်ဧည့်ခံ၏။

သူတို့ စကားပြောနေစဉ် ထမင်း၊ ဟင်းများ လာရောက်ချကျွေးသည်။ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့မှာ ဆာလောင်နေကြသဖြင့် ဟန်မဆောင်နိုင်တမ်း စားသောက်မိကြလေ၏။ သူတို့ ထမင်းစားသောက်ပြီးသောအခါ အဘိုးအိုသည် သစ်သီးဝလံများကို ချပေးပြန်သည်။

“အေး...ထမင်းစားပြီးရင် သစ်သီးဝလံ စားပေးရတယ်၊ တောထဲတောင်ထဲမှာဆိုတော့ သစ်သီးဝလံပေါတယ်၊ လေဝါတောင်ဘက်ကိုတော့ မရောက်ကြအောင် သတိထားရတာပေါ့ကွယ်...”

စွန်းဟိန်ကျဲက–

“ဒါနဲ့ အဘကို တစ်ခုမေးရဦးမယ်”

အဘိုးအိုက–

“မေးပါ...မေးပါ...၊ ဘာမေးမလို့လဲ”

“ဒီအနီးအနားမှာ မျက်စိကုတဲ့သမားတော်ကြီးများမရှိဘူးလား”

အဘိုးအိုက–

“ဘယ်သူ မျက်စိဒဏ်ရာများရနေလို့လဲ”

စွန်းဟိန်ကျဲက–

“အမှန်ပြောရမယ်ဆိုရင် ကျွန်ုပ်တို့ဟာ ဘာရောဂါမှ မစွဲကပ်ပါဘူး၊ ဘာဒဏ်ရာမှလည်း မရရှိပါဘူး”

“ဟ ... ဘာမှ ဒဏ်ရာ မရဘဲနဲ့ မျက်လုံးကု သမားတော်ကြီးကို ရှာနေရတာလဲ”

စွန်းဟိန်ကျဲက–



“ဒီနေ့မှာ လေဝါဂူကြီးရှင် ဘီလူးနဲ့ ကျွန်ုပ် တိုက်ခိုက်ခဲ့ပါတယ်၊ သူ ... လေတစ်ချက်မှုတ်လိုက်တာနဲ့ ကျွန်ုပ် မျက်လုံးတွေနာပြီး မျက်ရည်တွေအလိုလို ကျနေပါတယ်၊ ဒါကြောင့် မျက်စိကုသမားတော်ကြီးကို ပြချင်တာပါ..”

အဘိုးအိုက–

“သင်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ လိမ်ပြောတတ်တာကိုး..”

စွန်းဟိန်ကျဲအံ့သြသွားသည်။

“ကျွန်ုပ်လိမ်မပြောပါဘူး၊အမှန်အကန်ကိုပြောတာပါ၊ဘာကြောင့် အဘက လိမ်တယ်လို့ပြောရတာလဲ”

အဘိုးအိုက ရှင်းပြသည်။

“အဲဒီလေဝါဘီလူးတိုက်ခိုက်တဲ့လေဟာ ရာသီဥတုကြောင့်တိုက်ခိုက်တဲ့ လေနဲ့လုံးဝမတူဘူး”

ကျူးပတ်ကိုင်က–

“သူ မှုတ်တဲ့လေဟာ ဘာလေလဲ”

အဘိုးအိုက–

“သူဟာ လေနဲ့ပဲတိုက်တတ်တယ်၊ နောက်ဆုံးသူလေနဲ့တိုက်ရင် အဲဒီလူဟာ မသက်သာတော့ဘူးမှတ်..၊ သူ့ရဲ့လေဟာ လေအမျိုးအစား သုံးခုကို ရောယှက်ထားတယ်၊ ဒါကြောင့် လေဝါလို့ခေါ်တာပဲ၊ လေဝါတောင် လေဝါလိုဏ်ဂူ၊ လေဝါဂူကြီးရှင် စသဖြင့် အမည်တွင်နေတာပဲ၊ အတော်လည်း ကြောက်စရာကောင်းပါတယ်..”

“ဘယ်လိုကြောက်စရာကောင်းတာလဲ”

“သူ မှုတ်လိုက်တဲ့ လေဟာ နေ လ တောင် ကွယ်ပျောက်သွားနိုင်တယ် ကျောက်တုံးကျောက်ခဲတွေတောင် အက်ကွဲသွားနိုင်တယ်၊ လူတစ်ယောက်ဟာ သူ့လေ တစ်ချက်မိတာနဲ့၊ အသက် ပျောက်သွားနိုင်တယ်၊ အဲဒီလောက် ကြောက်စရာ ကောင်းတယ်....”

သူက ရယ်မောရင်း စကားဆက်သည်။

“ခုနက သင်ဟာ သူ့ရဲ့လေ မိသွားတယ်လို့ ဆိုတယ်၊ သင်ဟာ ဘယ်လိုမှ အသက်ရှင်နိုင်မှာ မဟုတ်ဘူး၊ သင်လိမ်ပြောနေတယ်လို့ ကျုပ်ပြောခြင်းဖြစ်တယ်..”

စွန်းဟိန်ကျဲက ရှင်းပြလိုက်၏။

"ကျွန်ုပ်ဟာ နတ်သိကြားမင်းမဟုတ်ပါဘူး၊ ဒါပေမယ့် နတ်သိကြား မင်းဟာ ကျွန်ုပ်ထက် ဝါနုပါတယ်...၊ အဘကို ကျွန်ုပ်အမှန်အတိုင်းပြောပါ မယ်၊ ကျွန်ုပ်ဟာ နတ်စစ်သည် ထောင်သောင်းနဲ့တိုက်ခိုက်ခဲ့သူပါ..၊ ရှုံးလည်း ရှုံးဖူးတယ်၊ နိုင်လည်း နိုင်ဖူးတယ်၊ နောက်ဆုံးမြတ်စွာဘုရားက ကျွန်ုပ်ကို တောင်ငါးလုံးနဲ့ ဖိပစ်လိုက်တော့မှပဲ ကျုပ်ဟာ ငြိမ်သွားပါတော့တယ်၊ အခု လေဝါဘီလူး ဖမ်းသွားတဲ့ကျွန်ုပ်တို့ရဲ့ဆရာဟာ ပိဋကတ်သုံးပုံကို သယ်ဆောင်ဖို့သွားရင်း ကျွန်ုပ်ကို ဝင်ကယ်ခဲ့လို့ ကျွန်ုပ်ဟာ သူ့တပည့်ဖြစ်ခဲ့ရတယ်၊ လေဝါဘီလူးရဲ့တိုက်ကွက်ဟာ တစ်ပါးသူ အတွက်တော့ သေကျေ လောက်အောင်ပြင်းထန်ကောင်း ပြင်းထန်မယ်၊ ဒါပေမယ့် ကျွန်ုပ်အတွက်တော့သေလောက်အောင်မဟုတ်ပါဘူး..."

အဘိုးအိုသည် အံ့သြသွား၏။

စွန်းဟိန်ကျဲကိုလည်း လန့်သွား၏။

"သင်ပြောတဲ့အတိုင်းဆိုရင် သင်လည်းပဲ နှယ်နှယ်ရရ လူမှမဟုတ်တာဘဲ...၊ သင်လည်းတန်ခိုးရှိတဲ့ လူတစ်ယောက်ပဲ...၊ သင်ကိုယ့်ဘာသာ မကုသနိုင်ဘူးလား..."

"သူလည်းတန်ခိုးရှင် ... ကိုယ်လည်းတန်ခိုးရှင်ဆိုတော့ ဘယ်ကုသလို့ရနိုင်ပါ့မလဲ"

"ဒီနားတစ်ဝိုက်မှာတော့ မျက်စိကုသတဲ့ သမားတော် မရှိပါဘူး..."

"ဒုက္ခပါပဲ၊ အဲဒီလိုဆိုရင် လူသူနီးတဲ့နေရာအထိ မျက်စိကုသမားတော်ကို လိုက်ရှာရတော့မယ်"

"ဒါပေမယ့်တစ်ခုတော့ရှိတယ်"

"ပြောပါ အဘ.."

"ကျုပ်ဆီမှာ မျက်လုံးကုတဲ့ ဆေးကတော့ရှိတယ်၊ အဲဒီဆေးကိုဝိဇ္ဇာတစ်ယောက်က ပေးသွားတာပါ၊ မျက်စိ ရောဂါ အားလုံးကို ကုနိုင်တယ်လို့ ပြောသွားပါတယ်..."

စွန်းဟိန်ကျဲဝမ်းသာသွားသည်။

"ဟာ...နတ်တို့ဖန်ရေကန်အသင့် ကြာအသင့် ဆိုတာလိုပါပဲလား၊ ကျွန်ုပ်ကို ကုသပေးပါလို့ တောင်းပန်ပါတယ်"



အဘိုးအိုက ခေါင်းညိတ်၏။

"ကောင်းပါပြီ၊ ကုသပေးပါမယ်၊ ဒီဆေးဟာ ကျွန်ုပ်ကို ဝိဇ္ဇာတစ်ယောက်က ပေးသွားတာတော့ အမှန်ပါ၊ ပျောက်တာ မပျောက်တာတော့ကျုပ်မသိပါဘူး..."

"ကိစ္စမရှိပါဘူး၊ ကျွန်ုပ်ယုံပါတယ်၊ ကုသာကုပေးပါ"

"ကောင်းပါပြီ၊ အသင်အိပ်တဲ့အခါမှ ဆေးထည့်ပေးပါမယ်၊

ကဲ...သင်တို့အိပ်ကြတော့မလား."

"အိပ်ပါတော့မယ် အဘရယ်၊ နေ့ခင်းကလည်း တိုက်ခိုက်ရပြေးလွှားရဆိုတော့ ပင်ပန်းနေပါတယ်..."

အဘိုးအိုသည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့အိပ်စေရန် ပြင်ဆင်ပေးသည်။

စွန်းဟိန်ကျဲသည် အိပ်ရန်ပြင်ဆင်လိုက်၏။

ထိုအခါ အဘိုးအိုက–

"ကျုပ်ဆီမှာရှိတဲ့ မျက်စဉ်းဆေးကို ခတ်ပေးမယ် ... သင်.. အသင့် ပြင်ဆင်ပေတော့..."

"ကျွန်ုပ် အသင့်ပါပဲ"

"ကောင်းပြီ"

အဘိုးအိုသည် အစိမ်းရောင် ကြွေဘူးကို ထုတ်ယူလိုက်ပြီး စွန်းဟိန်ကျဲ၏ မျက်လုံးပေါ်သို့ တစ်စက်ချပေးလိုက်၏။ မျက်လုံးသည် အလွန်အေးမြသွားသည်။

အဘိုးအိုက–

"မျက်လုံး မဖွင့်နဲ့တော့၊ ဒီအတိုင်း ဆက်ပြီး အိပ်ပေတော့..၊ မနက်မိုးလင်းလာတဲ့အခါ သင့်မျက်စိ ကောင်းသွားလိမ့်မယ်လို့ မျှော်လင့် ပါတယ်"

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင် တို့သည် တခေါခေါနှင့် အိပ်စက်လေတော့၏။

မိုးလင်းသောအခါ စွန်းဟိန်ကျဲသည် မျက်လုံးကို ဖွင့်ကြည့်လိုက်၏။ သူ၏မျက်လုံးသည် အလွန်ကြည်လင်နေသည်။ ခါတိုင်းထက်ပင်ပို၍ အားကောင်းလာသည်ကိုတွေ့ရှိရသည်။

နတ်ဆေး၊ ဝိဇ္ဇာဆေး၊ တကယ်စွမ်းသည့်ဆေးပင်။

"တော်တော်စွမ်းတဲ့ မျက်စဉ်းပဲ"

သူသည် အလွန်အံ့ဩသွားသည်။ သူ၏မျက်စိထဲ၌ ပြာလဲ့သော ကောင်းကင်ကြီးကို မြင်နေရသည်။ အဘယ်ကြောင့်နည်း။ သူသည် အိမ်ထဲ၌ အိပ်နေသဖြင့် အိမ်ခေါင်မိုးကို မြင်ရမည် မဟုတ်ပါလော၊ အဘယ်ကြောင့် ပြာလဲ့သော ကောင်းကင်ကြီးကို မြင်နေရသနည်း။

သူသည် ကယျာ ကယာ ထကြည့်လိုက်၏။

သူတို့သည် မြက်ခင်းပြင်တစ်ခုပေါ်၌ အိပ်စက်နေကြလေသည် တကား။ ညတုန်းက သူတို့အိပ်စက်ခဲ့သည့်တဲအိမ်၊ အနောက်ဘက်၌ ရှိသော ကျေးရွာများသည် လုံးဝကွယ်ပျောက်သွားလေပြီ။

အိမ်ရှင်အဘိုးအိုနှင့် လူငယ်တို့ကိုလည်း မတွေ့ရတော့ပါ။ သူတို့ဘယ်ရောက်သွားပါသနည်း။ ဘယ်သို့ပျောက်သွားပါသနည်း။

သူသည် ကျူးပတ်ကိုင်အား လှုပ်နှိုးလိုက်လေ၏။

"ညီလေး...ထ...ထ.."

ကျူးပတ်ကိုင်သည် အိပ်မှုန်စုံမွှားနှင့် ထလာလေ၏။

"ဘာဖြစ်လို့ အစ်ကိုကြီးက ဒီလောက်နိုးနေရတာလဲ၊ အိပ်လို့ ကောင်းတုန်းဗျ..."

"ထစမ်းပါဦးကွာ.."

ကျူးပတ်ကိုင် ထထိုင်သည်။

"မင်း...မျက်လုံးတွေ ဖွင့်ကြည့်စမ်းပါဦး"

ကျူးပတ်ကိုင်သည် သူတို့အိပ်နေသည့် တဲအိမ်ကို မတွေ့ရတော့ သဖြင့် အံ့ဩသွားလေ၏။

"ဟောဗျာ... ဘယ်လိုဖြစ်ကုန်တာလဲ"

သူသည် လူးလဲ၍ထလိုက်၏။

"ငါ့မြင်းကော.."

စွန်းဟိန်ကျဲက–

"ဟိုမှာလေ...၊ သစ်ပင်မှာ ချည်ထားတယ်၊ မတွေ့ဘူးလား"

ကျူးပတ်ကိုင် အလန့်တကြားမေး၏။

"အထုပ်ကော...အထုပ်...."

"မင်းခေါင်းရင်းမှာ မတွေ့ဘူးလား"

ကျူးပတ်ကိုင်သည် အထုပ်ကို ဆွဲယူလိုက်၏။ ဆရာတော်၏



အထုပ်ဖြစ်သည်။ အထဲ၌ ရွှေသက်န်းပါသည်။

ကျူးပတ်ကိုင်က တဖျစ်တောက်တောက်ပြောလေ၏။

"ဒီအိမ်ရှင်အဘိုးကြီးက ဘာမှန်းမသိဘူး၊ သူတို့ အိမ်ပြောင်း သွားတာတောင် ကျုပ်တို့ကို အကြောင်းမကြားဘူး"

စွန်းဟိန်ကျဲက ရယ်မောလေ၏။

"သူတို့ အိမ်ပြောင်းသွားတာလား၊ အိမ်ပျောက်သွားတာလား"

ကျူးပတ်ကိုင်သည် အသေအချာ စဉ်းစားကြည့်ပြီး ထခုန်လေ တော့၏။

"ဟာ... အိမ်ပျောက်သွားတာပဲ"

"အေး... အိမ်ပျောက်သွားတာကွ..."

"သူတို့ဟာ ဘယ်သူများလဲအစ်ကိုကြီး"

"မင်း..မသိဘူးလား"

"မသိဘူး"

သူသည် သစ်ပင်တစ်ပင်သို့လက်ညှိုးထိုးလိုက်၏။

"ဟိုသစ်ပင်တစ်ပင်မှာ စာရွက်တစ်ရွက် ကပ်ထားတယ်၊ ဘာလဲ ဆိုတာ ယူကြည့်လိုက်ပါဦး"

ကျူးပတ်ကိုင်သည် သစ်ကိုင်း၌ ကပ်ထားသော စာရွက်ကိုသွား ရောက်ဆွဲယူလိုက်၏။ စာရွက်ပေါ်၌ –

"အိမ်သည် သာမန်အိမ်မဟုတ်ပါ၊ ဆရာတော်အား စောင့်ရှောက် ရန် တာဝန်ယူထားသည့် နတ်လေးပါးက ဖန်ဆင်းထားသော အိမ်ဖြစ်ပါ သည်။ မျောက်မင်းအားခတ်ပေးလိုက်သော မျက်စဉ်းမှာ သာမညမျက်စဉ်း မဟုတ်ပါ။ ကွမ်ယင်မယ်တော်က ပေးလိုက်သည့် မျက်စဉ်းဖြစ်ပါ သည်။ သင်တို့ ခရီး ဆက်လက် ထွက်နိုင်ရန် ကြိုးစားပါဟု တိုက်တွန်း လိုက် ပါသည်။"

ကျူးပတ်ကိုင်မှာ ဆရာတော်နှင့် မျောက်မင်းတို့ အကြောင်းကို အစမှ အဆုံးတိုင် သိထားသူ မဟုတ်၍ အကြောင်းအရာများကို လိပ်ပတ်မလည်သေးချေ။ သူသည် စာဖတ်ပြီး အလွန်အံ့ဩနေသည်။

"သူတို့က ဘယ်သူတွေလဲ"

စွန်းဟိန်ကျဲက ရှင်းပြ၏။

"သူတို့ဟာ တခြားသူတွေမဟုတ်ပါဘူး၊ ကွမ်ယင်မယ်တော်က

စောင့်ရှောက်ခိုင်းထားတဲ့ နတ်လေးပါးပါ၊ အခု... ငါညီနဲ့တွေ့ပြီးမှ ငါတို့ချည်း လုပ်ဆောင်နေကြတာနဲ့ သူတို့ဆီက အကူအညီတောင်းဖို့လည်း သတိမရတော့ဘူး၊ အခု ... ငါ့မျက်စိဒဏ်ရာ ရနေတယ်ဆိုတော့ သူတို့လာ ကူညီကြတာပဲ၊ အေး...ကူညီရင်ကူညီပေါ့ကွာ၊ မကူညီဘဲ အူတူတူလုပ်နေမယ်ဆိုရင်တော့ ရိုက်ကိုလွှတ်လိုက်ဦးမယ်"

ကျူးပတ်ကိုင်က–

"မလုပ်ပါနဲ့ အစ်ကိုကြီး...သူတို့ဖန်ဆင်းပေးခဲ့လို့ တစ်ညတာ ကောင်းကောင်းအိပ်ခဲ့ရပြီ၊ တစ်ညစာလဲ ကောင်းကောင်းစားခဲ့ရပြီ၊ သူတို့ အတတ်နိုင်ဆုံး ကျုပ်တို့ကို စောင့်ရှောက်ပေးခဲ့တာပါ၊ သူတို့ကို ရိုက်လွှတ်မနေပါနဲ့တော့၊ အခုအရေးကြီးတာက ဆရာကို သွားကယ်ဖို့ပါပဲ၊ ဆရာ့ကို လေဝါဘီလူးအတော်ညှဉ်းထားပြီလားမဆိုနိုင်ပါဘူး..."

"သူမညှဉ်းရဲပါဘူး၊ ငါပြန်လာမှာကို သူသိနေပါတယ်.."

"မညှဉ်းဆဲရင်တော့ တော်သေးတယ်"

"ငါညီပြောတာမှန်တယ်၊ ဆရာကို ညှဉ်းတာနဲ့ ငါက သူ့ကို အသေသတ်မှာကွ..."

ကျူးပတ်ကိုင်က–

"အခု..အစ်ကိုကြီး ဘာလုပ်မလဲ"

"ငါ..လေဝါလိုဏ်ဂူကို ပြန်သွားရမှာပေါ့၊ ဂူကြီးရှင်နဲ့ ငါ တွေ့ကိုတွေ့ရမယ်..."

"ဒီလိုဆိုရင်လည်း အစ်ကိုကြီးသွားလေ"

"အေး .... သွားမယ်၊ ဒီတောအုပ်ဟာ လေဝါတောင်နဲ့လည်း သိပ်မဝေး လှဘူး၊ ဒီတော့ ငါ့ညီဒီမှာပဲ စောင့်နေပါ၊ အထုပ်နဲ့ မြင်းကို စောင့်ကြည့်နေပါ၊ အစ်ကို လိုဏ်ဂူထဲမှာ ဆရာ့ကို စုံစမ်းမယ်..."

ကျူးပတ်ကိုင်က–

"အရေးကြီးဆုံးက ဆရာသေသလား၊ရှင်သလား၊ သေသေချာချာ စုံစမ်းခဲ့ဖို့ပါပဲ၊ တကယ်လို့ ဆရာသေသွားခဲ့ပြီဆိုရင် ကျုပ်တို့လမ်းခွဲပြီး ကိုယ့်လမ်းကိုယ်သွားကြမယ်၊ အသက်ရှင်နေသေးတယ်ဆိုရင်တော့ ကျုပ်တို့ညီအစ်ကို ကြိုးစားပြီးကယ်ရမှာပေါ့..."

"ငါညီ ... မင်းဘာတွေ ကယောင်ကတမ်း ပြောနေတာလဲ၊ ဆရာ မသေနိုင်ပါဘူး၊ ကဲ..ငါသွားပြီ"



စွန်းဟိန်ကျဲသည် လေထဲသို့ ခုန်တက်လိုက်ပြီး တိမ်တိုက်ကိုစီးနင်းသွားလေတော့၏။ ကျူးပတ်ကိုင်သည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ကျန်ရစ်ခဲ့လေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၆၀)

## လိန်ကျပ်အန်းကုန်းဘယ်သူလဲ

စွန်းဟိန်ကျဲသည် မကြာမီ လေဝါလိုဏ်ဂူရှေ့သို့ ရောက်ရှိလာလေ၏။ လိုဏ်ဂူတံခါးမှာ ပိတ်လျက်ရှိနေသည်။ လေဝါဂူကြီးရှင်ဘီလူးမှာ အိပ်ပျော်နေဆဲပင်ရှိလိမ့်ဦးမည်။ လိုဏ်ဂူဝတွင်ကား ဘီလူးအများအပြား အိပ်ပျော်နေကြ၏။ သူတို့ကား အစောင့်များဖြစ်ဟန်ရှိ၏။

ဤဘီလူးများကို လှုပ်နှိုးလိုက်ပါက အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်မည်ကို သိရှိသဖြင့်သူသည် ဘီလူးများကို မနှိုးတော့ပေ။ သူကိုယ်ကို တစ်ချက်လှုပ်ခါလိုက်ပြီး ခြင်တစ်ကောင်အဖြစ်သို့ ဖန်ဆင်းလိုက်တော့၏။ သူသည် အိပ်ပျော်နေသည့်ဘီလူး၏ ပါးပြင်သို့ တက်နားလိုက်ပြီး သူ၏နှုတ်သီးဖြင့် ထိုးလိုက်သည်။ ဘီလူးသည် ပါးပြင်ပေါ်ရှိ ခြင်ကိုရိုက်ချလိုက်၏။

သို့သော်....စွန်းဟိန်ကျဲက အထိမခံပေ။ ပျံသန်းထွက်သွား၏။

"အမယ်...ခြင်ကိုက်လိုက်တာ တယ်နာပါလား"

ဘီလူးသည် ခြင်ကိုက်သည့်နေရာကို ပွတ်ရင်းအိပ်ရာမှ ထလာလေ၏။

"ဟာ...မိုးတောင် လင်းနေပြီပဲ"

သူသည် အခြားအိပ်ပျော်နေသည့် ဘီလူးများကို နှိုးလိုက်လေ၏။

"ထကြတော့...ထကြတော့ မိုးလင်းနေပြီ"

ဘီလူးများသည် နိုးလာသဖြင့် လိုဏ်ဂူတံခါးကို ဖွင့်လိုက်ကြသည်



ခြင်အဖြစ် ဖန်ဆင်းထားသည့် စွန်းဟိန်ကျဲသည် လိုဏ်ဂူထဲသို့ ပျံသန်းဝင်ရောက်သွားလေ၏။

ဘီလူးတစ်ကောင်က ပြောသည်။

"သခင်ကြီးက အမိန့်ချထားတယ်၊ တံခါးကို ခါတိုင်းထက်ပိုပြီး တင်းတင်းကျပ်ကျပ်စောင့်ရမယ်လို့....."

ခြင် စွန်းဟိန်ကျဲသည် ဂူထဲသို့ ဝှေ့ဝဲပျံသန်းတော့၏။

လေဝါဘီလူးသည် အိပ်ရာမှ နိုးလာပြီဖြစ်၏။

သူသည် လက်နက်များကို စစ်ဆေးနေသည်။ ဘီလူးတစ်ကောင် လက်နက်တစ်ခုကျပေးရန် ရည်ရွယ်ထားသည်။

"ဟေ့...အားလုံးသတိထားကြ...၊ စွန်းဟိန်ကျဲဆိုတဲ့ မျောက်ဟာ ဒီကနေ့ထပ်ပြီး လာဦးမှာ သေချာတယ်၊ ဒီတစ်ခါလာပေစေဦး ...၊ ဒီတစ်ခါ လာမှ အသေသတ်မယ်"

စွန်းဟိန်ကျဲသည် ဘီလူးကြီး၏ ထိုင်ခုံထိပ်၌ ရပ်နားနေရင်း ဘီလူးပြောသည့် စကားများကို နားထောင်နေသည်။ ထို့နောက် သူသည် ထ၍ပျံသန်းရင်း သူ့ဆရာကို ရှာတော့သည်။ သူသည် တစ်ခန်းဝင်တစ်ခန်းထွက် ရှာလေတော့သည်။ သူသည် အခန်းတစ်ခန်းကို တံခါးပိတ်ထားကြောင်းတွေ့ရသည်။

ခြင် စွန်းဟိန်ကျဲသည် တံခါးကြားမှ အတွင်းသို့ တိုးဝင်သွားသည်။

"တွေ့ပြီ"

မှန်သည်။ အခန်းထဲ၌ ဆရာတော်ကို ကြိုးဖြင့် တုပ်နှောင်ထားလေ၏။

ဆရာတော်သည် စက္ခုန္ဒြေချပြီး တရားထိုင်နေ၏။

"ဆရာ...ဆရာ...."

ဆရာတော်သည် ဆတ်ခနဲဖြစ်သွား၏။

"ဟိန်ကျဲ...သင်ဘယ်ကလဲ"

ဆရာတော်သည် စွန်းဟိန်ကျဲ၏အသံကို ကောင်းစွာမှတ်မိ၏။

"ဟိန်ကျဲ...သင်ဘယ်ကခေါ်နေတာလဲ"

"တပည့်တော် ခြင်အဖြစ် ဖန်ဆင်းထားပါတယ်၊ တပည့်တော် ခြင်အဖြစ်နဲ့ စကားပြောနေတာပါ....၊ မပူပါနဲ့ဆရာ.....၊ တပည့်တော်တို့

လေဝါဂူ ဘီလူးကို ဖမ်းဖို့ပြင်ဆင်နေပြီ၊ ဒီဘီလူးကို ဖမ်းပြီးမှ ဆရာ့ကို ကယ်နိုင်မှာပါ၊ ခဏတော့သည်းခံပါဆရာ...."

ထန်စန်းကျွမ်းဆရာတော်သည် အရာရာကိုသည်းခံ နိုင်စွမ်းရှိသူ ဖြစ်၏။

"အေး..ဒီဘီလူးကို သင်တို့ မိအောင် ဖမ်းကြပါ..."

"ဆရာသိအောင် တပည့်တော် ပြောပြပါမယ်၊ ဆရာ့ကို ဖမ်းလာတဲ့ဟာ ကျားဘီလူးသေသွားပါပြီ၊ သူကို ကျူးပတ်ကိုင် သတ်ပစ်လိုက်ပါတယ်၊ အဲဒီဘီလူးဟာ သေသင့်တဲ့ဘီလူးပါ "

"သူသေသွားရင် ငါမလွတ်နိုင်ဘူးလား"

"အဓိက က သူမဟုတ်ပါဘူး ဆရာ၊ အဓိကကတော့ လေဝါဂူကြီးရှင်ပါ...၊ အဲဒီဘီလူးရဲ့လေဟာ သိပ်ကြောက်စရာကောင်းပါတယ်၊ တော်ရုံတန်ရုံဆိုရင် သူ့လေမိသွားတာနဲ့ ဘဝဆုံးသွားမှာပဲ၊ တပည့်တော်ကတော့ မျက်စိနာရုံလောက်ပဲ ဖြစ်ပါတယ်ဆရာ၊ သူ့လေကြောင့် တပည့်တော်တို့ ဒီလောက် ကြန့်ကြာနေတာပါ၊ ဆရာစိတ်မပူပါနဲ့၊ လွတ်မှာပါ..."

ထန်စန်းကျွမ်းဆရာတော်သည် ခေါင်းညိတ်လိုက်၏။

"လုပ်ပါ...လုပ်သင့်တာကို ဆက်လုပ်ပါ"

"တပည့်တော် သွားတော့မယ်"

သူသည် အခန်းထဲမှ ပျံသန်းထွက်ခွာသွားလေ၏။

ရှေ့ခန်းထဲတွင် လေဝါဂူကြီးရှင်ဘီလူးသည် ဘီလူးများကို လက်နက်တပ်ဆင်ပေးနေ၏။

စွန်းဟိန်ကျဲသည် ပျံဝဲရင်း အခြေအနေကို စောင့်ကြည့်နေသည်။

ထိုစဉ်ဘီလူးတစ်ကောင်သည် ပြေးဝင်လာလေ၏။ ထိုဘီလူးသည် ကင်းလှည့်နေသော ဘီလူးဖြစ်သည်။

"သခင်ကြီး...ကျွန်တော်မျိုးတို့ ကင်းအလှည့်မှာ ဝက်နဲ့တူတဲ့လူကို တောအုပ်ထဲမှာ တွေ့ခဲ့ပါတယ်၊ မျောက်နဲ့တူတဲ့လူကိုတော့ မတွေ့ခဲ့ပါ ဘူး..."

သူသည် အမောတကော သတင်းပို့လေ၏။

လေဝါဂူကြီးရှင်ဘီလူးက–

"စွန်းဟိန်ကျဲကို မတွေ့ဘူးဆိုတာက မနေ့က ငါ့လေကို သူမိ



သွားတယ်မဟုတ်လား၊ သေသွားနိုင်တယ်၊ ဒါမှမဟုတ် စစ်ကူသွားခေါ်တာလည်း ဖြစ်နိုင်တယ်..."

အစောင့်ဘီလူးတစ်ကောင်က–

"သူသေသွားရင်တော့ ကျွန်တော်မျိုးတို့ ကံကောင်းတာပဲ၊ သူမသေဘဲစစ်ကူသွားခေါ်ရင်တော့ ကျွန်တော်မျိုးတို့ ဒုက္ခပဲ...."

ဘီလူးကြီးက ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"သွားခေါ်စမ်းပါစေ ... သိကြားရဲ့ စစ်သည်တော် မကလို့ ဘယ်သူ့ပဲ ခေါ်ခေါ် ... "လိန်ကျပ်အန်းကုန်း" ကလွဲလို့ ဘယ်သူ့ကိုမှ ငါဂရုမစိုက်ဘူး၊ ငါ့လေဒဏ်ကို ခံနိုင်တဲ့လူ ခံကြစမ်း...၊ ငါကြမ်းပြလိုက်မယ်..."

စွန်းဟိန်ကျဲသည် ထိုစကားကိုကြားသောအခါ လွန်စွာဝမ်းသာသွားပြီး လိုဏ်ဂူထဲမှ ပျံသန်းထွက်သွားလေတော့၏။ တောအုပ်ထဲသို့ရောက်သောအခါ သူ့နဂိုရုပ်သွင်သို့ ပြန်လည် ဖန်ဆင်းလိုက်တော့၏။

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲ ပြန်လည်ရောက်ရှိလာသည်ကိုမြင်သောအခါ လွန်စွာဝမ်းသာသွား၏။ သူ့ခမျာ တစ်ကိုယ်တည်း ငြီးငွေ့စွာ စောင့်နေခဲ့ရသည် မဟုတ်ပါလော"

"အစ်ကိုကြီး..ဆရာ့ကို တွေ့ခဲ့ရဲ့လား...."

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"တွေ့ခဲ့ပါတယ်"

ကျူးပတ်ကိုင် ဝမ်းသာသွား၏။

"သူ.. အခုဘယ်မှာလဲ"

"လေဝါလိုဏ်ဂူထဲမှာ အခန်းတွေအများကြီးရှိတယ်၊တချို့အခန်းဟာအချုပ်ခန်းတွေပဲ၊ အဲဒီထဲက အခန်းတစ်ခန်းမှာ ဆရာကို တွေ့ခဲ့တယ်"

"ဆရာ..ကျန်းကျန်းမာမာပဲလား"

"ကျန်းမာပါတယ်၊ ဆရာကို ဒီဘီလူးက ကြိုးနဲ့တုပ်ထားတယ်၊ ဒီခွေးဘီလူးကို ငါမိမှ ညှဉ်းဆဲပြီးသတ်မယ်"

"အစ်ကိုကြီးမသတ်ပါနဲ့၊ ကျုပ်သတ်ပါမယ်"

"အေး...သတ်...၊ ငါဒီဘီလူးကို ကြိုးနဲ့တုပ်ပြီးမင်းရှေ့ကို ခေါ်ခဲ့မယ်..."

"သတ်မယ်၊ သတ်မယ်၊ ဆရာ့ကိုနှိပ်စက်တဲ့ဘီလူး..၊ အမှုန့်ချေပစ်မယ်၊ ဒါနဲ့ အစ်ကိုကြီးဆရာကိုတွေ့ခဲ့ရက်သားနဲ့ တစ်ခါတည်း ဘာကြောင့် မကယ်ထုတ်ခဲ့တာလဲ"

စွန်းဟိန်ကျဲက–

"ငါမကယ်ထုတ်ခဲ့တာ အကြောင်းရှိတယ်၊ ငါကဘီလူးကိုတော့ မကြောက်ပါဘူး၊ ဒါပေမယ့်သူ့ရဲ့လေကိုတော့ ကြောက်တယ်၊ ဒါကြောင့် ငါအရမ်းမကယ်ဝံ့ဘူး၊ ဂူထဲကိုဝင်တာနဲ့ ဘီလူးရဲ့လေနဲ့ တွေ့မှာကွ..."

သူက ဆက်ပြောသည်။

"ငါ...ဆရာနဲ့တောင် စကားပြောခဲ့သေးတယ်"

"ဟင်...ဟုတ်လား"

"ဆရာက လုပ်စရာရှိတာတွေ ဆက်လုပ်ပါလို့ ပြောတယ်၊ ငါက ခြင်ကောင်လို ဖန်ဆင်းပြီး ဝင်သွားတာကိုး..၊ ဆရာကို ဘာမှ စိတ်မပူနဲ့၊ တပည့်တော်တို့ လာကယ်ပါ့ မယ်လို့လျှောက်ခဲ့တယ်"

"ဘယ်လို ဆက်လုပ်ရင် ကောင်းမလဲ"

"လေဝါဂူကြီးရှင်ဘီလူးက သူ့လေနဲ့ မှုတ်လိုက်လို့ ငါသေပြီနဲ့ တူတယ်လို့ပြောတယ်...၊ မသေရင် ငါစစ်ကူသွားခေါ်ပြီနဲ့ တူတယ်လို့လဲ ပြောတယ်၊ ဘယ်စစ်ကူလာလာ... သိကြားမင်းရဲ့စစ်ကူလာလာ...၊ သူက မကြောက်ဘူးလို့ပြောတယ်.."

ကျူးပတ်ကိုင် အံ့သြသွားသည်။

"ဒီဘီလူး အတော်စွမ်းပါလား.."

"မင်းမချီးကျူးနဲ့ဦး၊ သူကြောက်ရတဲ့ လူတစ်ယောက်တော့ ရှိသေးတယ်ကွ...."

ကျူးပတ်ကိုင်မှာ အလွန်အံ့သြသွားသည်။

"ဩော်... အကြောက်ကိုယ်စီ ရှိစမြဲပါလား၊ သူက ဘယ်သူ့ကို ကြောက်တာပါလိမ့်"

"သူကြောက်တဲ့လူက "လိန်ကျုပ်အန်းကုန်း" တဲ့...."

ကျူးပတ်ကိုင်က ခေါင်းကုတ်သည်။

"ကျုပ်တော့မကြားဖူးပါဘူးဗျာ၊ လိန်ကျုပ်အန်းကုန်းတဲ့..၊ သူက ဘယ်သူတဲ့လဲဗျာ..."

စွန်းဟိန်ကျဲကခေါင်းယမ်း၏။



"ငါလည်းမသိဘူး..."

ကျူးပတ်ကိုင်က ရယ်မောလေ၏။

"ဟား...ဟား....ဟား... လိန်ကျုပ်အန်းကုန်းဘယ်သူလဲ၊ ဘယ်မှာနေတယ်ဆိုတာ အစ်ကိုကြီးလည်းမသိဘူး၊ အဲဒါ ဘယ်လို လိုက်ရှာမလဲ..."

စွန်းဟိန်ကျဲခေါင်းကုတ်လေ၏။

"ဟုတ်တယ်၊ ရှာရမယ့်ဒုက္ခကလည်း မသေးပါလား...."

ကျူးပတ်ကိုင် စဉ်းစားလိုက်၏။

"အစ်ကိုကြီးလည်း မသိဘူးဆိုတော့ လိန်ကျုပ်အန်းကုန်း ကို စုံစမ်း ရဦးတော့မှာပေါ့၊ ဒါပေမယ့် အစ်ကိုကြီး သိပ်စိတ်မပူပါနဲ့၊ အစ်ကိုကြီးရဲ့ မျက်စိကုဖို့သမားတော်ကြီးကို ရှာရတာလောက်ခက်ခဲမယ် မထင်ဘူး၊ လိန်ကျုပ်အန်းကုန်းကို သိတဲ့လူများပါလိမ့်မယ်..."

"ဟုတ်တယ်၊ ညီလေး ပြောတာ မှန်တယ်၊ ငါတို့ လိုက်စုံစမ်းရတော့မှာပဲ"

စွန်းဟိန်ကျဲသည် မြင်းဖြူကြီး၏ ဇက်ကြိုးကို ဆွဲလိုက်၏။

"ငါတို့ သွားကြမယ်..."

ကျူးပတ်ကိုင်က–

"ဘယ်ကို အရင်ဆုံးသွားမလဲ အစ်ကိုကြီး... ပထမဆုံး ဘယ်ကိုသွားသင့်တယ်ဆိုတာစဉ်းစားပါ၊ ဒုတိယ ဘယ်ကိုသွားသင့်တယ်ဆိုတာလည်း စဉ်းစားပါ၊ ကျုပ်တို့ အရမ်းသွားလို့တော့ မဖြစ်ဘူး..."

"တစ်ယောက်ယောက်ဆီတော့ သွားရမှာပဲ"

"အဲဒီ တစ်ယောက်ယောက်ဆိုတာကို အစ်ကိုကြီး စဉ်းစားပါ၊ ဘယ်သူဖြစ်မလဲ..."

"မသိဘူးလေ၊ ငါတို့ ဒီမှာထိုင်နေတာထက်စာရင် သွားတာက ပိုပြီးအကျိုးရှိမယ်ထင်လို့ငါပြောတာပဲ"

"ကဲ..ဒီလိုဆိုရင်လည်း၊ အစ်ကိုကြီး သွားချင်တဲ့ နေရာ သွားပါတော့"

"အေး သွားရမယ်.."

စွန်းဟိန်ကျဲသည် မြင်းဇက်ကြိုးကို ရှေ့မှ ဆွဲ၍သွားသည်။

ကျူးပတ်ကိုင်က အထုပ်ကလေးကို ထွန်ခြစ်၌ ချိတ်ဆွဲပြီး

ထမ်း၍ လိုက်သည်။ တပည့်နှစ်ယောက်သည် ဆရာကို ကယ်တင်ရန် ထွက်ခွာသွားကြတော့၏။ သူတို့သည် လိန်ကျုပ်အန်းကုန်း ဘယ်သူ ဘယ်ဝါဆိုသည်ကို မသိကြသေးပေ။ မသိသူကို ရှာဖွေရန် သူတို့ ထွက်ခွာလာပေပြီ။

## အခန်း(၆၁)

## ကူညီမည့်ပုဂ္ဂိုလ်

တပည့်နှစ်ယောက်သည် ဖြည်းညင်းစွာ လျှောက်လာ ကြ၏။ သူတို့ သည် ခရီးဝေးဝေးကိုပင် မလျှောက်မိပါ။ သူတို့၏ မျက်နှာ ချင်းဆိုင် အရပ်မှအဘိုးအိုတစ်ယောက် လျှောက်လာနေသည်ကို တွေ့မြင် လိုက်ရလေ၏။

ကျူးပတ်ကိုင်က ဝမ်းသာသွားသည်။

"ဟိုမှာအဘိုးကြီး တစ်ယောက်လျှောက်လာနေတယ်၊ သူ့ကိုမေး ကြည့်ရင်သိနိုင်ပါတယ်..."

စွန်းဟိန်ကျဲက လှမ်းကြည့်လိုက်သည်။

အဘိုးအိုတစ်ယောက်သည် သူ့ထံသို့ လျှောက်လာနေသည်။

အဘိုးအိုသည် အသက်ပင်ကြီးသော်လည်း တောင်ဝှေးအကူအညီ ကို မယူပါ။ ပုံမှန်အတိုင်းပင် လမ်းလျှောက်လာနေပါသည်။ သူ၏ ဆံပင်နှင့် မုတ်ဆိတ်တို့သည် ဆွတ်ဆွတ်ဖြူနေ၏။ သူ့မျက်နှာမှာမူ ပန်းရောင်သမ်းနေ၏။

သူခန္ဓာကိုယ်မှာမူ ပိန်သွယ်နေသည်။ သို့သော်...သူ့အရိုးအဆစ် တို့က မာကျောနေပုံရသည်။ သူ၏ ဥပဓိရုပ်မှာ အလွန်တရာ ခန့်ညား လှပေသည်။

စွန်းဟိန်ကျဲသည် အဘိုးအိုရှေ့သို့ လျှောက်သွားပြီးလက်အုပ်ချီ လိုက်၏။

"အဘ...ဘယ်ကို သွားမလို့ပါလဲ"

"ရှေ့က တောအုပ်ထဲကိုပါ..."

"အဘကို စကားတစ်ခွန်းတော့ မေးပါရစေ.."

"တောကြီးမျက်မည်းထဲကို မင်းဘယ်လို ရောက်လာတာလဲ၊ ရှေ့က လေဝါတောင်မှာ ဘီလူးတွေနေတယ်ဆိုတာကို မင်းတို့ မသိကြဘူးလား"

စွန်းဟိန်ကျဲက–

"ကျွန်ုပ်တို့ဟာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးကို စောင့်ရှောက်လာတဲ့လူတွေပါ…၊ အဲဒီပုဂ္ဂိုလ်ထူးဟာ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်မယ့်ပုဂ္ဂိုလ်ပါ၊ ဒီလေဝါတောင်ကိုရောက်တော့ အဲဒီပုဂ္ဂိုလ်ဟာ ပျောက်ဆုံးသွားပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အဘကို မေးချင်လို့ပါ"

အဘိုးအိုက–

"သင်က ဘာကို မေးချင်တာလဲ"

စွန်းဟိန်ကျဲက–

"လိန်ကျပ်အန်းကုန်း ဘယ်မှာရှိတယ်ဆိုတာ ကျွန်ုပ်တို့ သိချင်ပါတယ်…."

အဘိုးအိုက–

"သင့်ရဲ့ဆရာ ပျောက်ဆုံးသွားတာနဲ့ လိန်ကျပ်အန်းကုန်းနဲ့ ဘာဆိုင်လို့လဲ"

စွန်းဟိန်ကျဲက–

"ကျွန်ုပ်ရဲ့ ဆရာပျောက်ဆုံးသွားတယ်ဆိုတာက ဘီလူးတစ်ကောင် ဖမ်းသွားလို့ပါ…"

အဘိုးအိုက မျက်မှောင်ကုတ်သွားလေ၏။

"ဘီလူးဖမ်းသွားတယ်၊ ဘယ်ကဘီလူးလဲ"

"လေဝါတောင်ဘီလူးပါ အဘ"

အဘိုးအိုက–

"မင်းတို့ ဥစ္စာက မဟုတ်သေးပါဘူး၊ မင်းတို့ ဆရာကို ဘီလူးဖမ်းသွားတယ်ဆိုရင် မင်းတို့ လုပ်သင့်တာက မင်းတို့ဆရာကို အမြန်ဆုံးသွားကယ်ဖို့ပဲ၊ ဒါပေမယ့် မင်းတို့က မဆီမဆိုင် အန်းကုန်းကို လိုက်ရှာနေကြတယ်၊ မင်းတို့မှာကယ်ဖို့ အစွမ်းအစ မရှိတော့ဘူးလား…"

စွန်းဟိန်ကျဲသည် ရှင်းပြရလေ၏။

"ဒီလိုပါအဘ.. ကျွန်ုပ်တို့ဟာ ဆရာတော်ကို ကယ်ဖို့ကြိုးစားခဲ့



ပါတယ်၊ ဒါပေမယ့်ဘီလူးဟာ လေမှုတ်ထုတ်လိုက်ရင် အင်မတန်ကြောက်စရာ ကောင်းပါတယ်၊ ရိုးရိုးရာသီဥတုလေနဲ့ မတူတဲ့ လေကိုမှုတ်ထုတ်လိုက်တာပါ၊ သူဟာအဲဒီလေကြောင့် မာနတက်နေပါတယ်၊ ကျွန်ုပ်ဟာ တော်ရုံတန်ရုံ တန်ခိုးရှင်ကို မှုတဲ့လူ မဟုတ်ပါဘူး၊ ဒါပေမယ့်သူ့ရဲ့လေကိုတော့ ကျွန်ုပ်မခံနိုင်ဘူးဖြစ်နေတယ်၊ သူ့စကားထဲမှာ သူဟာ ဘယ်သူကိုမှ မကြောက်တဲ့ အကြောင်း၊ သိကြားမင်းရဲ့စစ်သည်တော်တွေကိုတောင် မကြောက်တဲ့အကြောင်း၊ လိန်ကျပ်အန်းကုန်းတစ်ယောက်ကိုသာ ကြောက်တဲ့ အကြောင်း ပါလာပါတယ်၊ ကျွန်ုပ်တို့လည်း လိန်ကျပ် အန်းကုန်းဆီသွားပြီး အကူအညီ တောင်းဆိုမလို့ ထွက်လာကြတာပါ…"

ကျူးပတ်ကိုင်က–

"ဟုတ်ပါတယ်အဘ၊ ကျွန်ုပ်တို့ဟာလိန်ကျပ်အန်းကုန်းဘယ်သူလဲ၊ လိန်ကျပ်အန်းကုန်းဘယ်မှာရှိသလဲဆိုတာ လုံးဝမသိကြပါဘူး၊ ဒါကြောင့် အဘဆီမှာစုံစမ်းတာပါ…"

အဘိုးအိုက–

"အေး… ဒီလို လိပ်ပတ်လည်အောင် ပြောမှပေါ့..၊ အဘပြောပြပါမယ်…"

စွန်းဟိန်ကျဲက–

"ကျေးဇူးတင်ပါတယ်၊ အဘ…၊ ကျွန်ုပ်တို့ ပြောမပြတာကလည်း ကျွန်ုပ်တို့ဟာ လိန်ကျပ်အန်းကုန်းဆီသွားဖို့ စိတ်စောနေလို့ပါ…"

"အေး..အေး… ငါပြောပြမယ်၊ မင်းတို့လိန်ကျပ်အန်းကုန်းကို တွေ့ချင်ရင် ဒီကနေ တောင်ဘက်အရပ်ကို သွားပါ..၊ အဲဒီမှာ လိန်ကျပ်အန်းကုန်းကိုတွေ့လိမ့်မယ်.."

အဘိုးအိုက ဆက်ပြောပြနေလေ၏။

"ဒီကနေ လီပေါင်း နှစ်ထောင်လောက် ဝေးတဲ့ အရပ်မှာ တောင်တစ် လုံးကိုတွေ့ရလိမ့်မယ်၊ အဲဒီတောင်က ဖိုလေးလုံး တောင်လို့ခေါ်တယ်…"

စွန်းဟိန်ကျဲသည် သေချာစွာ နားထောင်နေလေ၏။

"အဲဒီဖိုလေးလုံးတောင်မှာ အဆောက်အအုံကြီးတစ်ခုရှိတယ်၊ အဲဒီအဆောက်အအုံဟာ လိန်ကျပ်အန်းကုန်း တရားဟောတဲ့နေရာဖြစ်ပါတယ်။

အဲဒီမှာ သင်တို့တာရားဝင်နာပြီး လိန်ကျပ်အန်းကုန်းကို တွေ့ခွင့်ရအောင် ကြိုးစားပေတော့"

စွန်းဟိန်ကျဲက–

"တောင်ဘက်ကိုသွားရမယ်ဆိုတာတော့ဟုတ်ပါရဲ့၊ ဘယ်နေရာက သွားရမယ်ဆိုတာကို လမ်းညွှန်ပါဦး"

အဘိုးအိုက တောင်ဘက်သို့ လက်ညှိုးညွှန်သည်။

"ဟိုမှာ လမ်းကလေး... ကွေးကွေး ကောက်ကောက် ရှိနေတယ် မဟုတ်လား...၊ အဲဒီလမ်းအတိုင်း သွားပါ...၊ အဲဒါလိန်ကျပ်အန်းကုန်း ဆီရောက်တဲ့လမ်းပဲ"

စွန်းဟိန်ကျဲသည် အဘိုးအိုညွှန်ပြသောနေရာသို့ ကြည့်လိုက်သည်။ လမ်းကလေး ကွေ့ကွေ့ကောက်ကောက် ရှိနေသည်။ သူတို့ အဘိုးအို ဘက်သို့ လှည့်ကြည့်လိုက်သောအခါ အဘိုးအိုသည် မရှိတော့ချေ။ ကွယ်ပျောက်သွားလေပြီ။

ထိုစဉ် လေထဲမှ စာရွက်တစ်ရွက် လွင့်ကျလာ၏။

စွန်းဟိန်ကျဲသည် စာရွက်အား ကောက်ယူ၍ ဖတ်ကြည့်လိုက်သည်။

စာရွက်ပေါ်၌–

"တန်ခိုးရှင်...ကျွန်ုပ်သည်ကား အခြားသူမဟုတ်ပေ။ကြယ်တံခွန် ထိုက်ပေကျင်းစိန်အဘိုးအိုဖြစ်ပေသည်။ ဖိုလေးလုံးတောင်၌ နဂါးပျံ တောင်ဇေ့ရှိသည်။ ဖိုလေးလုံးတောင်ကိုသွားလျှင် လိန်ကျပ်အန်ကုန်းကို တွေ့ရပေ လိမ့်မည်။"

စာသည် ထိုမျှသာဖြစ်၏။

ကျူးပတ်ကိုင်က–

"အစ်ကိုကြီး.. ဒီရက်များထဲမှာ ကျွန်တော်တို့အိပ်မက်ဆိုးတယ်၊ ခုတွေ့ ခုပျောက်တွေချည်းပဲ၊ ခုနကအဘိုးကြီးဟာ ဘယ်သူလဲ.."

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင်အား စာရွက်ကို လှမ်းပေးလိုက်၏။ ကျူးပတ်ကိုင်သည် စာရွက်ကိုယူပြီးဖတ်ကြည့်သည်။

"ဟောဗျာ...ထိုက်ပေကျင်းစိန်ဆိုပါလား.."

စွန်းဟိန်ကျဲက–

"ဟုတ်တယ်၊ ထိုက်ပေကျင်းစိန် ဆိုတာပဲ၊ ငါတို့ဒုက္ခရောက်နေ



လို့လာပြီး လမ်းညွှန်အကူအညီပေးတာပါ၊ ပထမ နတ်လေးပါးက အကူအညီပေးတယ်၊ အခု... ဒုတိယ ထိုက်ပေကျင်းစိန်က အကူအညီပေးတယ်၊ ငါတို့ဘဝဟာ အကူအညီချည်း ယူနေရတဲ့ဘဝပါလား..."

ကျူးပတ်ကိုင်သည် မြေပြင်ပေါ်ဒူးထောက်လျက် ကောင်းကင်သို့ ရှိခိုးကန်တော့လေ၏။

စွန်းဟိန်ကျဲက–

"ညီလေး...ဘာလုပ်နေတာလဲ.."

ကျူးပတ်ကိုင်က–

"သူဟာ ညီလေးရဲ့ ကျေးဇူးရှင်ပါ..."

စွန်းဟိန်ကျဲသည် နားမလည်သဖြင့် ပြန်မေးလိုက်သည်။

"သူက ညီလေးအပေါ်မှာ ကျေးဇူးရှိခဲ့သလား.."

ကျူးပတ်ကိုင်က ပြောသည်။

"ရှိပြီလား၊ အစ်ကိုကြီးရယ်၊ သူသာ နတ်မင်းကြီးကို ဝင်ပြီး မေတ္တာရပ်ခံမပေးဘူးဆိုရင် ညီလေးသေတာကြာလှပါပြီ၊ အခု... အသက်ရှင်ခွင့် ရနေတာဟာ သူ့ကျေးဇူးကြောင့်ပါ.."

စွန်းဟိန်ကျဲကချီးကျူးလိုက်၏။

"ငါ့ညီက ကျေးဇူး သိတတ်သားပဲ.."

"လူတစ်ယောက်ဟာ ကျေးဇူးတရား မသိတတ်ရင် ဘာတန်ဖိုးရှိတော့မှာလဲ၊ ကျေးဇူးတရား သိတတ်ဖို့ အရေးကြီးပါတယ် "

စွန်းဟိန်ကျဲက–

"ဟုတ်တယ်၊ ကျေးဇူးတရား သိတတ်ဖို့ အရေးကြီးပါတယ်..၊ ကဲ ငါ့ညီငါနဲ့ဆက်မလိုက်နဲ့တော့၊ ဒီတောအုပ်ကပဲ စောင့်ပါ၊ နှစ်ယောက်သွားရင် ခရီးပန်းနေလိမ့်မယ်၊ မြင်းနဲ့အထုပ်ကိုလည်း ဂရုစိုက်ပါ..."

"အစ်ကိုကြီး ဘယ်ကို သွားမလို့လဲ.."

"ငါ ဖိုလေးလုံးတောင်ကို သွားလိုက်မယ်..."

"လိန်ကျပ်အန်းကုန်းကို ပင့်မလို့ဟုတ်လား.."

"ဟုတ်ပါတယ်.."

"ဒါဖြင့်သွားပါ..၊ ကျွန်ုပ် ဒီတောအုပ်ကပဲ စောင့်နေပါမယ်၊ အစ်ကိုကြီး ပြန်လာရင် ဒီတောအုပ်ကိုပဲ ပြန်လာခဲ့ပေါ့.."

"စိတ်ချ.."

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်ခုန်တက်၍ တိမ်တိုက်စီးကာ ခရီးနှင်တော့သည်။ မှန်သည်။ ကျူးပတ်ကိုင်ကို ခေါ်ဆောင်သွားပါက ခရီးဖင့်နွဲ့ပေတော့မည်။

သူသည် တိမ်တိုက်စီးကာ တောင်ဘက်အရပ်သို့ ခရီးနှင်၏။ မကြာမီ အလွန်မြင့်မားသော တောင်ကြီးတစ်တောင်ကို တွေ့ရှိရသည်။ သူသည် တိမ်တိုက်ကိုစီးရင်း လှည့်ပတ်ကြည့်ရှုသည်။

တောင်ကြီးတစ်ခုလုံးကို ရောင်စုံတိမ်တိုက်များ ဟိုတစ်စုသည် တစ်စု လွှမ်းခြုံထားသည်ကို တွေ့ရ၏။ လိန်ကျပ်အန်းကုန်းသည် ဤတောင်၌ ရှိပေလိမ့်မည်။

သူသည် တိမ်တိုက်ပေါ်မှ ဆင်းလိုက်၏။ သူသည် တောင်ခါးလယ်သို့ လျှောက်သွားလေ၏။ ထိုနေရာတွင် ဒယ်အိုးပုံသဏ္ဌာန် မြေကွက်လပ်ရှိသည်။

ထိုမြေကွက်လပ်၌ အလွန်ခံ့ညားလှပသော ကျောင်းကြီးတစ်ကျောင်းကို တွေ့ရှိရသည်။ ထိုကျောင်းထဲမှ ခေါင်းလောင်းထိုးသံများ ထွက်ပေါ်လာသည်ကို သာယာစွာကြားနေရသည်။

"အင်း..လိန်ကျပ်အန်းကုန်းဟာ ဒီကျောင်းထဲမှာပဲ ရှိလိမ့်မယ်..၊ ကျောင်းကြီးဟာ တော်တော်သာယာတာပါပဲလား.."

စွန်းဟိန်ကျဲသည် ထိုကျောင်းရှိရာသို့ လျှောက်သွားလေ၏။ ကျောင်းအဝင်ဝ၌ ရသေ့တစ်ပါးမှအပ အခြားမည်သူမျှ မရှိပေ။ ထိုရသေ့သည် လည်ပင်း၌ စိပ်ပုတီးဆွဲထားလေ၏။ ဘုရားစာ တရားစာများကို ရွတ်ဖတ် နေသည်။

စွန်းဟိန်ကျဲသည် ထိုရသေ့ထံသို့ လျှောက်သွားပြီး ဦးညွှတ်ဂါရဝပြုလိုက်၏။

"အရိုအသေပြုပါတယ် ခင်ဗျား..."

ထိုရသေ့သည် ဘုရားစာ တရားစာများကို ဆက်လက်ရွတ်ဖတ်နေ၏။ ပြီးဆုံးသွားသောအခါမှ ခေါင်းမော့ကြည့်သည်။

"သင်က ဘယ်သူလဲ...၊ ဘာကိစ္စနဲ့ လာတာလဲ"

စွန်းဟိန်ကျဲက–

"ဒီနေရာဟာ လိန်ကျပ်အန်းကုန်း တရားဟောတဲ့ နေရာများလား ခင်ဗျား.."



"ဟုတ်ပါတယ်၊ လိန်ကျပ်အန်းကုန်း တရားဟောတဲ့ နေရာပါ၊ ဘာကိစ္စများ ရှိပါလဲ.."

စွန်းဟိန်ကျဲကလက်အုပ်ချီပြီး...

"ကျေးဇူးပြုပြီး ကျွန်ုပ်ရောက်လာတဲ့အကြောင်း တဆိတ်လောက် ပြောပေးပါလားခင်ဗျား.."

ရသေ့က စူးစူးစိုက်စိုက်ကြည့်ပြီး–

"သင်က ဘယ်သူလဲ၊ ကျုပ်က လိန်ကျပ်အန်းကုန်းကို ဘာပြောလိုက်ရမှာလဲ၊ သင့်အမည်နဲ့ ရာထူးဌာနန္တရတော့ ပြောဦးမှပေါ့..."

စွန်းဟိန်ကျဲက–

"ကျွန်ုပ်ဟာ မဟာထန်နိုင်ငံက ထန်စန်းကျမ်းဆရာတော်ရဲ့ တပည့်ကြီး ဖြစ်ပါတယ်၊ တချို့ကတော့ ကျွန်ုပ်ကိုစကြဝဠာတန်ခိုးရှင်လို့ ခေါ်ကြပါတယ်၊ တချို့က စွန်းဝူခုံ... တချို့က စွန်းဟိန်ကျဲစသဖြင့် ခေါ်ကြတယ်၊ ကျွန်ုပ်ရဲ့အကြောင်းကို တန်ခိုးကြီးတဲ့သူ အချို့ သိကြပါတယ်"

ရသေ့က–

"အင်း... သင့်အကြောင်း ကြားဖူးပါရဲ့၊ မြတ်စွာဘုရားက တောင် ငါးလုံးနဲ့ဖိထားခဲ့သူ မဟုတ်လား၊ သင့်အကြောင်း ကတော့ တန်ခိုးကြီးတဲ့ သူမှမဟုတ်ပါဘူး၊ နတ်ပြည်၊ ငရဲပြည်နဲ့ သက်ဆိုင်နေသူ အားလုံးလိုလို သိကြပါရဲ့"

စွန်းဟိန်ကျဲက–

"အခုလည်း အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာပါတယ်၊ လိန်ကျပ်အန်းကုန်းနဲ့တွေ့ပါရစေ..."

ရသေ့က ရယ်မောလိုက်၏။

"သင့်ကိစ္စကို မပြောနိုင်ဘူးလား"

"ပြောနိုင်ပါတယ်၊ အချိန်ကုန်နေမှာစိုးလို့ မပြောတာပါ..၊ ဒီကိစ္စကို ရသေ့ကြီးသိလည်း ကိစ္စမရှိပါဘူး...၊ လိန်ကျပ်အန်းကုန်းကို ပြောရင် ရသေ့ကြီးလည်း ကြားမှာပါပဲ..."

"ကဲ..ကျွန်ုပ် ဘာကို ပြောလိုက်ရမယ် ဆိုတာကိုသာ တစ်ချက်တည်း ပြောပါ..."

"ထန်စန်းကျမ်းဆရာတော်ရဲ့ တပည့်စွန်းဝူခုံခေါ် စွန်းဟိန်ကျဲက တွေ့ချင်တယ်လို့ ပြောပေးပါခင်ဗျာ"

ရသေ့က ခေါင်းညိတ်၏။

"ကောင်းပြီ၊ ကျွန်ုပ် ပြောလိုက်ပါမယ်"

စွန်းဟိန်ကျဲသည် ကျောင်းအဝင်ဝတွင် ရပ်နေရာ ရသေ့က-

"သင်ဒီမှာပဲ ရပ်နေမှာလား..၊ အထဲကို ဝင်ထိုင်ပါလား"

"ကိစ္စမရှိပါဘူး၊ ကျွန်ုပ် ဒီနေရာမှာပဲ ရပ်နေပါမယ်"

"ဒါဖြင့်..ကျွန်ုပ် သွားအကြောင်းကြားလိုက်ဦးမယ်..."

"သွားပါ ရသေ့ကြီး သွားပါ"

ရသေ့သည် အတွင်းဆောင်သို့ ဝင်သွားလေ၏။ တစ်ခဏမျှကြာသောအခါ လိန်ကျပ်အန်းကုန်းသည် သူ၏တပည့်များနှင့် စွန်းဟိန်ကျဲအား လာရောက်ကြိုဆိုကြလေ၏။

စွန်းဟိန်ကျဲသည် ယခုအခါ အတော်ပင် လိမ္မာသွားချေပြီ။ လိန်ကျပ်အန်းကုန်းအား ဂါရဝပြုလိုက်လေ၏။

လိန်ကျပ်အန်းကုန်းသည် စွန်းဟိန်ကျဲအားသူ၏ကျောင်းထဲသို့ ခေါ်ဆောင်သွား၏။ စွန်းဟိန်ကျဲမှာ ဆရာဖြစ်သူအတွက် ပူပန်နေရသဖြင့် ကျောင်းကြီး၏အတွင်းပိုင်းအား မကြည့်မိချေ။ ကျောင်းကြီးသည် အလွန်ဆန်းပြား ခမ်းနားသည်။

လိန်ကျပ်အန်းကုန်းသည် စွန်းဟိန်ကျဲအား နေရာထိုင်ခင်းပေးပြီးနောက် ပြောလိုက်လေ၏။

"သင်လာတဲ့အကြောင်းကို ကျွန်ုပ်သိပြီးပါပြီ၊ သင်ပြောရန်မလိုတော့ပါ ...."

စွန်းဟိန်ကျဲက -

"ကျွန်ုပ်ရဲ့ဆရာကို လေဝါဂူကြီးရှင် ဘီလူးက ဖမ်းဆီးထားတဲ့အကြောင်းကို အန်းကုန်းက သိပြီးပြီ၊ ဟုတ်လား ...."

လိန်ကျပ်အန်းကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်ကမြတ်စွာဘုရားရဲ့ အမိန့်တော်အရ လေဝါဘီလူးကို နှိမ်နင်းဖို့ အသင့်ရှိနေပါပြီ၊ အမှန် ပြောရမယ်ဆိုရင် ဒီလေဝါဘီလူးကို ကျုပ်ကဖိုလေးလုံးတောင်မှာ ချုပ်နှောင်ထားတာပါ...."

စွန်းဟိန်ကျဲက -

"ဟင် .... ဒါဖြင့် သူဟာ ဘယ်လိုလုပ်ပြီး လေဝါတောင်ကို ရောက်နေရတာလဲ ....."



လိန်ကျပ်အန်းကုန်းက ရှင်းပြသည်။

"ကျုပ်တရားဟောနေတုန်း ဒီဘီလူးဟာ ကျုပ်ရဲ့ အနှောင်အဖွဲ့က လွတ်ထွက် ပြေးသွား တာပါပဲ၊ အခု သူဟာ အားလုံးကို ဒုက္ခပေးနေပြန်ပါပြီ"

သူကသက်ပြင်းချလိုက်၏။

"ဒါဟာ ကျုပ်အထိန်းအသိမ်းညံ့လို့ဖြစ်ရတာပါ၊ နို့မို့ဆိုရင် ဆရာတော်ဟာ သူ့လက်ထဲကို လုံးဝ မရောက်နိုင်ပါဘူး ...."

စွန်းဟိန်ကျဲက လက်အုပ်ချီလိုက်၏။

"အခု .... ကျွန်ုပ်ရဲ့ ဆရာဟာ သူ့ လက်ထဲ ရောက်နေပါပြီ၊ အသက်အန္တရာယ်လည်း စိုးရိမ်နေရပါပြီ၊ ဒါကြောင့် အန်းကုန်းက အမြန်ဆုံးလိုက်ပြီး ကယ်တင်ပေးဖို့ တောင်းပန်ပါတယ် ....."

လိန်ကျပ်အန်းကုန်းက -

"ဒီမှာ တစ်ညလောက်တော့ တည်းခိုပါဦးလား ...."

"မတည်းခိုတော့ပါဘူး၊ ကျွန်ုပ်ရဲ့ ဆရာအတွက် ကျွန်ုပ် စိတ်ပူနေလို့ပါ ...."

"ကောင်းပြီ၊ ဒါဖြင့် ကျွန်ုပ်ခုချက်ချင်းပဲ လိုက်ခဲ့ပါမယ် ...."

စွန်းဟိန်ကျဲသည် အလွန်တရာ ဝမ်းသာသွား၏။

"ကျေးဇူးတင်ပါတယ် အန်းကုန်း ...."

သူသည် တစ်စုံတစ်ခုအား သတိရလိုက်မိသည်။ ထို့ကြောင့် လိန်ကျပ်အန်းကုန်းအား မေးလိုက်မိ၏။

"လိန်ကျပ်အန်းကုန်း ကျွန်ုပ်တစ်ခုမေးပါရစေ ...."

"မေးပါ ... မေးပါ ....၊ ဘာမေးမလို့လဲ"

"လေဝါဘီလူးမှုတ်ထုတ်လိုက်တဲ့လေဟာ ဘယ်လေနဲ့မှမတူပါဘူး၊ အလွန် ပြင်းထန် ကြမ်းတမ်းပါတယ်၊ အန်းကုန်းက သူ့ကို နိုင်ပါ့မလား ....."

လိန်ကျပ်အန်းကုန်းက ပြုံးလိုက်၏။

"သင်က ကျွန်ုပ်အကြောင်းကို ဘာမျှမသိသေးဘဲကိုး ...."

"မှန်ပါတယ်၊ နာမည်တောင်မသိပါဘူး၊ ဘယ်မှာနေတယ်ဆိုတာလည်းမသိပါဘူး၊ ထိုက်ပေကျင်းစိန်အဘိုးအို ကူညီလိုက်လို့သာ ဒီနေရာကို ရောက်လာတာပါ"

"သင့်ကို ကျွန်ုပ် ပြောပြပါမယ်၊ မြတ်စွာဘုရား ဟာ ကျုပ်ကို လေငြိမ်တဲ့ ဆေးတစ်လုံး ပေးထားပါတယ်၊ နောက်ပြီး သူ့ကိုနှိမ်နင်းဖို့ နဂါးပျံ့ တောင်ဝှေးတစ်ချောင်းလည်း ပေးထားပါတယ်၊ ဒါကြောင့် လေဝါ ဘီလူးကို ကျွန်ုပ် ကောင်းကောင်းကြီး ဆုံးမနိုင်ပါတယ် ...."

ထိုစကားကိုကြားသောအခါမှ စွန်းဟိန်ကျဲသည် စိတ်ချလက်ချ ဖြစ်သွားသည်။

လိန်ကျပ်အန်းကုန်းနှင့် စွန်းဟိန်ကျဲတို့သည် လေဝါတောင်သို့ တိမ်တိုက်စီးကာ ပျံသန်းသွားကြလေတော့၏။

မကြာမီ လေဝါတောင်ထွတ်ကို မြင်နေရသည်။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၆၂)

## ဆရာတော်လွတ်မြောက်ခြင်း

လိန်ကျပ်အန်းကုန်းက စွန်းဟိန်ကျဲကို မှာကြားသည်။

"ဒီဘီလူးဟာ ငါ့ကိုတွေ့ရင်ထွက်လာမှာမဟုတ်ဘူး၊ မထွက်တဲ့ အပြင် ထွက်ပြေးသွားရင် အင်မတန်မှ ဖမ်းရခက်လိမ့်မယ်၊ ဒါကြောင့် သင့်အနေနဲ့ သွားရောက်စိန်ခေါ်ပါ၊ သင်ဟာ သူ့ကို တစ်ကြိမ်တစ်ခါ ရှုံးနိမ့်ဖူးတဲ့အတွက် သူဟာ သင့်ကိုမြင်ရင် သူက နိုင်မယ်လို့ချည်းထင်ပြီး သင်နဲ့ယှဉ်ပြိုင်ဖို့ သူဟာအလွန်စိတ်ဝင်စားပေလိမ့်မယ်၊ ဒါကြောင့် သင် သူ့ကို သွားရောက်စိန်ခေါ်ရင် သူဟာ ဘယ်နေရာကိုဖြစ်ဖြစ် လိုက်မှာ အမှန် ပါပဲ၊ သူ့ကို ကျွန်ုပ်ရှိရာ မျှားခေါ်ခဲ့ပါ ...."

"ကောင်းပါပြီ"

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ်မှ ဆင်းလိုက်လေ၏။

သူသည် လေဝါလိုဏ်ဂူရှိရာသို့ ရောက်ရှိသွား၏။ သူသည် သံမဏိတုတ်ဖြင့် လိုဏ်ဂူတံခါးကို ခေါက်လေ၏။

"ဟေ့ ... ဘီလူး၊ ငါ့ဆရာကို သက်သက်မဲ့ ဖမ်းထားတဲ့ အတွက် ငါသင့်ခေါင်းကို ရိုက်ခွဲရမယ်၊ ခေါင်းကိုရိုက်ခွဲဖို့ ငါကသင့်ဆီလာရမှာလား၊ သင်ကငါ့ဆီလာမှာလား၊ ဒါပဲပြော ...."

တံခါးစောင့်ဘီလူးများသည် မျောက်မင်းကို မယှဉ်နိုင်မှန်းသိသဖြင့် ထိတ်ထိတ်ပျာပျာဖြင့် လိုဏ်ဂူထဲဝင်ပြေးကြလေ၏။

"သခင်ကြီး .... သခင်ကြီး"

"ဘာဖြစ်လို့ ထိတ်ထိတ်ပျာပျာနဲ့ ပြေးလာတာလဲ"

"အပြင်မှာ မျောက်စုတ်ရောက်လာပြန်ပါပြီ၊ ကျွန်တော်မျိုးတို့ရဲ့

လိုဏ်ဂူတံခါးကို ရိုက်ခွဲနေပါတယ်၊ သခင်ကြီး ကာကွယ်ဖို့ လုပ်ပါဦး"

ဘီလူးကြီးသည် သုံးခွမိုန်းကြီးကို လှမ်းဆွဲယူလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်လာလေတော့၏။

"မျောက်စုတ် .... သင်တစ်ခါခံရပြီးတာတောင် မမှတ်သေးဘူးနဲ့ တူတယ် ...."

"ဘာခံရလို့လဲ၊ ကျွန်ုပ်ဟာဘာကိုမှ ဂရုမစိုက်ဘူး၊ စကြဝဠာတန်ခိုးရှင်ဆိုတာ ကျွန်ုပ်ပဲ ...."

"ကြီးကျယ်တဲ့ မျောက်စုတ် ...."

လေဝါဘီလူးသည် စွန်းဟိန်ကျဲအား သူ၏သုံးခွမိုန်းဖြင့် တိုက်ခိုက်လေတော့၏။

စွန်းဟိန်ကျဲသည် သံမဏိတုတ်ဖြင့် တိုက်ခိုက်သည်။

"ဝှီး .... ဝှီး .... ဝှီး ...."

"ဒေါင် ...."

"ဝွမ် ...."

သုံးခွမိုန်းသည် အလွန်လျင်မြန်သည်။ စွန်းဟိန်ကျဲအား အဘက်ဘက်မှထိုးနှက်တိုက်ခိုက်သည်။

စွန်းဟိန်ကျဲသည် သံမဏိတုတ်ဖြင့် ခုခံရလေ၏။ စွန်းဟိန်ကျဲသည် လက်နက်ချင်းယှဉ်ပြိုင်ရမည်ကို မကြောက်ချေ။ လက်နက်ချင်းယှဉ်ပြိုင်လျှင်လည်း သူအသာရသည်ကိုသိသည်။

သို့သော် .... ယခုတော့ သူက အပေါ်စီးမှ မတိုက်ချေ။ အကယ်၍ သူကအပေါ်စီးမှနေ၍ တိုက်ခိုက်ပါက ဘီလူးကြီးသည် လေနှင့်မှုတ်ထုတ်ရန် ကြိုးစားပေတော့မည်။ ထို့ကြောင့် စွန်းဟိန်ကျဲသည် ဘီလူးကြီး လေနှင့်မမှုတ်ထုတ်နိုင်ရန် အလျှော့ပေးရင်း တဖြည်းဖြည်းနောက်ဆုတ် လာလေ၏။

စွန်းဟိန်ကျဲ၏ လုပ်ရပ်မှာ အောင်မြင်သည်။ လေဝါဘီလူးသည် စွန်းဟိန်ကျဲကြောက်၍ နောက်ဆုတ်နေသည်ဟုမြင်လာပြီး သုံးခွမိုန်းဖြင့် အဆက်မပြတ် တိုက်ခိုက်တော့သည်။

"သင် .... ကျွန်ုပ်၏ဆရာကို ထုတ်ပေးပေတော့"

"ဟား ... ဟား ... ဟား .... သင်ကများ ပြောင်းပြန်ပြောရတယ် ရှိသေးသလား၊ သင့်ဆရာပါမကဘူး၊ သင့်ကိုပါ ကျွန်ုပ် စားပစ်မယ်"



စွန်းဟိန်ကျဲသည် တဖြည်းဖြည်းနောက်ဆုတ်သွား၏။ လေဝါဘီလူးသည် စွန်းဟိန်ကျဲ၏ ကျော့ကွင်းကိုမမြင်ပေ။

စွန်းဟိန်ကျဲသည် နောက်ဆုတ်နောက်ဆုတ်ဖြင့် လိန်ကျပ်အန်းကုန်းစောင့်နေသော တိမ်တိုက်အောက်သို့ရောက်အောင်ဆုတ်သွားလေ၏။

"မျောက်စုတ် .... သင်တိုက်ပါတော့လား၊ ဘာကြောင့်ဆုတ်ပြေး နေရတာလဲ"

"သင်က တိုက်စေချင်ပြီလား"

"သင် အစွမ်းရှိသရွေ့ တိုက်လေ"

"ကဲ..ကျွန်ုပ် အစွမ်းရှိ့သရွေ့ တိုက်ပြီ"

စွန်းဟိန်ကျဲသည် သံမဏိတုတ်ဖြင့် အပြင်းအထန်ထိုးနှက်တိုက်ခိုက်လေတော့၏။

"ဒေါင်..."

"ဒုန်း..."

"ချွမ်း..."

သံမဏိတုတ်၏ ရိုက်ချက်မှာ ပြင်းထန်လှသဖြင့် လေဝါဘီလူး၏ လက်များကျဉ်တက်သွားသည်အထိ ခံစားလိုက်ရလေ၏။ စွန်းဟိန်ကျဲ၏ တိုက်ကွက်မှာ ပြင်းထန်လှသည်။

လေဝါဘီလူးသည် သူ့အခြေအနေ မဟန်မှန်း သိလိုက်လေပြီ၊ စွန်းဟိန်ကျဲသည် အဘယ်ကြောင့် နောက်ဆုတ်ပေးနေသည်ကို စဉ်းစား၍မရချေ။ နောက်ဆုံး သူသည် လေကို မှုတ်ထုတ်ရန် ပါးစပ် ဟလိုက်လေ၏။

ထိုအခါ တိမ်တိုက်ပေါ်၌ ရပ်နေသော လိန်ကျပ်အန်းကုန်းက အသင့်ပါလာသော နဂါးပျံတောင်ဝှေးဖြင့် လေဝါဘီလူးအား ပစ်ချလိုက်လေ၏။ နဂါးပျံတောင်ဝှေးသည် လေဝါဘီလူးအား မထိချေ။ မြေပြင်သို့ကျသွား၏။ ထိုအခါ ရွှေရောင် အတိပြီးသော နဂါးကြီး အသွင်သို့ကူးပြောင်းရောက်ရှိသွားသည်။

ထိုရွှေရောင်နဂါးမှာ ပေသုံးဆယ်ခန့်ရှည်လေ၏။

ထိုရွှေရောင်နဂါး၌ ခြေထောက်ရှစ်ချောင်းရှိ၏။

စွန်းဟိန်ကျဲနှင့်တိုက်ခိုက်နေသော လေဝါဘီလူးမှာ နဂါးကြီးကို တွေ့သောအခါ အလန့်တကြားဖြစ်သွားလေ၏။ သူသည် နဂါးကြီးအား

လွတ်အောင်ရှောင်ပြေးရန်အတွက် စွန်းဟိန်ကျဲကိုမတိုက်တော့ပေ။လေနှင့် မှုတ်ရန်လည်းသတိမရတော့ပေ။

နဂါးကြီးမှာ လေဝါဘီလူးကို အလွတ်မပေးတော့ဘဲ ဝိုင်းပတ် ထိန်းချုပ်ထားလေ၏။ သူသည် ပထမခြေနှစ်ချောင်းဖြင့် လေဝါဘီလူးကို ဖမ်း၏။

လေဝါဘီလူးသည် ကြောက်အား လန့်အားဖြင့် ရှောင်တိမ်း၏။ လွတ်သွား၏။

ထိုအခါ ဒုတိယခြေနှစ်ချောင်းဖြင့် ဖမ်းပြန်သည်။ သည် တစ်ကြိမ်တွင်တော့ လေဝါဘီလူး မလွတ်တော့ပေ။ နဂါးကြီးသည် လေဝါဘီလူးအား မြေပြင်သို့ ပေါက်ချလိုက်၏။ ထိုအခါ လေဝါတောင် ဘီလူး၊ လေဝါဂူကြီးရှင် ဘီလူးဟုအမည်တွင်သော ဘီလူးကြီးမှာ အဝါရောင် အမွေးအမှင်များရှိသော ပူးကြီးတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားသည်။

စွန်းဟိန်ကျဲသည် သံမဏိတုတ်ကို ကိုင်မြှောက်ကာပြေးဝင် လာ၏။ သူ့ဆရာအား ဖမ်းဆီးသောဘီလူးကို ရိုက်သတ်ချင်နေသည်။

"သူ့ကိုမသတ်နဲ့၊ ကျွန်ုပ်က သူ့ကို မြတ်စွာဘုရားထံ ပို့ပေးရ ဦးမယ်..."

လိန်ကျပ်အန်းကုန်းက ရှင်းလင်း ပြောပြ၏။

"အမှန်တော့ သူဟာ မြတ်စွာဘုရား တရားဟောနေတဲ့ တောင်ခြေရင်းက ပူးတစ်ကောင်ပါ၊တရားဟောတဲ့ ခန်းမရဲ့ မီးအိမ်ထဲက ဆီကို ခိုးသောက်လိုက်တဲ့အတွက် သူဟာ ဘီလူးကြီး ဖြစ်သွားပါတယ်၊ သူဟာ ဆီကို ခိုးသောက်မိတဲ့ အပြစ်ကိုလည်း သိလို့ မြတ်စွာဘုရားနဲ့ ဝေးရာ လေဝါတောင်ကိုလာပြီး ဘီလူးတစ်ကောင်အဖြစ် သောင်းကျန်း နေခဲ့တာပါပဲ၊အမှန်တော့ သူ့အပြစ်ဟာ ကြီးလေးတဲ့ အပြစ်မဟုတ်ပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားက သူ့ဆီ အရောက်ပို့ဖို့ မိန့်ကြားထားပါတယ်"

စွန်းဟိန်ကျဲက လက်အုပ်ချီ၍ ပြောလိုက်သည်။

"လိန်ကျပ်အန်းကုန်းရဲ့ သဘောအတိုင်းပါပဲ၊ သူ့ကိုကြိုက်သလို လုပ်နိုင်ပါတယ်၊ ကျွန်ုပ်ကတော့ ဆရာ့ကို ကယ်တင်နိုင်တဲ့အတွက် အန်းကုန်းကို အထူးပဲ ကျေးဇူးတင်ပါတယ်"

လိန်ကျပ်အန်းကုန်းသည် ခေါင်းညိတ်လေ၏။



ထို့နောက် အဝါရောင်ပူးကြီးကို ဖမ်းဆီးကာ တိမ်တိုက်စီး၍ ပြန်လေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

ကျူးပတ်ကိုင်သည် တောထဲ၌ ထိုင်ရင်း တွေးတော ငေးမောနေမိ၏။ ထိုစဉ် အသံတစ်သံ ကြားလိုက်ရသည်။

"ညီလေးကျူးပတ်ကိုင်... မြင်းကို ဆွဲခဲ့ပေတော့၊ အထုပ်ကို ထမ်းခဲ့ပေတော့..."

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲ၏အသံဖြစ်ကြောင်း မှတ်မိ သဖြင့် အထုပ်ကိုထမ်း၊ မြင်းကိုဆွဲ၍ ချက်ချင်းတောအုပ်ထဲမှ ထွက်လေ တော့၏။ တောအုပ်အစွန်တွင် စွန်းဟိန်ကျဲကို တွေ့ရလေ၏။

"အစ်ကိုကြီး...လိန်ကျပ်အန်းကုန်းကို တွေ့ခဲ့ရဲ့လား၊ ကိစ္စတွေ ကော အဆင်ပြေ ချောမောရဲ့လား"

စွန်းဟိန်ကျဲက ရယ်ရယ်မောမောဖြင့် ရှင်းပြလိုက်၏။

"ဟား...ဟား...ဟား....ဖြစ်ပုံကတော့ တကယ်ဆန်းကြယ်တယ် ဟေ့၊ လိန်ကျပ်အန်းကုန်းကိုတွေ့တယ်၊ ငါက အဖြစ်အပျက် ပြောပြပြီး တောင်းပန်တော့ သူဟာ ချက်ချင်းပဲ ငါနဲ့လိုက်လာခဲ့တယ်၊ ငါကလေဝါ ဘီလူးကို လိန်ကျပ်အန်းကုန်းဆီ ရောက်အောင်မျှားခေါ်ရတယ်၊ဟိုရောက် တော့ လိန်ကျပ်အန်းကုန်းက နဂါးပျံတောင်ဝှေးနဲ့ ပစ်လိုက်တယ်၊ ပေသုံး ဆယ်လောက်ရှိတဲ့ ရွှေရောင်နဂါးကြီး ဖြစ်သွားပြီး လေဝါဘီလူးကို ဖမ်းတယ်။ နောက်ပြီး မြေပြင်ကို ကိုင်ပေါက်တယ်၊ မယုံနိုင်စရာဘဲကွာ၊ ရွှေဝါရောင် ပူးကြီးအဖြစ် ပြောင်းလဲသွားတယ်ကွ၊ သူဟာ နဂိုက ပူးပဲတဲ့၊ မြတ်စွာဘုရား တရားဟောတဲ့အခန်းက မီးအိမ်ထဲက ဆီတွေကို သောက် ပြီး အခုလို ဘီလူးဖြစ်သွားတာတဲ့..."

"ဟုတ်လား၊ အဲဒီ ပူးကြီးဘယ်မှာလဲ"

"လိန်ကျပ်အန်းကုန်းက မြတ်စွာဘုရားထံ ခေါ်သွားလေရဲ့"

ကျူးပတ်ကိုင် ဝမ်းသာသွားသည်။

"ဒါဖြင့် ဆရာ့ကို သွားကယ်နိုင်ပြီပေါ့"

"သွားခေါ်နိုင်ပြီ ပြောစမ်းပါ"

"ကယ်ရမှာပါ၊ ဟိုမှာ ဘီလူးတွေ ရှိဦးမယ်၊ ဆရာကို အချုပ်ခန်းထဲက ကယ်ရမယ်၊ အဲဒါ ကယ်တာမဟုတ်လို့ ဘာဖြစ်မလဲ"

"အေး..ဟုတ်သားပဲ၊ သွားကြစို့"

သူတို့သည် လေဝါလိုဏ်ဂူသို့ ရောက်ရှိလာကြ၏။ သူတို့သည် တွေ့သမျှ ဘီလူးများကို ရိုက်သတ်ကြသည်။ ပြေးနိုင်သော ဘီလူးများ လွတ်မြောက်ကြပြီး မပြေးနိုင်သော ဘီလူးများ သေဆုံးကြသည်။

"မင်းတို့ကို အမျိုးပြုတ်အောင် သတ်မယ်"

ကျူးပတ်ကိုင်သည် လိုဏ်ဂူအနီးအနားပတ်လည်၌ ဘီလူးများကို ရှာသည်။ မတွေ့တော့မှ လက်လျှော့လိုက်သည်။ သူတို့သည် အခန်းတစ်ခန်းထဲမှ ထန်စန်းကျွမ်းဆရာတော်ကို ကယ်တင်ရလေ၏။

ဆရာတပည့် သုံးယောက်သည် ပျော်တပြုံးပြုံးဖြင့် လိုဏ်ဂူထဲမှ ထွက်လာကြလေ၏။ ဆရာတော်သည် တပည့်ကြီး၏ပခုံးပေါ်၌ ညာလက်တင်ပြီး တပည့်ငယ်၏ပခုံးပေါ်၌ ဘယ်လက်တင်လိုက်သည်။

"ဒါနဲ့... သင်တို့ ငါ့ကို ကယ်ဖို့ ဘယ်လောက်တောင် ကြိုးစားခဲ့ရသလဲ..."

စွန်းဟိန်ကျဲသည် အကျိုးအကြောင်းအားလုံးကို ရှင်းပြလိုက်ရသည်။

"ဩော်...ငါတပည့်တို့ အတော်ကြိုးစားလိုက်ရတာကိုး..."

ဆရာတော်သည် သူ့ တပည့်များ အတွက် ဂုဏ်ယူသော စိတ်ဖြစ်ပေါ်လာလေ၏။

ထို့နောက် ဆရာတော်သည် ကောင်းကင်သို့ လက်အုပ်ချီ၍ ရှိခိုးသည်။ မြတ်စွာဘုရားအား ရည်မှန်း၍ ရှိခိုးကန်တော့ခြင်း ဖြစ်သည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် ဆရာတော် ဆာလောင်နေသည်ကို သိရှိသဖြင့် သစ်သီးဝလံများဖြင့် ဆွမ်းကပ်ကြလေ၏။

ထို့နောက် သူတို့သည် အနောက်ခရီးစဉ်ကို ဆက်လက်ချီတက်သွားကြလေ၏။

ဆရာ တပည့် သုံးယောက်သည် မည်သည့် အန္တရာယ်များကို ရင်ဆိုင် တွေ့ကြုံရဦးမည်နည်း။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၆၃)

## သဲစီးမြစ်

ထန်စန်းကျွမ်းဆရာတော်နှင့် ဆရာတပည့်သုံးယောက်တို့သည် လေဝါဂူကြီးရှင် ဘီလူး၏အန္တရာယ်မှ လွတ်မြောက် လာပြီးနောက် အနောက်ဘက် ဒေသသို့ ခရီး ဆက်လက် ထွက်လာကြလေ၏။ ရက်အနည်းငယ်အတွင်း လီပေါင်းရှစ်ရာရှည်လျားသော ခရီးရှည်ကြီးကို ဖြတ်သန်းလာခဲ့ကြ၏။

ထိုလီပေါင်းရှစ်ရာမှာ ခရီးကြမ်းကြီးဖြစ်သည်။ တောတောင်လျှိုမြောင် စိမ့်စမ်းတို့ကို ဖြတ်ကျော်ခဲ့ရခြင်းဖြစ်သည်။

ထိုလီပေါင်းရှစ်ရာမှလွန်သောခရီးကား ရှေ့တွင်ကြမ်းတမ်းခြင်း မရှိတော့ဘဲ ညီညွတ်သော မြေပြင်အနေအထားဖြစ်လာသည်။

ရာသီဥတုကလည်း ဆောင်းဥတုဖြစ်နေသဖြင့် အေးချမ်းသော ကာလသို့ ရောက်ရှိနေသည်။

တစ်နေ့ သူတို့သည် ကျယ်ဝန်းရှည်လျားသော မြစ်တစ်ခု ရှေ့သို့ ဆိုက်ရောက်လာလေ၏။ မြစ်မှာ နုံးညံ့သောမြစ်မဟုတ်ချေ။ အလွန်ခက်ထန်ကြမ်းတမ်းသည်။ လှိုင်းတံပိုးများ ကြီးသည်။ ရေစီးကြမ်းတမ်းသည်။

ထန်စန်းကျွမ်းဆရာတော်သည် မြစ်ကိုကြည့်ပြီး စိတ်ညစ်သွားလေ၏။ သူ ကူးဖို့ အခက်အခဲ ရှိနေသည် မဟုတ်ပါလော။

"ရှေ့မှာ မြစ်ကြီးက ကြီးကျယ်လိုက်တာ .... ကူးတို့လှေတစ်စင်းမှလည်း မတွေ့ပါလား ....၊ ငါတို့ ကူးဖို့ ခက်ပြီ ...."

ကျူးပတ်ကိုင်က ဟိုဟိုဒီဒီ ကြည့်ပြီး -

"ဟုတ်တယ်ဆရာ .... ကူးတို့လှေ တစ်စင်းမှလည်းမရှိဘူး ...."

စွန်းဟိန်ကျဲသည် လေထဲသို့ ခုန်တက်ပြီး တစ်ဖက်ကမ်းသို့ လှမ်းကြည့်ပြန်၏။ ကူးတို့လှေ တစ်စင်းမှ မတွေ့ချေ။ လှိုင်းတံပိုးကြီးပြီး ရေစီးသန်သော မြစ်ကြီးဖြစ်၍ ဆရာတော် နည်းတူ သူလည်း စိတ်ညစ်သွားပြန်၏။

"ဒုက္ခပါပဲ၊ ငါတစ်ယောက်ထည်းဆိုရင် တစ်ဖက်ကမ်းကို ရောက်ဖို့ မခက်ပါဘူး၊ ဆရာပါနေတော့ ခက်နေတယ်"

သူသည်ညည်းညူလိုက်မိလေ၏။

ဆရာတော်က -

"မြစ်က ဘယ်လောက်ကျယ် သလဲ စွန်းဟိန်ကျဲ ...."

"အတော်ကျယ်ပါတယ် ဆရာ ...."

"ဘယ်လို ကူးနိုင်မှာလဲ တပည့်ရယ်"

"အခုလောလောဆယ်တော့ မကူးနိုင်ဘူးပေါ့ ဆရာ ... မကြာခင် ကူးနိုင်မယ့်လှေကို တွေ့ရကောင်း တွေ့ရပါလိမ့်မယ် ...."

သူတို့သည် မြစ်ကမ်းတစ်လျှောက် လျှောက်ကြလေ၏။ မြစ်ကမ်း တစ်နေရာ ရောက်သောအခါ ကျောက်ပြားတစ်ပြား စိုက်ထူထားသည်ကို တွေ့ရ၏။

ကျူးပတ်ကိုင်က ဝမ်းသာအားရ ခေါ်သည်။

"အစ်ကိုကြီး .... ဒီမှာ လာကြည့်စမ်း ...."

ဆရာတော်နှင့် စွန်းဟိန်ကျဲတို့ ရောက်ရှိလာကြ၏။

သူတို့သည် မြစ်ကမ်းနဘေး၌ စိုက်ထူထားသည့် ကျောက်ပြား တစ်ပြားကို တွေ့ရလေ၏။

"အစ်ကိုကြီး .... ဒါဟာ ဒီမြစ်ရဲ့ကမ္ပည်းပဲ"

ကျောက်ပြား၏ထိပ်တွင် စာလုံးကြီးဖြင့် -

"သဲစီးမြစ်"

ဟုရေးထားသည်ကို တွေ့လိုက်ရလေ၏။

အောက်၌ စာလုံး အသေးများဖြင့် ရေးသား ထားသည်ကိုလည်း တွေ့ရသည်။

"အကျယ်အဝန်း လီရှစ်ဆယ် ...."

"ရေအနက် .... ပေ သုံးထောင်"



"ရှန်းမွှေးပင် ရေမပေါ် .... ဗေဒါပင် ရေအောက်ဝင်"

ဆရာတပည့်သုံးယောက်သည် ကျောက်ပြားပေါ်မှစာကို ဖတ်နေကြစဉ် ဗွမ်းခနဲအသံကြီး ပေါ်လာသဖြင့် နောက်သို့ လှည့်ကြည့်မိကြသည်။

မြစ်ရေအောက်မှ ဘီလူးကြီးတစ်ကောင် ရေကိုခွဲ၍ တိုးထွက်လာလေ၏။ အလွန် အရုပ်ဆိုးသော ဘီလူးကြီး ဖြစ်သည်။ ဆရာ တပည့် သုံးယောက် လှည့်ကြည့်သောအခါ ဘီလူးတစ်ကောင်ဖြစ်ကြောင်းတွေ့ရှိကြရသည်။

ထိုဘီလူးသည် နီရဲ ရှုပ်ပွသောဆံပင်။

မီးပုံးအိမ်ကဲ့သို့ မျက်လုံး နှစ်လုံး ....။

ခပ်ပြားပြား မျက်နှာ။

ဗုံထုသံကဲ့သို့သော အသံ။

ထိုသို့ ဆိုးရွားသော အသွင် အပြင် သဏ္ဌာန် ရှိလေ၏။ သူသည် အဖြူရောင် နှယ်ပင်တစ်ပင်ကို ခါး၌ ပတ်ထားပြီး အဝါရောင် အင်္ကျီကို ဝတ်ဆင်ထားသည်။ သူသည် တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။ သူသည် ကမ်းပေါ်သို့ တက်လာလေ၏။

စွန်းဟိန်ကျဲသည် ဆရာတော်ကို မြင်းပေါ်မှချပြီး တောင်ကုန်း တစ်ခုပေါ် ခေါ်ဆောင်သွားလေ၏။

ကျူးပတ်ကိုင်သည် ဘီလူးကြီးအား ထွန်ခြစ်ဖြင့် ဆီးတားလိုက်၏။

ဘီလူးကြီးသည် ကျူးပတ်ကိုင်အား တောင်ဝှေးဖြင့်ရိုက်ချရာ ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့် ခုခံလိုက်၏။

"ချွမ်း ...."

ဘီလူးကြီး၏ တောင်ဝှေးထိပ်တွင် သံကွင်းကလေးများ ပါသဖြင့် အသံ မြည်သွားခြင်း ဖြစ်သည်။ ထို့နောက် ဘီလူးကြီးနှင့် ကျူးပတ်ကိုင် တို့ သဲသဲမဲမဲ တိုက်ခိုက် ကြလေတော့၏။ သူတို့၏ တိုက်ပွဲမှာ ပြင်းထန်လှသည်။ တိုက်ကွက်ပေါင်း နှစ်ဆယ် ကျော်လာသော်လည်း မည်သူမျှ အသာစီး မရကြချေ။

စွန်းဟိန်ကျဲသည် ဘီလူးကြီးအား ကျူးပတ်ကိုင်က အနိုင်မရသေးသည်ကို အားမလိုအားမရ ကြည့်နေ၏။ သူသည် မရိုးမရွ ဖြစ်လာသည်။

သူသည် ဆရာတော်အား လှည့်၍ လျှောက်လိုက်၏။

"ဆရာ ....ဒီမှာ ခဏထိုင်တော်မူပါ၊တပည့်တော် ကျူးပတ်ကိုင်ကိုသွားရောက် အကူအညီ ပေးလိုက်ပါဦးမယ် ...."

စွန်းဟိန်ကျဲသည် သံမဏိတုတ်ကိုကိုင်၍ပြေးသွားလေ၏။

ဘီလူးကြီးသည် စွန်းဟိန်ကျဲ ပြေးလာသည်ကို မြင်သောအခါ ကျူးပတ်ကိုင်ဘက်မှ ဝင်ကူမည့်သူဟု သိလိုက်၏။ နှစ်ယောက်တစ်ယောက်ဆိုလျှင် သူမည်သို့မျှ မနိုင်နိုင်ချေ။ သူသည် မြစ်ရေထဲသို့ ခုန်ဆင်းပြေး သွားလေ၏။

"ဗွမ်း ...."

ရေစက် ရေပေါက်များ ဂယက် ထသွားသည်။ စွန်းဟိန်ကျဲမှာ သံမဏိတုတ်ကို အသုံးမပြုလိုက်ရချေ။ ဘီလူးကြီးမှာ ရေအောက်သို့ တိုးဝင်သွားပြီဖြစ်လေ၏။

ကျူးပတ်ကိုင်က အပြစ်တင်လိုက်၏။

"အစ်ကိုကြီးက ဘာဖြစ်လို့ ပြေးဝင်လာရတာလဲ "

"ညီလေးက သူ့ကို မနိုင်မှ မနိုင်ဘဲဥစ္စာ ...."

"နိုင်မှာပေါ့ သူက အားပျော့လာပါပြီ၊ နောက်ထပ်တိုက်ကွက်ဆယ်ကွက်လောက်ဆိုရင် သူရှုံးတော့မယ် အစ်ကိုကြီး ပြေးလာတာမြင်တော့ သူ့ကိုဝင်တိုက်မှာ သိတာပေါ့၊ ဒီတော့ သူဆုတ်ပြေးရော ....၊တောက် .... ပွဲပြီးတဲ့အထိ လက်တည့်မစမ်းလိုက်ရတာ တော်တော်နာတယ်ဗျာ ...."

စွန်းဟိန်ကျဲက -

"ငါလည်းသံတုတ်ကို ထုတ် မသုံးရတာ ကြာတော့ထုတ်သုံးချင်လာတယ်၊ ဒါကြောင့် ပြေးလာမိတာပါ၊ သူထွက်ပြေးသွားတော့ သံတုတ်အလကား ဖြစ်သွားတာပေါ့ကွာ ...."

သူတို့နှစ်ယောက်သည် ဆရာတော်ထံ ပြန်လျှောက်လာကြ၏။

ဆရာတော်က -

"ဘီလူးနဲ့ မတိုက်လိုက်ရဘူးလား ...."

စွန်းဟိန်ကျဲက -

"ဘီလူးက အင်မတန် ကြောက်တတ်တဲ့ဘီလူးပါ၊ တပည့်တော်လည်းပြေးသွားရော ရေထဲ ခုန်ချသွားတာပဲ ...."



ဆရာတော်က -

"ဒီဘီလူးက ရေထဲမှာ နေတာ ကြာခဲ့ပြီနဲ့ တူတယ်၊ သူဟာဒီမြစ်ရဲ့ အတိမ်အနက်ကို ကောင်းကောင်းသိမယ်၊ အင်း .... ကူးတို့လှေလည်းဘယ်ရှိပါ့မလဲ၊ ဒီမြစ်မှာ ဘီလူးတစ်ကောင်ရှိနေမှတော့ ဘယ်သူကနေရဲပါတော့မလဲ"

စွန်းဟိန်ကျဲက -

"ဒီဘီလူးကိုဖမ်းပြီး ဆရာတော်ကို ဟိုဘက်ကမ်းကို ပို့ခိုင်းမယ်လို့ ထင်ထားတာ အခုတော့ အလကားဖြစ်ရတယ် ...."

ကျူးပတ်ကိုင်က အကြံပေးသည်။

"ဒါဖြင့်ဒီဘီလူးကို ဖမ်းနိုင်အောင် ညီလေးအကြံပေးမယ် ....၊ ညီလေး .... ရေအောက်ကို သွားမယ်၊ သူ့နဲ့တိုက်မယ်၊ အရှုံးပေးဟန်ဆောင်ပြီး ညီလေး နောက်ဆုတ်လာမယ်၊ ကုန်းပေါ်အထိ လိုက်တိုက်မှာသေချာတယ်၊ အဲဒီတော့ အစ်ကိုကြီး ဝိုင်းဖမ်းပေါ့ ...."

စွန်းဟိန်ကျဲက -

"ဒီအကြံ ကောင်းတယ်"

ကျူးပတ်ကိုင်သည် ထွန်ခြစ်ကို ကိုင်ဆွဲကာ ရေထဲသို့ခုန်ချသွားလေ၏။

ဘီလူးကြီးသည် ကျူးပတ်ကိုင် ဆင်းလာသည်ကို တွေ့သောအခါ ဒေါသအမျက်ချောင်းချောင်း ထွက်သွားတော့သည်။ သူ၏ တောင်ဝှေးဖြင့် ကျူးပတ်ကိုင်အား တိုက်ခိုက်တော့သည်။ ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့် ပြန်လှန်ခုခံလေ၏။

ကျူးပတ်ကိုင်က -

"မင်း .... ဘယ်လို ဘီလူးလဲ၊ ငါတို့သွားမယ့်ခရီးကို ဘာဖြစ်လို့လာပြီး တားဆီးရတာလဲ"

"ကျွန်ုပ် ဘီလူး မဟုတ်ပါဘူး"

"ဘီလူး မဟုတ်ရင် ဘာလဲ"

"ကျွန်ုပ်က .... နတ်မင်းကြီးရဲ့ တိမ်တိုက်နန်းတော်မှာ ယင်းကာလိပ်တဲ့ တာဝန်ကိုယူရတဲ့ နတ်စစ်သည်တော် ဗိုလ်မှူးဖြစ်တယ်၊ တစ်နေ့မှာ ကျုပ်ကြောင့် ပုလင်းတစ်လုံး ကျကွဲတဲ့အတွက် ကျွန်ုပ် သေဒဏ်အပေးခံရတယ်၊ ကံကောင်းပြီး ခြေဗလာနတ်မင်းက လာတောင်းပန်ပေး

တဲ့အတွက် သေဒဏ်က လွတ်ပြီး သဲစီးမြစ်မှာ အပြစ်ဒဏ် ခံနေရတဲ့သူ ဖြစ်တယ်၊ ကျွန်ုပ်ဟာ ဒီမြစ်မှာလာပြီး ကူးသန်းနေတဲ့လူတွေကို ဖမ်းပြီး စားသောက်နေရတယ်"

"အသုံးမကျတဲ့ ကောင် .... စားရမယ့်လူ ....ရှောင်ရမယ့် လူကို သိပါလား၊ အခုတော့ရှောင်ရမယ့် လူတွေကို မင်းစားချင်တော့ အတိုက် ခံရပြီ မဟုတ်လား ...."

ဘီလူးနှင့် ကျူးပတ်ကိုင်သည် သူတပြန်ကိုယ်တပြန် တိုက်ခိုက် ကြလေ၏။ လက်ရည်တူညီနေသည်။ သို့သော် .... ကျူးပတ်ကိုင်သည် မသိမသာအရှုံးပေးပြီး ကုန်းပေါ်သို့တက်လာသည်။ နောက်မှဘီလူးသည် ထက်ကြပ်မကွာ လိုက်လာသည်။

စွန်းဟိန်ကျဲသည် ဘီလူး တက်အလာကို စောင့်နေသည် ဖြစ်ရာ ဘီလူး တက်လာသည်နှင့် ခေါင်းပေါ်သို့ သံမဏိတုတ်ဖြင့် မိုး၍ရိုက်ချ လိုက်၏။

"ဒေါင် ...."

"ဒုံး ...."

ဘီလူးသည် သူ၏တောင်ဝှေးဖြင့် ဆီးခံပေးလိုက်၏။ တောင်ဝှေး လွတ်ကျမတတ်ဖြစ်သွားသည်။ သူသည် နှစ်ယောက်တစ်ယောက်ဖြစ်ပြန် သည်ကို သိရှိသဖြင့် ရေထဲသို့ ပြန်လည်ခုန်ဆင်းသွားပြန်၏။

"အစ်ကိုကြီးဟာ တကယ်စိတ်စောတဲ့လူပဲ .... ကုန်းပေါ်အတော် ဝေးတဲ့အထိ စောင့်ပါလား၊ ကမ်းနဖူးမှာ သူ့ကို တိုက်ခိုက်တော့ သူ့အဖို့ ရေထဲ ခုန်ချရတာ လွယ်သွားတာပေါ့ ...."

"ကဲပါကွာ၊ စကားမများပါနဲ့တော့ ဆရာ့ဆီသွားကြရအောင်"

သူတို့သည် ဆရာတော်ဆီ တစ်ဖန်ပြန်သွားကြပြန်လေ၏။

"ဘယ့်နှယ်လဲ ဘီလူးကို အနိုင်မရလိုက်ကြပြန်ဘူး မဟုတ်လား"

ကျူးပတ်ကိုင်က စိတ်ပျက်လက်ပျက် ပြောသည်။

"တပည့်တော် ကုန်းပေါ်အထိ မျှားခေါ်လာပါတယ်၊ အတွင်းပိုင်း ရောက်တဲ့အထိ စောင့်ပေါ့၊ အခုတော့ ကမ်းနဖူးမှာတင် အစ်ကိုကြီးက တိုက်ခိုက်လို့ ရေထဲခုန်ချပြီး ပြန်ပြေးသွားပြန်ပြီ"

ဆရာတော်ကမူ စွန်းဟိန်ကျဲကို အပြစ်မပြောပါ။

"ကဲ .... ဒါဖြင့် ဘယ်လို ဆက်လုပ်ကြမလဲ"



စွန်းဟိန်ကျဲက -

"စိတ်မပူပါနဲ့ဆရာ .... ဒီကိစ္စကို ဖြည်းဖြည်းစဉ်းစားကြတာပေါ့ အခုတော့ ဒီဘက် ကမ်းခြေမှာပဲ အနား ယူလိုက်ပါဦး၊ ဆရာ့ အတွက် ဆွမ်းခံ ထွက်လိုက်ပါဦးမယ်"

ကျူးပတ်ကိုင်က -

"ကောင်းတယ် အစ်ကိုကြီး .... ညီလေးလည်း ဗိုက်ဆာနေပြီ ...."

စွန်းဟိန်ကျဲသည် တိမ်တိုက်ပေါ် ခုန်တက်သွားသည်၊ ခဏမျှ ကြာသောအခါ ဆွမ်းခံပြန်ရောက်လာသည်။

ဆရာတော်က -

"ဟိန်ကျဲ .... သင်ဆွမ်းခံသွားရင်း ဒီမြစ်ကို ဘယ်လိုဖြတ်ကူးရ မယ်ဆိုတာ မမေးခဲ့ဖူးလား၊ သူတို့ ဒီအနီးအနားမှာ နေတယ်ဆိုရင် ဒီမြစ် ကို ဖြတ်ကူးနိုင်မှာပေါ့"

စွန်းဟိန်ကျဲက ရယ်မောလိုက်သည်။

"ဆရာရယ် .... တပည့်တော် ဆွမ်းခံတာဟာ ဒီအနီးနားမှာ မဟုတ်ပါဘူး၊ ဆွမ်းခံခဲ့တဲ့ နေရာဟာ ဒီမြစ်နဲ့ အတော်ဝေးပါတယ် ....၊ သူတို့ဟာ ဒီမြစ်အကြောင်း ဘာမှ မသိကြပါဘူး"

ဆရာတော်သည် ဆိတ်ဆိတ်နေလေတော့၏။

စွန်းဟိန်ကျဲက ဆက်ပြောသည်။

"တကယ်တော့ ငါဟာ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင် နိုင်ပါတယ်၊ ပင့်ဆောင်နိုင်စွမ်းရှိပါတယ် ....၊ ဒါပေမယ့် ဟိုကပိဋကတ် သုံးပုံကို ပေးလိုက်မှာ မဟုတ်ပါဘူး ...."

ကျူးပတ်ကိုင်က -

"ဘာဖြစ်လို့လဲ"

"မြတ်စွာဘုရားဟာ ပိဋကတ်သုံးပုံကို ပင့်ဆောင်ခိုင်းတယ်ဆို တာ တကယ်ဖွဲ့ရှိတယ်၊ ဒုက္ခအဆင်းရဲခံနိုင်တယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးကို ခိုင်းစေလိုက်တာပါ ....၊ ဒါမှ လူတွေဟာ ဒီပိဋကတ်သုံးပုံကို တန်ဖိုးထား ကြမယ်မဟုတ်လား ...."

"အစ်ကိုကြီး ပြောသလို ဆိုရင် မြတ်စွာဘုရားရဲ့ ပိဋကတ် သုံးပုံကို အသက်စွန့်ပြီး ခက်ခက်ခဲခဲ ပင့်ဆောင်မှ လူတွေက လေးစား ရိုသေကြမယ် ဆိုပါတော့"

"ဟုတ်တယ် ဒီအတိုင်းပဲ"

"အဲဒါ ဘာဖြစ်လို့လဲ"

"ပိဋကတ်သုံးပုံကို ဒီလို အသက်စွန့်ပြီး ပင့်ဆောင်မှ ခက်ခက်ခဲခဲ ပင့်ဆောင်ရတဲ့ ပိဋကတ်ကျမ်းတော်တွေကို အားလုံးက ကိုးကွယ်ကြမယ်၊ ကြည်ညိုကြမယ်၊ ဆည်းကပ်ကြမယ် ....၊ ဒီလို ကြည်ညိုကိုးကွယ်တာနဲ့ တစ်ပြိုင်နက် ပုထုဇဉ်လူသားတွေဟာ အဆိုးအကောင်းကို ခွဲခြားသိပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို အားလုံး သဘောပေါက်သွားကြမှာပါ"

ကျူးပတ်ကိုင်သည် ထိုအခါမှ ဆရာတော် ပင့်ဆောင်ရသည့် သဘောတရားကို နားလည် သွားတော့သည်။

စွန်းဟိန်ကျဲက ဆက်ပြောလေ၏။

"ဒါကြောင့် ညီလေးနဲ့ ငါဟာ ဆရာတော်ကို ပိဋကတ်သုံးပုံ ပင့်ဆောင်နိုင်အောင်၊ ဘေးမသီ ရန်မခ ဖြစ်အောင် လိုက်ပါ စောင့်ရှောက်ဖို့ တာဝန်ယူကြရတာပေါ့ ...."

ကျူးပတ်ကိုင်သည် ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေလေ၏။

ထိုည၌ ဆရာတော်သည် သစ်သီးဆွမ်းများကိုစားပြီး တစ်ညတာ နားခိုရလေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၆၄)

## တပည့်သုံးယောက်

နံက်တွင် ဆရာတော်သည် ကျိန်းစက်ရာမှ အစောကြီးထလေ၏။ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့လည်း ထကြရသည်။

"ဟိန်ကျဲ .... ငါတို့ ဘာဆက်လုပ်ကြမလဲ"

စွန်းဟိန်ကျဲ (ခေါ်) စွန်းဝူခုံးက–

"ဘာမှ မကြံရသေးပါဘူးဆရာ .... ကျူးပတ်ကိုင်ကိုပဲ ရေထဲဆင်းခိုင်းရမှာပဲ ...."

ကျူးပတ်ကိုင် အံ့သြသွား၏။

"အစ်ကိုကြီးက ကျုပ်ကိုရေထဲဆင်းခိုင်းပြီး ဘာလုပ်ခိုင်းမလို့လဲ"

စွန်းဟိန်ကျဲက –

"မင်းရေထဲဆင်းပြီးတိုက်ခိုက်ပါ၊ ဘီလူးကိုငါ့ဆီမျှားခေါ်ခဲ့ပါဦး"

"ဟာ .... မနေ့ကပဲ မျှားခေါ်ခဲ့ပါတယ်၊ ဒီနေ့ မျှားခေါ်လို့ ရမှာမဟုတ်တော့ဘူး ...."

"ရပါတယ်ကွာ၊ မင်း .... မသိမသာ အလျှော့ပေးပါ၊ ငါအတွင်းပိုင်း ရောက်တဲ့အထိ စိတ်ရှည်လက်ရှည် စောင့်ပါမယ် ...."

"ဒီတစ်ခါတော့ အစ်ကိုကြီး မလောနဲ့၊ ကျုပ် နောက်တစ်ခေါက်ဆိုရင်တော့ မဆင်းတော့ဘူးဗျ"

"အေးပါကွာ၊ အေးပါ"

ကျူးပတ်ကိုင်သည် ထွန်ခြစ်ကို ကိုင်လျက် ရေထဲသို့ ခုန်ဆင်းသွားလေ၏။ သူသည် ထွန်ခြစ်ကို ရေထဲ၌ဝှေ့ယမ်းလိုက်၏။ ထိုအခါ ရေများသည် လှိုင်းတံပိုး ထသွားလေ၏။

ရေသံ ကြားလိုက်ရသော အခါ ဘီလူးကြီးသည် အိပ်ရာမှ လန့်နိုး

လာသည်။ သူသည် အပြင် ထွက်ကြည့်လိုက်သောအခါ ကျူးပတ်ကိုင် ဖြစ်နေသည်ကို တွေ့ရသည်။

ဘီလူးကြီးက သူ၏ တောင်ဝှေးဖြင့် တားလိုက်၏။

"ရပ်စမ်း၊ သင် ဘယ်လို ဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီနေရာကို လာတိုက်နေရတာလဲ ...."

ကျူးပတ်ကိုင်က -

"ကဲ .... ဘီလူးမင်း .... သတ္တိရှိရင် မင်းနဲ့ငါနဲ့ သူသေကိုယ်သေ တိုက်ကြတာပေါ့ ...."

ဘီလူးကြီးက ရယ်လိုက်၏။

"သင် .... ကျွန်ုပ်ကိုမနိုင်ဘဲနဲ့ လာတိုက်နေတယ်၊ သင့်နေရာသင် ပြန်စမ်းပါ"

ကျူးပတ်ကိုင်သည် ထွန်ခြစ်ဖြင့် စတင် တိုက်ခိုက်လေတော့၏။

သူတို့သည် ယခင်ကအတိုင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြပြန်သည်။ သူတို့သည် ရေအောက်၌ တိုက်ခိုက်နေရာမှ ရေပေါ်သို့ ရောက်ရှိလာကြ၏။ ကျူးပတ်ကိုင်သည် တဖြည်းဖြည်း အလျှော့ပေးပြီး ကုန်းပေါ်သို့ ပြေးတက်သွားသည်။

ဘီလူးကြီးသည် ကမ်းစပ်အထိ လိုက်လာသော်လည်း ကုန်းပေါ် အထိ တက်မလိုက်တော့ချေ။

ကျူးပတ်ကိုင်က လှည့်၍ စိန်ခေါ်လိုက်၏။

"မင်း .... သတ္တိရှိရင် ကုန်းပေါ်တက်ခဲ့ပါ"

ဘီလူးကြီးက ခေါင်းခါ၏။ သူသည် တစ်ခါသေဖူး ပျဉ်ဖိုး နားလည်သွားချေပြီ။

"ကျွန်ုပ် ကုန်းပေါ် မတက်တော့ဘူး ...."

"သင် ကြောက်နေပြီပေါ့"

"ကျွန်ုပ် ဘာကို ကြောက်ရမှာလဲ"

"ဒါဖြင့် အပေါ်တက်ခဲ့ပါ ....၊ ငါတို့ သူသေကိုယ်သေ ယှဉ်ပြိုင်ကြတာပေါ့ ...."

ဘီလူးကြီးက ရယ်လိုက်၏။

'ကျွန်ုပ်ကုန်းပေါ်တက်ရင်သင့်ဘက်က စစ်ကူရောက်လာဦးတော့မှာပါ ....၊ သင်သတ္တိရှိရင် ရေထဲဆင်းခဲ့ပါ"



ဘီလူးကြီးသည် ကုန်းပေါ်သို့ လုံးဝ မတက်တော့ပေ။ ကျူးပတ်ကိုင်သည် ကမ်းစပ်သို့ဆင်းပြီး တိုက်ခိုက်လေ၏။ စွန်းဟိန်ကျဲသည် ဘီလူးကြီးကို ကျူးပတ်ကိုင်က ကုန်းပေါ်ခေါ်နေရာ လုံးဝခေါ်၍ မရကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် သူသည် သံတုတ်ကိုဆွဲ၍ ကမ်းစပ်သို့ ဆင်းလေတော့၏။

စွန်းဟိန်ကျဲ ဆင်းလာသည်ကို မြင်သည်နှင့် ဘီလူးကြီးသည် ရေထဲသို့ ဗွမ်းခနဲ ခုန်ချကာ ထွက်ပြေးသွားလေတော့သည်။

စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့သည် ကုန်းပေါ်၌ရပ်ပြီး ရေပြင်ကိုစိတ်ပျက်လက်ပျက် ကြည့်မိကြလေ၏။

"ညီလေး .... ဒီဘီလူးဟာ အကင်းပါးသွားပြီကွ၊ လုံးဝ ကမ်းပေါ် မတက်တော့ဘူး ...."

"ခက်တာပဲဗျာ၊ ကျုပ်ကလည်းသူ့ကို မနိုင်နိုင်ဘူး၊ နိုင်အောင်ကို မတိုက်နိုင်ဘူး ...."

"ကဲ .... ကဲ .... ဆရာ့ဆီကို သွားကြစို့"

သူတို့သည် ဆရာတော်ထံ သွားကြလေ၏။

ဆရာတော်က ဆီးမေးသည်။

"ဘယ့်နယ်လဲ၊ ဘီလူးကို ယှဉ်ပြိုင်နိုင်ခဲ့ရဲ့လား"

စွန်းဟိန်ကျဲက ခေါင်းယမ်း၏။

"မိအောင် မဖမ်းနိုင်ပါဘူး ဆရာ ...."

ကျူးပတ်ကိုင်က -

"တပည့်တော် အစွမ်းကုန် တိုက်တာပါ .... ဒါပေမယ့် သူ့ကို မနိုင်ပါဘူး၊ ကုန်းပေါ်တက်လာရင် အစ်ကိုကြီး ဝင်ကူတိုက်မယ့် အကြံကို သူသိ နေပါတယ်၊ သူကုန်းပေါ်ကို မတက်တော့ဘူး ...."

ဆရာတော်သည် သက်ပြင်းချလေ၏။

"ဟင်း .... ဟိုဘက်ကမ်းကို ဘယ်တော့များမှ ရောက်နိုင်မှာလဲ.."

စွန်းဟိန်ကျဲက -

"စိတ်မညစ်ပါနဲ့ဆရာ .... တပည့်တော်တို့ ကြိုးစားပါဦးမယ်"

ဆရာတော်က -

"သူက ရေထဲမှာ တစ်ချိန်လုံး နေနေတာ ......၊ ကုန်းပေါ်ကို လုံးဝမတက်တော့ဘူး၊ သင်တို့ ဘယ်လိုမှ မလုပ်နိုင်တော့ဘူး ...."

စွန်းဟိန်ကျဲက

"အဲဒါတစ်ခုကောင်းတယ်၊ ဆရာ့အတွက် ရန်တစ်ခု ငြိမ်းသွားတာပေါ့၊ ဒီဘီလူး ရေပေါ်ကို လုံးဝမတက်ဝံ့တော့ ဆရာ့အတွက် စိတ်အေးရတာပေါ့ ...."

သူသည် ကျူးပတ်ကိုင်အား လှည့်ပြောလိုက်၏။

"မင်း .... ဒီမှာနေပြီး ဆရာ့ကို စောင့်ရှောက်လိုက်ပါ ....၊ ဘီလူးကြီးကို သွားပြီး စိန်မခေါ်နဲ့တော့ ...."

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး .... ဘယ်ကို သွားမလို့လဲ"

"ငါ .... တောင်ပင်လယ်ကို ခဏ သွားလိုက်ဦးမယ်"

"ဘာကိစ္စရှိလို့လဲ"

"ကွမ်းယင်မယ်တော်ဆီမှာ အကူအညီသွားတောင်းမလို့ ...."

"ကောင်းတယ်သွားပါ ...."

ဆရာတော်က –

"ဟိန်ကျဲ ... မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့ပါ ....."

"မှန်ပါ၊ တပည့်တော် မြန်မြန်ပြန်ခဲ့ပါမယ် ဘုရား"

နာရီဝက်ခန့်အကြာတွင် သူသည် တောင်ပင်လယ်ကျွန်းသို့ ရောက်ရှိခဲ့လေ၏။ သူသည် တိမ်တိုက်ကိုစီးလာခြင်းဖြစ်သည်။

တိမ်တိုက်ပေါ်မှ ဆင်းသောအခါ နတ်သား နှစ်ဆယ့်လေးပါးက ဆီးကြိုနေကြောင်း တွေ့ရလေ၏။

နတ်တစ်ပါးက –

"တန်ခိုးရှင် ဘယ်က ကြွလာတာပါလဲ"

စွန်းဟိန်ကျဲက –

"ကျွန်ုပ်ရဲ့ ဆရာမှာ အခက်အခဲ ကြုံနေလို့ ကွမ်ယင်မယ်တော်ဆီ အကြံဉာဏ်တောင်းဖို့ လာတာပါ ..."

နတ်တစ်ပါးသည် သူ့အား ကျောင်းထဲသို့ ခေါ်ဆောင်သွားလေ၏။

"ခဏထိုင်ပါ ....."

မကြာမီ နတ်သမီးတစ်ပါးထွက်လာပြီး စွန်းဟိန်ကျဲကိုခေါ်သည်။

"တန်ခိုးရှင် အထဲကိုကြွပါ ....."



စွန်းဟိန်ကျဲသည် နတ်သမီးခေါ်ဆောင်ရာသို့ လိုက်သွားရလေ၏။ ကွမ်ယင်မယ်တော်အား ကြာပလ္လင်ထက်၌ ထိုင်နေသည်ကို တွေ့မြင်ရသည်။

ကွမ်ယင်မယ်တော်က –

"သင့်ကို ထန်စန်းကျမ်းဆရာတော်ကို စောင့်ရှောက် ပို့ဆောင်ပါလို့ စေခိုင်းထားတယ်၊ အခု ဆရာတော်ကို လိုက်ပါမပို့ဆောင်ဘဲ ဘာကြောင့် ဒီကို ရောက်နေရတာလဲ"

စွန်းဟိန်ကျဲက –

"မယ်တော် ကျွန်ုပ်ရဲ့ဆရာဟာ လမ်းပေါ်မှာ တပည့်တစ်ယောက် ရလိုက်ပြန်ပါတယ်၊ သူ့ကို ဆရာက ကျူးပတ်ကိုင်လို့ နာမည်ပေးထားပါတယ်၊ သူ့ကို မယ်တော်က တရားဟောခဲ့တယ်လို့ ပြောပါတယ်"

ကွမ်ယင်မယ်တော်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ သူ့ကို ဂူလိန်လို့ နာမည်ပေးခဲ့တယ်"

စွန်းဟိန်ကျဲက –

"အခုဆိုရင် ကျွန်ုပ်တို့ ဆရာတပည့် သုံးယောက်ဟာ သဲစီးမြစ်ကို ရောက်နေပါတယ်၊ အဲဒီမြစ်မှာ ဘီလူးကြီးတစ်ကောင်နဲ့ တွေ့ပါတယ်၊ ကျွန်ုပ်တို့ဟာ သူနဲ့ သုံးကြိမ်သုံးခါတောင် တိုက်ခိုက်ခဲ့ပါတယ်၊ အနိုင်မရခဲ့ပါဘူး၊ ဒါကြောင့် ကွမ်ယင်မယ်တော်ဆီမှာ လာပြီး အကူအညီ တောင်းရတာပါ ....."

မယ်တော်က –

"သင်တို့ အပြောလိုအပ်နေပါတယ်၊ အဲဒီဘီလူးကို ပိဋကတ်တော်သုံးပုံ သွားရောက်ပင့်ဆောင်မယ့် ပုဂ္ဂိုလ်လို့ မပြောဘူးလား ....."

စွန်းဟိန်ကျဲက –

"ကျွန်ုပ်ကတော့ တစ်ဖက်ကမ်း ရောက်ဖို့ကိုပဲ စိတ်ရောက် နေလို့ မယ်တော် ပြောတာကို ပြောမပြမိပါဘူး၊ တကယ်တမ်း တိုက်တယ်ဆိုတာကလည်း ကျူးပတ်ကိုင်ပါ ....."

ကွမ်ယင်မယ်တော်က –

"အဲဒါ သင်တို့ လိုတာပဲ၊ သင်တို့ဟာ တွေ့သမျှ လူတွေကို သင်တို့ကို တားဆီးမယ့် လူချည်းထင်နေတယ်"

စွန်းဟိန်ကျဲက –

"အဲဒီလို လူတွေချည်း တွေ့နေရတာကိုး"

"သင် ..... ကျူးပတ်ကိုင်ကို တွေ့တုန်းကကော"

"ဒါကလည်း ပြောပြဖို့ အကြောင်းမှ မဆိုက်တာပဲ၊ ပြောပြဖို့ အကြောင်းဆိုက်တော့ ပြောပြမိတာပေါ့"

"သဲစီးမြစ်က ဘီလူးဟာ အမှန်တော့ ဘီလူးမဟုတ်ပါဘူး၊ နတ်မင်းကြီးရဲ့ နန်းတော်က ယင်းလိပ်ကို တာဝန်ယူရတဲ့ ဗိုလ်မှူးကလေး တစ်ဦး ဖြစ်ပါတယ်၊ နတ်စစ်သည်တော်တစ်ဦးပါ၊ သူ့ကို ကျွန်ုပ် တရားချပြီးပါပြီ၊ သင်တို့ကသာ ပိဋကတ်သုံးပုံကို ပင့်ဆောင်မယ့် သူတွေလို့ ပြောပြလိုက်ပါ၊ သူ... မုချ ကူညီပါလိမ့်မယ် ...."

စွန်းဟိန်ကျဲက –

"ခက်တာတစ်ချက် ရှိနေပါတယ်၊ ဘီလူးဟာ ကုန်းပေါ်ကို လုံးဝ မတက်ဝံ့တော့ပါဘူး၊ သူ့ကို ကျွန်ုပ်တို့က ညှပ်တိုက်တာကို သူကြောက်နေပါတယ်၊ အဲဒါသူ့ကို ဘယ်လို ပြောရပါ့မလဲ ....."

ကွမ်ယင်မယ်တော်က –

"ကောင်းပြီလေ၊ ကျွန်ုပ် ကူညီရမှာပေါ့၊ သင် ... သူတော်မုချားကို ခေါ်သွားပေတော့ ...."

သူတော်မုချားသည် မယ်တော်ကို ရှိခိုးနေလေ၏။

"မုချား .... သင့်ကို ကျွန်ုပ်ပြောမယ်"

"သေချာစွာ နားဆင်လျက်ပါမယ်တော်"

"ဒီရေဘူးကို သင်ယူသွားပါ၊ သင် စွန်းဝူခုံးနဲ့ လိုက်သွားပါ၊ သဲစီးမြစ်ကိုရောက်ရင် အဲဒီကမ်းစပ်ကနေ "ဝူကျိမ်း ... ဝူကျိမ်း" လို့ အော်လိုက်ပါ၊ အဲဒီအခါမှာ ရေအောက်က သူ ထွက်လာပါလိမ့်မယ်"

သူတော်မုချားသည် သေချာစွာ မှတ်သားလေ၏။

"သူထွက်လာတဲ့အခါ ထန်စန်းကျွမ်းဆရာတော်အကြောင်း ပြောပြလိုက်ပါ၊ ဆရာတော့်ဆီမှာ တပည့်ခံခိုင်းပြီး သူ့မှာရှိတဲ့ လူရိုးခေါင်းခွံတွေကို ကြိုးနဲ့သွယ်တန်းလိုက်ပါ၊ အဲဒီကြိုးတန်းအလယ်မှာ ဒီရေဘူးကို ထားပါ၊ အဲဒါတွေကို ရေပြင်ပေါ် ချလိုက်တာနဲ့ လှေတစ်စင်း ဖြစ်သွားလိမ့်မယ်၊ ထန်စန်းကျွမ်းဆရာတော်နဲ့ တပည့်နှစ်ယောက်ကို တစ်ဖက်ကမ်းကို အရောက်ပို့ပါ၊ သင့်တာဝန် အဲဒီမှာတင် ပြီးဆုံးပါပြီ"

"အမိန့်အတိုင်း ဆောင်ရွက်ခဲ့ပါမယ်၊ မယ်တော်"



သူတော်မုချားသည် ကွမ်ယင်မယ်တော်အား ပျပ်ဝပ်စွာ ရှိခိုးလေ၏။

"ကဲ ... သင်တို့သွားကြပေတော့"

စွန်းဟိန်ကျဲတို့သည် တောင်ပင်လယ်ကျွန်းမှ သဲစီးမြစ်သို့ တိမ်တိုက်စီးကာ ထွက်ခွာသွားကြလေတော့၏။ မကြာမီ သူတို့သည် သဲစီးမြစ်ပေါ်သို့ ရောက်ရှိလာကြ၏။ ထို့နောက် သူတို့သည် ဆရာတော်ထံ ဆင်းပြီး ဦးခိုက် ရှိခိုးကြလေသည်။

ကျူးပတ်ကိုင်က သူတော်မုချားအား မှတ်မိသည်။

"သူတော်မုချားပါလား ...."

ထန်စန်းကျွမ်းဆရာတော်က ထရပ်၍ ကြိုဆိုလိုက်၏။

"ဒကာ .... ကွမ်ယင်မယ်တော် မပါဘူးလား"

"မပါပါဘူးဘုရား၊ တပည့်တော်ကို ကိစ္စတွေ ဖြေရှင်းဖို့ စေလွှတ်လိုက်ပါတယ် ....."

"ကောင်းတယ် ၊ ကောင်းတယ်"

သူတော်မုချားသည် ကျူးပတ်ကိုင်ဘက်သို့ လှည့်၏။

"ဝူလိန် ... အဆင်ပြေရဲ့လား ...."

ကျူးပတ်ကိုင်က –

"အဆင်ပြေပါတယ်၊ အခု ကျွန်ုပ်ဟာ ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့် ဖြစ်နေပါပြီ၊ ကွမ်ယင်မယ်တော်ကို တင်လျှောက်ပေးပါ ....."

သူတော်မုချားက ပြုံးရယ်၍ ပြောသည်။

"သင့်ရဲ့အစ်ကိုကြီး စွန်းဝူခုံးက ကွမ်ယင်မယ်တော်ကို လျှောက်တင်ပြီးပါပြီ၊ ကွမ်ယင်မယ်တော်ဟာ သင့်အကြောင်းကို သိနေပါပြီ"

စွန်းဟိန်ကျဲက –

"ကဲ .... စကားပြောစရာရှိတာ နောက်မှပြောကြပါ၊ လုပ်စရာရှိတာကို အရင်လုပ်လိုက်ကြရအောင်"

ထန်စန်းကျွမ်းဆရာတော်က –

"ဘာလုပ်စရာရှိလို့လဲ"

စွန်းဟိန်ကျဲက ကွမ်ယင်မယ်တော် ပြောလိုက်သည့် အကြောင်းအရာများကို ဆရာတော်အား ပြန်လည် လျှောက်ထားလေ၏။

"တပည့်တော်တို့ဟာ သဲစီးမြစ်ဘီလူးကို တပည့်တော်တို့ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့်လူတွေလို့ မပြောမိပါဘူး၊ ဒါကြောင့် သူတော်မှုများကို လွှတ်လိုက်ပါတယ်"

"သြော် .... သူတော်မှုများက ကိစ္စတွေကို ဖြေရှင်းဖို့ လွှတ်လိုက်တယ်လို့ ပြောတာကိုး ....."

"ဟုတ်ပါတယ်ဘုရား ....."

"ကဲ ... ကဲ .... သင်တို့ ဆောင်ရွက်စရာ ရှိတာကို ဆောင်ရွက်ကြပါ ....."

သူတော်မှုများသည် အနီရောင်ရေဘူးကိုယူ၍ စွန်းဟိန်ကျဲနှင့်အတူ သဲစီးမြစ် ရေပြင်ပေါ်သို့ ရောက်ရှိလာလေ၏။ သူတော်မှုများသည် ရေပြင်ပေါ်၌ ရပ်နိုင်စွမ်းရှိသည်။

သူတော်မှုများသည် ရေပြင်ကို ကြည့်၍ အော်ခေါ်လိုက်၏။

"ဝူကျိန်း ... ဝူကျိန်း ..... ပိဋကတ်သုံးပုံကို ပင့်ဆောင်မယ့်ပုဂ္ဂိုလ်တွေ ရောက်နေပြီ၊ သင် ထွက်ခဲ့ပေတော့၊ ဘာကြောင့် တပည့်မခံသေးတာလဲ၊ တော်ကြာ ပိဋကတ်သုံးပုံ ပင့်မယ့်အဖွဲ့ ထွက်သွားလို့ သင် တစ်ကိုယ်တည်း ကျန်ရစ်ဦးမယ် ....."

ဘီလူးကြီးသည် စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့နှစ်ယောက် ရောက်လာပြီး တိုက်ခိုက်မည်ကို စိုးရိမ်သဖြင့် ရေအောက်၌ ပုန်းလျှိုးနေလေ၏။

ယခု .... မိမိ၏အမည်ကိုခေါ်နေလေပြီ။

"ဝူကျိန်း ... ဝူကျိန်း ..."

ရေပြင်သည် တုန်ဟည်းနေ၏။

ဝူကျိန်းဟု မိမိကို အမည်ပေးခဲ့သူမှာ ကွမ်ယင်မယ်တော်သာ ဖြစ်သည်။ မိမိ၏ ဝူကျိန်းအမည်ကို သိရှိသူမှာ ကွမ်ယင်မယ်တော်နှင့် သူ့ တပည့်တစ်ယောက်သာ ဖြစ်လိမ့်မည်ဟု ဝူကျိန်းဘီလူးသိသည်။

ပိဋကတ်သုံးပုံ ပင့်ဆောင်မည့်လူများဟု ကြားသိလိုက်ရသောအခါ သူသည် ရေအောက်မှ ကမန်းကတန်း ထွက်လာပြီး ရေပြင်ပေါ်သို့ ခေါင်းပြူကြည့်လေ၏။ ထိုအခါ ရေပေါ်တွင် သူတော်မှုများ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေ၏။

သူသည် သူတော်မှုများကို လက်အုပ်ချီ၍ ဂါရဝပြု၏။



"ကွမ်ယင်မယ်တော် ဘယ်မှာလဲ"

သူတော်မှုများက -

"မယ်တော် ပါမလာပါဘူး၊ ဒီကိစ္စ ဖြေရှင်းဆောင်ရွက်ဖို့ မယ်တော်က ကျွန်ုပ်ကို လွှတ်လိုက်ပါတယ်၊ အခု ကမ်းစပ်ကို ရောက်နေတဲ့ ဆရာတော်ဟာ ပိဋကတ်တော်တွေကို ပင့်ဆောင်မယ့်ဆရာတော်ပါပဲ၊ ဒါကြောင့် သင်ဟာ သူ့ရဲ့တပည့်အဖြစ် ခံယူပေတော့ ..."

ဝူကျိန်းက -

"ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့်ပုဂ္ဂိုလ်က ဘယ်မှာလဲ၊ ကျွန်ုပ် သိချင်ပါတယ်"

သူတော်မှုများသည် ကုန်းပေါ်သို့ လက်ညှိုး ညွှန်ပြလိုက်၏။

"ဟိုမှာ မတွေ့ဘူးလား ....."

ဝူကျိန်းသည် ကျူးပတ်ကိုင်အား တွေ့မြင်သွား၏။

"ဒီလူ ဘယ်ကလူမှန်းလည်းမသိဘူး၊ ကျွန်ုပ်ကို သုံးကြိမ်တိတိ လာရောက် တိုက်ခိုက်ခဲ့တယ်၊ နောက်ပြီး ပိဋကတ်တော် ပင့်ဆောင်မယ့် အကြောင်းလည်း မပြောဘူး ....."

သူသည် ပြောရင်း စွန်းဟိန်ကျဲအား တွေ့မြင်သွားပြန်၏။

"ဒီလူက ဟိုလူ့ရဲ့အဖော်ပဲ၊ ကျွန်ုပ်ကို တိုက်ခိုက်တာများ ကျွန်ုပ် လက်တောင်ကျဉ်သွားတယ်၊ တောင်ဝှေးတောင် ပြုတ်ကျသွားမလို ဖြစ်ခဲ့ရတယ်၊ ဒီလူတွေဟာ ကျွန်ုပ်ကိုအကြောင်းမဲ့ တိုက်ခိုက်တဲ့ လူတွေ ဖြစ်ပါတယ်၊ ကျွန်ုပ် မသွားတော့ဘူး ....."

သူတော်မှုများက ရှင်းပြောသည်။

"သင် ... အထင်မှားနေတာပါ၊ သူတို့ကလည်း သင့်ကို တားဆီးတဲ့ လူလို့ထင်ပြီး အထင်မှားနေတယ်၊ သူက ကျူးပတ်ကိုင်တဲ့ ဆရာတော်ရဲ့ တပည့်ငယ်ပဲ၊ ဟောဟိုသူကတော့ စွန်းဟိန်ကျဲတဲ့၊ ဆရာတော်ရဲ့ တပည့်ကြီးပဲ၊ သူတို့နှစ်ယောက်စလုံးဟာ ထန်စန်းကျွမ်းဆရာတော်ရဲ့ တပည့် တွေချည်းပဲ၊ သူတို့နှစ်ယောက်ကို ကွမ်ယင်မယ်တော်က တရားချလိုက်တဲ့ အတွက် သူတို့ဟာ ဆရာတော့်ဆီမှာ တပည့်အဖြစ် ခံယူနေကြတာ ...."

ထိုအခါမှ ဝူကျိန်း သက်ပြင်းချသည်။

"ဒီလိုဆိုရင်လည်း ကျွန်ုပ်ကို ထန်စန်းကျွမ်းဆရာတော်ဆီ လိုက်ပို့ပါ ....."

ဤသို့ဖြင့် သူတော်မှုချားသည် ဝူကျိန်းကို ဆရာတော်တို့ ဆရာ တပည့် သုံးယောက် ရှေ့သို့ ခေါ်ဆောင်သွားလေ၏။

ဝူကျိန်းသည် ဆရာတော်အား ဒူးတုပ်၍ ရှိခိုးလေ၏။ ဆရာတော် သည် သူတော်မှုချား၏ လုပ်ရပ်ကို ကျေးဇူးတင်သွားသည်။

ဝူကျိန်းက -

"တပည့်တော်ဟာ ကွမ်ယင်မယ်တော်ရဲ့ ဆုံးမစကားကို နား ထောင်ပြီး ဆရာတော်ကို စောင့်မျှော်နေတဲ့သူပါ၊ အခုလို ဆိုက်ဆိုက်မြိုက် မြိုက် တွေ့ရလို့ ဝမ်းသာလှပါတယ်ဘုရား ......"

ထန်စန်းကျွမ်းဆရာတော်ကလည်း ပြောသည်။

"တစ်ယောက်နဲ့တစ်ယောက် နားမလည်ကြရင် ဒီလိုပဲ အထင်မှား တတ်ပါတယ်၊ သင့်ကို ငါက နာမည်တစ်ခု ပေးလိုက်မယ်"

ဝူကျိန်း၏အမည်သည် ဆားဝူကျိန်းဖြစ်သွားသည်။ စွန်းဟိန်ကျဲ က ဓားတစ်လက်ကိုယူ၍ သူ့အား ခေါင်းတုံး တုံးပေးလိုက်၏။

"သင်တို့ ညီအစ်ကို သုံးယောက် ဖြစ်ပြီ၊ ငါ၏ တပည့်ကြီး စွန်းဟိန်ကျဲဟာ ငါ့တပည့်ကြီးဖြစ်တယ်၊ သူဟာ သင်တို့ရဲ့ အစ်ကိုကြီးပဲ၊ ငါ့တပည့် ကျူးပတ်ကိုင်ဟာ ဆားဝူကျိန်းရဲ့ အစ်ကိုလတ်ဖြစ်တယ်၊ ဆားဝူကျိန်းကတော့ ညီအငယ်ဆုံးဖြစ်တယ် ....."

တပည့်သုံးယောက်သည် ဝမ်းသာမဆုံးရှိနေကြလေ၏။

ဆရာတော်က -

"ကဲ ... တပည့်ဆားဝူကျိန်း၊ တစ်ဖက်ကမ်းကို ဘယ်လိုကူးကြ မလဲ ..."

သူတော်မှုချားက -

"ဒီအတွက် မပူပါနဲ့."

သူသည် ဆားဝူကျိန်း၏ လည်ပင်း၌ ဆွဲထားသော ခေါင်းခွံများကို ယူ၍ ကြိုးဖြင့် သွယ်တန်းလိုက်သည်။ အနီရောင်ရေဘူးကို အလယ်၌ ချည်ပြီး ရေထဲသို့ ချလိုက်သည်။ ထိုကြိုးတန်းသည် လှေတစ်စင်း အဖြစ် သို့ ပြောင်းလဲ သွားတော့၏။

သူတော်မှုချားက ဆရာတော်အား လက်အုပ်ချီ၍ လျှောက်ထား ၏။

"ဆရာတော်..တစ်ဖက်ကမ်းကို ကူးနိုင်ပါပြီ၊ ကွမ်ယင်မယ်တော် က ကျွန်ုပ်အား ပေးအပ်လိုက်တဲ့ တာဝန် အဝဝကို တပည့်တော် ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါပြီ၊ တပည့်တော်အား ပြန်ခွင့်ပြုပါ ...."



သူသည် စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့အား နှုတ်ဆက်ကာ တိမ်တိုက်စီး၍ တောင်ပင်လယ်ကျွန်းသို့ပြန်လေတော့၏။

"ဆရာ .... လှေပေါ်ကို ကြွပါ ...."

ဆားဝူကျိန်းသည် ဆရာတော်ကို လှေပေါ်သို့ ပင့်လိုက်၏။ စွန်းဟိန်ကျဲနှင့် ကျူးပတ်ကိုင်တို့အား တက်စေသည်။ ထို့နောက် မြင်းဖြူကြီးအား တင်သည်။ ထို့နောက် သူကိုယ်တိုင် လှေကို လှော်ခတ် လေတော့၏။

ရေပြင်သည် ရေလွှာသင်ဖျူးဖြစ်ပြီး ငြိမ်သက်နေ၏။

အဟုန်ပြင်းစွာ၊ လှိုင်းတံပိုးကြီးစွာသော မြစ်ကြီးသည် အဘယ် ကြောင့် အံ့ဩဖွယ်ရာ ငြိမ်သက်သွားပါသနည်း။

တစ်ဖက်ကမ်းသို့ တက်ရောက်သောအခါ ထန်စန်းကျွန်းဆရာ တော်သည် ကောင်းကင်ပေါ်သို့ မော့၍ ရှိခိုးကန်တော့လေ၏။

ဆရာတော်က -

"ငါသည် ပိဋကတ်သုံးပုံကို ပင့်ဆောင်ရန်သန္နိဋ္ဌာန်ချပြီး ဖြစ်ပါ တယ်၊ အခုလို မထင်မှတ်တဲ့ အကူအညီတွေ ရတဲ့အခါ ငါဟာ ပိုပြီး တစ်အားတက်ရပါတယ်၊ ငါ့သန္နိဋ္ဌာန်ဟာ ပိုမြဲသထက် ပိုမြဲလာပါတယ်၊ ရှင်မြတ်ဘုရားကို တပည့်တော် ဦးခိုက်ပါတယ် ဘုရား ...."

ငြိမ်သက်နေသော မြစ်ရေသည် ကြီးစွာသော လှိုင်းတံပိုး ထပြီး ကြီးစွာသော အသံဖြင့် အော်မြည်ခြင်း ပြုသည်၊ ထို့နောက် ပြန်လည်ငြိမ် သက်သွားလေ၏။ ဆရာတော်ကို ကောင်းချီးပြုခြင်းပင် ဖြစ်လေသည် တကား။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၆၂)

## စိတ်မြန်သည့်တပည့်

ထန်စန်းကျွမ်း ဆရာတော်နှင့် တပည့် သုံးယောက် တို့သည် အနောက်ဘက်စူးစူးသို့ ဦးတည်သွားလေ၏။ လမ်းခရီးမှာ သာယာပြီး ရှုမျှော်ခင်းများမှာ သာယာလှပလှသည်။ ထို့ကြောင့် ထန်စန်းကျွမ်းဆရာတော်၏ ရင်တွင်း၌ ကြည်လင်နေသည်။

ဤသို့ဖြင့် ရာသီဥတု ကိုးကြိမ်တိတိ ပြောင်းလဲ သွားသည်။ တစ်နေ့တွင် သူတို့လျှောက်လာသော ခရီးလမ်း၌ မိုးမှောင်ကြီး ကျလာသည်။

ထန်စန်းကျွမ်းဆရာတော်သည် ပတ်ဝန်းကျင်အား ကြည့်လိုက်၏။ အိမ်ခြေယာခြေဟူ၍ လုံးဝမတွေ့ပါ။

ဆရာတော်က –

"ဟိန်ကျဲ .... မိုးမှောင်ကြီး ကျလာပြီ၊ ကနေ့ညတည်းခိုစရာများ ရှာစမ်းပါတော့ ...."

စွန်းဟိန်ကျဲက –

"ဆရာ မှားနေပါပြီ ....၊ ဘုန်းတော်ကြီးဆိုတာ ရောက်တဲ့နေရာမှာ ဖြစ်သလို အနားယူရတယ် မဟုတ်လား၊ တည်းစရာရှိမှ အနားယူရတာ မဟုတ်ပါဘူး"

စွန်းဟိန်ကျဲမှာ သူ့ ဆရာတော်မှ မဟုတ်၊ လူတိုင်းကို ဤသို့ တဲ့တိုးပြောတတ်သည်။ ဆရာတော်ကလည်း သူ့ကို ဗွေမယူပါ။

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး မှားနေတာပါ ဆရာဟာ ရောက်တဲ့နေရာမှာ ဖြစ်သလို



ကျိန်းစက်လာတာ အခုဆိုရင် လပေါင်း အတော်ကြာပါပြီ၊ ဆရာဟာ ပုထုဇဉ် လူသားပါ၊ အစ်ကိုကြီးလို တန်ခိုးရှင် မဟုတ်ပါဘူး၊ တစ်ခါတစ်ရံတော့ ဆရာဟာလည်း အေးအေးဆေးဆေး နားချင်ရှာမှာပေါ့ ...."

ထန်စန်းကျွမ်း ဆရာတော်သည် မည်သူ့ကိုမျှ အပြစ်တင်စကား မပြောချေ။

"ဟုတ်ပါတယ်၊ အိမ်တစ်အိမ်အိမ်တွေ့ရင် ပိုကောင်းတာပေါ့ ....၊ ငါတို့လည်းနားခိုလို့ရမယ်၊ ဆွမ်းလည်းသေသေချာချာ ဘုဉ်းပေးနိုင်တာပေါ့.."

ဆရာတော်သည် ရှေ့ရေးကိစ္စကိုသာ ပြောသည်။

စွန်းဟိန်ကျဲက –

"ဘုန်းကြီး ဝတ်ပြီးမှတော့ ဒုက္ခ ဆင်းရဲ ခံရတာဟာ ဘာမှ မဆန်းပါဘူး၊ ကိုယ့်လမ်းကိုယ်သိပြီး ကိုယ်လျှောက်တာပဲ ...."

ကျူးပတ်ကိုင်က –

"ကိုယ့်လမ်းကိုယ်သိပြီး လျှောက်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အစ်ကိုကြီး တာဝန်ခွဲထားပုံကတော့ မတရားဘူး ...."

"ဟ .... ဘာကို ပြောတာလဲ"

"ကျုပ်တို့နှစ်ယောက်ကတော့ အထုပ်တွေထမ်းထားရတယ်၊ အစ်ကိုကြီးကတော့ ဘာမှမထမ်းဘူး၊ ဒါဟာ မတရားတာပေါ့"

"ဟား .. ဟား .. ဟား .. မင်းပြောတာ ကျန်နေသေးတယ်ကွ"

"ဘာ ကျန်တာလဲ"

"မြင်းဖြူကြီးကိုလည်း မင်းတို့နှစ်ယောက်ပဲ တာဝန်ယူရမှာကွ"

"ဒါဖြင့် အစ်ကိုကြီးမှာ ဘာတာဝန်မှ မရှိတော့ဘူးပေါ့ ...."

"ဟ .... ငါက ဆရာ့ကို စောင့်ရှောက်ရမယ်လေ၊ မင်းမတွေ့ဘူးလား၊ လေဝါတောင်ဘီလူးနဲ့တုန်းကလည်း ငါပဲ ဆရာ့ကို စောင့်ရှောက်ရတာ၊ ငါ့တာဝန်ကမှ တကယ်ကြီးလေးတာကွ ...."

"ကျုပ် အကြံတစ်ခု ပေးချင်တယ်"

ကျူးပတ်ကိုင်က ပြော၏။

ဆားဝူကျိန်းမှာ တစ်ခွန်းမျှ မပြောချေ။

စွန်းဟိန်ကျဲက –

"ဘာလဲ"

ကျူးပတ်ကိုင်က –

"ကျုပ်တို့ရဲ့ မြင်းဖြူကြီးဟာ ဝလည်း ဝတယ်၊ အလွန်လည်း သန်မာတယ်၊ အလေးချိန်ကိုလည်း အများကြီးနိုင်တဲ့ မြင်းပါ၊ အခု .... ဆရာ တစ်ယောက်တည်းကိုပဲ ကျောပေါ်တင်ထားရတယ်၊ သူ့တာဝန်ဟာ ပေါ့လွန်းမနေဘူးလား ...."

"ဟား .. ဟား .. ဟား .."

စွန်းဟိန်ကျဲသည် တဟားဟား ရယ်လေတော့၏။

စွန်းဟိန်ကျဲကပင် –

"မင်းက ဒီမြင်းကို သာမန်မြင်း တစ်ကောင်လို့များ ထင်နေသလား"

ကျူးပတ်ကိုင်က –

"အို .... သူက မြင်းတစ်ကောင်မဟုတ်လို့ ဘာလဲ ...."

စွန်းဟိန်ကျဲက –

"သူက နဂါးကွ ....၊ သေဒဏ်သင့်နေတဲ့ နဂါးကို ကွမ်ယင်မယ်တော်က တောင်းပန်ပြီး ကယ်ထားတာ ..၊ ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့် ပုဂ္ဂိုလ် အတွက် မြင်း တစ်စီး လိုတယ်ဆိုပြီး မြင်း တစ်ကောင်အဖြစ် ဖန်ဆင်းပြီး ပို့ထားတာကွ"

ဆားဝူကျိန်းမှာ အလွန် အံ့အားသင့်နေ၏။

"အစ်ကိုကြီး .... သူက နဂါးဟုတ်လား၊ သေချာရဲ့လား ...."

စွန်းဟိန်ကျဲက –

"ငါက မဟုတ်မမှန် လုပ်ကြံတဲ့ စကားကို ပြောပါ့မလားကွာ၊ တကယ့်နဂါးပါကွ၊ ကွမ်ယင်မယ်တော်က ဖန်ဆင်းထားတာ ...."

ကျူးပတ်ကိုင်က –

"ရှေးပညာရှိတွေ အဆိုအရ .... နဂါးဆိုတာ တိမ်တိုက်ပေါ်မှာလည်း သွားလာနိုင်တယ်၊ ပင်လယ်ကိုလည်း ဆူပွက်လာစေနိုင်တယ်လို့ ပြော ကြတယ်၊ အခု .... ခရီးတစ်လျှောက်လုံး ကြည့်လာတယ်၊ ဒီမြင်းဟာ အကြမ်းပတမ်း မြန်မြန် ဆန်ဆန် ပြေးတာ တစ်ခါမျှ မတွေ့ရဘူး၊ အမြဲတမ်း ဖြည်းဖြည်းလေးပဲ သွားနေတာပဲ ...."

စွန်းဟိန်ကျဲက –

"မင်းက သူ့ကို မြန်မြန် သွားစေချင်တယ် မဟုတ်လား၊ ငါလုပ်ပြနိုင်းမယ်"



စွန်းဟိန်ကျဲသည် မြင်းပေါ်၌ ထိုင်နေသည်။ ဆရာတော်အတွက် ဘာမျှ မစဉ်းစားပေ။ ဆရာတော် လိမ့်ကျမည်လား၊ တွဲလွဲခိုလျက် ပါသွားမည်လား မတွေးတောပေ။ မြင်းဖြူကြီးအား သံမဏိတုတ်ဖြင့် ရွယ်လိုက်သည်။ ထိုအခါ မြင်းဖြူကြီးသည် ထိတ်လန့်စွာ တစ်ဟုန်ထိုး ပြေးလွှားလေတော့၏။

ထန်စန်းကျွမ်းဆရာတော်သည် မြင်းပေါ်မှ လိမ့်မကျအောင် မြင်းဇက်ကြိုးကို အတင်းဆွဲသော်လည်း မရချေ။ မြင်းဖြူကြီးသည် ထိတ်လန့်ပြီး တစ်ဟုန်ထိုး ပြေးလေတော့၏။

မြင်းဖြူကြီးသည် မရပ်မနား ပြေးလွှားနေရာ ညောင်ပင်များ အစီအရီ ဝိုင်းရံ ပေါက်ရောက် နေသည့် နေရာသို့ ရောက်သော အခါမှ မြင်းကြီး ရပ်သွားသည်။ ထိုအခါမှ ဆရာတော် ဟင်းချနိုင်သည်။

ဆရာတော်သည် ညောင်ပင်များချည်း ပေါက်နေသဖြင့် ထူးဆန်း အံ့သြသော စိတ်ဖြင့် လှည့်လည် ကြည့်ရှုလေ၏။ ထူးဆန်းသည်မှာ ညောင်ပင်များ တန်းစီ၍ ပေါက်နေခြင်း ဖြစ်သည်။

"သိပ် ထူးဆန်း ပါလား၊ ဒီလို တန်းစီပြီး ပေါက်တယ် ဆိုတာ လူတွေက တန်းစီပြီး စိုက်ထားမှ ဖြစ်တာ၊ နို့မို့ဆိုရင် မလွယ်လှဘူး"

ဆရာတော်သည် မြင်းကြီးပေါ်မှ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလေ၏။

"ဟာ .... အိမ်တွေပါလား ...."

အိမ် ငါးလုံး ခြောက်လုံးခန့်သည် အစီအရီ ဆောက်ထားသည်ကို တွေ့ရသည်။

"ငါ .... အိမ်တွေကို လိုက်ရှာတာ မတွေ့ရဘူး၊ ဒီမြင်းပြေးလာမှ တွေ့ရတာ၊ ကံကောင်းလိုက်တာ ...."

တစ်ခုတော့ ထူးသည်။ ထို အိမ် ငါးလုံး ခြောက်လုံးမှာ ဆိတ်၊ ကြက်၊ ဘဲ၊ ခွေးစသော တိရစ္ဆာန် အကောင်ဘလောင်များကို လုံးဝမတွေ့ရပါ။ ဆရာတော်က အိမ်များကို ကြည့်နေစဉ် စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူ ကျိန်းတို့ အမောတကောနှင့် ရောက်လာကြလေ၏။

ဆားဝူကျိန်းက –

"ဆရာ .... ဆရာမြင်းပေါ်က လိမ့်မကျဘူးလား"

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲအား ကြည့်၍ ဆုံးမလေ၏။

"ဟိန်ကျဲ .... သင်ဟာ ပါးစပ်လည်း စည်းကမ်းမရှိဘူး၊ အပြု အမူလည်း စည်းကမ်းမရှိဘူး၊ သင် လုပ်လိုက်တဲ့ အပြု အမူဟာ ငါ ပျံလွန် နိုင်တယ် ဆိုတာ မသိဘူးလား၊ မြင်းပေါ်က အကျမတော်ရင် ငါ ပျံလွန် သွားနိုင်တယ်"

စွန်းဟိန်ကျဲသည် ခေါင်းငုံ့နေလေ၏။

"သည်းခံတော်မူပါ ဆရာ ....၊ တပည့်တော်ဟာ ဆရာ့ကို လုံးဝ မတွေးမိပါဘူး၊ ကျူးပတ်ကိုင်နဲ့ ငြင်းပြီး မြင်းကြီး ပြေးနိုင်တယ် ဆိုတဲ့ အချက်ကိုသာ တွေးမိပါတယ်၊ တပည့်တော်မှားပါတယ်၊ သည်းခံပါ .... ဆရာ ...."

စွန်းဟိန်ကျဲသည် မျက်နှာချိုသွေးပြီး လျှောက်ထားလိုက်လေ၏။

ကျူးပတ်ကိုင်မှာလည်း အထုပ်ကိုထမ်းရင်း မောဟိုက်နေသည်။

"မောပါတယ်ဗျာ ..၊ မနက် ကတည်းက အထုပ်ကို ထမ်းထား ရတာ ခါးတောင် ကုန်းနေပြီ၊ အခု ဆရာတော်ကို အမီပြေးလိုက်လာရတာ လျှာကို ထွက်နေတာပဲ ...."

ထန်စန်းကျွမ်းဆရာတော်က –

"ဟိုမှာ ကြည့်စမ်း .... ငါ အိမ်ကလေး လေးငါး ခြောက်အိမ်ကို တွေ့ထားတယ်၊ အဲဒီမှာ တစ်ညလောက် တည်းခိုခွင့် ပြုရင် သိပ်ကောင်း မှာပဲ ...."

စွန်းဟိန်ကျဲသည် ဆရာတော် ညွှန်ပြသည့် နေရာသို့ ကြည့် လိုက်၏။ ထိုအဆောက်အအုံများ၏ အပေါ်၌ ရောင်စုံတိမ်များ ဖြစ်ထွန်း နေသည်ကို တွေ့ရလေ၏။ ဤသည်မှာ နတ်များက ဖန်ဆင်းထားခြင်း ဖြစ်ကြောင်း သူက တပ်အပ် သိလိုက်မိသည်။

"ကောင်းပါတယ်ဆရာ .... အဲဒီမှာ တစ်ညလောက် တည်းခိုခွင့် ပြုအောင် တပည့်တော် သွားပြီးခွင့်တောင်းပါမယ် ...."

သူတို့သည် ထိုအဆောက်အအုံများဆီသို့ လျှောက်သွားကြလေ တော့၏။ အဆောက်အအုံများ ရှေ့သို့ ရောက်သောအခါ ဆားဝူကျိန်း သည် သူ၏အထုပ်အပိုးများကို ချလိုက်၏။ ကျူးပတ်ကိုင်က မြင်းဖြူကြီး ကို ဆွဲ၍ ချည်နှောင်လိုက်၏။ သူတို့သည် အဆောက်အအုံကို ကြည့်၍ ဝေဖန်ကြသည်။

"ဒီအိမ်က လူတွေဟာ ချမ်းသာတဲ့ အိမ်က လူတွေ ဖြစ်ရမယ်၊



အဆောက်အအုံတွေကို ကြည့်ပါလား၊ အဆောက်အအုံတွေက အသေ အချာ ဆောက်ထားတာ ...."

စွန်းဟိန်ကျဲသည် အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်၏။

ဆရာတော်က ဟန့်တားလိုက်၏။

"တပည့် အရမ်းမဝင်ပါနဲ့၊ အိမ်ရှင် ထွက်လာမှ ခွင့်တောင်းပြီး ဝင်ပါ ...."

ဆရာတော်သည် အိမ်ရှေ့၌ ရပ်နေ၏။ စွန်းဟိန်ကျဲ၊ ကျူးပတ် ကိုင်နှင့် ဆားဝူကျိန်းတို့သည်လည်း ဆရာတော့်နောက်၌ ရပ်နေကြ၏။

အတန်ကြာ ရပ်စောင့်နေသည့်တိုင် မည်သူမျှ ထွက်မလာကြပေ။ စွန်းဟိန်ကျဲသည် စိတ်မြန်လက်မြန်ဖြင့် အိမ်ထဲသို့ ဝင်သွားလေတော့၏။ ဆရာတော် မတားမြစ်လိုက်နိုင်ပေ။

အဆောက်အအုံသည် ကြီးမားကျယ်ပြန့်လေ၏။ ဧည့်ခန်းမကြီး အပြင် အိပ်ခန်းများပါ ဖွဲ့စည်းထားလေသည်။ ပန်းချီကားချပ်များ ချိတ် ဆွဲထားသည်။ ထိုင်ခုံများလည်းရှိသည်။ တိုင်များကို ရွှေရောင်ခြယ် သထားသည်။ ထိုတိုင်များ၌ အနီရောင်ဆေးဖြင့် ရေးထားသော ကဗျာများ ချိတ်ဆွဲထားသည်။

အခန်းအလယ်တွင် အနက်ရောင် ခြယ်သထားသော စားပွဲ တစ်လုံးရှိပြီး ရှေးဟောင်း ကြေးအိုးကြီးတစ်လုံး တင်ထားသည်။

စွန်းဟိန်ကျဲသည် ဟိုကြည့် ဒီကြည့် လုပ်နေစဉ် အတွင်းခန်းမှ ခြေသံ သဲ့သဲ့ ကြားလိုက်ကြရ၏။ ခဏအကြာတွင် အသက်လေးဆယ် ခန့်ရှိသော အမျိုးသမီးကြီးတစ်ဦး ထွက်ပေါ်လာလေ၏။

သူမသည် စွန်းဟိန်ကျဲကို တွေ့သောအခါ အံ့အားသင့်သွား၏။ ခွင့်မပြုဘဲဝင်လာသူ မဟုတ်ပါလော။

"သင်...ဘယ်သူလဲ၊ ဘာကြောင့် ကျွန်မလို မုဆိုးမနေတဲ့အိမ်ထဲ ကျူးကျူးကျော်ကျော် ဝင်လာရတာလဲ..."

မှန်သည်။ စွန်းဟိန်ကျဲသည် ခွင့်မတောင်းဘဲ ဝင်လာမိသည် မဟုတ်ပါလော။ သူသည် ပျာပျာသလဲ တောင်းပန်ရလေ၏။

"ကျွန်ုပ်တို့ဟာ အရှေ့ဒေသ မဟာထန်နိုင်ငံက ပိဋကတ်တော် များကို ပင့်ဆောင်ရန် လာကြသူများ ဖြစ်ပါတယ်၊ ကျွန်ုပ်တို့ရဲ့ ဆရာ တော် အပါ အဝင် လူပေါင်း လေးယောက် ပါလာ ပါတယ်၊ မိုးချုပ်နေလို့

ဒီမှာတစ်ည တည်းခိုဖို့ တောင်းပန်ပါတယ်...."

အမျိုးသမီးက–

"ကျန်တဲ့ သုံးယောက်က ဘယ်မှာလဲ"

"အပြင်မှာ စောင့်နေကြပါတယ်"

"အထဲကို ကြွခိုင်းပါ၊ ကျွန်မ ဖိတ်ခေါ်ပါတယ်"

စွန်းဟိန်ကျဲသည် ဝမ်းသာအားရ အပြင်သို့ ထွက်သွားပြီး ဆရာတော်အား ပင့်ခေါ်လေ၏။ ဆရာတော်သည် တည်ကြည်သော သိက္ခာ၊ သမာဓိနှင့် အိမ်တွင်းသို့ ဝင်လာလေ၏။

အမျိုးသမီးသည် ဆရာတော်အား နေရာထိုင်ခင်း ပေးလေ၏။

ဆရာတော်သည် အိမ်ခေါင်းရင်း သူ့အား ပေးသည့် နေရာတွင် ဝင်ထိုင်သည်။ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့က ခြေရင်းတွင် ဝင်ထိုင်ကြ၏။

အမျိုးသမီးက ဆရာတော့်အား ဝတ်ပြု ရှိခိုးလေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၆၆)

## အဖျက်အဆီး

ကျူးပတ်ကိုင်သည် အမျိုးသမီးအား တိတ်တခိုးကြည့်လိုက်၏။

အမျိုးသမီးသည် အသက် (၄၀) ကျော်ခန့်ရှိပြီ။ သို့သော် အမျိုးသမီးမှာ နုပျိုနေဆဲရှိသေး၏။ ရုပ်ရည်ကလည်း ချောမောလှသည်။

သူမ၏ ဆင်ယင် ထုံးဖွဲ့ပုံ၊ ဝတ်ဆင်ပုံမှာ နန်းတွင်းသူ တစ်ဦးကဲ့သို့ ဖြစ်နေသည်။ သူမ၏ ဆံထုံးမှာ နန်းတွင်းသူ တစ်ဦး၏ ဆံထုံးမျိုး ဖြစ်နေသည်။ အင်္ကျီမှာလည်း ပါးလွှာ လှ၏။ အောက်ခံ အင်္ကျီကိုပင် အတိုင်းသား မြင်တွေ့နေရသည်။

ထိုအမျိုးသမီးသည် အားလုံးကို နေရာထိုင်ခင်းများ ပေးပြီး ရေနွေးကြမ်းများဖြင့် ဧည့်ခံလေ၏။ အိမ်ခန်းအတွင်းမှ အသက် (၁၆)နှစ်ခန့် ရှိသော အမျိုးသမီး တစ်ဦးသည် သစ်သားဗန်းကို ကိုင်၍ လာရောက် ချပေးလေ၏။ သစ်သားဗန်းထဲ၌ အမြည်းပန်းကန်များ၊ အစားအသောက်များ ပါရှိသည်။

ဆရာတော်က–

"ဒကာမကြီးရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ၊ ဒီနေရာပတ်ဝန်းကျင်ရဲ့ နေရာကိုလည်း သိချင်ပါတယ်.."

အမျိုးသမီးက–

"သည်နေရာဟာအနောက်ဘက် "ယွှဟိုကြူး" နယ်ပါ၊ တပည့်တော်မရဲ့ အမျိုးအနွယ်က "ကို့" ပါ"

"ဒကာကြီးကော..."

"ဒကာကြီးရဲ့ အမျိုးအနွယ်က "မု" ပါ၊ ဒါပေမယ့် သူမရှိတော့

ပါဘူး၊ ကွယ်လွန်သွားပါပြီ"

"အခု...ဘယ်သူတွေနဲ့ နေပါသလဲ"

"တပည့်တော်ရဲ့ ယောက္ခမလည်း ကွယ်လွန်သွားပါပြီ၊ ငွေကြေး အမြောက်အမြား ကျန်ရစ်ခဲ့တယ်၊ လယ်ဧက အမြောက်အမြားလည်း ကျန်ရစ်ခဲ့ပါတယ်"

"သားသမီးများကော မထွန်းကားဘူးလား ဒကာမကြီးရဲ့"

"သမီး သုံးယောက် ထွန်းကား ခဲ့ပါတယ်"

"ဒါဖြင့် ဒကာမကြီးဟာ သမီးသုံးယောက်နဲ့ အတူတူ နေတာပေါ့၊ ဟုတ်လား"

"တင်ပါ့ ဘုရား၊ သမီး သုံးယောက်ဟာလည်း အချိန်တန် အရွယ်ရောက်နေပါပြီ၊ သူတို့ကို တွေ့ကရာလူနဲ့လည်း မပေးစားချင်ပါဘူး၊ တွေ့ကရာလူနဲ့ ပေးစားလိုက်ရင် သူတို့ဟာ ယောကျ်ားနောက် လိုက်သွားကြရမှာပါ...၊ ဒီမှာရှိတဲ့ လယ်မြေဧက အမြောက်အမြားဟာ လုပ်စားမယ့်သူ မရှိဘဲဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် တပည့်တော်ဟာ ဒီမှာအခြေချမယ့် သမက်မျိုးကိုပဲ အလိုရှိပါတယ်...."

သူမက ထန်စန်းကျွမ်းဆရာတော်ကို စိုက်ကြည့်လိုက်ပြီး–

"အခု..ဖူးစာကြောင့်လား မသိပါဘူးဘုရား၊ ဆရာတော်ဘုရားနဲ့ တပည့်သုံးဦး ဆိုက်ရောက်လာကြပါတယ်၊ ဆရာတော်ဟာ ဘုန်းတော်ကြီးအဖြစ်က လူဝတ်လဲပြီး တပည့်တော်မနဲ့ အိမ်ထောင်ပြုမယ်ဆိုရင် ဆရာတော် တစ်သက်လုံး မဆင်းရဲရပါဘူး၊ ချမ်းချမ်းသာသာ နေထိုင်ပြီး ဘဝခရီးကို လျှောက်လှမ်းနိုင်ပါတယ်"

ထန်စန်းကျွမ်းဆရာတော်သည် ပါးစပ်ပိတ်ထားလေတော့၏။

အမျိုးသမီးက စကားဆက်သည်။

"တပည့်တော်မ အသက် (၄၂) နှစ်ရှိပါပြီ၊ တပည့်တော်မရဲ့ သမီးကြီးနာမည်က "ကျင်းကျင်း"ပါ၊သမီးလတ်နာမည်က "အိုက်အိုက်" ပါ၊ သမီးငယ်နာမည်က "လိန်းလိန်း" လို့ခေါ်ပါတယ်၊ အငယ်ဆုံး သမီးဟာ (၁၆) နှစ်ရှိပါပြီ၊ တပည့်တော်မရဲ့ သမီးအားလုံးဟာ လှကြပါတယ်...၊ စာထိုးပန်းထိုး အချက်အပြုတ် နိုင်နင်းပါတယ်၊ ဒါကြောင့် သူတို့ သုံးယောက်ကို ဆရာတော်ရဲ့ တပည့် သုံးယောက်နဲ့ ပေးစားချင်ပါတယ်၊ ဘယ်လိုသဘောရပါသလဲ ဆရာတော်...."



ထန်စန်းကျွမ်းဆရာတော်သည် အမျိုးသမီးကို စကားတစ်ခွန်းမှ ပြန်မပြောပါ။

ကျူးပတ်ကိုင်သည် အမျိုးသမီး၏ စကားကို ကြားသောအခါ၊ စိတ်ထဲ၌ လှုပ်ရှားလာသည်။ သူသည် မိန်းကလေးများ လှပကြောင်း၊ ဥစ္စာပစ္စည်းခနေရှိကြောင်း ကြားလိုက်မိသည်နှင့် စိတ်ထဲ၌ မရိုးမရွ ဖြစ်လာသည်။ သူသည် ဆရာတော်၏ လက်မောင်းအား ဆုပ်ကိုင်ပြီး ကိုင်လှုပ်သည်။

"ဆရာ.... သူပြောနေတာကို ဘာဖြစ်လို့ ပြန်မပြောတာလဲ ဆရာ သူပြောတဲ့ စကားတွေဟာ စဉ်းစားသင့်တဲ့ စကားတွေပါပဲဆရာ..."

ဆရာတော်သည် ဆက်ခနဲလှည့်ကြည့်သည်။

"တိရစ္ဆာန်... သင် ဘာတွေ ပြောနေတာလဲ...၊ ငါတို့ သာသနာ့ဘောင်ကို ရောက်ရှိနေတဲ့ လူတွေဟာ မိန်းမနဲ့ ပစ္စည်းတို့ကို ရှောင်ကြဉ်ရမယ်ဆိုတာ သင်နားမလည်ဘူး၊ နားမလည်ရင် ဝင်မပြောပါနဲ့"

အမျိုးသမီးက ရယ်မောလိုက်၏။

"ဆရာတော်ကို မေးရဦးမယ်၊ ဘုန်းကြီးလုပ်တာ ဘာများ အကျိုးရှိလို့လဲ..."

ထန်စန်းကျွမ်းဆရာတော်က–

"အိမ် ထိုင်နေတော့ကော ဘာများ အကျိုးရှိလို့လဲ"

အမျိုးသမီးက–

"အိမ်မှာ ထိုင်နေတော့ ဘယ်လောက် အကျိုးရှိသလဲ ဆိုတာကို တပည့်တော်မ ပြောပြပါမယ်..."

သူမက စကားဆက်လိုက်၏။

"အိမ်မှာနေရင် လူ့လောကစည်းစိမ်ကို ခံစားနိုင်တယ်၊ အဝတ်အစား အမျိုးမျိုးဝတ်ဆင်နိုင်တယ်၊ အစားအသောက်မျိုးစုံကို စားသောက်နိုင်တယ်၊ နေပူရင် အရိပ်မှာ ခိုနိုင်တယ်၊ မိုးရွာရင်လည်း အရိပ်မှာ ခိုနိုင်တယ်၊ ကဲ.... ဘယ်လောက် စည်းစိမ်ရှိသလဲ"

ထန်စန်းကျွမ်းဆရာတော်က–

"ဒကာမကြီးပြောတာလည်း မှန်ပါတယ်၊ အိမ်မှာနေတဲ့ လူက မပူမပင် စားနိုင်တယ်၊ ဝတ်နိုင်တယ်၊ လူလောကရဲ့ စည်းစိမ်ကို ခံစားနိုင်တာက မှန်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ ဘုန်းတော်ကြီး တွေမှာလည်း

အလွန် မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေ ရှိပါတယ်"

အမျိုးသမီးက–

"ဘာတွေများလဲ ဘုရား..."

ထန်စန်းကျွမ်းဆရာတော်က–

"ဘုန်းကြီးဝတ်လိုက်ရင် သားမယားဆိုတဲ့ သံယောဇဉ်မရှိတော့ဘူး၊ အပူအပင် အကြောင့်အကြတွေ ကင်းသွားတယ်၊ ပစ္စည်းဥစ္စာမရှိတော့ ရန်သူမျိုး ငါးပါးကို မစိုးရိမ်ရတော့ဘူး၊ အကြောင့်အကြကင်းကင်းနဲ့ တရား အားထုတ်နိုင်တာပေါ့..၊ ဒီတော့ ကုသိုလ်ရနိုင်တယ်၊ နတ်ဘုံနတ်နန်းမှာ ခံစားနိုင်တယ်..."

အမျိုးသမီးမှာ ဆရာတော့်စကားကို စိတ်ရှည်စွာ နားမထောင်နိုင်တော့ပေ။

"တပည့်တော်မက ကောင်းကောင်းမွန်မွန် ပြောနေတာကို ဆရာတော်က အေးအေးဆေးဆေး လက်မခံဘူး၊ အဝေးဒေသက လာတဲ့ဘုန်းကြီးမို့လို့ နို့မို့ဆိုရင် တပည့်တော်မက မောင်းထုတ်ပစ်လိုက်မှာ"

ထန်စန်းကျွမ်းဆရာတော်သည် ပါးစပ်ပိတ်သွားလေတော့၏။

အမျိုးသမီးသည် သူ့ဒေါသကို ထိန်းချုပ်လေ၏။

သူမက ဆက်ပြောသည်။

"အရှင်ဘုရားကတော့ ငယ်ဖြူဖြစ်လို့ သာသနာ့ဘောင်က မထွက်ချင်ဘူး ဆိုရင် ကိုယ့်စိတ်ကိုယ့်ဆန္ဒအတိုင်းပေါ့..၊ ဒါပေမယ့် ....."

အမျိုးသမီးသည် တပည့်သုံးယောက်ကို ကြည့်လိုက်လေ၏။

"ဒါပေမယ့် ဆရာတော်ရဲ့ တပည့်သုံးယောက်ကိုတော့ အိမ်ထောင်ပြုချင်တဲ့စိတ် ရှိမရှိကိုတော့ မေးမြန်းသင့်ပါတယ်၊ သူတို့ အိမ်ထောင်ပြုချင်တဲ့စိတ် ရှိချင်ရှိနေမှာပေါ့...."

ထန်စန်းကျွမ်း ဆရာတော်သည် အမျိုးသမီး ပြောသည့် စကားမှန်ကန်ကြောင်း တွေ့ရှိသည်။

"ဒကာမကြီးပြောတာလည်း မှန်ပါတယ်၊ ကျုပ်တပည့်သုံးယောက်ကို မေးပေးပါမယ်၊ သုံးယောက်စလုံးပဲ နေခဲ့ချင်သလားလို့ မေးပါမယ်၊ သုံးယောက်စလုံး နေခဲ့ရင်တော့ ကျုပ်ရဲ့ ကုသိုလ်ကံပဲပေါ့...၊ ကျုပ်ကတော့ ပိဋကတ်ဆုံးပုံကို ဆက်ပြီးသွားပင့်ရမှာပဲ..."

အမျိုးသမီးသည် ဘဝင်ကျသွားလေ၏။



"ဒီလိုမှပေါ့ ဆရာတော်ရယ်..."

ထန်စန်းကျွမ်းဆရာတော်က ဇွန်းဟိန်ကျဲအား စတင် မေးမြန်းလေ၏။

"ဟိန်ကျဲ သင် သည်မှာနေခဲ့မလား၊ နေခဲ့မလား ဆိုတာ ဒကာမကြီး သမီးတစ်ယောက်ယောက်နဲ့ လက်ထပ်ပြီး နေခဲ့မလားလို့ ပြောတာပါ"

ဇွန်းဟိန်ကျဲက ရယ်မောလေ၏။

"တပည့်တော်က ကလေးမထိန်းတတ်ပါဘူးဘုရား၊ ဒီမှာ မနေခဲ့ပါရစေနဲ့၊ ညီလေး ကျူးပတ်ကိုင်ကိုမေးကြည့်ပါဦး"

ကျူးပတ်ကိုင်က –

"အစ်ကိုကြီး ဒီလိုမပြောနဲ့လေ၊ အားလုံး စုပေါင်းတိုင်ပင်ပြီး ညှိနှိုင်း လုပ်ကြရင် မကောင်းဘူးလား ......"

ဇွန်းဟိန်ကျဲက –

"ဘာ ... တိုင်ပင်ရမှာလဲကွ၊ ကိုယ်နေချင်ရင်နေခဲ့၊ မနေချင်ရင် ဆရာတော်နဲ့လိုက်၊ ဒါပဲရှိတာပဲ၊ ဘာမှတိုင်ပင်စရာမလိုဘူး ....."

ဆရာတော်က ဆားဝူကျိန်းကိုမေးလိုက်သည်။

"ဆရာရယ် ဘယ်လိုပြောလိုက်တာလဲ၊ ကွမ်ယင်မယ်တော်ကိုယ်တိုင် တပည့်တော်ကို တရားချခဲ့တာပါ၊ တပည့်တော်ဟာ ဆရာနဲ့အတူ ပိဋကတ်သုံးပုံ သေအတူရှင်အတူ ပင့်ဆောင်ရမှာပါ၊ အခုနစ်လလောက်ပဲ ရှိသေးတယ်၊ တပည့်တော် နေရစ်ခဲ့ရင် တပည့်တော်လောက် ဆိုးတဲ့ တပည့် ဘယ်ရှိတော့မှာလဲ ....."

ဆရာတော်က –

"ဝူကျိန်း ... ငါတို့သွားရမယ့်ခရီးလမ်း ဘယ်လောက်ကြမ်းတမ်းတယ်ဆိုတာ သင်သိပါတယ်နော်"

ဆားဝူကျိန်းက –

"သိပါတယ်ဘုရား .... သိလို့လည်း တပည့်တော်ဟာ ဆရာတော်နဲ့အတူ သေအတူ ရှင်အတူဆိုတဲ့စိတ်နဲ့ လိုက်ခဲ့တာပါဘုရား"

"သာဓု ...၊ သာဓု ...၊ သာဓု ...၊ ကဲ ပတ်ကိုင် သင်ကော ဘယ်လိုလဲ နေခဲ့မလား၊ လိုက်ခဲ့မလား ....."

ကျူးပတ်ကိုင်မှာ အဖြေရ ခက်သွားသည်။ သူ့နောက်မှ လိုက်ခဲ့

သည့် တပည့်ကပင် ဆရာတော်နှင့် သေအတူ ရှင်အတူ လိုက်မည်ဆိုနေသဖြင့် သူ့အနေဖြင့် နေခဲ့မည်ဟု မပြောသာတော့ပေ။ အိမ်ရှင်၏ သမီးများ ချောမောသည်ဟုသိရသဖြင့် ကျူးပတ်ကိုင်မှာ နေရစ်ခဲ့လိုပေသည်။ သို့သော် ..... အများအား မလွန်ဆန်လိုသဖြင့် "မနေခဲ့ပါ၊ လိုက်ခဲ့ပါမည်" ဟုသာ ပြောရတော့သည်။

အားလုံးက ငြင်းဆန်ကြသည်ကို တွေ့သောအခါ အမျိုးသမီးသည် ထိုင်ရာမှထပြီး အခန်းထဲသို့ ဝင်သွားလေတော့၏။ ထိုအမျိုးသမီးသည် ဆရာတော်အား ဆွမ်းများ လုံးဝ မဆက်ကပ်တော့ပါ။ လုံးဝလည်း ထွက်မလာတော့ပါ။

ကျူးပတ်ကိုင်သည် ဤအရပ်တွင် နေခဲ့လိုသည်။ သို့သော် အများဆန္ဒကြောင့် သူမနေရတော့ပေ။ သူသည် ထိုအချက်ကို မကျေမနပ်ဖြစ်နေသည်။ ထို့ပြင် အစာမစားရသည့်အချက်ပါ တိုးလာသဖြင့် သူသည် မကျေနပ်ချက် နှစ်ချက်ဖြစ်လာတော့သည်။

ကျူးပတ်ကိုင်က -

"ဆရာက စကားကို အပြတ် ပြောလိုက်တာကိုး၊ အခုတော့ တပည့်တော်တို့ ဘာမှ မစားရတော့ဘူး"

ဆရာတော်က -

"ဒီစကားဟာ အပြတ်မပြောလို့မရဘူးကွယ့်၊ တချို့စကားက ပြတ်ပြတ်သားသား ပြောမှ ရတယ်၊ ဒီစကားမျိုးက အပြတ် ပြောရတယ်ကွယ့်"

ကျူးပတ်ကိုင်က -

"ဆရာက အပြတ်ပြောလိုက်တော့ ထမင်းလည်း ပြတ်သွားတာပေါ့ ....၊ အမှန်က အပြတ်မပြောဘဲဝေ့လည်ကြောင်ပတ် ပြောထားရမယ်၊ ဒါမှ တစ်ညလောက်တော့ ထမင်းကောင်း ဟင်းကောင်း စားရမယ်"

ဆားဝူကျိန်းက -

"ဒါဆိုလည်းလွယ်ပါတယ် အစ်ကိုလတ်ရာ၊ အစ်ကိုလတ် ဒီအိမ်ရှင်ရဲ့ သမက်ဖြစ်အောင် လုပ်လိုက်ပေါ့၊ ဒါမှ ကောင်းကောင်းစား၊ ကောင်းကောင်းနေ၊ ကောင်းကောင်း အိပ်ရမှာ ...."

"အဲဒါပြောတာပေါ့၊ အဲဒီကိစ္စကို အေအေးဆေးဆေး တိုင်ပင်ကြရအောင်ပါလို့ ဆိုနေတာ ......"



ဇွန်းဟိန်ကျဲက ဝင်ပြောလိုက်၏။

"တိုင်ပင်စရာမလိုတဲ့ကိစ္စကို တိုင်ပင်နေရမလားကွ၊ မင်းနေခဲ့ချင် နေရစ်ခဲ့နိုင်တယ်၊ ဆရာကလည်း သဘောလို့ပြောထားပြီးပြီပဲ ....."

ကျူးပတ်ကိုင်က -

"မိန်းမယူလိုက်၊ ဆရာတော်နောက်လိုက်လိုက်၊ တော်ကြာမိန်းမယူလိုက်ဆိုတော့ မကောင်းပါဘူး အစ်ကိုကြီးရာ ...."

ဆားဝူကျိန်းက -

"ဟင် .... အစ်ကိုလတ်က မိန်းမရဖူးပြီလား အစ်ကိုကြီး"

"ဟင်း ... ဟင်း .... ဟင်း မင်းမသိသေးဘူးကိုး၊ သူဟာမိန်းမတစ်ယောက်ရခဲ့ဖူးပြီကွ၊ ပြီးမှဆရာတော်နောက်လိုက်လာတာ၊ အခု သူက မိန်းမယူချင်နေပြန်ပြီကွ"

ကျူးပတ်ကိုင်က -

"တော်ကြပါတော့ဗျာ၊ ကျုပ်တို့က ဗိုက်အဆာခံနိုင်ပေမယ့် ကျုပ် မြင်းကိုတော့ အစာပြတ်ခံလို့ မဖြစ်ဘူးဗျ၊ ကျုပ်မြင်းကို အစာသွားကျွေးလိုက်ဦးမယ်"

ကျူးပတ်ကိုင်သည် မြင်းဇက်ကြိုးကို ဆွဲဖြုတ်၍ထွက်သွားလေတော့၏။

တစ်ခဏမျှ စောင့်ပြီးနောက် ဇွန်းဟိန်ကျဲက ထရပ်လိုက်၏။

"ဝူကျိန်း .... ညီလေး ... ဒီမှာ ဆရာ့ကို စောင့်ရှောက်နေ၊ ဒီဝက်ကြီးကို ငါစိတ်မချဘူး၊ မြင်းကို ဘယ်မှာ သွားကျောင်းမလဲ ဆိုတာကို ငါလိုက်ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့၊ အစ်ကိုကြီး"

ထန်စန်းကျွမ်းဆရာတော်က အရိပ်အခြည်ကို သိသည်။

"မင်းလိုက်သွားပြီးရင် သူ့ကို အပြစ်တင် ကြိမ်းမောင်း မနေပါနဲ့၊ သူ စိတ်ချမ်းသာသလို နေပါစေ"

ဇွန်းဟိန်ကျဲသည် လက်အုပ်ချီလိုက်၏။

"မှန်ပါဘုရား ..."

ဇွန်းဟိန်ကျဲသည် အိမ်ထဲမှ ထွက်သွားလေတော့၏။

✱ ✱ ✱ ✱ ✱ ✱ ✱

## အခန်း (၆၇)

### သတို့သားလောင်း

စွန်းဟိန်ကျဲသည် အိမ်ပြင်သို့ ရောက်သည်နှင့် ခန္ဓာကိုယ်ကို တစ်ချက် လှုပ်လိုက်သည်။ ပုစဉ်းတစ်ကောင် ဖြစ်သွားပြီး ကျူးပတ်ကိုင် နောက်သို့ ပျံသန်းလိုက်ပါသွားလေ၏။

ကျူးပတ်ကိုင်သည် မြက်ခင်းရှိရာသို့ သွားရမည်ဖြစ်သော်လည်း မြက်ခင်းရှိရာသို့ မသွားဘဲ အိမ်အနောက်ဘက်သို့ သွားနေကြောင်း စွန်းဟိန်ကျဲ တွေ့ရှိရသည်။

အိမ်အနောက်ဘက်တံခါးမှာ ဖွင့်ထားပြီး အိမ်ရှင်အမျိုးသမီးသည် မိန်းကလေးသုံးဦးအား တစ်စုံတစ်ရာ စေခိုင်းနေကြောင်း တွေ့ရသည်။

ထိုမိန်းကလေးများသည် ကျူးပတ်ကိုင်အား တွေ့လိုက်သည်နှင့် အိမ်ထဲသို့ ထပြေးသွားကြလေ၏။

အမျိုးသမီးက တံခါးပေါက်ဝတွင် ရပ်၍ မေးလိုက်၏။

"ရှင်က ဘယ်သွားမလို့လဲ"

ကျူးပတ်ကိုင်သည် မြင်းဇက်ကို တုံ့ဆွဲလိုက်သည်။ သူသည် အမျိုးသမီးကို ရိုရိုသေသေ ဆက်ဆံ၏။

"အမေကြီးပါလား၊ ကျွန်ုပ်က မြင်းလာကျောင်းတာပါ"

အမျိုးသမီး၏မျက်နှာသည် ပျော့ပျောင်းသွား၏။

"သင့်ဆရာတော်က ထုံထုံအအပါ၊ သွက်သွက်လက်လက်မရှိဘူး၊ ငါနဲ့အကြောင်းဆက်ပေါင်းဖက်လိုက်ရင် လူချမ်းသာလိုနေရမယ်၊ နောက်ပြီး သင်တို့လည်း ငါ့သမက်တော်လိုက်ရင် ခုလိုကြမ်းတမ်းတဲ့ ခရီးလမ်းကို လျှောက်သွားနေရမှာ မဟုတ်တော့ဘူး ....."



ကျူးပတ်ကိုင်က -

"သူတို့ကတော့ ဘုရင်အမိန့်နဲ့ ထွက်လာကြတာ မဟုတ်လား၊ ဘယ်မှာ နေဝံ့ပါ့မလဲ၊ ကျွန်ုပ်ကိုတော့ သူတို့က နေခဲ့ကြဖို့ တိုက်တွန်းခဲ့ပါတယ်"

အမျိုးသမီးက -

"သင်ကကော မနေခဲ့ချင်ဘူးလား"

ကျူးပတ်ကိုင်က -

"ကျွန်ုပ်က လိုက်မသွားချင်ပါဘူး"

"မလိုက်ချင်ရင် နေခဲ့ပေါ့"

"နေခဲ့ချင်ပါတယ်၊ ဒါပေမယ့် ကျွန်ုပ်ရဲ့နှာခေါင်းကလည်း နည်းနည်းရှည်နေတယ်၊ နားရွက်ကလည်း နည်းနည်းကြီးနေတယ်၊ ဒီလောက် အရုပ်ဆိုးတဲ့လူကို သင်တို့လက်ခံနိုင်ပါ့မလား ....."

အမျိုးသမီးက -

"ငါကတော့ ချေးမများပါဘူး၊ အိမ်ပါသမက်ရရင် ကျေနပ်တာပဲ၊ ဒါပေမယ့် ငါ့သမီးတွေက သင် ရုပ်ဆိုးတာကို လက်ခံနိုင်ပါ့မလား မသိဘူး ...."

ကျူးပတ်ကိုင်က -

"သင့်ရဲ့ သမီးများကို ပြောပြလိုက်ပါ၊ ကျွန်ုပ်တို့ရဲ့ ဆရာ ထန်စန်းကျွမ်းဆရာတော်ဟာ အတော် ချောပါတယ်လို့၊ ဒါပေမယ့် ဘယ်နေရာမှ အသုံးချလို့ မရပါ၊ သူ့မှာ ရှိတာက အကျင့်၊ သီလ၊ သမာဓိ ရှိတာပါပဲ၊ ကျွန်ုပ်က ရုပ်ဆိုးပေမယ့် ပညာရှိတစ်ဦးဖြစ်ပါတယ်၊ လူတော် လူကောင်းတစ်ဦး ဖြစ်တယ်လို့လည်း ပြောလိုက်ပါ ....."

အမျိုးသမီးက -

"အိမ်ထောင်မှုဆိုတာ ရှုပ်ထွေးတယ်၊ အဲဒါတွေကို သင် နားလည်ရဲ့လား ...."

ကျူးပတ်ကိုင်က -

"ဒါတွေဟာ အသေးအမွှားတွေပါ၊ ကျွန်ုပ်က လယ်ထွန်တတ်တယ်၊ ငါးဖမ်းတတ်တယ်၊ ကုန်ကုန်ပြောရမယ်ဆိုရင် လူမှုကိစ္စအဝဝကို ကျွန်ုပ် အတွေ့အကြုံ ရှိနေပြီးပါပြီ ....."

အမျိုးသမီးက -

"ဒါဖြင့် သင် ပြန်ပြီး သင့် ဆရာနဲ့ တိုင်ပင်ကြည့်ပါဦးလေ၊ သင့်ဆရာက မကန့်ကွက်ရင် ငါ လက်ခံ နိုင်ပါလိမ့်မယ် ...."

ကျူးပတ်ကိုင်က -

"တိုင်ပင်စရာ မလိုပါဘူး၊ ကျွန်ုပ် ဆရာဟာ ကျွန်ုပ်ရဲ့ မိဘမှ မဟုတ်တာပဲ၊ ကျွန်ုပ် သဘောနဲ့ ကျွန်ုပ် ဆုံးဖြတ်နိုင်ခွင့် ရှိပါတယ် ....."

အမျိုးသမီးက -

"ဒီလိုဆိုရင်လည်း ငါ့သမီးတွေနဲ့ ငါတိုင်ပင်ကြည့်ပါဦးမယ်"

သူမသည် မပြောပြီး အခန်းထဲသို့ ပြန်ဝင် သွားလေ၏။ တံခါးသည် ပြန်ပိတ်သွားသည်။ သူမ၏ သမီးများနှင့် သူမ ပြန်တိုင်ပင်လေပြီ။

ကျူးပတ်ကိုင်သည် မြင်းကိုဆွဲပြီး ရပ်နေသေး၏။ အတန်ကြာမှ မြင်းဇက်ကြိုးကိုဆွဲ၍ ပြန်လှည့်ထွက်သွားလေ၏။

စွန်းဟိန်ကျဲသည် ပုစဉ်းတစ်ကောင် အဖြစ် အမျိုးသမီးနှင့် ကျူးပတ်ကိုင် စကားပြောနေသည့် နေရာအနီး၌ လှည့်ပတ် ပျံဝဲနေသဖြင့် သူတို့ ပြောဆိုနေသည့် စကားအလုံးစုံကို ကြားသိခွင့် ရခဲ့သည်။

သူသည် ကျူးပတ်ကိုင်ထက် အရင်ဦးစွာ ထန်စန်းကျွမ်းဆရာတော်ထံ ပြန်သွားသည်။ မူလ ရုပ်သွင်သို့ ပြန်လည် ဖန်တီးလိုက်သည်။ သူသည် အိမ်ပေါ်သို့ တက်သွားပြီး ထန်စန်းကျွမ်း ဆရာတော်ကို ဦးချလိုက်သည်။

"ဟိန်ကျဲ .... ကျူးပတ်ကိုင်ကို တွေ့ခဲ့သလား ...."

စွန်းဟိန်ကျဲက ခေါင်းညိတ်၏။

"တွေ့ခဲ့ပါတယ်၊ သူ မကြာခင် ရောက်လာပါတော့မယ်၊ တပည့်တော် သူတို့ပြောနေတဲ့ စကားတွေ အကုန်ကြားခဲ့ပါတယ်ဘုရား ....."

"ဟုတ်လား၊ သူတို့ချင်း အကျိုးရှိမယ့်စကားကို ပြောသလား၊ အကျိုးရှိတဲ့စကားပြောရင် ပြီးတာပါပဲလေ ....."

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်နှင့် အမျိုးသမီးပြောသည့်စကားများကို ပြန်လည်ပြောဆိုလေတော့၏။

"ကိစ္စမရှိပါဘူး၊ ငါတို့အကျိုးယုတ်မယ့် စကားမဟုတ်ပါဘူး၊ သူတို့ အကျိုးရှိရင်တော့ ငါခွင့်ပြုရမှာပဲလေ ....."

မကြာမီ ကျူးပတ်ကိုင်သည် အိမ်ရှေ့သို့ ပြန်ရောက်လာ၏။ မြင်းကို တိုင်တွင် ချည်နှောင်လိုက်သည်။ ကျူးပတ်ကိုင်သည် အိမ်ပေါ်



"ကျူးပတ်ကိုင် .... မြင်းကို အစာ ကျွေးပြီးပြီလား"

ကျူးပတ်ကိုင် လိမ်လည်လိုက်သည်။

"မြက်ကောင်းကောင်းမရှိတာနဲ့ မကျွေးခဲ့ရပါဘူးဆရာ"

ဤနေရာမှာ တောတောင်ဝန်းကျင်ဒေသဖြစ်သည်။ မည်သည့်နေရာ၌မဆို မြက်ပေါများလှသည်။ သူကမြက်မရှိဟုဆိုချေပြီ။ ရှိစေတော့။

စွန်းဟိန်ကျဲက -

"မြက်မရှိပေမယ့် မင်းသွားစရာ လာစရာတော့ ရှိမှာပေါ့နော်...."

ကျူးပတ်ကိုင်သည် ထိုစကားကို ကြားလိုက်ရသောအခါ သူအိမ်နောက်ဘက်သို့ သွားသည့်အဖြစ်ကို စွန်းဟိန်ကျဲတို့ သိသွားပြီဟု သိလိုက်လေ၏။

"ဂျောက် ....."

ထိုအခါ တံခါး ဖွင့်သံ ကြားပြီး အိမ်ရှင် အမျိုးသမီး ထွက်လာသည်ကို တွေ့လိုက်ရတော့၏။ အိမ်ရှင်အမျိုးသမီးနောက်မှ သူ၏သမီးသုံးယောက် လိုက်ပါလာသည်။

ထန်စန်းကျွမ်း ဆရာတော်သည် တစ်ချက်မျှ ကြည့်ပြီး စက္ခုန္ဒြေချလိုက်လေ၏။

အမျိုးသမီး လေးယောက်တို့သည် ဆရာတော်ရှေ့ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကြသည်။

"သမီးတို့ရေ ... ဟောဒီက ပိဋကတ်သုံးပုံ ပင့်ဆောင်မယ့်သူကို ဖူးလိုက်ကြပါဦး"

မိန်းကလေး သုံးယောက်တို့သည် ဆရာတော်အား ရှိခိုးကန်တော့ကြလေ၏။

စွန်းဟိန်ကျဲက ခေါင်းမော့ကြည့်သည်။ မိန်းကလေးသုံးယောက်ကို အကဲခတ်ခြင်းဖြစ်သည်။

ကျူးပတ်ကိုင်မှာ မိန်းကလေးများကိုကြည့်၍ လွန်စွာသဘောကျနေ၏။ မိန်းကလေးများမှာ လွန်စွာလှကြသည်မဟုတ်ပါလား။

ကျူးပတ်ကိုင်က -

"အခုလို လာရောက် ကန်တော့တာကို ကျေးဇူးတင်ပါတယ်၊ အခု ကန်တော့ပြီး ပြန်သွားနိုင်ပါပြီ"

မိန်းကလေး များသည် ရှိခိုး ကန်တော့ပြီး ပြန်လည် ထွက်ခွာသွားကြ၏။

အိမ်ရှင် အမျိုးသမီးသည် ဆရာတော်အား လက်အုပ် ချီ၍ လျှောက်သည်။

"ဆရာတော်ရဲ့ တပည့် သုံးယောက်ထဲမှာ ဘယ်သူ နေခဲ့မယ် ဆိုတာ တိုင်ပင်ပြီးပြီလား ...."

ထန်စန်းကျွမ်းဆရာတော်က မည်သို့အဖြေပေးရမည်မှန်း မသိဘဲ ဖြစ်နေသည်။

ဆားဝူကျိန်းက ဝင်ပြောလေ၏။

"တိုင်ပင်စရာမလိုပါဘူး၊ ကျူးပတ်ကိုင်က လက်ခံပါလိမ့်မယ်"

ကျူးပတ်ကိုင်က –

"ညီလေး ဘာဖြစ်လို့ မင်းတို့က ငါ့ကို ထားရစ်ခဲ့ချင်ရတာလဲ"

စွန်းဟိန်ကျဲက –

"ခုမှ ရှက်မနေပါနဲ့၊ မင်း .... အမေကြီးလို့ ခေါ်လိုက်သံကို ငါ ကြားပါတယ်"

ဆားဝူကျိန်းက –

"ဟုတ်တယ်၊ သူဟာ မိန်းမ သိပ်လိုချင် နေပါတယ်၊ ဒါကြောင့် သူ့ကို ထားခဲ့မှာပါ ...."

ကျူးပတ်ကိုင်သည် မျက်နှာတစ်ပြင်လုံး နီရဲသွား၏။

"ညီလေး .... ငါ့ကို ဒီလို မပြောပါနဲ့"

စွန်းဟိန်ကျဲက –

"အခုမှ ရှက်မနေပါနဲ့၊ အသင်ပဲ ယောက္ခမနဲ့ တိုင်ပင်ခဲ့တယ် မဟုတ်လား၊ ငါ အကုန်လုံး ကြားပြီးပါပြီ၊ ဆရာဟာ မင်းရဲ့ မိဘပေါ့၊ ဆားဝူကျိန်းကတော့ အောင်သွယ်ပေါ့၊ ရက်လည်း ရွေးမနေနဲ့တော့၊ ကနေ့ညပဲ နေ့ထူးနေ့မြတ် သတ်မှတ်လိုက်မယ် ..."

ကျူးပတ်ကိုင် စကား မပြောတော့ပါ။ ဆိတ်ဆိတ်နေ ဝန်ခံသည့် သဘောသာ ဖြစ်ပါသည်။

စွန်းဟိန်ကျဲက အိမ်ရှင်အမျိုးသမီးကို ပြောလိုက်သည်။

"ကဲ ကိစ္စက ရှင်းသွားပြီမဟုတ်လား၊ သင်လည်း မင်္ဂလာကိစ္စကို ခုချက်ချင်းပဲ စီစဉ်ပေတော့၊ ကျွန်ုပ်တို့အဖွဲ့လည်း မနက်ဖြန်စောစော ခရီးထွက်ရမှာ၊ ည စောစောအိပ်တော့ မနက် စောစော နိုးတာပေါ့ ...."

အမျိုးသမီးသည် သူ့ အိမ်သူ အိမ်သားများနှင့် ဧည့်ခံ ကျွေးမွေး ရန် ချက်ချင်း စီစဉ် ရတော့၏။ ထန်စန်းကျွမ်းဆရာတော်နှင့် တပည့်သုံး ယောက်သည် အိမ်ရှင်၏ ဧည့်ခံပွဲတွင် ဝင်ထိုင် ကြရတော့သည်။

စားသောက်ပြီးကြသောအခါ စွန်းဟိန်ကျဲက အမျိုးသမီးလက်သို့ ကျူးပတ်ကိုင်အား လွှဲအပ်ပေးလိုက်လေသည်။

စွန်းဟိန်ကျဲက –

"ဒီမှာအစ်မကြီး၊ သတို့သားကို အမကြီးလက်ထဲ အပ်လိုက်ပါပြီ၊ ကျွန်ုပ်တို့ အနားယူပါရစေတော့၊ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့ခရီး ပန်းလာလို့ပါ၊ စောစောအနားယူပြီးရင် စောစောပြန်ထွက်ကြရပါမယ်၊ အစ်မကြီးတို့မှာလည်း မင်္ဂလာကိစ္စနဲ့ ရှုပ်ယှက်ခတ်နေတော့ ကျွန်ုပ်တို့ကို လည်း ဧည့်ခံနိုင်တော့မှာ မဟုတ်ပါဘူး၊ ကျွန်ုပ်တို့ မနက် စောစော ထသွား ပါမယ်၊ ခွင့်ပြုပါ ..."

"ကောင်းပါပြီ"

အမျိုးသမီးက ခေါင်းညိတ်၏။ သူသည် အခန်းထဲ ဝင်သွား တော့၏။ သူသည် ကျူးပတ်ကိုင်အား အခန်းထဲသို့ ခေါ်ဆောင်သွားလေ ၏။

သူသည် အိမ်ထဲသို့ ဝင်ခဲ့သောအခါ အိမ်မှာ အခန်းခန်း ရှိနေ သည်ကို တွေ့ရသည်။ လမ်းတစ်လျှောက်လုံး ခလုတ် အကြိမ်ကြိမ် တိုက် လေ၏။ သူသည် စိတ်မရှည်နိုင်တော့သဖြင့် အမျိုးသမီးအား မေးမြန်း မိ၏။

"အမေရယ်၊ ကျွန်ုပ်ကို ဘယ်များခေါ်ဆောင်သွားမလို့ပါလဲ"

အမျိုးသမီးက –

"သင် စိတ်ရှည်ရှည် ထားစမ်းပါ၊ သင့်ကို အစား အသောက်တွေ ကျွေးမွေးဖို့ မီးဖိုဆောင်ကို ခေါ်လာတာပါ ....."

"ခုနက အခန်းတွေက ဘာ အခန်းတွေလဲ"

"သင်ဖြတ်လာတဲ့ အခန်းတွေက ဆန်စပါး သိုလှောင်တဲ့ အခန်း၊ ဆီသိုလှောင်တဲ့အခန်း၊ ရွှေငွေ သိုလှောင်တဲ့အခန်းနဲ့ ကျောက်သံပတ္တမြား သိုလှောင်တဲ့အခန်းတွေပဲဖြစ်ပါတယ်"

"ဟ .... အခန်းတွေကများလှချည်လား"

"မများပါဘူး၊ နည်းတောင်နည်းပါသေးတယ်"

သူတို့သည် ပြောပြောဆိုဆို မီးဖိုဆောင်သို့ ရောက်ရှိလာလေ တော့၏။

မီးဖိုဆောင်ထဲတွင် စားပွဲတစ်လုံး ရှိသည်။ စားပွဲပေါ်တွင် ဟင်းလျာများနှင့် အရက် စုံလင်စွာ ရှိနေသည်။

အမျိုးသမီးက –

"ကဲ သင် သဘောရှိ ဝအောင် စားပေတော့"

ကျူးပတ်ကိုင်သည် သူ့အား ပေးစားမည့် သတို့သမီးကို မြင်လိုသည်။ အစားပင်မစားနိုင်ပါ။

"ကျွန်ုပ် အစား မစား လိုတော့ပါဘူး၊ မြန်မြန်သာ လက်ထပ်ပေးပါတော့ ....."

အမျိုးသမီးက ရယ်မောလိုက်၏။

"ကောင်းပြီ၊ သင်ဒီလောက်တောင် လက်ထပ်လိုနေရင် ငါ့နောက်ကိုသာ လိုက်ခဲ့ပေတော့ ...."

အမျိုးသမီးသည် သူ့အား ခန်းမကြီး တစ်ခုဆီသို့ ခေါ်ဆောင်သွားလေတော့၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း (၆၈)

## ဆန်းစစ်မှု

ထိုခန်းမကြီးထဲတွင် ဖယောင်းတိုင်မီးများ ထွန်းညှိထားသဖြင့် အခန်းတစ်ခုလုံး ထိန်ထိန်လင်းနေ၏။

အမျိုးသမီးက –

"ကမန်းကတန်း စီစဉ်လိုက်ရတဲ့အတွက် မင်္ဂလာခန်းကို ဘာမှ ပြည့်စုံအောင် မလုပ်နိုင်ခဲ့ပါဘူး ....."

"မလိုပါဘူး၊ အခုအတိုင်းပဲ ကောင်းပါတယ်"

"အတော်ကို အကျဉ်းချုံးချင်တဲ့ သမက်ပါလား၊ ကောင်းပြီ ငါ ကုလားထိုင်ပေါ် ထိုင်မယ်၊ သင်က ငါ့ကို ရှိခိုး ကန်တော့ပေတော့"

. အမျိုးသမီးသည် ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်လိုက်၏။

ကျူးပတ်ကိုင်က ဒူးထောက်၍ရှိခိုးကန်တော့လိုက်၏။ ကျူးပတ်ကိုင်က မေးလိုက်သည်။

"အမေ ... ကျွန်ုပ်ကို ဘယ်သမီးနဲ့ ပေးစားမှာလဲဟင် ....."

အမျိုးသမီးက ညည်းညူလိုက်၏။

"ငါလည်း အခက်ကြုံနေပါပြီ"

"ဘာဖြစ်လို့လဲ ဟင်"

"သမီးကြီးနဲ့ပေးစားရင်လည်း သမီးလတ်က မကျေမနပ်ဖြစ်မယ်၊ သမီးလတ်နဲ့ပေးစားရင်လည်း သမီးငယ်က မကျေမနပ်ဖြစ်မယ်၊ သမီးငယ်နဲ့ ပေးစားရင်လည်း သမီးကြီးနဲ့ သမီးလတ်က မကျေမနပ်ဖြစ်မယ်"

"အင်း ..... ဒါဆိုရင် စဉ်းစားစရာပဲ"

ကျူးပတ်ကိုင်က စဉ်းစားပြီးပြောသည်။

"စဉ်းစားစရာပေါ့ ...."

အိမ်ရှင် အမျိုးသမီးကလည်း ပြောသည်။

"ဒီလို လုပ်ပါလား ...."

ကျူးပတ်ကိုင်က ပြောသော အခါ အိမ်ရှင် အမျိုးသမီးက မေးလေ၏။

"ဘယ်လို လုပ်ရမလဲ"

"သူတို့အချင်းချင်း မကျေနပ်ကြဘူးဆိုရင် သူတို့ဆူညံဆူညံနဲ့ အိမ်လည်း သာယာမှာမဟုတ်ဘူး၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် မကျေနပ် မဖြစ်ရလေအောင် သမီးသုံးယောက်စလုံးကို ကျွန်ုပ်နဲ့ ပေးစားလိုက်ပေါ့ ....."

အမျိုးသမီး က ခေါင်းယမ်းလိုက်၏။

"ဘယ်ဖြစ်ပါ့မလဲ၊ သင် တစ်ယောက်တည်းနဲ့ ငါ့ သမီး သုံးယောက်ကို အပိုင်စီးသလို ဖြစ်နေမှာပေါ့၊ အဲဒီလိုတော့ ငါမလိုချင်ဘူး"

ကျူးပတ်ကိုင်က –

"ယောကျ်ားကောင်း မောင်းမ တစ်ထောင်တဲ့ ..... ယောကျ်ား တစ်ယောက်ကို မိန်းမသုံးလေးယောက်ယူတာဟာ မဆန်းလှပါဘူး ...."

အမျိုးသမီးက ခေါင်းယမ်းလိုက်၏။

"မဖြစ်ပါဘူး ...."

ကျူးပတ်ကိုင်က –

"ဒါဖြင့် ဘယ်လို လုပ်မလဲ"

အမျိုးသမီးက –

"လွယ်ပါတယ်လေ၊ ငါ့မှာ လက်ကိုင်ပဝါ တစ်ထည် ရှိတယ်၊ မင်းရဲ့ မျက်နှာကို စည်းထားလိုက်၊ ငါ့ သမီး သုံးယောက်ကို သင့်ရှေ့က တန်းစီပြီး ဖြတ်လျှောက်ခိုင်းမယ်၊ သင်က သူတို့လက်ကို ဖမ်းဆွဲပေတော့ မိတဲ့လူနဲ့ ပေးစားမယ် ...."

ကျူးပတ်ကိုင် ဝမ်းသာသွားသည်။ ထိုအမျိုးသမီးကြီး၏ သမီး သုံးယောက်မှာ ချောမောသူများသာ ဖြစ်သဖြင့် မည်သူ့ကိုရရ သူ့အနေဖြင့် အရှုံးမရှိနိုင်ပေ။

"ကောင်းပြီလေ၊ အဲဒီအစီအစဉ်အတိုင်း ကျွန်ုပ် ဆောင်ရွက်ပါမယ်"

သူသည် အမျိုးသမီးကြီး၏ လက်ကိုင်ပဝါအား ယူ၍ သူ့မျက်နှာကို အုပ်လိုက်၏။



"ကဲ .... အမေ .... ကျွန်ုပ်အဆင်သင့်ဖြစ်ပါပြီ၊ အမေ့သမီးကို ခေါ်လိုက်ပါတော့ ....."

အမျိုးသမီးသည် အတွင်းခန်းသို့ ကြည့်ကာ အော်လိုက်၏။

"ကဲ .... သမီးတို့ရေ သမီးတို့ဖူးစာရှင်ကို လူရွေးဖို့ ထွက်ခဲ့ကြပေတော့ ...."

သူမ၏စကားသံဆုံးသွားသည်နှင့် လက်ကောက်သံတချွင်ချွင်ဖြင့် လျှောက်လာနေသံများကို ကြားလိုက်ရလေ၏။ မိန်းကလေးများသည် ကျူးပတ်ကိုင်ရှေ့မှ ဖြတ်သန်းလျှောက်သွားကြလေ၏။

ကျူးပတ်ကိုင်က လက်နှစ်ဖက်ဖြင့် မှန်းသန်း၍ လှမ်းဆွဲသည်။ သူသည် ထိုင်နေရာမှ ဆွဲ၍ မမိသော အခါ ထ၍ လိုက်ဆွဲ လေတော့၏။ သူသည် အလွန်အမင်း အိမ်ထောင်ပြုချင်စိတ်ပေါက်နေသဖြင့်မိန်းကလေးများအား ဒရောသောပါး ထဆွဲတော့သည်။

သူသည် တစ်ယောက်မျှ ဖမ်းမမိဘဲ အခန်းနံရံအား ဝင်ဆောင့်မိ၏။ စားပွဲနှင့်ကုလားထိုင်များအား တိုက်မိ၏။ အိမ်တိုင်အား ဝင်ဆောင့်မိ၏။

သူသည် ခေါင်းမူးလာတော့သည်။

နောက်ဆုံး ကြမ်းပေါ်၌ စိတ်ပျက်လက်ပျက် ထိုင်ချမိလေ၏။

သူသည် မောဟိုက်စွာဖြင့် ပြောသည်။

"အမေရယ် အမေ့သမီးတွေဟာ ငါးကလေးတွေ ကျနေတာပဲ၊ မြန်သမှ လှစ်ခနဲ ဖြစ်နေတော့တာပဲ၊ တစ်ယောက်မှလည်း ဖမ်းလို့မမိပါလား"

အမျိုးသမီးသည် သူ့မျက်နှာပေါ်၌ ချည်နှောင်ထားသည့် ပဝါအား ပြန်ယူလိုက်သည်။

"ဒီမှာ ငါ့သား .... သင်က ဖမ်းမမိတာ မဟုတ်ပါဘူး၊ သူတို့က သင့်ကို မလိုချင်ကြလို့ပါ ......"

"အဲဒါ ခက်နေတာပေါ့"

"သူတို့က တစ်ယောက်ကို တစ်ယောက် ငဲ့ညှာနေကြတာကွယ့်"

"ကျွန်ုပ်ပြောပြီးပြီပဲ၊ သူတို့အချင်းချင်း အဝေမတည့်ဖြစ်နေရင် ကျွန်ုပ်ကသုံးယောက်စလုံးကိုပဲ ယူပါမယ်လို့ ....."

"နေပါဦး ငါ့မှာ အကြံတစ်ခုရှိပါသေးတယ်"

"ဘာ အကြံပါလိမ့်"

"ငါ့သမီးသုံးယောက်မှာ အတွင်းခံအကျီတစ်ထည်စီရှိကြပါတယ် အဲဒီ အကျီတွေကို သင် ဝတ်ကြည့်ပါ၊ သင် ဝတ်လို့ တော်တဲ့ အကျီရှင်ဟာ သင့်ရဲ့ဖူးစာရှင်ပဲလို့ မှတ်လိုက်ပေတော့၊ အဲဒီသမီးနဲ့ သင့်ကိုပေးစားပါမယ် ......"

ကျူးပတ်ကိုင် ဝမ်းသာသွား၏။

"ဒါဖြင့်လည်း မြန်မြန်ယူခဲ့စမ်းပါ၊ ကျွန်ုပ်ဝတ်ချင်လှပါပြီ"

အမျိုးသမီးသည် အခန်းထဲသို့ ပြန်ဝင်သွားလေ၏။ သူမ ပြန်ထွက်လာသောအခါ အကျီသုံးထည်ပါလာသည်ကို တွေ့ရသည်။ သူသည် တစ်ထည်ပြီးတစ်ထည် ဝတ်ရမည်ဖြစ်သည်။

သူသည် အပေါ်အကျီကိုချွတ်ပြီး အတွင်းခံတစ်ထည်အား ဝတ်လိုက်၏။ ထိုအကျီသည် သူနှင့်အံကိုက်ဖြစ်နေတော့၏။ သူသည် အလွန်ဝမ်းသာအားရဖြစ်သွားသည်။

"အမေ ... ဒီမှာကြည့်ပါဦး"

"ဟုတ်ပါရဲ့၊ ဒီအကျီက သင်နဲ့တော်နေပြီ"

"ဒါ .... ကျွန်ုပ်ရဲ့ဖူးစာရှင်ပဲ၊ ဒီအကျီပိုင်ရှင်ကို ထွက်လာခိုင်းပေတော့ ...."

"အေး ... အေး ... ငါသွားခေါ်ခိုင်းလိုက်မယ်"

အမျိုးသမီးသည် အိမ်ထဲသို့ ဝင်သွား လေတော့၏။ ထို့နောက် ပြန်မထွက်လာတော့ပေ။

ကျူးပတ်ကိုင်က အော်ခေါ်သည်။

"အမေ ထွက်လာတော့လေ၊ ကျွန်ုပ်ဖူးစာရှင်ကို တွေ့နေရပါပြီ"

ထိုစဉ် သူ့ကိုယ်ပေါ်မှ အကျီသည် ကြိုးများ ဖြစ်နေတော့သည်။ သူ့အား ကြိုးများက တုပ်နှောင်ထားသည်။ ကြိုးများမှာ အလွန်တင်းကျပ်နေသဖြင့် နာကျင်သောဝေဒနာကို သူခံစားရလေသည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ သူလဲကျသွားလေ၏။ သူ့ဖူးစာရှင်ကတော့ ပေါ်မလာပါ။

ထန်စန်းကျွမ်းဆရာတော်၊ စွန်းဟိန်ကျဲနှင့် ဆားဝူကျိန်းတို့သည် အိပ်ရာမှနိုးထလာသောအခါ မိုးစင်စင်လင်းနေပြီကိုတွေ့ရလေ၏။ သူတို့သည် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ သူတို့အိပ်နေသည်မှာ



အဆောက်အအုံမဟုတ်တော့ဘဲ တောအုပ်တစ်ခုအကျွင်းရောက်ရှိနေသည်ကို တွေ့ရှိလိုက်ရသည်။

သူတို့သည် မြက်ခင်းပေါ် လဲလျောင်းနေကြခြင်းဖြစ်သည်။ ဆားဝူကျိန်းသည်အလွန်အံ့သြသွား၏။

"ဟောဗျာ ... ငါတို့ သရဲအခြောက်ခံလိုက်ရသလားမသိပါဘူး"

စွန်းဟိန်ကျဲမှာ အကြောင်းသိထားသူဖြစ်၍ ပြုံးနေမိသည်။

ထန်စန်းကျွမ်းဆရာတော်က –

"ဟုတ်တယ်၊ ငါတို့မြက်ခင်းပေါ်မှာ အိပ်နေရပါကလား၊ အခန်းထဲမှာ အိပ်နေရာက ဘယ်လိုဖြစ်တာလဲ ...."

စွန်းဟိန်ကျဲက –

"တပည့်တော်တို့ မြက်ခင်းပေါ် အိပ်ရတာ တော်သေးတာပေါ့ ဟိုဝက်ပုတ်ကြီး ဘယ်မှာ ဝဋ်ခံနေရပြီလဲ မသိဘူး ...."

ဆရာတော်က –

"သူက ဘာကြောင့် ဝဋ်ခံရမှာလဲ"

စွန်းဟိန်ကျဲက ရယ်မောသည်။

"မနေ့ညတုန်းက တပည့်တော်တို့ တည်းခိုတဲ့အိမ်မှာ ရှိကြတဲ့ အမျိုးသမီးတွေက ဘယ်က နတ်သမီးတွေမှန်းမှ မသိတာ၊ သူတို့သန်းခေါင်ယံမှာ ပြန်သွားတော့ တပည့်တော်တို့အားလုံး ဒုက္ခဖြစ်ကုန်တာပေါ့ ဟိုဝက်ကြီးရဲ့ ဒုက္ခကပိုလိမ့်မယ်လို့ တပည့်တော် ထင်တယ် ...."

ဆရာတော်သည် ထိုစကားကို ကြားလိုက်ရသောအခါ ကွမ်ယင်မယ်တော်၏ ကျေးဇူးဂုဏ်ကို အောက်မေ့လိုက်၏။

ထိုစဉ်သစ်ပင်တစ်ပင်ပေါ်မှစာရွက်တစ်ရွက်လွင့်လာတော့သည်။

ဆားဝူကျိန်းက ဖမ်းယူလိုက်ပြီး ထန်စန်းကျွမ်းဆရာတော်၏ လက်ထဲသို့ ထည့်ပေးလိုက်လေ၏။ ဆရာတော်သည် ထိုစာရွက်ကို ဖြန့်၍ဖတ်လိုက်၏။

စာရွက်ပေါ်၌ –

"ပိဋကတ်သုံးပုံ သွားရောက်ပင့်ဆောင်မည့်သူများ စိတ်ဓာတ်ခိုင်ကျည်ခြင်းရှိမရှိ၊ သိရှိစမ်းသပ်လိုသဖြင့် နတ်သမီးများက မိန်းကလေးများအဖြစ် ဖန်ဆင်းပြီး ဆန်းစစ်ခြင်းဖြစ်သည်။

ဆရာတော်မှာမူ စိတ်ဓာတ်ခိုင်ကျည်ပြီး ဖြစ်၍ ကျွန်ုပ်တို့ ဖြား

ယောင်း သွေးဆောင်၍ မရပေ၊ စွန်းဟိန်ကျဲနှင့် ဆားဂူကျိန်းတို့လည်း အခြေအနေ ကောင်းသည်။

ကျူးပတ်ကိုင် တစ်ယောက်မှု လွန်စွာ စိတ်ဓာတ်ပျော့ညံ့သည်။ သူ၏ စိတ်ဓာတ်ကို ပြုပြင်သင့်သည်ဟု ယူဆပါသည်။"

ဆရာတော်သည် စာကိုဖတ်ရှုပြီးနောက် စွန်းဟိန်ကျဲနှင့် ဆားဂူကျိန်းကို ပေးဖတ်လိုက်၏။

ထိုစဉ် တောအုပ်ထဲမှ အော်သံတစ်သံကို ကြားရတော့သည်။ ကျူးပတ်ကိုင်၏အော်သံပေတည်း။

"ဆရာရေ တပည့်တော်ကို ကယ်ပါဦး၊ တပည့်တော် နောင်တရပါပြီ"

ဆရာတော်က -

"ဒီအသံဟာ ကျူးပတ်ကိုင်ရဲ့ အသံပေပဲ၊ ဟုတ်တယ် မဟုတ်လား ...."

စွန်းဟိန်ကျဲက -

"ဟုတ်ပါတယ် ဆရာ"

"ဒါဖြင့်လည်း သွားကယ်လိုက်ပါဦး"

"တပည့်တော်တို့ ထွက်သွားကြမယ်ဆရာ၊ ဒီလောက်တောင် မိန်းမယူချင်တဲ့ကောင် ထားခဲ့တာပဲ ကောင်းလိမ့်မယ်"

"မလုပ်ပါနဲ့၊ ကျူးပတ်ကိုင်ဟာ စိတ်ကစားတတ်ပေမယ့် ရိုးသားမှု အပြည့် ရှိပါတယ်၊ သူ့ကို ခွင့်လွှတ်လိုက်ပါ၊ မိန်းမနဲ့ အရက်နဲ့ ဖြားယောင်းတာမျိုးဟာ သူသူ ကိုယ်ကိုယ် မှားမိ တတ်ကြပါတယ်။ ကဲ... ငါတို့ ကျူးပတ်ကိုင်ကို ဝင်ကယ်ပြီး ခရီးဆက်သွားကြစို့ ..."

ဆားဂူကျိန်းသည် အထုပ်အပိုးများကို ပြင်ဆင် ထမ်းပိုးသည်။

စွန်းဟိန်ကျဲက မြင်း၏ ဇက်ကြိုးကို ဖြုတ်သည်။

သူတို့သည် တောအုပ်ထဲသို့ ဝင်သွားကြလေ၏။

တောအုပ်ထဲတွင် ကျူးပတ်ကိုင်သည် သစ်ပင်ပေါ်၌ ကြိုးတုပ်ခံနေရသည်။

ကျူးပတ်ကိုင်သည် ဆရာတော်တို့အား မြင်သောအခါ အသံကုန်ဟစ်အော် အော်ခေါ်တော့၏။

"ဆရာ ... ဆရာ ... တပည့်တော်ကို ကယ်ပါဦး"



စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"သမက်ကလေးရယ် ဒီလောက် နေမြင့် နေတာ တောင် ဆရာ့ဆီကို မလာဘဲနဲ့ ဒီသစ်ပင်ပေါ် တက်ပြီး ဆော့နေရသလား ..."

သူသည် ဟိုဟိုဒီဒီ ကြည့်လိုက်၏။

"ဟင်း ... မင်းရဲ့ ယောက္ခမနဲ့ မိန်းမကော၊ သူတို့ ဘယ်ရောက်သွားသလဲ ..."

ကျူးပတ်ကိုင်က -

"အစ်ကိုကြီးရာ ဒါတွေ မပြောပါနဲ့တော့"

"ဟ ...ငါက မသိလို့ မေးတာကွ၊ သူတို့က မင်းကို ကြိုးနဲ့တုပ်ပြီး သစ်ပင် ပေါ်မှာ ချိတ်ဆွဲ သွားရသလား၊ တော်တော် ရက်စက်တဲ့ ယောက္ခမနဲ့ မိန်းမပဲ"

"တော်ပါတော့ အစ်ကိုကြီးရာ"

ကျူးပတ်ကိုင်မှာ ရှက်လွန်းသဖြင့် ခေါင်းမဖော်နိုင်တော့ပေ။

ဆားဂူကျိန်းသည် အထုပ်ကိုချ၍ သစ်ပင်ပေါ်တက်ကာ ကြိုးဖြေပေးရသည်။

ကျူးပတ်ကိုင်သည် ဆရာတော်အား အကြိမ်ကြိမ် ဦးချရှိခိုးလေ၏။

စွန်းဟိန်ကျဲက ပြုံးပြီး -

"ညီလေး ... သူတို့ ဘယ်သူတွေဆိုတာ သိလိုက်ရဲ့လား ..."

ကျူးပတ်ကိုင် ခေါင်းယမ်းလိုက်၏။

"မသိပါဘူး"

စွန်းဟိန်ကျဲသည် ဆရာတော် စောစောက လှမ်းပေးသည့် စာရွက်ကို လှမ်းပေးလိုက်သည်။ ဤစာကို ကျူးပတ်ကိုင် ဖတ်သင့်သည် မဟုတ်ပါလား။

ကျူးပတ်ကိုင်သည် စာရွက်ကို ဖတ်ကြည့်လိုက်၏။ ထိုအမျိုးသမီးများမှာ နတ်သမီးများ ဖြစ်ကြောင်း သိရှိ လိုက်ရတော့သည်။

ဆားဂူကျိန်းက ရယ်မောပြီး -

"အစ်ကိုလတ် သိပ်ကံကောင်းပါတယ်ဗျာ၊ နတ်သမီးနဲ့ လက်ထပ်ခဲ့ရတယ် မဟုတ်လား ..."

ကျူးပတ်ကိုင်က -

"ငါ နောင်တ ရပါပြီကွာ၊ ရှက်စရာ ဒီအဖြစ်ကို ထပ်မပြောကြပါနဲ့တော့ ..."

ဆရာတော်က -

"ငါ့တပည့် နှောင်တရရင် ပြီးတာပါပဲ၊ ဒီလို အမှားမျိုး ထပ် မမှားကြနဲ့ ..."

ဤသို့ဖြင့် သူတို့လေးဦးသည် ဆက်လက်ခရီးထွက်ခွာသွားကြ လေတော့၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၆၉)

## ယင်စန်းကုသစ်သီး

ထန်စန်းကျမ်းဆရာတော်၊ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်နှင့် ဆား ဝူကျိန်းတို့သည် အနောက်ဘက်သို့ ဆက်လက်ခရီးထွက်လာကြသည်။ သူတို့သည် တောင်အသွယ်သွယ် မြစ်ချောင်းအင်းအိုင်အဝဝတို့ကို ဖြတ် ကျော်၍ မလျှော့သော ဇွဲလုံ့လဖြင့် ခရီးဆက်ကြသည်။

တစ်နေ့တွင် သူတို့သည် အလွန်သာယာသော နေရာသို့ ရောက် ရှိလာကြလေ၏။

ဆရာတော်သည် ပုထုဇဉ်ဖြစ်သည့်အလျောက် ထိုသာယာမှုတွင် နစ်မျောမိသည်။

ဆရာတော်က -

"ဟိန်ကျဲ .... ငါတို့ ဖြတ်သန်းခဲ့တဲ့ နေရာတွေဟာ ခက်ခဲ ကြမ်းတမ်းတဲ့ နေရာတွေချည်းပဲဖြစ်တယ်၊ အန္တရာယ်များတဲ့ နေရာတွေပဲ"

"မှန်ပါတယ်ဆရာ"

"ခုလို လှပပြီး ကြည်နူးစရာ ကောင်းတဲ့ နေရာမျိုးကို တစ်ခါမှ မကြုံခဲ့သေးပါဘူး ..."

စွန်းဟိန်ကျဲက ရယ်မောလိုက်၏။

"ဟုတ်ပါတယ်ဆရာ၊ အကောင်းနဲ့ အဆိုးဟာ အမြဲတမ်း ဒွန်တွဲ နေတာပါပဲ"

"သာယာတဲ့ နေရာတွေ ရောက်လာလေလေ ကျုပ်ဟာ ပိဋကတ် သုံးပုံနဲ့ နီးစပ်လေလေလို့ ငါထင်တယ်၊ ပိဋကတ်သုံးပုံဟာ ငါတို့နဲ့မဝေး တော့ဘူးလို့ ထင်တယ်"

"တပည့်တော်ကတော့ ဒီလိုမထင်ပါဘူး၊ ဝေးနေသေးတယ်လို့ ထင်ပါတယ်ဘုရား"

ဆားဝူကျိန်းက -

"ဘယ်လောက် ဝေးသေးသလဲဟင်"

"အများကြီး လိုသေးတယ်"

"အခု ကျုပ်တို့ လျှောက်ခဲ့တာ ခရီးတစ်ဝက်လောက် ရှိပြီလား"

"ဆယ်ပုံ တစ်ပုံလောက်ပဲ ရှိလိမ့်မယ်"

"ဝေးလှချည်လား"

ဆားဝူကျိန်းက ညည်းညူလိုက်သည်။

ဆရာတော်က -

"ပိဋကတ်သုံးပုံနဲ့ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ ဒီနေရာဟာ အလွန်သာယာတဲ့နေရာ ဖြစ်တယ်ဆိုတာတော့ မမှားပါဘူး၊ ဒီနေရာဟာ သာယာ လွန်းတော့ ဒီ နေရာကို ဖြတ်သန်းတဲ့ အခါ ငါတို့ အေးအေး ဆေးဆေးပဲ ဖြတ်သန်းကြပါစို့ ....."

"ဆရာ့ သဘောအတိုင်းပါပဲ ဆရာ"

သူတို့သည် ဆက်လက်လျှောက်သွားလေတော့၏။ဆရာတော်တို့ ရောက်ရှိနေသည့် တောင်မှာ ဝမ်းရှူးစန်းတောင် ဟု ခေါ်သည်။

တောင်ထိပ်တွင် အလွန်ကြီးကျယ်ခမ်းနားသော ကျက်သရေရှိသော ဘုရားကျောင်း တစ်ခု ရှိလေ၏။ ထိုဘုရားကျောင်း၏အမည်မှာ "ဝူကျွမ်းကွမ်း" ဟုဖြစ်လေ၏။

ယင်းဘုရားကျောင်းတွင် နတ်တစ်ပါးနေထိုင်သည်။ ထိုနတ်သား၏အမည်မှာ "ကျင်ဝမ်ကျူ" ဖြစ်လေ၏။

ထိုဘုရားကျောင်းထဲတွင် ထူးဆန်းသောသစ်ပင်တစ်ပင်ရှိသည်။ ယင်းသစ်ပင်မှာ "ယင်စန်းကု" ဖြစ်သည်။ ဤသစ်ပင်မှ လူပုံသဏ္ဌာန် အသီးတစ်မျိုး သီးသည်။

ထိုသစ်ပင်မှ အပွင့်သည် နှစ်ပေါင်းသုံးထောင်မှ တစ်ကြိမ် ပွင့်သည်။ ပန်းပွင့်များ ဖူးပွင့်ပြီးနောက် နှစ်ပေါင်းသုံးထောင်မှ အသီး သီးသည်။ ထိုအသီးသည် နှစ်ပေါင်းသုံးထောင်ကြာမှမှည့်တတ်သည်။

ထို့ကြောင့် ထို "ယင်စန်းကု" အသီးအား စားနိုင်ခွင့် ကြုံရန် နှစ်ပေါင်းကိုးထောင်မျှ စောင့်ရလေ၏။ ထိုနှစ်ပေါင်း တစ်သောင်းနီးပါးတွင်



အသီးသုံးဆယ်မျှသာ သီးခဲ့၏။

အသီး၏ပုံသဏ္ဌာန်မှာ သုံးရက်မပြည့်သေးသော ကလေးငယ် တစ်ယောက်၏ ပုံသဏ္ဌာန်မျိုးဖြစ်ပေသည်။ ဤအသီးတွင် ခြေလက်၊ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးနှင့် မျက်ခုံးများ အားလုံးပါရှိသည်။

အကယ်၍ ကုသိုလ်ကံ ထူးပါလျှင် ထိုလူသည် ထိုအသီးအား တစ်ချက်မျှ အနံ့ခံရုံနှင့် အသက် သုံးရာခြောက်ဆယ်ကျော် အသက် ရှည်နိုင်သည်။ အသီးတစ်လုံးကို စားလိုက်မိပါက အသက်လေးသောင်း ခုနစ်ထောင်အထိ အသက်ရှည်နိုင်သည်။

ကျင် ဝမ်ကျူသည် နတ်မင်းကြီး၏ဖိတ်ကြားချက်အရ တရားနာ ရန် ကြွရောက်ရမည်ဖြစ်သည်။ နတ်မင်းကြီး၏ဖိတ်ခေါ်ချက်ကို ဥပေက္ခာ ပြုရန်မဖြစ်နိုင်ပေ။

သူ၏လက်အောက်တွင် တပည့်ပေါင်း လေးဆယ့်ရှစ်ယောက်ရှိ သည်။ အားလုံး ဈာန်ရကြသည်။ ကောင်းကင်တွင် ပျံသန်းနိုင်သည်။

တပည့်နှစ်ယောက်ကို ကျောင်းစောင့်ရန် တာဝန်ပေးခဲ့ပြီး ကျန် သောတပည့်များအားလုံးကို တရားနာရန် ခေါ်ဆောင်သွားသည်။ ထို တပည့်နှစ်ယောက်၏ အမည်မှာ ချင်းဖုံးနှင့် မိန်ရွက်ဖြစ်လေ၏။

ချင်းဖုံးမှာ အသက်တစ်ထောင့်သုံးရာနှစ်ဆယ်ရှိပြီး မိန်ရွက်မှာ အသက်တစ်ထောင့်နှစ်ရာရှိသည်။

ကျင်ဝမ် ကျူ သည် ထွက်ခွာခါနီး၌ အသေအချာမှာကြားသည်။

"ဆရာတို့ သွားမယ်၊ သင်တို့ နှစ်ယောက်က ဘုရားကျောင်းကို သေချာစွာ စောင့်ရှောက်ပါ၊ တကယ်လို့ မိတ်ဟောင်း ဆွေဟောင်းများ ရောက်လာရင် ဧည့်ခံပါ၊ အသီး နှစ်လုံးကို ကျွေးမွေး လိုက်ပါ၊ ကျွန်ုပ် ခွင့်ပြုတယ် ..."

ချင်းဖုံးနှင့် မိန်ရွက်တို့က သေချာအောင် ပြန်မေး၏။

"ဆရာရဲ့မိတ်ဆွေဆိုတာ ဘယ်သူများပါလိမ့်၊ ဆရာပြောပြမှသာ တပည့်တို့ သိကြမှာပါ၊ ဒါမှ တပည့်တို့လည်း ကောင်းကောင်း မွန်မွန် ဧည့်ခံနိုင်မှာ ...."

ကျင်ဝမ် ကျူက -

"အင်း ... သင်တို့ပြောတာ မှန်ပေတယ်၊ ကျွန်ုပ်ရဲ့ မိတ်ဆွေဆိုတာ ကတော့ ပိဋကတ် သုံးပုံကို ပင့်ဆောင်မယ့် ထန်စန်းကျွမ်း ဆရာတော်ပဲ

ဖြစ်ပါတယ် ..."

ချင်းဖုံးနှင့် မိန်ရွက်တို့မှာ အံ့အားသင့်သွား၏။

"ဆရာနဲ့ သူဟာ အသက်အများကြီး ကွာခြားနေတယ် မဟုတ်လား၊ ဘယ်လိုလုပ် မိတ်ဆွေ ဖြစ်နိုင်မှာလဲ ..."

ကျင်'ဝမ်ကျူက ရယ်မောလိုက်သည်။

"သင်တို့မှ မသိဘဲကိုး၊ ထန်စန်းကျွမ်းဆရာတော်ဟာ ဘဝဟောင်းက မိတ်ဆွေတွေပဲ ...."

ချင်ဖုံးနှင့် မိန်ရွက်တို့သည် ပြိုင်တူပင် ဦးညွှတ်မိကြလေ၏။

"စိတ်ချပါဆရာ ... တပည့်တို့ သေသေချာချာ သိသွားပြီပဲ၊ ဆရာတော့်ကို သေသေချာချာ ဧည့်ခံလိုက်ပါမယ် ...."

ကျင် ဝမ်ကျူက -

"တစ်ခုတော့ရှိတယ်၊ ထန်စန်းကျွမ်းဆရာတော်က သိက္ခာသမာဓိ၊ သီလရှိပါတယ်၊ ဒါပေမယ့် သူ့တပည့်ကိုတော့ စိတ်မချရဘူး၊ သူတို့ကို သတိထားပါ"

ချင်းဖုံးနှင့် မိန်ရွက်တို့က ခေါင်းညိတ်လိုက်ကြ၏။

"စိတ်ချပါ ဆရာ ...."

ကျင်ဝမ်ကျူသည် တပည့်များကို မှာကြားပြီးနောက် တပည့်များကို ဦးဆောင်ပြီး ထွက်ခွာသွားလေတော့၏။

ထိုအချိန်တွင် ထန်စန်းကျွမ်းဆရာတော်သည် သာယာသော ရှုမျှော်ခင်း၏ အရသာကို ခံစားရင်း တဖြည်းဖြည်းတောင်ပေါ်သို့တက်လာကြ၏။ တောင်ထိပ်သို့ ရောက်သောအခါ အလွန်ခမ်းနားကြီးကျယ်သော ဘုရားကျောင်းကြီးတစ်ခုအား တွေ့မြင်လိုက်ရတော့သည်။

ထန်စန်းကျွမ်းဆရာတော် ဝမ်းသာသွား၏။

"ဟိန်ကျဲ ... ရှေ့မှာ ဘုရားကျောင်းမဟုတ်လား"

"ဟုတ်မယ်လို့ ထင်တာပဲ"

သူတို့သည် ဘုရားကျောင်းသို့ ရောက်ရန်ခြေလှမ်းကျဲကျဲဖြင့် လျှောက်လေတော့၏။ မကြာမီ ဘုရားကျောင်းရှေ့သို့ ရောက်ရှိသွားကြသည်။

ထန်စန်းကျွမ်းဆရာတော်သည် မြင်းပေါ်မှ ကမန်းကတန်း ဆင်းလိုက်၏။ ဘုရားကျောင်းရှေ့ စိုက်ထူထားသော ကျောက်ပြား တစ်ခုကို



တွေ့ရှိရသည်။

ဆရာတော်က -

"ဘုရားကျောင်း တစ်ခုပဲ ...."

ဆားဝူကျိန်းက -

"ဒီဘုရားကျောင်း ကြည့်ရတာ ကျက်သရေ အတော်ရှိတာပဲ၊ သူတော်ကောင်း သူမြတ်လောင်းတွေ နေထိုင်တဲ့ နေရာ တစ်ခု ဖြစ်ပါလိမ့်မယ်"

ကျူးပတ်ကိုင်က -

"အဲဒါ အရေး မကြီးပါဘူး၊ အရေး ကြီးတာက ဘုန်းတော်ကြီး တစ်ပါးပါးကို တွေ့ရင်တွေ့၊ မတွေ့ရင် ကပ္ပိယတစ်ယောက်ယောက်ကို တွေ့ဖို့ပဲ၊ တွေ့ရင် တစ်ညတော့ တည်းခိုလို့ရတာပေါ့ ...."

သူတို့ စုဝေး၍ စကား ပြောနေစဉ် လူ နှစ်ယောက်သည် သူတို့ တူရှုသို့ လျှောက်လာလေ၏။ သူတို့သည် ထန်စန်းကျွမ်းဆရာတော်အား တွေ့မြင်လိုက်သည်နှင့် ရိုသေစွာ ရှိခိုးလိုက်ကြသည်။

တစ်ယောက်က -

"အထဲကို ကြွပါ ဆရာတော်"

ဆရာတော်သည် လူများကိုအထူးမတောင်းပန်ရဘဲ လူများက ပင့်ဖိတ်လိုက်သည်ဖြစ်၍ လွန်စွာဝမ်းသာသွား၏။

လူနှစ်ယောက်သည် ဘုရားခန်း တံခါးကို ဖွင့်ပေးကြသည်။

ထန်စန်းကျွမ်း ဆရာတော်သည် အမွှေးတိုင်များ ထွန်းညှိပြီး မြတ်စွာဘုရားကို ရှိခိုးကန်တော့လေ၏။ ထို့နောက် ကုလားထိုင်ပေါ်သို့ ထိုင် လိုက်သည်။

ဆရာတော်က -

"ဒါနဲ့ ဘုရားကျောင်းထဲမှာ လူကြီးမရှိဘူးလား ...."

လူတစ်ဦးက ဖြေ၏။

"ရှိပါတယ် .... သူတို့က တရားနာဖို့ ကြွသွားကြပါတယ် ...."

ထန်စန်းကျွမ်းဆရာတော်က -

"ကျုပ်တို့ဟာ ပိဋကတ်သုံးပုံကို ပင့်ဆောင်မယ့် ပုဂ္ဂိုလ်တွေပါ၊ ကျုပ်တို့ဖြတ်သန်းလာတဲ့ ခရီးဟာ အဝေးကြီးပါ၊ သွားရောက်ရမယ့် ခရီးက ပိုပြီး ရှည်ဝေး ပါသေးတယ်၊ ဒါကြောင့် ကျုပ်တို့ ဒီဘုရားကျောင်းမှာ

တစ်ညလောက် နားပါရစေ ....”

လူနှစ်ဦးစလုံးက လက်အုပ်ချီ လျှောက်ထားကြလေ၏။

“ရပါတယ်ဘုရား၊ သဘောအတိုင်း လွတ်လွတ်လပ်လပ် နေထိုင်နိုင်ပါတယ်ဘုရား .....”

ဤသို့ဖြင့် လူနှစ်ယောက်သည် တည်းခိုသူများအားလုံးအတွက် အိပ်စက်နားနေရန် ပြင်ဆင်ပေးကြလေ၏။

ကျူးပတ်ကိုင်ကမူ မြင်းကို ဆွဲခေါ်သွား၏။ အစာ ကျွေးရန် ဖြစ်သည်။

ဆားဝူကျိန်းသည် အထုပ်အပိုးကို တပိုက်ပိုက်ဖြင့် စောင့်နေရလေ၏။

ထန်စန်းကျွမ်းဆရာတော်က –

“စွန်းဟိန်ကျဲ .... သင်က မြင်းကို သွားကျောင်းပါ၊ ကျူးပတ်ကိုင်ကို ဆွမ်းချက်ခိုင်းလိုက်မယ်၊ မကောင်းဘူးလား ....”

“ကောင်းပါတယ်ဆရာ”

စွန်းဟိန်ကျဲသည် ကျူးပတ်ကိုင်ရှိရာသို့ လိုက်သွားပြီး ကျူးပတ်ကိုင်ကို ပြန်လွှတ်လိုက်သည်။

ကျူးပတ်ကိုင်သည် ဆွမ်းချက်ရန် ပြင်ဆင်ရတော့၏။

ချင်းဖုံးနှင့်မိန်ရှက်တို့သည် ထန်စန်းကျွမ်းဆရာတော်အား နေရာချထားပေးပြီးသည်နှင့် အပြင်သို့ ထွက်လာကြ၏။

ချင်းဖုံးက –

“ဒီမှာ မိန်ရှက် ... ဒီဆရာတော့်ကို ကြည့်ရတာ အတော့်ကို ကျက်သရေရှိတယ်၊ သိက္ခာ၊ သမာဓိလည်း ရှိပုံရတယ်၊ ဆရာက ငါတို့ကို သစ်သီးနှစ်လုံး ကျွေးလိုက်ပါလို့ မှာခဲ့တယ်မဟုတ်လား”

မိန်ရှက်က –

“မှာခဲ့တယ်လေ၊ သူ့တပည့်တွေကိုလည်း သတိထားလို့မှာခဲ့တယ်၊ ဟုတ်တယ်၊ သူ့တပည့်သုံးယောက်လုံးဟာ အတော်ရုပ်ရည်ကြမ်းတမ်းတယ်၊ ဆရာတော်က ကြည်ညိုစရာကောင်းသလောက် တပည့်တွေကို ရွံ့မုန်းဖို့ ကောင်းတယ်၊ အားလုံးကို သတိထားရမယ် ....”

ချင်းဖုံးက –

“ဒါပေမယ့် ဆရာရဲ့ မိတ်ဆွေဟောင်းဟုတ်တယ်၊ မဟုတ်ဘူး



ဆို တာတော့ သေသေ ချာချာ စုံစမ်း ရဦးမယ်၊ တော်ကြာ လူမှားသွားရင် မကောင်းဘူး....”

မိန်ရှက်က –

“အဲဒါတော့ ကိစ္စမရှိပါဘူး”

“ဘာဖြစ်လို့လဲ”

“သူပြောပြီးသွားပြီပဲ၊ ပိဋကတ်သုံးပုံကို သွားရောက်ပင့်ဆောင်မယ့် အဖွဲ့ဆိုတာ ပေါ်နေပြီပဲ၊ တစ်ညတည်းခိုဖို့တောင် ခွင့်တောင်းသေးတာပဲ”

“အင်း ဒါဆိုလည်း ပြီးတာပါပဲ”

“ဒါဖြင့် ဆရာမှာကြားတဲ့အတိုင်း ဧည့်ခံလိုက်ကြရအောင်”

“ဟုတ်တယ်၊ ဧည့်ခံလိုက်ကြမယ်”

“ဒါဖြင့် အခန်းထဲသွားပြီး ယင်စန်းက အသီးကို ယူလိုက်ကြရအောင် .....”

သူတို့သည် အခန်းထဲသို့ ဝင်ကြလေ၏။

ချင်းဖုံးက –

“ငါက ရွှေတူကို ယူမယ်၊ သင်က ရှင်လုံးလင်ပန်းကို ယူပေတော့”

သူတို့သည် အခန်းထဲမှ ရွှေတူနှင့် ရှင်လုံးလင်ပန်းကို ယူ၍ ထွက်လာကြ၏။

မိန်ရှက်သည် ရှင်လုံးလင်ပန်းကို ပဝါခင်းထားသည်။ ထို့နောက် သူတို့သည် ခြံထဲသို့ ဆင်းခဲ့ကြတော့၏။ ချင်းဖုံးသည် သစ်ပင်ပေါ် တက်သည်။ မိန်ရှက်က သစ်ပင်အောက်မှ စောင့်သည်။

ချင်းဖုံးသည် အသီးနှစ်လုံးကို ဖြုတ်ချလိုက်၏။ ယင်စန်းက သစ်သီးနှစ်လုံးကိုရသောအခါ သူတို့သည် ဆရာတော်ဘုရားထံသို့ သွားကြလေတော့၏။

“အရှင်ဘုရား ..... ဒီကျောင်းမှာ ဘာမှ စားစရာ မရှိပါဘူး၊ ခြံထဲကထွက်တဲ့ ယင်စန်းက သစ်သီးကိုပဲ အရှင်ဘုရားကို ကပ်ပါရစေ”

ထန်စန်းကျွမ်းဆရာတော်သည် ထိုသစ်သီးကို မြင်သောအခါ စားစရာ သစ်သီးဟု မမြင်ချေ။ သူငယ်ကလေးများ ဟုသာမြင်သည်။ သစ် သီးများသည် လူပုံပင် ဖြစ်ပေါ်နေသည်မဟုတ်ပါလား။ ထို့ကြောင့် သူ့အား စားပါဟု လာရောက်ဆက်ကပ်သောအခါ တုန်လှုပ်သွားလေ၏။

ဆရာတော်သည် နောက်ဆုတ်သွားလေ၏။

"ဒုက္ခ၊ ဒုက္ခ သင်တို့ အဘယ်ကြောင့် ရက်သားတောင် မရှိသေးတဲ့ ကလေးကို ငါ့ကို လာဆက်ကပ်ရတာလဲ"

ချင်းဖုံးက -

"ကလေး မဟုတ်ပါဘူး ဘုရား၊ သူက သစ်သီးတစ်မျိုးပါ၊ ဆရာတော် မကြားဖူးလို့ ဖြစ်ပါလိမ့်မယ်၊ ဒီအသီးကိုစားရင် အင်မတန် အသက်ရှည် ပါတယ်၊ ဆရာတော် ဆွမ်းဘုဉ်းပေးတော်မူပါ ...."

ထန်စန်းကျွမ်းဆရာတော်က လက်ကာပြလိုက်၏။

"ငါ့ကို မလိမ်ကြပါနဲ့ ...၊ ငါ မစားဘူး၊ သင်တို့ ကလေးကို သင်တို့ ပြန်ယူသွားကြပါ"

ချင်းဖုံးနှင့် မိန်ရှုက်တို့သည် အကြိမ်ကြိမ် ရှင်းပြသော်လည်း ထန်စန်းကျွမ်းဆရာတော်က လက်မခံချေ။ နောက်ဆုံး သစ်သီးကို ပြန်ယူသွားကြရ၏။

✵ ✵ ✵ ✵ ✵ ✵ ✵

## အခန်း(၇၀)

## သစ်သီး၏သဘော

ချင်းဖုံးနှင့် မိန်ရှုက်တို့သည် သူတို့၏ အခန်းထဲသို့ ဝင်လာကြပြီး ဆွေးနွေးတိုင်ပင်ကြလေ၏။

ချင်းဖုံးက -

"ဘုန်းကြီးက ဉာဏ်မရှိဘူး၊ ယင်စန်းကု သစ်သီးဟာ'ယင်စန်းကု' ပေါ့၊ အဲဒါ တန်ခိုးကို မသိဘဲ အတင်းငြင်းနေတာပဲ "

မိန်ရှုက်က -

" ကျုပ်တို့ကျွေးတာပဲ၊ ကျုပ်တို့ဆရာ မှာလိုက်တဲ့စကားကို အတိအကျ လိုက်နာပြီး သူ့ကို ကျွေးတာပဲ၊ သူမစားတော့ ကျုပ်တို့ မတတ်နိုင်ဘူးလေ "

ချင်းဖုံးက -

"ခက်တာက 'ယင်စန်းကု' သစ်သီးဟာ အပင်က ခူးပြီးရင် ကြာကြာထားလို့မှ မရတာဘဲ၊ သူမစားတော့ ငါတို့မှာ ခက်နေပြီ "

"ဘာခက်မှာလဲဗျာ ထားလို့မရလည်း ကျုပ်တို့တစ်ယောက်တစ်လုံး စားကြတာပေါ့ "

" ဟာ ဒီလိုလုပ်လို့ မရဘူးလေ၊ ဆရာပြန်လာရင်ဆူမှာပေါ့ "

"မဆူပါဘူး၊ ဘုန်းကြီးကိုကျွေးတယ်၊ သူကမစားဘူး၊ ကြာကြာ ထားလို့လည်း မရဘူး၊ ဒီတော့ ကျုပ်တို့ စားပစ်လိုက်တယ်၊ ဆရာက ဘာဖြစ် လို့ ဆူနေမှာလဲ၊ အကျိုးမရှိတဲ့ အလုပ်တစ်ခုကို ကျုပ်တို့ မလုပ်ဘူး၊ အကျိုးရှိတဲ့ အလုပ်ကို လုပ်တယ်လို့ ဆရာကတောင် ကျုပ်တို့ကို ချီးကျူးမှာပါ "

" သင်ပြောတာလည်း ဟုတ်တာပဲ "

" ဟုတ်ပါတယ်၊ ဆရာက ဆူမှာမဟုတ်ပါဘူး "

" ကဲ .... ဒါဖြင့်လည်း ယင်စန်းကု သစ်သီးကို သင်နှင့် ငါ တစ်ယောက်တစ်လုံးစီ စားကြတာပေါ့ "

ချင်းဖုံးနှင့် မိန်ရွက်တို့သည် ယင်စန်းကု သစ်သီးအား တစ်ယောက် တစ်လုံးစီ ခွဲစားလိုက်ကြတော့သည်။

ချင်းဖုံးနှင့် မိန်ရွက်တို့ စကားပြောနေသောအခန်းသည် မီးဖို ချောင် အခန်းနှင့် နံရံတစ်ချပ်သာခြား၏။

ထိုအချိန်တွင် ကျုးပတ်ကိုင်သည် အခန်းထဲ၌ ချက်ပြုတ်နေချိန် ဖြစ်သည်။ တစ်ဖက်ခန်း၌ ချင်းဖုံးနှင့် မိန်ရွက်တို့ ပြောသည့် စကားများ ကို တစ်လုံးမကျန် ကြားသည်။ သူသည် အစားအသောက် လောဘကြီး သူ ဖြစ်သဖြင့် ယင်စန်းကု သစ်သီးကို စားလိုစိတ် ပြင်းပြလာသည်။

သူသည် အသီးသီးသော အပင်သည် အနောက်ဘက်ခြံဝင်းထဲ၌ ပေါက်နေကြောင်း သိခွင့် ရလိုက်သည်။ သို့သော် သူသည် သစ်ပင် တက်ရန် အလွန်ကြောက်သည်။ နတ်သမီးများက သူ့အားသစ်ပင်ထက်၌ ကြိုး အထပ်ထပ်ဖြင့် တုပ်နှောင်ထားသောအခါ သူသည် သေမလောက် ဖြစ်နေသည်။ သေမလောက် ခံစားနေခဲ့ရသည်။

ထိုစဉ် စွန်းဟိန်ကျဲသည် မြင်းကိုဆွဲ၍ ပြန်လာလေသည်။

စွန်းဟိန်ကျဲကို တွေ့လိုက်ရသောအခါ သူသည် လွန်စွာ ဝမ်းသာသွား၏။

" အစ်ကိုကြီး . . . အစ်ကိုကြီး "

စွန်းဟိန်ကျဲသည် သူ့ထံလျှောက်လာ၏။

"ဘာလဲ ညီလေး ချက် ပြုတ် ပြီးပြီလား"

ကျုးပတ်ကိုင်က ခေါင်းယမ်းလိုက်၏။

" မဟုတ်ပါဘူး "

စွန်းဟိန်ကျဲက

" ဒါဖြင့် ဘာလုပ်မလို့ ခေါ်တာလဲ "

ကျုးပတ်ကိုင်က တီးတိုးပြောသည်။

" ကျုပ်ခေါ်တာ စားစရာတစ်ခုအကြောင်း ပြောမလို့ပါ "

" ဘာပြောမလို့လဲ "



ကျုးပတ်ကိုင်သည် ချင်းဖုံးနှင့် မိန်ရွက်တို့ စကားသံကြားရသည့် အခန်းဆီသို့ ချောင်းကြည့်လိုက်၏။ အခန်းထဲ၌ ချင်းဖုံးနှင့် မိန်ရွက်တို့ မရှိကြတော့ချေ။

" ခုနတုန်းက အခန်းထဲမှာ ဟိုကျောင်းစောင့် နှစ်ယောက် စကား ပြောနေကြတယ် "

" စကားပြောတာများ အဆန်းလုပ်လို့၊ မင်းလည်း ငါ့ကိုပြောတာ ပဲ၊ သူသူငါငါ ပြောနေကြတာပဲ "

" အကြောင်းရှိတယ်ဗျ "

" ဘာ အကြောင်းလဲ "

"အစ်ကိုကြီး 'ယင်စန်းကု' သစ်သီးအကြောင်း ကြားဖူးသလား"

" ကြားဖူးတယ်၊ တွေ့တော့ မတွေ့ဖူးဘူး "

" ဒီဘုရားကျောင်းရဲ့ အနောက်ဘက် ခြံဝင်းထဲမှာ အဲဒီသစ်ပင် ရှိတယ်လို့ ပြောတယ်ဗျ "

" ဟာ ဟုတ်မှ ဟုတ်ရဲ့လားကွာ "

စွန်းဟိန်ကျဲက မယုံကြည်ပါ။

ကျုးပတ်ကိုင်က -

" ကျုပ်ပြောတာ ယုံပါအစ်ကိုကြီးရ၊ တကယ်ပြောတာပါ "

" မင်းကို ဘယ်သူက ပြောတာလဲ "

" ဟို ကျောင်းစောင့်နှစ်ကောင်လေ၊ ချင်းဖုံးနဲ့ မိန်ရွက်ဆိုတဲ့ နှစ်ကောင်ပေါ့ "

သူက ဆက်ပြောသည်။

" သူတို့က ယင်စန်းကု သစ်သီးကို ဆရာ့ကို သွားကျွေးတယ်၊ ဆရာက မစားဘူး၊ ရက်သားကလေးနဲ့ တူနေလို့တဲ့၊ ဆရာက လူသားလို့ ထင်နေတယ် "

စွန်းဟိန်ကျဲသည် တောက်တစ်ခေါက်ခေါက်နှင့် ညည်းညူလိုက် သည်။

" ဆရာကလည်း အ လိုက်တာ "

ကျုးပတ်ကိုင်က -

" ဆရာ အ တာတော့ မပြောပါနဲ့တော့ဗျာ၊ အဲဒါနဲ့ အဲဒီကျောင်း စောင့် နှစ်ယောက်က အဲဒီ သစ်သီး နှစ်လုံးကို တစ်ယောက် တစ်လုံးစီ

စားလိုက် ကြတယ်တဲ့ "

ဇွန်းဟိန်ကျဲက -

" နမြော့လိုက်တာကွာ၊ ဆရာကတော့ တကယ် အ တဲ့ ဆရာပါ၊ သူ သစ်သီးအကြောင်းကို ကြားဖူးဟန် မတူဘူးနဲ့ တူတယ် "

" ဆရာ့ကို ထည့်မပြောပါနဲ့တော့၊ ကျုပ်တစ်ခါမှ မစားဖူးဘူး ဗျ အစ်ကိုကြီးရာ၊ အစ်ကိုကြီးတက်ခူးပေးရင် ရပါတယ်၊ အစ်ကိုကြီးကို ကျုပ် စောင့်နေတာပါ "

" ဘာမှ စိတ်မပူနဲ့၊ မင်း စားချင်ရင် ငါ သွားခူးပေးမယ် "

" ဟာ အစ်ကိုကြီး တက်ခူးချင်တိုင်း ခူးလို့ မရဘူးဗျ "

"ဘာဖြစ်လို့ ခူးလို့မရရမှာလဲ၊ လက်ရှိရင် အားလုံး ခူးလို့ရတယ်"

" သူတို့က ရွှေတူနဲ့ ရိုက်ချတာဗျ "

"ဟ ... ဘာဖြစ်လဲ၊ အဲဒီရွှေတူက သူတို့ အခန်းထဲမှာ ရှိမှာပေါ့"

" ဟုတ်တယ်၊ ရှိလိမ့်မယ် အစ်ကိုကြီး "

ဇွန်းဟိန်ကျဲက ခေါင်းညိတ်၏။

" ကောင်းပြီ၊ အဲဒီ ရွှေတူကို ယူပြီး ငါသွားခူးမယ် "

ဇွန်းဟိန်ကျဲသည် မီးဖိုဆောင်မှ ထွက်လာတော့၏။ သူသည် အပြင်ရောက်သောအခါ သူ့ခန္ဓာကိုယ်ကို တစ်ချက်မျှ လှုပ်ခါလိုက်ရာ ကိုယ်ပျောက်သွားလေ၏။

သူသည် တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာတော့၏။ ကြာကြာ မရှာလိုက်ရပါ။ အခန်းတစ်ခုထဲတွင် ရွှေတူတစ်ချောင်းကို တွေ့ရသည်။

သူသည် ရွှေတူကို ကောက်ကိုင်လိုက်၏။

" ရွှေတူဆိုတာ ဒါပဲနဲ့ တူတယ် "

သူသည် သေသေချာချာ အနီးကပ် ကြည့်လေ၏။

ထိုရွှေတူသည် နှစ်ပေခန့်ရှိသည်။ လက်ညှိုးခန့် အလုံး တုတ်သည်။ ထိပ်တွင် ကြက်သွန်ဥကဲ့သို့ ဘုကလေး တစ်ဘု ပါသည်။ ရွှေတူ၏ တစ်ဖက်တွင် အစိမ်းရောင်ကြိုးဖြင့် ကွင်းလျှောတစ်ခုလုပ်ထားပြီး နံရံတွင် ချိတ်ဆွဲထားခြင်း ဖြစ်သည်။

" ဒါကိုပဲ ယူသွားရမှာပဲ၊ ဟိုကောင် ပြောတဲ့ တူဟာ ဒီတူပဲ ဖြစ်လိမ့်မယ် "

သူသည် နံရံမှ ဖြုတ်ယူလိုက်၏။



ဇွန်းဟိန်ကျဲသည် အနောက်ဘက်သို့ လျှောက်သွားလေ၏။ သူသည် ပိတ်ထားသော တံခါးကြီးတစ်ချပ်ကို တွေ့ရသဖြင့် တွန်းဖွင့်လိုက်သည်။

အလွန်ကျယ်ဝန်းလှပသော ဥယျာဉ်ကြီးတစ်ခုကို တွေ့ရှိရ၏။ ဥယျာဉ်ထဲတွင် ပန်းများ ရောင်စုံ ဖူးပွင့်နေသည်။ ပန်းများသည်လည်း အလွန်ရှားပါးသော ပန်းများ ဖြစ်နေသည်။ နတ်ဥယျာဉ်မှ ပန်းများကဲ့သို့ အလွန်တန်ဖိုးရှိသည်။

ပန်းရုံများအကြား ကျောက်တုံးကလေးများ ခင်းထားသည့် လမ်းကလေးတစ်လမ်းရှိ၏။ ထိုလမ်းဘေးတွင် ရေကန်တစ်ကန်ရှိသည်။

ဇွန်းဟိန်ကျဲသည် လမ်းကလေးအတိုင်း လျှောက်လာရာ တံခါးတစ်ချပ် ရှိနေသည်ကို တွေ့ရလေ၏။ သူသည် တံခါးကို တွန်းဖွင့်လိုက်ရာ ဟင်းရွက်ခင်းတစ်ခုကို တွေ့လိုက်ရသည်။

ဇွန်းဟိန်ကျဲက ရယ်မိလေ၏။

" ဒီနတ်တွေဟာ ကိုယ့်ဘာသာ စိုက်ပျိုးရေးလုပ်ပြီး စားသောက်နေကြတာကိုး "

သူသည် ဟင်းရွက်ခင်းကို ဖြတ်လျှောက်ပြန်သည်။ တံခါးတစ်ခုကို တွေ့ပြန်သည်။ သူ တွန်းဖွင့်လိုက်ပြန်သည်။ ထိုခြံဝင်းကား သီးခြားခြံဝင်းဖြစ်၏။ ခြံဝင်းအလယ်၌ သစ်ပင်ကြီးတစ်ပင်ရှိသည်။ ထိုသစ်ပင်ကြီး၏ အမြင့်သည် ဘုရားကျောင်းထက်ပင် မြင့်သည်ဟု ဇွန်းဟိန်ကျဲ ယူဆမိသည်။ လုံးပတ်ကြီးကလည်း ကြီးလှသည်။

အရွက်များကတော့ အစိမ်းရောင်ပင် ငှက်ပျောရွက်များနှင့် တူ၏။

ဇွန်းဟိန်ကျဲသည် သစ်ပင်ပေါ်သို့ မော့ကြည့်၏။ တောင်ဘက်အရပ်သို့ ကိုင်းနေသည့် အကိုင်းတစ်ကိုင်းတွင် ယင်စန်းကု သစ်သီးတစ်လုံး သီးနေသည်ကို တွေ့မြင်ရသည်။ ထိုသစ်သီးသည် ကလေးငယ်တစ်ဦးပမာ ဖြစ်နေသည်ကိုလည်း တွေ့ရသည်။ အညှာကတော့ အမြီးတွင်ရှိသည်။ လေတိုက်ခတ်သောအခါ အသီးသည် လှုပ်ခါနေ၏။ ခြေလက်များ လှုပ်ရှားနေသည်ဟု ထင်ရသည်။

ဇွန်းဟိန်ကျဲက ဝမ်းသာသွား၏။

" အတော့်ကို ရှားတဲ့ သစ်သီးပဲ၊ ကြားသာ ကြားဖူးတာ ငါမမြင်ဖူးဘူး၊ အခုတော့ မြင်ရရုံတင် မကဘူး၊ စားတောင် စားဖူးတော့မယ် "

သူသည် သစ်ပင်ပေါ်သို့တက်သည်။ သစ်ပင်တက် ကျွမ်းကျင်သည်မှာ မျောက်မျိုးတို့၏ မွေးရာပါ အတတ်ပညာပင်မဟုတ်ပါလော၊ တစ်ခဏအကြာတွင် သူသည် သစ်ပင်ထိပ်ဖျားသို့ ရောက်သွား၏။

သူသည် ရွှေတူဖြင့် ယင်စန်းကု သစ်သီးကို ရိုက်ချလိုက်၏။ သစ်သီးတစ်လုံး အောက်သို့ ပြုတ်ကျသွားသည်။

သူသည် ကမန်းကတန်း သစ်ပင်ပေါ်မှ ဆင်းသည်။ သူရိုက်ချလိုက်သည့် သစ်သီးကို လိုက်ရှာသည်။ လုံးဝရှာမတွေ့ဘဲ ဖြစ်နေသည်။

"အသီးလည်း မတွေ့တော့ပါလား၊ ဒီအသီးက ခြေထောက်ပါတဲ့အတွက် ထွက်ပြေးသွားသလား မသိဘူး "

သူသည် ထပ်မံစဉ်းစား၏။

" သူပြေးနိုင်တယ်ပဲထား၊ အုတ်တံတိုင်းတော့ ကျော်တက်ပြီး မပြေးနိုင်ပါဘူး "

သူသည် မျက်မှောင်ကုတ်ပြီး စဉ်းစားနေလေ၏။ သူသည် လိုက်ရှာရင်း စဉ်းစားပြန်သည်။ အသီးပျောက်သွားသည်ကို သူစဉ်းစား၍ မရဘဲဖြစ်နေသည်။

" တန်တော့ ဒီခြံစောင့်နတ်က ငါလာခူးတာကို မကြိုက်လို့ဘဲ ဖြစ်ရမယ် "

သူသည် ဤသို့ စဉ်းစားမိသည်နှင့် ဂါထာကို ရွတ်ဖတ်ပြီး ခြေထောက်တစ်ချက် ဆောင့်လိုက်သည်။

" ထွက်ခဲ့စမ်း ဒီခြံစောင့်နတ် "

နတ်တစ်ပါးသည် ဘွားခနဲပေါ်လာလေ၏။ သူသည် စွန်းဟိန်ကျဲကို တွေ့သောအခါ ကမန်းကတန်း ဂါရဝပြုလိုက်ရသည်။ စွန်းဟိန်ကျဲသည် စကြဝဠာတန်ခိုးရှင် မဟုတ်ပါလော။

" တန်ခိုးရှင်ပါလား ဘာများ အလိုရှိလို့ပါလဲ၊ လိုချင်တာရှိရင် အမိန့်ရှိပါ "

စွန်းဟိန်ကျဲက –

" သင် ကျွန်ုပ်ကို သိတယ်မဟုတ်လား "

" သိပါတယ် တန်ခိုးရှင် "

" ကျွန်ုပ်ဟာ နတ်ပြည်မှာ မက်မန်းချိုသီး ခိုးစားတာလည်း သင်သိမှာပေါ့ "



" ကြားပါတယ် တန်ခိုးရှင် "

" ကျွန်ုပ် ဒီနေ့ 'ယင်စန်းကု' သီးကို တစ်လုံးပဲ ခိုးရသေးတယ် အသင်က ဘာကြောင့် လုယူသွားတာလဲ "

စွန်းဟိန်ကျဲက ဆက်ပြောလေ၏။

" သစ်ပင်တစ်ပင်ဟာ မိုးပေါ်မှာ ပျံသန်းသွားတဲ့ ငှက်ကတောင် စားပိုင်ခွင့် ရှိတယ်၊ ကြွေကျတဲ့ အသီးကို သစ်ပင်အောက်က တိရစ္ဆာန်မှန်သမျှ စားပိုင်ခွင့်ရှိတယ်၊ အခုတော့ ကျွန်ုပ် ရိုက်ချတဲ့အသီးကို သင်က အချောင်ယူထားတာ ဘယ်တရားပါ့မလဲ "

ခြံစောင့်နတ်က –

" တန်ခိုးရှင်က ကျွန်ုပ်အပေါ် အထင်လွဲနေတာကိုး "

" အသီးက သင်မယူရင် ပျောက်စရာအကြောင်း မရှိဘူး "

" ဒီအသီးရဲ့ သဘာဝကို တန်ခိုးရှင် မသိလို့ပါ "

" သင် သိရင် ပြောပါ "

" ဒီအသီးဟာ နှစ်သုံးထောင်မှ တစ်ခါပွင့်တယ်၊ ပွင့်ပြီး နှစ်သုံးထောင်မှ သီးတယ်၊ နောက်ထပ် နှစ်သုံးထောင်စောင့်မှ မှည့်ပါတယ်၊ နှစ်ပေါင်းကိုးထောင်မှ အသီးသုံးဆယ်ပဲ သီးပါတယ် "

စွန်းဟိန်ကျဲ စိတ်ဝင်စားလာသည်။

သူသည် ခေါင်းကုတ်၍ နားထောင်နေသည်။

" ဆက်ပြောပါ "

" ကံထူးတဲ့လူဟာ ဒီအသီးကို အနံ့ခံခွင့်ရပါတယ်၊ အနံ့ခံခွင့်ရရုံနဲ့ ဒီလူဟာအသက်သုံးရာ့ခြောက်ဆယ် ပိုရှည်ပါတယ်၊ အသီးတစ်လုံးစားမိရင် အသက်လေးသောင်း ခုနစ်ထောင် ပိုရှည်နိုင်ပါတယ် "

စွန်းဟိန်ကျဲမှာ ထခုန်မတတ် အံ့ဩသွားသည်။

"တယ်ဟုတ်ပါလား"

ခြံစောင့်နတ်က ဆက်လက်ရှင်းပြ၏။

"ဒါပေမယ့် ဒီသစ်သီးဟာ ဓာတ်ကြီးငါးပါးကို ရှောင်ရတယ်"

စွန်းဟိန်ကျဲက –

" ဘယ်လိုဓာတ်ကြီးငါးပါးလဲ "

" ဒီအသီးဟာ ရွှေနဲ့ထိရင် ကြွေမယ် "

" ဟား ... ဟား ... ဟား ဒါကြောင့် ရွှေတူနဲ့ ထိုးချတာကိုး "

" သစ်သားနဲ့ထိရင် ခြောက်သွားတယ် "

" ဘုရား ဘုရား ထူးဆန်းလှချည်လား "

" ရေနဲ့ထိရင် အရည်ပျော်တယ် "

" ထူးဆန်းတာပဲ "

" မီးနဲ့ထိရင် တူးတယ် "

" ဒါလည်း ထူးဆန်းတာပဲ "

" မြေနဲ့ထိရင် မြေထဲဝင်သွားတတ်တယ် "

" အင်း အားလုံးအံ့စရာချည်းပဲ၊ သူ့ကို ဘယ်လိုလုပ်ခူးရမှာလဲ "

" သူ့ကို မြွေပါတဲ့အရာ ဘယ်အရာမဆိုနဲ့ ထိလိုက်ရင် ကြွေကျတာပဲ၊ ကြွေကျလာတဲ့အသီးကို မြေကြီးပေါ်မကျရအောင် ပဝါခင်းထားတဲ့ ဇန်းတစ်ချပ်နဲ့ ခံရပါတယ် "

"ကျွန်ုပ် နားလည်ပါပြီ"

ခြံစောင့်နတ်က ဆက်လက် ရှင်းပြသည်။

" တန်ခိုးရှင်ကို ဆက်လက် ရှင်းပြစရာ ရှိပါသေးတယ်၊ နားထောင်ပါ၊ ကျွန်ုပ်ကူညီသင့်တာဆို ကူညီလိုက်တာပဲ "

" ကျေးဇူးပါပဲ၊ ပြောပါ "

ခြံစောင့်နတ်က –

" ဒီအသီးကို လုံးဝ သစ်သားနဲ့ မထိပါစေနဲ့၊ နို့မဟုတ်ရင် ခြောက်သွားပြီး ဘာမှ အာနိသင် မရှိတော့ဘူး၊ သူ့ကို စားတဲ့အခါ ဒီအတိုင်းစားရင်စား၊ မစားရင် ရေနဲ့တောက်ပြီးမှ စားပါ "

" ဒါဖြင့် ကျွန်ုပ် ရိုက်ချလိုက်တဲ့ အသီးဟာ မြေကြီးထဲ ဝင်သွားပြီပေါ့ "

" ဟုတ်ပါတယ်၊ သူဟာ မြေကြီးပေါ်ရောက်ရင် မြေကြီးထဲ တိုးဝင်သွားတာပဲ၊ မြေကြီးပေါ်တင်နေမယ်ဆိုတဲ့ သဘောတရားမရှိပါဘူး "

" ဒါဖြင့် မြေကြီးထဲဝင်ပြီးရှာရင် တွေ့မှာပေါ့ "

ခြံစောင့်နတ်က ခေါင်းကိုခါယမ်းသည်။

"ဒီမြေကြီးက သံမဏိလို မာကျောတယ်၊ ဒီအသီးကလွဲရင် ဘယ်သူမှ ဖောက်လို့ပြုလို့ မရဘူး၊ တန်ခိုးရှင် တူးပေါက်ကြည့်မှသိမယ်"

စွန်းဟိန်ကျဲသည် မယုံကြည်ဘဲဖြစ်နေ၏။

သူသည် သံမဏိတုတ်ကို ယူ၍ မြေကြီးကို ရိုက်ချရာ အရာပင်



မထင်ချေ။ စွန်းဟိန်ကျဲ ယုံကြည်သွားလေသည်။

" သင့်ကို ကျွန်ုပ် အထင်မှားမိပါတယ်၊ သင်ရှင်းပြလို့ ကျွန်ုပ် အားလုံးကို သိပါပြီ။ ကျေးဇူးတင်ပါတယ် "

ခြံစောင့်နတ်သည် စွန်းဟိန်ကျဲကို နှုတ်ဆက်ကာ ကွယ်ပျောက်သွားလေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၇၁)

## သစ်သီးကို ခိုးစားခြင်း

နတ် ကွယ်ပျောက်သွားသောအခါ စွန်းဟိန်ကျဲသည် အပင်ပေါ်သို့ တက်သွားပြန်လေ၏။ ထို့နောက် သူသတိရပြီး သစ်ပင်အောက်သို့ ပြန်ဆင်းလာပြန်သည်။ သူသည် အသီးရှိရာသို့ ရွှေတူကို ပစ်လိုက်၏။ ရွှေတူနှင့် ထိသောအခါ အသီးသည် ကြွေကျလာ၏။ ထိုအခါ သူသည် အင်္ကျီဖြင့် ခံယူလိုက်သည်။ ဤနည်းဖြင့် သူသည် အသီးသုံးလုံးကို ခူးလာခဲ့၏။

ကျူးပတ်ကိုင်က ဝမ်းသားအားရ ဆီးကြို၍ မေးသည်။

" အစ်ကိုကြီး အသီး ရခဲ့ရဲ့လား "

" ငါပဲကွာ၊ မရ ဘယ်မှာ ရှိပါ့မလဲ "

သူသည် ရင်ခွင်ထဲမှ အသီး သုံးလုံးအား ထုတ်ပြလိုက်၏။

" ဒီမှာတွေ့လား "

ကျူးပတ်ကိုင် အလွန်ဝမ်းသာ သွား၏။

" ဟာ အသီးက သုံးလုံးတောင်မှလား၊ ဆရာတော် ကြောက်မယ်ဆိုလည်း ကြောက်စရာပဲ၊ အသီးက ကလေးနဲ့ တယ်တူတာကိုး "

စွန်းဟိန်ကျဲက -

"ငါ သုံးလုံးခူးလာတယ်၊ ညီလေး ဆားဝူကျိန်းအတွက်လည်း ခူးလာတာ သူ့ကိုလည်း ခွဲကျွေးသင့်တာပေါ့ "

ကျူးပတ်ကိုင်က -

" ကောင်းတယ် အစ်ကိုကြီး "

"ဆားဝူကျိန်းကိုလှမ်းခေါ်လိုက်ပါကွာ၊ သူ့ဝေစုသူ့ကိုကျွေးရမယ်"



ကျူးပတ်ကိုင်သည် ဆားဝူကျိန်းကို လှမ်းခေါ်လိုက်၏။

" ဝူကျိန်း မီးဖိုဆောင်ကို ခဏလောက်ဟေ့ "

ဆားဝူကျိန်းသည် သူတို့ထံ ရောက်လာလေ၏။

စွန်းဟိန်ကျဲက သူ့အား သစ်သီးများကို ပြလိုက်လေ၏။

" ဒီအသီး ဘာသီးလဲ ဆိုတာ သိသလား "

ဆားဝူကျိန်းက -

" သိပါတယ်၊ ယင်စန်းကု အသီးပါ "

စွန်းဟိန်ကျဲ အံ့သြသွား၏။

" မင်း ဘယ်လိုလုပ်သိတာလဲ "

ဆားဝူကျိန်းက ရှင်းပြ၏။

"ကျုပ် နတ်ပြည်မှာ တာဝန် ထမ်းဆောင်ခဲ့စဉ်က သိခဲ့တာပါ အစ်ကိုကြီး၊ အဲဒီနတ်ညီလာခံမှာ ဒီအသီးကို တွေ့ခဲ့ဖူးပါတယ်၊ စားတော့ မစားဖူးပါဘူး၊ ညီလေးကို နည်းနည်းလောက် ပေးစားပါလား အစ်ကိုကြီးရာ "

စွန်းဟိန်ကျဲက -

" နည်းနည်း မဟုတ်ဘူး၊ တစ်လုံးလုံး စားရမယ်၊ ငါ သုံးလုံးခူးခဲ့တာ တစ်ယောက်တစ်လုံး စားဖို့ကွ၊ ရော့ မင်းတစ်လုံး "

" ဝမ်းသာလိုက်တာ အစ်ကိုကြီးရာ "

သူတို့ နှစ်ယောက်အား စွန်းဟိန်ကျဲက တစ်ယောက် တစ်လုံးစီ ခွဲပေးလိုက်၏။ ထို့နောက် သုံးယောက်သား ခေါင်းချင်းဆိုင် စားကြတော့၏။

ကျူးပတ်ကိုင်သည် အစားအလွန်ကြီး၏။ သူ့ပါးစပ်မှာလည်း အလွန်ကြီး၏။ သူသည် ယင်စန်းကု အသီးကို ပါးစပ်ထဲထည့်ပြီး မျိုချလိုက်သည်။ ဝါးပင် ဝါးမနေချေ။

စွန်းဟိန်ကျဲနှင့် ဆားဝူကျိန်းတို့မှာ အရသာခံ၍ အေးအေးဆေးဆေး စားသောက်နေကြ၏။ မကြာမီ အားလုံးစားပြီးသွားကြ၏။

" အစ်ကိုကြီး အဲဒီသစ်သီးက အရသာ ဘယ်လိုရှိသလဲဟင် "

ကျူးပတ်ကိုင်က စွန်းဟိန်ကျဲကို မေးလိုက်ခြင်းဖြစ်၏။စွန်းဟိန်ကျဲ အံ့သြသွားလေ၏။

"မင်းလည်း ဝေစု တစ်လုံး စားတာပဲ၊ ငါလည်း ဝေစုတစ်လုံးစား

တာပဲ၊ အားလုံး အတူတူ စားကြတာပဲ၊ မင်းက ဘာဖြစ်လို့ မေးရတာလဲ "

ကျူးပတ်ကိုင်က –

"ဟုတ်ပါတယ်၊ ကျုပ်လည်း ဝေစုတစ်လုံး ရပါတယ်၊ ဒါပေမယ့် ကျုပ်က ဝါးမစားဘဲ အလုံးလိုက် မျိုလိုက်မိတာကိုး၊ အဲဒီတော့ အရသာကို မသိလိုက်ဘူးပေါ့"

စွန်းဟိန်ကျဲက ခေါင်းယမ်း၏။

"မင်းဘာသာ ဝါးမစားဘဲ မျိုချလိုက်တာကိုး၊ ဒါတော့ ငါလည်း မတတ်နိုင်ဘူး "

ကျူးပတ်ကိုင်က –

" အစ်ကိုကြီးရယ် ဒီတစ်ခါတော့ အရသာ သိအောင် ဝါးစားပါ့မယ်၊ နောက်ထပ် သုံးလေးလုံးလောက် သွားခူးပေးပါဦး "

စွန်းဟိန်ကျဲက မျက်နှာထားဖြင့် ပြောသည်။

" ငါ့ ညီ လောဘမကြီးနဲ့၊ ဒီအသီးဟာ ထမင်းဟင်းစားသလို ဝအောင် စားရတဲ့အသီး မဟုတ်ဘူး၊ နှစ်ပေါင်း ကိုးထောင်မှ တစ်ကြိမ် သီးတဲ့ အသီးကွ၊ နောက်ပြီးခူးရတာလည်း လွယ်လွယ်လေးလို့ မထင်လိုက်နဲ့. ငါ ထပ်ပြီး မခူးချင်တော့ဘူး"

သူသည် ရွှေတူကို တစ်ဖက်နံရံသို့ သွားပြီးချိတ်လိုက်၏။ ထို့နောက် ထွက်ခွာသွားတော့သည်။

ကျူးပတ်ကိုင်သည် စွန်းဟိန်ကျဲ ထွက်သွားသည်ကို မကျေမနပ် ဖြစ်နေ၏။

" ဖြစ်နေလိုက်တာ၊ နောက်ထပ် သွားခူးပါဆိုတာ မခူးချင်ဘူး၊ ငါက မျိုချမိလိုက်လို့ အသီးရဲ့ အရသာကို မသိလို့ပါ ဆိုနေတာတောင် ပြောမရဘူး "

ချင်းဖုံးနှင့် မိန်ရွှက်တို့သည် သူတို့ အခန်းထဲသို့ ပြန်လည် ရောက်ရှိလာကြ၏။ သူတို့သည် ကျူးပတ်ကိုင် မကျေမနပ် ရေရွတ်နေသည့်စကားကို ကြားရသောအခါ သံသယဖြစ်လာကြလေ၏။

ချင်းဖုံးက –

" သင်ကြားမိရဲ့လား "

" ဘာလဲ "

" ဟို ဝက်ပုတ်ကြီး ပြောနေတဲ့ စကားလေ၊ အသီးရဲ့ အရသာကို မသိ သေးဘူးလို့ ပြောနေတယ်၊ အသီးဆိုတာ ယင်စန်းကု အသီးကို ပြောတာဖြစ်နိုင်တယ် "

" ဟုတ်တယ်၊ သူတို့ ခိုးစားသလားမှ မသိတာ "

" ဆရာ ဒီကထွက်သွားစဉ်က ဒီဘုန်းကြီးရဲ့ တပည့်တွေကို အတန်တန် သတိထားပါလို့ မှာကြားခဲ့တယ်၊ ငါတို့ သတိထားပြီး ကြည့်မနေတာ ငါတို့အမှားပဲ "

မိန်ရွှက်သည် ရွှေတူကို ကြည့်လိုက်၏။

ရွှေတူကို တစ်နေရာတွင် ချိတ်လျက်သား တွေ့ရသည်။

မိန်ရွှက်က –

" ရွှေတူကို ကျုပ်ဒီနေရာမှာ ချိတ်ထားတာ မဟုတ်ဘူး။ နေရာ မှားနေတယ်၊ ဘာဖြစ်လို့ ရွှေတူဟာ နေရာမှားနေရတာလဲ၊ ကျုပ်တို့ ယင်စန်းကု သစ်ပင်ကို သွားကြည့်ရင် ကောင်းလိမ့်မယ် "

" ကောင်းတယ်၊ သွားကြည့်ကြမယ် "

သူတို့နှစ်ယောက်သည် အနောက်ဘက်ဥယျာဉ်သို့ သုတ်ခြေတင်လေတော့၏။ သူတို့ ဥယျာဉ်တွင်း ရောက်သောအခါ ဥယျာဉ်တံခါးပွင့်နေသည်ကို တွေ့ရသည်။ သူတို့သည် သံသယ ပိုဝင်သွားလေ၏။

ချင်းဖုံးက မျက်မှောင် ပိုကုတ်သွား၏။

"ဒီတံခါးကို ငါ သေသေချာချာ ပိတ်ထားခဲ့တာ ငါ မှတ်မိတယ်၊ အခုဘယ်လိုလုပ် ပွင့်နေတာလဲ "

သူတို့သည် ဆက်လျှောက်သောအခါ ယင်စန်းကု သစ်ပင်ရှိသော ခြံဝင်းတံခါးလည်း ပွင့်နေကြောင်း တွေ့ရှိရသည်။

" ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ဒီဘုန်းကြီးရဲ့ တပည့်တွေ ခိုးစားသွားပါပြီ "

သူတို့သည် အပင်ရှိရာသို့ ရေးကြီးသုတ်ပျာ လျှောက်လာပြီး အသီးများကို စတင်ရေတွက်တော့၏။

သူတို့သည် အသီးများကို အပြန်ပြန်အလှန်လှန် ရေတွက်သည်။ အသီးနှစ်ဆယ့် နှစ်လုံးမျှသာ ရှိနေသည်ကို တွေ့ရှိရလေ၏။

မိန်ရွှက်က –

" သင် ရေတွက်တာ ဟုတ်ရဲ့လား "

" ဟုတ်ပါတယ် "

"ကဲ ကျုပ်ထပ်ရေမယ်၊ သင် ရေတွက်တာနဲ့ ကိုက်ရင် ဟုတ်တာ ပေါ့ "

မိန်ရွက် ရေတွက်သော အခါ နှစ်ဆယ့် နှစ်လုံးပင် ရှိသည်ကို တွေ့ရ၏။

" ဟုတ်တယ်၊ နှစ်ဆယ့်နှစ်လုံးပဲ ရှိတယ်၊ သင်ရေတာ မှန်တယ်၊ ကျုပ်တို့ ပြန်စစ်ဆေးကြည့်မယ် "

ချင်းဖုံးက –

" ဟုတ်တယ်၊ ပြန်စစ်ဆေးကြရအောင် "

" ဆရာက အသီးနှစ်လုံးခူးပြီး စားသွားတယ်၊ ဘယ်နှစ်လုံး ကျန်မလဲ "

" နှစ်ဆယ့်ရှစ်လုံး ကျန်မယ် "

မိန်ရွက်က –

" ထန်စန်းကျွမ်း ဆရာတော်အတွက် အသီးနှစ်လုံး ခူးပေးလိုက်တယ်၊ အဲဒါကို ကျုပ်တို့ စားလိုက်တယ်၊ ဘယ်နှစ်လုံးကျန်မလဲ "

" နှစ်ဆယ့် ခြောက်လုံး ကျန်မယ် "

" အခု ဘယ်နှစ်လုံးကျန်နေသေးလဲ "

" နှစ်ဆယ့်နှစ်လုံး "

" ဒီတော့ လေးလုံးပျောက်နေတာပေါ့ "

"ဒီ လေးလုံး ဘာကြောင့် ပျောက်သွားတာလဲ ....."

"ဒီလေးလုံး ပျောက်သွားတာ ရှင်းနေတာပဲ၊ ဘုန်းကြီးရဲ့ တပည့်တွေ ခိုးစားလို့ပေါ့ "

" ဒါဖြင့် ငါတို့ အခု ဘယ်လိုလုပ်ကြမလဲ "

" ထန်စန်းကျွမ်းဆရာတော်ကို သွားမေးရမှာပေါ့၊ သူ့တပည့်တွေ ခိုးစားတဲ့ကိစ္စပဲ "

သူတို့သည် ဆရာတော်ကို ရန်တွေ့ရန် ဒေါနှင့် မောနှင့် လျှောက်သွားကြလေ၏။

ဆရာတော်ရှေ့သို့ ရောက်သည်နှင့် ဆရာတော်အား ပြစ်တင်ပြောဆိုလေတော့၏။

" ဆရာတော် ဘယ်လိုလုပ်လိုက်တာလဲ "

ဆရာတော်သည် ဘာကိစ္စမှန်း မသိသဖြင့် အံ့သြစွာ မေးလေ၏။



" ဒကာတို့ ဘာကိစ္စ ရှိကြလို့လဲ "

" ဆရာတော် အခုမှ မသိချင်ယောင် ဆောင်မနေပါနဲ့ "

" ဘာကိစ္စဆိုတာလဲ ကျုပ်ကို ပြောကြပါဦး "

" ဆရာတော် ဘုန်းကြီးဖြစ်ပြီး လိမ်တာ မကောင်းပါဘူး "

ဆရာတော်သည် တည်ကြည်စွာ ပြောလိုက်၏။

" ဒကာကြီးတို့ ဘယ်လိုဖြစ်နေကြတာလဲ၊ ကိစ္စကို မပြောဘဲနဲ့ ကျုပ်ကို လိမ်တာလို့ စွပ်စွဲနေကြတယ်၊ ကျုပ်အနေနဲ့ ဘယ်လိုဖြေရှင်းရမှာလဲ "

"တပည့်တော်တို့ ပြောနေတာက ယင်စန်းကု သစ်သီးကို ခိုးစားတဲ့ ကိစ္စပါ "

"ယင်စန်းကု သစ်သီးဆိုတာကို ကျုပ်ကြားတောင်မကြားဖူးဘူး"

"အရှင်ဘုရားကို စောစောက လာကျွေးတဲ့ သစ်သီးဟာ ယင်စန်းကု သစ်သီးပေါ့ "

" အဲဒီသစ်သီးကို ကျုပ်မစားပါဘူး၊ ဒကာကြီးတို့ကိုတောင် ငြင်းပယ်ခဲ့သေးတာပဲ "

"ဘုန်းကြီးကတော့ မစားဘူး၊ ဘုန်းကြီးရဲ့တပည့်တွေက ခိုးစားကြတယ် "

ထန်စန်းကျွမ်းဆရာတော်က –

" နေပါဦး ကျုပ်တပည့်တွေကို ခေါ်ပြီး မေးစမ်းပါဦးမယ်၊ သူတို့က ခိုးစားရင်လည်း ကျုပ်လျော်ပေးပါ့မယ် "

မိန်ရွက်က –

" လျော်ပေးမယ် ဟုတ်လား၊ ငွေရှိတိုင်း ဝယ်လို့ရမယ် ထင်နေသလား၊ ဒီသစ်သီးကို ဘယ်မှာမှ ဝယ်လို့မရဘူး၊ သိရဲ့လား "

ထန်စန်းကျွမ်း ဆရာတော်က –

" ဝယ်လို့မရရင်လည်း သူတို့ကို တောင်းပန်ခိုင်းရမှာပေါ့ "

ဆရာတော်က ဆက်ပြီး ပြောလိုက်၏။

"သူတို့ တကယ်ခိုးစားတယ်၊ ခိုးမစားသေးဘူးဆိုတာလည်း မသိသေးပါဘူး "

မိန်ရွက်က –

" သူတို့ အဝေမတည့်လို့ ပြောနေတဲ့ စကားကိုတောင် တပည့်

တော်တို့ ကြားခဲ့ရတာ၊ သူတို့ ခိုးမစားလို့ တပည့်တော်တို့က ခိုးစားရမှာလား ဘုရား "

ဆရာတော်သည် လှမ်းအော်လိုက်၏။

" ဟိန်ကျဲ .... ဟိန်ကျဲ .... လာပါဦး "

ဆားဝှကျိန်းသည် ဆရာတော်၏ အော်ခေါ်သံ ကြားသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

" ဟာ ... ဆရာခေါ်နေပြီ၊ ငါတို့ အသီးခိုးစားတာ ပေါ်ကုန်ပြီနဲ့တူတယ် "

အပြင်ဘက်တွင် မြင်းကိုကြိုးနှင့်ချည်နေသော စွန်ဟိန်ကျဲကလည်း ဆရာတော့် အော်သံကိုကြားသည်။

" ရော ခက်ပြီ၊ ဆရာတော်ခေါ်နေပြီ၊ ဟိုကိစ္စပဲ ခေါ်တာဖြစ်လိမ့်မယ်၊ ကိစ္စမရှိဘူး၊ သစ်သီးက ငါတို့ ဗိုက်ထဲရောက်သွားပြီ၊ ငါသွားခိုးတုန်းကလည်း ကိုယ်ယောင်ဖျောက်ပြီးသွားတာ၊ ဘယ်သူကမှ တွေ့တာမဟုတ်ဘူး၊ သူတို့မှာ ဘာ အထောက်အထားမှ မရှိဘူး၊ သူတို့ ဘာကိုစွပ်စွဲလို့ ရမှာလဲ "

ထိုစဉ် ဆရာတော်၏ အသံ ပေါ်လာသည်။

" ဟိန်ကျဲ ... ပတ်ကိုင် ... ဝှကျိန်းတို့ အားလုံးလာကြစမ်း၊ ဒီမှာ အရေးတကြီးကိစ္စ ပေါ်နေတယ် "

ကျူးပတ်ကိုင်ရော ဆားဝှကျိန်းပါ ရေးကြီးသုတ်ပျာ ဆရာတော်ထံ လာကြရလေ၏။ သူတို့လည်း အခြေအနေမဟန်ကြောင်း ရိပ်မိကြသည်။

" စွန်းဟိန်ကျဲရော "

ဆရာတော်၏ မေးသံသည် ဆူးရှစွာ ထွက်ပေါ်လာတော့သည်။

" လာပါပြီ ဆရာ၊ တပည့်တော် လာနေပါပြီ ဆရာ "

စွန်းဟိန်ကျဲသည်လည်း ချက်ချင်းလိုပင် ရောက်ရှိလာလေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း (၇၂)

## သစ်ပင်ကိုလှဲခြင်း

စွန်းဟိန်ကျဲတို့သုံးယောက်သည် ဆရာတော် ၏ ရှေ့မှောက်သို့ ရောက်ရှိလာသည်။

ကျူးပတ်ကိုင်က –

" ဆရာ တပည့်တော် ဆွမ်းကွမ်း ဝေယျာဝစ္စတွေကို လုပ်နေပါတယ်၊ ဘာကိစ္စရှိလို့ပါလဲ ဘုရား "

ထန်စန်းကျွမ်းဆရာတော်သည် ချင်းဖုံးနှင့် မိန်ရွက်တို့က သူ့အား ဘာမပြော ညာမပြောနှင့် လာရောက်စွပ်စွဲနေသဖြင့် ဒေါသထွက်နေသည်။ သူသည် ဒေါသနှင့် ပြောလိုက်သည်။

" ငါ သင်တို့ကို ခေါ်တာ အကြောင်းရှိတယ်၊ သူတို့ ဘုရားကျောင်းက ယင်စန်းကု သစ်သီးပျောက်နေလို့ သင်တို့ကို ခေါ်တာ ဘယ်သူခိုးစားလိုက်သလဲ "

စွန်းဟိန်ကျဲသည် ပြုံးလေ၏။

ချင်းဖုံးက လက်ညှိုးထိုးပြီး –

"သူရယ်နေတယ်၊ သူပဲဖြစ်လိမ့်မယ် "

စွန်းဟိန်ကျဲက –

"ကျုပ်အမေ မွေးကတည်းက ဒီလိုမျက်နှာမျိုးနဲ့ မွေးလာတာပဲ၊ သင်မို့လို့ ရယ်နေတယ်လို့ ပြောရက်တယ်၊ အဲဒါဘာဖြစ်သလဲ "

ထန်စန်းကျွမ်း ဆရာတော်က –

"တပည့်တို့ တပည့်တို့ဟာ သာသနာပြုမယ့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊ လိမ်မပြောကောင်းပါဘူး၊ တကယ်လို့ စားမိရင်လည်း စားမိ

တယ် လို့ပြောပါ၊ ဖြစ်ပြီးတဲ့ကိစ္စကို ဘာမှလုပ်လို့ မရတော့ပါဘူး၊ တောင်းပန် လိုက်ရုံပါပဲ "

ဆရာတော်သည် ဒေါသကို ထိန်းလျက် အေးငြိမ်းသောစကားကို ပြောလိုက်၏။

စွန်းဟိန်ကျဲသည် ပြောမှဖြစ်တော့မည်ဟု သိလိုက်သည်။

" တပည့်ပြောပြပါ့မယ် ဆရာ "

" ပြောပါ "

"ဒီကိစ္စကို ကျူးပတ်ကိုင်က စတာပါ "

ကျူးပတ်ကိုင် မျက်လုံးပြူးသွား၏။

ဆရာတော်က –

"သူခိုးစားတာလား "

" သူခိုးစားတာတော့ မဟုတ်ပါဘူး၊ ယောဒီက ကျောင်းစောင့်နှစ်ယောက်ဟာ ယင်စန်းကုသစ်သီးကို တစ်ယောက်တစ်လုံးစီ စားလိုက်ကြတာမြင်တော့ ယောဒီက ကျူးပတ်ကိုင်ကလည်း စားချင်လာတယ် "

ချင်းဖုံးနှင့် မိန်ရှုက်တို့ မျက်လုံးပြူးသွားကြသည်။ သူတို့ သစ်သီးစားလိုက်သည်ကို ဧည့်သည်များ မြင်တွေ့သွားသည် မဟုတ်ပါလား ။

ကျူးပတ်ကိုင်က –

" ဟုတ်ပါတယ်၊ တပည့်တော်ဟာ ဒီအသီးတွေကို စားချင်လာလို့ အစ်ကိုကြီးကို သွားခိုးခိုင်းမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်က သစ်ပင်တက်ရမှာကို သိပ်ကြောက်တာကိုး "

ထန်စန်းကျွမ်းဆရာတော်က –

" စွန်းဟိန်ကျဲ အသီးတွေကို ဘယ်နှစ်လုံးတောင် ခူးခဲ့သလဲ "

" သုံးလုံးပါ ဆရာ "

" သုံးလုံးစလုံး မင်းစားလိုက်သလား "

"မဟုတ်ပါဘူး တပည့်တော်တို့ ညီအစ်ကို သုံးယောက်၊ သုံးလုံးကို ခွဲစားလိုက်ပါတယ် "

သူသည် အဖြစ်မှန်ကို ပြောလိုက်ပြီးနောက် ချင်းဖုံးနှင့် မိန်ရှုက်တို့ဘက်သို့ ကြည့်လိုက်၏။

" ကျွန်ုပ်တို့ကတော့ စားလိုက်မိပြီ၊ သင်တို့ ဘာလုပ်ချင်သလဲ၊ ပြောပါ "



ချင်းဖုံးနှင့် မိန်ရှုက်တို့သည် ထိုသုံးယောက် အမှန်ခိုးစားသည်ကို သိသည်နှင့်ပြိုင်တူပင် ကြိမ်းမောင်းပြောဆိုတော့၏။

စွန်းဟိန်ကျဲသည် ခေါင်းငုံ့ခံနေ၏။

ချင်းဖုံးကတစ်လှည့်၊ မိန်ရှုက်ကတစ်လှည့် ကြိမ်းမောင်းပြောဆိုနေသည်မှာ လိုတာထက် ပိုသွားသည်။ စွန်းဟိန်ကျဲ မခံနိုင်တော့ချေ၊ သူသည် ဒေါသထွက်လာလေ၏။ သူတို့အား ရိုက်သတ်ရန် သံမဏိတုတ်ကို ထုတ်လိုက်၏။

သို့သော် ဆရာက ပြစ်တင်မည်စိုးသဖြင့် စိတ်ကို ထိန်းချုပ်ပြီး သံမဏိတုတ်ကို ပြန်သိမ်းလိုက်ရ၏။ ဤသို့ သံမဏိတုတ်ကို ထုတ်လိုက်သွင်းလိုက် လုပ်နေသည်အထိ ချင်းဖုံးနှင့် မိန်ရှုက်တို့၏ ပြစ်တင်စကားသည် မပြီးဆုံးသေးချေ။

သူသည် သူ၏အမွေးတစ်ပင်ကို နုတ်လိုက်လေ၏။ သူသည် သူ့အမွေးတစ်ပင်ဖြင့် စွန်းဟိန်ကျဲ တစ်ကောင်ကို ဖြစ်စေပြီး သူတို့အပြစ်တင်သမျှ ခေါင်းငုံ့နားထောင်နေစေသည်။

သူကိုယ်တိုင်ကမူ လေထဲတွင် လွင့်မျောပြီး အပြင်သို့ ထွက်သွား၏။ ဤသည်ကို မည်သူမျှ မသိလိုက်ချေ။

သူတို့သည် ခေါင်းငုံ့ နားထောင်နေသော စွန်းဟိန်ကျဲအား လက်ညှိုးတငေါက်ငေါက်ဖြင့် ပြစ်တင်ကြိမ်းမောင်းနေကြ၏။ စွန်းဟိန်ကျဲသည် သည်းခံစိတ်ရှိရှိဖြင့် သူတို့ ကြိမ်းမောင်းသည်ကို နားခံလိုက်ပါက ဤအဖြစ်သည် ဤမျှနှင့် ပြီးစီးသွားပေလိမ့်မည်။

ယခုတော့ အဖြစ်က ဤမျှနှင့် မပြီးစီးတော့ချေ။ စွန်းဟိန်ကျဲသည် အနောက်ဘက် ဥယျာဉ်ခြံဝင်းထဲသို့ ရောက်ရှိသွားပေပြီ။

သူသည် ယင်စန်းကု သစ်ပင်အောက်သို့ ရောက်ရှိသွား၏။ သံမဏိတုတ်ကို ဆွဲထုတ်လိုက်ပြီး ယင်စန်းကု သစ်ပင်အား ဒေါသတကြီး ရိုက်နှက်လေတော့၏။ ထို့နောက် အပင်အား တွန်းလှဲပစ်လိုက်သည်။

သူသည် အပင်အား တွန်းလှဲပြီး ယင်စန်းကု အသီးများကို လိုက်လံ ရှာဖွေသေး၏။ သို့သော် ယင်စန်းကုအသီးများသည် မြေပြင်နှင့် ထိလိုက်သည်နှင့် မြေကြီးထဲသို့ တိုးဝင်ပျောက်ကွယ်သွားကြလေပြီ။

စွန်းဟိန်ကျဲ လက်လျှော့လိုက်ရ၏။

သူ၏ ဒေါသသည် အတော် အတန် ပြေငြိမ်း သွားလေပြီ။ သူသည် သူ၏ သံမဏိတုတ်ကို ပြန်လည် သိမ်းဆည်းပြီး ခန်းမထဲသို့ ပြန်လာခဲ့လေ၏။

ချင်းဖုံးနှင့် မိန်ရှက်တို့မှာ ပြစ်တင်စကား ပြောကြားနေဆဲသာ ရှိသေးသည်။ သူသည် သူ၏ ကိုယ်ပွားထဲသို့ ပြန်ဝင်သွားလေ၏။ စွန်းဟိန်ကျဲ တစ်ကိုယ်တည်းသာ ဖြစ်သွားလေပြီ။ ချင်းဖုံးနှင့် မိန်ရှက်တို့သည်လည်း အာညောင်းသွားပြီဖြစ်၍ ပြစ်တင်မှု ရပ်ဆိုင်းသွား၏။

ချင်းဖုံးက -

"ငါတို့ ဒီလောက် ပြောဆိုနေတာကို တစ်ခွန်းမှ ပြန်မပြောဘဲ ငုံ့ခံနေတာ တော်လောက်ပြီထင်တယ် "

သူတို့သည် ဆရာတော်အား ဦးချပြီး ထွက်လာကြ၏။ အပြန်တွင် သူတို့ တိုင်ပင်ကြသည်။

"ငါတို့များ အသီးကို ရေတွက်တာ မှားနေပြီလား မသိဘူး၊ သေသေချာချာ ပြန်တွက်ရင် ကောင်းမယ် ထင်တယ် "

" အေး ဟုတ်တယ် "

သူတို့ နှစ်ယောက်သည် အနောက်ဘက်ခြံဝင်းထဲသို့ ရောက်သောအခါ တစ်ကိုယ်လုံး အေးစက်သွားကြတော့သည်။ အဘယ့်ကြောင့်ဆိုသော် အလွန် မြင့်မားလှသော ယင်စန်းကု သစ်ပင်ကြီးမှာ မြေပေါ်၌ လဲကျနေပြီကို သူတို့ တွေ့ရှိရသောကြောင့်တည်း။

ချင်းဖုံးနှင့် မိန်ရှက်တို့မှာ စိတ်ပျက်လက်ပျက် ထိုင်ချမိလိုက်သည်။

ချင်းဖုံးက -

" ဘယ်လိုလုပ်ကြမလဲဟင်၊ ဆရာပြန်လာရင် ငါတို့မျက်နှာတွေကို ဘယ်လိုပြကြရမှာလဲ "

မိန်ရှက်က -

" ကျုပ်တို့ စိတ်ပျက်နေလို့ မဖြစ်သေးဘူး၊ တစ်ခုခုကြံမှ ဖြစ်တော့မယ် "

" ဘယ်လို ကြံကြမှာလဲ "

" ဒီသစ်ပင်ကို လဲကျအောင်လုပ်တဲ့ သူဟာ ဟိုမျောက်သောင်းကျန်းပဲ ဖြစ်မှာပဲ "



" မဟုတ်သေးဘူးနဲ့ တူတယ်၊ သူဟာ ငါတို့ရှေ့မှာ ခေါင်းငုံ့ထိုင်နေတာပဲ "

မိန်ရှက်က -

" သူဟာ တော်တော်တန်ခိုးရှိတယ်၊ သူ့တန်ခိုးနဲ့လုပ်လိုက်တာ ဖြစ်မယ်...."

"ဖြစ်နိုင်တယ်၊ လာမယ့်ဘေး ပြေးတွေ့တာပေါ့၊ သူ့ကို သွားမေးမယ်"

မိန်ရှက်က လက်ကာပြလိုက်၏။

"သွားမေးလို့ မဖြစ်ဘူး..."

ချင်းဖုံးက-

"ဘာဖြစ်လို့လဲ..."

"ကျုပ်တို့သွားပြီး စွပ်စွဲပြောဆိုလို့ ဘာအထောက်အထားမှ မရှိဘူး၊ သူက ငြင်းမှာပေါ့၊ သူငြင်းရင် တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ကြရတော့မယ် "

"ဒါတော့ ဒါပေါ့..."

"တိုက်ခိုက်ခဲ့ရင် ကျုပ်တို့ သူ့ကို နိုင်ပါ့မလား"

ချင်းဖုံး၏ လေသံသည်ပျော့သွား၏။

"နိုင်မှာတော့ မဟုတ်ဘူး..."

မိန်ရှက်က-

"ဒါကြောင့် သူတို့နဲ့ တိုက်ခိုက်အောင်မလုပ်ဘူး"

"ငါတို့က ဒီအပျက်အစီးကြီးကို ဒီအတိုင်း လက်ခံလိုက်ရမှာလား၊ ဆရာလာရင် ဘယ်လိုလုပ် မျက်နှာပြမလဲ"

"လက်ပိုက်ကြည့်နေလို့တော့ ဘယ်ဖြစ်ပါ့မလဲ"

"ကျုပ်တို့ ပရိယာယ် သုံးရလိမ့်မယ်"

"ဘယ်လို ပရိယာယ် သုံးမလဲ"

မိန်ရှက်က-

"ငါတို့ခန်းမဆီကို ပြန်**သွားမယ်၊ ပြော**မှားဆိုမှား ဖြစ်တာပါလို့ တောင်းပန်မယ်၊ တကယ်တော့ **ယင်စန်းကုသစ်သီး**တွေဟာ ပျောက်ဆုံးတာ မဟုတ်ဘူး၊ အရေမှားတာလို့**ပြောမယ်**၊ သူတို့ကို တောင်းပန်လိုက်မယ်"

ချင်းဖုံးက–

"နောက်ကော...."

မိန်ရွက်က–

"သူတို့ အစားအသောက်တွေ ကျက်လောက်တဲ့အခါမှာ တို့က ဟင်းတစ်ခွက်နှစ်ခွက် ထည့်ပေးလိုက်မယ်"

"အပြီးပြောစမ်းပါ"

"သူတို့ ထမင်းစားကောင်းနေတုန်း သင်နဲ့ ကျုပ် အခန်းတံခါးတွေကို ပိတ်လိုက်မယ်၊ သော့ အထပ်ထပ် ခတ်လိုက်မယ်၊ သူတို့ကို အခန်းထဲ မှာ ပိတ်လှောင်ထားလိုက်မယ်..."

"နောက်ကော..."

"ဆရာ ပြန်လာတဲ့အထိ စောင့်ရမယ်၊ ဆရာ ပြန်လာရင် အကျိုးအကြောင်းပြောပြမယ်၊ ဆရာက သူ့သဘောအတိုင်း လွှတ်ချင်လွှတ်မယ်၊ မလွှတ်ချင်နေမယ်၊ ကျုပ်တို့တော့ အပြစ်က လွတ်သွားနိုင်တာပေါ့...."

ချင်းဖုံး သဘောကျသွား၏။

"ဒီအကြံ ကောင်းတယ်..."

သူတို့သည် မျက်နှာများကို မပြုံးချင်ပြုံးချင် ပြုံးလိုက်ကြလေ၏။ ခန်းမဆီသို့ ပြန်ထွက်ကြလေတော့သည်။

ချင်းဖုံးနှင့်မိန်ရွက်တို့သည် ထန်စန်းကျွမ်းဆရာတော်၏ရှေ့မှောက်သို့ ရောက်ရှိလာကြလေ၏။ သူတို့မျက်နှာသည် အလွန်ချိုနေ၏။

သူတို့က ဆရာတော်အား တောင်းပန်လိုက်သည်။

"ဆရာတော်ဘုရား.... တပည့်တော်တို့ မှားသွားပါတယ်၊ အသီးတွေ တစ်လုံးမျှမလျော့ပါဘူးဘုရား၊ ဒါကြောင့် ပြောမှားဆိုမှား ရှိတာတွေကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ကျူးပတ်ကိုင်က အားတက်လာ၏။

"သင်တို့ ပြောလိုက်တာများ ရစရာမရှိဘူး၊ ပြောလိုက်ဆိုလိုက် ကြိမ်းလိုက်မောင်းလိုက်တာများ ခံရတဲ့လူမသက်သာလှဘူး...."

ချင်းဖုံးနှင့် မိန်ရွက်တို့က–

"ကျွန်ုပ်တို့ မှားသွားပါတယ်၊ ဒါကြောင့် တောင်းပန်နေတာပါ"

စွန်းဟိန်ကျဲသည် ချင်းဖုံးနှင့်မိန်ရွက်တို့ လိမ်ညာနေသည်ကို တွေ့သောအခါ တစ်ခုခုတော့ တစ်ခုခုပဲ ဟု သိလေ၏။



"သင်တို့ ဘာလာညာနေကြတာလဲ၊ သင်တို့၏ သစ်ပင်ကြီးမြေခနေတာကိုလည်း သင်တွေ့တယ်မဟုတ်လား၊ အဲဒါတောင်လာညာနေကြတာ၊ သင်တို့မှာ အကြံအစည်တစ်ခုခုရှိနေတယ် မဟုတ်လား"

သူ၏နှုတ်မှ ထုတ်မေးလိုက်ခြင်းတော့ မဟုတ်ပါ။ စိတ်ထဲမှမေးလိုက်ခြင်း ဖြစ်ပါသည်။

ထန်စန်းကျွမ်းဆရာတော်မှာ ပြဿနာများ အေးချမ်းသွားပြီ ထင်သဖြင့် အလွန်ဝမ်းသာသွားသည်။

"ကိစ္စမရှိပါဘူး၊ ခွင့်လွှတ်ပါတယ်၊ ကျုပ်တို့ဘာမှပြဿနာမလုပ်ဘူးဆိုတာပဲ ဖြစ်စေချင်ပါတယ်"

သူသည် ကျူးပတ်ကိုင်အား လှည့်ပြောလိုက်၏။

"ကဲ .... ကဲ .... ငါ့ကို ဆွမ်းကပ်ပေတော့"

ကျူးပတ်ကိုင်သည် ဆွမ်းကပ်ရန် ထမင်းနှင့်ဟင်းများကိုပြင်ရ၏။

ချင်းဖုံးနှင့်မိန်ရွက်တို့သည်လည်းဟင်းခွက်နှစ်ခွက်လာပို့သည်။ ရေနွေးကြမ်းတစ်အိုးကိုလည်းလာချပေးသည်။

ဆရာတော်အား ဆွမ်းဆက်ကပ်ပြီး သူတို့သုံးယောက်ခေါင်းချင်းဆိုင် ထမင်းစားနေကြသောအခါ ချင်းဖုံးနှင့် မိန်ရွက်တို့သည် အခန်းအပြင်သို့ မသိမသာထွက်သွားကြ၏။ သူတို့သည် အပြင်ရောက်သောအခါ တံခါးကို ပိတ်လိုက်သည်။

ကျူးပတ်ကိုင်က–

"ဒီကလေးက တစ်မျိုးကြီးပါလား၊ ထမင်းစားတဲ့အခါ တံခါးပိတ်စားတတ်တယ်"

ဆားဝှကျိန်းက–

"မဟုတ်ပါဘူးအစ်ကိုလတ်...၊ ကျုပ်တို့အေးအေးဆေးဆေးစားရအောင် တံခါးပိတ်ပေးတာပါ၊ စားပြီးတာနဲ့ တံခါးဖွင့်ပေးကြမှာပဲ..."

မိန်ရွက်က အပြင်မှအော်သည်။

"ဟုတ်တယ်၊ သင်တို့စားမှာသာစားပါ၊အေးအေးဆေးဆေးစားပါ၊ သင်တို့စားပြီးရင် တံခါးဖွင့်ပေးပါမယ်..."

ကျူးပတ်ကိုင်နှင့် ဆားဝှ ကျိန်းတို့သည် ရယ်မောကြလေ၏။

ထိုစဉ် ချင်းဖုံးက ကြိမ်းမောင်းလေတော့၏။

"သူခိုးတွေ... သူခိုးတွေ.... သင်တို့ဟာ တော်တော်ရက်စက်တဲ့ သူခိုးတွေပါလား..."

စွန်းဟိန်ကျဲက ပြန်အော်၏။

"ငါတို့က ဘာရက်စက်လို့လဲ"

"သင်တို့ အခုမှ ဘာမသိချင် ဟန်ဆောင် နေရတာလဲ၊ ကျွန်ုပ်တို့ရဲ့ အသီးတွေကို ခိုးရုံတင်မကဘူး၊ အပင်ကိုပါ လှဲပစ်တာ ရက်စက်တာ မဟုတ်ဘူးလား၊ ကျွန်ုပ်တို့ဆရာကို ကျွန်ုပ်တို့တိုင်မယ်၊ သူပြန်လာရင် သင်တို့ကို ဒဏ်ခတ်လိမ့်မယ်..."

ထန်စန်းကျွမ်းဆရာတော်သည် အဖြစ်အပျက်မှန်ကို သိရသော အခါ ရင်ထဲ လေးလံ သွားတော့သည်။

"ဘုရား ... ဘုရား .... ဘယ်လို ဖြစ်ကြတာလဲ၊ အဖြစ်တွေက ဖြေရှင်းလို့ ခက်သွားပြီ"

ချင်းဖုံးနှင့် မိန်ရွက်တို့သည် အခန်းတံခါးများကို အထပ်ထပ် ပိတ်ဆို့လေတော့၏။

"ကဲ....သင်တို့ ဒီခန်းမထဲမှာပဲ နေကြပေဦး၊ ကျွန်ုပ်တို့ ဆရာပြန်ရောက်လာမှ သင်တို့ကို အရေးယူမယ်၊ အဲဒီအခန်းထဲမှာပဲနေကြပေတော့"

ချင်းဖုံးနှင့် မိန်ရွက်တို့သည် အော်ဟစ်ပြောဆိုပြီး ထွက်ခွာသွားကြလေတော့၏။

✸ ✸ ✸ ✸ ✸ ✸ ✸

## အခန်း(၇၃)

## အိပ်စေသောကြမ်းပိုး

ထန်စန်းကျွမ်းဆရာတော်မှာ အလွန်ပင် စိတ်မကောင်း ဖြစ်သွားသည်။ ဤ အဖြစ်အပျက်များ၏ တရားခံမှာ စွန်းဟိန်ကျဲဖြစ်ကြောင်း သူသိနေသည်။

ဆရာတော်က–

"စွန်းဟိန်ကျဲ... သင်ဟာ မျောက်စိတ်မကုန်သေးဘူး၊ မိုက်စိတ်တွေလည်း ခဏခဏမွေးတယ်၊ မိုက်မိုက်ကန်းကန်းလည်း လုပ်တတ်တယ်၊ မဆင်မခြင်လည်းလုပ်တတ်တယ်...၊ ငါ... သင့်ကို ဆင်ခြင်ပါလို့ ခဏခဏ ပြောပါတယ်၊ သင်ဟာ ငါ့စကားကို လုံးဝ နားမထောင်ဘူး..."

စွန်းဟိန်ကျဲသည် ဆရာတော် စိတ်မကောင်းဖြစ်နေသည်ကို သိသဖြင့် ခေါင်းငုံ့နေလေ၏။

ဆရာတော်က ဆက်ပြီးပြောသည်။

"သင်တို့ဟာ သူ့အသီးကိုလည်း ခိုးစားတယ်၊ သူ့အပင်ကိုလည်း လှဲပစ်တယ်၊ အဲဒါ ဘယ်လိုမှ မသင့်လျော်တာပဲ၊ ကိုယ်က ခိုးစားပြီးရင် အပြစ်တစ်ပြစ်ကျူးလွန်တယ် ထားတော့၊ သူ့အပင်ပါ လှဲပစ်တယ်ဆိုတော့ နောက်ထပ် အပြစ်တစ်ပြစ် ကျူးလွန်တာပေါ့...၊ အပြစ်နှစ်ပြစ် ကျူးလွန်တာဟာ အတော်ဆိုးရွားတဲ့ကိစ္စပဲ...၊ အခု...သူတို့က ငါတို့ကို ပိတ်လှောင်ထားလိုက်ပြီ၊ ငါတို့ ဘာလုပ်ကြမလဲ"

စွန်းဟိန်ကျဲက–

"မစိုးရိမ်ပါနဲ့ ဆရာရယ်...၊ သူတို့နှစ်ယောက် အိပ်ပျော်ပါစေဦး ...၊ သူတို့အိပ်သွားရင် တပည့်တော်တို့ အသာ ထွက်သွားရုံပါပဲ..."

ဆရာတော်က–

"ငါတို့ကို သူတို့က တံခါးအထပ်ထပ်၊ သော့အထပ်ထပ် ပိတ်သွားတာပဲ...၊ ဘယ်လိုလုပ် ဒီအခန်းထဲက ထွက်နိုင်မှာလဲ..."

စွန်းဟိန်ကျဲက–

"မပူပါနဲ့ ဆရာ... တပည့်တော် ထွက်နိုင်ပါတယ်..."

ကျူးပတ်ကိုင်က–

"အစ်ကိုကြီး ထွက်နိုင်ပါတယ်ဆရာ...၊ ဆရာ ဘာမှ ပူမနေပါနဲ့ အစ်ကိုကြီးဟာ ယင်ကောင်အဖြစ်လည်း ဖန်တီးနိုင်တယ်၊ ခြင်ကောင်အဖြစ်လည်း ဖန်တီးနိုင်တယ်၊ အပေါက်သေးသေးရှိရင် သူထွက်နိုင်ပါတယ်၊ ခက်တာက တပည့်တော်တို့ပါ၊ တပည့်တော်တို့ကတော့ သူ့လို မဖန်တီးနိုင်ပါဘူး..၊ တပည့်တော်တို့ကတော့ ထွက်ဖို့ခက်နေပါတယ်"

ဆရာတော်သည် စိတ်ဆိုးသွားလေ၏။

"ဩော် ...သူက ဒီက ထွက်ပြေးသွားမယ်ပေါ့"

စွန်းဟိန်ကျဲက–

"မပြေးပါဘူးဆရာ .... မပြေးပါဘူးဘုရား"

"ဒီလိုဆိုရင် ငါက ဂါထာ ရွတ်လိုက်မယ်၊ တစ်ခါတည်း ကွင်းကျုံ့သွားမယ်..."

ကျူးပတ်ကိုင်က–

"ဆရာကလည်း... ကွင်းကျုံ့တဲ့ဂါထာ ရွတ်တော့၊ ရွတ်ရွတ်ပဲ ရှိမှာပေါ့..."

စွန်းဟိန်ကျဲက–

"ညီလေး...ကွင်းကျုံ့တဲ့ ဂါထာ ဆိုတာ တကယ်ရှိတယ်"

စွန်းဟိန်ကျဲသည် ကွင်းသရဖူတစ်ခု သူ့ဦးခေါင်း၌ စွပ်မိပုံ၊ ကွမ်ယင်မယ်တော်က ဂါထာကို ဆရာတော်အား သင်ပေးပုံတို့ကို ပြောပြလေ၏။

သူသည် သူ့ခေါင်း၌ ကွင်းသရဖူ စွပ်ထားသည်ကို ပြလေ၏။

"ဒီကွင်းသရဖူက ထူးဆန်းတယ်၊ မင်းတို့အမြင်မှာ ခေါင်းပေါ် တင်ထားရုံကလေး တင်ထားတာပါ၊ ဒါပေမယ့် လုံးဝချွတ်လို့မရပါဘူး၊ အဲဒါ မင်းတို့ အမြင်မှာတော့ ငါက သရဖူ ဆောင်းထားတယ်လို့ ထင်နေတယ်၊ တကယ်တော့ အဲဒါဟာ ငါ့ခေါင်းကို မိုးထားတဲ့ဓားပဲ..."



"ဟင်...ချွတ်လို့မရဘူး ဟုတ်လား"

"ဟုတ်တယ်၊ လုံးဝချွတ်လို့မရဘူး..."

ကျူးပတ်ကိုင်က ရယ်မောလိုက်၏။

"ဟာ ...အတော်ပဲ ....၊ အစ်ကိုကြီး ထွက်သွားရင် ဆရာ့ကို အဲဒီ ဂါထာရွတ်ခိုင်းရမှာပဲ..."

စွန်းဟိန်ကျဲက–

"မရွတ်ပါနဲ့၊ တပည့်တော်တစ်ယောက်တည်း ကိုယ်လွတ်ရုန်းမှာ မဟုတ်ပါဘူး၊ အားလုံး တပည့်တော်နဲ့အတူ လွတ်မြောက်သွားစေရပါမယ်"

ညဥ့်မှောင်လာပြီဖြစ်သည်။ ကောင်းကင်၌ လဝန်းကလေးပင် ထွက်ပေါ်လာသည်။ ထန်စန်းကျွမ်းဆရာတော်နှင့် တပည့် သုံးယောက်တို့သည် ငြိမ်သက်စွာထိုင်၍ အချိန်ကိုစောင့်ဆိုင်းနေကြ၏။ သူတို့အားလုံး ခန်းမထဲမှ ထွက်ရမည့်အချိန်ကို စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်သွားသောအခါမှ စွန်းဟိန်ကျဲက ထရပ်၏။

"ခုလောက်ဆိုရင်...ဟိုလူနှစ်ယောက်တော့ အိပ်ပျော်သွားလောက်ပါပြီ၊ တပည့်တော်တို့ သွားကြဖို့သင့်ပါပြီ"

ကျူးပတ်ကိုင်က–

"အစ်ကိုကြီး ကြည့်ပြောစမ်းပါဦး...၊ တံခါးကို သော့အထပ်ထပ် ခတ်ထားတာဗျ...

စွန်းဟိန်ကျဲက–

"ဒီလို တံခါးမျိုး မပြောနဲ့ ကောင်းကင်ဘုံ နတ်ပြည်က တံခါး အထပ်ထပ် သော့ခတ်ထားတာကိုလည်း ငါဖွင့်နိုင်တယ်..."

သူသည် သံမဏိတုတ်အား ဆွဲထုတ်လိုက်၏။ သူသည် တံခါးများကို တုတ်နှင့် တို့လိုက်သည်နှင့် သော့ခလောက်များ အလိုလို ပြုတ်သွား၏။ တံခါးများသည် အလိုလို ပွင့်သွားသည်။

ကျူးပတ်ကိုင် ဝမ်းသာသွား၏။

ဆားဝူကျိန်းက အထုပ်ကို ထမ်း၍ထွက်လာ၏။ စွန်းဟိန်ကျဲက ထန်စန်းကျွမ်းဆရာတော်ကို တွဲ၍ အပြင်သို့ ထွက်လာသည်။

ကျူးပတ်ကိုင်က ကျောင်းအပြင်၌ ချည်ထားသော မြင်းဖက်ကြီး

ကို ဖြုတ်လိုက်သည်။

သူတို့သည် ဘုရားကျောင်းမှ လွတ်မြောက်လာကြလေပြီ၊ အနောက်ဘက် ရှူးရှူးသို့ ဦးတည်၍ ထွက်လာကြ၏။

စွန်းဟိန်ကျဲက–

"ဆရာတို့ သွားနှင့်ကြပါ.၊ တပည့်တော် နောက်က လိုက်ခဲ့ပါ့မယ်"

ဆရာတော်က သက်ာမကင်း ဖြစ်ဟန်နှင့် မေးလေ၏။

"တပည့်တော်တို့ အေးအေးဆေးဆေး ခရီးသွားနိုင်ဖို့ ဟိုကျောင်းစောင့် နှစ်ယောက်ကို တစ်လလောက် အိပ်ခိုင်းလိုက်ပါမယ်..."

"သူတို့ကို အန္တရာယ်တော့မဖြစ်ပါစေနဲ့"

စွန်းဟိန်ကျဲက–

"စိတ်ချပါ.."

သူသည် ဆရာတော်ကို ကတိပေးပြီးနောက် ဘုရားကျောင်းရှိရာသို့ ပြန်သွားလေတော့၏။

သူပြန်ရောက်သွားသည့်အခါ ချင်းဖုံးနှင့် မိန်ရွက်တို့အိပ်ပျော်နေကြလေ၏။ သူတို့သည် စွန်းဟိန်ကျဲတို့ ထွက်လာသည်ကို မသိကြသေးချေ။ စွန်းဟိန်ကျဲသည် ချင်းဖုံးနှင့် မိန်ရွက်တို့ကို ငုံ့ကြည့်လိုက်၏။ သူတို့နှစ်ယောက်သည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြလေ၏။

စွန်းဟိန်ကျဲသည် ခါးကြားထဲ၌ ချိတ်ဆွဲထားသော အိတ်ရှုံ့ကလေးထဲမှ ကြမ်းပိုးနှစ်ကောင်ကိုထုတ်ယူလိုက်သည်။ သူသည် လက်ညှိုးဖြင့် တောက်လိုက်ရာ အိပ်စေသော ကြမ်းပိုးနှစ်ကောင်သည် ချင်းဖုံးနှင့် မိန်ရွက်တို့ ကိုယ်ပေါ်သို့ ကျသွားလေ၏။

ထိုကြမ်းပိုးများ တစ်ခါကိုက်လျှင် ၂ ၅လလောက်အိပ်သည်။

သူ၏ အိတ်ရှုံ့ကလေးထဲ၌ ထည့်ထားသော ကြမ်းပိုးနှစ်ကောင်မှာသူနတ်ဘုံနတ်နန်း၌ ရှိနေစဉ်က ချီဗရာနတ်နှင့် မျောက်ပန်းလုနရာ၌ အနိုင်ရခဲ့သော ကြမ်းပိုးများဖြစ်သည်။

သူသည် ချင်းဖုံးနှင့် မိန်ရွက်တို့အိပ်စက်ပုံကိုကြည့်ပြီး သူ့ဆရာတော် နောက်သို့ ပြန်လိုက်လေတော့၏။

ဆရာတော်သည် သူ့အား ကြည့်လိုက်၏။

"ဟို ဒကာနှစ်ယောက်ကို ဒုက္ခဖြစ်အောင် မင်းလုပ်ခဲ့သလား.."



စွန်းဟိန်ကျဲက–

"မလုပ်ပါဘူးဆရာ၊ တစ်လလောက် အိပ်ပျော်နေအောင်ပဲ လုပ်ခဲ့ပါတယ်.."

"အိပ်ပျော်ရုံလောက်ကတော့ ကိစ္စမရှိပါဘူး...."

ဆရာတော်သည် ထိုမျှသာပြောပြီး ခရီးတွင်အောင်သာ ဂရုစိုက်လေတော့၏။ ဆရာတော်တို့သည် မိုးလင်းခါနီးသောအခါ တောအုပ်တစ်ခုသို့ ဆိုက်ရောက်လာတော့သည်။

စွန်းဟိန်ကျဲက–

"ဆရာ .... ဒီတောအုပ်မှာ ခဏနားပါဦး ....."

ဆရာတော်သည် ထိုတောအုပ်၌ ခေတ္တခဏနားလေ၏။

ဆရာတော်က–

"စွန်းဟိန်ကျဲ မဟုတ်တာ လုပ်မိလို့ ငါ ဘုရားကျောင်းက ပြေးခဲ့ရတယ်"

သူသည် ကျူးပတ်ကိုင်ကိုကြည့်လိုက်ပြီး–

"သင်ကလည်း ခန္ဓာကိုယ်နှင့်လိုက်အောင် အစားအသောက်လောဘကြီးတယ်၊ သင်တို့နှစ်ယောက် ငါ့ကို ဒုက္ခပေးကြတာပဲ"

စွန်းဟိန်ကျဲက–

"ပြီးတာတွေလည်းပြီးပါစေတော့ဆရာရယ်၊ ဒါတွေပြန်တွေးနေရင် ဆရာပဲ ပင်ပန်းမှာပဲ..၊ ဒီတောအုပ်မှာ ခဏနားရင်း ခဏလောက်မှိန်းလိုက်ရင် ဆရာ အားပြန်ပြည့်သွားမှာပါ၊ ခဏလောက်မှိန်းလိုက်ပါဆရာ"

ဆရာတော်သည် မြင်းပေါ်မှဆင်း၍ သင့်တင့်လျောက်ပတ်သော သစ်ပင်တစ်ပင်အောက်၌ အနားယူတော်မူလေ၏။

ဆားဝူကျိန်းနှင့် ကျူးပတ်ကိုင်တို့သည်လည်း သစ်ပင်အောက်၌ တုံးလုံးပက်လက်အိပ်ကြလေတော့၏။ စွန်းဟိန်ကျဲတစ်ကောင်သာ မအိပ်ဘဲ ရှိနေလေ၏။

✸ ✸ ✸ ✸ ✸ ✸ ✸

ကျင် ဝမ်ကျူသည် တရားနာခြင်း ပြီးဆုံးသွားသောအခါ တပည့်များကို ခေါ်၍ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ခဲ့လေ၏။ သူ၏ ဘုရားကျောင်းသို့ ရောက်ရှိလာခဲ့သည်။

ကျင် ဝမ်ကျု၏ တပည့်တစ်ယောက်က–

"ချင်းဖုံးနှင့်မိန်ရှက်တို့ တံခါးဖွင့်ပြီး ကြိုဆိုနေပါကလား..."

အခြားတပည့်တစ်ယောက်က–

"တံခါးဖွင့်ထားတာကတော့ ဟုတ်ပါပြီ၊ သူတို့ကို မတွေ့ရတာက ခက်တယ်"

သူတို့သည် ပြောပြောဆိုဆို ဘုရားကျောင်းထဲသို့ ရောက်ရှိလာတော့၏။

"ချင်းဖုံးနှင့် မိန်ရှက်တို့ကို မတွေ့ပါကလား၊ သူတို့ ဘယ်ရောက်နေကြသလဲ မသိဘူး.."

ကျင် ဝမ်ကျု၏ တပည့်များသည် ချင်းဖုံးနှင့် မိန်ရှက်တို့ကို လိုက်လံ ရှာဖွေကြရာ နောက်ဆုံး အခန်းတစ်ခန်း၌ အိပ်ပျော်နေကြသည်ကို တွေ့ရှိရလေ၏။

တစ်ယောက်က အော်နိုးလိုက်၏။

"ချင်းဖုံး ထတော့.."

"မိန်ရှက် ထတော့လေ..."

ချင်းဖုံးနှင့် မိန်ရှက်တို့သည် လုံးဝမနိုးပါ၊ အိပ်မြဲ အိပ်နေကြပါသည်။

တပည့်များသည် ဆူဆူညံညံဖြစ်ကုန်သည်။

"မဟုတ်သေးပါဘူး၊ ဒီလောက် အအိပ်ကြီးရသလား.."

ကျင် ဝမ်ကျုက ဟန့်တားလိုက်၏။

"သင်တို့ ရပ်ကြလော့"

အားလုံး ရပ်တန့်သွားကြ၏။

"သူတို့အိပ်ပျော်နေကြတာဟာ သွေးရိုးသားရိုး အိပ်ပျော်နေတာ မဟုတ်ဘူး..."

တပည့် တစ်ယောက်က–

"သွေးရိုးသားရိုး မအိပ်ရင် ပယောဂနဲ့ အိပ်နေတာပေါ့၊ ဘယ်လို ဖြစ်တာလဲဆရာ..."

ကျင် ဝမ်ကျုက–

"သူတို့ကို တစ်ယောက်ယောက်က ခုလို အိပ်မောကျအောင် လုပ်ခဲ့တာ ဖြစ်ရမယ်၊ သူတို့နိုးမှ သူတို့ကို မေးကြည့်ရမယ်၊ အခုတော့



ဘယ်သူလဲ မသိနိုင်သေးဘူး..."

ကျင် ဝမ်ကျုသည် ရေတစ်ခွက်ကိုယူ၍ ပါးစပ်ထဲ ငုံလိုက်သည်။ ထို့နောက် သူတို့၏ မျက်နှာများပေါ်သို့ မှုတ်ထုတ်လိုက်၏။

"ဖူး...."

ချင်းဖုံးနှင့် မိန်ရှက်တို့သည် အေးစိမ့်သောရေများ မျက်နှာသို့ ထိသောကြောင့် အိပ်ရာမှ နိုးလာကြလေ၏။

သူတို့သည် မျက်လုံးများကို ပွတ်သပ်ကြည့်ကြသည်။ သူတို့မှာ အိပ်မက်မက်နေသကဲ့သို့ ဖြစ်နေ၏။ ရုတ်တရက် သူတို့၏ ဆရာနှင့် သူတို့၏ ရောင်းရင်းများကို တွေ့လိုက်ရသောအခါ ထိုသူများ အဘယ်ကြောင့် ဤနေရာသို့ အစုအဝေးနှင့် ရောက်ရှိနေသည်ကို တွေးတောနေကြလေ၏။

"ဟဲ့..ဘာဖြစ်နေကြတာလဲ၊ ယောင်တီး ယောင်တောင်နဲ့၊ ဘယ်လို ဖြစ်နေတာလဲ ပြောစမ်း..."

ကျင် ဝမ်ကျုက မေးလိုက်ရာ ချင်းဖုံးနဲ့ မိန်ရှက်တို့သည် လန့်ဖျပ်ပြီး သတိရသွားကြလေ၏။ ထိုအခါ ချင်းဖုံးနှင့် မိန်ရှက်တို့က ငိုကြီးချက်မနှင့် ဖြစ်ကြောင်းကို ပြန်လှန်ကြတော့သည်။

"ဆရာရယ်...ဆရာ့မိတ်ဆွေ ထန်စန်းကျွမ်းဆရာတော် ဆိုတာ လူကောင်းတွေမှ မဟုတ်ဘဲ၊ သူခိုးဓားပြတွေပဲဆရာ..."

ကျင် ဝမ်ကျုက မျက်မှောင်ကုတ်သွား၏။

ကျင် ဝမ်ကျုက–

"ထန်စန်းကျွမ်းဆရာတော် ရောက်လာတယ်ဟုတ်လား"

ချင်းဖုံးနှင့် မိန်ရှက်တို့ ပြိုင်တူ ခေါင်းညိတ်ကြ၏။

ချင်းဖုံးက–

"အဲဒီ ဘုန်းကြီးတင် မကပါဘူး၊ သူ့ရဲ့ တပည့် သုံးယောက်လည်းပါ ပါတယ်၊ အဲဒီတပည့်သုံးယောက်ကလည်း သရဲသဘက်တွေလို ဆိုးဝါးတဲ့ လူတွေပါ.."

ချင်းဖုံးနှင့် မိန်ရှက်တို့သည် ဖြစ်ပျက်ခဲ့သမျှကို အစမှအဆုံး ပြောပြ လိုက်ကြ၏။

❋ ❋ ❋ ❋ ❋ ❋ ❋

## အခန်း(၇၄)

## ကိုယ်ပွားလေးနှ

ကျင် ဝမ်ကျူသည် အခြေအနေ အရပ်ရပ်ကို သိရှိသောအခါ ဒေါသကြီးစွာ ထွက်လေတော့၏။

"ကဲ...တပည့်တို့ အားလုံးအဆင်သင့် ပြင်ဆင်ထားကြ...၊ ငါ... ထန်စန်းကျွမ်းဆရာတော်နဲ့ သူ့တပည့်တွေကို သွားဖမ်းလိုက်ဦးမယ်"

ချင်းဖုံးက–

"စွန်းဟိန်ကျဲဆိုတဲ့ မျောက်ဟာ တော်တော် တန်ခိုးကြီးတယ်လို့ ဆိုပါတယ် ဆရာ"

ကျင် ဝမ်ကျူက တောက်ခေါက်လိုက်၏။

"သယ်...သူတန်ခိုးကြီးတာကို ငါသိတယ်၊ဒင်း..ငါ့ကိုခံနိုင်မလား ဆိုတာ စမ်းကြည့်ကြသေးတာပေါ့..."

ကျင် ဝမ်ကျူသည် တိမ်တိုက်စီး၍ ထွက်ခွာသွားလေ၏။

တပည့်များသည် ထန်စန်းကျွမ်းဆရာတော် ရောက်ရှိလာပါက မည်သို့မည်ပုံ ချုပ်နှောင်မည်ကို တိုင်ပင်ဆွေးနွေးကြလေ၏။ မကြာမီ ကျင် ဝမ်ကျူသည် တိမ်တိုက်စီး၍ ပြန်လည် ရောက်ရှိလာလေ၏။

"ချင်းဖုံးနဲ့ မိန်ရွက်..."

"ရှိပါတယ်ဆရာ..."

"သင်တို့ ထန်စန်းကျွမ်းဆရာတော်ကို မှတ်မိကြတယ် မဟုတ်လား..."

ချင်းဖုံးနှင့်မိန်ရွက်တို့ ပြိုင်တူခေါင်းညိတ်ကြ၏။

"မှတ်မိပါတယ်ဆရာ...."



ကျင် ဝမ်ကျူက –

"ကောင်းပြီ...၊ သင်တို့ပါ ကျွန်ုပ်နှင့်တစ်ပါတည်းလိုက်ခဲ့ကြ...၊ ထန်စန်းကျွမ်းဆရာတော် ဟုတ်မဟုတ်၊ တစ်ခါတည်းကြည့်ကြ.."

ကျင် ဝမ်ကျူသည် ချင်းဖုံးနှင့် မိန်ရွက်တို့ကို ခေါ်ကာ ထန်စန်းကျွမ်း ဆရာတော် နောက်သို့ လိုက်ကြလေတော့၏။

သူတို့သည် လီပေါင်းကိုးရာအထိလိုက်သွားသည်။ထန်စန်းကျွမ်း ဆရာတော်တို့အား မတွေ့ပါ၊ ထို့ကြောင့် နောက်ကြောင်းလှည့်ပြန်ခဲ့ရသည်။

အမှန်မှာ ကျင် ဝမ်ကျူသည် စိတ်စောပြီး လိုက်သွားခြင်း ဖြစ်သည်။ ထန်စန်းကျွမ်းဆရာတော်တို့မှာ လီပေါင်းတစ်ရာကျော်ခန့်သာ ရောက်ရှိနေသေးသည်။

သူတို့ နောက်ကြောင်းပြန် လှည့်စဉ် အောက်၌ လူစုလူဝေးကို တွေ့မြင်ရသဖြင့် ချင်းဖုံးသည် အသာငုံ့ကြည့်၏။

"တွေ့ပြီဆရာ...တွေ့ပြီ၊ ဟိုမှာ...ဟိုမှာ..."

သစ်ပင်တစ်ပင်အောက်၌ ထိုင်၍အနားယူနေသော ထန်စန်းကျွမ်း ဆရာတော်နှင့် သူ့တပည့်သုံးယောက်အား တွေ့နေရလေ၏။

ကျင် ဝမ်ကျူက–

"ကောင်းပြီ၊ သင်တို့ပြန်နှင့်ကြတော့.....၊ သူတို့ကိုတုပ်နှောင်ဖို့ ကြိုးကို သေသေချာချာ ပြင်ဆင်ထားပါ..၊ ငါသူတို့ကို ဖမ်းလာခဲ့မယ်..."

သူသည် ချင်းဖုံးနှင့်မိန်ရွက်ကို ပြန်လွှတ်လိုက်၏။ ထို့နောက် သူသည် တိမ်ပေါ်မှဆင်းလာပြီး သစ်တောအုပ်ထဲသို့ ဝင်လာခဲ့၏။

သူသည် အခြေအနေကိုကြည့်လိုက်၏။

ထန်စန်းကျွမ်း ဆရာတော်နှင့် သူ့တပည့် သုံးယောက်အပြင် မြင်းဖြူကြီးပါ တစုတဝေးတည်း ရှိနေသည်။

"အင်း..ငါဖမ်းရင်အတော်ပဲ၊အားလုံးတစုတဝေးတည်းရှိနေတယ်"

ကျင် ဝမ်ကျူသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ...သူ့အကျီ လက်ဖြင့် အုပ်ချလိုက်ရာ ထန်စန်းကျွမ်းဆရာတော်တို့ ဆရာတပည့် လေးယောက်နှင့် မြင်းဖြူကြီးကိုပါအုပ်မိလေ၏။

ထန်စန်းကျွမ်းဆရာတော်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ သူသည်ရုတ်တရက်အုပ်ဆိုင်းလာသောအရာကို ဘာမှန်းမသိဘဲဖြစ်နေ၏။

ကျူးပတ်ကိုင်က ထွန်ခြစ်ဖြင့်ပေါက်သည်။

ဆားဝူကျိန်းက ဓားဖြင့်ခုတ်သည်။

"ဘာမှ မလုပ်ကြနဲ့၊ လုပ်လို့ရမှာမဟုတ်ဘူး၊ ဒါရိုးရိုးပိတ် မဟုတ်ဘူး....."

ထန်စန်းကျွမ်းဆရာတော်သည် စွန်းဟိန်ကျဲအား မေးလေ၏။

"ငါတို့ကို ဘယ်သူ ဖမ်းတာလဲ..."

စွန်းဟိန်ကျဲက သိသည်။ ဤသို့ ပြုမူနိုင်ရန်မှာ တော်ရုံတန်ရုံ လူက မလုပ်နိုင်ချေ။ ချင်းဖုံးနှင့်မိန်ရွက်တို့၏ ဆရာ ကျင်ဝမ်ကျူသာ ဖြစ်ချေမည်။

"ချင်းဖုံးတို့ရဲ့ဆရာ ကျင် ဝမ်ကျူပဲဖြစ်မှာပေါ့...."

သူတို့စကားပြောနေစဉ် ကျင် ဝမ်ကျူသည် သူ့တပည့်များအား အမိန့်ပေးလိုက်၏။ သူသည် ဘုရားကျောင်းသို့ ပြန်လည် ရောက်ရှိ သွားပေပြီ။

"တပည့်တို့ ဒီဆရာတပည့်တွေကို တစ်ယောက်ချင်းထုတ်ပြီး တိုင်မှာ ကြိုးနဲ့ချည်တုပ်ထားစမ်း"

သူ၏တပည့်များသည် ထန်စန်းကျွမ်းဆရာတော်နှင့်တကွ စွန်းဟိန်ကျဲ၊ ကျူးပတ်ကိုင်၊ ဆားဝူကျိန်းတို့ကို တစ်ယောက်ပြီးတစ်ယောက် အကျီလက်ထဲမှ ဆွဲထုတ်ကာ တိုင်များ၌ ချည်နှောင်ထားလေ၏။

ကျင် ဝမ်ကျူသည် ဆရာတော်အား စိတ်ပျက်လက်ပျက် ခေါင်းယမ်း၍ ပြောသည်။

"ဆရာတော်ဟာ ကျွန်ုပ်ရဲ့ မိတ်ဆွေဟောင်းပါ..၊ ဆရာတော်ကို အကောင်းဆုံး ဧည့်ခံပါလို့ ကျွန်ုပ်ရဲ့ တပည့်နှစ်ယောက်ကို မှာကြားခဲ့ ပါတယ်..."

"သင့်....တပည့်တွေဟာ ဧည့်ခံကြပါတယ်"

"အခု.. ကျွန်ုပ်ရဲ့စေတနာကို မထောက်ထားဘဲ အသီးကို ခိုးစား၊ အပင်ကိုလှဲသွားတာကတော့ ဆရာတော်တို့လုပ်ရပ်ဟာ အင်မတန်ဆိုးရွား တဲ့လုပ်ရပ်ပါ...၊ ကျွန်ုပ်ရဲ့ဒေါသကိုထိန်းသိမ်းလို့မရအောင်ဖြစ်ရပါတယ်"

"ဒီကိစ္စကို ကျုပ်...လုံးဝမသိရပါဘူး၊ အသီးပျောက်သွားတာ လည်း ဒကာကြီးနှစ်ယောက် တိုင်ကြားမှ သိရပါတယ်၊ အပင်လဲ သွားတာလည်း နောက်ဆုံး အချိန်ကျမှ သိရတယ်.."



စွန်းဟိန်ကျဲက ဝင်၍ရှင်းလေ၏။

"ဟုတ်ပါတယ်၊ ဒီကိစ္စဟာ ကျုပ်မှာ တာဝန် ရှိပါတယ်...၊ ကျုပ်လုပ်တာပါ..၊ ဆရာတော်ဟာ ဘာမှ မသိရှာပါဘူး..."

ကျင် ဝမ်ကျူက ဒေါသဖြင့် ငေါက်ငမ်း၏။

"မျောက်စုတ် .... မျောက်နာ .... သင့်အကြောင်း ကျွန်ုပ် မသိ ဘူးများ ထင်သလား"

စွန်းဟိန်ကျဲက ဘာမျှမပြောပါ။ ခေါင်းငုံ့ခံပါသည်။ သူသည် တောင်နှင့်အဖိမခံရခင်က စိတ်နှင့်ဆိုလျှင် ကျင် ဝမ်ကျူလည်းမလွယ်ပါ။

ကျင် ဝမ်ကျူက –

"လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးရာတုန်းက နတ်ပြည်ကနတ်မင်းကြီးကို တောင် သင်ဒုက္ခပေးခဲ့တာကို ကျွန်ုပ်သိတယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ မရဘူး...."

သူသည် ချင်းဖုံးဘက်သို့ လှည့်လိုက်ပြီး–

"ငါ့တပည့်...သူတို့ကိုတော့ အပြစ်ဒဏ်ပေးရမယ်၊ ဒါပေမယ့် ဘုန်းကြီးဆိုတော့ မသတ်ကောင်းဘူး၊ ကျာပွတ်နဲ့ဆုံးမရင် သင့်လျော် လိမ့်မယ်..."

ချင်းဖုံးနှင့်မိန်ရွက်တို့သည် ကျေနပ်အားရစွာ ကျာပွတ်အသီးသီး ကို ကိုင်ဆွဲကြလေ၏။

"ဆရာ...တစ်ယောက်ကို ဘယ်နှစ်ချက်စီ ရိုက်ရမှာလဲ...."

ကျင် ဝမ်ကျူက –

"ငါတို့ အပင်မှာ အသီးသုံးဆယ် ရှိတယ်....၊ အသီးသုံးဆယ် ဆုံးရှုံးမှုအတွက် ပထမပြစ်ဒဏ်အနေနဲ့ အချက်သုံးဆယ်တိတိ ရိုက်စေ"

စွန်းဟိန်ကျဲသည် ဆရာတော် အင်မတန် နုနယ်လှသည်ကို သိသည်။ သို့သော်... ဆရာတော် မည်မျှအကျင့်သီလကောင်းသည်ကိုမူ မသိချေ။ ဆရာတော်သည် ကျာပွတ်ဒဏ်ကို ပျံလွန်ကာမှ ပျံလွန်ပါစေ.. အံကြိတ်ရင်း ခံမည်ကို သူမသိချေ။ သူသည် သူ့ဆရာတော်အတွက် စိုးရိမ်သွားပြီး–

"အသီးခိုးတာက ကျုပ်.... အပင်လှဲတာက ကျုပ်...၊ ကျုပ်ဟာ အပြစ်ဒဏ်ကို ခံသင့်တဲ့ လူပါ...၊ ကျုပ်ကိုပဲရိုက်ပါ...."

ကျင် ဝမ်ကျူသည် ခေါင်းညိတ်သည်။

"ဒါလည်း နည်းလမ်းမှန်တာပဲ၊ သူ့ကိုပဲ ရိုက်စေ..."

စွန်းဟိန်ကျဲက-

"ဘယ်ကို ရိုက်မှာလဲ"

ကျင် ဝမ်ကျူက -

"ခြေထောက်ကို..."

"ကောင်းပြီ၊ ခြေထောက်ကို ရိုက်ပါတော့.."

စွန်းဟိန်ကျဲသည် ဂါထာကို ရွတ်လိုက်သောအခါ ကြေးခြေထောက် အသွင်သို့ ပြောင်းလဲသွား၏။ သို့သော်...ကျင် ဝမ်ကျူ၊ ချင်းဖုံးနှင့် မိန်ရွက်တို့ မသိကြပါ။

ချင်းဖုံးက ဆယ့်ငါးချက်ရိုက်၏။

စွန်းဟိန်ကျဲအော်ဟစ်လိုက်သည်။ သူသည် နာကျင်ဟန် သရုပ်ဆောင်ခြင်းဖြစ်သည်။

မိန်ရွက်က ဆယ့်ငါးချက်ရိုက်၏။

စွန်းဟိန်ကျဲသည် နာကျင်စွာ အော်ဟစ်သည်။ သူသည် လုံးဝမနာချေ။ သို့သော်...ရိုက်သူများအားရှိစေရန်အော်ဟစ်ပေးခြင်းဖြစ်သည်။

ကျင် ဝမ်ကျူက -

"အပြစ်ကျူးလွန်တဲ့ လူကိုတော့ ဒဏ်ခတ်ပြီးပြီ၊ တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့ စကားအတိုင်း ဆရာဖြစ်သူမှာ တာဝန်ရှိတဲ့အတွက် ဆရာဖြစ်သူမှာ တာဝန်ရှိပေတယ်...၊ ဒုတိယပြစ်ဒဏ်အနေနဲ့ ဆရာဖြစ်သူကို အချက်သုံးဆယ်တိတိရိုက်စေ..."

စွန်းဟိန်ကျဲက -

"ကျုပ်စကားပြောပါရစေ..."

ကျင် ဝမ်ကျူက -

"ပြောပါ..."

"ဒီကိစ္စမှာ ဆရာဟာ အရိပ်အယောင်တောင် မသိရှိပါဘူး၊ ကျုပ်အသီးခိုးတာဟာ ချင်းဖုံးနဲ့မိန်ရွက်တို့ပြောစကားကို ကြားပြီး ခိုးတာပါ၊ ဆရာတော့်ပယောဂ လုံးဝမပါပါဘူး၊ ဆရာတော် ပယောဂလုံးဝမပါဘဲနဲ့ ဖြစ်သွားတဲ့အတွက် တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့ ပြစ်ဒဏ်မျိုး မချသင့်ပါဘူး..၊ ဒီအပြစ်ဒဏ်ကိုလည်း ကျုပ်ကိုပဲ ချသင့်ပါတယ်.."

ကျင် ဝမ်ကျူက ခေါင်းညိတ်၏။



"အသင်ပြောတာလည်း မှန်တယ်၊ ကိုယ့် ဆရာ အပေါ် ကြည်ညိုလေးစားတဲ့အတွက် သင့်ဆရာကိုယ်စား သင့်ကိုပဲ နောက်ထပ်ကျောပွတ်ရိုက်ချက် သုံးဆယ်တိတိရိုက်စေ..."

ချင်းဖုံးနှင့်မိန်ရွက်တို့သည် တစ်ယောက်တစ်လှည့် ရိုက်ကြပြန်လေ၏။ စွန်းဟိန်ကျဲလည်း အော်ရပြန်လေ၏။

ကျင် ဝမ်ကျူက -

"ကဲ...ဒုတိယပြစ်ဒဏ်တော့ ပြီးသွားပြီ၊ တတိယအပြစ်ဒဏ်ကို မစဉ်းစားခင် ကျုန်ုပ်ရဲ့ အပင်ကို ဘယ်လို ပြန်ရှင်အောင် လုပ်ရမလဲဆိုတာ စဉ်းစားရဦးမယ်၊ အားလုံး ခဏ အနားယူလိုက်ကြဦး.."

သူ့တပည့်များသည် စိတ်နဲ့ရပ်ပြီး အနားယူလိုက်ကြ၏။

ကျင် ဝမ်ကျူသည် စဉ်းစားခန်း ဝင်နေလေတော့၏။ သူတို့သည် အချိန်အတော် ကြာသောအခါ အိပ်ချင်လာ၏။

"ကဲ...သင်တို့ အိပ်စက် အနားယူကြ...၊ ကျုန်ုပ်လည်း ခေတ္တအိပ်စက်ဦးမယ်..."

ကျင် ဝမ်ကျူနှင့် တပည့်များ အိပ်စက်သွားကြသောအခါ ဘုရားကျောင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

ညသန်းခေါင်ယံအချိန်သို့ ရောက်ရှိလာသည်။ ကျင် ဝမ်ကျူနှင့် တပည့်များလည်း အိပ်မောကျနေကြပြီ၊ စွန်းဟိန်ကျဲသည် အခြေအနေကို အကဲခတ်လိုက်၏။

"ကောင်းတယ်၊ အားလုံး အိပ်ပျော်နေကြပြီ၊ အားလုံးကို ငါကယ်ရမယ်..."

သူသည် ခန္ဓာကိုယ်အား ကျုံ့လိုက်သောအခါ ကြိုးများသည် ပြေလျော့ကျသွား၏။ သူသည် အနှောင်အဖွဲ့မှ လွတ်မြောက်သွားချေပြီ။

သူသည် ထန်စန်းကျွမ်း ဆရာတော်ကို ကြိုးဖြေပေးလိုက်၏။ ကျူးပတ်ကိုင်နှင့် ဆားဝူကျိန်းတို့၏ကိုယ်ပေါ်မှ ကြိုးများကိုလည်း ဖြေပေးလိုက်သည်။

ဆားဝူကျိန်းက အထုပ်ကို ထမ်းလိုက်လေ၏။ ကျူးပတ်ကိုင်က မြင်းကို ဆွဲလိုက်သည်။

စွန်းဟိန်ကျဲက ကျူးပတ်ကိုင်အား တီးတိုးပြောသည်။

"အပြင်ဘက်မှာ ငါသစ်တုံးတွေ တွေ့ခဲ့တယ်၊ သစ်တုံး လေးတုံး

သွားသယ်ခဲ့စမ်း..."

ကျူးပတ်ကိုင်က လေသံတိုးတိုးဖြင့် -

"အရေးထဲ အရာလာပေါ်နေပြန်ပြီ၊ သွားမယ့်ဥစ္စာ သွားတာ မဟုတ်ဘူး၊ ဘာတွေ လုပ်ဦးမလို့လဲ...."

"စကားမများနဲ့. မြန်နိုင်သလောက်မြန်အောင်ယူခဲ့....."

ကျူးပတ်ကိုင်မှာ ပြေးထွက်သွားရလေ၏။ သစ်တုံးလေးတုံးကို ယူဆောင်ပြီး တိုင်များတွင် ချည်နှောင်လိုက်သည်။ ထို့နောက် လေဖြင့် မှုတ်လိုက်ရာ သူတို့လေးယောက်ရုပ်သွင်သို့ ကူးပြောင်းသွားလေ၏။

စွန်းဟိန်ကျဲသည် ကိုယ်ပွားလေးခုအား ဆိုင်ရာဆိုင်ရာ စကားများ သင်ကြားပေးသည်။ ထို့နောက် ဆရာတော်အား ခေါ်ဆောင်ကာ သုတ်ခြေတင်လေတော့၏။

ကျင် ဝမ်ကျူးနှင့် သူ့ တပည့်များမှာ အိပ်မောကျ နေဆဲသာ ရှိလေ၏။

စာဖတ်ပရိသတ်၏မေတ္တာခံယူလျက်
တက္ကသိုလ်နေလင်းအောင်

တက္ကသိုလ်နေလင်းအောင်

၏

**အကြမ်းပတမ်းခရီးဆန်း**

စာစဉ် (၃)၊ (၄)၊ (၅)

မကြာမီထွက်လာပါတော့မည်။